မဟာဒ္ဒိစာပေ

www.burmeseclassic.com

ပစ်မှတ်

မဂ္ဂဇင်း



ခင်မောင်ထွန်း(လမ်းမတော်) ၏ သေမှ ကားမောင်းတတ်တဲ့လူကြီး
မြဝတီ ၏ သွေးချောင်းကလျှံ ■ ဗဟိုစော ၏ အကောင်းဆုံးအရှုံးသမား
ရဲမြလွင် ၏ သေမင်းလက်ဆောင် ■ မုဒုံသုမွန် ၏ ယုန်ထောင် ကြောင်မိ
ကျော်မြသန်း ၏ သိဒ္ဓိရှင်နေအေး ■ တာတေကြီး ၏ လွမ်းစေတီရဲ့ ချစ်ပုံပြင်
နန္ဒာမိုးကြယ် ၏ ကြောက်ကျွဲဘသော် ■ မုံရွာအောင်စကြာ ၏ အရိပ်ပမာ

...ng Myo Thant

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေး-သုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

မဂ္ဂဇင်း

(ဗ) မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

အယ်ဒီတာအဖွဲ့

ဦးသန့်

နန္ဒာမိုးကြယ်

ကေလတ်

ထုတ်ဝေသူ

ဒေါ်ပြုံး(မြ-၀၂၉၆၀)

အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဝင်းထွန်းပုံနှိပ်တိုက်(မြ-၀၄၈၃၉)

အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အယ်ဒီတာအဖွဲ့ နှင့် ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပြစ်မှု

မဂ္ဂဇင်း

BURMESE CLASSIC .com

မာတိကာ

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ်(၂၁၇)

ကဗျာ ပြစ်မှု

မောင်မောင်မိုးအောင်၊ စိုးသူရမိုး၊ ကိုမင်းခန့်ချို(ဓနုဖြူ)၊ နိုင်သက်အောင်(မြန်အောင်)၊ ကိုကိုလွင်၊ ကိုဘချော၊ နောင်ဝင်းထွန်း၊ နွေသင်နိုင်။

ကာတွန်း ပြစ်မှု

မြေဇာ၊ ကိုငယ်၊ စိုးလွင်အောင်၊ မြေရိုင်း၊ မြင့်သန်း(မင်္ဂလာဒုံ)၊ ကျီးမနီးတင်ဝင်း(ပေါင်းတည်)၊ ဟိတ်ဇော်(ကော့လိုက်)၊ သူရိန်။

ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------- ၂၉

ဥပဒေ ပြစ်မှု

သာမန်ဒဏ်ရာနှင့် ခြေတစ်ဖက်
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------- ၄၁

အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ---------- ၆၃

မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်း-ဦးအောင်သိန်း ---------- ၉၁

စာပေသုခုမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်
ကာသစ်နီ ---------- ၂၅

သုခုမသတင်းလွှာ
အမ်ကေ ---------- ၂၉

www.burmeseclassic.com

www.burmeseclassic.com

26 AUG 2013

ရသ ပြစ်မှု

အကောင်းဆုံး အရှုံးသမား

ဘပိုစော ---------------------------------- ၆၆

နမ်းခ

ဘုန်းဝေ ---------------------------------- ၁၀၂

ညည်သို့ရှိစေကာမူ

မော်တင်သိန်းဇော်ဇ ---------------------------------- ၁၀၆

ယုန်ထောင်ကြောင်မိ

မုဒ့်သုမွန် ---------------------------------- ၁၁၀

အရိပ်ပမာ

မုံရွာအောင်စကြာ ---------------------------------- ၁၃၀

ကြောက်ကွဲဘသော်

နန္ဒာမိုးကြယ် ---------------------------------- ၁၄၂

ထက်ကောင်းကင်နှင့် အောက်မြေပြင်

ခင်မောင်အေး(မန္တလေး) ---------------------------------- ၁၄၆

မေတ္တာလက်ကမ်းကြိုနေသူ

စိုးဝေ ---------------------------------- ၁၇၂

ဝါသနာဆိုး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်) ---------------------------------- ၁၇၈

တစ်ပွဲစား

ဝင်းဇော်(သုံးဆယ်) ---------------------------------- ၁၉၆

ရွှေကြေးစည်မောင်မြ

အောင်မြတ်ဦး ---------------------------------- ၂၀၄

မားခုတ်ရာလက်လျှို

ဝသုန်ဟိန်းထက် ---------------------------------- ၂၁၀

ထူးဆန်းသော လင်မယားနှင့် လူသတ်မှု

ကျော်မင်းနိုင် ---------------------------------- ၂၁၈

အပြစ်တစ်ခု၏ အရိပ်မည်း

မောင်ညီဦး(ကစလ) ---------------------------------- ၂၂၆

လွမ်းစေတီရဲ့ ချစ်ပုံပြင်

တာတေကြီး ---------------------------------- ၂၃၂

သမိုင်းမဝင် ကမ္ဘည်းတင်မခံခဲ့တဲ့ အာဇာနည်တို့ရဲ့မိခင်

ပေါင်မောင်ကြီး(လှိုင်နယ်မြေ) ---------------------------------- ၂၄၆

ရှာကိုမွေ့သော တောဝက်ကြီး

ထိန်လင်း ---------------------------------- ၂၅၁

ဘုရားသင်းကျစ်တော် ပျောက်ဆုံးမှုနှင့်

အကြားအမြင် ဦးဘာဆန်း

အောင်ဘုန်းမြင့်(ကချင်မြေ) ---------------------------------- ၂၅၆

ပြိုင်အင်းရွာက လူသတ်မှု

သင်းသင်းလှိုင်(တပ်ကုန်း) ---------------------------------- ၂၆၂

မုဆိုးသင်စ

တက္ကသိုလ်ပန်းဇန် ---------------------------------- ၂၆၆

နိုင်ငံရပ်ခြားသတင်း ပြစ်မှု

သားကို မီးလျှံများကြားထဲမှကယ်ထုတ်ရင်း

သေဆုံးသွားသော ဖခင်

ဦးဦးသိန်း ---------------------------------- ၆၂

စင်ကာပူတွင် ပစ္စည်းပေါင်သူဦးရေ များလာ

ဦးဦးသိန်း ---------------------------------- ၆၅

ကမ္ဘာ့ငြိမ်းချမ်းရေး ဖျက်လိုဖျက်ဆီးလုပ်လျက်ရှိသော

ခေါင်းဆောင်အား . . .

ကေတီအောင်သိန်း ---------------------------------- ၈၅

ကျောင်းရန်ပုံငွေ အလွဲသုံးစားပြုမှု ထောင်နန်းစံရ

ကေတီအောင်သိန်း ---------------------------------- ၁၀၁

ကမ္ဘာတွင် လက်နက်များကို

အများဆုံး ထုတ်လုပ်ရောင်းချနေသော

မြသိန်း ---------------------------------- ၂၃၇

အမေရိကန်ပြည်ထောင်စုတွင် ရွေးချယ်ခြင်းမခံရဘဲ

သမ္မတဖြစ်လာတဲ့ ဂျယ်ရယ်ဖို့ဒ်

မောင်မောင်စန်းထွေး ---------------------------------- ၂၃၉

သားရိုင်းတိရစ္ဆာန်များကို လျှို့ဝှက်မွေးထားမှုလုပ်ငန်း

ကြီးထွားနေဆဲ

မြသိန်း ---------------------------------- ၂၄၃

လေးရက်တစ်ခါ လမ်းပေါ်ရန်ဖြစ်မှု ဖြစ်ပွားနေသောမြို့

မြသိန်း ---------------------------------- ၂၄၄

www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက် ရသပြစ်မှု

သွေးချောင်းကလျှံ(၂)
မြဝတီ ---------- ၄၈
ဆင်ရိုင်းမောင်မောင်နှင့် ရေဘဝဲအမှုကြီး(၄)
မောင်မောင်(မြန်မာပြည်) ---------- ၇၈
ထောင်မှူးများ အလိုရှိသည်(၇၉)
ဗဟိုစော ---------- ၈၆
သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ(၁)
ဖိုးကျော့ ---------- ၁၂၂
သိဒ္ဓိရှင်နေအေး(၉)
ကျော်မြသန်း ---------- ၁၆၂
အတိတ်အကြောင်း ပျောင်းသည်မရှိ(၄)
မင်းဟိန်းထိုပ် ---------- ၁၈၆

တစ်မျက်နှာ ပြစ်မှု

[illegible]ရှား၊ ကိုမောင်သန်းဝင်း၊ ကိုဖိုးတင်အောင်၊ [illegible]၊ တင်ဝင်းညီ၊ မောင်မြင့်မား(ဘိုကလေး)။ ဘစောတူ၊ ထက်ရှား၊ မြမောင်သား၊ ပိုက်မင်းဝေ၊ ယဉ်မေဦး၊ ကိုကိုအောင်(မြကန်သာ)၊ ပိုက်မင်းဝေ။

မျက်နှာဖုံးဂရပ်ဖစ်	-	အောင်မျိုးသန့်
အတွင်းဖလင်	-	မျိုးဝင်းကျော်
ကွန်ပျူတာစာစီ	-	အလင်းရောင်၊ မယု(သင်းနိုင်)၊ အောင်မျိုးသန့်၊ တင်မိုးခိုင်။
စာအုပ်ချုပ်	-	ရှကီး(၁၁၄) လမ်း၊
အတွင်းပန်းချီ	-	ကျော်ဦး၊ KN၊ လုသစ်အောင်၊ ပညတ်၊ ဖိုးအောင်၊ ကေလတ်၊ လုသစ်အောင်၊ အောင်နိုင်လတ်၊ သန့်ဇော်သစ်၊ စိုးလွင်အောင်၊ ကျော်ဝင်းမောင်။

ဆောင်းပါး ပြစ်မှု

ကောင်းမှုကုသိုလ်ပြုနိုင်ကြပါစေ
ရေကျော်စိုးအောင် ---------- ၃၇
သေမှ ကားမောင်းတတ်တဲ့ လူကြီးတဲ့
ခင်မောင်ထွန်း(လမ်းမတော်) ---------- ၃၉
သတိထားသင့်သော အိမ်ရှင်နှင့်အိမ်ဖော်ပြဿနာများ
ခင်မောင်ထွန်း(လမ်းမတော်) ---------- ၉၉

နိုင်ငံရပ်ခြား ရသပြစ်မှု

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ---------- ၄၃
သေမင်းလက်ဆောင်
ရဲမြလွင် ---------- ၉၄
အန်ကူတင်၏ကြောင်နက်
မြသိန်း ---------- ၁၃၆
အကြံတူ နောက်လှူကောင်းစမြဲ
ဘနင်း(မြန်မာပြန်) ---------- ၁၅၆

ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ---------- ၂၇၂

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

လာဘ်မိုးရွာ စာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

www.burmeseclassic.com

"ကျွန်တော် မပြောပါဘူးဆိုပေမယ့်
ပြောရမယ်။
အဘက စိတ်ဆိုးရင်လည်း
ကျွန်တော် ခံရုံပါပဲ"
မြဝတီ ——— ၄၈

"တော်သေးတာပေါ့ ဆရာမရယ်
ကားတစ်စီး မှောက်တာတောင်
လူတစ်ယောက်တည်း
သေတာဆိုတော့..."
ဗဟိုစော ——— ၆၆

"သြော်...သည့်ထက်ပိုချောလှပြီး
နုပျိုတောင့်တင်းတဲ့
မိန်းကလေးတွေ
မရှိတော့ဘူးလားဟင်..."
မာင်မောင်(မြန်မာပြည်) ——— ၇၈

"ဒါပေါ့ကွ...
ဒါကြောင့်လည်း မောင်ရင့်ကို
ဂရုစိုက်ပြီး ကြည့်နေရတာပေါ့၊
ကဲ...ကဲ ပြောနေကြာတယ်..."
ရဲမြလွင် ——— ၉၄

www.burmeseclassic.com

"တော်ပါသေးရဲ့...
တစ်ကြိမ်တစ်ခါလောက်
အနမ်းထက်ကဲပြီး
ရမ်းမျှား ရမ်းမိရင်..."

ဘုန်းဝေ ——— ၁၀၂

"ဓားချွန်သည်
ခရီးသည်၏ ဗိုက်ပြင်ထဲဆီသို့
စွပ်ခနဲဆိုသလို
အမှန်တကယ်ပင် စိုက်ဝင်သွားတော့ရာ..."

မော်တင်သိန်းဇော်ဇ ——— ၁၀၆

"ကျွန်တော့်ကို
သွားခွင့်ပြုပါ နန်းရယ်
ခဏကြာရင်...
နောက်က လိုက်လာတော့မယ်"

မုဒုံသူမွန် ——— ၁၁၀



"ဟော့...ရဲဘော်တွေ
လုပ်ပါဦးကွ၊
တို့...လက်ဖက်ရည်လေးဘာလေး
မရနိုင်ပါဘူး"

ဖိုးကျော့ ——— ၁

www.burmeseclassic.com

www.burmeseclassic.com

နေအိမ်တွင် မရှိသော
သမီးဖြစ်သူ၏ သူငယ်ချင်းအဖြစ်
ညီမဖြစ်သူက
ဟန်ဆောင်ရလေ၏။

မုံရွာအောင်စကြာ ——————— ၁၃၀

"သက်တမ်းက အတော်ကြာနေပြီ
ရွှေနဲ့လုပ်ထားတာ မဟုတ်ဘူး၊
အင်မတန်လေးတဲ့
သစ်သားတစ်မျိုးနဲ့ လုပ်ထားတာပဲ"

မြသိန်း ——————— ၁၃၆

BURMESE CLASSIC .com

"အို...ငါတစ်သက်လုံး
သူတစ်ပါးရဲ့ ပစ္စည်းကို
အပ်တိုလေးတစ်ချောင်းတောင် မယူခဲ့တာ၊
ရိုးသားခဲ့တာ"

နန္ဒာမိုးကြယ် ——————— ၁၄၂

"မပစ်နဲ့...မပစ်နဲ့
ကြက်တွေပါ မှန်ကုန်မယ်၊
ခွေးနဲ့ ရှူးတိုက်ပေး
ခွေးတွေ ကိုက်ပစ်လိုက်မယ်"

ခင်မောင်အေး(မန္တလေး) ——————— ၁၄၆

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား တကယ်ပြောတာမဟုတ်ဘူးနော်၊
ခင်ဗျားအနေနဲ့
ဒီလောက်မိုက်လိမ့်မယ်လို့
ကျွန်တော် မထင်ပါဘူး"

ဘန္ဒင်း(မြန်မာပြန်) —— ၁၅၆

"အဟောအပြော ဓာတ်ဆင်ဓာတ်ရိုက်
ဆေးကုသမှု ဓာတ်စခန်းဖွင့်
စသည်များသည်
ဂန္ဓာရီဝိဇ္ဇာပညာနှင့်..."

ကျော်မြသန်း —— ၁၆၂

"ဟုတ်တယ် သူရိန်
မင်းအပေါ်မှာ သံယောဇဉ်ကြီးရှာတဲ့
မင်းသူငယ်ချင်းက
မင်းကို စောင့်ကြိုနေတယ်ကွ"

စိုးဝေ —— ၁၇၂

"ဒီလို ရရိုးလား၊
သူက ရှာလူကြီးကိုတောင်
အလေးမထား။
ကြာတော့ ရဲစခန်းသွား အမှုဖွင့်မယ်"

မောင်ငြိမ်းသူ(ကြို့ပင်ကောက်) ——

www.burmeseclassic.com

www.burmeseclassic.com

မစ္ဆရိယ ပါးစပ်များ

မောင်မောင်မိုးအောင်

- မင့်ကွက် မညာတာ
  ကဲ့ရဲ့စရာရှိလျှင်ဖြင့်
  ကြည့်ရွှင်ကာ အာသွက်လို့
  စက်သေနတ်ပစ်သလို တရစပ်
  ပြောတတ်ပေမဲ့လို့

- ချီးမွမ်းစရာဆိုလျှင်တော့
  သော့ခတ်ထားသလို နှုတ်ပိတ်
  တိတ်ဆိတ်နေရဲ့။ ။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်ထက် ကခုန်သူများ

စိုးသူရမိုး

ငါထင်တယ် . . .
တစ်ခါတလေမှာ လူတွေက ဆန်းကြယ်ကြတယ်
ပင်လယ်ပြင်ထက် 'မီး'ဖိုပြီး ကခုန်ချင်ကြတယ်
ဒီအထဲမှာ . . .
မနက် အရုဏ်တက်မှာ ခေါင်းပေါ်ရွက်ပြီး
ကြွေးကြော်သူတွေ ပါလာမယ်။
ဘဝကို အားအင်သုံးပြီး တည်ဆောက်ချင်သူတွေ ပါလာမယ်။
ဘဝကို မျက်ရည်နှင့် တည်ဆောက်သူတွေ ပါလာမယ်။
သူတို့တွေအားလုံး ခါးသီးလှတဲ့ ဆေးရွက်ကြီးကို
စားသုံးပြီး ပင်လယ်ပြင်ထက်မှာ ကခုန်ဖို့ ကြိုးစားကြတယ် . . .
ဒါရိုးသားခြင်းပါ
အရောင်မပါတဲ့ ပန်းချီကားတစ်ချပ်ကို
စိတ်ကူးနဲ့ အရောင်ဆိုးပြီး မြတ်နိုးသူတွေပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အဖေ

ကိုမင်းခန့်ချို(ဓနုဖြူ)

✵ လသားအရွယ် သားငယ်တစ်ယောက်နဲ့
စွယ်တော်ရွက်တစ်ခြမ်းပဲ့ အဖေ ...။

✵ မြို့ပြနဲ့ဝေး တောရွာလေးမှာ
သွေးလွှန်တုပ်ကွေးနိပ်စက်
လှူကာလေးပက်လက်
အဖေ့ရဲ့ မြစ်နှစ်ခွမှာ
ချော်ရည်ပူတွေလျှံကျ
သားကို ကယ်ပါဦး ... ဆရာမရယ်
နေ့ည အိပ်ရေးပျက်
စောင့်ရှောက်ခဲ့သော အဖေ ...။

✵ စကားချိုသာ အပြုံးသဒ္ဒါနဲ့
သုံးမျိုးတစ်ရာလို့ အော်နေ
(တစ်ခါက) လမ်းဘေးဈေးသည် အဖေ ...။

✵ ချွေးစက်နဲ့ မျက်ရည်
ပီတိတွေနဲ့ ပေါင်းစပ်ပြီး
(နို့မဝခဲ့သော သားကို)
ဘွဲ့ရပညာတတ် ဖြစ်စေခဲ့သော အဖေ ...။

✵ နဂိုဒုက္ခကို အပိုဒုက္ခနဲ့
မပေါင်းခဲ့သော အဖေ ...။

✵ ဒဏ်ရာတစ်မျိုးနဲ့
အတောင်ကျိုးတဲ့ ငှက်ကိုမှ
သံယောဇဉ်ငြိသွား
မိုက်လှချည်လား ငါ့သားရဲ့ ..
မျက်ဝန်းအိမ်မှာ
ကရုဏာဒေါသတွေ လျှံကျနေသော အဖေ ...။

✵ သားလျှောက်တဲ့လမ်းတွေပေါ်
လည်ပြန်အကြည့်တွေထပ်လို့
အပေးသက်သက် တွက်ချက်ခြင်းမဲ့
ပြန်ရလိုနိုး မမျှော်ကိုးသော အဖေ ...။

✵ အမေ့ဆံထုံးမှာ
ပန်ဆင်ခဲ့သော ခရေတစ်ကုံး
သိမ်းဆည်းမြတ်နိုး တန်ဖိုးထားသစွာ
နောက်ဆုံးခရီးမှာ သက်သေပြခဲ့သော အဖေ ...။

✵ သားအတွက် အမွေ
ဘဏ်မှာ ငွေစုထားတဲ့ အဖေ ...။

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ကွင်းပြင်သူများ

ခိုင်သက်အောင်(မြန်အောင်)

- ဘယ်လောက်သိသိ
  သိလျက်မလုပ်။
- ဘယ်လောက်တတ်တတ်
  တတ်လျက်မလုပ်။
- ကိုယ့်ကိုယ်ကိုပင်
  အထင်နဲ့ဟုတ်။
- သူများ
  ရှေ့ရောက်သွားမှ
  ပါးစပ်အပေါက်သွားနဲ့
  ငုတ်တုတ်။

၁၂

www.burmeseclassic.com

www.burmeseclassic.com

ပညတ်ချက်ကို နာခံမိတဲ့အကြောင်း

ကိုကိုလွင်

❋ တစ်ယောက်တစ်လက်၊ တစ်ဖက်တစ်လှမ်း
"မောင်တစ်ထမ်း မယ်တစ်ရွက်"တဲ့။

❋ ထမင်းကြမ်းလည်း၊ တစ်ပန်းကန်နှစ်ယောက်
"တစ်ယောက်တစ်လှည့် ခွံ့တမ်း"တဲ့။

❋ အချစ်ဆုံးနဲ့ ခေါင်းအုံးတစ်ခု
"အတူလှုပြီး အိပ်မယ်"တဲ့။

❋ အကြောက်ဆုံးတစ်ပါးတဲ့
နောက်ဆုံးစကားဖွဲ့
နောက်,မုန်းမသွားနဲ့
"စိတ်ချလက်ချချစ်ကြေး"တဲ့။

❋ အချစ်ရဲ့ စကား
မှသားမပါ၊ လက်ာချောမွေ့
စိတ်ချမ်းမြေ့တဲ့
ကိုယ်တွေ့ဘဝလေးတစ်ခုရယ်ဖြစ်လို့။ ။

www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံရှိတဲ့ကောင်တွေ

ကိုဘချော

✵ ဒါမှမဟုတ်
'တင်းမ်မန်နေဂျာ(TEAM MANAGER)'
စည်းဘောင်မှာ ခါးကြီးထောက်ပြီး
ပီကေဝါးချင် ဝါးနေမှာ ...။

✵ ဒါမှမဟုတ်
'တင်းမ်ပလေယာ(TEAM PLAYER)'
ဒဏ်ရာတွေနဲ့ ရှန်းကန်နေရတောင်
အရန်ခုံပေါ်မှာထိုင်ပြီး
သံပရာသီး စုပ်ချင်စုပ်နေမှာ ...။

✵ ဒါမှမဟုတ်
'ဂိုးလ်ကီပါ(GOAL KEEPER)'
တစ်ဂိုးမျှ မပေးရရေးအတွက်
ချွေးသုတ်ဖို့တောင် မေ့ချင်မေ့နေမှာ ...။

✵ ကွင်းမရွေးဘူး
အသင်းမရွေးဘူး
တစ်ကွင်းလုံးပဲ ကန်ရကန်ရ
ထောင့်ကန်ဘောပဲ ကန်ရကန်ရ
ပြစ်ဒဏ်ဘောပဲ ကန်ရကန်ရ
ပင်နယ်တီ(PENALTY)ပဲ ကန်ရကန်ရ
ဖမ်းရ ဖမ်းရ
အကောင်းဆုံးပဲ လုပ်ပြလိုက်မှာ ...။

✵ ကိုယ်တွေကို မတုပါနဲ့
ကိုယ်တွေက ပိုက်ဆံရှိတဲ့ကောင်တွေ
ကိုယ်တွေဘာလုပ်လုပ် တင့်တယ်နေမှာ
ကိုယ်တွေက ... ကဗျာဆရာ ...။

www.burmeseclassic.com

www.burmeseclassic.com

* မြတ်တင်းပေါက် ဖွင့်ကြည့်လိုက်ရင် . . .
ကောင်းကင်ကိုလည်း မြင်ရတယ်
မြေပြင်ကိုလည်း မြင်ရတယ်
ရေပြင်ကိုလည်း မြင်ရတယ်။

* အမြင်ချင်းက
မိုးလင်းတာနဲ့ပိုင်းခြား
ခရီးသွားဖို့ အကြောင်းကြားစာပဲ။

* ဘယ်လိုလဲ . . .
ကောင်းကင်ပေါ်ပဲလျှောက်လျှောက်
မြေပြင်ပေါ်ပဲလျှောက်လျှောက်
ရေပြင်ပေါ်ပဲလျှောက်လျှောက်
နောက်မှာမေ့ကျန်ခဲ့တဲ့ ခြေသံကိုတော့
ဘယ်လိုမှ ငြင်းဆန်လို့ မရဘူးမှတ် . . .။

သေမင်း

နော်ခင်ဝင်းထွန်း

www.burmeseclassic.com

www.burmeseclassic.com

✵ ယခင်လိုပင်၊ အိမ်ဟောင်းရင်ခွင်
ဝင်ပြီး ပြန်ထွက်ခဲ့ရပြီ။

✵ ယခု တစ်ခါ၊ အိမ်သစ်မှာ
ငါနေထိုင်လိုက်ရပြန်ပြီ။

✵ ဘဝတစ်ဆစ်ချိုး
ကာလမျိုးတွေ
မရိုးနိုင်အောင် ကြုံရသည်။

✵ ကြုံတွေ့လေတိုင်း။ ရင်ခုန်လှိုင်းတွေ
ရိုင်းရိုင်းကြမ်းကြမ်း။ အဖြစ်ဆန်းနှင့်
ညစ်နွမ်းနွမ်းကာ ပန်းလျသည်။

✵ အိမ်ဟောင်းစွန့်စဉ်
ထွန့်ထွန့်လူးလူး။ မခွဲဘူးဟု
ရှူးမတတ်အောင် တင်းခံသည်။

✵ အိမ်သစ်ဆီလှမ်း၊ တစ်လျှောက်လမ်းတွင်
အဆန်းတကြယ်၊ စိတ်နယ်ပယ်က
မဲဆွယ်စည်းရုံး၊ အလှဆုံးဟု
ပန်းကုံးစွပ်ကာ၊ ကြိုဆိုပါသို့
ငါတစ်ဂုဏ်မြင့်လိုက်မိသေးသည်။

✵ သည့်လိုဖါပဲ
ခွဲခွာခြင်းများ။ နောက်ချန်ထား၍
လျှားခဲ့ကာလ၊ မနေ့က။

✵ သည့်ခလေ့နှင့်
တွေ့ဆုံနှီးရင်း၊ မျှော်လင့်ခြင်းများ
ဆင်းနွံ့အစုံ၊ အဟုန်နှင့်ဖက်ပွေ့
သည့်ယနေ့။

✵ လောလောဆယ်ဆယ်
ဖွယ်ဖွယ်ရာရာ၊ သာယာချိုမြိန်
အချိန်သစ်မှာ၊ အိမ်သစ်မှာ …
ငါနေထိုင်ရ၊ ထိုခဏ
ငါ့ဘဝက၊ အလှတစ်စ
ရသမြမြ၊ ရှူးဆွတ်စ
မနေ့ကကို မေ့ပြန်ပြီ …။

ငွေသင်နိုင်

အိမ်သစ်မှာ နေထိုင်စဉ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂလိက အတွေး

ကျီးမနိုးဟတ်ဝင်း၊ပေါင်းတည်၊



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သတိုးနွယ်၏ ပရဟိတနိုင်ငံရေး

ဘာသာတရားနှင့် နှိုင်းယှဉ်၍ နိုင်ငံရေးကို လေ့လာ တင်ပြထားသည့် စာအုပ်တစ်အုပ် ဖြစ်သည်။ မြန်မာနိုင်ငံ၏ မျက်မှောက်ကာလဆိုသည်မှာ အသွင်ကူးပြောင်းနေသော အချိန်ဖြစ်၍ နိုင်ငံရေးအရှိန် မြင့်နေသည်သာမက အများပြည်သူ နိုင်ငံသူ၊ နိုင်ငံသားတို့အဖို့ ပြည်တွင်းငြိမ်းချမ်းရေး၊ ပဋိပက္ခများ ကင်းပျောက်ရေးနှင့်တကွ ပွင့်လင်းမြင်သာမှုများနှင့်အတူ သာတူညီမျှ ဖြစ်ရေးကို လိုလားနေသော အခါသမယလည်း ဖြစ်ပေသည်။ ဤတွင် စာရေးဆရာ သတိုးနွယ်ရေးသားပြုစုလိုက်သော "ပရဟိတ" နိုင်ငံရေးသည် ဒီမိုကရေစီလမ်းမပေါ် တရွေ့ရွေ့လှမ်းတက်နေသည့် နိုင်ငံအတွက် အထူးပင် အံဝင်ခွင်ကျရှိလှပေသည်။ ပရဟိတနိုင်ငံရေးဆိုသည်မှာ တရားမေ့ကို အခြေခံပြီး နိုင်ငံတော်အတွက် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ရှေ့ဆောင်လမ်းပြပြုကာ လေ့လာဖတ်ရှုသူတိုင်းအတွက် အထူးပင် အကျိုးများစေမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေရာ လူတိုင်းပင် လေ့လာဖတ်ရှုသင့်ပေသည်။ မျက်နှာဖုံးဒီဇိုင်း အေးဖြူအောင်၏ လက်ရာဖြင့် စိတ်ကြိုက်စာပေမှ တန်ဖိုး ၁၅၀၀/- ကျပ် သတ်မှတ်လျက် ပထမအကြိမ် ထုတ်ဝေလိုက်ပေသည်။

ငွေကျောင်းသားလှုပ်ရှားမှု ငွေရတုအထိမ်းအမှတ်ကဗျာများ

၁၉၈၈ မှ စတင်ခဲ့သည့် ကျောင်းသားလှုပ်ရှားမှုသည် ၂၀၁၃ ခုနှစ်တွင် ငွေရတုတိုင်ခဲ့ပြီ ဖြစ်၏။ သည့်အတွက် သမိုင်းတင်မော်ကွန်း ထိုးဖို့ရာ ဤကဗျာစာအုပ်ကို ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။

ဤစာအုပ်တွင် ကျောင်းသားလှုပ်ရှားမှု ခေါင်းဆောင်တစ်ဦး ဖြစ်သော မောင်မောင်ကျော်၏ အမှာစာနှင့်အတူ ကိုလေး(အင်းစဂုဏ်ရည်)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ယဉ်ထွေး(ရန်ကုန်တက္ကသိုလ်)၊ သားလေး၊ ကောက်နွယ်ကနောင်၊ နန္ဒာမိုးကြယ်၊ နိုင်ဦးကို(ရန်ကုန်တက္ကသိုလ်)၊ ထွန်းထွန်းသန်း၊ ခရမ်းပြာထက်လူ၊ ရွှေညာနိုင်စိုး၊ အောင်မျိုးရှိုးမြေ၊ အောင်ဇင်မင်း၊ သွေးစက်သစ်၊ တင်ထွန်းနိုင်၊ မြတ်လှိုင်း၊ နွယ်ဦးလှိုင်၊ ပွင့်သစ်၊ ဗညီထွန်း၊ သံတော်ဦး(ကျေးသီး)၊ တေဇဝင်း၊ မိုးဇက်သော်၊ မြင့်ဦးဦးမြင့်၊ ညွှန့်သစ်၊ တက္ကသိုလ်ကြယ်ဒေါင်း၊ မျိုးကိုမျိုး၊ နောင်ဝင်းထွန်း၊ ကိုထွားကြီး၊ နောင်ချစ်(ရှစ်ဆယ့်ရှစ်)၊ နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်)၊ မောင်လှမျိုး(ချင်းချောင်းခြံ)၊ မောင်ခေတ်ထွန်း၊ အောင်ထွန်း၊ မျိုးမင်းနိုင်၊ ရန်လင်းအောင်၊ ကိုပေဒါ၊ ထူးညို၊ မောင်ညိုအေး(ပန်းတော) စသည့် ကဗျာဆရာ(၃၈)ဦးတို့၏ လက်ရာများကို ခံစားဖတ်ရှုရမည်ဖြစ်သည်။ မျက်နှာဖုံးဒီဇိုင်း အေခ၏ လက်ရာဖြင့် ရတနာစာပေမှ တန်ဖိုး ၁၀၀၀/- ကျပ်ဖြင့် ထုတ်ဝေလိုက်ရာ (၈၈၈၈) ရင်ခုန်သံများကို ရသအမျိုးမျိုးဖြင့် ဖတ်ရှုရပေမည်။

ဘုန်းတေဇ၏ ဘိုးတော်အောင်မင်းခေါင်နှင့် ဝိဇ္ဇာစခန်း ဝိဇ္ဇာလမ်း

ဘိုးတော်အောင်မင်းခေါင်ဟု ဆိုလျှင် ထွက်ရပ်ပေါက် ဝိဇ္ဇာပုဂ္ဂိုလ်ထူးဟူ၍ အမှတ်သားပြုကြပေသည်။ ဤစာအုပ်သည် ဘိုးတော်အောင်မင်းခေါင် ဖြတ်သန်းခဲ့သည့် ဝိဇ္ဇာစခန်း၊ ဝိဇ္ဇာလမ်းကို သေချာကျနစွာ လေ့လာတင်ပြထားပေသည်။ ဝိဇ္ဇာပညာရပ်များကို လေ့လာလိုက်စားသူများအတွက် အထောက်အကူပြုနိုင်သော စာအုပ်ကောင်းတစ်အုပ်ဆိုလျှင် မမှားပေ။

ဤစာအုပ်၌ "ဝိဇ္ဇာဆိုတာဘာလဲ" ဆိုသည်နှင့် စတင်ဖွင့်လှစ်ထားပြီး မန္တန်ဝိဇ္ဇာမိုရ်ကြီးများ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ အရိယဝိဇ္ဇာ၊ လေးကြိုးမင်းခေါင်၊ လက်ဝဲမဟိဒ္ဓိ၊ လက်ယာမဟိဒ္ဓိရှင်ကြီးများ၊ အထက်တန်းကျဝိဇ္ဇာ၊ ပုပ္ပါးအောင်ဇာတ် . . . စသည်တို့အပြင် ဝိဇ္ဇာအောင်မြေ၊ အဘဘိုးမင်းခေါင်၏ ဝိဇ္ဇာသိဒ္ဓိ မဟိဒ္ဓိများ၊ ပထမအထက်ဂိုဏ်းကြီးများ၊ ကမ္ဘာလုံးဆိုင်ရာမဟိဒ္ဓိအဖွဲ့၊ မဟာအတုလ ပုဂ္ဂိုလ်ကြီးများ၊ မဟာနာယက ပုဂ္ဂိုလ်ကြီးများ၊ စူဠနာယက ပုဂ္ဂိုလ်ကြီးများ၊ အကျိုးတော်ဆောင်ပုဂ္ဂိုလ်ကြီးများ၊ ၉ တိုင်း ၉ ဌာန၊ မဟိဒ္ဓိအဖွဲ့ချုပ်နှင့် ဘိုးမင်းခေါင်၊ သိုက်ထွက်တဘောင်၊ ပါရမီရှင်များ၏ ပဲ့ကိုင်ဘိုးမင်းခေါင်၊ အောင်မြေနင်းဂါထာ၊ အောင်ထူးဆန်းဂါထာ စသဖြင့် ဆောင်းပါးပေါင်း ၃၂ ပုဒ်ကို စုစည်းထားရာ ဝိဇ္ဇာစခန်း၊ ဝိဇ္ဇာလမ်းအတွက် လွန်စွာမှ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ဤစာအုပ်ကို အရှေ့ဘက်ကောင်းကင်စာပေမှ ဘုန်းဇော်က စီစဉ်ပြီး တန်ဖိုး ၁၂၀၀/- ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သုဒြာ၏ လွတ်မြောက်မှုအတွက် အမှတ်တရကဗျာများ

လွတ်မြောက်မှုအတွက် အမှတ်တရကဗျာများ၏ ဖန်တီးရှင်၊ ကဗျာဆရာမ သုဒြာသည် အဘိုးဖြစ်သူ သတင်းစာဆရာကြီး ဦးအေးလွင်(ဗီးကုန်းဆရာလွင်)၏ စာပေအမွေကိုခံယူလျက် ဖခင်စာရေးဆရာ ဗီးကုန်းခင်မောင်သိန်းနှင့် မိခင် ကျောင်းဆရာမတို့၏ လမ်းညွှန်မှုဖြင့် စာပေရေးသားလျက်ရှိသူ ဖြစ်ပေသည်။

ဤကဗျာစာအုပ်၌ ကဗျာဆရာမ မဒီနှင့် စာရေးဆရာမ မိုးပန်းမွှန်(ရာမည)တို့၏ အမှာစာများကို ဖတ်ရှုရမည်ဖြစ်ပြီး နတ္ထိ၊ ပြည်သူ၊ ရေမွှေးနှင့် နိုင်ငံရေး၊ သေလျှင်သော်ငရဲမလား၊ အစွန်းဖျက်ခွင့်၊ ဒီနေ့ ချိန်ခါမဲ့မိုး၊ မြန်မာ့နယ်ဆင်မဲ့ဒဲလား၊ အိပ်ရေးပျက်…ညများ၊ လွတ်မြောက်မှုအတွက် အမှတ်တရ သူမတူ၊ အမျိုးသမီးပါ၊ တို့ကျောင်းသားများ အစရှိသော ကဗျာများကိုပါ တရိုက်မက်မက် ခံစားရမည်ဖြစ်သည်။ ဤစာအုပ်နှင့် စပ်လျဉ်း၍ ကဗျာဆရာမ မဒီက "အတတ်ပညာအနေနှင့် နုသေးသည်မှာ မှန်သော်လည်း နိုင်ငံရေးအကျဉ်းသားများအပေါ် ထားရှိသော သူမေတ္တာစေတနာ ၇၅% ကဲနေသည်ကို ကျွန်မတို့ အသိအမှတ်ပြုရမည်သာ"ဟု ဆိုထားပေသည်။ စာရေးဆရာမ မိုးပန်းမွှန်(ရာမည)ကလည်း "စာဖတ်သူများအနေနှင့် ကဗျာများတွင်ပါရှိသော အကြောင်းအရာများကို ဖတ်ရှုပြီး တစ်စုံတစ်ရာ ခံစားနားလည်နိုင်မည်ဟု မျှော်လင့်ကြောင်း" အမှာစာပါးထားပေသည်။ ဤစာအုပ်ကို စိုးမင်းအောင်၏ ပြင်ဆင်မှုလက်ရာဖြင့် ရန်အောင်စာပေမှ တန်ဖိုး ၁၅၀၀/- ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်၏။

ဆဌမအာရုံ မဂ္ဂဇင်း

အယ်ဒီတာချုပ် ကိုမိုး(တောင်ကြီး)၏ စီစဉ်မှုဖြင့် ထွက်ပေါ်လာသော ဆယ်ချီးဆိုဒ် ဂန္ထိရအမျိုးအစား မဂ္ဂဇင်း ဖြစ်ပေသည်။

ဤစာအုပ်တွင် နာမည်ရ ကလောင်ရှင်များဖြစ်ကြသော မောင်ညိုမှိုင်း(သန်လျင်)၊ ရီရီဌေး၊ ဇင်ယော်နီ၊ မြလင်းယုန်၊ မောင်မောင်မိုးအောင်၊ ဝေယံလင်းခေါင်၊ မောင်မြင့်မား(မိုလ်ကလေး)၊ ဝေယံသိန်း၊ မင်းရွှေသိန်း (ဇင်းကျိုက်)၊ ကျွန်းစဉ်မြေ-စောခက်၊ တိုးထက်၊ မိုးဒေဝါ၊ ကာရှိန်း(ကြယ်စင်ချစ်သူ)တို့၏ ဝတ္ထု၊ ဆောင်းပါး လက်ရာစုံကို ဖတ်ရှုရမည်ဖြစ်၏။ ဤစာအုပ်နှင့် စပ်လျဉ်း၍ ထုတ်ဝေသူအယ်ဒီတာချုပ်က "အစွမ်းထက်သည့် ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်၊ ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်သမိုင်းတွင် ဖြစ်ပျက်ခဲ့သည့် ဂန္ထိရဆန်သော ဖြစ်ရပ်များ၊ ဖတ်စရာ ဂန္ထိရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့် လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက်တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်"ဟု ဆိုထားပေသည်။ ဤစာအုပ်အား ရတနာသိုက်စာပေမှ တန်ဖိုး ၁၇၀၀/- ကျပ်ဖြင့် ဖြန့်ချိလိုက်ပေသည်။

နန္ဒာမိုးကြယ်ပြုစုသည့် ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ မြန်မာ့ပဟုသုတ(၁၀၀)

ဤစာအုပ်သည် မြန်မာ့ပဟုသုတဆိုင်ရာ အချက်အလက်များကို စုစည်းထားခြင်းဖြစ်ပြီး၊ စာအုပ်အမှတ်စဉ်အဖြစ် (၄)တွဲမြောက်ဟု ဆိုရမည်ဖြစ်၏။ ရှေ့ဆက်၍လည်း တစ်တွဲပြီးတစ်တွဲ ထွက်သွားပေဦးမည်။

ဤစာအုပ်တွင် ကိုးနဝင်းကို အလေးထားခဲ့တဲ့ ကုန်းဘောင်ဆက်မင်းဆိုတာ ဘယ်သူလဲ၊ ကျောက်ဆင်းတုတော်ကို ပူဇော်လျှင် ခိုက်တတ်သလား၊ ကြိုးစင်ကို မကြောက်တဲ့ နယ်ချဲ့တော်လှန်ရေး သားအဖသုံးယောက်ဆိုတာ ဘယ်သူတွေတဲ့လဲ၊ ဂျွန်ဦးစော ကြိုးပေးမခံရမီ သမီးဘေဘီစောကို စာဘယ်လိုရေးပေးခဲ့သလဲ၊ ဆရာကြီးပီမိုးနင်းက "အယ်ဒီတာ"ဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ပေးခဲ့သလဲ၊ ဆရာစံကို ဘယ်လိုကြိုးပေးခဲ့ကြသလဲ …အစရှိသဖြင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်အကြောင်းအရာ (၁၀၀)ကို စာရေးဆရာက လေ့လာသုတေသနပြုလျက် တင်ဆက်ထားခြင်း ဖြစ်သည်။ ဤစာအုပ်ကို ပန်းချီသန့်ဇော်သစ်၏ဒီဇိုင်းဖြင့် မြတ်ပန်းရဂုံစာပေတိုက်မှ တန်ဖိုး ၅၀၀/-ကျပ်သတ်မှတ်ကာ ချိုသာသောနှုန်းထားဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ကာသစ်နီ

www.burmeseclassic.com

www.burmeseclassic.com

တောင်ကြီးသား အဆိုတော်(၈)ဦး၏ တေးစီးရီး လာတော့မည်

တောင်ကြီးသားအဆိုတော် (၈)ဦးဖြစ်သည့် ဘိုဖြူ၊ ဟန်ထွန်း၊ လှိုင်ဦးမော်၊ အယ်နောင်း၊ ပူစူး၊ အစိုင်း၊ ကိုသောင်းနှင့် သအိုတို့ ပါဝင်သီဆိုထားကြသော တေးစီးရီးသစ်မှာ မကြာခင်ကာလအတွင်း တေးချစ်သူများထံ ရောက်လာတော့မည် ဖြစ်သည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း (၁၀)ပုဒ် ပါဝင်မည်ဖြစ်ပြီး တစ်ဦးလျှင် တစ်ပုဒ်နှုန်းနှင့် အုပ်စုလိုက် နှစ်ပုဒ် ထည့်သွင်းသွားမည်ဖြစ်ပြီး၊ လက်ရှိတွင် Metal Zone စတူဒီယိုဌ် အသံသွင်းလျက်ရှိကြောင်း သိရှိရပါသည်။

အကယ်ဒမီထူးချွန်ဆု ရွေးချယ်နေ

အကယ်ဒမီထူးချွန်ဆု ရွေးချယ်ရေးပထမဆင့်အဖြစ် အဖွဲ့ဝင် ၁၇ ဦးနှင့်အတူ ဇွန်လ ၂၇ ရက်နေ့မှစတင်၍ စိစစ်လျက်ရှိသည်ဟု ဆို၏။ အဆိုပါအဖွဲ့ဝင် ၁၇ ဦးတွင် ဥက္ကဋ္ဌအဖြစ် ဒါရိုက်တာကြည်စိုးထွန်းနှင့်အတူ ရုပ်ရှင်၊ ဂီတ၊ စာပေပညာရှင် ၁၆ ဦး ပါဝင်မည်ဖြစ်ပြီး ဌာနဆိုင်ရာအနေဖြင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးဝင်းသူတစ်ဦးတည်းသာ ပါဝင်ဆောင်ရွက်မည်ဟု သိရသည်။

ပထမအဆင့်တွင် ၂၀၁၂ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၁၇ ကားအား စိစစ်မည်ဖြစ်ပြီး ယင်းအဆင့်တွင် ဆန်ခါတင်ရွေးချယ်ခံရသည့် ဇာတ်ကားများကို ဒုတိယအဆင့်၌ ဆက်လက် စိစစ်ရွေးချယ်သွားမည်ဟု သိရှိရသည်။

ကလောမြို့သို့ သွားရိုက်မည့် မြန်မာဇာတ်လမ်းတွဲသစ်

Laser World Media မှ မြန်မာဇာတ်လမ်းတွဲသစ်တစ်ခုကို ဇူလိုင်လအတွင်း ကလောမြို့သို့ သွားရောက်ရိုက်ကူးမည့်အကြောင်း သိရှိရသည်။ ၎င်းဇာတ်လမ်းတွဲအသစ်၌ သရုပ်ဆောင်များအဖြစ် ဉာဏ်လင်းအောင်နှင့် နန်းသူဇာတို့မှ ပါဝင်သရုပ်ဆောင်သွားကြမည်ဖြစ်ပြီး အပိုင်း(၈၈)ပိုင်း ပါဝင်မည်ဟု ဆို၏။

အဆိုပါ ဇာတ်လမ်းတွဲသစ်မှာ (၉)ကားမြောက် ဇာတ်လမ်းတွဲဖြစ်ပြီး ၎င်းတို့ အသစ်ထုတ်လွှင့်ရန် စီစဉ်ထားသည့် Latest Channel အတွက် ကြိုတင်ရိုက်ကူးထားခြင်း ဖြစ်၏။ ရိုက်ကူးပြီးစီးပါက မြန်မာ့ရုပ်မြင်သံကြား၌ နမူနာ အကြိုပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတကာပညာရှင်များ သင်တန်းပေးမည့် ဂီတသင်တန်း

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ မြန်မာ့ဂီတသီချင်းများကို မျိုးဆက်သစ်လူငယ်များ မြတ်နိုးတန်ဖိုးထားတတ်ပြီး လက်ဆင့်ကမ်း သယ်ဆောင်နိုင်ရန် ရည်ရွယ်လျက် အတွေ့အကြုံရှိ ဝါရင့်ဂီတပညာရှင်များ သင်ကြားပေးသော ဂီတသင်တန်းအပြင် နောင်တွင်လည်း နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အကူအညီဖြင့် နိုင်ငံတကာပညာရှင်များ လာရောက်ပညာသင်ကြားပေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ဂီတအစည်းအရုံး(ဗဟို) ဒု-ဥက္ကဋ္ဌဦးလွင်မြင့်က (၂၆·၆·၂၀၁၃)ရက်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ဖွင့်လှစ်ထားသော သင်တန်းတွင် သင်တန်းသားဦးရေ ၄၀ ရှိပြီး စန္ဒရား၊ အဆို၊ ကွန်ပျူတာ၊ ဂီတအစီအစဉ်(မြူးဇစ်ပရိုဂရမ်) စသည်တို့ကို သင်ကြားပေးကြောင်း၊ ကမ္ဘာ့အဆင့်မီ ဂီတသင်တန်းဖြစ်ရန် သင်ကြားပေးမည်ဟု၍ သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပေါ်ကဗျာဆရာ (၆၇)ဦး၏ ကဗျာစာအုပ် မိတ်ဆက်ပွဲ

မန္တလေးတိုင်းဒေသကြီး ၁၉ လမ်းနှင့် အောင်ပင်လယ်မြို့ပတ်လမ်းထောင့်ရှိ နန်းတော်ရှေ့ မိသားစုကဖေး (နန်းဦးလွင်)၌ ၂၅-၆-၂၀၁၃ နေ့ နံနက် ၉:၀၀ နာရီက ခေတ်ပေါ်ကဗျာဆရာ ၆၇ ဦး ရေးသားသည့် "ဆွည့်သော ဝန်ချီစက်" အမည်ရှိ ကဗျာစာအုပ် မိတ်ဆက်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ကဗျာစာအုပ်တွင် ပါဝင်ရေးသားကြသူ ကဗျာဆရာ ၆၇ ဦး၏ ရသမြောက် ကဗျာလက်ရာတို့အား ခေတ်ပေါ်ဆန်းသစ်စွာ ရေးသားထားသည်ကို အားပါးတရ ခံစားဖတ်ရှုနိုင်သည်ဟု မိတ်ဆက်ပွဲ၌ ဆိုကြကြောင်း သိရှိရပါသည်။

မြသင်းခြယ်၏ တေးစီးရီးသစ် မိတ်ဆက်ပွဲ

တေးသံရှင် မြသင်းခြယ်၏ "မောင်အရင်လို မဟုတ်တော့ဘူး" အမည်ရှိ တေးစီးရီးသစ် မိတ်ဆက်ပွဲကို ၁၄-၆-၂၀၁၃ နေ့လယ် (၁:၀၀)နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားမှူးအဖြစ် ဆရာအောင်သျှိုင်း(ကျိုက်မရော)က ဆောင်ရွက်ပြီး တေးသံရှင် မြသင်းခြယ်နှင့် ခင်ပွန်းဖြစ်သူ သရုပ်ဆောင် နေထူးနိုင်တို့က အမှတ်တရစကားများ ပြောကြားခဲ့ကြသည်။ အဆိုပါပွဲသို့ ဖိတ်ကြားထားသော ဧည့်ပရိသတ်များ၊ စာပေစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ဒေသတွင်းလုပ်ငန်းများအတွက် ရန်ပုံငွေဖျော်ဖြေပွဲ ရွှေညောင်မြို့တွင်ကျင်းပ

ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ဖျော်ဖြေပွဲကို ဇူလိုင်လ ၇ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်းရှိ ညောင်ရွှေမြို့၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အင်းလေးဒေသ ဖွံ့ဖြိုးရေးအတွက် ကျင်းပသည့် ဂီတဖျော်ဖြေပွဲဖြစ်ပြီး ညောင်ရွှေမြို့ရှိ မိုးလုံလေလုံမြို့တော်ခန်းမအတွင်း ကျင်းပခဲ့ကာ ပြည်သူပရိသတ်အပေါင်းအား အခမဲ့ ဖျော်ဖြေခဲ့ခြင်းလည်း ဖြစ်သည်။ အဆိုပါ ဖျော်ဖြေပွဲ၌ မဏ္ဍိုင်မလှိုင်း တေးဂီတနှင့်အတူ ကိုနေဝင်း၊ နိုင်ထူး၊ ဂျေမောင်မောင်၊ ဂရေဟမ်၊ ကောင်းပြည့်၊ သီရန်စု၊ မေခလာ၊ ရတနာ၊ ခက်ခက်ရန်အောင်၊ သော်တာချမ်းမြေ့၊ အေးငြိမ်းငြိမ်း၊ ဆူးနစ်၊ နန်းကေဇက် စသူတို့နှင့်အတူ ဒေသခံတိုင်းရင်းသား အဆိုတော် ၅ ဦးတို့လည်း ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။

ပြဇာတ်တစ်ပုဒ်နှင့် ဆင်တူနေသည့် 'လက်ပံ'ရုပ်ရှင်

"လက်ပံ"ရုပ်ရှင်ဇာတ်ကားသည် ၁၉၇၅ ခုနှစ်၌ တောင်ပြုန်းပွဲတွင် ကပြခဲ့သည့် ပြဇာတ်တစ်ပုဒ်နှင့် ဆင်တူနေသည်ဟုဆိုကာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ တိုင်ကြားထားကြောင်း သတင်းရရှိသည်။

အဆိုပါ ပြဇာတ်မှာ ဆရာမယဉ်ယဉ်နု(မန္တလေး) ရေးသားကာ မိုးဝင်းသဘင်၌ ကပြတင်ဆက်ခဲ့သည့် ပြဇာတ်တစ်ပုဒ်ဖြစ်ပြီး ထိုပြဇာတ်ပါ အချက်အလက်များနှင့် "လက်ပံ"ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းအကျဉ်းပါ အချက်အလက် ၁၆ ချက်ခန့် တူညီနေခြင်းကြောင့် ဖြေရှင်းပေးပါရန် ဆရာမ ယဉ်ယဉ်နု(မန္တလေး)က ရုပ်ရှင်အစည်းအရုံးသို့ တိုင်ကြားခဲ့ခြင်းဖြစ်၏။ လက်ပံရုပ်ရှင်ဇာတ်ကားသည် မြားစစ်သည်၏ ဝတ္ထုကို ဒါရိုက်တာဝိုင်းက ရိုက်ကူး၍ ပြေတီဦး၊ စိုးမြတ်သူဇာ၊ ဖွေးဖွေးနှင့် ယွန်းယွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြပြီး ထုတ်လုပ်သူက "ဒီပြဿနာက စာရေးဆရာနဲ့ အဓိကဖြေရှင်းဖို့ လိုမယ်လို့ ထင်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဘဗ်ေကျ

www.burmeseclassic.com

ဟုတ်ကို ဟုတ်လိုက်လေ

တစ်နေ့သ၌ ကျောင်းစာသင်ခန်းတစ်ခုဝယ် ဆရာဖြစ်သူသည် ဥပဒေပညာရပ်များကို သင်ကြားနေရာမှ မေးခွန်းတစ်ခု ထုတ်လိုက်၏။

''အမှုတစ်ခုကို ကျူးလွန်မယ်၊ အဲသည်ကျူးလွန်တဲ့ အမှုဟာ အထမြောက်အောင်မြင်သွားရင် ဘယ်လိုမှ အပြစ်ပေးမခံရဘူး။ အဲ ... တကယ်လို့ အဲသည်ကျူးလွန်တဲ့အမှုဟာ အထမြောက်အောင်မြင်မှုမရှိရင် အပြစ်ဒဏ်ခံရမယ်။ အဲဒါ ဘယ်အမှုလဲ ...''

ထိုအခါ ကျောင်းသားတစ်ယောက်က နေရာမှထ၍ ဖြေလိုက်၏။

''သေကြောင်းကြံစည်မှုပါ ဆရာ''

■■■

လက်မှ မခံတဲ့ဥစ္စာ

ညကြီးမင်းကြီးအချိန်၌ ဂျွန်သည် မိသားစုဆရာဝန်ထံသို့ ဖုန်းဆက်လေ၏။ ဆရာဝန်လည်း အိပ်ချင်မူးတူးဖြင့် ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

''ဟုတ်ကဲ့ ... ပြောပါ။ ကျွန်တော် ဒေါက်တာ စမစ်ပါ''

''ဆရာရယ် ... ကျွန်တော် ဂျွန်ပါ။ ကျွန်တော့် မိန်းမ နယ်လီလေ ... နယ်လီ''

''နယ်လီ .. ဘာဖြစ်သတုံး''

''အိပ်ပျော်နေရင်းနဲ့ 'ဟင့်အင်း .. ရောဘတ်၊ ဟင့်အင်း .. ရောဘတ်'ဆိုပြီး ယောင်ယောင်နေတယ် ဆရာရဲ့။ ကျွန်တော် ဘာမှ နားမလည်တော့ဘူး။ ရောဘတ်ဆိုတာ ကျွန်တော့်အိမ်ကို ခဏခဏ လာလည်တတ်တဲ့ သူငယ်ချင်းပါ''

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်း စိတ်အေးအေးထားလိုက်ပါ ဂျွန်ရယ်။ ခင်ဗျားမိန်းမ နယ်လီက လက်သင့်မှ မခံတဲ့ဥစ္စာ။ ဟင့်အင်း ... ဟင့်အင်းနဲ့ ငြင်းနေပြီပဲ။ ကဲ ... စိတ်ချလက်ချသာ အိပ်ပေတော့"

ဆရာဝန်လည်း ဖုန်းပြန်ချလိုက်လေသတည်း။

■■■

သေချာလိုက်လေ

လင်မယားနှစ်ယောက် ရှိသည့်အနက် လင်ဖြစ်သူက ယမကာသမားဖြစ်ပြီး အိမ်၌ အမြဲတစေ ပုလင်းထောင်တတ်၏။ မယားဖြစ်သူကား ဆီးထုပ် အလွန်ကြိုက်၍ အမြဲတစေ ဝယ်စားလေ့ရှိ၏။

တစ်နေ့ လင်ဖြစ်သူက ပုလင်းလောင်း၍ မယားဖြစ်သူက ဆီးထုပ်စားနေခိုက် ယင်ကောင်နှစ်ကောင် ရောက်လာပြီး တစ်ကောင်သည် ပုလင်းနှုတ်ခမ်းဝတွင် နား၏။ ကျန်တစ်ကောင်ကမူ ဆီးထုပ်အခွံ၌ နားလေ၏။ ဤတွင် လင်ဖြစ်သူက အပါးတွင်ရှိသော ခြင်ရိုက်တံဖြင့် မွှေ့လိုက်ရာ ဆီးထုပ်တွင် နားနေသော ယင်ကောင်မှာ ဖလက်ပြသွားလေ၏။

"မိန်းမရေ ... ယင်အမတစ်ကောင်တော့ ချောသွားပြီဟေ့"

"ဟင် ... ရှင်က ယင်ကောင် အထီးနဲ့ အမ ဘယ်လိုခွဲပြီး သေသေချာချာ ပြောနိုင်တာတဲ့တုံး"

"ဟ ... ပြောနိုင်တာပေါ့ကွာ။ မင်းစားပြီးတဲ့ ဆီးထုပ်ခွံပေါ် နားနေတာ အမကွ။ အဲ ... ငါ့ပုလင်းနှုတ်ခမ်းမှာနားတာ အထီးလေ။ အထီးနဲ့အမ ကျားနဲ့မတို့ရဲ့ သဘာဝဆိုတာ သည်လိုပဲလေကွယ်"

"ရှင် ..."

■■■

သေလောက်ပါပေရဲ့

စိတ်ရောဂါကု ဆေးခန်းသို့ အမျိုးသားလူနာတစ်ဦး ရောက်လာ၏။

"ကျွန်တော်တော့ သေသာသေလိုက်ချင်တယ် ဒေါက်တာရယ်"

"ဘယ်လိုများဖြစ်ရတာလဲခင်ဗျာ။ ကျွန်တော့်ကို အကျိုးသင့်အကြောင်းသင့် စုံစုံစေ့စေ့ ပြောဦးမှပေါ့"

"ဘယ်လိုဖြစ်ရမှာတဲ့လဲ ဆရာရယ်။ ကျွန်တော် အနှစ်နှစ်အလလက ချစ်ခဲ့ရတဲ့ ကျွန်တော့်ငယ်ချစ်ဦးနဲ့ အနှစ် ၂၀ လောက်ကွဲကွာခဲ့ပြီးမှ မနေ့က ပြန်ဆုံတယ် ဒေါက်တာ"

"ဟုတ်ပြီ ... ပြန်ဆုံတော့"

"ပြန်ဆုံတော့ သူက ဟိုအနှစ် ၂၀ လောက်တုန်းက ကျွန်တော်တောင်းထားတဲ့ လက်ထပ်ခွင့်ကို သူက သဘော တူ ကြည်ဖြူပါတယ်တဲ့"

"ဒါများဗျာ .. ဝမ်းသာစရာတောင် ကောင်းတဲ့ကို ပဲဟာ။ ထတောင် ကျွမ်းထိုးပစ်ဖို့ ကောင်းနေသားနဲ့ ဘာ ကြောင့်များ သေချင်ရတာတဲ့တုံး"

"သေချင်ရတာပေါ့ ဒေါက်တာရယ်။ သူက လက် ကလေး ၄ ယောက်နဲ့ မုဆိုးမဖြစ်ပြီး၊ အားကိုးရာမဲ့နေတဲ့ အကြောင်းပါ ဖွင့်ပြောတာကိုး ဒေါက်တာရဲ့"

"အောင်မလေး ... ဗျာ"

■■■

ဟုတ်လိုက်လေ

အပြေးချန်ပီယံတစ်ယောက်အား သတင်းထောက် တစ်ဦးက အင်တာဗျူးနေလေ၏။

"ခင်ဗျားက တစ်နာရီကို ၁၀ မိုင်နှုန်းပြေးနေရ ဆိုတော့ မဆိုးပါဘူး။ တကယ်လို့များ ညအချိန်မတော် ကားသွားကားလာတွေလည်းမရှိ၊ လမ်းသွားလမ်းလာ လည်း ပြတ်လပ်နေတဲ့အချိန်၊ ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ခင်ဗျားက ထုံးစံအတိုင်း တစ်နာရီ ၁၀ မိုင်နှုန်း ပြေးနေ မှာပေါ့"

"ဟုတ်ကဲ့"

"အဲသည်အချိန်မှာ တုတ်တွေ၊ ဓားတွေကိုင်လာ လုယက်သူတစ်စုက ခင်ဗျားရဲ့နောက်ကို တစ်နာရီ ၁၁ မိုင် နှုန်းနဲ့ ပြေးပြီးလိုက်လာကြရင် ခင်ဗျား ဘယ်လိုလုပ်မလဲ"

"လွယ်ပါတယ်ဗျာ။ ကျွန်တော့်ပြေးနှုန်းစံချိန် တစ်နာရီ ၁၂ မိုင်နှုန်း တင်ပစ်လိုက်မှာပေါ့"

"အယ် ..."

■■■

www.burmeseclassic.com

www.burmeseclassic.com

ဟန်ဆောင်ကာ မှုပို

နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသော ကျောင်းသူ၊ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ရာမှ အိမ်ပြန်ရောက်လာသော ဇနီးဖြစ်သူအား ခင်ပွန်းဖြစ်သူက ဖတ်လက်စ သတင်းစာကို စားပွဲပေါ်တင်လျက် မေးလိုက်သည်။

"အမေကြီးရေ ... မင်းတို့ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲလုပ်တာ အနှစ်လေးဆယ်ကျော် ရှိသွားပြီဆိုတော့ မင်းတို့ ကျောင်းသူ၊ ကျောင်းသားဟောင်းအချင်းချင်း ပြန်ပြီးတွေ့ကြတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် မှတ်ကောမှတ်မိကြပါရဲ့လားကွယ်"

"အမယ်လေးတော် ... ဘာများမမှတ်မိစရာရှိမှာတုံလဲ။ ပိုပြီးတောင်မှ မှတ်မိလွယ်ပါသေး။ ဟင်း .. ဟင်း ... ဒါပေမဲ့ အရင်လို အော်ရီဂျင်နယ်မဟုတ်တာတော့ အမှန်ပဲ အဖေကြီးရဲ့"

"ဟင် ... ဘာများဖြစ်လို့တုံး"

"ဘာဖြစ်ရမှာတဲ့လဲ။ သူတို့အားလုံး သွားဖုံးအတုတွေကိုယ်စီနဲ့၊ ဆံပင်တွေဆိုတာလည်း နက်မှောင်လို့။ တစ်ယောက်နဲ့တစ်ယောက် တွေ့လိုက်ပြီဆိုတာနဲ့ သွားတွေဖြီးသား .. ဟီး ... ဟီး"

သို့ဆိုလျက် ဇနီးသည်လည်း ကိုယ့်အိမ်ကိုယ် ပြန်ရောက်ပြီဖြစ်သည့်အတွက် သွားအတုကို ချွတ်လိုက်လေသတတ်။

■ ■ ■

တယ်ကောင်းတဲ့အကြံ

လေအန်ကုန်းလက်ဖက်ရည်ဆိုင်း၌ ကဗျာဆရာ ကိုအနီတစ်ယောက် ဘုတ်သိုက်ဖြစ်နေသော ဆံပင်အုံကြီးကို တဗျင်းဗျင်းကုတ်ရင်း ...

"နှစ်လုံးထီထိုးရတာလည်း မနိုင်ပါဘူးဗျာ။ ရင်ထဲက တထိတ်ထိတ်နဲ့။ သည်ကနေ့ ပေါက်လိုက်၊ မနက်ဖြန် လွဲလိုက်၊ သန်ဘက်ခါ ပြန်ပေါက်လိုက်နဲ့ လုံးလည်ချာလည် လိုက်နေတော့တာပဲ"

ဟူ၍ ညည်းတွားနေလေ၏။ ထိုအဖြစ်ကို မြင်ရကြားရသော ထောင်မှူးအငြိမ်းစား၊ စာရေးဆရာ ကိုစိုးဝေလည်း မနေသာတော့။

"သည်လိုဆိုရင် ကျွန်တော်အကြံတစ်ခု ပေးချင်တယ် ကိုအနီ"

"လုပ်စမ်းပါဦး ကိုစိုးဝေရာ။ ခင်ဗျားက နှစ်လုံးမှာ အိတ်စပတ်ဆိုတော့ ..."

"ဒီမှာ ကိုအနီ၊ ခင်ဗျားအဖြစ်က သည်ကနေ့ ပေါက်ရင်၊ မနက်ဖြန်လွဲလိုက်၊ သန်ဘက်ခါပြန်ပေါက်လိုက် ဖြစ်နေတယ် မဟုတ်လား"

"သေချာတာပေါ့ဗျာ"

"ဒါဖြင့်ရင် ဒီလိုလုပ်။ သည်ကနေ့ နှစ်လုံးထီထိုးပြီးလို့ ပေါက်ရင် မနက်ဖြန် မထိုးနဲ့တော့။ သန်ဘက်ခါမှ ပြန်ထိုး။ ခင်ဗျားစကားနဲ့ ခင်ဗျားအတိုင်း ပေါက်သွားမှာ အသေအချာပဲလေ"

"အယ် ..."

■ ■ ■

ဒါလည်း ဟုတ်တာပဲ

လေအန်ကုန်း စာပေဝိုင်း၌ ဝါရင့်သက်ကြီး အယ်ဒီတာတစ်ဦးက ကဗျာဆရာပေါက်စလေးတစ်ဦးအား စာပေဩဝါဒပေးနေလေ၏။

"ဒီမယ် မောင်ရင်၊ စာရေးဆရာ၊ ကဗျာဆရာဖြစ်ချင်ရင် ရေးပြီးတော့ တိုက်ကိုပို့ရမှာ မောင်ရင်တို့အလုပ်လို့ သဘောထား။ အဲ ... ရွေးတာပယ်တာက အယ်ဒီတာအလုပ်ကွယ့်၊ နားလည်လား ..."

"ဟုတ်ကဲ့"

"ဆိုပါတော့ကွယ်။ မောင်ရင်က ဦးရဲ့မဂ္ဂဇင်းတိုက်ကို ကဗျာဆယ်ပုဒ်ပို့တယ် ဆိုပါစို့။ အဲသည်မှာ ဦးက တစ်ပုဒ်ပဲ ရွေးလိုက်ရင် ကျန်တဲ့ကိုးပုဒ်ဟာ ဘာဖြစ်သွားမလဲ"

"ကျန်တဲ့ကိုးပုဒ်က စာမူခမရဘဲ ရွေးလိုက်တဲ့ တစ်ပုဒ်ကပဲ စာမူခရမှာပေါ့ ဆရာရယ်"

"ဟေ ..."

မြို့မေတ္တာခံယူမယ့်

■ ကိုရွှေတောသား

www.burmeseclassic.com

www.burmeseclassic.com

ကွက်ကျော

အာကာထက်ရှား

တစ်နေ့က ဖိုးစွာရဲ့ဇနီး နော်ဖော တစ်ယောက် ဂျူမခါနာမှာ မီးဖွားပါတယ်။ သူ့ခွင့်တစ်ရက်ယူချင်ပေမဲ့ အထက်လူကြီးနဲ့ အချေအတင်ပြောမှ ရလာမယ့် ခွင့်တစ်ရက်ကို သူမလိုချင်ဘူး။ ကုန်ထုတ်လုပ်မှုနှုန်းထား လိုအပ်နေလို့ အိုဗာတိုင်တောင် ခေါ်ယူဆင်းခိုင်းနေရချိန်မျိုး မဟုတ်ပါလား။

"နင်တို့နှစ်ယောက်က ရှောင်တစ်ခင် ခွင့်စာရွက်တွေနဲ့ဆိုတော့ ခွင့်တင်ကြ မလို့လား"

ဖိုးစွာနဲ့ခင်တဲ့ မေချိုနဲ့မေကြူတို့ ညီအစ်မနှစ်ယောက်ကို မေးလိုက်တော့ ...

"ဟုတ်တယ် ... ငါတို့နှစ်ယောက် ဇလွန်ပြည်တော်ပြန် ဘုရားကို ဘုရားဖူး သွားကြမလို့"

ဆိုတော့ ဖိုးစွာရဲ့အသည်းထဲမှာ ယားကျိကျိ ဖြစ်သွားတယ်။ သူ့ဇနီး နော်ဖောတစ်ယောက် မီးဖွားလို့ ခွင့်တစ်ရက်တောင်းတော့ လုပ်သက် ၆ လ ရှိသေးတယ်လို့ ဝိနည်းလွတ် ပြောခဲ့ဖူးတယ်။ ခွင့်မယူစေချင်တဲ့သဘောမျိုး။ ကောင်မလေးနှစ်ယောက်ကျတော့ ဖိုးစွာနဲ့အလုပ်ဝင်ခဲ့တဲ့ နေ့ရွှေချင်းအတူတူ ခွင့်ပြုလိုက်တယ်။

အရေးကြုံရင် ပန်ကာကို သတိရပါ ဆိုတဲ့ သူ့ရဲ့ပြောစကားကို သတိရသွားတယ်။

"ပန်ကာဆိုတာ သမိုင်းကြောင်းရှိပြီးသား။ ဟိုတစ်ခါတုန်းက သေရေးရှင်ရေးတမျှ အရေးကြီးနေတဲ့ မင်းမင်းကို မင်းမင်း၊ မင်းမှာ ရှောင်တခင်နဲ့ လုပ်သက်ခွင့်တွေ ကုန်ပြီလား"

"ကုန်ပြီ"

ဒီတော့မှ ပန်ကာစိုးသိုက်က ဓာတ်မီးတိုင်အောက်က ဖမ်းထားတဲ့ ဘီလားတစ်ကောင်ကို နို့ဆီခွက်ထဲကထုတ်ပြီး မင်းမင်းရဲ့လက်ဖျံပေါ်က အရေပြားကို အကိုက်ခိုင်းတယ်၊ လက်ဖျံလည်း တဖြည်းဖြည်း ရောင်လာတာ မြင်မကောင်းဘူး။ အဲဒီရောင်နေတဲ့ လက်ဖျံပေါ်ကို အင်ဂျင်ဝိုင် သုတ်လိုက်တော့မှ ရောင်ပြီး ပြောင်တင်းနေတယ်။ ပြီးမှ (အ–၈)အရှစ်လို့ခေါ်တဲ့ ထိခိုက်ဒဏ်ရာရသူအတွက် ပုံစံစာရွက်မှာ လုပ်ဖော်ကိုင်ဘက်နှစ်ယောက်ကို သက်သေအဖြစ် လက်မှတ်ထိုးခိုင်းလိုက်တာ ဆေးခွင့်ရသွားဖူးတယ်၊ အတွေးမဆုံးသေးဘူး ပန်ကာစိုးသိုက် ဖိုးစွာဆီရောက်လာတယ်။ ဖိုးစွာလည်း နတ်သံနှောပြီး ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြလိုက်တယ် ဆိုရင်ပဲ ...

"ဖိုးစွာ၊ လာ ငါ့နောက်လိုက်ခဲ့"

ဖိုးစွာကိစ္စကိုလည်း ပန်ကာ ဘယ်လိုဖြေရှင်းပေးမယ်ဆိုတာ မသိရသေးပေမဲ့ ဖိုးစွာရင်တွေတုန်နေတယ်။ စက်ရုံအပြင်ထွက်ပြီး စက်ရုံဇရိယာဝန်းထဲရောက်သွားကြတော့မှ မိုးရွာထားလို့ ဗွက်ထနေတဲ့ ရွှံ့ရည်တွေနဲ့ ဖိုးစွာရဲ့ဘောင်းဘီကို ပက်လိုက်တယ်ဆိုရင်ပဲ ဖိုးစွာက ...

"ဟ ... ဟ ... ငါ့ဘောင်းဘီတွေ ရွှံ့တွေပေကုန်ပြီကွ။ ခွင့်လိုချင်တဲ့သူတစ်ယောက်ကို အထက်လူကြီးကမှ ပြေပြေလည်လည် ညှိနှိုင်းဖော်ရသေးတယ်။ မင်းကို ဆရာတင်ခါမှ ရွှံ့နဲ့တောင် အပက်ခံနေရပါလား"

"လျှာမရှည်နဲ့။ ဟိုမှာမြင်နေရတဲ့ အုတ်ကန်မှာ ရေသွားဆေးချေ"

ဆိုပြီး သူက စက်ရုံထဲဝင်သွားပြီး ပြန်ထွက်အလာမှာ အထက်လူကြီးကိုပါ ခေါ်လာပြီး ခပ်ခပ်ဝေးဝေးက ဖိုးစွာကို လက်ညှိုးထိုးပြီး အထက်လူကြီးကို ဘာတွေရှင်းပြနေတယ်မသိဘူး။ အထက်လူကြီးကလည်း နှာခေါင်းပိတ်ပြီး စက်ရုံထဲလည်းဝင်သွားရော ဖိုးစွာအနားကို ပန်ကာစိုးသိုက်ရောက်လာပြီး ...

"ဖိုးစွာ ... မင်းနော်ဖောရှိရာကို သွားလို့ရပြီ"

"ဘယ်လို ... ဘယ်လို"

"မင်းကို အထက်လူကြီးက လှမ်း ကြည့်ပြီး နှာခေါင်းပိတ်သွားတာ မြင်လိုက် လား"

"မြင်သားပဲ"

"အဲဒါ မင်းကိုကြည့်ပြီးမသတိလို့

"မင်းပက်ထားတာ ရွှံ့မှုန်း မင်း လည်းအသိပါ။ ဒါရွှံ့စရာလား"

"ငါက ရွှံ့မှုန်းသိပေမဲ့ သူကမသ ဘူးလေ။ အဲဒီအခွင့်အရေးကို အသုံးချ ဖိုးစွာတော့ အီးတွေပန်းနေတာ တရ လို့ ငါက အထက်လူကြီးကို ချွန်လိုက်တ

"ဒီတော့ သူကဘာပြန်ပြောလို သလဲ"

"ငါရှောင်တစ်ခင် ခွင့်တစ်ရက် ပေးလိုက်မယ် ပန်ကာ။ ဖိုးစွာကို အိမ် ပေးလိုက်တဲ့"

ရှောင်တစ်ခင် ခွင့်တစ်ရက်အ နဲ့ အီးတွေထွက်နေတယ်လို့ ပြော ရသလား ပန်ကာရယ် ... ■

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောရမလဲ

■ ကိုမောင်သန်းဆင်း

ထိုးကွင်းမင်ကြောင် စလေ့ဟာ ဘယ်တုန်းက စပေါ်ခဲ့သလဲဆိုတာ မသိပါဘူး။ ဒါပေမဲ့ ရှေးမြန်မာကြီးတွေဟာ ထိုးကွင်းပါမှ မြန်မာပီသတယ်ဆိုတာကို တော့ ကြားဖူးနားဝရှိခဲ့တယ်။ ပေါင်မှာ ထိုးကွင်းအပြည့်နဲ့ မြန်မာကြီးတွေရဲ့ ဓါတ်ပုံတွေကို ဘုတ်အုပ်တွေထဲမှာ မြင်ဖူး၊ တွေ့ဖူးပါရဲ့။ 'ထိုးကွင်းလေးနဲ့ ခြင်းခတ်သူ' သီချင်းတောင် ရှိခဲ့ဖူးတာပ။

'အိမ်ထောင်ဦးစီး၊ ဘုရားတည်၊ ဆေးရည်မင်စုတ်ထိုး' စတဲ့ ဆိုရိုးတွေလည်း ရှိခဲ့ဖူးပါရဲ့။ ထားပါတော့ ...။ ကျွန်ုပ်ငယ်စဉ်က မူလတန်းအရွယ်(လွန်ခဲ့တဲ့ အနှစ် ၆၀ လောက်က) ဘုရားပွဲတစ်ခုမှာ ဆေးရည်မင်စုတ်ထိုးတယ်။ Tattoo (တက်တူး)ထိုးတယ်။ လက်ဖျံမှာထိုးတာ။ 'ဝင်း'ဆို တဲ့ စာတစ်လုံးတည်းရယ်။ အဲဒီတုန်းက (၁၀)ပြားပဲပေးရတယ်။ အပေကတွေ့တော့ ဖက်ပိုးအုပ်ပြီး ကောင်းကောင်းဆိုးပေးတာကို ခံရတယ်။ အမှတ်တရပါပဲ။

အခုခေတ်မှာတော့ Tattoo တွေဟာ အတော်ခေတ်စားနေပြီ။ အနက်၊ အနီ၊ အစိမ်း ကာလာစုံတွေနဲ့။ တန်ဖိုးကလည်းကြီး။ ဒီဇိုင်းတွေကလည်း မိုက်သလားမမေးနဲ့။ ပြည်ပမှာရော ပြည်တွင်းမှာပါရှိကြတဲ့ ရုပ်ရှင်မင်းသားတွေ၊ အားကစားသမားတွေ၊ လူငယ်၊ လူရွယ်စုံစီနဖာ Tattooထိုးထားကြပြီ။ ယုတ်စွအဆုံး အမျိုးသမီးတွေတောင် အမှတ်တရလား ဘာလားမသိ ထိုးနေကြသေးတာပ။

တစ်နေ့ ... လက်မောင်း၊ လက်ဖျံ ရင်ဘတ်နဲ့ ကျောပါမကျန် Tattoo ထိုးထားတဲ့ ရုပ်ချော၊ အသားဖြူ လူရွယ်လေးတစ်ယောက်ကို တွေ့တယ်။ ဆိုခဲ့သလို အစိမ်း၊ အနီ၊ အနက် ကာလာစုံတယ်။ ဒီဇိုင်းပုံတွေကလည်း မိုက်တယ်ပေါ့နော်။

စကားမစပ် "အဲဒီ Tattoo အရုပ်တွေရဲ့တန်ဖိုးက နည်းမယ်မထင်ဘူးနော်"လို့ မေးကြည့်တော့ ...

"သိပ်မရှိလှပါဘူး အန်ကယ်။ ကျပ်ငါးသိန်းဖိုးလောက်ပါပဲ"လို့ ပြောတယ်။ ကျုပ်က အံ့သြစွာနဲ့ "နပြောစရာ"လို့ဆိုပြီး နှုတ်ကထွက်ကျသွားတယ်။ လူရွယ်လေးက တည်ငြိမ်စွာနဲ့ ပြန်ပြောလာတဲ့ စကားကြားရတော့ ကျုပ်လေ၊ ဒီနေ့ခေတ် ပြောပြောနေကြတဲ့ စကားလို "ဘယ်လိုပြောရမလဲ"လို့သာ ဆိုလိုက်ချင်တော့တယ်။

လူရွယ်တည်ငြိမ်စွာနဲ့ ပြောလာတဲ့ စကားက ..

"အန်ကယ်ရယ် ... လူဆိုတာ တစ်ယောက်တည်းလာပြီး တစ်ယောက်တည်း ပြန်ကြရတာအမျိုးလေ။ အားလုံးကို ချန်ထားရစ်ခဲ့ကြရတာပဲမဟုတ်လား။ သေရင် ကျွန်တော်နဲ့ အမှန်တကယ်ပါမှာက ဒါတွေပဲလေ"တဲ့။

■ ကိုမောင်သန်းဆင်း

www.burmeseclassic.com

www.burmeseclassic.com



ရော စမ္ပော့ဒ္ဒိ

□ ပိုက်မင်းဝေ

ကျွန်တော်၏ ပိခင်ကြီးမှာ အသက် ခြောက်ဆယ်ကျော် ခုနစ်ဆယ်နား ကပ်လာပြီဖြစ်သည်။ အသက်ကြီးလာပြီဖြစ်သဖြင့် ဟိုးအရင်ကလို မဟုတ်တော့။ တစ်ခုခုဖြစ်ပြီဆို ဗျစ်တောက်ဗျစ်တောက်၊ ပွစိပွစိ ဖြစ်လာသည်။ ကျွန်တော်တို့ မိသားစုကတော့ အမေ့ကိုနားလည်သည်။ အမေပွစိပွစိလုပ်ပုံက အမြင်ကမတ်စရာ မကောင်း။ ချစ်စို့ကောင်းပြီး စဉ်းစားတတ်လျှင် ရယ်စရာများပင် ပါလာတတ်သည်။ အခုလည်းကြည့်၊ ထမင်းစားနေရင်း ပွစိပွစိ လုပ်နေသည်။ ကျွန်တော်က အမေ့နားကပ်ရင်း ''အမေဘာဖြစ်လို့လဲဟင်'' ဟု မေးကြည့်တော့ အမေက အသံကျယ်ကျယ်ဖြင့် –

''သည်မယ်လေ ... နင့်မိန်းမ ဝယ်ပြီးကြော်တဲ့မျှစ်။ နောက်တစ်ခါမျှစ်ဝယ်မယ်ဆိုရင် နင်တို့တဲဆောက်တဲ့အခါ မှဝယ်၊ ကြော်စားဖို့ဆို မဝယ်နဲ့တော့''

''ဗျာ ... ဘာဖြစ်လို့လဲ''

''နင်တို့တဲဆောက်တဲ့အခါ နှီးဝယ်စရာမလိုဘူးဟဲ့။ အဲသည်မျှစ်နဲ့ ချည်လို့ရတယ်သိလား''

ကဲ ... အဲသလိုပါဗျာ။ ကျွန်တော့် အမေက ဥပုသ်နေ့ ဘုန်းကြီးကျောင်းမှ ဥပုသ်ယူပြီးပြန်လာသည်။ ကျွန်တော်လည်း နားရက်ဖြစ်သဖြင့် ရေနွေးကြမ်းလေးသောက်ရင် စာအုပ်ဖတ်နေခိုက် ကျွန်တော့်အမေ၏ ပွစိပွစိအသံကြားသဖြင့် ကျွန်တော်လည်း မေးနေကျ အတိုင်း အမေ့ကို မေးကြည့်လိုက်သည်။

''အမေ ဘာဖြစ်လာတာလဲ ကျောင်းမှာ''

''အေးဟဲ့ ... ကျောင်းမှာ မမှုန်ကြီးနဲ့တွေ့တယ်''

ဒေါ်မှုန်ကြီးမှာ အမေ့ထက်ပင် လေးငါးနှစ်ခန့်ကြီးမည်ထင်သည်။

''အဲဒါ ဘာဖြစ်လို့လဲဟင်''

''မပြောချင်ပါဘူးသားရယ်၊ စဉ်စဉ်စုစု အသက်လည်းကြီးနေပြီ၊ မနာလိုလို့လား။ နှမ်ချင်လို့လား။ ကိုယ့်အသက်ရွယ်မှ မထောက်''

''ဘာများပြောလို့လဲ အမေ''

''ဒီလိုသားရဲ့။ မမှုန်ကြီးက အမေ့ကိုတွေ့တော့ ပိန်သွားလိုက်တာဟယ်၊ သိပ်တောင်မမှတ်မိချင်ဘူး။ ကျန်းမာရေးကော ကောင်းရဲ့လား၊ စိတ်ကောချမ်းသာရဲ့လား၊ စိတ်လည်းချမ်းသာမယ်မထင်ဘူး။ ကားလည်းရောင်းလိုက်ရတယ်ဆို၊ သားကြီးအတွက် ဆေးကုလိုက်ရတာ တော်တော်ကုန်သွားတယ်ဆိုပြီး မေးလိုက်တာဟယ်။ သူနဲ့လည်း ဘာမှမဆိုင်ဘဲနဲ့ စစ်စစ်ပေါက်ပေါက်''

''ဒါနဲ့ အမေက ဘာပြန်ပြောလိုက်

လဲ''

''သူက မပြီးသေးဘူး။ ငါ့

အထင်သေးသလိုလို၊ သနားသလို

မျက်လုံးမျိုးနဲ့ကြည့်ပြီး 'တော်တော်

ချုတ်ခြုံကျသွားတာပေါ့နော်' တဲ့။ အ

လည်း ဘာရမလဲ၊ မြို့ထဲမှာ တိုက်

တွေတော့ ရှိသေးတာပေါ့။ စုထားတဲ့

တွေလည်း ရှိသေးတယ်လေ၊ အိုစာ

စာပေါ့လို့ ပြောလိုက်တော့ မနာလို

မျက်လုံးမျိုးပြောင်းသွားတာ''

''ဒါနဲ့ အမေလည်း လှည့်ပြန်ခဲ့

လား''

''ဒါလောက်နဲ့တော့ ဘယ်ရမ

အမေလည်း သူ့ကို ပြန်မေးခဲ့တယ်

''ဘာများ ပြန်မေးလိုက်တာ

''မမှုန်ကြီး ဘာဖြစ်လို့ သူ

အကြောင်းတွေ လိုက်မေးနေတာ

ကေန္တ စားပြဲတွေကို လက်ထောက်

လားလို့ မေးလိုက်ကော 'ဟင်း' ဆိုပြီး

ခနဲလှည့်ထွက်သွားတော့တာပေါ့ ...

... ဟဲ ...''

''ထင်သားပဲ ...''

ပိုက်မင်း

www.burmeseclassic.com

တစ်မျက်နှာဝတ္ထု

ကိုဖိုးတင်အောင်

အလုပ်ဆိုတာ ကိုယ်လုပ်ကြည့်မှ ကိုယ်သိရတာ။ ကိုယ်လုပ်မကြည့်ဘဲနဲ့တော့ ဘယ်အခါမှ သိလာမှာမဟုတ်ပါဘူး။ တန်ရာတန်ဖိုးရှိတဲ့ အလုပ်တွေကိုတော့ဖြင့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိအောင်လုပ်ကြည့်စေချင်တယ်။ လုပ်တဲ့အခါတိုင်းမှာလည်း လမ်းကြုံတိုင်း ရေဝင်သောက်သလို၊ ဖောင်စီးရင်း ဆန်တင်သလိုမျိုး မလုပ်စေချင်ဘူး။ သည်လိုအလုပ်ခဲ့ရင်တော့ အောင်မြင်မှုဆိုတာ အလှမ်းဝေးနေဦးမှာပါပဲ။

ကျွန်တော်တို့က ဝါသနာအရ စာရေးနေကြတဲ့သူတွေပါ။ သည်အလုပ်က ပြောတော့သာ လွယ်တာ၊ တကယ့်တကယ်လုပ်ကြည့်မှ သိရတဲ့အလုပ်တွေပါ။ သူ့မှာကလည်း သူ့နည်းသူ့ဟန်နဲ့ တန်ရာတန်ဖိုးတွေက ရှိတယ်လေ။

ကျွန်တော်တို့ စာရေးလာတာလည်း နှစ်ပေါင်း လပေါင်း အတော်ကြာပြီပေါ့။ ခုနောက်ပိုင်းမှာတော့ လျှပ်တစ်ပြက်ကြုံလိုက်ရတဲ့ အဖြစ်ကလေးတွေကို ကွက်မပါက်အဖြစ်လုပ်ပြီး ဝတ္ထုရှည်တော့ဘဲ တစ်မျက်နှာဝတ္ထုတိုကလေးတွေကိုပဲ ဦးစားပေးပြီး ရေးဖြစ်တာများတယ်။

တစ်မျက်နှာဝတ္ထုဆိုတာကလည်း ရှည်သောဝတ္ထုများ အတန်းအစားထဲမှာပါတယ်။ တစ်မျက်နှာလည်း တစ်မျက်နှာအလျောက် ရေးဖို့ခက်ပါတယ်။ ကျွန်တော်နဲ့ခင်တဲ့ စာရေးဆရာတစ်ယောက်ကတော့ ပြောဖူးတယ်။

"စာရေးတယ်ဆိုတာ ကော်ဖီခါးခါး တစ်ခွက်ဖျော်သလို၊ ရှပ်အင်္ကျီတစ်ထည်ချုပ်ရသလို၊ ဆယ့်ငါးမိနစ်အမြန်လိုင်းမပဲ ဓာတ်ပုံတစ်ပုံ ရိုက်သလို အတတ်ပညာရှိရုံနဲ့ လုပ်လို့ရတဲ့အလုပ် မဟုတ်ဘူး"တဲ့။

သည်စကားကိုတော့ဖြင့် ခြွင်းချက်မရှိ ကျွန်တော်ထောက်ခံပါတယ်။ မှန်တဲ့စကားကို ပြောနေမှတော့ ကျွန်တော့်အနေနဲ့ ဘာငြင်းလို့ ရမှာတဲ့လဲ။ သည်လိုလုပ်လို့မရတဲ့ အလုပ်ကိုမှ ကျွန်တော်ကလည်း ခုံခုံမင်မင် ရှိတာဆိုတော့ တချို့ကလည်း ပြောပါတယ်။ ကြီးပွားမယ့်အလုပ်တဲ့။ ဘယ်လိုပဲ ဆိုပါစေ၊ ပြောပါစေ ကျွန်တော်တို့ကိုအားကျပြီး ကျွန်တော်တို့လို စာရေးချင်နေတဲ့သူတွေက ရှိနေတော့ စာရေးတဲ့အလုပ်ကို စိတ်မပျက်ခဲ့တာ အမှန်ပါ။

ဆိုတော့ 'ကျော်မြင့်'တဲ့။ သူ့ကလောင်အမည်ကိုလည်း ကျော်တစ်လုံးထည့်ပြီး ကျော်ကျော်မြင့်အမည်နဲ့ ကျွန်တော်တို့လို တစ်မျက်နှာဝတ္ထုတွေကို လစဉ်ဆိုသလို ကြိုးစားပြီး ရေးနေတဲ့သူပါ။ ပြီးတော့ ရေးပြီးသား စာမူတွေကို လက်လှမ်းမီရာ မဂ္ဂဇင်းတိုက်တွေကို ပို့ပေါ့။ သည်ကလေးတွေက ကျွန်တော်တို့နောက်မှပေါက်လာတဲ့ စာပေရွှေကြာပင်လေးတွေ မဟုတ်လား။

ကျော်မြင့်ခမျာ သူရေးပြီးသွားတဲ့ တစ်မျက်နှာဝတ္ထုတွေကို သုံးလေးငါးကြိမ်လောက် မဂ္ဂဇင်းတိုက်ကို ပို့ကြည့်ပါသေးတယ်။ ဒါပေမဲ့လို့ သူပို့လိုက်တဲ့ စာမူတွေက ဘယ်မဂ္ဂဇင်းတိုက်မှ ပါမလာတော့ ရွှေကြာပင်လေးခမျာ စိတ်ပျက်စွာနဲ့ ညည်းညူလာတယ်။

"စာမူတွေ ပို့သာပို့ရတယ်၊ ဘယ်မဂ္ဂဇင်းတိုက်မှ ရွေးတာလည်းမဟုတ်ဘူး။ အလကား အချိန်လည်းကုန်၊ လူလည်းပန်းသေး။ တော်ပါပြီ။ စာမရေးချင်တော့ပါဘူး"

သူ့ရဲ့အားနည်းချက်ကို အစောကြီးကတည်းက ကျွန်တော်က ကြိုမြင်ထားတဲ့အတွက် ...

"မင်းကသာ မင်းပို့လိုက်တဲ့ စာမူတွေ မဂ္ဂဇင်းမှာမပါဘူးလို့သာ ပြောတယ်၊ မင်းကရော ဘယ်နှခါများ ကိုယ်ပို့ထားတဲ့ မဂ္ဂဇင်းမှာ ကိုယ့်စာမူ ပါမပါကို လစဉ်စာအုပ်ဆိုင်သွားပြီး စောင့်ဖတ်ကြည့်လို့လဲ၊ ပြီးတော့ ကိုယ်ရေးနေတဲ့ မဂ္ဂဇင်းမှာ ကိုယ့်လိုပဲ ရေးနေတဲ့သူတွေရဲ့ စာမူကို လစဉ်ဖတ်ကြည့်ရဲ့လား။ သည်တော့လည်း မင်းဖတ်မကြည့်တော့ ကိုယ်ရေးပို့လိုက်တဲ့ စာမူတွေက သူတို့ရေးပို့ပြီးလို့ပါလာတဲ့ စာမူတွေနဲ့ အကြောင်းအရာချင်း တူချင်တူနေမှာပေါ့၊ ဒါကြောင့်လည်း မင်းစာမူတွေ မရွေးတာဖြစ်မှာ။ စာရေးတယ်ဆိုတာ ပေါ်ပင်လုပ်လို့ရတာမျိုး မဟုတ်ဘူး"

ကျွန်တော်က ဘယ်လိုပင်ပြောပါစေ၊ သူ့စိတ်နဲ့သူဆိုတော့လည်း သူ့ခမျာ ကျွန်တော်တို့ စာပေနယ်ကနေ သူ့အလိုအလျောက် ပင်စင်ယူသွားခဲ့တာ ကြာပြီပေါ့။

ကျွန်တော်ကတော့ သူ့အပေါ်မှာ တွက်ဆမိလိုက်ပါတယ်။ မိမိအခြေအနေကို မသိတဲ့သူဟာ ဘဝရဲ့ ဆုံးရှုံးမှုတွေကို ပိုင်ဆိုင်သူပဲလို့။ ဟုတ်ပါရဲ့နော်။ ဟုတ်ပါရဲ့ ....။

ကိုဖိုးတင်အောင်

www.burmeseclassic.com

အိုဇာတာကောင်းတဲ့သူလား

■ တင်ဝင်းညြ

မိတ်ဆွေကြီးတစ်ယောက်ရှိတယ်။ အငြိမ်းစားကျောင်းဆရာတစ်ဦးပါ။ မြန်မာပြည်အနှံ့ကို ရောက်ခဲ့ဖူးတယ်လို့ဆိုတယ်။ ဗဟုသုတအစုံ၊ အတွေ့အကြုံများတယ်ပေါ့။ စာဖတ်ဝါသနာလည်း ထုံပါဘိသနဲ့။

မိတ်ဆွေကြီးက စာတွေကိုလည်း ထုံပိုင်း။ ထုံပိုင်း ရေးလေ့ရှိတယ်၊ ရေးအားမကောင်းလှပေမဲ့ ရေးခဲ့ပြီးတဲ့စာတွေက မှတ်သားလောက်စရာ အတော်လေးပါတယ်။ သူရောက်ခဲ့တဲ့ မြန်မာပြည်အရှေ့၊ အလယ်၊ အနောက်၊ တောင်၊ မြောက် ဒေသတွေဟုဆိုတော့ ဗဟုသုတဖြစ်ဖွယ်ရာတွေ တွေ့ရတယ်။

တစ်နေ့ မိတ်ဆွေကြီးက "ကိုယ်အတွေ့အကြုံတွေ ဘာ့ကြောင့်များရသလဲဆိုတာကို ပြောပြမယ်နော်"လို့ ဆိုပြီး ပြောပြပါတယ်။

မိတ်ဆွေကြီးပြောသမျှကို လိုရင်းတိုရှင်း ပြန်ပြောရရင်တော့ သူကဘွဲ့ရပြီးတာနဲ့ ကျောင်းဆရာဝင်လုပ်တယ်။ သောက်လေ့သောက်ထ အကျင့်လေးကရှိနေလေတော့ ကျောင်းသားမိဘတွေ တိုင်တန်းလို့ ကျောင်းပြောင်းခဲ့ရတာရယ်၊ လုပ်ဖော်ကိုင်ဘက်ဆရာ၊ ဆရာမတွေနဲ့ ကတောက်ကဆဖြစ်ရတာမို့ ကျောင်းပြောင်းခဲ့ရတာရယ်၊ ကျောင်းအုပ်ဆရာ ဆရာမကြီးတွေနဲ့ သဟဇာတမဖြစ်လို့ ကျောင်းပြောင်းခဲ့ရတာရယ်၊ ကိုယ်ကိုယ်တိုင်က မပျော်ပိုက်လို့ ကျောင်းပြောင်းတာရယ်ဆိုတော့ ... ကျောင်းဆရာဘဝ အနှစ် ၄၀ မှာ ကျောင်းပေါင်း ၁၂ ကျောင်းတိတိ ပြောင်းခဲ့ရတယ်လို့ ဆိုတယ်။

ပြီးတော့ မိတ်ဆွေကြီးက ပြုံးဖြီး ဖြီးနဲ့ "အဲဒီလို ကျောင်းတွေ ၁၂ ကျော ... လောက် ပြောင်းရွှေ့သင်ကြားခဲ့ရ ... အကျိုးအားကြောင့် အိုဇာတာကောင ... တယ်" ... တဲ့။

"ဘာကြောင့်လဲ၊ ရှင်းပြပါဦး" ဆိုတော့ မိတ်ဆွေကြီးက ...

"အခုခေတ်ကျောင်းတွေမှာ ... ကန်တော့ပွဲလုပ်နေကြတယ်လေ။ ... ကျောင်းတွေမှာ အကန်တော့ခံ ... တော့ တစ်ကျောင်းကို ငွေရှစ်သော ... တစ်သိန်းပဲထား။ ၁၂ ကျောင်းဆို ... တစ်နှစ်ကို ငွေကျပ်ဆယ်သိန်းလော ... တယ်။ ပင်စင်ရငွေနဲ့ဆိုတော့ ... ဟဲ ... ဟဲ"

အင်း ... ဒါကြောင့် အို ... ကောင်းခြင်းပါပေပဲလား။ ... လောက်ပါရဲ့။ ကျောင်းပြော ...

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုကုသိုလ် ပြုနိုင်ကြပါစေ

ရေကျော်စိုးအောင်

လူ့ဘဝတစ်ခုတွင် လူတိုင်းသည် အကြောင်းတရားကို ပြုလုပ်ခဲ့၍ အကျိုးတရားသည် ဖြစ်ပေါ်လာခဲ့ရသည်ဟူသော အဆိုအမိန့်များ မှတ်သားခဲ့ဖူး၏။ ခက်ခဲနက်နဲလှသော လူ့ဘဝတွင် လောဘ၊ ဒေါသ၊ မောဟ စသည့် စသည့် အကြောင်းတရားများသည် အကုသိုလ်စခန်းများဆီသို့ လှမ်းတက်နေကြသည်နှင့်တူပြီး ကုသိုလ်အကြောင်းတရားများ ပြုကျင့်ကြသူများအဖို့ ကောင်းမှုကောင်းကျိုးအထွေထွေ ခံစားနိုင်ကြရုံမျှမက အသက်ဘေးနှင့် ကြုံရသည့်တိုင် တစ်နည်းမဟုတ် တစ်နည်း လွတ်ကင်းကြရမည်ဟု စွဲမြဲစွာယုံကြည်မိလေသည်။

နေ့တစ်နေ့ဆိုသည်ထက် ၁၃၇၂ ခုနှစ် နှစ်သစ်အစ၊ နှစ်ဆန်းကာလတွင် ဖြစ်၏။ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇) နှင့် အမှတ်(၉)ရပ်ကွက်ကြား မီးရထားသံလမ်းဘေး (ယခု)ရဟန်းဘဝ ဖွင့်လှစ်ထားခဲ့သည့် မိသားစုလက်ဖက်ရည်ဆိုင်လေးတွင်ဖြစ်သည်။ ဦးသိန်းလွင်၊ ဆိပ်ကမ်းအရာရှိတစ်ဦးနှင့်အတူ သင်္ဘောသားဟောင်းကြီးတစ်ဦးတို့မှာ နံနက်ပိုင်း ဆုံနေကျနေရာလေးလည်း ဖြစ်သည်။ စာရေးသူအား သင်္ဘောသားဟောင်းကြီးတစ်ဦးက –

''ဆရာကိုစိုးအောင် ... ကုသိုလ်ကောင်းမှုနဲ့ ရတနာသုံး၊ ပါးဂုဏ်တော်ကိုးပါး စသည့် ဂုဏ်တော်တွေကို ယုံသလား။ ကျွန်တော်က အသက်ဘေးနဲ့ သီသီကလေး လွတ်ခဲ့ရတဲ့အကြောင်း ဒီတစ်သက်မမေ့ရက်နိုင်ဘူး ကိုစိုးအောင်''

စကားပမာ အသွားအလာကို ခပ်မဆိတ် နားထောင်နေစဉ် ...

''ကျွန်တော်ရဲ့သင်္ဘောက ဥရောပခရီးစဉ် ဆရာ။ ရှေခြားမြေခြား မိသားစုနဲ့ခွဲခွာနေရချိန်ဖြစ်လို့ ဂုဏ်တော်ပုတီးစိပ်၊ ဂုဏ်တော်ကိုးပါးကို အိပ်ရာဝင်၊ အိပ်ရာထ အမြဲရွတ်ဖတ်တာ တစ်နေ့မှ ပြတ်တယ်မရှိဘူးဆရာ''

သင်္ဘောသားဟောင်းကြီး၏ စကားကို ဆိပ်ကမ်းအရာရှိ ဦးသိန်းလွင်က ထပ်ဆင့် ဤသို့ဆိုပါသည်။

''ဟုတ်တယ်ဆရာ၊ ရတနာသုံးပါး အစွမ်း၊ ဂုဏ်တော်ကိုးပါးအစွမ်းဟာ မယုံနိုင်လောက်အောင်အစွမ်းထက်ပြီး မကောင်းကြံသူများအဖို့ မိမိပြုသောကံ၊ ပြုသူထံရောက်စမြဲ''

ဟု ထပ်မံအတည်ပြုပြီး ရေနွေးကြမ်းတစ်ခွက်သောက်ပြီးသည်နှင့် ပဲပေါက်သည့် စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ဟန်ကျပန်ကျသောက်လျက် တိတ်ဆိတ်နေပြန်ခဲ့သည်။ ဆရာဦးသိန်းလွင်၏ စကားသံအဆုံး သင်္ဘောသားဟောင်းကြီးက –

''ကျွန်တော်က ဥရောပခရီးစဉ်မှာ ကြီးကြပ်ရေးတာဝန် ယူခဲ့ရတယ်။ ဖြစ်ချင်တော့ ကျွန်တော်နဲ့လုပ်ဖော်ကိုင်ဖက်ရဲ့ ရန်ငြိုးဖွဲ့ခြင်းခံရတာက ဒီလို ဆရာ။

ကျွန်တော်က ဖိနပ်ကို စနစ်တကျစီးတတ်တယ် ဆရာ။ အလုပ်လုပ်ရင်တစ်ရန်၊ ပြင်ပသွားရင်တစ်ရန် ဆိုပြီး စနစ်တကျစီးလေ့ရှိတယ် ဆရာ။ ပြင်ပစီးဖိနပ်ကို လုပ်ဖော်ကိုင်ဖက်တစ်ဦး စီးသွားတဲ့အခါ ဖိနပ်က ရစရာမရှိအောင် ညစ်ပတ်သွားတော့ စိတ်ဆိုးဆိုးနဲ့ လွှင့်

www.burmeseclassic.com

www.burmeseclassic.com

ဖော်ကိုင်ဖက်ကို –

မင်းကွာ ... ဒီဖိနပ်တန်ဖိုးကို မင်းသိရက်နဲ့ မဆင်မခြင် စီးသွားတယ်။ ခုကြည့်စမ်း၊ ဖိနပ်က တော်တော်လေး ပျက်စီးသွားပြီ။ တန်ရာတန်ရာ စီးမှပေါ့''

လို့ ပြောမိကြောင်း ဝန်ခံစကားဆိုပါသည်။ ဆက်၍ –

''ကိုစိုးအောင် .... သင်္ဘောကုန်တင်တဲ့ အပေါက်က ခုနစ်ပေါက်ရှိတယ်။ သင်္ဘောဝမ်းက အောက်အထိ ပေ(၃၀) ခန့်ရှိပြီး တန်ချိန် (၃၀၀၀)တန် ထားရှိနိုင်တယ် ဆရာ။ ကုန်ပစ္စည်းတင်မယ့်နေ့မှာ ကျွန်တော် တာဝန်အရ အောက်မှာ ဘယ်သူရှိသလဲမေးပြီး စစ်ပြီးမှ အောက်မှာလူမရှိကြောင်းသေချာမှ ကုန်ပစ္စည်းတွေ ချရမှာဖြစ်ပါတယ် ဆရာ။ ဒီလို သင်္ဘောဝမ်းတွင်း လူရှိမရှိ စစ်ဆေးနေစဉ်မှာပဲ ရန်ငြိုးဖွဲ့ထားတဲ့ လုပ်ဖော်ကိုင်ဖက် ဖိနပ်စီးသွားသူက ကျွန်တော်စစ်ဆေးနေစဉ်မှာ မတော်တဆလိုလိုနဲ့ ပစ္စည်းနဲ့ တိုက်ချလိုက်တာ ခံလိုက်ရပြီး ပေ(၃၀) အောက် သင်္ဘောဝမ်းအတွင်း ကျဆင်းသွားရတယ်။ ကျဆင်းခိုက်မှာ ရတနာသုံးပါးနဲ့ ဂုဏ်တော်ကိုးပါး အရွတ်မပျက် ဆရာ။ ကံကောင်းချင်တော့ သင်္ဘောအောက်မှာရှိနေတဲ့ သင်္ဘောသားနှစ်ယောက်က ဖော့တုံးကြီးတွေကို ဘောလုံးကန်နေကြခိုက်ဖြစ်လို့ ကျွန်တော်လည်း တွန်းချခံရပြီး အမှတ်မထင် ဘယ်လိုမှ မထင်မှတ်တဲ့ တွေးဆမရတဲ့ ဖော့တုံးတစ်တုံးက ကျွန်တော်အောက်ကျတာနဲ့ တစ်ထပ်တည်း အောက်ခံပေးသလို ကံတရားက မျက်နှာသာပေးခြင်းခံရပါတယ်။

သင်္ဘောကပ္ပတိန်က စိုးရိမ်စိတ်နဲ့ ဆင်းလာပြီး ဘာဖြစ်သွားသလဲလို့ မေးပါတယ်။

ကျွန်တော်က ဘာမှမဖြစ်ကြောင်း ပြောတဲ့အခါ ...ကပ္ပတိန်က သွေးပူလို့ ဘာမှမဖြစ်သည်ဟုထင်နေကြောင်း ပြောပြပါတယ်''

သင်္ဘောသားဟောင်းကြီးက ဘာမျှမဖြစ်ကြောင်း ပြောပြသည့်အခါ မယုံတယုံနှင့် အပေါ်ပြန်တက်သွားကြကြောင်း ပြောပြပါသည်။ ဇာတ်လမ်းအဆုံး ပြောပြခဲ့ပါသည်။

သြော် ... ဒါနဲ့ ဆရာက ရတနာသုံးပါး၊ ဂုဏ်တော်ကိုးပါး အစွမ်းကို ရွတ်ဆိုနေသည့်ပုဂ္ဂိုလ်၊ အခါမလပ် အမြဲတစေ ရွတ်ဆိုနေတော့၊ ထုံမွှမ်းနေသည်နှင့်တူပြီး ကုသိုလ်အကျိုးဆက်တွေကြောင့် အသက်ဘေးက လွတ်ခဲ့ရကြောင်း စာရေးသူက ပြောပြခဲ့ပါသည်။

နောက်ဆုံးကျတော့ ... မကောင်းသည့်စိတ်၊ ယုတ်ညံ့သည့်စိတ်ထားရှိသူ လုပ်ဖော်ကိုင်ဖက်သည် သင်္ဘောမှ အနားယူပြီးနောက်ပိုင်း အမြင့်မှကျ၍ အရိုး၊ အသားများကြေမွပြီး ကွယ်လွန်သွားသည်ကို ကြားရကြောင်း ပြန်ပြောပြခဲ့ပါသည်။

အေးနေသည့် ရေနွေးကြမ်းတစ်ခွက် မော့သောက်လိုက်ပြီး –

''ဆရာဦးသိန်းလွင်ရေ .. လောကမှာ ကုသိုလ်တရားက အားရကျေနပ်ဖွယ် ကြုံတွေ့ခံစားကြရပြီး အကုသိုလ်ကံက တူသောအကျိုးပေးတတ်ပါတယ်ဟု ပြောပြလိုက်ပြီး သင်္ဘောသားဟောင်းကြီးအား –

''ဆရာ ... ဒီအဖြစ်အပျက် စာမျက်နှာပေါ်တင်ပါရစေ ဆရာ။ နာမည်ကအစ ဖော်ပြချင်တယ် ဆရာ''

ဟု ပြောပြသည့်အခါ –

''ပြီးတာတွေ ပြီးခဲ့ပါပြီဆရာ ကိုစိုးအောင်။ နာမည်ကိုဖြင့် သင်္ဘောသားဟောင်းကြီးလို့ သုံးပါလို့ ပြောပြောဆိုဆို ဘဝဇာတ်ကြောင်း ပြောပြခဲ့ပါသည်။ ဒီအချိန်တွင် ... ဆက်သွယ်ရေးဝန်ထမ်း မောင်ကျော်ညွန့် ရောက်လာပြီး ရေနွေးတွေက အေးစက်နေတာပဲဟု ညည်းညူသည့်အခါ ဆိပ်ကမ်းဌာန ပင်စင်စား ဦးသိန်းလွင်က –

''မောင်ကျော်ညွန့် လက်ဖက်ရည်မှာသောက်ရင် မင်း ရေနွေးကိုမီးခိုးထွက်အောင်သောက်လို့ရတယ်။ အလကားလာသောက်တော့ ရေနွေးကအေးမှာပေါ့''

ဟု ငေါက်လိုက်သည့်အခါ ... မောင်ကျော်ညွန့်လည်း မသိမသာ ထွက်ခွာသွားတော့သည်။

စာရေးသူက အကြွင်းမဲ့ယုံကြည်သည်က ကုသိုလ်ကံအကျိုး၊ ရတနာသုံးပါး မမေ့မှု၊ ဂုဏ်တော်ကိုးပါး နေ့ညဉ့်မပြတ် ရွတ်ဆိုပွားများနေမှုများကြောင့် အသက်ဘေးကို တစ်နည်းမဟုတ်တစ်နည်း သေဘေးမကြုံရခြင်း ဖြစ်၏။

လူ့လောကတွင် အချို့သည် လောဘ၊ ဒေါသ၊ မောဟများ ဖုံးလွှမ်းနေကြသည်။ မိမိသည်သာ လူတော်လူကောင်းဟု တစ်ယူသန်စွဲနေကြသူများက လောကတွင် အနမတဂ္ဂ ရှိကြ၏။

လုပ်ဖော်ကိုင်ဖက် သင်္ဘောသားကဲ့သို့ တစ်ဖက်သားဒုက္ခရောက်၊ အသက်သေအောင် မည်သို့ရက်ရက်စက်စက်လုပ်ရသည်ဖြစ်စေ ဝန်မလေးသည့် စိတ်ထားမျိုးပင် ဖြစ်ပါသည်။

သူတော်ကောင်းတို့မည်သည် အငြိုးအတေး မထား၊ မယုတ်မာ၊ မရက်စက်တတ်။ ညှာတာစိတ်ထား၏။ ကြင်နာစိတ်ထား၏။ တစ်ဖက်သား တစ်ပါးသူအပေါ် မကောင်းကြံသည့်စိတ်ထားများ ထား... သူအဖို့ မည်မျှပင် ဟန်ဆောင်အပြုံးများ ထားရှိစေကာမူ အပြုံးများ ကွယ်ပျောက်၍ သဘာဝ လောဘ၊ မောဟ၊ ဒေါသ စိတ်များ ပေါ်ထွက်လာသည့်အခါ ဘီလူး... ဆိုင်းတီး၍ ဘီလူးအကဖြင့် အကုသိုလ် ဇာတ်ခုံပေါ်တွင် ကပြပြီး ဒုစရိုက်ဇာတ်ကွက်များဖြင့်သာကြုံတွေ့နေကြ... လောက ဇာတ်သိမ်းမလှ ဖြစ်ကြမယ်ဟု ရေးသား... အပ်ပါတော့သည်။

ရေကျော်စိုးအော...

www.burmeseclassic.com

www.burmeseclassic.com

သေမှ ကားမောင်းတတ်တဲ့ လူကြီးတဲ့

ခင်မောင်ထွန်း(လမ်းမတော်)

စာရေးသူကိုရဲ့ ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရာ၌ ပြည်သူလူထုနယ်ပယ်တွင် ဖြစ်ပွားခဲ့သော မှုခင်းများကို ပေါ်ပေါက်အောင် စစ်ဆေးဖော်ထုတ်ကြရာတွင် ခက်ခဲနက်နဲစွာ ဖော်ထုတ်ရသော မှုခင်းများလည်း ကြုံတွေ့ခဲ့ရပါသည်။ ထို့ထက် ထူးခြားသည်က မမျှော်လင့်သော ဖြစ်ရပ်များက အမှုမှန်ကို ဖော်ထုတ်ခဲ့ရသည်များလည်း ရှိခဲ့ပါတယ်။

မမျှော်လင့်သောဖြစ်ရပ်တစ်ခုက အမှုမှန်ကို ဖော်ထုတ်ခဲ့သော အမှုတချို့မှ တစ်ခုသောအမှုကို အမှတ်တရရှိသ၍ စာဖတ်သူထံ တင်ပြလိုက်တယ်။

စာရေးသူရဲ့ဇာတိမြို့က ငယ်သူငယ်ချင်းတစ်ယောက်ရဲ့မိခင် ကွယ်လွန်လို့ မီးသင်္ဂြိုဟ်တဲ့နေ့က စာရေးသူ သချိုင်းကို အသုဘပို့ဖို့ အရောက်သွားခဲ့ပါတယ်။

သင်္ဂြိုဟ်မယ့်အချိန်ထက် နာရီဝက်ခန့်စောပြီး ရောက်ရှိသွားခဲ့ပါတယ်။ သူငယ်ချင်းမိသားစုကို အားပေးစကားပြောရင်း မိနစ်ခြားပြီး မီးသင်္ဂြိုဟ်နေတဲ့ ကွယ်လွန်သူများရဲ့ နောက်ဆုံးခရီးကိုကြည့်ရင်း သံဝေဂရမိပါတယ်။

အဲဒီအချိန်မှာ သပိတ်သွပ်ဖို့ အခန်းမရတဲ့ အလောင်းတစ်လောင်းက မီးသင်္ဂြိုဟ်စက်အပြင်မှာ စင်နဲ့တင်ထားပါတယ်။ သံဃာတော်များလည်း ကြွလာပြီး သပိတ်သွတ် ပရိတ်ရွတ်ပေးပါတယ်။ အလောင်းကိုကြည့်လိုက်တော့ 'ကိုထွေး (၂၉)နှစ်၊ ယာဉ်မောင်း' လို့ ရေးထားပါတယ်။ သံဃာတော်များ ပြန်ကြွသွားတော့ အလောင်းကို မီးသင်္ဂြိုဟ်စက်ထဲ ထည့်ခါနီးမှာ ဇနီးဖြစ်သူက ရှိုက်ကြီးတငင် ငိုကြွေးရင်း 'ကံဆိုးလှတဲ့ ကိုထွေးရဲ့၊ စက်ဘီးတောင် မစီးတတ်တာ၊ သေမှ ယာဉ်မောင်းတဲ့'၊ 'သေမှ ယာဉ်မောင်းဆိုင်းဘုတ် အတပ်ခံရတဲ့ ကိုထွေးရဲ့' ဆိုပြီး ဆက်ကာ ဆက်ကာ အော်ငိုနေလို့ စာရေးသူစိတ်ဝင်စားသွားပါတယ်။ ဒါနဲ့ စာရေးသူနဲ့ ပါလာတဲ့ ရဲအရာရှိတစ်ဦးကို အဲဒီအမျိုးသမီးလိပ်စာ မှတ်ထားပြီး အဖြစ်အပျက်အမှန်ကို ဖော်ထုတ်ပေးကြဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို သတင်းပို့လိုက်ဖို့ မှာကြားလိုက်ပါတယ်။

နောက်မှပဲ ယာဉ်ထိန်းရဲက အမှုမှန်ကို ဖော်ထုတ်လိုက်ကြောင်း သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အမှုကတော့ ဝန်ထမ်းအရာရှိတစ်ဦးက သောကြာနေ့ ရုံးဆင်းနောက်ကျတော့ သူ့ရုံးကထုတ်ပေးထားတဲ့ ထိုင်းသယ်ကားနဲ့ ပြန်ခဲ့ပါတယ်။ သူ့ရုံးက ရုံးလုလင် ကိုထွေးကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မှာ အိမ်မှာယူလုပ်မယ့် ရုံးအလုပ်ဖိုင်တွေကို ကိုင်စေပြီး ကိုထွေးက နောက်ခန်းမှာ ထိုင်ပါတယ်။ နှစ်ယောက်သား ပြန်လာခဲ့ပါတယ်။

အရာရှိကိုယ်တိုင် ကားမောင်းရင်း နာရီကြည့်လိုက်တော့ ည(၇)နာရီမှာ ညွှန်ပြနေပါတယ်။ အရာရှိက 'မောင်ထွေး ငါ စားသောက်ဆိုင်ကိုဝင်ပြီး တစ်ခုခုစားမယ်၊ မင်း ကားစောင့်ရင်း ကားပေါ်မှာနေ၊ မင်းအတွက် ကားပေါ်ကို ခေါက်ဆွဲကြော် ပို့ပေးမယ်၊ မင်းပြန်ယူသွားပြီးမှ မင်းဇနီးနဲ့ စားပေါ့' ဆိုတော့ မောင်ထွေးကလည်း ဒါမျိုး မကြာခဏကြုံနေရတော့ 'ဟုတ်ကဲ့' ပေါ့။

မောင်ထွေးဆရာ အရာရှိရဲ့ဇနီးက အညာသူဆိုတော့ မိခင်ကြီး နေမကောင်းလို့ ကလေးတွေနဲ့ အညာပြန်သွားတော့ အရာရှိက လွတ်လပ်နေတယ်ပေါ့။ ပြီးတော့ လစ်ရင်လစ်သလို တွဲနေတဲ့ အမျိုးသမီးနဲ့လည်း စားသောက်ဆိုင်မှာ ချိန်းထားတယ်ဆိုတာ မောင်ထွေး ဆင်းကြည့်စရာမလိုပါ။ အမျိုးသမီးက အဝင်ပေါက်က ဆီးကြိုနေပါတယ်။

မောင်ထွေးဆရာက အရက်သောက်ရင် ကြမ်းတယ်လို့ ဆိုတယ်။ ည(၉)နာရီလောက်မှာ ဆိုင်ကထွက်လာတော့ အရာရှိက တော်တော်မူးနေပြီ။ အမျိုးသမီးက တွဲထုတ်လာရတယ်။ အရာရှိက အမျိုးသမီးနဲ့အတူ ရှေ့ခန်းမှာထိုင်ပြီး ကားကို ကိုယ်တိုင် မောင်းပါတယ်။

မောင်ထွေးတစ်ယောက် အိမ်မှာမျှော်နေမယ့် ဇနီးနဲ့ အတူစားမယ့် ခေါက်ဆွဲထုပ်ကို လက်မှာကိုင်ရင်း ဆရာ့ကို အပြစ်မမြင်ဘဲ ကျေးဇူးတင်နေတဲ့ပုံ ရပါတယ်။ အဲဒီအချိန်မှာ မိုးကလည်း သဲသဲမဲမဲ ရွာလာပါတယ်။

လမ်းဆုံတစ်နေရာရောက်တော့ ထီးအမည်းဆောင်းလာတဲ့ လူနှစ်ယောက်ကို ကားရှေ့မှာ ဘွားခနဲမြင်ရတော့ အရာရှိ က ကားကို အလျင်အမြန် ဘေးကိုရှောင်လိုက်တဲ့အခါ ကားက အရှိန်ပြင်းစွာနဲ့ ပလက်ဖောင်းကို ကျော်တက်ကာ မာတ်တိုင် ဝင်တိုက်ပြီး ကားက ပက်လက်လန်သွားပါတယ်။

ခေါက်ဆွဲထုပ်ကိုင်ထားတဲ့ နောက်ခန်းက မောင်ထွေးတစ်ယောက် ကားပေါ်မှ ပြုတ်ကျကာ ဦးခေါင်းနဲ့ အမိုးရိုက်မိပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်။

အရာရှိနဲ့ အမျိုးသမီးကတော့ ကံကောင်းထောက်မစွာနဲ့ ဆေးရုံကြီးရောက်ပြီး အပြင်လူနာအဖြစ်နဲ့ပဲ ဆေးကုခဲ့ရပါတယ်။

ရဲကိုတော့ သေဆုံးသွားတဲ့ မောင်ထွေး မောင်းတာပါလို့ လိမ်ပြောခဲ့ပါတယ်။ မောင်ထွေးမှာ ယာဉ်မောင်းလိုင်စင်မရှိဘူး။ ရဲက အမှုကို စစ်ဆေးနေဆဲမှာပဲ အသုဘအခမ်းအနားကရတဲ့ မောင်ထွေးရဲ့ဇနီး ယူကြုံးမရ 'သေမှ ကားမောင်းတတ်သူကြီးရဲ့' လို့ ငိုကြွေးသံကြောင့် အမှုပေါ် ပေါက်ခဲ့ပါတယ်။

အရာရှိနဲ့ သူ့အမျိုးသမီးကလည်း အမှန်ကို ဝန်ခံခဲ့ပါတယ်။ အရာရှိက တရားခံလဲလှယ်မှု၊ လိမ်လည်ထွက်ဆိုမှု၊ လူသေမှုတို့နဲ့ အရေးယူခံခဲ့ရပါတယ်။

ရိုးသားတဲ့ ရုံးလုလင်မောင်ထွေးကတော့ ဇနီး ငိုရာကပြောသလို စက်ဘီးတောင် မစီးတတ်ဘဲ သေမှ ယာဉ်မောင်းလို့ ကမ္ပည်းထိုးခံခဲ့ရပါတယ်။

ယခုအခါ သက်ဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တိတိကျကျ လိုက်နာကြဖို့ စည်းကမ်းချက်တွေ ကြေညာပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါတယ်။

မကြာခင် မိုးရွာသွန်းပါတော့မယ်။ ဒါကြောင့် ယာဉ်မောင်းသူများ၊ လမ်းဖြတ်ကူးသူများအားလုံး အန္တရာယ်ကင်းဖို့ စည်းကမ်းချက်တွေ တိတိကျကျ လိုက်နာဖို့ လိုပါတယ်။

နောက်ပြီး မူးရင်မမောင်းနဲ့၊ မောင်းရင်မမူးနဲ့ဆိုတဲ့ ဆောင်ပုဒ်ကိုလည်း ယာဉ်မောင်းသူတိုင်း သတိပြုဖို့ လိုလာပါတယ်။

ခင်မောင်ထွန်း(လမ်းမတော်)

www.burmeseclassic.com

www.burmeseclassic.com

သာမန်ဒက်ရာ နှင့် ခြေတစ်ဖက်

မော်တော်ယာဉ်နှင့် ကျွန်တော်တို့ ရန်ကုန်သူ၊ ရန်ကုန်သားတို့ကား ခွဲမရအောင် ဖြစ်နေသည်။ မော်တော်ယာဉ်တို့ကလည်း တစ်နေ့တခြား များပြားလာကြသည်။ ယခင်က တစ်နာရီနီးပါးစီးရသော ခရီးသည်ပင် ယနေ့ကာလ၌ တစ်နာရီခွဲနီးပါး အချိန်ပေးစီးကြရသည်။

လိုင်းကားစီးလျှင် လူကျပ်၏။ ယနေ့ကာလ၌ လမ်းမများပေါ်၌ ကားများလည်း ကျပ်ကြသည်။ ခရီးသွားသူတို့အဖို့ လမ်းပေါ်၌ အချိန်များစွာပေးနေကြရသည်။

တစ်နေ့သ၌ ကျွန်တော်သည် ဒဂုံမြို့သစ်မြောက်ပိုင်း တရားရုံးမှ သင်္ဃန်းကျွန်းမြို့နယ်တရားရုံးသို့အကူး ကြုံခဲ့ရသည်ကို မမေ့နိုင်သေး။ ထိုစဉ်က ဗိုက်ပူ(စစ်ကျန်)ကားများ ပြေးဆွဲနေဆဲဖြစ်သည်။ တောင်မြောက်လမ်းဆုံတွင် ဗိုက်ပူပေါ်မှ ကျွန်တော်ဘေးမသီရန်မခ ဆင်းနိုင်ခဲ့သော်လည်း အချို့ကား သွေးထွက်သံယိုဒဏ်ရာများနှင့် ဆေးရုံသို့ ရောက်ကြရသည်။

ဖြစ်ပုံမှာ ရထားလမ်းနှင့်ကားလမ်း ဆုံရပ်၌ ဖြစ်ပေသည်။ ရထားလာနေစဉ် ကားလမ်းပိတ်သည့် သံဘောင်တံခါးသည် လေနှင့်အတူ အလိုအလျောက် စီးမျှောလာသည်။ တံခါးဖွင့်ပိတ်သည့်ပုဂ္ဂိုလ် မရှိ။ အံ့ဖွယ်ပင်။ ထိုအချိန်၌ ကျွန်တော်စီးလာသည့် ဗိုက်ပူကားကြီးသည်လည်း တံခါးအနီးသို့ ပျင်းတိပျင်းတွဲ ရောက်ရှိလာ၏။ တံခါးသံဘောင်ထိပ်သည် ဗိုက်ပူ၏အရှေ့တံခါးဝကို တိကျစွာ ချိန်ရွယ်ဝင်လာသည်။ ပျင်းတိပျင်းတွဲသွားနေသော ဗိုက်ပူရပ်တန့်ရချေ၏။ ဗိုက်ပူအတွင်းမှ လူများ၏အသံမျိုးစုံထွက်လာကြသည်။ အကြောင်းပေါ်၍ ဘုရားတသံများဖြစ်ပေသည်။

ခြေလက်ထိခိုက်ဒဏ်ရာမျိုးစုံ၊ သွေးသံရဲရဲနှင့် ညည်းညူသံမျိုးစုံ ဖြစ်ပေသည်။ တံခါးသံဘောင်ကြီးသည် ဗိုက်ပူကားကြီးကို တံကျင်လျှိုထားသည်သို့ ရှိချေ၏။ ကျွန်တော်တို့ခရီးသည်များ ဗိုက်ပူ၏ရှေ့ပေါက်မှ ထွက်မရတော့။ နောက်ပေါက်မှဆင်း၍ ကားပြောင်းစီးခဲ့ရပေသည်။ ဤကား တစ်ခါက ကိုယ့်တွေ့ဖြစ်ရပ်ဟု ဆိုရပေမည်။

မော်တော်ယာဉ်နှင့်ပတ်သက်၍ စဉ်းစားလိုက်သည့်အခါ ရှစ်လေးလုံးအရေးအခင်းပြီးစတွင် ကြုံခဲ့ရသော အဖြစ်အပျက်ကိုလည်း သတိရမိသည်။ လွန်ခဲ့သည့် ရှစ်လေးလုံးအရေးအခင်းတွင် နိုင်ငံတစ်ဝန်းလုံး မင်းမဲ့တိုင်းပြည်ပမာ ဖြစ်ခဲ့သည်။ ရန်ကုန်မြို့လယ်၌ပင် ငှက်ကြီးတောင်ဓားများ သိုင်းလွယ်သွားလာနေကြသည်ကို မျက်စိထဲမှ မထွက်သေး။ လမ်းခွဆုံတွင် ဓားတရားစီရင်ခဲ့ကြသည်။ ထိုသူများအား စစ်တပ်မှ နိုင်ငံတော်အာဏာကိုထိန်းချုပ်ပြီးနောက် စစ်ခုံရုံးတင်စစ်သည်။ ဓားတရားရုံးတွင် စီရင်ခံခဲ့ရသောသူ၏ ဖခင်တစ်ဦးအား သက်သေအဖြစ်စစ်သည်။

သေဆုံးခဲ့ရသည့် သားဖြစ်သူသည် မည်သည့်အလုပ်အကိုင် လုပ်ကိုင်ပါသလဲဟု မေးမြန်းရာ ဖခင်ဖြစ်သူက "ကားတိုက်ခံစားသည်"ဟု ဖြေသည်။ လူမျိုးခြားဖြစ်၍ စကားမပီကလာ ပီကလာကြောင့် မြန်မာနဲ့ နားမလည်သဖြင့် ထပ်မေးရသည်။ ထိုသူက ထိုနည်းလည်းကောင်းထပ်ဖြေ၏။ ငိုအားထက်ရယ်အား သန်ခဲ့ရလေသည်။

မော်တော်ယာဉ်နှင့် တိုက်မိခြင်းအတွက် ယာဉ်မောင်းသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၃၃၇/၃၃၈ တို့အရ တရားစွဲခံရနိုင်သည်။ အတိုက်ခံရသူသေ ဆုံးသွားပါက ပြစ်မှုပုဒ်မ–၃၀၄

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)

www.burmeseclassic.com

www.burmeseclassic.com

(က)ဖြင့် အရေးယူခံရ၏။ ယာဉ်မောင်းသူတိုင်းပင် ထိုပုဒ်မများအား စာအုပ်မလှန်ဘဲ သိရှိနေကြပြီ။ တစ်ခါတစ်ရံ၌ ယာဉ်တိုက်ခံရသူ၏ ပေါ့လျော့မှုကြောင့် ယာဉ်မောင်းသူတို့ကို အမှုဖွင့်ကြောရှည်တတ်သည်ကို တင်ပြလိုပေသည်။

ယာဉ်တိုက်မှုကြောင့် ပွန်းစုတ်ရုံဒဏ်ရာသည် ပုံမှန်ဆေးဝါးကုသခံရပါက ပျောက်ကင်းရမည် ဖြစ်၏။ သို့သော် လူနာက ဂရုမစိုက်ခဲ့ပါမူ အနာရင်းခြင်း၊ ပုပ်ဆွေးခြင်းများ ဖြစ်တတ်ပေသည်။ အနာနှင့်ဆေး သင့်အောင်ပေးရမည်ကား ဆရာဝန်တို့ အလုပ်ဖြစ်ပါသည်။ မိမိ၏ဒဏ်ရာကို မိမိကိုယ်တိုင် ဂရုစိုက်ခြင်းကား လူနာ၏ကိစ္စသာ ဖြစ်ပါသည်။ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟု မြန်မာစကားရှိပါ၏။ ဒဏ်ရာရှိက ဆေးရှိရပါမည်။ ဆေးမရှိလျှင်လည်း ဒုက္ခတွေ့ရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ဝန်းကျင်က အဖြစ်အပျက်ဖြင့် ယာဉ်မောင်းသူ၊ ယာဉ်တိုက်ခံရသူတို့ သတိပြုဖွယ်တစ်ရပ် ဝေငှလိုက်ပါသည်။

မောင်ပြုံးချို ယာဉ်တိုက်ခံရသည်။ ဦးသိန်းဟန်မောင်းသည့် ဘတ်စ်ကားဖြင့် တိုက်မိခြင်းဖြစ်၏။ လက်ျာဘက်ခြေချင်းဝတ်၏ ဘေးပိုင်းနှင့် အရှေ့ပိုင်းတွင် အလျားလေးလက်မ၊ အနံတစ်လက်မရှိ ကြွက်သားအထိ စုတ်ပြဲဒဏ်ရာတစ်ခု မောင်ပြုံးချို ရရှိခဲ့သည်။ အခင်းဖြစ်ပွားသည်မှာ ဖီးကုန်းမြို့အနီးတွင်ဖြစ်၍ မောင်ပြုံးချိုကို ဖီးကုန်းမြို့ ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် လက်ခံကုသသည်။ သုံးရက်ခန့်အကြာ အနာမှ အနံ့ထွက်လာသည်။ ဖီးကုန်းဆေးရုံတွင် ဆေးမရှိ၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့သည်။

ရန်ကုန်ဆေးရုံကြီးတွင် မောင်ပြုံးချို ခြေထောက်ဒဏ်ရာသည် အောက်ခြေတစ်ပိုင်းပုပ်နေ၍ ပေါင်လယ်မှ ဖြတ်လိုက်ရသည်။

ဦးသိန်းဟန်ကို ဖီးကုန်းမြို့နယ် ရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၃၃၈ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၂)နှစ် ကျခံစေရန်နှင့် ဒဏ်ငွေ–၁၀၀ဝိ/–ဆောင်စေရန်၊ ဒဏ်ငွေထဲမှ ငွေ ၉၀ဝိ/ ကို မောင်ပြုံးချိုသို့ပေးစေရန် အမိန့်ချသည်။

ဦးသိန်းဟန်က ဖီးကုန်းမြို့နယ်တရားရုံး၏အမိန့်ကို ပဲခူးတိုင်းတရားရုံးသို့ အယူခံသည်။ ပဲခူးတိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၃၇ အရ ဒဏ်ငွေ ၈၀ဝိ/–ဆောင်စေရန်၊ မဆောင်ပါက ထောင်ဒဏ် (၆)လ ကျခံစေရန်၊ ဒဏ်ငွေထဲမှ ၇၀ဝိ/–ကို မောင်ပြုံးချိုသို့ ပေးစေရန် ပြောင်းလဲချမှတ်သည်။

မောင်ပြုံးချိုက မကျေနပ်။ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ဦးသိန်းဟန်အပေါ် ပြစ်ဒဏ်တိုးမြှင့်ပေးရန် ဗဟိုတရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းသည်။

မူလရုံးဖြစ်သည့် ဖီးကုန်းမြို့နယ်တရားရုံးက မော်တော်ယာဉ်တိုက်၍ မောင်ပြုံးချို ပြင်းထန်သော ဒဏ်ရာရရှိခဲ့သည်ဟု ယူဆသည်။ တိုင်းတရားရုံးက မောင်ပြုံးချိုရရှိသည့် ဒဏ်ရာသည် သာမန်ဒဏ်ရာသာ ဖြစ်သည်ဟု ယူဆသည်။

ဗဟိုတရားရုံးတော်က မူလရုံးအံမှုတွဲကို စိစစ်၏။ ကုသပေးခဲ့သော ဆရာဝန်ထွက်ဆိုချက်ကို အလေးအနက်ဂရုပြု၏။ ဆရာဝန်က မောင်ပြုံးချိုရရှိသော ဒဏ်ရာသည် သာမန်ဒဏ်ရာဟု ထွက်ဆိုထားသည်။ သင့်တော်သည့် ကုသမှုရခံမှုမရခဲ့။ ဆေးရုံတွင် ဆေးဝါးမရှိ၍ အနာရင်းပြီး ခြေထောက်ပုပ်သွားခြင်း ဖြစ်သည်။

ကျွန်တော် ကြားဖြတ်၍ စဉ်းစားမိသည်။ ထိုခေတ်ကာလက ယနေ့ကဲ့သို့ စရိတ်မျှပေး ကျန်းမာရေးဆေးရုံများတွင် ဆေးဆိုင်မရှိသောကြောင့်သာ မောင်ပြုံးချို ခြေတစ်ဖက်ဆုံးရှုံးရခြင်း ဖြစ်ပေသည်။ ဆေးဝါးမရှိပါကလည်း ထိုကာလများက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဖီးကုန်းမြို့မှ နေ့ချင်းခရီးပေါက် သွားလာနိုင်သည်။ ချက်ချင်း လူနာကို စေလွှတ်ပေးသင့်သည်။ ဤသို့ဆိုလျှင် မောင်ပြုံးချိုခြေတစ်ဖက် ကံဆိုးစရာအကြောင်းမရှိ၊ ကျွန်တော်၏အတွေးများသာ ဖြစ်ပါသည်။

မောင်ပြုံးချို ခံစားရသည့် ဒေါသကြောင့် ဗဟိုတရားရုံးသို့ ဦးသိန်းဟန်အပေါ် ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားမှုသည် အရာမထင်ခဲ့။ ဗဟိုတရားရုံးက တိုင်းတရားရုံး၏ အမိန့်ကိုသာ ပြစ်မှုနှင့်ပြစ်ဒဏ် လိုက်လျောညီထွေဖြစ်သည်ဟု ယူဆခဲ့သည်။

ကျွန်တော်သည် ယာဉ်တိုက်မှုကြောင့် သာမန်ရရှိခဲ့သော ဒဏ်ရာမှ ခြေတစ်ဖက်စွန့်ခဲ့ရသည့်အဖြစ်အပျက်ကို ပမာထား၍ တင်ပြခဲ့ပါသည်။ ယာဉ်မောင်းသူတို့လည်း ပြစ်ဒဏ်မရစေချင်ပါ။ ခရီးသွားပြည်သူ့ပြည်သားတို့လည်း အန္တရယ်ကင်းစေချင်ပါသည်။

ယနေ့ကာလတွင် ရန်ကုန်မြို့တော်ကြီး၌ ရုံးတက်/ရုံးဆင်း ကားလမ်းများအပေါ်တွင် လမ်းပိတ်ကားကျပ်သည့်ဒုက္ခကြုံတွေ့နေရသည်။ ယာဉ်မောင်းတို့သည် စိတ်ရှည်သည်းခံ မောင်းနှင်နေကြရသည်။ ခရီးသွားပြည်သူအပေါင်းသည်လည်း သက်ဆိုင်ရာဘာသာအလိုက် ကားစီးရင်း ဆုတောင်းမေတ္တာ ပို့ကြသည်။

လူတိုင်း အရှိတရားအသိပွားလျက် ယာဉ်အန္တရာယ်ကင်းဝေးနိုင်ကြစေကြောင်း တင်ပြလိုက်ရပေသည်။

ဦးဝင်းလှိုင်(တရားရုံးရှေ့နေ)

www.burmeseclassic.com

www.burmeseclassic.com

အတိတ်မှ ဖြစ်ရပ်မှန်မှတ်တမ်းများ

လှမိုး(ပညာရေး)

ဥရောပတိုက်တွင် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလကပင် စတင်ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၄၁ ခုနှစ်ကုန်ပိုင်းသို့ ရောက်ရှိလာသောအခါ ဝင်ရိုးစွန်းနိုင်ငံ မဟာမိတ်များဟု ခေါ်တွင်သော နာဇီဂျာမဏီခေါင်းဆောင်သော ဖက်ဆစ်နိုင်ငံများအဖို့ အောင်ပွဲခံရန် သေချာသလောက် ဖြစ်နေသည်။ ဗြိတိသျှနှင့် မဟာမိတ်တို့မှာ အပြင်းအထန် ရောမ စစ်ပွဲကြီးကို မီးကုန်ယမ်းကုန် ဆင်နွှဲကြသော်လည်း နာဇီဂျာမန်တို့၏ လျှပ်တစ်ပြက် စစ်ဆင်ရေးကို ခုခံနိုင်ခြင်းမရှိဘဲ အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရပြီး ဗြိတိသျှတို့သည် ဒန်ကပ်မှ ဖရိုဖရဲ ဆုတ်ခွာခဲ့ကြရ၏။ အင်္ဂလန်နိုင်ငံ တစ်နိုင်ငံတည်းသာ ကျားကုတ်ကျားခဲ ခုခံခဲ့ရတော့သည်။

ဗြိတိသျှတို့သည် မဟာမိတ်နိုင်ငံများဖြစ်ကြသော ပြင်သစ်၊ ဒတ်(ချ်)နှင့် အခြားဥရောပတိုက်မှ နိုင်ငံအများမှာ နာဇီဂျာမန်တို့၏ စကြာတံဆိပ်အလံတော်အောက်သို့ ရောက်သွားခဲ့ကြရသည်။ ဤကဲ့သို့သော အခြေအနေအရပ်ရပ်ကြောင့် ဗြိတိသျှတို့သည် အိန္ဒိယ၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့ ကာကွယ်ရေးကို ထင်သလောက် ပြင်ဆင်အားဖြည့်ခြင်း မပြုနိုင်တော့။ နာဇီဂျာမဏီခေါင်းဆောင်သော ဝင်ရိုးတန်းမဟာမိတ်အဖွဲ့ဝင် ဖက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံကမူ အရှေ့တောင်အာရှရှိ နိုင်ငံအများကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ရန် စစ်အင်အား အလုံးအရင်းဖြင့် အသင့်ပြင်ဆင်ထားပြီး ဖြစ်သည်သာမက ဗြိတိသျှ၊ ပြင်သစ်၊ ဒတ်(ချ်)နှင့် အမေရိကန်ပြည်ထောင်စုတို့ပိုင် ကိုလိုနီနိုင်ငံများရှိ လူထုအား နိုင်ငံရေးအရ အတော်အသင့် ကြိုတင်စည်းရုံးထားနိုင်ခဲ့သည်။ အာရှတိုက်သည် အာရှတိုက်သားများအတွက် ဟူ၍ ကြွေးကြော်ထားခဲ့သည်။

ဗြိတိသျှတို့အဖို့ အရှေ့တောင်အာရှရှိ ကိုလိုနီများ၏ ကာကွယ်ရေးမှာ စင်္ကာပူခံတပ်ကြီးအပေါ်တွင် မှီနေရသည်။ ဂျပန်သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ပုလဲဆိပ်ကမ်းကို ဝင်ရောက်ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီးသည် အာရှတိုက်သို့ ကူးစက်လာခဲ့သည်။

ထိုစဉ်ကာလက ဂျပန်တို့၏ စစ်ဆင်နည်းမှာ စစ်ဦးကို အရှိန်ပြင်းပြင်းနှင့် အားသွန်ခွန်စိုက် ဝင်သောနည်းဖြစ်ရာ မလေးရှား၊ စင်္ကာပူနှင့် မြန်မာနိုင်ငံတို့ရှိ ဗြိတိသျှတပ်များမှာ ဤစစ်ဆင်နည်းကြောင့် အကြီးအကျယ် ဖရိုဖရဲဖြစ်သွားခဲ့ရတော့သည်။

အမှန်အားဖြင့် ဂျပန်ဘုရင့်တပ်မတော်သည် ၁၉၄၀ ပြည့်နှစ်ခန့်ကပင် စင်္ကာပူခံတပ်ကြီးကို သိမ်းပိုက်ရန် စီမံထားခဲ့ပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤရေတပ်စခန်းကို သိမ်းပိုက်နိုင်ပါက ပေါင်ကောင်၊ ဖိလစ်ပိုင်နှင့် ဒတ်(ချ်) အမျိုးသားပိုင် အရှေ့အိန္ဒိယကျွန်းစုများကို (ယနေ့အင်ဒိုနီးရှား)ကိုပါ လွယ်လွယ်ကူကူနှင့် သိမ်းပိုက်နိုင်မည်သာ ဖြစ်သည်သာမက ဗြိတိသျှတို့၏ နေမဝင်သောအင်ပါယာတွင် အကြီးမားဆုံးနှင့် အဖိုးအထိုက်တန်ဆုံး ကိုလိုနီနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အား သိမ်းပိုက်ရေးတွင် လမ်းပွင့်သွားမည်ဖြစ်၏။ ထို့ကြောင့် ဤနာမည်ကျော် စင်္ကာပူခံတပ်ကြီးကို သိမ်းပိုက်ရန် တာဝန်ပေးအပ်ရမည့် ပုဂ္ဂိုလ်အား ဂျပန်ဘုရင့်တပ်မတော်မှ ထိပ်သီးခေါင်းဆောင်များသည် စနစ်တကျ ရှာစမ်းရှာဖွေခဲ့ရာ မန်ချူးရီးယား စစ်မျက်နှာမှ ပြန်လည်ရောက်ရှိလာ၍ ဂျပန်ဘုရင့်စစ်ဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေသော ဗိုလ်ချုပ်ကြီး ရာမာရှိတာကို တွေ့ကြရတော့၏။ စင်္ကာပူခံတပ်ကြီးကို လျှပ်တစ်ပြက် သိမ်းပိုက်နိုင်ရေးအတွက် ဂျပန်ဘုရင့်တပ်မတော်သည် လပေါင်းများစွာ စနစ်တကျ လေ့ကျင့်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့သည်။ ဗြိတိသျှစစ်အာဏာပိုင်များသည် ဂျပန်ဘုရင့်တပ်မတော်သည် ရေကြောင်းဘက်မှသာ ရေတပ်မတော် အကူအညီနှင့် အကြီးအကျယ်ဝင်ရောက်တိုက်ခိုက်ပေလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ အလွန်ကြီးမားသော တစ်ဆယ့်ခြောက်လက်မ အမြောက်ကြီးများဖြင့် ပင်လယ်ဘက်မှသာ အသင့်အနေအထားဖြင့် စောင့်နေခဲ့ကြသည်။

ဂျပန်ဘုရင့်တပ်မတော် တကယ်ဝင်ရောက်တိုက်ခိုက်လာသောအခါ မလေးကျွန်းဆွယ် နောက်ကျောဘက်မှ ဝင်ရောက်တိုက်ခိုက်သောအခါ စင်္ကာပူခံတပ်ကြီးရှိ ဗြိတိသျှစစ်တပ်အာဏာပိုင်များမှာ တအံ့တသြ ဖြစ်သွားခဲ့ရတော့သည်။ မလေးကျွန်းဆွယ်ရှိ ဗြိတိသျှဘုရင့်တပ်မတော်သားများမှာ ဖရိုဖရဲဖြစ်ခဲ့ရ၏။ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်မူ ဂျပန်ဘုရင့်တပ်မတော် စစ်ကြောင်းများသည် စင်္ကာပူခံတပ်ကြီး၏ ဆင်ခြေဖုံးသို့ ရောက်ရှိလာကြရာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်မူ စင်္ကာပူတပ်ပေါင်းစု၏ ဗိုလ်ချုပ်ကြီး ပါစီဗယ်(လ်)သည် ဂျပန်ဘုရင့်တပ်မတော် ဗိုလ်ချုပ်ကြီး ရာမာရှိတာ(နောင်သောအခါ မလေးကျားကြီးဟု နာမည်ကျော်ခဲ့သူ) လက်နက်ချခဲ့ရတော့၏။ ထိုစဉ်က မှတ်တမ်းများအရ စင်္ကာပူခံတပ်ကြီးတွင် ဗြိတိသျှအမျိုးသား ၆၀၀၀၀၊ ဩစတြေးလျ၊ ဂေါ်ရခါး၊ အိန္ဒိယအမျိုးသား တပ်သားပေါင်း ၄၀၀၀၀ နှင့် စစ်လက်နက်ပစ္စည်းများ ရိက္ခာများပါ ဂျပန်တို့က သိမ်းယူခဲ့သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤမျှ ရှည်လျားစွာ စကားပလ္လင် ခံနေရခြင်းမှာ အကြောင်းရှိပါသည်။ ယခု ရေးသားဖော်ပြမည့် မှုခင်းကြီးမှာ အထက်ဖော်ပြပါ စက်ဘူခံတပ်ကြီးတွင် လက်နက်ချခဲ့ရသော အိန္ဒိယတပ်မတော်၊ ပန်ဂျပ်တပ်မဟာမှ တပ်သားများအား ဂျပန်ဘုရင့်တပ်မတော်မှ တာဝန်ရှိသူများက လူမဆန်စွာ နှိပ်စက်ညှဉ်းပန်း၍ ချွေးတပ်စခန်းများတွင် စေခိုင်းသည့်အတွက် ဒုတိယကမ္ဘာစစ်ကြီးပြီး၍ စက်ဘူတွင် စစ်ခုံရုံးဖွဲ့ကာ ဂျပန်ဘုရင့်တပ်မတော်မှ အရာရှိများအား ပွဲဦးထွက် စစ်ဆေး၍ အပြစ်ပေးအရေးယူခဲ့သော အမှုဖြစ်၏။

စက်ဘူတွင် အိန္ဒိယတပ်မတော်၊ ပန်ဂျပ်တပ်မဟာ လက်နက်ချခဲ့သည်နှင့် ဂျပန်စစ်ဘက် အာဏာပိုင်များသည် ပန်ဂျပ်တပ်မဟာမှ ဗိုလ်ကြီးမိုဟန်ဆင်ကို အိန္ဒိယတပ်များအားလုံး၏ တပ်မင်းအဖြစ် ခန့်အပ်၍ အိန္ဒိယလွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းရန် စီမံခဲ့သည်။ ထိုအစီအစဉ်အရ စက်ဘူတွင် လက်နက်ချသော အိန္ဒိယတပ်များအားလုံးသည် ဗိုလ်ကြီးမိုဟန်ဆင်၏ အမိန့်ကို နာခံကြရမည်ဖြစ်သည်။ (နောင်သောအခါ ခေါင်းဆောင်ကြီး နေတာဂျီဆုဘတ်ချန္ဒရာဘို(စ်)က အိန္ဒိယအမျိုးသားတပ်မတော်အား တည်ထောင်ခဲ့၏။)

Established. 1914. R. No. B. M. A. 2

မြန်မာ့အလင်း

THE NEW LIGHT OF BURMA

(၁၄-၈-၄၅) အင်္ဂါနေ့-ညနေ အထူး ထုတ်ဝေသည်။

စစ်ကြီးပြီးပြီ။

မဟာမိတ်တော်ငါင်းဆိုချက်များ ဂျပန်ကလက်ခံလိုက်ပြီ။

ဩဂုတ်လ ၁၄ ရက်နေ့ညနေ ၂ နာရီခွဲအချိန်ရရှိသော နေ့ခံဆုံးကြေးနန်းသတင်းအရသိရသည်မှာ။

ဂျပန်လက်နက်ချရေးနှင့် ပတ်သက်၍၊ မဟာမိတ်တို့၏ တောင်းဆိုချက်များကို၊ ဂျပန် အစိုးရက လက်ခံ လိုက်ပြီဖြစ်ကြောင်းဖြင့်၊ ဂျပန်သတင်းကိုယ်စားလှယ်က ကြေညာလိုက်ပြီဟု၊ စစ်ဘက်ဆိုင်ရာပြန်ကြားရေးရုံးမှ သတင်းရရှိကြောင်း။

ဤသတင်းကိုကြားရသဖြင့်၊ တကမ္ဘာလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြကြောင်း၊ မဟာမိတ်တို့၏ တောင်းဆိုချက်များကို ဂျပန်က လက်ခံလိုက်ခြင်းကြောင့်၊ ကမ္ဘာစစ်ကြီးမှာ လည်းပြီးဆုံး၍သွားပြီဟုဆိုနိုင်ပြီဖြစ်ကြောင်း။

ယင်းအစီအစဉ်အရ အိန္ဒိယတပ်မဟာမှ တပ်သားများသည် ဂျပန်ဘုရင့်တပ်မတော်နှင့် ပူးပေါင်းကြရမည်ဖြစ်သည်။ သို့သော် အိန္ဒိယစစ်သားအများစုသည် ဂျပန်တို့နှင့် ပူးပေါင်းရန် ငြင်းဆန်ခဲ့ကြသဖြင့် ယင်းတပ်သားအများအား ပြုပြင်ရေးစခန်းများခေါ် ချွေးတပ်စခန်းများသို့ ပို့ဆောင်၍ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ပြင်းပြင်းထန်ထန် ဆန့်ကျင်သော အိန္ဒိယစစ်သားအချို့ကို အများမြင်ကွင်းတွင် ဓားဖြင့် ဦးခေါင်းများကိုဖြတ်၍ သတ်ခဲ့သည်။

မှတ်တမ်းများအရ ၁၉၄၃ ခုနှစ် ဆန်းပိုင်းကစ၍ အထက်ဖော်ပြပါ အိန္ဒိယသုံ့ပန်းများကို ဂျပန်ဘုရင့်တပ်မတော်မှ ဖွင့်ထားသော သုံ့ပန်းစခန်းအသီးသီးသို့ စတင်ပို့ခဲ့သည်။ ယင်းသို့ပို့ရာတွင် အိန္ဒိယဟိုက်ဒြာဘတ်တပ်မဟာ တပ်ရင်း(၁)မှ သုံ့ပန်း ၅၂၂ ယောက်တို့အား ၁၉၄၃ ခု မေလ ပထမပတ်တွင် စက်ဘူအကျဉ်းစခန်းမှ အရှေ့အိန္ဒိယကျွန်းစု(ယနေ့ အင်ဒိုနီးရှား) နယူးဂီနီကျွန်းမှ မိုင် ၆၀၀ ကွာဝေးသော ဘာဘဲ(လ်)သုကျွန်း (Babel Thuap)သို့ သိမ်း(စ်)မာရူး အမည်ရှိသော သင်္ဘောငယ်ကလေးဖြင့် ပို့ဆောင်ခြင်းဖြစ်သည်။ ဤမျှ ရှည်လျားသော ခရီးကို အလွန်သေးငယ်သော သင်္ဘောငယ်တစ်စင်းဖြင့်သွားရာ အိန္ဒိယစစ်သုံ့ပန်းများမှာ ဒုက္ခအမျိုးမျိုးနှင့် တွေ့ရသည်။ အစားအသောက်ချို့တဲ့သဖြင့် သုံ့ပန်းအချို့မှာ လမ်းခရီးတွင် ကွယ်လွန်ခဲ့ရသည်။

ခရီးထွက်ရာတွင် ဂျပန်တို့သတ်

www.burmeseclassic.com

မှတ်ထားသော သေးငယ်သော အပြစ်ကလေးများ ကျူးလွန်သူများကိုပင် ကြီးမားသော ပြစ်ဒဏ်များ၊ သို့မဟုတ် အသေးစားဖြစ်သော ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ကြသည်။

ဘာဘဲ(လ်)သုကျွန်း သုံ့ပန်းစခန်းကို ဂျပန်ဘုရင့်တပ်မတော်မှ ဗိုလ်ကြီးဂိုဇာဝါက ကွပ်ကဲအုပ်ချုပ်ခဲ့သည်။ ထိုစခန်း၏ ရက်စက်မှုများကား ထူးထူးခြားခြား ပြောင်မြောက်လှသည်။ ထိုစခန်းကျရောက်သော အိန္ဒိယတိုင်းရင်းသား တပ်မတော်သားများအဖို့ ဒုက္ခအပေါင်းတို့နှင့် ရင်ဆိုင်ကြရသဖြင့် သေမင်းတမန်၏ နှုတ်ခမ်းဝတွင် လှုပ်ရှားနေရသူများဟု ခေါ်တွင်လောက်သည်ဟု ဆိုသည်။

ဘာဘဲ(လ်)သုစခန်းသို့ အိန္ဒိယ တပ်မတော် သုံ့ပန်းများ စတင်ရောက်စရက်အနည်းငယ်အတွင်းကမူ အစားအစာများ အတော်အသင့် လုံလောက်၍ ကောင်းမွန်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ရက်သတ္တနှစ်ပတ်ခန့်ကြာလာသောအခါ အစားအစာရာရှင်မှာ တဖြည်းဖြည်းလျော့နည်းလာသည်။ အလုပ်မလုပ်ရလျှင် ရရှိသည့် အစားအစာရာရှင်မှာ သင့်တင့်လျောက်ပတ်သည်ဟု ဆိုရသော်သည်း သုံ့ပန်းများမှာ နဖူးကချွေး ခြေမကျသည်သာမက အလုပ်ကြမ်းများကို အချိန်ရှိသမျှ ပြုလုပ်ကြရသဖြင့် အာဟာရဓာတ်ချို့တဲ့ခြင်းဖြစ်လာပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း သုံ့ပန်းအများ သေဆုံးခဲ့ကြရသည်။ အချို့မှာ အိပ်ရာအတွင်း လဲနေရသည့် အခြေအနေရောက်လာသည်။

အချို့ ကျန်းမာရေးချို့တဲ့သဖြင့် အိပ်ရာတွင် လဲလျောင်းနေသော သုံ့ပန်းများကို စခန်းမှူးဗိုလ်ကြီးဂိုဇာဝါကိုယ်တိုင် ကြိမ်ဖြင့် အချက်ပေါင်းများစွာ ရိုက်နှက်သည်ဟု ဆိုသည်။ သုံ့ပန်းတစ်ယောက် အပြစ်အနည်းငယ် ပြုလုပ်သည်နှင့် ထိုသူအား ဂျပန်အစောင့်တပ်သားများသည် တစ်နာရီမှ သုံးနာရီအထိ အလွန်လေးလံသော အရာဝတ္ထုတစ်ခုခုကို ဦးခေါင်းပေါ်တွင် မြှောက်ပင့်တင်ထားသည်။ ရံဖန်ရံခါလည်း ၎င်းသုံ့ပန်းအား အချိန်ကြာကြာ သတိအနေအထားတွင် နေခိုင်းသည်။ ရံဖန်ရံခါလည်း ၎င်း၏ဒူးကို အနည်းငယ်ကွေး၍ ရပ်နေရသည်။ သို့ဖြင့် အပြစ်ပေးခံရသော သုံ့ပန်းများမှာ မေ့မျောလဲကျကြရ၏။ ထိုစခန်းတွင် ဂျပန်စစ်သားတို့၏ စီးကရက်မီးဖြင့်တို့၍ ညှဉ်းပန်းမှုများမှာ အထူးနာမည်ကျော်ကြား လူသိများခဲ့သည်။

ရိက္ခာကို ခိုးယူရန် ကြိုးစားသော သုံ့ပန်းတစ်ယောက်မှာ အများရှေ့တွင် အပြစ်ပေးမှုကို ပြုလုပ်ခဲ့သည်။ ထိုသုံ့ပန်းအား နှိပ်စက်ပုံကို ကျန်သုံ့ပန်းအားလုံး စုရုံးရပ်ကြည့်ကြရသည်။ ၎င်းအား ကြိမ်ဖြင့် အချက်ပေါင်း ၁၀၀ ခန့် ရိုက်နှက်ရာ ထိုသုံ့ပန်းမှာ မတ်တတ်မရပ်နိုင်တော့ဘဲ ပျော့ခွေသွားတော့၏။ မြေပေါ်တွင် လဲနေသော သုံ့ပန်းအား ထပ်ပြီးရိုက်ကြကာ ပြန်လည်သတိရလာအောင် ရေလောင်းပေးတော့၏။ ဤသို့ဖြင့် သုံ့ပန်းမှာ သေဆုံးရတော့၏။

စခန်းတွင် သတ်မှတ်ထားသော စည်းကမ်းများမှာ တင်းကျပ်လှ၏။ သုံ့ပန်းများကို အပြစ်ရှာရာတွင် ချစ်တီး၏ ဦးခေါင်းအား သန်းရှာသလို ရှာကြသည်ဟု ဆိုသည်။ ယင်းစခန်းတွင် သန့်ရှင်းရေး၊ ကျန်းမာရေးအခြေအနေတို့မှာ အထူးဆိုးဝါးလှသည်။ အိမ်သာများမှာ အညစ်အကြေးများ လျှံထွက်၍ စခန်းအနီးရှိ ရေမြောင်းထဲသို့သာမက အကျဉ်းသားများ၏ ကန်းလျား (အကျဉ်းစခန်းရှိ တဲများ၏ ဓာတ်ပုံကို မိတ္တူကူးယူဖော်ပြထားပါသည်)များ၏ အိပ်စင်နှင့် သုံ့ပန်းများ၏ မီးဖိုချောင်များဆီသို့ပါ စီးဝင်လာသည်ဟု သိရသည်။

အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားမရွေး မိလ္လာသိမ်းအလုပ်ကို လုပ်ကြရသည်။ ၁၉၄၄ ခု၊ အောက်တိုဘာလတွင်မူ ကမ္ဘာ့ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်တစ်ဦး ထိုစခန်းသို့ စစ်ဆေးရန် ရောက်ရှိလာသည်။ ဂျပန်အာဏာပိုင်များက သုံ့ပန်းများအား ၎င်းတို့လုပ်ကြရသည့် လုပ်ငန်းများအကြောင်း မပြောရန် ပိတ်ပင်ထားခဲ့သည်ဟု သိရ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်နှင့် အထက်ဖော်ပြပါ ဘာဘဲ(လ်)သုကျွန်း သုံ့ပန်းစခန်းအား တာဝန်ယူအုပ်ချုပ်ရသော ဗိုလ်ကြီးဂိုဇာဝါနှင့်အဖွဲ့၏ ရက်စက်မှုများကို စင်္ကာပူတွင် ပထမဆုံး ဖွင့်လှစ်စစ်ဆေးခဲ့သော စစ်ရာဇဝတ်မှု ခုံရုံး၌ စစ်ဆေးခဲ့သည်။ ယင်းမှုစစ်ဆေးရာတွင် နိုင်ငံတကာ တရားဥပဒေအတိုင်း စစ်ဆေးခဲ့၏။ ထိုစဉ်က ယင်းစစ်ခုံရုံးမှာ အရှေ့တောင်အာရှတွင် ဂျပန်တို့၏ လူမဆန်သော ရက်စက်ယုတ်မာမှုများကို ပွဲဦးထွက် စစ်ဆေးသော ရုံးဖြစ်၍ နိုင်ငံတကာမှ စိတ်ဝင်စားခဲ့သည်။ စစ်ရာဇဝတ်တရားခံ ဗိုလ်ကြီးဂိုဇာဝါနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအား နိုင်ငံတကာ တရားဥပဒေအတိုင်း အရေးယူခဲ့သည်ဟု ဆိုကြပါကြောင်း . . .။

လှမိုး(ပညာရေး)

ကျမ်းကိုး

The Knights of Bushido

www.burmeseclassic.com

www.burmeseclassic.com

လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

ရန်ကုန်ဆေးခန်းဌာနခွဲ

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၁၂၈၀၊ ၀၉-၉၁၀၄၄၀၂၅

ထောက်ခံချက် - စင,၊ ၀၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၇၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သွေးချောင်းကလျှံ

ဖြူဝင်း

(အခန်းဆက် ဝတ္ထုရှည်)

"ကျွန်တော်ကတော့ စိတ်ချယုံကြည်ရတယ်ထင်လို့ တိုင်ပင်တာပါ။ အထူးသဖြင့်တော့ အဘတို့နဲ့ ပိုပြီးသက်ဆိုင်ပါတယ်"

ဤသို့ ကျွန်တော်က ပြောသဖြင့်-

"အို···တို့ရွာသားတွေက လူရိုးတွေပါကွယ်၊ မင်း စိတ်ချလက်ချ တိုင်ပင်နိုင်ပါတယ်"

ဤသို့ ပြောဆိုပြီးလျှင် အဘဦးထွန်းရုံသည် ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို မီးညှိလိုက်၏။ မီးခြစ်ဆံတော်တော်များများကုန်သည်အထိ မီးမစွဲဘဲ ရှိနေပါသေး၏။

အဘွား ဒေါ်ပန်းမြမှာမူ အတော်ပင် စိတ်မကောင်းပုံဖြင့် အိပ်ရာပေါ်မှာ ဆေးပေါ့လိပ် သောက်ရင်း ကျွန်တော်တို့ ပြောမည့်စကားများကို နားစိုက်နေသည်။

"ပြောစမ်းပါဦး"

"ကျွန်တော် ဒီစကား မထွက်ရက်ဘူး၊ ဒါပေမဲ့ ပြောရတော့မှာပဲ"

ကျွန်တော်သည် ခပ်စောစောကပင် ကြိုတင်တွေးတောထားပြီးဖြစ်သောအကြောင်းအရာများကို ပြောသင့်မပြောသင့် ချိန်ဆနေမိပါလေသည်။

ကျွန်တော်တိုင်ပင်ရမည့် စကားများသည် တကယ်တော့ ပြောသင့်လှသည်တော့မဟုတ်ပါချေ။

သို့တစေ အနာဂတ်နေ့ရက်များတွင် တွေ့ကြုံလာရမည့် အန္တရာယ်များအား ဤသို့မှ ကြိုတင်၍ မကာကွယ်သော မဖြစ်ပါချေ။

တစ်ခုခုတော့ ကာကွယ်ရန် တိုက်တွန်းရပေမည်။

"ကျွန်တော် မပြောပါဘူးဆိုပေမယ့် ပြောရမယ်။ အဘက စိတ်ဆိုးရင်လည်း ကျွန်တော်ခံရုံပါပဲ။

အထူးသဖြင့် အဘသမီးနှစ်ဦးဟာ ···အများဆုံးအန္တရာယ်ဖြစ်နိုင်တယ်အဘ၊ အဘရော အခြေအနေကို အကဲခတ်မိမှာပါပဲ"

"ဘယ်လိုများ အန္တရာယ်ဖြစ်လာနိုင်မှာလဲကွယ့်၊ ပြောစမ်းပါဦး"

အဘက ကျွန်တော့်စကားများကို လေးလေးနက်နက်ပင် နားထောင်ကာ ရှိနေ၏။

"ဒီလို အဘ၊ အဘမှာ သမီးပျိုတွေ ပါလာတာဟာ ဂျပန်တွေက

www.burmeseclassic.com

www.burmeseclassic.com

သိကြမယ်။ ဒီဂျပန်တွေဟာ တကယ်တော့ လူစိတ် မရှိကြဘူး။

စစ်ဝါဒသမားတွေပီပီ အနိုင်ကျင့်တတ်တယ်။ ကျွန်တော်တို့ မြို့ပေါ်မှာနေတဲ့ အမျိုးသမီးတွေကိုတောင် အနိုင်ကျင့်တတ်တယ်။ ကျွန်တော်တို့မြို့ပေါ်မှာနေတဲ့ အမျိုးသမီးတွေကိုတောင် အနိုင်ကျင့်ချင်သေးရင် အဘလည်း စဉ်းစားကြည့်ပါ။ ကျွန်တော်ဆက်ပြောရရင်သိပ်မကောင်းဘူး။ဒါဟာကျွန်တော့်စေတနာပဲ။ ကျွန်တော်နဲ့တော့ မပတ်သက်ပေမယ့် မြန်မာတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်ထင်လို့ ကျွန်တော် သတိပေးစကား ပြောရတာပဲ"

ကျွန်တော်က စကားပြောပြီးလျှင် အဘဦးထွန်းရှံ၏ မျက်နှာကို ကြည့်သည်။

ပြီး・・・သူ့ဇနီးနှင့် သူ့ရွာသားများ မျက်နှာကိုလိုက်၍ အကဲခတ်ကြည့်မိသည်။ သူတို့အားလုံး ရီးသားကြသည်။

ရီးသားအားကြီး၍ သူတို့သည် ဂျပန်တို့၏စစ်လမ်းကြီးတွင် အခြားသော နည်းလမ်းများဖြင့် ဆွဲဆောင်ခြင်းခံရကာ ပါလာခြင်းဖြစ်၏။

"အဘတို့မှာလည်း အခုမှ မှားမှန်းသိပေမယ့် ဘယ်လို ကာကွယ်ရမယ်ဆိုတာတော့ အဘတို့လည်း မသိဘူးကွယ်။

မောင်အောင်နိုင် မင်းက ဘယ်လိုများကူညီနိုင်သလဲ၊ ကူညီပါကွယ်။ အဘတို့ကိုလည်း ပစ်တော့မသွားပါနဲ့"

အဘဦးထွန်းရှံသည် အသံများ တုန်ယင်လျှက်ကာ ကျွန်တော့်အကူအညီကိုတောင်းသည်။ အမှန်တော့-ကျွန်တော့် အကြံဉာဏ်များမှာ သည်ထက်ပို၍ မထွက်လာချေ။ ငရဲပန်းကို ဆင်မြန်းထားသည်မှာ ယခုအခါ ချွတ်လွှင့်သော်လည်း ကျွတ်လိမ့်မည် မဟုတ်၊ခရီးဝေးလှသည်။ ဝေးသလောက်ပြေးလည်း မပြေးနိုင်။ အန္တရာယ်သည် သားရဲထူပြောသော တောကြမ်းပမာ ကြမ်းတမ်းလှချေသည်။

ကျွန်တော်သည် ဘယ်လိုများ ကူညီရမည်နည်းဟူ၍ ဦးနှောက်မှ အလင်းရောင် မလက်လာခဲ့ပေ။

တကယ်တော့ စစ်ကာလတွင် ရက်စက်ကြမ်းကြုတ်သော နယ်ချဲ့စစ်ဝါဒသမားများသည် ပြည်ကို ဖက်၍ လူ့အသက်ကိုလည်း အရှင်လတ်လတ် ခြွေ၍ သတ်နေသည်။

သူတို့သည် သူတို့ လိုချင်သော ပုံစံကို နည်းအမျိုးမျိုးဖြင့် ပြည်သူတွေအားဖြားယောင်းခြင်းနှင့် သိမ်းသွင်းခြင်းများကို အစမ့္မကျင့်နေသူများဖြစ်သည်။

"ဖြစ်လာမှတော့ ကျွန်တော်တို့ဟာ ဘဝကို ရဲရဲကြီး ရင်ဆိုင်ရမှာပဲ။ ဒါပေမဲ့ ကြိုတင်ကာကွယ်ရမယ့် အစီအစဉ်ကိုတော့ မပြုဘဲမဖြစ်ဘူး။ ဘယ်လိုကာကွယ်ရမလဲဆိုတာသာ နည်းလမ်းရှာဖို့ လိုတယ်အဘ"

ကျွန်တော်က ထိုသို့ပြောကာ ခေတ္တမျှ တဲကြီး၏ အပေါ်မှဆင်းသည်။ ပြီးလျှင် တဲအပြင်သို့ ကြည့်လိုက်မိ၏။ ဤတွင် လူတစ်အုပ် ရုတ်ရုတ်・・・ရုတ်ရုတ် ဖြစ်နေသည်ကို တွေ့ရ၏။

လူတစ်ယောက်သည် လူအုပ်ထဲမှ ပြေးလာသည်ကို တွေ့ရ၏။ ထိုသူမှာ အညာမှ ပါလာသော လူတစ်ယောက်ဖြစ်ကြောင်းကို သူ၏ အဝတ်အစားများကြည့်ရခြင်းဖြင့် သိရ၏။

အနီးရောက်လျှင် တစ်တွဲတည်းစီးသော ခွေးတပ်သားများဖြစ်သည်ကို တွေ့ရ၏။ ကျွန်တော်က မေးလိုက်သော်လည်း မဖြေဘဲ စွတ်ဝင်ပြေးကာ・・・

"အဘ・・・အဘအောင်သန်းနဲ့ လူသုံးယောက်နဲ့ ရိုက်ကြတယ် အဘရဲ့ အောင်သန်းလည်း ထိပ်ကွဲသွားတယ်"

"ဘာဖြစ်တာလဲ・・・ဘာဖြစ်တာလဲ"

အဘဦးထွန်းရှံရော အသက်မရှိသလို ငြိမ်သက်နေသော ဒေါ်ပန်းမြတို့ကပါ ပြောလိုက်ကြ၏။

"နောက်ကြလို့ ရန်ဖြစ်တာအဘ"

ဤသို့ပြောလိုက်သဖြင့် အဘဦးထွန်းရှံတို့ တဲပေါ်မှဆင်းမိ ကျွန်တော်ပြေးသွားမိ၏။ လူအုပ်မှာ ကွဲသလောက်ဖြစ်နေ၏။ ထိုအထဲမှလဲနေသော လူနှစ်ယောက်နှင့် ဦးခေါင်းတွင် ဒဏ်ရာရထားသော လူတစ်ယောက်အား တွဲ၍ ထွက်လာကြသည်ကို တွေ့ရ၏။

"ဟာ・・・အောင်သန်းပဲ၊ ဘာဖြစ်တာလဲ"

"ကျုပ်နမတွေ ထိကပါး ရိကပါး စကားပြောလို့ဗျာ၊ ဒါနဲ့ ကျုပ်လည်း

www.burmeseclassic.com

www.burmeseclassic.com

အုတ်ခဲနဲ့ ကောက်ထုတာပဲ။ သူတို့က ကျုပ်ကို တုတ်နဲ့ ရိုက်တယ်။

ကျုပ်က နီးရာ အုတ်ကျိုးနဲ့ ဆော်တာမြင်တဲ့ အတိုင်းပဲဗျ"

အောင်သန်းက ပြောလိုက်သော်လည်း သူကိုယ်တိုင်က အားမရှိလှချေ။ သူခေါင်းကွဲသော်လည်း သိပ်ပြီး များဟန်မတူ။ သို့တစေ သွေးများကတော့ မြင်မကောင်းအောင် ထွက်နေသဖြင့် "မြန်မြန် တဲထဲ ခေါ်သွားပါ" ဟု ကယောင်ချောက်ချား ပြောလိုက်ရ၏။

သို့တစေ...

"ဟော့...ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ၊ တောက် တော်တော်မိုက်တဲ့ အကောင်တွေပဲ။ မာစတာ ရန်ဖြစ်ကြတယ်၊ မာစတာ"

ကျွန်တော်မြင်ရသည်။ ဦးမဲပင်ဖြစ်၏။ ဦးမဲနှင့် ဂျပန်တပ်ကြပ်ကြီးတို့ အနီးရောက်လာလျက် ဂျပန်တပ်ကြပ်ကြီးက ပထမဆုံး အောင်သန်းထံသို့ ပြေးသွားကာ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်ရာ အောင်သန်းမှာ မြေပေါ်သို့ လဲကျသွား၏။

"ခူးဒါး နန္ဒား ရန်ဖြစ်တယ်နော်၊ မကောင်းဘူးရှိတယ်က၊ မြန်မြန်သွား၊ ဆေးထည့်ပါ"

ဂျပန်တပ်ကြပ်ကြီးက အောင်သန်းအား လက်ညှိုးထိုးကာ ပြောလိုက်၏။ အောင်သန်းမှာ မြေပေါ်တွင် သွေးအလိမ်းလိမ်းဖြင့် မျက်နှာတွင် နာကျင်လှသောကြောင့် ရှုံ့မဲ့လျက်ရှိနေချေသည်။ ဂျပန်စစ်သားနှစ်ဦးလည်း ထပ်မံရောက်လာရာ တပ်ကြပ်ကြီးက ဂျပန်စကားဖြင့် ပြောလိုက်သဖြင့် ပြန်လှည့်ပြေးသွား၏။ ထိုဂျပန်စစ်သားများသည် ကျွန်တော်တို့အား စောင့်ရှောက်လိုက်ပါလာသူများ မဟုတ်ချေ။

ဤစခန်းရောက်ခါမှ တာဝန်ကျစောင့်ရှောက်နေသော ဂျပန်များဖြစ်၏။

ဂျပန်တပ်ကြပ်က သူ့စစ်သားနှစ်ဦးအား ခိုင်းလိုက်ခြင်းမှာ ကားသွားခေါ်ရန်ပင်ဖြစ်၏။

မြေပေါ်တွင် လဲနေသော လူနှစ်ယောက်မှာလည်း မျက်နှာနှင့် ဦးခေါင်းများတွင် ဒဏ်ရာရထားပေ၏။

ဂျပန်တပ်ကြပ်ကြီးကိုယ်စား ဦးမဲက မေးနေ၏။ အနီးမှ ချွေးတပ်သားများကလည်း သူတို့ မြင်သရွေ့ ကြားသရွေ့ကို ပြန်ကာပြောပြနေကြ၏။

"မိန်းမအတွက်နဲ့ ပတ်သက်ပြီး ရန်ဖြစ်ကြတာပဲ မာစတာ"

ဦးမဲက မနီးမဝေး ရေကန်တွင် ရေချိုးနေသော မခင်မွှေးနှင့်ညီမ မခင်အေးတို့အား လက်ညှိုးထိုးပြကာ ပြောလိုက်၏။

မခင်မွှေးတို့မှာလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ရေချိုးကာ ထဘီများလဲ၍ ပြန်လာကြ၏။ အင်္ကျီများကိုပင် မဝတ်ရသေးဘဲ ထဘီရင်ရှားများဖြင့် ရှိနေကာ အင်္ကျီနှင့် ဖျင်မျက်နှာသုတ်ပဝါများကို ပခုံးပေါ်တွင် တင်လာကြ၏။

"ယော...အဘိဓမ္မာ မိန်းမရှိတယ်က၊ အဘိဓမ္မာမိန်းမ ဒီကိုလာပါ၊ လာပါ"

ဂျပန်တပ်ကြပ်ကြီးက မခင်မွှေးတို့အား လက်ညှိုးထိုးကာ ခေါ်လိုက်သောကြောင့် ညီအစ်မ နှစ်ဦးမှာ ပိုမိုကာ ကြောက်သွားပုံရပြီး မရဲတရဲဖြင့် လာနေရ၏။ ကျွန်တော်တို့အပြင် သူတို့မိခင်၊ ဖခင်များပါ ရောက်နေသည်ကို မြင်ရသောကြောင့် အတော်ကလေး အားတက်လာသည့် အမူအရာကို တွေ့ရပါ၏။

ဂျပန်တပ်ကြပ်ကြီးသည် မခင်မွှေးတို့ ညီအစ်မကို မျက်ခုံးကြီးများ မြင့်သွားအောင် ကြည့်လိုက်၏။ ကျွန်တော့်အမြင်တွင် မခင်မွှေးတို့ ညီအစ်မမှာ ကံဆိုးရာပြီဟုသာ ဆိုချင်သည်။

တကယ်တော့ ဂျပန်တပ်ကြပ်ကြီးသည် မြင်မြင်ချင်းပင် သူတို့ညီအစ်မနှစ်ဦးအား သဘောကျသွားပြီကို အကဲခတ်မိခြင်းပင်ဖြစ်၏။ဂျပန်တပ်ကြပ်ကြီးက သူ၏ ဘောင်းဘီအိတ်အတွင်းမှ မတ်(စ)ကော့ စီးကရက်ဘူးကိုထုတ်၍ ဟန်ပါပါမီးညှိသောက်လိုက်၏။ မီးခိုးများကို မှုတ်ထုတ်ကာ ...

"အဘိဓမ္မာ မိန်းမနော်၊ ဒီမှာ.. ဒီမှာ ဘာလုပ်သလဲ" ဟု မြန်မာစကား မပီတပီ မေးလိုက်၏။

"မာစတာ၊ ဒီဟန်ချိုကြီး သမီးတွေလေ၊ ဟန်ချိုကြီးက ခေါ်လာတာ မာစတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . ခင်ဗျားဒမီးလား"

ဟန်ချီးအဖြစ် ခန့်ထားလေသော ဦးထွန်းရှံကို ဂျပန်တပ်ကြပ်ကြီးက မေးလိုက်၏။ ဂျပန်တပ်ကြပ်ကြီးသည် မခင်မွှေးတို့အား မျက်တောင်မခတ် ကြည့်လိုက်ပြန်သည်။

"ခင်ဗျားတို့နော် ဘာသိသလဲ"

"သူတို့က မင်းတို့ကို ဘာလုပ်သလဲလို့ မာစတာကြီးက မေးနေတယ်"

ထိုသို့ ဦးမဲကြီးက မခင်မွှေးတို့အား ဝင်၍ ပြောလိုက်မှ မခင်မွှေးသည် သဘောပေါက်သွားသည်။

"သူတို့က ကျွန်မကို ပြောင်တယ်၊ ဒါကြောင့် ကျွန်မအစ်ကိုနဲ့ ရန်ဖြစ်ကြတာပဲ"

ထိုသို့ပြောလိုက်သည်ကို ဂျပန်တပ်ကြပ်ကြီးက မျက်လုံးကြီး ပြူး၍ ကြည့်လိုက်သည်။

"မာစတာ၊ သူတို့က ပြောင်လို့ ရန်ဖြစ်တာ မာစတာ"

ဦးမဲကြီးက ဂျပန်တပ်ကြပ်ကြီးအား ရှင်းပြသည်။ ဂျပန်တပ်ကြပ်ကြီးက ခေါင်းတညိတ်ညိတ်လုပ်လျက် . . .

"ကောင်းပြီ၊ မာစတာနော စစ်ဦးမယ်" ဟုပြောလိုက်၏။

"အဘိဓမ္မာ မိန်းမပါလာတယ်နော်။ အားကြီးကောင်းတယ်။ ဂျပန်အဘိဓမ္မာနဲ့အတူတူပဲ။ ဒီလမ်းကြီးနော်၊ အဘိဓမ္မာ မိန်းမတွေပါ တယ်နော၊ သိပ်ကောင်းတယ်၊ မာစတာ အများကြီး ဝမ်းသာတယ်"

ထိုသို့ ပြောနေစဉ် ဂျပန်ကား တစ်စင်း မောင်းလာသည်။ အနီးသို့ ရောက်လာသည်နှင့် ဟစ်ပြိုင်နက် ရပ်သွားသည်။

ဂျပန်တပ်ကြပ်ကြီးသည် လူနာများအား ကားဖြင့် ခေါ်သွားရန် အမိန့်ပေးလိုက်သည်။ ကားမှာ ကုန်တင်လော်ရီကားဖြစ်သည်။ ဒဏ်ရာရနေသော လူနာ ၃ ယောက်တို့အား ချွေးတပ်သားများ အကူအညီဖြင့် ကားပေါ်တက်စေသည်။ ထို့နောက်တွင် ကားမောင်းထွက်သွားသည်။

ဂျပန်တပ်ကြပ်ကြီးသည် "အားလုံးနော ကောင်းကောင်းနေပါ၊ ရန်ဖြစ်တယ်နော၊ မကောင်းဘူး၊ မာစတာ အများကြီးစိတ်ဆိုးတယ်" ဟု ပြောကာ လူစုခွဲစေသည်။

ထိုသို့လူစုခွဲသော်လည်း ဦးထွန်းရှံတို့အား ဘယ်အဆောင်တွင်နေထိုင်ကြောင်းကို မေးမြန်းနေသေး၏။ ပြီးလျှင် ဂျပန်တပ်ကြပ်ကြီးသည် မခင်မွှေးတို့အား "အဘိဓမ္မာ မိန်းမနော် ကောင်းတယ်၊ အနတ္တခေါ်တော မောဟတ်ရှိနေ" ဟု ပြောလိုက်၏။

အမှန်တော့ . . .

"ခင်ဗျားသမီးဟာ လှတယ်" ဟု ပြောလိုက်ခြင်းဖြစ်၏။

အတိုကြီး ဦးထွန်းရှံကတော့ ဂျပန်ပြောသောစကားကို နားမလည်ပေ။ ကျွန်တော်ကတော့ ပို၍ သဘောပေါက်နားလည်လိုက်မိသည်။

ကျွန်တော်တို့ နေထိုင်သော အဆောင်တဲကြီးသို့ မခင်မွှေးနှင့် မခင်အေးတို့ကိုခေါ်ကာ ပြန်လာရာ၌ ဂျပန်တပ်ကြပ်ကြီးက ဂရုစိုက်ကြည့်နေသည်ကိုလည်း ကျွန်တော် သတိထားလိုက်မိ၏။

ဦးထွန်းရှံမှာလည်း အတော်ကလေးစိတ်ညစ်နေပုံရ၏။ ကျွန်တော်သည် တစ်ခုခုကိုတော့ သူတို့အား အကူအညီပေးမှ ဖြစ်တော့မည်ဟုလည်း ဆုံးဖြတ်လိုက်ရ၏။

ထိုနောက် ကျွန်တော်တို့ နေထိုင်သော တဲကြီးသို့ မရောက်မီကလေးတွင် ကျွန်တော်တစ်ဦးတည်း ထမင်းများချက်သောနေရာသို့ လျှောက်လာမိသည်။

အမှန်တော့ ချွေးတပ်သားများ စခန်းချထားသော နေရာသည် ကွင်းပြင်အတွင်းဖြစ်ပြီး ဂျပန်စစ်တပ်အချို့ စခန်းချထားသော တဲတန်းလျားကြီးများနှင့်လည်း မဝေးပါချေ။ ဂျပန်စစ်သားများ စခန်းချထားသော စစ်သားတန်းလျားများသည် ထရံအကာ၊ ဓနိအမိုးဖြစ်သော်လည်း အချို့တန်းလျားများမှာ သွပ်များကာရံထားသည်ကို တွေ့ရ၏။

စစ်ကားများကို အများအပြား တွေ့ရကာ သွားလာလှုပ်ရှားနေကြသည်။ အချို့ ဂျပန်စစ်သားများ ပြောင်းရွှေ့လာကြသည်ကိုလည်း တွေ့ရပြီး လက်နက်ကျည်ဆန်ပါသော သေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

များအား ကားပေါ်မှ ချနေသည်ကို ခပ်ဝေးဝေးမှ တွေ့မြင်ရသည်။

ကျွန်တော် ထမင်းချက်ဖို့သွားခြင်းမှာ ကိုဘကျော် တစ်ဦးတည်းကို တွေ့လိုရေးကြောင့်လည်း ဖြစ်သည်။

ကိုဘကျော်ကား ထမင်းချက်ဖိုတွင် ချွေးတလုံးလုံးဖြင့် ချက်ပြုတ်နေသည်။ ချွေးတပ်သားများအား ကျွေးရန် ထမင်းများမှာ နီကြောင်ကြောင် အရောင်ပေါက်နေသည်။ ပြီးတော့ ထမင်းများကို နီးတောင်းများတွင် ထည့်ထားလေရာ တောင်းများမှာ အောက်မှ ပေါက်ကျ လျက်ရှိနေသည်။

ကျွန်တော် ကိုဘကျော်အား တွေ့လျှင် သူက သွားများဖြဲ၍ ပြုံးပြသည်။ ပြီးတော့ "သိပ်ပင်ပန်းတာပဲဗျ။ ဟင်းကတော့ တကယ့်ကိုကောင်းတဲ့ ငါးခြောက်ဟင်းပါဗျာ။ ဘယ်သူမှ မသုံးတဲ့ ငါးခြောက်ပုပ်တွေပါ။ နံလိုက်တာလည်း မပြောနဲ့။ အချို့ ငါးခြောက်ပုပ်တွေများ လောက်တွေတောင် တက်နေတယ်ဗျ" ဟု ပြောလိုက်၏။

"ရေနဲ့ စင်အောင်ဆေးပေးရင် ပြီးတာပဲဗျာ"

ကျွန်တော်က ဟင်းဒယ်များကို ကြည့်၍ပြောလိုက်၏။ ရေပေါ်ဆီများကတော့ ဟင်းအိုးပေါ်တွင် ဝေ့လျက်ရှိနေကာ ···

"ကဲဟေ့ ထမင်းကျွေးဖို့ အချိန်တော်ပြီ" ဟု အသက် ၅၀ ခန့်လူကြီးတစ်ဦးက ပြောလိုက်၏။

ချွေးတပ်သားများအား ထမင်းကျွေးရန်အတွက်ဒန်ပန်းကန်များကို သစ်သားခုံရှည်ကြီးတစ်ခုပေါ်တွင် အပုံလိုက် အစီအရီ တင်ထားသည်။ ထမင်းနှင့်ဟင်းများကို ပန်းကန်ပြားပေါ်တွင် ပုံပေးမည်ဖြစ်ကာ မိမိကြိုက်သောနေရာတွင် သွားရောက်စားနိုင်သည်။

"ကျုပ်တို့တော့ ထမင်းချိုးတွေ စားရလို့ ဝနေပြီဗျ။ ခင်ဗျားပြန်ရင် ထမင်းချိုးတွေ ယူသွားပါဦးဗျာ"

"ကောင်းသားပဲဗျ။ ထုပ်ထားပေးဗျာ"

ဤသို့ ကျွန်တော်က ပြောလိုက်သောကြောင့် ကိုဘကျော်သည် သူယူထားသော ထမင်းချိုးများကို ငှက်ပျောဖက်ဖြင့် ထုတ်ကာပေးလိုက်သည်။

"ကျုပ် ဆားတွေ ပုံပေးလိုက်တယ်ဗျ။ ဟုတ်လား"

ကျွန်တော်က ထမင်းချိုးထုပ်ကို ယူ၍ ပြန်လာသည်။ လမ်းတွင် လုဖေကိုတွေ့၍ "ခင်ဗျားလည်း အကြံအဖန်တွေ လုပ်လာသလားဗျ" ဟု လုဖေက မေးလိုက်၏။

"ဘာလဲဗျ။ အကြံအဖန် ဆိုတာ"

"ခင်ဗျားလို စားရသောက်ရဖို့ ကြံတာဟာ အကြံအဖန်ပေါ့ဗျာဟဲ··ဟဲ"

"ကျွန်တော့်ကို ပေးလိုက်လို့ ယူလာတာပါဗျာ၊ တချို့က ဆာတာပဲ မဟုတ်လားဗျ။ ဒါထက် ခင်ဗျား ဘယ်လောက်နိုင်သလဲ"

"မနိုင်ပါဘူးဗျာ၊ ရှုံးတာလေးပါသွားပြီ။ ဒါပေမဲ့ ကျွန်တော် ညဘက်ဒိုင်ကိုင်မယ်၊ ခင်ဗျား ပါချင်ရင်တော့ လာခဲ့ပေါ့"

ဤသို့ပြောကာ လုဖေသည် ထွက်သွားလေသည်။

ကျွန်တော်တို့ အဆောင်တဲကြီးသို့ မရောက်မီ တဲကြီး ၂-လုံးကို ဖြတ်ကျော်လာခဲ့ရသည်။ တဲကြီးများသည် အနံပေ ၄၀ မျှ ကျယ်ပြီး အလျား ၁၀၀ ခန့်မျှ ရှည်ကြပါသည်။

ကျွန်တော်က ထမင်းချိုးများ ယူလာ၍ အဘဦးထွန်းရှံအား ပေးလိုက်သောအခါတွင် အဘ ဦးထွန်းရှံမှာ ဝမ်းသာအားရ ဖြစ်သွားရသည်။

"အေး···တို့လည်း ဝယ်စားစရာတော့ ပိုက်ဆံမရှိဘူး။ မင်းယူလာတဲ့ အဆာပြေ ချိုးပဲ စားရတော့မှာပဲ"

"ထမင်းလည်း ကျွေးခါနီးပြီ အဘရဲ့"

ကျွန်တော်က ပြောသဖြင့်···

"အေး···အတော်ပဲဟေ့၊ ဒါတွေကို မစားကြနဲ့ဦး။ ညမှ စားတာပေါ့" ဟု ပြောကာ သူ့ဇနီး ဒေါ်ပန်းမြကို အသိမ်း ခိုင်းလိုက်ပါ၏။

မခင်မွှေးတို့မှာ အင်္ကျီထဘီများလဲ၍ ဝတ်ဆင်ထားကာ သနပ်ခါးများပင် လိမ်းထားပြီးဖြစ်၏။

ဤအချိန်တွင် ထမင်းစား သံချောင်းခေါက်သံ ထွက်ပေါ်လာပြီတည်း။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com

အနောက်ဘက် တောင်တန်းများ ပေါ်ဝယ် ဝင်လုဆဲဆဲနေလုံးကို တွေ့ရ သလို အရှေ့ဘက်သစ်တောများတွင် မှောင်ရိပ်များ ကြီးစိုး၍လာနေသည်။

ကျွန်တော်တို့ ချွေးတပ်သားများအား တဲတန်းလျား၏ အပြင်ကွက်လပ်တွင် အဖွဲ့လိုက် တန်းစီကာ နေစေ၏။ ဟန်ချိုများကိုမူ တပ်စိတ်များ၏ ရှေ့တွင် မတ်တတ်ရပ်၍ နေစေ၏။

ကျွန်တော်တို့အထဲတွင် မခင်မွေးတို့လို မိန်းမသားများ မပါချေ။ သူတို့ မိန်းမသားများအား ချွေးတပ်စာရင်းတွင် ထည့်မထားသည်ကို ကျွန်တော်သိထားပြီဖြစ်၏။ ထို့ကြောင့် တန်းစီရာတွင် သူတို့ မပါခြင်းဖြစ်သည်။

ဂျပန်စစ်ဗိုလ်ကြီးသည် လက်ထောက်ဗိုလ် ၂-ဦးနှင့်အတူပင် အော်စတင်ကား အနက်ကလေးပေါ်မှ ဆင်းလာ၏။ ကား၏ ထိပ်တွင်အလံနီကလေး လွှင့်ထားသည်။ တန်းစီထားသော ချွေးတပ်များ၏ ရှေ့တွင် ဟန်ချိုတပ်စိတ်များ။ ဘွန်ချိုတပ်စုမှူးများရှိသလို ဘွန်တိုက်ချိုခေါ် စခန်းတပ်ခွဲမှူး သို့မဟုတ် စခန်းမှူး ဗိုလ်တစ်ဦးနှင့် ကျွန်တော်တို့ တွေ့ရသော ဂျပန်တပ်ကြပ်ကြီးတို့ကို တွေ့ရ၏။

"ချူးစကေ့"

ဂျပန်တပ်ကြပ်ကြီး၏ရှေ့မှ သုံးလိုင်းတစ်ပွင့် ဗိုလ်က အော်လိုက်၏။ ထို့ကြောင့် ကျွန်တော်တို့ ချွေးတပ်သားများ အားလုံးက ခြေစုံရပ်ကာ သတိအနေအထား နေလိုက်ကြရ၏။

ယင်းနောက်မှ ဂျပန်ဗိုလ်က ကားပေါ်မှ ဆင်းလာသော ဂျပန်ကပ္ပတိန် သုံးလိုင်းကြယ်သုံးပွင့် စစ်ဗိုလ်ကြီးအား အလေးပြုလျက် သတင်းပို့နေ၏။

ဂျပန်စစ်ဗိုလ်ကြီးက သက်သာအနေအထားနေရန် အမိန့်ပေးလိုက်၏။ ထို့ကြောင့် အားလုံး သတိအနေအထားမှ တစ်ဖန် ခြေစုံခွဲကာ လက်နောက်ပစ်၍ နေကြရပြန်သည်။

ပြီး…ဂျပန်စကားဖြင့် စတင်ကာ ပြောလိုက်၏။ ပြောပြီးလျှင် ဂျပန်စစ်သားတစ်ဦးက မြန်မာဘာသာဖြင့် ပြန်၍ ပြောလိုက်၏။ ထိုအခါမှ ဂျပန်စကားပြန် မြန်မာအမျိုးသားတစ်ဦးပါကလားဟု သိရ၏။

"အလုပ်သမား မြန်မာမိတ်ဆွေ ညီအစ်ကိုများတို့၊ ကျွန်တော်တို့ရဲ့ ဘုရင်မင်းမြတ်အတွက်နှင့် မြန်မာနိပ္ပွန်တို့၏ သာတူညီမျှခံစားရေးအတွက်ကျွန်တော်တို့ အလုပ်တွေကို နိပ္ပွန် ရဲဘော်များနှင့်အတူ အလုပ်လုပ်ကြရမယ်။

"နိပ္ပွန်မြန်မာတို့ဟာ အာရှတိုက်သားတွေဖြစ်တယ်။ အင်္ဂလိပ် အမေရိကန်နယ်ချဲ့သမားတွေကို မောင်းထုတ်ခဲ့ပြီ၊ ဒီတော့ ဒီစစ်ကြီး နိုင်ရေးအတွက် ခင်ဗျားတို့ အလုပ်သမားတွေဟာ အင်တိုက်အားတိုက် လုပ်ပါဆိုတာ တိုက်တွန်းပါတယ်"

စကားပြန်က မြန်မာဘာသာပြန်၍ ပြောလိုက်ပြီးနောက်တွင်မှ ဂျပန်တပ်ကြပ်ကြီးရှေ့တွင်ရှိနေသော ဂျပန်စစ်ဗိုလ်က "ချူးစကေ့" သတိဟူ၍ အော်လိုက်ကာ အလေးပြုလိုက်ပါသည်။

ထို့နောက်တွင်ကား ထိုဂျပန်စစ်ဗိုလ်ကပင် "တင်နော်ဟေကာဘန်ဇိုင်း" ဟု လိုက်၍ အော်လိုက်ရ၏။

တင်နော်ဟေကာ ဘန်ဇိုင်းမှာ ဂျပန်ဘုရင် တင်နော်ဟေကာအောင်ပါစေဟု ကြွေးကြော်လိုက်ခြင်းဖြစ်ပါ၏။

"နိပ္ပွန် အဘိမ္မော့ဘန်ဇိုင်း"

"ဒိုက်တိုဝကျိုအေကင်ဘန်ဇိုင်း"

ဟု အသံကုန် အော်ကာ နောက်ဆုံးတွင် ချွေးတပ်သားအားလုံးသည် တို့ဗမာ သစ္စာဓိဋ္ဌာန်သီချင်းကို ညီညာစွာ ဆိုကြရပြန်ပါသည်။

သီချင်းမှာ…

"ရာဇဝင်ကြွေးကို ဆပ်ကြရမယ်။ သူ့ရသတ္တိရှိတဲ့ ဗမာတွေရယ် ဘယ်လို ဆပ်ရမယ်။ ဩော် … မိန့်ရှိပါဦးကွယ်။ ချွေးနဲ့ ဆေးရမယ်။ သွေးနဲ့ဆပ်ရမယ်တဲ့၊ အာဏာရှင် မိန့်ကြားခဲ့တယ်။ အခါခါပင် စိတ်အားတက်ဖွယ်၊ ခါတောင်းကျိုက်ကာ ဟောဒီစစ်ကို နိုင်အောင်သာ တိုက်မယ်။ အောင်မြေနင်းပြီး သစ္စာဓိဋ္ဌာန်ပြုခဲ့ပါပေ ဗမာတွေရယ်"

ထိုသို့ မြန်မာချွေးတပ်သားအားလုံး ညီညီညာညာ ဆိုကြရပါသည်။ ချွေးတပ်သားများသည် အခြားသော မြို့ရွာများနှင့်ဆိုပါသော် တစ်ထောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

လောက် ရှိမည်ဟု ကျွန်တော်ခန့်မှန်းမိပါသည်။

ထိုသို့ သီချင်းဆိုပြီးသည်နှင့်···

"နီပွန်ဘန်ဇိုင်း"

"မဟာဗမာဘန်ဇိုင်း"

"နိုက်တိုဝကျိုအေကင်ဘန်ဇိုင်း"

"အဘိမ္မောဘန်ဇိုင်း"

ထိုသို့တစ်ဖန် အော်လိုက်ကြရပြန်ကာ အသီးသီးတန်းများ ဖြုတ်လိုက်ကြပါသည်။

"ငါတော့ သူတို့သီချင်း မရဘူးကွာ၊ ရောဆိုလိုက်ရတာပဲ။ ဒါထက် ဘန်ဇိုင်း-ဘန်ဇိုင်းရယ်၊ နိုက်ဘိုဆိုလား ဒုတ်တိုဆိုလား။ အဲဒါက ဘာလဲကွယ့် မောင်အောင်နိုင်"

အဘဦးထွန်းရုံက ကျွန်တော့်ကို မေးလိုက်သောကြောင့် ကျွန်တော်က ဘန်ဇိုင်းဆိုသည်မှာ ဂျပန်စကားအခေါ် အောင်ပါစေလို့ ကြွေးကြော်ခြင်းဖြစ်ပြီး လျှင်၊ နိုက်တိုဝကျိုအေကင် ဘန်ဇိုင်း ဆိုသည်မှာ အရှေ့အာရှ သာသူတညီမျှ အောင်ပါစေဟု ကြွေးကြော်ခြင်းသာ ဖြစ်ကြောင်းကို အဘဦးထွန်းရုံအား ရှင်းပြလိုက်ပါ၏။

"အေး···ချွေးတပ်လိုက်မှပဲ သီချင်းတွေ ဘာတွေ ဆိုရတော့တာပဲ ဟေ့"

ဦးထွန်းရုံသည် နဖူးတွင် စို့လာသော ချွေးများကို သုတ်လိုက်ရင်းက ပြောလိုက်၏။ နေထိုင်သော တန်းလျားသို့ ပြန်ရောက်လာသည်။ ကျွန်တော်တို့ လက်ဖက်ရည်ကြမ်းများ သောက်ရန်အတွက် မခင်မွှေးတို့က ရေနွေးကြမ်းများ ထည့်၍ထားသည်။

ကျွန်တော်သည် သံဖြူဇရပ်မြို့ကလေးတွင်းသို့ သွားရောက်လည်ပတ်ချင်သေး၏။ သံဖြူဇရပ်မှာ ကျွန်တော် မရောက်သေးမီကပင် နာမည်ကြီးလှသော မြို့ကလေးဖြစ်၏။ နာမည်ကြီးလှသော အကြောင်းမှာလည်း ချွေးတပ်များ၏ ပထမဆုံး စခန်းမြို့ကလေးဖြစ်သောကြောင့် တစ်နိုင်ငံလုံး ရေပန်းစားခဲ့သော မြို့ကလေးဖြစ်၏။

အဓိပတိဒေါက်တာဘမော် အစိုးရသည် ဂျပန်တို့၏ ရုပ်သေးအစိုးရပီပီ ပြည်သူလူထုတစ်ရပ်လုံးအားယိုးဒယား မြန်မာလမ်းဖောက်ရေးအတွက် အလုပ်သမားများရရှိရန်ကို စစ်နိုင်ရေးနှင့် ချွေးတပ်သားများရရှိရေးကို အားပေးလျက် ရှိနေသည်။

တစ်သွေး တစ်သံ တစ်မိန့်ဟူသော အာဏာရှင်ဝါဒကို အသက်သွင်းလျက် ဂျပန်တို့၏ အလိုကျသာ လုပ်နိုင်သည်။ ဂျပန်စစ်သားများ၏ ရမ်းကားမှုများကို အုပ်ချုပ်ရေးအဖွဲ့သည် ဘာမျှဝင်ရောက်စွက်ဖက်ခြင်း မလုပ်နိုင်ပါချေ။

အမှန်တော့ ဒေါက်တာဘမော် အစိုးရသည် ဂျပန်စစ်အာဏာရှင်များ၏ အကြိုက်သာ လုပ်နိုင်သော အစိုးရသာဖြစ်သည်။ ဂျပန် စစ်အာဏာရှင်များအား ကူညီရန်အတွက် အုပ်ချုပ်ရေးဘက်တွင် သူ၏ပါတီမှ လူများကို အများဆုံး ခန့်ထားခဲ့သော်လည်း သူတို့အားလုံးသည် ပြည်သူတွေအားချွေးတပ်ဆွဲပေးဖို့ရန်အပြင် မျက်နှာလို မျက်နှာရလုပ်ကာ အာဏာရသူတစ်ဦး အဖြစ်သာ နေလိုသောသူက များချေသည်။

ပြည်သူတွေအား တကယ်တမ်း ထိရောက်စွာ ကူညီနေသူ အုပ်ချုပ်ရေး အရာရှိများသည် အလွန်နည်းနေသည်ကို တွေ့ရသည်။

"လုံမလေး၊ အဖေတို့ ယူလာတဲ့ ထန်းလျက်ဆုပ်ကလေးများ ကျန်သေးလားကွယ့်"

ဦးထွန်းရုံသည် ကျွန်တော် လက်ဖက်ရည်ကြမ်းဝိုင်းတွင် ထိုင်လိုက်သော အချိန်၌ သမီးမခင်မွှေးအား မေးလိုက်ခြင်းဖြစ်သည်။

မခင်မွှေးက ကျွန်တော့်ဘက်သို့ မျက်လုံးများ ဝဲ၍ ပြုံးပြီးကြည့်လိုက်ရင်းက "ရှိပါတယ် အဖေ" ဟု ပြောလိုက်သည်။ ပြီး···နေရာမှ ထသွားလျက် လေးထောင့် သံပုံးတစ်ပုံးကို ဖွင့်ကာ ထန်းလျက်ဆုပ်များကို ရာဖွေ၍ သတ္တုပန်းကန်ပြားကလေးတွင် ထည့်ပြီး ကျွန်တော်တို့ လက်ဖက်ရည်ကြမ်းဝိုင်းတွင် လာ၍ချသည်။ ထိုအချိန်တွင် စိန်သန်းသည် ခပ်သုတ်သုတ်ပင် တဲကြီးအတွင်းသို့ ဝင်လာသည်။ စိန်သန်းမှာ ဦးထွန်းရုံတို့၏ ရွာသားဖြစ်၍ ဆွေမျိုးနီးစပ် တော်သူလည်း ဖြစ်၏။

"လာဟေ့ စိန်သန်း၊ လက်ဖက်ရည်ကြမ်းသောက်"

www.burmeseclassic.com

www.burmeseclassic.com

"သောက်ပ သောက်ပ ဘထွန်းရှံ၊ ကျုပ်တို့တစ်တွေကို မနက်ဖြန် ရထားနဲ့ အလုပ်လုပ်တဲ့ စခန်းကို ပို့မလို့တဲ့ အဘရဲ့"

"သဟာများ အထိတ်တလန့်နိုင်လိုက်တာ သေန်းရာ၊ လာလေ"

ဘထွန်းရှံသည် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့၍ စိန်သန်းအား ပေးလိုက်သည်။ စိန်သန်းက တဲအဆင့်တွင် တင်ပါးတစ်ပိုင်း ပစ်တင်ကာ ကျွန်တော့်ကိုကြည့်လိုက်သည်။

"သဟာထက် ဂျပန်မာစတာတွေက အဲဒီမှာ သိပ်ရက်စက်တယ်လို့ ပြောသံကြားရတယ်အဘရဲ့ လူတွေကို နွားတွေထက်တောင် ပိုခိုင်းသေးတာပဲတဲ့"

စိန်သန်းပြောလိုက်သော စကားကြောင့် ကျွန်တော့်မှာ ပြုံးမိလျက်သား ဖြစ်သွားလျက် . . .

"ဒါတော့ လွန်လွန်းပါတယ် ကိုစိန်သန်းရာ၊ လူတွေကို နွားတွေလောက်တော့ ပိုခိုင်းနိုင်မယ် မထင်ပါဘူး။ လူဟာ နွားလောက် ခွန်အားမကြီးလို့ နွားရုန်းပြီး ယူနိုင်တဲ့ ပစ္စည်းကို လူက ဘယ်လိုများ ယူနိုင်မှာလဲ"

"အေးလေကွာ မောင်ရင်လေး ပြောတာ ဟုတ်သားပဲ။ တို့တစ်တွေကို နွားထက်တော့ ပိုမခိုင်းနိုင်ပါဘူး။ နွားတောင် ပိုခိုင်းရင် ကတ်ဖဲ့လုပ်သေးတာပဲ။ လူကို ပိုခိုင်းရရင် ဘယ်ရမှာလဲကွ"

"သူတို့က လက်နက်ရှိတယ်မို့လား အဘရဲ့ လက်နက်ဆိုတာဟာ ကျုပ်တို့လူတွေထက် တန်ခိုးကြီးနေတော့ သူတို့ခိုင်းရာကို လုပ်ရမှာပဲ မဟုတ်လား အဘရဲ့"

"ဒါတော့ ကိုစိန်သန်းရာ လူတွေဟာ လက်နက်ကို လုပ်ခဲ့တယ်၊ ဒီလက်နက်က လူတွေကို ပြန်ပြီး အနိုင်ကျင့်တယ်။ ဒါဟာ လူတွေကိုက သစ္စာမဲ့ကြတာပါ။ တကယ်တော့ လက်နက်ဆိုတာဟာ ကျွန်တော့်အမြင်တော့ကြောက်စရာ မဟုတ်ပါဘူး။ ကျုပ်တို့ လူတွေ ညီညွတ်ရင် လက်နက်အားကိုး အနိုင်ကျင့်တဲ့လူတွေဟာ ကျုပ်တို့ကို ကြောက်လာရမှာပဲ မဟုတ်လား"

"ဒါတော့ ဆရာလေး သဘောပြောတာကိုး။ ဒီလို ဆရာလေး မကြောက်ရင် ဂျပန်တွေ ဖမ်းလာတဲ့ အခါမှာ ဘာပြုလို့ ထွက်မပြေးတာလဲ။ သူတို့က လက်နက်တွေနဲ့ ပြုပြီးခေါ်လာတော့လည်း ဆရာလေးတို့ ကြောက်ပြီး လိုက်လာရတာပဲ မဟုတ်လားဗျ"

စိန်သန်းက ဦးထွန်းရှံ၏ တူဘကျော်ထက် စကားပြော သွက်လက်ကာ အချက်ကျကျပြန်လည် ပြောတတ်သည်။ သူပြောသော စကားကို သူ့ဟာသူ သဘောကျကာ တဟားဟား ရယ်လိုက်ပြန်သည်။

"ကျွန်တော်တော့ ကိုစိန်သန်းရဲ့ စကားကို လက်မခံချင်ဘူး။ ဒီစကားမျိုးသာ မာစတာတွေကြားရင် မသက်သာဘူးဗျ။ ဒီမှာ ကိုစိန်သန်း၊ ကြောက်တယ်ဆိုတဲ့နေရာမှာ လက်နက်နဲ့ခြိမ်းခြောက်တာကို ကြောက်တာထက် အတင်းအကျပ်ခိုင်းလို့ လိုက်နာရတယ်ဆိုတာ ပိုမှန်မယ်။ အတင်းအကျပ်စီမံမှုဟာ လက်နက်နဲ့ ခြိမ်းခြောက်လို့ ကြောက်ရတဲ့သဘောမဟုတ်ဘူး။ မနိုင်လို့ သည်းခံရတဲ့သဘောဖြစ်တယ်။ ဒီလို မနိုင်လို့ သည်းခံနိုင်တဲ့ အရည်အချင်းဟာ ဒီကောင်တွေတော့ ပေဖြစ်တုန်း ပေခံပြီး တူဖြစ်ရင် နှံမယ်ဆိုတဲ့ စိတ်ထားဗျ။ ဒါပေမဲ့ တချို့လူတွေကတော့ တကယ့်ကို ကြောက်လို့ လိုက်ရတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ခင်ဗျားကိုတော့ မဆိုလိုပါဘူး။ လူဆိုတာ တကယ်တော့ ဘယ်သူ့မှ ကြောက်စရာ မလိုဘူး။ လူလူချင်း လေးစားတယ်၊ ဝတ္တရားအရ ဆောင်ရွက်ကြတယ်၊ လူသားအချင်းချင်း ကြင်နာတတ်တဲ့ အသည်းနှလုံးရှိကြတယ်။ ဒါဟာ လူတွေမှာ ထားအပ်တဲ့ စိတ်အမွန်ပဲ။ လူလူချင်း မုန်းတီးရန်ရှာတဲ့ သဘောဟာ လူတစ်ယောက်ရဲ့ အပြုအမူတော့ မဟုတ်ဘူး။ ကျွန်တော်တို့ လူတွေအပေါ်မှာ အုပ်စိုးပြီးနေကြတဲ့ လူ့ဘုရင်ကြီးတွေဟာ တကယ်တော့ ဖိုခုံလောက်ပေါ်မှာ ထိုင်နေရတဲ့ လူတွေပဲ။ သူတို့ကို အချိန်မရွေး လောင်ကျွမ်းစေနိုင်တဲ့ သဘောထားသမျှ ကာလပတ်လုံး သူတို့ဟာ တည်မြဲနေနိုင်မယ်။

ကျွန်တော် ဆိုလိုတာကတော့ ဂျပန်တွေဟာ မြန်မာပြည် မြန်မာအမျိုးသားတွေအပေါ် ပိုပြီး အနိုင်ကျင့်

www.burmeseclassic.com

www.burmeseclassic.com

မယ်။ မေတ္တာစေတနာ ဆိုတာတော့ အရင်ကလည်း မရှိဘူး အခုလည်း မရှိဘူး။ အဲဒီလိုမေတ္တာတရား မရှိတဲ့ ဂျပန်စစ်သားတွေဟာ အခုထက် ပိုပြီး အနိုင်ကျင့်လာမယ်ဆိုရင်တော့ သူတို့ဟာ သိပ်မကြာဘူးလို့ ကျွန်တော် ဒါပဲ ပြောတတ်တယ်။

ကျွန်တော်ပြောတဲ့ စကားမျိုးမာစဟာတွေ ကြားလိုက်ရရင် လက်သည်း ခွံခွာပြီး အရေဆုတ် လိုက်မယ့် ဖြစ်ခြင်းဗျာ"

"ကဲ...တော်တော့ မောင်ရင်လေး။ မင်းဆိုတာ မင်းနားတစ်ထောင်တဲ့ကွယ်။ အဲဒီအထဲမှာ သူတို့ရဲ့ မျက်စိတွေ နားတွေ အနီးအနားမှာ မရှိဘူးလို့ မပြောနိုင်ဘူး။ တခြားစကား ပြောကြလကွာ"

လူကြီးဖြစ်သော အဘဦးထွန်းရုံက စိုးရိမ်သူပီပီ ပြောလိုက်၏။

ကျွန်တော်လည်း စကားပြောလိုက်ရသဖြင့် မောသွားသည်။

ပြီး...ပြောချင်သော စကားလုံးများကို ပြောလိုက်ရ၊ ဖွင့်အင်လိုက်ရသဖြင့်ရင်များပေါ့သွားသည်။ ဒါတွင်မက ကျေနပ်ခြင်းတည်းဟူသော ပီတိကိုလည်း ခံစားလိုက်ရသည်။ အမှန်တော့ လူသည် အများဆုံး မကျေနပ်သော ပြဿနာများနှင့် ရင်ဆိုင်နေရသူများသာ ဖြစ်သည်။ ထို မကျေနပ်ချက်များသည် လူ့ဘဝအား တိုးတက်ရာလမ်းကြောင်းကို လူတွေ့ရာနေခြင်းနှင့်လူ့အခွင့်အရေးအတွက် တိုက်နေရခြင်းသာ ဖြစ်သည်။

ဤသို့ လူ့အခွင့်အရေး တိုးတက်ရေးအတွက် တစ်ဦးချင်း တိုက်နေသည်။ အစုအသင်းအလိုက် တိုက်နေကြသည်။ ထိုသို့ တိုက်နေသူအားလုံးသည် လူ့အခွင့်အရေး တစ်နည်းနည်းဖြင့် ဆုံးရှုံးနေသောကြောင့်သာ မကျေနပ်ခြင်း ဖြစ်နေသူများဖြစ်သည်။

ယခုလို စစ်အတွင်း ဂျပန်စစ်သားတို့ ကြီးစိုးလွှမ်းမိုးနေချိန်တွင် အဘယ်သူသည် ကျေနပ်သည်ဟု ပြောဆိုပါမည်နည်း။

မကျေနပ်သူတွေသာတည်း။

ကျွန်တော်တို့ စကားကောင်းနေခိုက် အမှောင်ဓာတ်ပိုမိုကြီးစိုးလာပြီဖြစ်၍လည်း အအေးဓာတ်က လွှမ်းမိုးလာ၏။

"ဒီနေ့တော့ မြို့ထဲသွားကြည့်ဖို့ မလွယ်တော့ဘူး အဘ၊ ကျွန်တော်တို့အားလုံး မနက်ဖြန် အလုပ်စခန်းကို ပြောင်းကြရမယ်"

ကျွန်တော်အဘဦးထွန်းရုံကို ပြောလိုက်သောအချိန်တွင် ဆူညံသော လေကြောင်းအချက်ပေး သံချောင်းခေါက်သံများက ပေါ်ထွက်လာတော့၏။

*** *** ***

အခန်း [၃]

အမဲပုပ်နှင့်လူယုတ်

"မြင်းခြံ မိတ္ထီလာ လက်ရုံးတပ်သားများ တန်းစီကြပါ"

နံနက်(၇)နာရီတွင် အသံချဲ့စက်မှ အော်သံကြီး ပေါ်ထွက်လာပေ၏။

ဤအချိန်တွင် ကျွန်တော်တို့အားလုံးပင် အသင့်ပြင်ဆင်ထားပြီးသည့်အတိုင်း ခွေးတပ်စခန်းဖြစ်သော တန်းလျားအမှတ် ၃ ဆောင်၏ ကိုက် ၅၀ ကွာ ကွင်းပြင်တွင် တန်းစီရန် ထွက်လာကြသည်။

ဦးထွန်းရုံ၏ သမီး မခင်မွေ၊ မအေးခင်တို့မှာလည်း အထုပ်အပိုး ကိုယ်စီဖြင့် ထုပ်ပိုးလျက် ရှိနေပြီဖြစ်၏။

ကျွန်တော်တို့ ဆယ်ယောက် တပ်စိတ်အဖွဲ့တွင် ဦးထွန်းရုံမှာ ဟန်ချို ဖြစ်လာသည့်အတိုင်း ဆေးရုံတက်နေသော အောင်သန်းမှ လွဲ၍ ကျွန်တော်နှင့် ဘကျော်၊ စိန်သန်းစသော လူပေါင်း ၁၀ ယောက်တို့၏ ရေမှနေရာယူလျက်ရှိသည်။ ထိုကဲ့သို့ တပ်စိတ်ပေါင်း တစ်ဆယ်တွင် ဘွန်တိုက်ချုံခေါ် ရာအုပ်တစ်ဦးရှိနေရာထိုသူမှာ ဦးမဲကြီးပင်ဖြစ်၏။ ယခုအခါတွင် ဦးမဲကြီးထက် ရာထူးကြီးနေသူမှာ တရုတ်ကပြားကြည်စိန်ဆိုသူဖြစ်လျက် သူကစစ်ကနေ ချားခေါ် တစ်ထောင်အုပ်ရာထူးကို ရရှိထားပေသည်။

ယခုအခါတွင် ကျွန်တော်တို့ကို ခေါ်လာသော ဂျပန်တပ်ကြပ်ကြီးသည် အလုပ်စခန်း နယ်မြေမှူး ဂျပန်စစ်ဗိုလ်အား တပ်များအပ်လျက် ရှိနေသည်။

ပထမဆုံး ကျွန်တော်တို့အားလုံး ဂျပန်အလံအား ဦးခေါင်းငုံ၍ အလေးပြုလိုက်ရသည်။ တစ်ဖန် ဂျပန်ဘုရင်မင်းမြတ်တင်နော်ဟေကာကို အလေးပြုရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တွင် ကျွန်တော်တို့ အားလုံးကို လက်ခံယူသော ဂျပန်စစ်ဗိုလ်က မြန်မာစကားဖြင့် စတင်ပြောသည်။

"ရဲဘော်တို့ လက်ရုံးတပ်သာတွေ စိတ်အား ထက်သန်းစွာနဲ့ ဒီနေရာမှာ ရောက်လာပြီး စစ်ကြီးအနိုင်ရရှိရေးအတွက် ရဲဘော်တို့ရဲ့ လုပ်အားဟာ အင်မတန် အကျိုးဝင်နေပါတယ်။ ဒါကြောင့် ဒီကနေ့ကစပြီး ကျုပ်က အုပ်ချုပ်သွားမယ်။ ဒါပဲ"

သူကား မာစတာခေါ် ရာထူးရှိသူ ဂျပန်စစ်ဗိုလ်တစ်ဦးဖြစ်ကာ ဂျပန်အခေါ်အားဖြင့် "ယာကိုနော ကုကိုဟော ကျော်" အုပ်ချုပ်ရေးဘက်မှူးလည်း ဖြစ်သည်။

ပြောသွားသော စကားများမှာ မြန်မာစကားပီပီကြီးဖြစ်သည်။

ထို့နောက်တွင် တပ်စိတ်တိုင်းအား ဂျပန်တပ်ကြပ်ကြီးနှင့်အတူ လျှောက်၍ ကြည့်သည်။

ကျွန်တော့်မှာ မာစတာကြီး ပြောလိုက်သော မြန်မာစကားပီသမှုကြောင့် အထူးပင် အံ့အားသင့်နေမိပါချေသည်။ ဂျပန်စစ်ဗိုလ်များ မြန်မာစကားပြောရာတွင် တကယ်တမ်းပီသခြင်းမရှိဘဲ ဂျပန်အသံဝဲနေတတ်၏။ ယခု မာစတာကြီး ပြောလိုက်သောစကားမှာ မြန်မာလူမျိုး မြန်မာစစ်ဗိုလ်တစ်ဦး ပြောလိုက်သော စကားသံအတိုင်း ထွက်လာခြင်းအတွက် အလွန်အံ့အားသင့် နေမိပါချေသည်။

ကျွန်တော်တို့ တပ်စိတ် ရှေ့သို့ ရောက်လာသောအခါတွင် ခေတ္တမျှရပ်ကာ အဘဦးထွန်းရုံနှင့် ကျွန်တော့်ကို သေသေချာချာ ကြည့်လိုက်သည်။

အဘဦးထွန်းရုံ၏ ပခုံးများကို ကိုင်၍ . . .

"အဘက အညာ ဘယ်အရပ်သားလဲ"

"ကျုပ် . . . ကျုပ် မြင်းခြံနားက ပါကွယ်"

"ကောင်းတယ် . . . ကောင်းတယ်၊ အသက် ဘယ်လောက်ရှိပြီလဲ"

"ကျုပ်အသက်ငါးဆယ်ရှိပါပြီ"

"အို . . . အသက် ငါးဆယ် ဟုတ်လား။ ခင်ဗျား အလုပ်လုပ်နိုင်မလား"

ဂျပန်စစ်ဗိုလ်က စိုးရိမ်သော မျက်နှာဖြင့် မေးလိုက်သည်။ သူ့နောက်မှ ဂျပန်တပ်ကြပ်ကြီးနှင့် ဘွန်တိုက်ချုပ် ဦးမဲကြီးတို့ပါလာသည်။ ဦးမဲကြီးကအဘဦးထွန်းရုံအကြောင်းကို ပြောပြသည်။

"မာစတာ သူက အလွန် စိတ်အားထက်သန်တာပဲ။ သူတစ်ယောက်တည်းမဟုတ်ဘူး၊ သူ့သမီးတွေရော၊ သူ့မိန်းမပါ ခေါ်လာတာပဲ မာစတာ"

ဤသို့ ဦးမဲကြီးက ပြောလိုက်သဖြင့် ဂျပန်စစ်ဗိုလ်ကြီးသည် ပို၍ အံ့အားသင့်သွားသည်။

"အိုး . . . မိန်းမနဲ့ ကလေးတွေပါ ပါတာပဲ၊ အင်း . . . အင်း . . . အင်း"

ဤသို့ပြောကာ ကျွန်တော့်ရှေ့သို့ ရောက်လာပြန်သည်။ ကျွန်တော့် မျက်နှာကို သေသေချာချာ လိုက်လံကြည့်သည်။

"ဒီအထဲက စစ်ထဲ ဝင်ဖူးတဲ့လူရှိသလား"

ရုတ်တရက် မေးလိုက်သဖြင့် ကျွန်တော်က ရှေ့သို့ထွက်ပြီး . . .

"ကျွန်တော်ဝင်ဖူးပါတယ်မာစတာ"

"မင်း ဘယ်တပ်ထဲ ဝင်ဖူးသလဲ"

"ဘီအိုင်အေမှာပါ။ အခု ဗမာ့တပ်မတော်ထဲဝင်ဖို့ ရန်ကုန်လာပါတယ်၊ ရန်ကုန်ကနေပြီး အစ်ကိုရှိနေတဲ့ မော်လမြိုင်ကို ခဏအလာမှာ ကျွန်တော့်ကို ချွေးတပ်ပြေးထင်ပြီး ဆွဲလာကြတာပါ"

ဤသို့ ကျွန်တော်က ပြောလိုက်စဉ် "ဟော့ကောင်တိတ်စမ်း" ဟု ဦးမဲကြီးက ကျွန်တော့်ဘက်သို့ လှည့်ပြီး မာန်လိုက်ပါသည်။

"မာစတာ ဒီအကောင်ဟာ အလွန်ဆိုးချင်တယ်။ မာစတာတွေကို တောင်သူက ခံပြီးပြောချင်တဲ့အကောင်ပဲ မာစတာ"

ထိုသို့ ဂျပန်စစ်ဗိုလ်ကြီးအား ဦးမဲက မျက်နှာလိုမျက်နှာရဖြင့် ကျွန်တော့်အပေါ်သို့ ချောက်တွန်းနေသည်။

အမှန်တော့ ကျွန်တော့်ကို ဂျပန်တို့၏ ရာဇဝတ်သားတစ်ဦးအဖြစ်သို့ ရောက်ရှိရန်အတွက် တွန်းပို့နေခြင်းပင်ဖြစ်သည်။

"ခင်ဗျားဟာ အလိုတော်ရိသက်သက်ပဲ၊ ကျွန်တော် မာစတာတွေ

www.burmeseclassic.com

www.burmeseclassic.com

အကြောင်း မကောင်းတာပြောတာ မဟုတ်ဘူး။ ကျွန်တော် ခံစားလာရတဲ့ အကြောင်းပြောတာ"

ကျွန်တော်က ဤသို့ ဦးမဲအား ဒေါသဖြင့် ပြောလိုက်စဉ် ဂျပန်တပ်ကြပ်ကြီးသည် ကျွန်တော့်အနီးသို့ ရုတ်တရက် ရောက်လာကာ ညာလက်ဖြင့် လွဲ၍ ပါးကို ဖြတ်ရိုက်လိုက်သည်။

"ဖြန်း . . . ဖြန်း"

"ခူးဒါး စကားများများ ပြောတယ် နော၊ မကောင်းဘူး"

ကျွန်တော့်မှာ ပြင်ထန်သော လက်ဝါးဒဏ်ခံလိုက်ရသလို မျက်နှာလည်း၍ ထွက်သွားသည်။

သွေးများသည် နှုတ်ခမ်းမှ စီးထွက်လာလေသည်။ ကျွန်တော်က နောက်ထပ်မပြောတော့ဘဲ အံကြိတ်ကာ တင်း၍ခံနေရသည်။ ပါးပြင်မှာ နေရောင်ဟပ်ထားခြင်းခံရသကဲ့သို့ ပူလောင်ခြင်းဒဏ်ကိုခံစားနေရလေသည်။

ဂျပန်စစ်ဗိုလ်ကြီးကမူ ကျွန်တော့်ကိုသေသေချာချာကြည့်ရင်းက မျက်နှာအရိပ်အရောင်များ ပြောင်းလဲသွားသည်။ ကျွန်တော်တို့အနီးမှ ချက်ချင်းထွက်ခွာသွားကာ အခြားတပ်စိတ်များကို လိုက်လံစစ်ဆေး ကြည့်ရှုပြန်လေသည်။

ထို့နောက်တွင် ဂျပန်တပ်ကြပ်ကြီးက စစ်ကနေချားခေါ် တစ်ထောင်အုပ်တရုတ်ကပြားအား အမိန့်ပေးလိုက်သည်။ တရုတ်ကပြား ဗိုလ်လုပ်သူက ကျွန်တော်တို့အားလုံးကို သံဖြူဇရပ်မီးရထားဘူတာသို့ ချီတက်ကြရမည်ဟု အမိန့်ပေးလိုက်ပါလေသည်။

သို့တစေ အိမ်ထောင်သည်များကိုမူ နောက်ဆုံးမှ လိုက်လာရန် အခွင့်ပေးလိုက်၏။

ကျွန်တော်တို့ သံဖြူဇရပ်သို့ ချီတက်လာသော အချိန်တွင်ကား မဟာမိတ် သံ့ပန်းစစ်သားပေါင်း ၁၀၀ ခန့်သည် သံဆူးကြိုးခွေများ၊ ပေါက်တူးနှင့် ပေါက်ချွန်များ၊ လွှရှည်ကြီးများကို ကိုင်ဆောင်လျက် သံဖြူဇရပ်၏ တောင်ဘက်သို့ သွားသော တောလမ်းအတိုင်း ချီတက်သွား၏။ သူတို့ကို အမိန့်ပေးသွားသူမှာ မျက်နှာဖြူအရာရှိတစ်ဦးဖြစ်လျက် သူတို့ဘေးမှ ဂျပန်စစ်သား လက်နက်ကိုင်များက ဝိုင်းရံလိုက်ပါသွားချေသည်။

သူတို့အားလုံးသည် သံ့ပန်းဘဝရောက်လာစဉ်ကပင် ပါရှိလာသော ယူနီဖောင်းများကိုသာ ဝတ်ဆင်ထား၍ အဖာပေါင်းများစွာ ဖာထေးထားကြရသည်။ သို့တစေ သူတို့တွင် ရှိနေသော ယူနီဖောင်းကိုမူ သန့်သန့်ရှင်းရှင်းဖြစ်အောင် ဖွပ်ရဖန်များသောကြောင့် ဖြူရော်၍ပင်နေချေပြီ။

ကျွန်တော်တို့ ချွေးတပ်သားများကို အင်္ဂလိပ် သံ့ပန်းများက လက်များပင်ပြ၍သွားချေသည်။ သူတို့အားလုံး၏ အမူအရာများသည် ရယ်ရယ်မောမောပင်ရှိသည်။ သို့စေကာမူ ဂျပန်တို့၏ ရက်စက်မှု သရုပ်က ပေါ်လာသည်။ အချို့သော သံ့ပန်းများမှာ ထော့နဲ့ထော့နဲ့ဖြင့် လိုက်ပါသွားကြသည်ကို တွေ့ရလေသည်။

ကျွန်တော်တို့အားလုံးကို ထိုနေ့နံနက်မှာပင် ကျောက်များတင်သော တွဲပက်လက်များဖြင့် အနန်းကွင်းခေါ် အလုပ်သမားစခန်းသို့ ပို့ခဲ့လေသည်။

အနန်းကွင်းသို့ ရောက်သွားသော အချိန်တွင် နေ့လယ်(၁)နာရီခန့်ရှိပြီ။ အနန်းကွင်း စခန်းမှာပင် ကျွန်တော်တို့ထက်အရင် အလုပ်သမားတော်တော်များများ ရောက်ရှိနေကြလေပြီ။

ကျွန်တော်တို့ အလုပ်သမားတပ်များ ရောက်ရှိလာသောကြောင့် အနန်းကွင်းတွင် ရှိနေကြသော အလုပ်သမားအားလုံးတို့က ဝမ်းသာအားရ ကြိုဆိုကြလေသည်။

တဲတန်းလျာကြီး ၄ လုံးနှင့်သီးသန့် တဲအိမ်များ ဆောက်ထားသေးသည်။

အလုပ်သမား ခေါင်းဆောင်များအား အိမ်ကလေးများဖြင့် ထားပြီးလျှင်၊ အလုပ်သမားများကိုမူ တဲတန်းလျားကြီးများမှာပင် နေရာချထားသည်။

ကျွန်တော်တို့အား တဲတန်းလျားကြီးတစ်လုံးကို သီးသန့်ပေးခဲ့သည်။ ပြီးချက်ပြုတ်စားသောက်ရန်အတွက် ဒယ်အိုးများနှင့် ဆန်များကို စခန်းရုံးကြီးမှ ထုတ်ပေးသည်။ ဂျပန် အစောင့်တပ်သားများမှာ သီးသန့် တောင်ကုန်းပေါ်တွင် စခန်းချလျက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မှာ ရိက္ခာထုတ်ရန် အတွက် တာဝန်ကို အဘဦးထွန်းရုံ အား တာဝန်ပေးသည်။ ကျွန်တော်တို့ တပ်စိတ်အတွက် စားသောက်ရန် ထမင်းချက်တာဝန်ကို ကိုဘကျော် တစ်ယောက်အားစေလွှတ်ပြီး ကျွန်တော် က စောင်များ သွား၍ ထုတ်ယူရသည်။

စောင်နှင့် ရိက္ခာထုတ်သောအခါ တွင် ဦးမဲကြီး ကိုယ်တိုင်စခန်းမှူးရုံးသို့ လိုက်ပါကာ ထုတ်ယူပေးရခြင်းဖြစ်၏။

ကျွန်တော်တို့အား ကျွေးမည့် ဆန်များမှာ လုံးတီးဆန်များသာဖြစ် သည်။ ထိုလုံးတီးဆန်နှင့်အတူ ပုပ်အယ် နေသော အမဲသားများကို ထုတ်ပေး သည်။

တစ်ဖန်တပ်သားတိုင်းအား အနွေး ထည်အဖြစ် ဂုန်နီအိတ်တစ်လုံးစီကို ထုတ်ပေးသည်။ ဂုန်နီအိတ်များမှာ ဆန် ထည့်သော ဂုန်နီအိတ်ဖြစ်လျက် ချည် ကြမ်းစောင် မရှိသည်နှင့်စာသော် ဂုန်နီ အိတ်မှာကျွန်တော်တို့အတွက် အင်မ တန် အဖိုးတန်ပစ္စည်း ဖြစ်နေပါ၏။

ကျွန်တော်သည် ဂုန်နီအိတ်များကို ဆေးရုံမှ ဆင်းလာသော ကျွန်တော်တို့ တပ်စိတ်မှ အောင်သန်းနှင့်အတူ ထုတ် ယူနေစဉ်တွင် ဦးမဲကြီးသည် ကျွန်တော့် အနီးသို့လာကာ . . .

“ဟေ့ကောင် အောင်နိုင်၊ မင်းကို ထမင်းဖိုမှာ တာဝန်ပေးရမယ်၊ မင်း ထမင်းချက်တဲ့ နေရာမှာ အလုပ်လုပ် ရမယ် ကြားလား”

ကျွန်တော့်အပေါ် ဦးမဲကြီးသည် တစ်နည်းနည်းဖြင့် ညှဉ်းပန်းလိုသော အာဃာတစိတ်ထားရှိသည်မှာ ထွင်းထွင်း ကြီးပေါ်လွင်လျက်ရှိနေသည်။

“ကျုပ်တို့ တပ်စိတ်က ကိုဘကျော် တစ်ယောက်ကို ထမင်းချက်ဖို့ လွှတ် ထားပြီပဲဗျ”

“ငါက ဘကျော်ကို မလိုချင်ဘူး မင်းကိုမှ လိုချင်တယ်။ မင်း ဒီဂုန်နီ အိတ်တွေပြန်ပို့ပြီးရင် ငါ့ထံကို ပြန်လာ ခဲ့။ ကြားလား”

ဦးမဲကြီးက ကျွန်တော်ကို မျက်ခုံး များကုတ်၍ စကားပြောလိုက်လေသည်။

“ဒါတော့ ခင်ဗျား သက်သက် အနိုင်ကျင့်တာပဲဗျ။ ကျုပ်တို့ တပ်စိတ် က ထမင်းချက်ဖို့ တစ်ယောက်ကို ပေးထားပါလျက် ခင်ဗျားက ကျုပ်ကို လိုချင်တယ်ဆိုတာဟာ သက်သက် ခင်ဗျားအနိုင်ကျင့်ချင်တာပဲ။ ဒီတော့ ကျုပ် မလုပ်နိုင်ဘူး။ မလုပ်နိုင်တဲ့ အကြောင်းကို မာစတာကြီးတွေကို ပြန်ပြောရင်လည်း ပြော၊ ကျုပ်ကလည်း မာစတာတွေကို အကျိုးအကြောင်း ပြန်ပြောဖို့အသင့်ရှိနေတယ်။

မတရား လုပ်တာ မှန်သမျှတော့ ကျုပ် ဒီနေရာ မှာလဲသေချင် သေ၊ ကျုပ် မလုပ်ဘူး”

“ဟုတ်သာပဲဗျ။ ကျုပ်တို့ တပ်စိတ် က ကိုဘကျော် ထမင်းချက်ဖို့ သွား နေပြီဟာပဲ၊ ဘာများ ကျုပ်တို့က လုပ် ပေးရဦးမှာလဲ၊ လာဗျာ ကိုအောင်နိုင်”

ဤအချိန်တွင် ကျွန်တော်တို့ဘက် က မှန်ကန်ကြောင်းကို အခြားသော အလုပ်သမားတပ်စိတ်များမှ ရိက္ခာနှင့် စောင်များ ထုတ်ယူကြသည့် အလုပ် သမားအားလုံးက သိရှိသောကြောင့် ဦးမဲကြီးအား မကျေနပ်သော မျက်လုံး အစုံဖြင့် ဝိုင်းဝန်းကြည့်နေခြင်းကို ခံရ သည်။ ဦးမဲကြီးမှာ ကျွန်တော်တို့က ပြန်လည် ပြောဆိုခြင်းအပြုအမူအတွက် ရှုံ့ရှုံ့ရှားရှားဖြင့် ဒေါသထွက်နေသည်။ သူ၏ လက်စွဲမိုက်ခဲနှစ်ဦးကလည်း ကျွန်တော်တို့အား “ဆော်” ချင်နေသော မျက်လုံးများဖြင့် အံကြိတ်ကာ ကြည့် နေသည်ကို တွေ့ရသည်။

“ဟဲ့ . . . ဟဲ . . . ဟဲ မင်းက ငါ့ကို အန်တုတာပေါ့လေ၊ အေး . . . အေး မင်းနဲ့ငါ တွေ့ကြရမှာပေါ့ကွာ”

ဦးမဲကြီးက တဟဲဟဲဖြင့် ပစ်ကြိမ်း လိုက်သေး၏ အမှန်တော့ ဦးမဲကြီးသည် အတော်ရှက်သွားပုံရသည်။

ကျွန်တော်တို့ တပ်စိတ်သို့ ပြန် ရောက်လာလျှင် အဘဦးထွန်းရုံမှ ဂုန်နီ အိတ်များကြည့်၍ အံ့အားသင့်နေ၏။

“ဒါတွေ စောင်လား”

“ဟုတ်တယ် အဘရဲ့ တစ်တပ်လုံး ဒီဂုန်နီအိတ်တွေပဲ ထုတ်ပေးတာပဲ”

“အင်း . . . တို့မြို့က မြို့ပိုင်သခင် အောင်ခင်ကြီး ပြောလိုက်တာကတော့ တယ် . . . ကောင်းကွာ”

“ဘာတွေများ ပြောလိုက်လို့လဲ အဘ”

www.burmeseclassic.com

ဘာရမှာလဲ၊ ခင်ဗျားတို့အားလုံး လမ်းဖောက်တဲ့စခန်း ရောက်သွားရင် ဘာမှလိုလေသေးမရှိဘူး။ ဂျပန်စစ်တပ်က အလုပ်သမားတွေအတွက် ဂျပန်ပြည်က ထွက်တဲ့ စောင် အကောင်းစားတွေ၊ အင်္ကျီလုံချည်တွေ ထုတ်ပေးမယ်လို့ ပြောလိုက်တာပါကွာ ဟဲ ဟဲ"

အဘဦးထွန်းရုံက လူကြီးဖြစ်လေသည့်အတိုင်း သွားပေါ်အောင်သာရယ်လိုက်သည်။ အဘ၏ ရယ်သံမှာ ဝမ်းထဲမှနာကြည်းသံများ ရောစွက်လျက်ရှိနေသည်ကတော့ အမှန်ပင်ဖြစ်ပါချေသည်။

"အဘ ဒီစကားတွေ ကျွန်တော်တို့ချည်း ပြောတာ အရေးမကြီးဘူး အဘရဲ့ ဂျပန် အလိုတော်ရိန်ရဲ့ ရန်လိုနေတဲ့ ဦးမဲကြီးဘက်သားတွေ ကြားရင် ကျွန်တော်တို့ ဒုက္ခဖြစ်မယ်။ ကဲ... ဝေပေးလိုက်ရအောင်"

ဤသို့ ကျွန်တော်က ပြောလိုက်သောကြောင့် "အေး...အေး ဟုတ်တယ်၊ ဂုန်နီအိတ်တွေ ဝေပေးရမယ်" ဟု ပြောကာ တပ်စိတ်မှာ ရှိသောလူများကို ဝေပေးလိုက်သည်။

ထိုအချိန်တွင် မိုးဖွဲဖွဲ ရွာလာသည်။

"အင်း...ဒုက္ခပဲ မိုးရေနဲ့ ထမင်းတော့ တွေ့ကြတော့မယ်ဟေ့"

အလုပ်သမားတစ်ဦးက ပြောလိုက်သည်။

ကျွန်တော်တို့ အလုပ်သမားတန်းလျားကြီးမှာ အလယ်တွင် လူလျှောက်လမ်းဟူ၍မရှိချေ။ အချို့ ဝါးတဲတန်းလျားကြီးများတွင် အလယ်မှာ လူလျှောက်လမ်းထားပြီး အိပ်စင်များအဖြစ် ဘေးနှစ်ဖက်တွင် ခွဲထားသောကြောင့် စစ်သားများ၏ "ဘားတိုက်" ခေါ် စစ်တန်းလျားနှင့် တူချေသည်။

ကျွန်တော်တို့၏ ဝါးထရံကာ၊ ဝါးကြမ်းခင်း၊ ဓနိမိုးထားသော တန်းလျားကြီးမှာ တစ်ပြင်တည်းပင် ဝါးခင်းများခင်းထားသဖြင့် လမ်းလျှောက်တိုင်း တကြွိကြွိ တကျွိုင်းကျွိုင်းမြည်နေသည်။

"လာဟေ့ အောင်နိုင်"

အဘဦးထွန်းရုံက ခေါ်လိုက်သည်။

ကျွန်တော့်ကို အဘဦးထွန်းရုံက အတော်ပင် လေးလေးစားစားခင်မင်နေသည်။ကျွန်တော်ကလည်းအဘဦးထွန်းရုံတို့ အိမ်ထောင်စုအား ခင်မင်တွယ်တာမှုဖြင့် ကူညီရန် အသင့်ရှိနေသည်။

တကယ်တော့ ကျွန်တော်သည် ကိုယ်လွတ်ရုန်း၍ ဤနယ်မြေမှထွက်ပြေးလိုလှသော်လည်း အဘဦးထွန်းရုံနှင့်တကွ အိမ်သားအားလုံး၏မျက်နှာသည် ကျွန်တော့်အား ရစ်နှောင်ထားသည်။

ဒီအထဲဝယ် မခင်မွှေးနှင့် ညီမဖြစ်သူ မခင်အေး မျက်နှာသည် သနားစရာ ကောင်းအောင် ပေါ်လွင်နေသည်။

ကျွန်တော်သည် မခင်မွှေးကို မြင်မြင်ချင်းကပင် ကျွန်တော်၏စိတ်သန္တာန်တွေကို တစ်နည်းနည်းဖြင့် ညို့ခေါ်နေလေသလားဟု ပြန်လည်စစ်ဆေးနေမိသည်။ အမှန်တော့ မခင်မွှေးတို့ ညီအစ်မဘက်တွင် ကရုဏာစိတ်တွေများလာခဲ့ရခြင်းကပင် ကျွန်တော်၏ ရိုးသားတွယ်တာမှု မေတ္တာအလှသည် ပို၍မြင့်မားသောအဆင့်သို့ ရောက်လာလေသလောဟုလည်း ထင်ရသည်။

သည်လိုတော့လည်း ကျွန်တော့်၏ သစ္စာတရားသည် သူလေးတွေအပေါ်ဝယ် တစ်ဖက်စွန်းဖြစ်သော မေတ္တာနယ်မြေကို မကျော်လွန်သေးကြောင်းကို ဆန်းစစ်နိုင်ပါသေးသည်။

သို့တစေ ကျွန်တော်၏ သစ္စာနယ်မြေသည်ဘယ်မျှအထိ ကြာရှည်စွာခံနိုင်မည်ကိုတော့ မသိနိုင်သေးပါချေ။

မခင်မွှေးသည် အပြုံးကလေးများဖြင့် ဆီးကြိုးတတ်လေတိုင်း ကျွန်တော်၏ အသည်းနလုံးများမှာ တဖျပ်ဖျပ်လှုပ်ရှားလာတတ်ပေသည်။

အမှန်တော့ အသားကလေးညိုညိုနှင့် လှသော ယဉ်သော ခံ့သောသူကလေးအား ရက်စက်ကြမ်းကြုတ်လှသော သားရိုင်းကောင်တွေ၏ နယ်မြေမှမည်ကဲ့သို့ ခေါ်ဆောင်အလွတ်ရုန်းနိုင်ရပါမည်ကို လည်းကောင်း သူကလေးတွေ ဘဝအား ရစရာမရှိအောင် ဖျက်စီးပစ်လိုက်မည့် လူဘီလူးဂျပန်များ၏ ဘေးမှ လည်းကောင်း စိုးရိမ်နေမိခြင်းကပင် ကျွန်တော်၏ မေတ္တာကမ္ဘာက ပိုမိုကျယ်ပြန့်လာစေသလားဟု ထင်နေမိပါချေသည်။

ရှေ့လဆက်ဖတ်ပါရန်...

||| မြဝတီ

www.burmeseclassic.com

သားကို မီးလျှံများကြားထဲမှ ကယ်ထုတ်ရင်း သေဆုံးသွားသော ဖခင်

မလေးရှားနိုင်ငံ၊ မာလက်ကားတွင် မီးလောင်နေသော အိမ်ထဲရှိ သား၏အသက်ကို မီးတောက် မီးလျှံများကြားထဲမှ ကယ်ထုတ်နိုင်ခဲ့သော်လည်း သား၏ အသက်ကို အသက်စွန့်၍ ဝင်ကယ်သော ဖခင်သည် မီးလောင်နေသော အိမ်ထဲမှ သားနှင့်အတူ မီးဘေး လွတ်ရာ အိမ်အပြင်သို့ ရောက်သည်နှင့် ရုတ်တရက် သတိလစ်ပြီး သေဆုံးသွားရှာ၏။

မာလက်ကား၊ စတားဂါဒင်ရှိ နှစ်ထပ်အိမ်တွင် လျှပ်စစ်ဝါယာကြိုးမှတစ်ဆင့် ၂၀၁၃၊ မေလ ၂၁ ရက် ညနေ၌ မီးလောင်ရာ လီယိုနီချိုင်းလင်းမ် လွမ်(၃၆ နှစ်)သည် အိမ်သို့ အချိန်မီ ပြန်ရောက်လာပြီး သူ၏ အိမ်ထဲရှိနေသော အသက်ရှစ်နှစ်အရွယ် သားကို အသက်စွန့်၍ ဝင်ရောက်ကယ်ဆယ်နိုင်ခဲ့၏။

မီးသတ်သမားများ မရောက်မီ လင်းမ်လွမ်သည် သားကို ကယ်ဆယ်နိုင်ခဲ့သော်လည်း မီးလောင်နေသော အိမ်၏အပြင်ဘက် မီးလွတ်ရာသို့ ရောက်သောအခါ လင်းမ် လွမ်သည် လဲကျသွား၏။ အိမ်နီးနားချင်းများက သူ့ကို ဝိုင်းဝန်းပြုစုကြသော်လည်း လင်းမ်လွမ်သည် သေဆုံးသွား ၏။ မီးသတ်ကားရောက်လာပြီး မီးကိုငြိမ်းသတ်နေစဉ် သေဆုံးသွားသော လင်းမ်လွမ်မှာ မီးခိုးငွေ့များကို များစွာ ရှူရှိုက်မိသောကြောင့် အသက်ရှူလမ်းကြောင်းပိတ်ပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု မီးသတ်အရာရှိက ပြောပြ၏။

မီးသတ်သမားများက မီးကိုငြိမ်းသတ်မှုကြောင့် မိနစ် အနည်းငယ်အတွင်း မီးငြိမ်းသွား၏။ မီးလောင်မှုကြောင့် မလေးရှား ရင်းဂစ် ၁.၅ သန်းဖိုးခန့် ဆုံးရှုံးသွား၏။

သေဆုံးသွားသော လင်းမ်လွမ်၏ ဇနီးမှာ မီးလောင်စဉ်က ထိုအိမ်တွင်မရှိဘဲ ကလေးမျက်နှာမြင်၍ သူမ၏မိဘများ အိမ်သို့ ရောက်နေသည်ဟု သိရသည်။

မလေးရှားနိုင်ငံ၌ပင် ကြေကွဲဖွယ်ရာ အခြားဖြစ်ရပ်တစ်ခုမှာ တာပန်ပူ ထရာပူထရီတွင် နေထိုင်သော ဘဏ် အရာရှိတစ်ယောက်၏ ၁၄ လသား

ကလေးငယ်တစ်ယောက်သည် နေ အိမ်ရေချိုးခန်းထဲ၌ ရေချိုးဆော့ကစားရင်း ရေတစ်ဝက်ရှိသော ရေပုံးထဲ၌ ဦးခေါင်း ငိုက်စိုက်ကျပြီး သေဆုံးသွား၏။

ကလေးနှင့်အတူ ရေချိုးခန်းထဲ၌ရှိနေသော မိခင်ဖြစ်သူသည် တယ်လီဖုန်းအသံမြည်လာ၍ သွားနားထောင် ခိုက် သူမ၏သားမှာ ထိုဖြစ်ရပ်ဆိုးနှင့် ကြုံသွားရခြင်းဖြစ်၏။

ထိုဖြစ်ရပ်အတွက် ကလေး၏ ဖခင်က အခြား မိဘသားစုများ သင်ခန်းစာယူကြပါဟု ပြောဆိုလိုက်၏။

ဦးဦးသိန်း

New Strait Times, 22.5.2013

www.burmeseclassic.com

www.burmeseclassic.com

အမှုတွေပြေအေးစေမယ့်
ဥပဒေအမေးအဖြေ

ဦးစောလှိုင် [B.A (HIST:) H.G.P., R.L]

အတုပြုလုပ်ဖို့ မရည်ရွယ်သော်လည်း

ဆရာခင်ဗျား...

ကျွန်တော်ဟာ ကျောင်းသားဘဝမှာကတည်းက ပန်းချီဝါသနာပါခဲ့ပြီး ဂဏန်းနဲ့တကွ အက္ခရာစာလုံးတွေကို ပုံစံအမျိုးမျိုးနဲ့ လှလှပပလေး ရေးတဲ့အလုပ်ကို ပိုအားသန်ခဲ့ပါတယ်။ ခုတော့ မိသားစုစားဝတ်နေရေးအတွက် လူစည်ကားတဲ့နေရာတစ်ခုမှာ အိမ်နံပါတ်၊ ကားနံပါတ် စတဲ့ ဆိုင်းဘုတ်အမျိုးမျိုးရေးပြီး အသက်မွေးဝမ်းကျောင်းပြုနေပါတယ်။

တစ်နေ့မှာ အပိုင်ရဲစခန်းက တာဝန်ရှိသူတွေ ကျွန်တော့်ဆိုင်ကို ရောက်လာပြီး ခေါ်သွားလို့ ရဲစခန်းဆီ လိုက်သွားရပါတယ်။ ဟိုရောက်တော့မှ ကျွန်တော်ရေးပေးလိုက်တဲ့ ကားနံပါတ်တစ်ခုက အတုဖြစ်နေပြီး လူတစ်စုက အဲဒီကားနဲ့ ဓားပြတိုက်ခဲ့ကြတယ်ဆိုတာ သိရပါတယ်။ အဲဒီကိစ္စ ကားနံပါတ်အတုရေးပေးတဲ့ ကျွန်တော့်မှာ တာဝန်ရှိတယ်ဆိုပြီး ဖမ်းဆီးအရေးယူခံရတာပါ။

ခုတော့ အာမခံနဲ့ အပြင်မှာ နေခွင့်ရပါတယ်။ ဒါပေမယ့် အမှုမပြီးမချင်း ဆိုင်းဘုတ်ရေးတာကို ရပ်ဆိုင်းထားဖို့ သက်ဆိုင်ရာက တားမြစ်ထားပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ တစ်နေ့တာ ဝင်ငွေပုံမှန်ရဖို့အတွက် လာအပ်သမျှ နံပါတ်တွေကို အချိန်မီ ရေးပေးရပါတယ်။ ဘယ်ဟာက အစစ်၊ ဘယ်နံပါတ်က အတုဆိုတာ မသိနိုင်ပါဘူး။ ရွေးနေ၊ စစ်နေဖို့လည်း အချိန်မရပါဘူး။

အခုလို ရာဇဝတ်မှုကျူးလွန်ဖို့ ကားနံပါတ်အတု လာရေးခိုင်းမှန်းသိရင်တော့ လုံးဝရေးပေးမှာ မဟုတ်ပါဘူးဆရာ။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီအမှုက လွတ်မြောက်အောင် ဥပဒေနဲ့အညီ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ အမြန်ဆုံး အကြံပြုဖြေကြားပေးနိုင်ဖို့ မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။

အစဉ်လေးစားရှိသေလျက်
မောင်ကျော်ဝင်း
နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့။

ကိုကျော်ဝင်းခင်ဗျား...

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၇၃) မှာ "ပြစ်မှုထိုက်သည့် လိမ်လည်မှု၊ အတုပြုလုပ်မှုကို ကျူးလွန်ရန် အလို့ငှာ တံဆိပ်၊ တံဆိပ်ပြား၊ ပုံသဏ္ဍာန်ထင်အောင် အခြားကိရိယာ တစ်ခုခုကို အကြံဖြင့်ပြုလျှင် ထိုသူကို ၇ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"လို့ ပြဋ္ဌာန်းထားပါတယ်။

ဒီနေရာမှာ အရေးကြီးတာက အဲဒီဥပဒေမှာ "ပြစ်ဒဏ်ထိုက်သည့် လိမ်လည်မှု၊ အတုပြုလုပ်မှုကို ကျူးလွန်ရန် အလို့ငှာ"လို့ ပြဋ္ဌာန်းထားတဲ့အတွက် ကိုကျော်ဝင်းတို့လို အသက်မွေးဝမ်းကျောင်းအတွက် ရိုးရိုးသားသား ကားနံပါတ်ရေးစားနေတဲ့ လူမျိုးကို ရည်ညွှန်းတာတော့ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

သို့ပေမယ့် မပြေးသော် ကန်ရာ[illegible] ပေးလိုက်တဲ့ ကားနံပါတ်အတုကို အသုံးချပြီး ဓားပြမှုကျူးလွန်ခဲ့တာ ဖြစ်နေတော့ ကိုကျော်ဝင်းနဲ့ အဲဒီဓားပြတွေနဲ့ ဆက်စပ်မှု ရှိမရှိ ရဲဘက်က စစ်ဆေးကြည့်ချင်မှာတော့ အမှန်ပဲဗျ။

ဘယ်လိုပဲဖြစ်ဖြစ် ရှေ့နေကောင်းကောင်းတစ်ယောက်နဲ့ ရင်ဆိုင်ဖြေရှင်းလိုက်ရင် ဒီအမှုက လွတ်နိုင်ခြေများပါတယ်။

ဆရာ့အနေနဲ့ အကြံပြုချင်တာက ကိုကျော်ဝင်းအနေနဲ့ နောင်အခါ ကားနံပါတ်၊ ဆိုင်ကယ်နံပါတ် စတာတွေကို ရေးပေးဖို့ လာအပ်ရင် ကားလိုင်စင်၊ ဆီစာအုပ်၊ ပိုးတက်စတဲ့ အထောက်အထားတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီးမှ လက်ခံဆောင်ရွက်ပေးရင် အန္တရာယ်ကင်း ဘေးရှင်းပါလိမ့်မယ်လို့ ဖြေကြားလိုက်ပါရစေ။

××× ××× ×××

နွေရာသီ နယ်ပြောင်းမိန့်ထွက်ရင် ချက်ချင်းသွားဖို့လိုသလား

ဆရာရှင့်…

ကျွန်မဟာ အင်းစိန်မြို့နယ်က အလယ်တန်းပြကျောင်းဆရာမတစ်ယောက် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ တစ်ကိုယ်ရေတစ်ကာယသမားဖြစ်တာကြောင့် မဖွံ့ဖြိုးသေးတဲ့ ဒေသတွေမှာ သွားပြီးတာဝန်ထမ်းဆောင်ချင်စိတ်တွေ ပေါ်မိပါတယ်။ အဲဒါကြောင့် လွန်ခဲ့တဲ့ သုံးနှစ်လောက်က အဲဒီဒေသတွေမှာ သွားရောက်တာဝန်ထမ်းဆောင်လိုကြောင်း လျှောက်လွှာကို မြို့နယ်ပညာရေးမှူးကတစ်ဆင့် တင်ပြလျှောက်ထားခဲ့ဖူးပါတယ်။

ကျွန်မဟာ ပြီးခဲ့တဲ့ တစ်နှစ်ကျော်လောက်က မမျှော်လင့်ဘဲ အိမ်ထောင်ကျခဲ့ပါတယ်။ အခုဆို သမီးလေးတောင် အခါလည်နေပါပြီ။ ခုတော့ ကျွန်မမိသားစုနဲ့ ပျော်မွေ့နေပြီမို့လို့ အရင်က ဆန္ဒပြုထားခဲ့တဲ့ လျှောက်လွှာကိုလည်း မေ့နေခဲ့ပါပြီ။

ယော…•…အခု နွေရာသီကျောင်းပိတ်ရက်အစမှာပဲ ကျွန်မလက်ထဲကို ကျောင်းအုပ်ကြီးကတစ်ဆင့် နယ်ပြောင်းအမိန့်စာ ရောက်လာခဲ့ပါတယ်။ ချင်းပြည်နယ်တောင်ပိုင်း၊ မတူပီမြို့နယ်က ရေဗ္ဗာဆိုတဲ့ ရွာကျောင်းမှာ အမြန်ဆုံးသွား[illegible]ပါ။

ကျွန်မချက်ချင်းပဲ ကျောင်းအုပ်ကြီးဆီသွားပြီး အဲဒီဒေသကို မသွားရင်မရဘူးလားလို့ မေးပါတယ်။ ကျောင်းအုပ်ကြီးက ကျွန်မကိုယ်တိုင် ဆန္ဒပြုလျှောက်ထားခဲ့တာမို့ မသွားလို့မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။

မြို့နယ်ပညာရေးမှူးကို မေးကြည့်တော့လည်း အဲလိုပဲ ပြောပါတယ်။ သူကတောင် အမိန့်စာမှာ "အမြန်ဆုံး"လို့ ပါလို့ ချက်ချင်းသွားဖို့တောင် တွန်းအားပေးပါသေးတယ်။

ကျွန်မသိချင်တာက ကိုယ်တိုင်ဆန္ဒပြုထားလို့ [illegible]ပယ်ခွင့်မရှိပေမယ့်လည်း ဝေးလံသီခေါင်တဲ့ဒေသဖြစ်နေလို့ အချိန်ယူပြီး ပြင်ဆင်စရာတွေလည်း ရှိနေပါတယ်။ ဒါကြောင့် မို့ အမိန့်စာမှာ အမြန်ဆုံးဆိုထားပေမယ့် နွေရာသီကျောင်းပိတ်ရက်ဖြစ်နေလို့ ကျောင်းတွေပြန်ဖွင့်ချိန်လောက်မှ သွားလို့ရမရ အမြန်ဆုံးဖြေကြားပေးစေချင်ပါတယ်။

အစဉ်လေးစားစွာဖြင့်
ဒေါ်ခင်နု
အလယ်တန်းပြဆရာမ၊ အင်းစိန်မြို့နယ်။

ဒေါ်ခင်နုခင်ဗျား…

ပညာရေးဌာနအနေနဲ့ ဆရာ၊ ဆရာမတွေကို နွေရာသီကျောင်းပိတ်ရက်နဲ့ ပတ်သက်ပြီး ခြွင်းချက်ပေးထားတာရှိပါတယ်။ အဲဒါက မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ ၁၇၄ မှာ -

"အားလပ်ရက်ရှည် (Vacation) ခံစားခွင့်ရှိတဲ့ ဌာနမှ ဝန်ထမ်းများ(ဆရာ၊ ဆရာမများ)ကတော့ နွေရာသီကျောင်းပိတ်ရက်အတွင်းမှာ ပြောင်းရွှေ့ခန့်ထားခြင်းခံရရင် နွေရာသီကျောင်းပိတ်ရက် ကုန်ဆုံးတော့မှ အလုပ်ဝင်တာအတွက် သက်ဆိုင်ရာအလုပ်ပြောင်းရွှေ့ထားတဲ့ ပုဂ္ဂိုလ်က ခွင့်ပြုနိုင်တယ်"လို့ ဖော်ပြထားပါတယ်။

အဲဒါကြောင့် ဒေါ်ခင်နုအနေနဲ့ ပြောင်းရွှေ့အမိန့်စာမှာ လက်မှတ်ရေးထိုးပေးထားတဲ့ ပုဂ္ဂိုလ်နဲ့ ကိုယ်တိုင်သွားတွေ့ပြီး ကိုယ့်အခက်အခဲကို ညှိနှိုင်းတင်ပြရင် အဆင်ပြေသွားပါလိမ့်မယ်လို့ အကြံပြုဖြေကြားလိုက်ပါတယ်။

အောင်မြင်ပါစေ
ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]

www.burmeseclassic.com

www.burmeseclassic.com

စင်ကာပူတွင် ပစ္စည်းများ ပေါင်သူဦးရေ များလာ

အရှေ့တောင်အာရှ၏ ဖွံ့ဖြိုးသော နိုင်ငံလေးတစ်နိုင်ငံဖြစ်သည့် စင်ကာပူတွင် ပစ္စည်းများ ပေါင်သူဦးရေ ပိုများလာနေ၏။ ပစ္စည်းများပေါင်ပြီး လာမရွေးနိုင်သူ ဦးရေမှာလည်း များနေ၏။ ရွှေငွေစသော အဖိုးတန်လက်ဝတ်ရတနာများ၊ နာရီများနှင့် အဖိုးတန်ပစ္စည်းများကို ပေါင်ကြ၏။ ပစ္စည်းများ လာပေါင်သူများတွင် လခစားများက အများဆုံးဖြစ်ပြီး၊ တစ်ခါတစ်ရံ ကမ္ဘာလှည့်ခရီးသည် အချို့လည်း ပစ္စည်းများကို လာပေါင်ကြ၏။

စင်ကာပူဥပဒေအရ ပစ္စည်းများကို သတ်မှတ်ရက်အတွင်း လာမရွေးလျှင် ၎င်းအပေါင်ပစ္စည်းများကို လေလံတင် ရောင်းချရ၏။ ထိုသို့ ရောင်းချရသော ငွေထဲမှ အရင်းနှင့် အတိုးကို နုတ်၍ ပိုငွေကို ပစ္စည်းလာပေါင်သူကို ပေးရ၏။ (ပစ္စည်းလာပေါင်သူက လိပ်စာအမှန်မပေးလျှင် ပိုငွေပြန်ရရန် မလွယ်ပေ။)

၂၀၁၂ ၌ စင်ကာပူတွင် ပစ္စည်းမျိုးစုံ ပေါင်နှံသော အရေအတွက်မှာ ၄ သန်းခန့်ရှိပြီး ထို ၄ သန်းထဲမှ ၅ ရာခိုင်နှုန်းမှာ ပြန်မရွေးဟု သိရသည်။

စင်ကာပူတွင် လစဉ် ပြန်မရွေးသော ပစ္စည်းများကို လေလံတင်မှုပြုရာ၌ လစဉ် စင်ကာပူဒေါ်လာ ၁၅ သန်းခန့်ရ၏။ လေလံတင်ပစ္စည်းများကို ဝယ်သူအများစုမှာ တစ်ပတ်ရစ် ပစ္စည်းများကို ဝယ်၍ ပြန်ရောင်းသူများ ဖြစ်ကြ၏။

စင်ကာပူတွင် ၂၀၁၂ ၌ အပေါင်ဆိုင်များမှ ပစ္စည်းများကို အပေါင်ခံ၍ ငွေများပေးရာတွင် စင်ကာပူဒေါ်လာ ၇.၁ ဘီလီယံပေးရ၏။ ဤသည်မှာ ၂၀၀၉ က ပေးရသော ဒေါ်လာ ၂ ဘီလီယံထက် သုံးဆကျော်ကျော် များလာခြင်းဖြစ်၏။

စင်ကာပူနိုင်ငံ၏ အပေါင်ဆိုင်များ မှတ်ပုံတင်ဌာန၏ စာရင်းအရ စင်ကာပူတွင် ပြန်မရွေးသောအပေါင်ပစ္စည်း အရေအတွက်များ၏ တန်ဖိုးမှာ စင်ကာပူ ဒေါ်လာ ၄.၇ သန်း နှစ်စဉ်ရှိနေ၏။

စင်ကာပူတွင် ပစ္စည်းတစ်ခုကို ပေါင်ပြီးနောက် ခြောက်လကြာ၍ ပြန်မရွေးလျှင် လေလံတင်နိုင်၏။ လေလံတင်ပြီး ကုန်ကျစရိတ်များအားလုံးကို နုတ်ပြီးနောက် ပိုငွေကို ပစ္စည်းလာပေါင်သူအား ထုတ်ပေးရမည်ဖြစ်၏။ အကယ်၍ ၄ အတွင်း ငွေလာမယူလျှင် ထိုငွေကို အစိုးရက ဘဏ္ဍာငွေအဖြစ် သိမ်းယူ၏။

စင်ကာပူအစိုးရသည် အပေါင်ဆိုင်လုပ်ငန်းနှင့် စပ်လျဉ်း၍ ၎င်းနိုင်ငံသားများ နစ်နာမှုအနည်းဆုံးဖြစ်ရန် နည်းလမ်းများကို ရှာဖွေနေသည်ဟုလည်း သိရ၏။

မြသိန်း

Sunday times, 26-5-2013

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံး အရှုံးသမား

ဗဟိုစော

"ဒီလူ့အဖြစ်က ထူးတယ်ဘဲပြောရမလား‥ ဆန်းတယ်လို့ဘဲဆိုရမလား မသိဘူး‥ အံ့ဩစရာကောင်းတာတော့ အမှန်ဘဲဆရာ…"

"အဲဒါဘယ်သူလဲဗျ…"

"ဘာအမှုလဲ"

"လူသတ်မှုပါဆရာ"

"ဩော် ဘာနဲ့သတ်တာတဲ့လဲ… ဓားနဲ့လား သေနတ်နဲ့လား"

"ဓားနဲ့လဲမဟုတ်ဘူး… သေနတ်နဲ့လဲမဟုတ်ဘူး"

"ဟင်‥ ဒါဖြင့်ဒုတ်နဲ့ပေါ့"

"အဲလိုလဲမဟုတ်ဘူးဆရာ"

"ဟ ခင်ဗျားဟာကလဲ လူသတ်မှုလဲပြောသေး… လက်နက်လဲမပါဘူးဆိုတော့ အဆိပ်ခတ်သတ်မှုဘဲ ရတော့မပေါ့ဗျာ…"

"ဟုတ်ကဲ့… ဒီအမှုကရုတ်တရက်တော့ အဆိပ်ခတ်ခံရတာလို့ထင်စရာပါပဲ … ဒါပေမဲ့ ဒီလူသတ်မှုက ဘာလက်နက်မှ မပါဘဲ သတ်တာဆရာ…"

"အာ ခင်ဗျားဟာ ဟုတ်ကော ဟုတ်သေးရဲ့လား"

"အဲဒါကြောင့် ကျွန်တော်ပြောတာပေါ့… ဒီလူ့အဖြစ်က ထူးဆန်းပြီး အံ့ဩစရာ ကောင်းပါတယ်လို့ … ပြီးတော့ သူ့အမှုကတရားဥပဒေအရ အပြစ်ဒဏ် ချဖို့တောင် ခပ်ခက်ခက်ဆရာ…"

"ဟုတ်လား … ဒါဖြင့် သူ့ကို ဘာအထောက်အထားနဲ့ အထဲထည့်ထားတာလဲဗျ…"

အချိန်အားဖြင့် (၁၉၇၇)ခုနှစ်ခန့်က အင်းစိန်ဗဟိုအကျဉ်းထောင်ဘူးဝရှိ ကျွန်ုပ်၏ရုံးခန်းတွင်ဖြစ်၏။

ကျွန်ုပ်သည် ထိုနေ့နံနက်စောစောမှစ၍ ထိုနေ့ထောင်မှ လွှတ်ပေးရမည့် အကျဉ်းသားများကို စိစစ်လွှတ်ပေးပြီးနောက် ရုံးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အချုပ်တာဝန်ခံ ထောင်မှူးဦးစိန်လွင်က လာရောက်သတင်းပို့ခြင်းဖြစ်၏။

"အထောက်အထား ဆိုတာကလဲ လက်ဆုပ်လက်ကိုင် ပြနိုင်လောက်အောင်မရှိပါဘူး…ဒါပေမဲ့ ဒီလူသတ်မှုကို ကျူးလွန်နိုင်တဲ့ အကြောင်းနောက်ခံ (MOTIVE) က သူ့တစ်ယောက်ထဲဖြစ်နေလို့ အရေးယူခံနေရတာပါ…"

"အင်း… ကြားရတာ အတော်စိတ်ဝင်စားစရာကောင်းမဲ့ပုံဘဲဗျာ… အစကနေပြောပြစမ်းပါဗျာ…"

"ဟုတ်ကဲ့ဆရာ ‥ ကျွန်တော်ကိုသိပြီပြောတဲ့အတိုင်း ပြန်ပြောပြပါ့မယ်…"

*** *** ***

ဟုတ်ကဲ့ဆရာ … ကျွန်တော့်နာမည်မောင်သိဟပါ။ အမေက ဆန်စက်ပိုင်ရှင်ဦးဘသိတဲ့… အမေ့နာမည်က ဒေါ်ချောမေပါ။ အမျိုးနှင့်က (၁၉၆၀)

www.burmeseclassic.com

ခုနှစ်လောက် · · ·။ နေရာက ဖျာပုံဘက်မှာပါ။

ကျွန်တော်က တစ်ဦးတည်းသောသားလေ။

အာ · · · ချမ်းသာတာတော့ မပြောနဲ့ဆရာ။ ကျိုကျိုတက်ဘဲ · · ·

တိုက်နဲ့ ကားနဲ့ ရွှေနဲ့ငွေနဲ့။

အဲ · · · ဒါပေမဲ့ အဖေက အသောက်အစား အပျော်အပါးကင်းပြီး ငွေကြေးနဲ့ ပတ်သက်လာရင် အရမ်းစစ်စီတယ်··· ဒါ့ကြောင့်လဲ ဆန်စက်ပိုင်ရှင် အချင်းချင်းတောင် အဖေ့မှာ အတွင်းပစ္စည်း ဘယ်လောက်ရှိတယ်ဆိုတာကို မခန့်မှန်းနိုင်ကြဘူး။ ကျွန်တော်လား · · ·။

အဲဒီတုန်းက တစ်နှစ်သားလောက် ရှိသေးတာတဲ့။

ဒါပေမဲ့ အဲဒါတွေကို ထဲထဲဝင်ဝင် သိတဲ့ လူတစ်ယောက်ရှိတယ် · · · ဦးထွန်းအံ့တဲ့ ··· အဖေ့ လူယုံတော်ပေါ့··· အဖေက သူ့အလုပ်ကိစ္စရော ငွေရေးကြေးရေးပါ အကုန်ဦးထွန်းအံ့ကို ပုံအပ်ထားတာဗျ · · ·

အမှန်တော့ဦးထွန်းအံ့က ဆန်စက်က အလုပ်သမားပါ · · · ရိုးသားဖြောင့်မတ်တဲ့ လူပျိုလူလွတ် တစ်ယောက်ဆိုပြီး ဆန်စက်ဝင်းထဲမှာ အိမ်လေးတစ်လုံး ဆောက်ပေးထားတယ် · · · ဆန်စက်လုံခြုံရေးလဲ စိတ်ချရအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် နေခွင့်ပြုထားတာပါ · · ·

တစ်နေ့ ည သန်းခေါင်ကျော်လောက်မှာ ဆန်စက်နောက်ဖက်က ချုံတံခန်အသံကြားလို့ ဦးထွန်းအံ့ အသာလိုက်ချောင်းကြည့်တော့ လှုပ်လှုပ်ရှားရှားနဲ့ လူရိပ်တစ်ခုမြင်ရတယ် · · · အဲဒီလူ့အနားလဲရောက်ရော ဦးထွန်းအံ့နှာဝမှာ ဓာတ်ဆီနံ့ သင်းခနဲရလိုက်တယ် · · · အဲဒါနဲ့ မသင်္ကာဖြစ်ပြီး အဲဒီလူကိုပါလာတဲ့ဒုတ်နဲ့ ရိုက်ချလိုက်တော့မှ သူ့လက်ထဲမှာ သစ်သားမီးခြစ်တစ်လုံးနဲ့ဗျ · · ·

ကြည့်စမ်း · · · ကံသီပေလို့ · · · ပါလာတဲ့ ဓာတ်ဆီတစ်ပုံးလုံးကို ဆန်စက်နံရံမှာ ဖြန်းပြီးပြီလေ · · ·

မီးခြစ်ဆံ တစ်ချောင်းထိလိုက်တာနဲ့ ဆန်စက်တစ်ခုလုံး မီးဟုန်းဟုန်းတောက်ပြီး ကျွန်တော့် မိဘတွေ ဘဝပျက်သွားနိုင်တာပေါ့ခင်ဗျာ · · ·

လက်စသတ်တော့ အဲဒီ မီးလာရှို့တဲ့လူက ကျွန်တော့်အဖေနဲ့ပြိုင်ဘက် ဆန်စက်ပိုင်ရှင်တစ်ယောက်က ပိုက်ဆံပေးပြီးမီးရှို့ခိုင်းတာတဲ့ဆရာ··· ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်က တရားရုံးရှေ့ကျတော့ ကျွန်တော့အဖေကို မကျေမနပ်လို့ လုပ်တာပါ··· ဘယ်သူ့မှခိုင်းတာမဟုတ်ဘဲ သူ့သဘောနဲ့သူ မီးရှို့ဖို့လာတာပါလို့ ထွက်ဆိုတယ် · · ·၊ သူထွက်ဆိုတာ ယုတ္တိတော့ရှိတယ်ဆရာ··· ဆန်တွေခိုးထုတ်တာမိသွားလို့ အလုပ်ကထုတ်ပစ်ခံရတာတဲ့ · · · ဆိုတော့ သဘာဝကျသလိုလိုဖြစ်နေတာပေါ့ · · · ပြီးတော့ ကျန်ခဲ့တဲ့ သူ့သားမယားရဲ့ စားဝတ်နေရေးကို သူ့ဆရာ ဆန်စက်ပိုင်ရှင်က အကောင်းဆုံးဖြစ်အောင် တာဝန်ယူထားတာဆိုတော့လဲ ဒီလူ အေးအေးဆေးဆေး ထောင်ကျခံသွားတာပေါ့ သူ့ဆရာက ထောင်ထဲမှာ နေရေးထိုင်ရေး စားရေးသောက်ရေးကအစ၊ ကိုယ်ဖိရင်ဖိ လိုက်လုပ်ပေးထားတော့လဲ တစ်နှစ်ဆိုတဲ့ကာလဟာ သူ့အတွက် ပေလီမှာ အနားယူ အပန်းဖြေသလိုနေမှာပေါ့···

အဲဒီလို ကျွန်တော့်အဖေဆန်စက်ကို မီးရှို့တာမအောင်မြင်ခဲ့တဲ့ အဲဒီပြိုင်ဘက်ဆန်စက်ပိုင်ရှင်က အတော်အခဲမကျေဖြစ်ပြီး တစ်နေ့မှာအလွန်ယုတ်မာတဲ့အကြံအစည်တစ်ခုကို ကျူးလွန်ခဲ့ပြန်တယ် · · ·

အဲဒီနေ့မနက်က ကားကို အဖေကိုယ်တိုင်မောင်းလာခဲ့ပြီး ဆန်စက်ရှေ့မှာ ခဏရပ်ထားခဲ့ပြီး ဆန်စက်ထဲဝင်ပြီးစစ်ဆေးနေခဲ့တယ် · · · အဲဒီအချိန်မှာ အဖေ့ကားအောက်ထဲက လူတစ်ယောက်ထွက်လာပြီး သုတ်သီးသုတ်ပြာနဲ့ ဆန်စက်ဝင်းထဲက ထွက်ပြေးသွားတာကို အမြဲသတိထားကြည့်နေတတ်တဲ့ဦးထွန်းအံ့က အမှတ်မထင်မြင်လိုက်မိတယ်··· အဲဒါနဲ့မသင်္ကာဖြစ်ပြီး ကားအောက်ထဲ ဝင်ကြည့်တော့ · · · လား · · · လား · · · ဟိုလူက ကားအောက်က ဘရိတ်ပိုက်ကို ဖြတ်ထားခဲ့တာကိုးဆရာ··· ဒါအဖေ့ ကုသိုလ်ကံကောင်းနေလို့သာပေါ့··· နို့မို့ အဲဒီနေ့မှာတင် သေရင်သေ · · · မသေရင် ဒဏ်ရာ အကြီးအကျယ် ရသွားနိုင်တယ်ဗျ · · · ဒါလုပ်ကြံမှုဘဲ မဟုတ်လားဆရာ··· ဒီတစ်ခါတော့ တရားခံမမိလိုက်ရလို့ သိသိကြီးနဲ့ ခံလိုက်ရပြန်တာပေါ့လေ · · ·

အဲဒီနေ့ကစပြီး ဦးထွန်းအံ့ တစ်ယောက် အဖေ့ရဲ့လူယုံတော် ကိုယ်ရေးအရာရှိဘဝကို စိုင်ကော်လို့ ခြေ

www.burmeseclassic.com

www.burmeseclassic.com

ရောက်သလို နေ့ချင်းညချင်းရောက်သွားတော့တာပါဘဲ··· ဆန်စက်ကိစ္စဘဲဖြစ်ဖြစ်၊ ငွေ ကြေးကိစ္စဘဲ ဖြစ်ဖြစ်ဘာမဆို ဦးထွန်းအံ့ကို စီမံခန့်ခွဲဖို့ပုံအပ်လိုက်တော့တာပါဘဲ··· ဘာကိစ္စမဆို ဦးထွန်းအံ့ ပြောရင်ပြီးတယ်··· သူ့မိန်းမ စကားထက် ဦးထွန်းအံ့ စကားက ပိုပြီး အရေးပါတယ်လေ···

အင်း··· အဲဒီလို ဦးထွန်းအံ့ဆိုတဲ့ လူကြီး အဖေ့တို့ အသိုင်းအဝိုင်းထဲ ဝင်ဆန့်လာတာဟာ ကျွန်တော့်ဘဝ အတွက် အလွန်တရာကြီးမားတဲ့ အန္တရာယ်ဆိုးကြီး တစ်ခုဖြစ်ခဲ့တော့တာပါဘဲ·· ဗျာ···

ဘယ်လို အန္တရာယ်ဆိုးကြီးလဲ··

ဩော် ဟုတ်ကဲ့ပါဆရာ·· အဲဒီ အန္တရာယ်ဆိုးအကြောင်း ကျွန်တော် ဆက်ပြောပြပါမယ်··· ဟုတ်ကဲ့··· ဆရာတဖြည်းဖြည်းသိလာမှာပါဗျာ···

အဖြစ်ကဒီလိုပါ·· ကျွန်တော်နှစ်နှစ်သားလောက်မှာတဲ့··· ဆန်စက်ပိုင်ရှင်တွေ ဂုဏ်ပြုညစာစားပွဲတစ်ခုက အပြန်ည(၁၁)နာရီလောက်မှာ အိမ်ပြန်လဲရောက်ရော အဖေဝုန်းကနဲလဲပြိုကျသွားပြီး သတိမေ့သွားခဲ့တယ်တဲ့··· ဦးထွန်းအံ့က မိသားစုဆရာဝန်ပြေးခေါ်လာခဲ့ပေမယ့် ဆရာဝန်ရောက်လာတဲ့အချိန်မှာ အဖေအသက် မရှိတော့ဘူးတဲ့ဆရာ·· နဂိုထဲက သွေးတိုးနဲ့ နှလုံးရောဂါအခံရှိနေတဲ့ အဖေဟာ ညစာစားပွဲမှာ လုပ်ဖော် ကိုင်ဖက်တွေနဲ့တွေ့လို့ စိတ်ပျော်နေတဲ့ အခိုက်အတန့်လေးမှာ သူ့ရောဂါနဲ့မတည့်တဲ့ အဆီအစိမ့်တွေစားပြီး အယ်လ်ကိုဟောပါ အမှတ်တမဲ့ သောက်မိရာက နှလုံးသွေးကြောပိတ်ပြီး သေရတာတဲ့ ဆရာ···

ကျန်ခဲ့တဲ့ အမေကလဲ ဆန်စက် ကိစ္စကို ဘာတစ်ခုမှ မယ်မယ်ရရ နားမလည်တော့ လုပ်ငန်းတစ်ခုလုံးကို ဦးထွန်းအံ့လက်ထဲ ထိုးအပ်လိုက်ရတော့တာပေါ့··· ဦးထွန်းအံ့အဖို့တော့ အဖေ ရှိစဉ်ကထဲက သူ့ခြေသူ့လက်ဖြစ်နေတော့ ဘာမှမခဲယဉ်းဘူးလေ··· နေ့ချင်း ညချင်းဆိုသလို ဆန်စက်ပိုင်ရှင်ဖြစ်လာတာပေါ့·· ဆန်စက်ထဲက အလုပ်သမားတွေကလဲ မျက်နှာလိုအားရ သူ့ဌေးလေး သူ့ဌေးလေးနဲ့ ပါးစပ်ကကို မချဘူး··· ဦးထွန်းအံ့ကတော့ပြုံးလို့ ဖိုးကျိူင်းတုတ်ကြီး ဖြစ်နေတာပေါ့လေ···

လူဆိုတာကလဲ အခက်သားဆရာရဲ့··· အဖေမရှိတော့တာနဲ့ ဆန်စက်ကအလုပ်သမားတွေက အမေ့ကိုသိပ်အရေးမလုပ်ချင်တော့ဘူး··· အမေ့ရှေ့ကျရင်တော့ ဟိုတုန်းကလို သူ့ဌေးကြီးကတော်ဆိုပြီး အားနာပါးနာခေါ်ကြတာပါ··· ကွယ်ရာကျရင်တော့ နောက်သလိုပြောင်သလိုနဲ့ "သူ့ဌေးလေးကတော်" ဆိုပြီး အားမနာလျှာမကျိုး လုပ်လာကြတော့တယ်··· ဒါအမေ့ကို ဦးထွန်းအံ့နဲ့ ပေးစားကြတာပေါ့ဆရာ··· အဲဒါကို အမေလဲ တဖြည်းဖြည်းကြားလာတယ်··· ဦးထွန်းအံ့လဲ သိလာတော့တာပေါ့··အင်း···ကြာတော့လဲ··· ဟို···တိုတိုဘဲပြောကြပါစို့ရဲ့ဆရာ·· အဲဒီတုန်းက အမေကအသက်သုံးဆယ်ကျော်ရုံလေးဘဲ ရှိသေးတော့ အရွယ်ကောင်းသေးတာပေါ့··· ဦးထွန်းအံ့ကျတော့ အမေ့ထက် ငါးနှစ်လောက်ငယ်တယ်··· ကျွန်တော်က ခုနှစ်နှစ်သားလောက်ရှိသေးတယ်··· ဦးထွန်းအံ့ကလဲ လူပျိုလူလွတ်ဖြစ်နေတာရယ်၊ အမေကလဲ အားကိုးရာမဲ့တဲ့ မုဆိုးမဖြစ်နေတာရယ်··· ပတ်ဝန်းကျင်ကလဲအလော်ကောင်းတာရယ် ပေါင်းလိုက်တော့လဲ အိုးသစ်အိမ်သစ်ထူထောင်ဖြစ်သွားကြတယ်ဆိုပါတော့ဆရာရယ်···

အင်း··· လောကမှာ ပထွေးကောင်းမရှိဘူးလို့တော့ ကျွန်တော် မျက်စိမှိတ်ပြီး မစွပ်စွဲချင်ပေမယ့် ဦးထွန်းအံ့ ကတော့ တကယ့်ပထွေးကောင်းတစ်ယောက် ဟန်ဆောင်ထားတဲ့ လူယုတ်မာကြီးဘဲဆရာ···

ဗျာ···

ဘာဖြစ်လို့လဲ···

ဟုတ်ကဲ့ပါဆရာရယ်···

ကျွန်တော် အဲဒါကိုဘဲ ပြောနေတာပါ။ မကြာပါဘူးဆရာ···ခဏနေရင် ဦးထွန်းအံ့ရဲ့ ဇာတိရုပ် ပေါ်လာတော့မှာပါ···

ကျွန်တော်စကားနဲ့နဲ ကျန်သွားတယ်··· အမေမှာ အားကိုးရာမရှိဘူးဆိုပေမယ့် အမေမှာ အစ်မကြီးတစ်ယောက်တော့ ပဲခူးမှာရှိသေးတယ်··· အမေ့ထက်ဆယ်နှစ်လောက်ပဲကြီးပေမဲ့ ကျန်းမာရေးမကောင်းတော့ ဘယ်မှ ဝေးဝေးလံလံ မသွားနိုင်ဘူးတဲ့···· အမေကဘဲ မကြာခဏသွားတွေ့ပြီး လိုအပ်တာ ထောက်ပံ့ပေးရတယ်··· ပဲခူးသွားတိုင်း ကျွန်တော့်ကိုခေါ်ခေါ်သွားတယ်··ကြီးဒေါ်ကြီးက ယောက်ျားဆုံးပြီးထဲက တူမတစ်ယောက်နဲ့ နေရ

www.burmeseclassic.com

www.burmeseclassic.com

တာတဲ့… သားသမီးကလဲ မထွန်းကားခဲ့တော့ ကျွန်တော့်ကို သူ့သားအရင်းလို အရမ်းချစ်ရှာတယ်… အမေမလာတာ နဲနဲကြာရင် လူကြုံနဲ့လှမ်းမှာတယ်… အမေမအားရင် ကျွန်တော့်ကိုလူကြုံနဲ့ ထည့်ပေးလိုက်ဖို့ မကြာခဏလှမ်းမှာ တယ်… အမှန်ကပဲခူးဆိုတာ ရန်ကုန် နဲ့နီးတယ်ဆိုပေမယ့် ကျွန်တော်တို့ဖျာပုံ ကနေ ရေတစ်တန် ကုန်းတစ်တန်သွား ရတာဆိုတော့ ခရီးနဲနဲ ထောက်တာ ပေါ့… ဒါပေမဲ့ ကျွန်တော်အသက် (၁၂)နှစ်ကျော်လာတော့ ပဲခူးသွားမဲ့ အသိတစ်ယောက်လောက် တွေ့ရင် ကျွန်တော့်ကို စိတ်ချလက်ချထည့်ပေး တော့တာပါပဲ…

ဒီလိုနဲ့ ကျွန်တော့်အသက်(၁၇) နှစ်ထဲရောက်လာ ပဲခူးဆိုတာအိမ်ဦးနဲ့ ကြမ်းပြင်လို တစ်ယောက်ထဲသွားတတ် လာတတ်ဖြစ်လာပြီပေါ့ဆရာ… ဒီလို နဲ့ တစ်နေ့မှာဆိုပါတော့…ဟုတ်ကဲ့… တစ်နေ့ဟာ ကျွန်တော့်တစ်သက်တာ မှာ ဘယ်လိုမှမေ့ပျောက်လို့မရတဲ့ နေ့ တစ်နေ့လို့ဆိုရမယ်၊ ဘာဖြစ်လို့လဲ ဆို တော့ အဲဒီနေ့ဟာ ကျွန်တော့်ဘဝတစ်ခု လုံးကို ဂွမ်းထိုးမှောက်ခုံဖြစ်စေခဲ့လို့ပါပဲ။

ဟုတ်ကဲ့… အဲဒီနေ့က ကျွန် တော်ပဲခူးသွားမယ်လုပ်တော့ ဦးထွန်းအံ့ ကသူလဲ အင်းစိန်က ဆန်ကုန်သည် တစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားလို့ဆိုပြီး အင်းစိန်စော်ဘွားကြီးကုန်းက အဝေး ပြေး ကားဂိတ်အထိလိုက်ပို့ပြီး ပဲခူးကား ပေါ်တင်ပေးတယ်… ပဲခူးကား ဆိုပေ မယ့် အမှန်က တောင်ငူအထိသွားမယ့် ကားပါ… ဟီးနိုးကြီးပေါ့… ကျွန်တော့် လို ပဲခူးမှာဆင်းမယ့် လူသုံးယောက် လောက်ပါတယ်… ကားထွက်ခါနီး တော့ ဦးထွန်းအံ့က ကြီးဒေါ်အတွက် ရွှေပုစွန် ကိတ်မုန့်တစ်ဘူးနဲ့ ဓာတ်ဘူး တစ်ဘူးလှမ်းပေးလိုက်တာ… ကော်ဖီ တွေတဲ့… ကျွန်တော်လမ်းမှာ သောက် ရအောင်ပေးလိုက်တာ… အဲဒီတုန်းက ကျွန်တော့်စိတ်ထဲ အတော်လေး ကျေနပ်မိတယ်… ဦးထွန်းအံ့ကြီးက တော်သားပဲပေါ့လေ…

ဟ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ ဆိုသလို စော်ဘွားကြီးဂိတ်က ကား ထွက်ပြီး လှည်းကူးဝင်ခါနီးမှ မင်းသား ခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်က ဘွားခနဲ ပေါ်လာတော့တာကိုး ဆရာ ရဲ့… တစ်ခုတော့ရှိတယ်… ကံ ကံ၏အကျိုးလို့ဆိုရမလား… ဗုဒ္ဓရဲ့ တန်ခိုးအာနိသင်လို့ဘဲ ပြောရမလား တော့မသိဘူး… ကျွန်တော်က ခရီး သွားရင် ကြီးဒေါ်ကြီး နှုတ်တိုက်သင် ပေးတဲ့ သမ္ဗုဒ္ဓေဂါထာတော်ကို အမြဲ ရွတ်ဖတ်သွားနေကျလေ… အဲဒါ ကြောင့်များ အန္တရာယ်ကင်းကြောင်း ပြောတာများလား မပြောတတ်တော့ ဘူး…

အဲဒီနေ့က ကျွန်တော့်ထိုင်ခုံနံပါတ် က(၅)ဆိုတော့ ပြတင်းပေါက်ဘေးမှာ နေရာရတယ်… ကားစထွက်တာနဲ့ ကျွန်တော်ဘေးနံပါတ် (၆)ထိုင်ခုံမှာထိုင် တဲ့ လူကြီးတစ်ယောက်က ကျွန်တော့်ကို လက်တို့ပြီး သူ့အသက်ရှုမဝလို့ လေ ကောင်းကောင်းရအောင် ပြတင်းပေါက် ဘေးပြောင်းထိုင်ပါရစေလို့ လေသံပျော့ ပျော့နဲ့ပြောတယ်… သူ့ကြည့်ရတာ ကလဲ မျက်လုံးတွေစင်းပြီး ခေါင်းမူးနေ တဲ့ပုံပဲ… ဝေဒနာလဲ အတော်ခံစား နေရတယ်… ဒါနဲ့ ကျွန်တော်လဲကိုယ် ချင်းစာပြီး ကျွန်တော့်နေရာ ပြတင်း ပေါက်ဘေးမှာ သူ့ကို ထိုင်ခိုင်းလိုက် တယ်… ကျွန်တော်ကတော့ သူ့နေရာ မှာပေါ့…

ဒါနဲ့အတော်လေးကြာတော့ အဲဒီ လူပြတင်းပေါက်မှန်ကိုမှီပြီး တစ်ခေါခေါ နဲ့ အိပ်ပျော်သွားတာတွေ့ရတယ်… ထောက်ကြန့်မှာ ကားအတော်ကြာကြာ ရပ်တုန်းကလဲမနိုးဘူး… တောက် လျှောက်အိပ်ပျော်နေတယ်… လှည်း ကူးရောက်ခါနီးမှအဲဒီလူနိုးလာပြီး လက် ဆွဲအိတ်ထဲက ဆေးဖြူပြားတစ်ပြား တုတ်တယ်…ကျွန်တော့်ဘက်လှည့်ပြီး သောက်ရေ မရှိဘူးလားမေးတယ်… ကျွန်တော်က မရှိဘူးလို့ ပြောလိုက် တယ်… နောက်မှသောက်ဖို့မေ့နေတဲ့ ကော်ဖီဓာတ်ဘူးကိုသတိရပြီး ရေတော့ မရှိဘူး… ကော်ဖီနဲ့သောက်မလားလို့ မေးလိုက်တယ်… အဲဒီလူက ခေါင်း ညိမ့်ပြတာနဲ့ ဓာတ်ဘူးအဖုံးထဲမှာ ကော် ဖီသုံးပုံနှစ်ပုံလောက်ထည့်ပြီး ပေးလိုက် တယ်… အဲဒီလူက ကျေးဇူးတင် ကြောင်းပြောလိုက်ပြီး ဂွတ်ဂွတ်နဲ့ဝါးသံ ကြားရတယ်… ပြီးမှကော်ဖီကို တဖြည်း ဖြည်းနဲ့ကုန်အောင် မော့သောက်လိုက် တယ်…

ကျွန်တော်လဲ ဓာတ်ဘူးခွက်ပြန်ယူ ဖို့ လက်လှမ်းလိုက်တာကို အဲဒီလူက မပေးဘဲ အောက်ကိုခွပ်ခနဲမြည်အောင် လွှတ်ချပစ်လိုက်တယ်… ကျွန်တော်လဲ ဒေါသထောင်းခနဲဖြစ်သွားပြီး အဲဒီလူ

www.burmeseclassic.com

www.burmeseclassic.com

ကိုလှည့်ကြည့်လိုက်တော့ ကိုယ့်မျက်စိကိုယ်မယုံနိုင်အောင်ကို လန့်ဖြန့်သွားမိတယ်… ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီလူဟာထိုင်ခုံနဲ့ ပြတင်းပေါက်မှန်ကြားမှာ မျက်ဖြူလန်ပြီး ဇက်ကြီးကျိုးကျနေတာတွေ့လိုက်ရလို့ပါဘဲ… သူ့ပါးစပ်ထဲကလဲ အမြှုပ်တစ်စီစီ ထွက်ကျနေတာမြင်လိုက်ရတော့ ကျွန်တော်လဲ ကားစပါယ်ယာကို လှမ်းခေါ်မလို့အလုပ်မှာ ဒိန်းခနဲတစ်ဖုံးဖုံးအသံတွေ ကြားလိုက်ရပြီး ကျွန်တော့်မျက်စိရှေ့မှာ အမည်းရောင်ကတ္တီပါကန့်လန့်ကာကြီးတစ်ခုနဲ့ ဖုံးအုပ်ခံလိုက်ရသလို တစ်လောကလုံးကို မေ့သွားတော့တာပါပဲဆရာ…

အချိန်ဘယ်လောက် ကြာသွားတယ်မသိဘူး… ကျွန်တော့်အနားက စကားပြောသံကြားမှ သတိရလာတယ်… စကားပြောနေကြတာ မိန်းမနှစ်ယောက်ရဲ့အသံဘဲ…

"တော်သေးတာပေါ့ ဆရာမရယ် ကားတစ်စီးမှောက်တာတောင် လူတစ်ယောက်ထဲသေတာဆိုတော့လေ…"

"သြော် ဒါဆို အဲ့ဒီသေတဲ့ တစ်ယောက်က ကံဆိုးသူ မောင်ရှင်ပေါ့နော်… ဒါနဲ့ အဲ့ဒီသေတဲ့လူက ဘယ်သူတဲ့လဲဆရာမ"

"ကိုသီဟာတဲ့"

ကျွန်တော့်ရင်ထဲ ဒိန်းကနဲမြည်သံကြားလိုက်ရတယ်ဆရာ သေတဲ့လူက ကိုသီဟာဆိုပါလား… သီဟာဆိုရင် ကျွန်တော်ပေါ့…ဒါ…ဒါဆိုငါ… ငါသေနေပြီလား …

ကျွန်တော် ကယောင်ကတန်းနဲ့ ကိုယ့်ကိုယ်ကို လျှောက်စမ်းနေမိတယ် ဒီလိုဆိုတော့လဲ အကောင်းပကတိပါဘဲလား… ခေါင်းရောခြေရောလက်ကော အစုံအလင်ရှိနေတာဘဲ… ဘယ်မှာသေလို့လဲ…

နှာခေါင်းထဲမှာ စိမ်းရှရှအနံ့တစ်ခု တိုးဝင်လာတယ်။ ဒီအနံ့မျိုး အရင်က ရှူဖူးပါတယ်… ဘယ်မှာပါလိမ့်… တစ်လောကလုံး ပိန်းပိတ်အောင်မှောင်နေတယ် သြော် ဟုတ်ပြီ… ဒါဆေးရုံကပိုးသတ်ဆေးအနံ့ဘဲ… ဒါဆို…

ကျွန်တော့်မျက်စိတွေ အလိုလိုဖွင့်မိရဲ့သားဖြစ်သွားတယ်… မြင်ကွင်းထဲမှာ ထမီအနီရောင်ဝတ်ထားတဲ့ နပ်စ်မလေးနှစ်ယောက်ပေါ်လာတယ်ဆရာ…

"ဟော သတိရပြီလား ကိုရဲနိုင်"

နပ်စ်မလေးတစ်ယောက်က မေးတယ်… သတိရလာပြီလား… ပြီးတော့ကိုရဲနိုင်တဲ့ … ကျွန်တော့်ကိုခေါ်တာများလား… ကျွန်တော်ဘေးဘီကိုစောင်းငဲ့ကြည့်မိတယ်… ကျွန်တော့်ရဲ့ဘယ်ဘက်ဘေးမှာ ဖြူဖွေးတဲ့ ကြွေပြားတွေ ကပ်ထားတဲ့ နံရံဘဲရှိတယ် … ကျွန်တော့်ညာ လေးပေလောက်မှာတော့ ခုတင်တစ်လုံးပေါ်မှာ အဘိုးကြီးတစ်ယောက် အိပ်ပျော်နေတာတွေ့ရတယ်…

"ဒီမှာကိုရဲနိုင်… ကျွန်မမေးနေတာ ကြားရရဲ့လား… သတိရပြီလားလို့…"

"ခင်ဗျား… ကျွန်… ကျွန်တော့်နာမည်က…"

"ဟော တကယ်သတိရလာပြီ… ကဲ ထထ … အနာမြန်မြန်ကျက်အောင် ဆေးတစ်လုံးသောက်လိုက်"

နပ်စ်မလေးက ပြောပြောဆိုဆို ကျွန်တော့်ကိုပွေ့ထူလိုက်ပြီး ခေါင်းရင်းကုတင်က ခေါင်းအုံးမှာမှီထားတယ်… ကျန်နပ်စ်မလေးက လက်ထဲကဆေးဖြူပြားတစ်ပြားကို ကျွန်တော့်ပါးစပ်ထဲထိုးထည့်ပြီး ရေတိုက်တယ်ဆရာ…

"ကဲ ခဏနေရင် ပြန်လှဲနေလို့ရပါပြီ ကိုရဲနိုင်…

သြော် ရှင့်ဒဏ်ရာက ဘာမှ စိုးရိမ်စရာမရှိဘူးနော်… ကား မှောက်တုန်း ရှင့်ခေါင်းနဲ့ ရှေ့ထိုင်ခုံပေါ်က သံတိုင်နဲ့ ဆောင့်မိရုံလေးပါ…"

ကျွန်တော်က ကိုယ့်ခေါင်းကိုယ် ကိုင်ကြည့်မိတယ်… ဟာ ပြောတော့သာ သံတိုင်နဲ့ဆောင့်ရုံလေးတဲ့ ဆရာရယ်… ခုတော့ကျွန်တော့်တစ်ခေါင်းလုံး ပတ်တီးအထပ်ထပ်နဲ့ဆရာ… ဘယ်နှစ်ချက်များချုပ်လိုက်ရလဲမသိဘူး … ကျွန်တော့်ခေါင်းထဲက စစ်ခနဲနာသလို ခံစားမိလို့ မျက်လုံးတွေမှိတ်ထားလိုက်မိတယ်… "ဒါနဲ့ အဲ့ဒီကိုသီဟာအလောင်း ရောက်လာတဲ့နေ့က တာဝန်ကျဆရာဝန်ပြောတာက ကားထိုင်ခုံနောက်မှီနဲ့ ပြတင်းပေါက်ကြားညှပ်မိတဲ့ ဒဏ်ရာကြောင့် သေရတာလို့ပြောတယ်…"

နပ်စ်မ တစ်ယောက်ရဲ့ အသံကြောင့် ကျွန်တော် မျက်စိတစ်ဝက်ဖွင့်ကြည့်မိတယ်… တစ်ယောက်ကအိပ်ပျော်နေတဲ့အဘိုးအိုကြီးရဲ့ ခုတင်ဘေးမှာရပ်ပြီး ခေါင်းရင်းဘေးကတိုင်မှာချိတ်ထားတဲ့ ဂလူးကိုစ်ပုလင်းကိုအသစ်လဲပေးနေတာတွေ့ရတယ်… ကျန်တစ်ယောက်က အဘိုးကြီးရဲ့ခြေသလုံးကို ဆေးထည့်ပေးနေတယ်…

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ…

အဲဒါကြောင့် သေတာဘဲဟာ"

"ဟင့်အင်း… ဒီမနက် ခွဲစိတ်ဆရာဝန်ဆရာဝန်ရဲ့ အစီရင်ခံစာက တစ်မျိုးတဲ့…"

"ဟုတ်လား… ဘယ်လိုတဲ့လဲ"

"အဲဒီ ကိုသီဟဆိုတာ ကားမမှောက်ခင်ထဲက အဆိပ်မိပြီးသေနေတာတဲ့…"

"ဟယ် ဟုတ်လား"

ကျွန်တော့် ခေါင်းနား ပန်းပုတ်လောက်ကြီးသွားတယ်လို့ ထင်လိုက်မိတယ်ဆရာ… ရင်ထဲမှာလဲ တင်းကျပ်လာပြီး တစ်ကိုယ်လုံးက ရှိသမျှသွေးကြောတွေ ပြောင်းပြန် စီးဆင်းသွားသလို မူးမေ့မတတ် မိုက်ခနဲဖြစ်သွားမိတယ်… လက်တွေခြေတွေ ကတုန်ကယင်နဲ့ တစ်ကိုယ်လုံးချွေးစေးတွေထွက်လာမိတယ်… ကျွန်တော့်ဦးနှောက်ထဲမှာလဲ ဝင်းခနဲလက်ခနဲနဲ့ လျှပ်စစ်လှိုင်းတွန့်များတွင် ကျွန်တော်လုံးဝတွေးထင်မထားတဲ့ပုံရိပ်တွေကို လင်းခနဲမြင်လိုက်မိတယ်ဆရာ…

ဟုတ်ပါတယ်ဆရာ… အခြေအနေအားလုံးကို သိမြင်လိုက်ရတာနဲ့တပြိုင်နက် ကျွန်တော့်ပထွေး ဦးထွန်းအံ့အပေါ်မှာ မုန်းတီးနာကြည်းစိတ်တွေနဲ့ ပြန်ကလဲ့စားချေမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုလဲ တပါထဲချမိရဲ့သားဖြစ်သွားတယ်ဆရာ… ဒါလောက်ဆိုဆရာလဲ ဦးထွန်းအံ့ရဲ့ ကောက်ကျစ်ယုတ်မာပုံကို ရိပ်မိရောပေါ့…

ဟုတ်ကဲ့… သူ့အကြံပက်စက်ပုံကရှင်းပါတယ်ဆရာ ကျွန်တော့်အဖေရဲ့ ပစ္စည်းတွေကို အပိုင်သိမ်းလိုက်နိုင်တဲ့အပြင် ကျွန်တော့်အမေကိုပါ မတရားအရယူခဲ့တဲ့ ဦးထွန်းအံ့က ဒီလောက်နဲ့ မကျေနပ် မတင်းတိမ်နိုင်သေးဘူးဆရာ၊ နောက်တစ်ချိန်မှာသူ့လက်ထဲကစည်းစိမ်ဥစ္စာတွေကို ဒုက္ခပေးလာမဲ့ ကျွန်တော့်လို မယားပါသားကို စောစောစီးစီး အပြတ် ရှင်းပစ်လိုက်တဲ့ မဟာစီမံကိန်းကြီးပေါ့ဆရာ…

ကြည့်လေဆရာ… ဒီလူဘယ်လောက်ရက်စက်လဲ… ကော်ဖီထဲမှာ အဆိပ်ခတ်ပြီးမှ စေတနာ ဗလပွနဲ့ သေမင်းဓါတ်ဘူးကို ပေးလိုက်တယ် မဟုတ်လား…

ဒါပေမဲ့ ကျွန်တော့်ကို သေမင်းက လက်မခံချင်သေးလို့လား မသိဘူး… ကံဆိုးသူ ရဲနိုင်ဆိုတဲ့ လူရောက်လာပြီး နေမကောင်းဖြစ်ပြီး ကျွန်တော့်ထိုင်ခုံမှာ ဝင်ထိုင်တယ်… နောက် ကျွန်တော့်အတွက် ဦးထွန်းအံ့ ထည့်ပေးလိုက်တဲ့ ကော်ဖီကိုသောက်ပြီး ကျွန်တော့်ကိုယ်စားအသေခံသွားရ ရှာတယ်လေ… ကားလက်မှတ်ဝယ်တုန်း ခရီးသည်နာမည်နဲ့ ရောင်းတာဆိုတော့ ကျွန်တော့် ထိုင်ခုံနံပါတ်(၅)မှာသေနေတဲ့ ကိုရဲနိုင်ကိုကားလက်မှတ်ဇယားနံပါတ်အရ မောင်သီဟဆိုတော့ ကျွန်တော် သေတာလို့တဲ ထင်သွားတာပေါ့ဆရာ၊ခုံနံပါတ်(၆)မှာဒဏ်ရာနဲ့တွေ့တာပေါ့ကျွန်တော့်ကိုလဲသက်ဆိုင်ရာကကိုရဲနိုင်လို့ယူဆသွားတော့တာပေါ့

ဒါကိုဆေးရုံပေါ်မှာ သေချာစဉ်းစားကြည့်တော့…… ဘာဘဲပြောပြော ဦးထွန်းအံ့ရဲ့အကြံအစည် အထမြောက်အောင်မြင်သွားတယ်လို့ ဆိုရတော့မှာပေါ့ဆရာ… ဟုတ်တယ်လေဆရာ… စဉ်းစားကြည့်… ကျွန်တော်ပဲခူးရောက်မလာတဲ့အကြောင်းကို ကြီးဒေါ်ကြီးဆီက လူကြုံနဲ့လှမ်းမေးခိုင်းတဲ့သတင်းက ကျွန်တော်တို့ဖျာပုံကို လေးငါးခြောက်ရက်လောက်ကြာမှ ရောက်မှာမဟုတ်လား… ဒီတော့မှ အခြေအနေကိုရိပ်မိနေတဲ့ ဦးထွန်းအံ့က အဲဒီနေ့က ကားမှောက်တဲ့သတင်းအရ လှည်းကူးဆေးရုံမှာစုံစမ်းတော့ မောင်သီဟဆိုတာကို ပိုင်ရှင်မဲ့အလောင်းအဖြစ် သင်္ဂြိုဟ်လိုက်ပြီးကြောင်းသိရတော့မှာပေါ့… ဦးထွန်းအံ့အနေနဲ့တော့ အောင်ပြီ အောင်ပြီနဲ့ ကြွေးကြော်လို့ခုံးပါတော့မလား…

ဟုတ်တယ်… ဆရာမေးတာမှန်တယ်…ကျွန်တော့်ဇာတ်လမ်းက ဆေးရုံမှာအဆက်ပြတ်နေတာကိုး… ဒီလိုပါဆရာ… ကျွန်တော့် ခုတင်ဘေးက အဘိုးကြီးက ရှမ်းပြည်နယ်က ပဲခူးဘုရားဖူးလာရင်း ကားမှောက်တာနဲ့ ကြုံခဲ့ရပြီး သူ့ရဲ့ဘယ်ဘက်ခြေသလုံးရိုးနဲ့ အက်သွားလို့ ကျောက်ပတ်တီးစီးထားရတယ်… ဆေးရုံမှာအပေါ့အလေးသွားဖို့ ကျွန်တော်ဘဲ သူ့ကိုတွဲပို့တွဲခေါ်လုပ်နေရတာလေ…

တစ်နေ့တော့သူကမေးတယ်… သူ့နာမည်က ဦးခမ်းထီတဲ့ ကျွန်တော့်ကို ဘယ်ပြန်ရမှာလဲတဲ့…မေးတယ်၊ အဲဒီအချိန်မှာ ကျွန်တော် ဘယ်နည်းနဲ့မှ ဖျာပုံပြန်လို့ မဖြစ်တော့ဘူးလေ… အမေ့ကို သနားပေမယ့် အိမ်ပြန်သွားတာနဲ့ ကိုယ့်ကိုယ်ကို သေမင်းလွှက်ဝကွက် အပ်လိုက်သလိုဖြစ်သွားတော့မှာဆရာ… ဒီလူကြီးကို ဂလဲ့စား

www.burmeseclassic.com

www.burmeseclassic.com

ပြန်ချေဖို့ဆိုတာကလဲ အချိန်နဲ့နဲ့တော့ စောင့်မှဖြစ်မှမဟုတ်လား・・・ ဒါပေမဲ့ ဝေးဝေးကစောင့်မှဖြစ်မယ်လေ・・・

ဒါကြောင့်ကျွန်တော်က အတိတ်မေ့ချင်ဟန်ဆောင်ပြီး ဦးခမ်းထီကိုဘာမှမမှတ်မိတော့သယောင် ပြောပြလိုက်တယ် ကျွန်တော့်ခေါင်းမှာကလဲ ပတ်တီးအထပ်ထပ်နဲ့ဆိုတော့ သူကယုံကြည်သွားပြီး သူ့ကို ရှမ်းပြည်လိုက်ပို့ပေးနိုင်မလားလို့မေးတယ်

ကဲ ကြည့်・・・တိုင်းရက်တဲ့ ကမ္ဘာလာ မိုးရွာသည်နှင့် အဆင့်သင့်ဆိုသလို အခြေအနေက ကျွန်တော်လိုချင်တာနဲ့ ကွက်တိဖြစ်နေတာပေါ့ ဆရာရယ်・・ ဘာပြောကောင်းမလဲ・・・ ကျွန်တော် ချက်ချင်းခေါင်းငြိမ့်ပြလိုက်တာပေါ့・・ သူကလဲ ကျောက်ပတ်တီးကြီးနဲ့ဆိုတော့ အဖော်လိုနေသလို ကျွန်တော်ကလဲ ကိုယ့်ကိုယ်ကိုဇာတ်မြုပ်ဖို့ စဉ်းစားနေတာဆိုတော့ တစ်ခါတည်းသူနဲ့လိုက်သွားခဲ့ရတော့တာပေါ့ဆရာ・・・

ဟ ရှမ်းပြည်ရောက်မှသိတယ်・・ ဒီဦးခမ်းထီဆိုတာက ဖါးကန့်ကကျောက်တွင်းသူဌေးလေးဖြစ်နေတာကိုး・・・ အနေအထိုင် အဝတ်အစားကလဲ ရိုးရိုးရယ်・・・ ကားတစ်တန် ရထားတစ်တန်နဲ့လမ်းခရီးတစ်လျှောက်စားတာသောက်တာလဲ ဖြစ်သလိုစားပြီးလိုက်ခဲ့တဲ့လူဘဲ၊ ကျွန်တော့်စိတ်ထဲတော့ သာမန်တောင်သူ တစ်ယောက်ဘဲ ထင်ထားခဲ့တာ၊ အေးလေ၊ ဒီလိုနေထိုင်စားသောက်ခဲ့လို့လဲ သူဌေးဖြစ်နေတာထင်ပါရဲ့・・・

ဖားကန့်က သူ့အိမ်ရောက်တော့ ကျွန်တော့်ကိုမပြန်နဲ့ဦး ပျော်သလောက်နေဆိုတာနဲ့ ကျွန်တော်စားလိုက်သောက်လိုက်နဲ့ တစ်ပတ်လောက်အနားယူနေလိုက်သေးတယ်・・・ နောက်တော့သူ့ကျောက်ကျင်းတွေထဲမှာ အလုပ်ဝင်လုပ်ဖြစ်သွားတာ သုံးနှစ်လောက်ကြာသွားတယ်・・・

ဘစ်နေ့မှာ ကျောက်ကိစ္စတစ်ခုခုနဲ့ မန္တလေးတက်လာတုန်း သတင်းစာမှာ ကျွန်တော်အမေ နာရေးကြော်ငြာမြင်လိုက်လို့ တစ်ကိုယ်လုံး သွေးလည့်ပတ်မှုရပ်ဆိုင်းသွားသလို တုန်လှုပ်မိသွားတယ်・・・ဪ・・・အမေ အမေ・・ ဘာရောဂါနဲ့ ဘာကြောင့်သေသွားရတာပါလိမ့်・・ မသေခင်ကျွန်တော်တမ်းတနေခဲ့ရှာမှာဘဲ・・・ ဆုံးတာမှမနေ့က၊ မနက်ဖြန်နေ့လည်(၁၂)နာရီသင်္ချိုဟ်မှာတဲ့・・・ ကွ

ကျွန်တော်ချက်ချင်းဆုံးဖြတ်ပြီး ညနေထွက်မဲ့လေယာဉ်နဲ့ ရန်ကုန်ကိုဆင်းခဲ့တယ်・・・ စဥ်အိုးတန်းဆိပ်ကမ်းကနေဖျာပုံကို ညထွက်တဲ့ သင်္ဘောနဲ့လိုက်လာတယ်・・・ ပုံမှန်မနက်(၁၀)နာရီဝင်ရမယ့် သင်္ဘောကစက်ချို့ယွင်းလို့ နေ့လည်(၁၂)ခွဲကျော်မှဝင်လာတယ်・・・ ဆိုက်ကားတစ်စီးနဲ့ ကမန်းကတန်းလိုက်သွားတာ အမေ့ကို သင်္ချိုင်းဇရပ်မှာ သရဏဂုံတင်ပြီးလို့ မြေကျင်းဆီကိုတောင် သယ်သွားနေကြပြီ・・・

အမေ့ကိုမြေမကျခင် အခေါင်းဖုံးဖွင့်ပြီး နောက်ဆုံးအကြိမ် နှုတ်ဆက်ကြည့်ကြည့်နေကြတဲ့အချိန်မှာ ကျွန်တော်ရောက်သွားတယ်・・・ အို・・・ အမေရယ်・・・ အမေ့အသားအရေတွေကလဲ နဖတ်စိုပြေနေတုန်းပါဘဲ・・・ အိပ်နေသလိုပါလားနော်・・・ ကျွန်တော်လက်အုပ်ချီပြီး မတ်တပ်အနေအထားနဲ့ ဦးသုံးကြိမ်ချလိုက်တယ်・・・ ပြီးတော့ အခေါင်းဖုံးခါနီးလေးမှာ အမေ့မျက်နှာက ကျွန်တော့်ကို တစ်ခုခုပြောနေသလိုခံစားမိလိုက်တယ်・・・ ဒါပေမဲ့အမေဘာပြောချင်နေမှန်း ကျွန်တော်မသိဘူး・・・

ဗျာ ဆရာ・・・ဦးထွန်းအံ့လား・・ မြင်တာပေါ့・・ ကျွန်တော့်ကိုသူကောင်းကောင်းမြင်တာပေါ့・・・ ဒါပေမဲ့သူဘယ်လိုမှ မှတ်မိနိုင်စရာမရှိဘူးလေ・・・ ကျွန်တော်က ရှမ်းလူမျိုးလိုဝတ်ထားတဲ့အပြင် နှုတ်ခမ်းမွှေးနဲ့ နေကာမျက်မှန်အနက်ပါတပ်ထားတာဆိုတော့ အမေ့အသိအကျွမ်းထဲက ရှမ်းတစ်ယောက်အသုဘလာပို့တယ်လို့ဘဲထင်မှာပေါ့။

အမေ့အလောင်းကို မြေချပြီးလို့ မြေကျစ်စာခဲလေးတွေနဲ့ တစ်ယောက်တစ်လက်ပိုင်းမြေဖို့ကျတဲ့အခါမှ ဦးထွန်းအံ့ရဲ့နံဘေးမှာရပ်နေတဲ့ အမျိုးသမီးတစ်ယောက်ကို သတိပြုမိတော့တယ် ဆရာ ဘေးကလူတစ်ယောက်ကို မသိမသာမေးကြည့်တော့ အဲဒီလူကမဲ့ရွဲ့ပြီး ပြောလိုက်တယ်・・・ သူ့စကားက ကျွန်တော်ခေါင်းကို ဒိုင်းခနဲမိုးကြိုးပစ်လိုက် ခံစားသွားရတယ်・・・ ဟုတ်ကဲ့ဆရာ・・・ အဲဒီလူပြောပြတာက အဲဒီ အမျိုးသမီးဟာ ဦးထွန်းအံ့ရဲ့မယားငယ်တဲ့ ဆရာ။

ကြည့်စမ်းဆရာ・・・ ဘယ်လောက်ဆန်ကောလောက်မှ ဇောက်မနက်တဲ့ လူလဲလို့ ・・・ ပဌမ ကျွန်တော့်ကို အသေသတ် အပြတ်ရှင်းပစ်တယ်・・ ဒုတိယနောက်မိန်းမတစ်ယောက် ပြောင်ပြောင်တင်းတင်းကောက်ယူပြီး အမေ့

www.burmeseclassic.com

ကိုတစ်နန့်ဝေဒနာပေးပြီး စိတ်ခါတ်စစ် ဆင်ရေးနဲ့ အသေသတ်ပြန်တယ်...

ကဲ ဆရာဘဲစဉ်းစားကြည့်တော့ ဒီလိုယုတ်မာကောက်ကျစ်တဲ့ ကိစ္စမျိုး ကို ဘယ်လိုလူမှ သည်းခံနိုင်တော့မ လဲ... ကျွန်တော့်ရင်ထဲမှာ ဒေါသမီး တွေတစ်ငွေ့ငွေ့နဲ့ တအားဘလောင်ဆူ လာတယ်... ဘယ်လိုဘဲဖြစ်ဖြစ် ဒီ လူယုတ်မာကိုတော့ ဂလဲ့စားချေမှဖြစ် တော့မယ်... ကျွန်တော်ချက်ချင်းလက် ငင်းဘဲ အမေ့မြေပုံနဘေးမှာ အမေ့ကို တိုင်တည်ပြီး ဆုံးဖြတ်ချက်ချလိုက်မိ တယ်ဆရာ...

ကျွန်တော်အဲဒီ ညတည်းခိုခန်းတစ် ခုမှာအိပ်ပြီးနောက် တစ်နေ့မနက်(၉) နာရီခွဲလောက်မှာ သင်္ဘောဆိပ်နားက တယ်လီဖုန်းနဲ့ ဦးထွန်းအံ့အိမ်ကို ဆက် သွယ်ကြည့်တယ်...... ကံကောင်း ချင်တော့ ဦးထွန်းအံ့နဲ့ တိုက်ရိုက်တွေ့ တယ်... တွေ့တယ်ဆိုရင်ဘဲ ကျွန်တော် ကသူ့ကို "ဖေဖေလား... ကျွန်တော် သားပါ... မောင်သီဟပါ" လို့ပြောလိုက် တော့ ဦးထွန်းအံ့က "ဟေ့ မင်းတို့တယ် သူတွေ စောစောစီးစီးလာနောက်နေကြ တာလဲကွ... ငါ့သားသေတာသုံးနှစ်ရှိ ပြီကွ သုံးနှစ်ရှိပြီကွ..." လို့ပြန်ပြော တယ်... ကျွန်တော်က" ဟာ ဖေဖေ ကလဲ သားမသေပါဘူး... ရှမ်းပြည်မှာ ကျောက်သွားတူးနေတာပါ... အခု ရတနာတွေရလာလို့ ဖေဖေနဲ့မေမေ တို့ကိုကန်တော့ဖို့လာတာပါ" လို့ ပြန်ပြော လိုက်တယ်...၊ ဦးထွန်းအံ့ ဘက်က ခဏ အသံတိတ်သွားပြီး ခဏနေမှ "အင်း...မင်းအသံကတော့ ငါ့သား သီဟအသံနဲ့ တစ်ထပ်တည်းတူတာ တော့ အမှန်ဘဲကွ...ဒါပေမယ့် ဒါလုံးဝ မဖြစ်နိုင်တဲ့ကိစ္စဘဲ... ကဲ ကဲ... ထားပါတော့... မင်းကမသေဘဲ ပြန်လာတယ်ဘဲဆိုပါတော့... ဘာလို့ အိမ်ကို ပြန်မလာဘဲ တယ်လီဖုန်းဆက် နေရတာလဲကွ... ပြောစမ်းပါဦး..." ဆို ပြီးမယုံသင်္ကာဖြစ်ပြီး ပြန်မေးတယ် ဆရာ...ကျွန်တော်ကချက်ချင်းဘဲ.. "အာ ဖေဖေကလဲ... လူတွေကသား သေသွားပြီလို့ သိထားကြတာမဟုတ် လား... သားက ရုတ်တရက်လူလုံးပြ ပြီးပြန်လာရင် ဘယ်သူကယုံမှာလဲ.. သရဲလာခြောက်တယ်လို့ဘဲ ထင်ကြမှာ ပေါ့... ပြီးတော့ ကျွန်တော်တကယ်ပြန် လာတာကို ဖေဖေ့မယားလေးကပါသိ သွားရင်..." လို့လဲပြောလိုက်ရော စ ကားတောင်မဆုံးသေးဘူး.. ဦးထွန်းအံ့ က "ဟင်.. ဘာ... ဒါ ဒါတွေကို မင်း... မင်းဘယ်လိုလုပ် သိတာလဲ ဟင်..."လို့ အမောတကောသံနဲ့ ပြန်မေးတော့တာဘဲဆရာ... ဒီတော့မှ ကျွန်တော်က "ဒါတွေကို ဖုန်းထဲကနေ ပြောလို့မဖြစ်သေးဘူး ဖေဖေ... ဖေဖေ နဲ့တွေ့မှ အသေးစိတ်ရှင်းပြတော့မယ်၊ ဖေဖေတို့အတွက် အကောင်းဆုံးရတနာ တွေလဲပါလာတယ်... ဆိပ်ကမ်းရုံး နောက်က လ္ဘက်ရည်ဆိုင်မှာ သားသွား စောင့်နေမယ်... ဒါပဲနော် ဖေဖေ"

လို့ပြောပြီး စကားတစ်ခါတည်း ဖြတ်ပစ်လိုက်တယ်... ပြီးတော့မှ ဆိပ်ကမ်းရုံး နောက်က လ္ဘက်ရည်ဆိုင် ထဲက ချောင်အကျဆုံးစားပွဲမှာ နေရာယူလိုက်တယ်...

အဲဒီအချိန်ဆို ဆိုင်မှာ လူရှင်း တယ်လေ...

ထင်တဲ့အတိုင်းဘဲ ငမိုက်သား ဦးထွန်းအံ့ ပုန်းလျှိုးကွယ်လျှိုးနဲ့ ရောက် လာတယ်... ကျွန်တော့်စားပွဲနားမှာ လာရပ်ပြီး ရှမ်းလူမျိုးလိုဝတ်ထား... ကျွန်တော့်ကို မဝံ့မရဲစူးစမ်းကြည့်... နေတယ်...

"လာဖေဖေ... ထိုင်လေ..."

ဦးထွန်းအံ့က ကျွန်တော့်အသံ ကြားမှ မျက်လုံးတွေဝင်းခနဲ အရောင် တောက်သွားပြီး ကျွန်တော့် ရှေ့တည့် တည့်က ခုံမှာ အသာဝင်ထိုင်လိုက် တယ်... သူ့မျက်လုံးတွေက ကျွန်တော့် ကို သံသယအတွေးနဲ့ စိုက်ကြည့်နေ တုန်းဘဲ... ကျွန်တော်က နှုတ်ခမ်းမွှေး အတုကိုခွာပြီး မျက်မှန်အနက်ကို ချွတ် ပြလိုက်မှ "ဟ တကယ်မောင်သီဟ ပါလားကွယ်....ဟို... ဖေဖေ့ နောက် မိန်းမဆိုတာက သားအမေ နာတာရှည်ရောဂါနဲ့ အိပ်ရာထဲလဲမှ သား အမေရဲ့ခွင့်ပြုချက်နဲ့ ယူခဲ့မိတာ ပါသားရယ်... ဖေဖေ့ကိုနားလည်ပေး ပါကွယ်.."

လို့ ငိုသံပါကြီးနဲ့ ပြောတယ်...

ကြည့်စမ်းဆရာ... တစ်ချိန်လုံး ဝံပုလွေလို ထင်တိုင်းကြဲလာပြီးမှ ကျွန် တော် တကယ်အသက်ရှင်ရဲ့နဲ့ ပြန်လာ မှန်းလဲသိရော ဘာတစ်ခုမှအပြစ်မလုပ် ခဲ့ဖူးတဲ့ သိုးငယ်တစ်ကောင်လို အပျော့ ဆွဲတော့တာကိုးဗျ... လူယုတ်မာတွေ ဟာ မာယာပရိယာယ်ကြွယ်တတ်တယ် ဆိုတာ ဒီငမိုက်သားဦးထွန်းအံ့လို လူ မျိုးကိုပြောတာပေါ့ဆရာ...

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုဘဲပြောပြော··· သူက ထွန်းအံ့ဖြစ်သလို ကျွန်တော်ကလဲ သီဟာဘဲလေ··· သီဟာဆိုတာ ခြသေ့် မဟုတ်လားဆရာ··· ဟဲ···ဟဲ·· ခုတော့ဝံပုလွေထွန်းအံ့နဲ့ ခြသေ့်သီဟာတို့ နှစ်ယောက်ထဲတွေ့ကြရပြီလေ···

"ဒါကတော့ ဖေဖေတို့လူကြီးမိဘ ချင်းသဘောတူခွင့်ပြုလို့ဖြစ်ခဲ့ရတဲ့ ကိစ္စ ဘဲလေ··· ဖေဖေကိစ္စကို သားက ဘာပြောလို့ရမှာလဲဖေဖေရယ်··· ကဲ ကော်ဖီလေးသောက်လိုက်ပါဦး···"

ကျွန်တော်က သူ့ရှေ့မှာချထားတဲ့ ကော်ဖီပန်းကန်ကို လက်ညှိုးထိုးပြလိုက်ပြီး ကျွန်တော့်ရှေ့က ကော်ဖီခွက်ကို ကောက်ပြီး တစ်ကျိုက်သောက်လိုက်တယ်··· ဦးထွန်းအံ့ကလဲ မျက်နှာငယ်လေးနဲ့ ကော်ဖီခွက်ကိုယူသောက်လိုက်တာတွေ့ရတယ်··· ပြီးမှ ကျွန်တော့်ကို သေချာစိုက်ကြည့်ပြီး···

"မနေ့က သုသာန်မှာ ရှမ်းအဝတ်အစားနဲ့ အခေါင်းဘေးမှာလာကန်တော့နေတာ မင်းပဲမဟုတ်လား···"

ကျွန်တော်က ခေါင်းညိမ့်ပြလိုက်သည်။

"ဒါကို သားဘယ်လိုလုပ် သိတာလဲ"

"ဖေဖေကလဲ··· သတင်းစာမှာ ပါတယ်လေ···"

"အေး ဟုတ်သားဘဲ····ဒါဖြင့် သား ရှမ်းပြည်ကနေ ဆင်းလာရတာပေါ့···"

"အာ ရှမ်းပြည်ကသာဆို အမေ့အသုဘကိုဘယ်မှီမလဲ ဖေဖေရာ··· ကျောက်ကိစ္စနဲ့ မန္တလေးခဏတက်လာတုန်း သတင်းစာမှာတွေ့လို့ ချက်ချင်းလေယာဉ်နဲ့ ရန်ကုန်ကိုဆင်းချလာနိုင်လို့ မနေ့က အချိန်မှီလေးရောက်လာနိုင်တာပေါ့ ဖေဖေ···"

ဦးထွန်းအံ့က ကျွန်တော့်စကားကို ခေါင်းတငြိမ့်ငြိမ့်နဲ့ နားထောင်နေပေမယ့် သူ့မျက်လုံးတွေကတော့ ကျွန်တော့်ကို စိုးရွံ့နေသလိုပါဘဲ···

သူကမရဲတရဲနဲ့ မိုက်မဲတဲ့မေးခွန်းတစ်ခု ထုတ်လိုက်တယ်လေ···

"ဒါနဲ့သားက ရှမ်းပြည်ကို ဘယ်လိုလုပ်ရောက်သွားတာလဲကွဲ့···"

ကျွန်တော်ကစိတ်ထဲမှာ ထောင်းခနဲဒေါသဖြစ်သွားမိတယ်၊ ဒါပေမယ့် ချက်ချင်းသတိဝင်လာပြီးပြုံးပြလိုက်တယ်၊

"ဒါတွေကို ကျွန်တော်ဖေဖေကို ပြောပြဖို့လာခဲ့တာဘဲလေ··· ကဲ ဖေဖေ ကော်ဖီလေးသောက်ပါဦး"

ကျွန်တော်က သူ့ကိုပြောရင်း ကော်ဖီ နှစ်ကျိုက်လောက် မျိုချလိုက်တယ်·· ဦးထွန်းအံ့ကလဲ ကော်ဖီ တော်တော်များများ သောက်ချလိုက်တယ်··· ကျွန်တော်ကပါလာတဲ့ လက်ဆွဲအိတ်ထဲက ယွန်းဘူးကလေး ထုတ်ပြီး ဖွင့်ပြလိုက်တယ်··· တစ်ဖိတ်ဖိတ်တောက်နေတဲ့ ကျောက်ရတနာတွေကိုကြည့်ရင်း မျက်နှာပြင်မှာ ပန်းနုရောင်သန်းသွားတဲ့ လောဘရဲ့အရိပ်နိမိတ်တွေကို မြင်လိုက်ရတယ်··· ကျွန်တော်က···

ဒါဖေဖေ့ကို ကန်တော့ဖို့ ယူလာတာလေကြည့်ပါဦး··· မလှဘူးလား"

ဦးထွန်းအံ့ရဲ့ မျက်လုံးတွေ အဆမတန်ပြူးထွက်လာတယ် ဆရာ···

"ဘာ··· ဒါ ဒါတွေငါ့ကိုပေးဖို့ ဟုတ်လား··· ဒါ တန်ဘိုးဘယ်နည်းမလဲနော်···"

ဦးထွန်းအံ့က မယုံကြည်နိုင်သလို တအံ့တဩမေးတယ်·· ကျွန်တော်က ခေါင်းငြိမ့်ပြလိုက်တယ်···

"ဟုတ်တယ်ဖေဖေ···

ဒါ ကျွန်တော်တို့တွင်းက ထွက်တဲ့ အရည်အသွေး အကောင်းဆုံးပစ္စည်းတွေလေ··· ခုခေတ်ဈေးနဲ့ဆို ကာလတန်ဘိုး သိန်းတစ်ရာလောက်တော့ ရှိမှာပေါ့···"

"ဟေ သိန်းတစ်ရာတောင်"

ဦးထွန်းအံ့ မျက်လုံးတွေက ပုစွန်မျက်လုံးတွေထက်သာအောင် ကျွတ်ထွက်တော့မလားဟု ထင်ရလောက်အောင်ပြူးထွက်လာကြပြန်တယ်ဆရာ။

"ဟုတ်တယ်···

ဒါဖေဖေ့ကို ပေးခဲ့မှာလေ··· ကဲ ဖေဖေ ကော်ဖီတွေကုန်အောင် သောက်လိုက်ပါဦး··· ယင်ကောင်တွေ နားနေပြီ···"

ဦးထွန်းအံ့ကလဲ ကျွန်တော်ပြောတဲ့အတိုင်း ကော်ဖီခွက်ကိုယူ၍ကုန်အောင် မော့သောက်ချလိုက်သည်။ ပြီးမှ···

"သားကလဲကွယ် ··· ဖေဖေ ကော်ဖီမကြိုက်မှန်း သိရဲ့သားနဲ့ကွယ်၊ ဘာလို့ အတင်းသောက်ခိုင်းနေရဘာလဲ"

"ဖေဖေက ကျွန်တော်ရှမ်းပြည်ကို ဘယ်လိုလုပ်ရောက်သွားတာ သိချင်တယ်ဆို···"

"အေးလေ··· အဲဒါနဲ့ ကော်ဖီနဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဆိုင်ပါသော်ကော ဦးထွန်းအံ့ရယ် ကျွန်တော်ပဲခူးသွားတုန်းက ခင်ဗျားကြီး ထည့်ပေးလိုက်တဲ့ ကော်ဖီခါတ်ဘူးလေ"

"ဘာ ဘာ"

"အဲဒီ ကော်ဖီခါတ်ဘူးထဲမှာပါတဲ့ အဆိပ်မှုန့်လေးတွေက ကျွန်တော့်ကို ရှမ်းပြည်ကို ပို့လိုက်တာလေဗျာ··· ဟား··· ဟား··· ဟား···"

"ဟင်···မင်း··· မင်း···"

ဦးထွန်းအံ့ တစ်ကိုယ်လုံး နတ်ပူး သလို တစ်ဆတ်ဆတ် တုန်ရီလာပြီး ပါးစပ် အဟောင်းသား ပွင့်သွားတယ်၊ ပြီးမှ တုန်ရီနဲ့အသံနဲ့ ကျွန်တော့်ကို တအံ့တသြ ကြည့်ရင်း စကားထစ်နေ တယ်·· ခဏနေမှ သူ့လက်ညှိုးကို ကျွန်တော့်ဆီလှမ်းထိုးပြီး···

"ဒါ ဒါဆို·· မင်း···မင်း··· ဒီ·· ဒီကော်ဖီထဲမှာ အဆိပ်ခတ်ပြီး ငါ့··· ငါ့ကို···"

အင်မတန်မှ တုန်ခါအက်ကွဲနေတဲ့ အသံနက်ကြီးနဲ့ ကျွန်တော့်ကိုလက်ညှိုး ထိုးပြောရင်းက ကြမ်းပြင်ပေါ်ကို အရုပ် ကြိုးပြတ် ဝုန်းခနဲလဲပြိုကျသွားပါတော့ တယ်···

လှက်ရည်ဆိုင်ရှင်က အကြောင်း ကြားလို့ သက်ဆိုင်ရာ ရဲဝန်ထမ်းတွေ ရောက်လာပြီး စစ်ဆေးကြည့်တဲ့အခါ မှာတော့ ဦးထွန်းအံ့ အသက်မရှိတော့ ပါဘူး····

ဦးထွန်းအံ့သောက်တဲ့ ကော်ဖီ ခွက်ကို သက်သေခံအဖြစ် သိမ်းပြီး ကျွန်တော့်ကိုလဲလူသတ်မှုနဲ့အရေးယူပြီး ဖျာပုံ ထောင်ကတစ်ဆင့် ဒီအင်းစိန် ထောင်ကို ပို့လိုက်တာပါဘဲဆရာ···

ဟဲ··· ဟဲ··· ဟဲ···

ဆရာကလဲ ကြဲကြဲဖန်ဖန်··· ကျွန်တော်သူ့ကို ဂလဲ့စားချေတယ် ဆိုတာ အဖြစ်မှန်ကိုသိလို့ စိတ်ခါတ် ကျပြီး တစ်သက်လုံး ကျွန်တော့်ကို မလှုန်နိုင်အောင် လုပ်တာပါ··· ဘယ်နှယ့်ကော်ဖီခွက်ထဲ အဆိပ်ထည့် သတ်ပါ့မလဲ··သူ့ဖာသူအကြောက် လွန်ပြီး သေသွားတာဘဲဥစ္စာ···

ဟုတ်ကဲ့··· အခုလာမဲ့ရုံးချိန်းမှာ ဓာတုဗေဒ ဝန်ရဲ့အစီရင်ခံစားရမယ် လေ··ဘာအဆိပ်မှမတွေ့ရဘူးဆိုတာနဲ့ ကျွန်တော် လွတ်ပြီပေါ့ဆရာ···

*** *** ***

အင်း··· ခင်ဗျားပြောပြတဲ့အတိုင်း ဆိုရင် မောင်သီဟကိစ္စက လူသတ်မှုလို့ ဘဲ လူသတ်မှုလို့ဘဲ ခေါ်ရမှာပေါ့ ကိုစိန် လွင်···

ကျွန်ုပ်က ဦးစိန်လွင်ပြောပြနေ သော မောင်သီဟ၏ ပြောပြချက်အပြီး တွင် ကောက်ချက်ချလိုက်မိသည်။

"အာ ဆရာကလဲ··· လူသတ် လက်နက်တို့အဆိပ်တို့မတွေ့ရင် ဘယ် လူသတ်မှုဖြောက်ပါ့မလဲ···"

"ခင်ဗျား ပြောတာမှန်ပါတယ် ကိုစိန်လွင်··· ဒါပေမဲ့ ဒါဟာလူသတ်မှု တော့ လူသတ်မှုဘဲဗျ··· အဲ··· လူ သတ်လက်နက်မပါဘဲ စိတ်ခါတ်စစ်ဆင် ရေးနည်းနဲ့သတ်တဲ့ လူသတ်မှုလို့ဆိုရ မှာပေါ့"

"ဆရာပြောသလို စိတ်ခါတ်စစ် ဆင်ရေးနည်းနဲ့ သတ်တဲ့လူသတ်မှုကို ဥပဒေအရ အရေးယူလို့ရပါ့မလား"

"အင်း··· တရားဥပဒေဆိုတာက လဲ အခက်သားဗျ··· အမှန်တကယ် ပြစ်မှုကျူးလွန်တာကို သိနေပေမယ့်လဲ တရားခံပြစ်မှုကျူးလွန်ကြောင်း တစ် ထစ်ချယုံကြည်လောက်တဲ့ ပေါ်လွင်ထင် ရှားတဲ့ သက်သေခံအထောက်အထား မရှိရင် အပြစ်မပေးနိုင်ဘူးမဟုတ်လား"

တရားခံမောင်သီဟသည် နောက် ရုံးချိန်းတစ်ခုတွင် သူပြောခဲ့သည့်အတိုင်း အမှုမှတရားရှင်လွတ်သွားသည်။ ဓါတု ဗေဒဝန်၏အစီရင်ခံစာတွင် သေသူ၏ အစာအိမ်နှင့် ကော်ဖီခွက်ထဲတွင် မည် သည့်အဆိပ်မျှ မတွေ့ရသောကြောင့် ဖြစ်၏။ မောင်သီဟကား တရားဥပဒေ ၏တိကျခိုင်မာလှသော သံကွင်းဆက် များကြားမှ လွတ်မြောက်သွားခဲ့ပါလေပြီ။

သို့တစေ···

ထိုနေ့မှ သုံးလမျှကြာသောနေ့ တစ်နေ့တွင် လုံးဝမျှော်လင့်မထားသော သတင်းဆိုးတစ်ခုကြားရလေသည်။ ထို သတင်းဆိုးကား အခြားမဟုတ်။

မောင်သီဟ တစ်ယောက် စား သောက်ဆိုင်တစ်ခုတွင် မသမာသူလုပ် ဖော်ကိုင်ဖက် ကျောက်သမားတစ်ဦးက အရက်ထဲအဆိပ်ခတ်သတ်ကာ ရတနာ များလုယူခံလိုက်ရသဖြင့် သေဆုံးသွား ပြီဆိုသောသတင်းဆိုးပင်ဖြစ်လေ၏။

ဩော် ··· တရားဥပဒေ ဘောင် အတွင်းက လွတ်မြောက်သွားခဲ့နိုင်သော မောင်သီဟတစ်ယောက်မှာ ဝဋ်ကြွေး ကြမ္မာ၏ အတုံ့အလှည့်ကိုမူ မရှောင် တိမ်းမပြေးထွက်နိုင်တော့ပါတကား။

ဗဟိုစော

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ・ဆ・ပ・လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည် ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၇၀၀၈၁၂)

ခေတ်အဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ

ဦးသန့်(လာဘ်မိုးစွေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်း ဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း၊ ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီး ဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

ထွက်ပြီ

(တန်ဖိုး - ၁၀၀၀၀ ကျပ်)

ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၅၀၉၂၄၇၇။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ

ကျော်ကျော် စာပေ(မော်လမြိုင်)၊ သဇင် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

မနေ့ညက ရောက်ခဲ့သော ညှေို့သည်မှန်း စားသောက်ဆိုင်အဝမှ ညှေို့ကြီးက မှတ်မိနေသည်မို့

''ဆရာတစ်ယောက်တည်းလား ခင်ဗျာ··အဖော်လိုအပ်လျှင်လည်း အထူးဆောင်ရွက်မှုပေးနိုင်ပါတယ် ခင်ဗျာ··''

''ဟေ··ဟုတ်လား၊··ငါက ဈေးကြီးပလေ့စေ၊ ချောမှတောင့်မှ ငယ်ရွယ်မှ သဘောကျတာကွ''

''ဟာ··ဒါတော့ စိတ်ကြိုက်ဖြစ် စေရမယ်လို့ တာဝန်ယူရဲပါတယ် ခင်ဗျာ''

''အေးကွာ··· ငါစဉ်းစား ပါရစေဦးဟုတ်လား''

''ရပါတယ်ခင်ဗျာ''

ရေငတ်သူရေတွင်းထဲ ပြုတ်ကျရ သူလိုတည်း။ သို့မဟုတ် ကျားရှေ့ မှောက်လျက်လဲကျသော ငမိုက်သားညှေို့ကြီးပါတကား။ မောင်မောင်အား အထူးရဲတပ်ဖွဲ့ဝင်မှန်းမသိရှာချေ။ ရောဘဝသင်္ဘောပေါ်မတက်ခင် အချိန် တွင်း ဟောင်ကောင်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ဒုစရိုက်မှုများအား ဝိုင်းဝန်းနှိမ်နင်းပေးခဲ့ချင်မိပါသည်။ သူက စားသောက်စရာများ မှာကြား ပြီး ညှေို့ကြီးအားခေါ်ခိုင်းလိုက်၏။ ညှေို့ကြီးရောက်လာသော် မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com

သိချင်သမျှသတင်းအစအနအား နိုက်ထုတ်ပါတော့၏။

"ဆရာ စိတ်ဝင်စားနေပြီထင်တယ်"

"အေးကွာ..ဒါမျိုးဆိုတာ ဒို့ယောက်ျားတွေ ပိုစိတ်ပါပါရဲ့ မဟုတ်လား"

"ဟာ..ဟုတ်တာပေါ့ဆရာရယ်"

"ကဲဆိုစမ်းပါဦး..မိန်းကလေးတွေက သည်ကတင်ပဲလား.."

"ဘယ်ဟုတ်ပါ့မလဲဆရာရဲ့..နိုင်ငံအနှံ့ကဗျ.."

"ဟေ..တော်တော်လုပ်ငန်းကြီးလုပ်ကြတာပါလားကွ"

"ဟုတ်ပဆရာရေ..ဒါပေမယ့် သိတယ်မဟုတ်လား..ပစ္စည်းကောင်းလိုချင်ရင် ဈေးကြီးတော့ပေးရမှာပေါ့ဆရာ"

"ဟုတ်ပါပြီ..ဒါပေမယ့် ပစ္စည်းတွေက အဝေးမှာလိုက်ကြည့်ရမည့်အလုပ်တော့ ငါမလုပ်လိုဘူး.."

"မစိုးရိမ်ပါနဲ့ ကျွန်တော်တို့စားသောက်ဆိုင်မှာတင်အလုပ်ဖြစ်ပါတယ် ဆရာရ..။ ဒါပေမယ့် လိုက်ကြည့်မယ်ဆိုရင်တော့ ကြိုက်ကြိုက်မကြိုက်ကြိုက် ကြည့်ခဒေါ်လာ ငါးထောင်ပေး ရလိမ့်မယ်သိလား.."

"ဟေ..များလှချည်လား"

"ဒါတော့ဆရာရယ်..ပစ္စည်းတွေမြင်ပြီး အလုပ်မဖြစ်တဲ့အတွက် နစ်နာကြေးလို့ပဲ သဘောထားလိုက်ပါဆရာရယ်နော်..ဘယ်လိုလဲဟင်"

"အေးပေါ့ကွာ..ကဲစမ်းဖို့ ဒေါ်လာငါးထောင်တော့ ရင်းရတော့မှာပဲ"

"ဟုတ်ပြီ..ပစ္စည်းထိန်းအဖွဲ့ကို ကျွန်တော်ပြောပြလိုက်ပါ့မယ်..ခွင့်ပြုရင်တော့ ကျွန်တော်လာပြန်ပြောမယ် ဟုတ်လား.."

"အေးကွာ..ဒါက လုပ်ငန်းသဘောပဲဟာ နားလည်မှု ပေးရမှာပေါ့လေ"

မောင်မောင်က မာဘိုရိုစီးကရက်မီးညှိရန် မီးခြစ်ထုတ်လိုက်၏။ အမှန်က စကားပြောစက်ဖြင့် သတင်းပို့လိုက်ခြင်းပါပေ။

"မေ..အစီအစဉ်တော့ မပြောင်းဘူး..ယုန်တွေတွေ့နေလို့..ကျားရဲတွင်းမှာကွဲ..တပ်ဖွဲ့တွေကိုတပ်လှန့်ထား..အဆင်သင့်ဖြစ်ပါစေ..မေက..နောက်တစ်နာရီလောက်မှာ..ကိုယ့်ယောက်ျားတစ်ခြားမိန်းကလေးတစ်ဦးနဲ့တွေ့လို့ပြဿနာရှာတဲ့သဏ္ဍာန်လုပ်ရမယ်..ဒါပဲမေးစရာရှိသေးလား"

"မရှိဘူး..အမိန့်အတိုင်း ဆက်လက်ဆောင်ရွက်ပါ့မယ်..ဒါပဲနော်"

မောင်မောင်စက်ပိတ်ပြီး ဆက်လက် စားသောက်နေစဉ်အတွင်းမှာပင်..ဧည့်ကြိုနှင့်အနောက်တိုင်းဝတ်စုံဝတ်တစ်ဦး..ညဘက်နေကာမျက်မှန်ကြီးနှင့် မောင်မောင်ရှိရာစားပွဲသို့ ရောက်ရှိလာနေပြီတည်း။ ယှဉ်ပြိုင်ပွဲဆိုသည်က အရှုံးအနိုင်ရှိစမြဲပါပေ။ ဧည့်ကြိုကတော့ မထိုင်ပါချေ။ ထိုဝတ်စုံနက်၊ နေကာမျက်မှန်မည်းတပ်ဆင်ထားသည့် သူကိုသာ ဧည့်ကြိုက ကုလားထိုင် ထိုင်ရန် ရှိသေစွာ ဆွဲထုတ်ပေးခဲ့ပြီး ထိုသူထိုင်မှ အနားမှ ထွက်ခွာသွားတော့၏။

"ကျုပ်ကတာဝန်ခံပါ..ဆိုပါဦး ခင်ဗျားက ဘယ်လိုပုံစံလိုချင်တာလဲ ပစ္စည်းလိုက်ကြည့်မယ်ဆိုရင်တော့ ဒေါ်လာ ငါးထောင်အခပေးရမှာနော်"

"ကြိုက်တယ်ဗျာ"

မောင်မောင်က ဒေါ်လာငွေပတ်ကင်(Packen)အထုပ်နှစ်ထုပ်ကို ကုတ်အင်္ကျီထဲကနေ ဆွဲထုတ်လိုက်ပြီး ဒေါ်လာငါးထောင်ရေတွက်ကာ ပေးလိုက်၏။ မောင်မောင်အားသူနှင့် လိုက်ခဲ့ပါရန် ခေါ်ပြီး စားသောက်ဆိုင်မှ ထခဲ့ကြသည်။ ဧည့်ကြိုက အနားရောက်လာကာ

"ဆရာ အဆင်ပြေပါစေဗျာ.."

သဘောပေါက်ပါသည် သူ့အတွက် ဘောက်ဆူးလာတောင်းခြင်းပါပေ။ မောင်မောင်တစ်ချက်ပြုံးလိုက်ပြီး သူ့အတွက် ဒေါ်လာ ငါးရာတန်တစ်ရွက် အိတ်ကပ်ထဲထည့်ပေးလိုက်၏။

သူတို့ကား ဟုတ်တော့ဟုတ်နေတော့သည်။ လူကုန်ပစ္စည်းများကို စားသောက်ဆိုင်နောက်ဖက်တွင် အခန်းငယ်လေးများနှင့် နိုင်ငံအနှံ့မှ မိန်းမပျိုငယ်လေးများစွာတွေ့ရပေသည်။ ရင်နှင့်စရာအဖြစ်ဆိုးများကား ကမ္ဘာ့အရပ်ရပ်မှာ ဖြစ်ပျက်နေကြသည်ပေ။ မိမိတို့ဘဝရပ်တည်ရေး၊ စားဝတ်နေရေးအတွက် ရုန်းကန်နေ

www.burmeseclassic.com

ကြရင်း မချိတင်ကဲရင်တွင်းမှ ခါးသည်းသော ငိုရှိုက်သံများကိုတော့ ဘယ်သူမှ ကြားသိနိုင်ခြင်းရှိမည် မထင်မိပေ။

အခန်းကျဉ်းလေးများထဲတွင် စားပွဲတစ်လုံးနှင့် ခုတင်တစ်လုံးသာ ရှိပြီး အသွေးအသားရောင်းစားနေကြရသော အမျိုးသမီးလေးများရှိ၏။ တစ်ခန်းတစ်ယောက်ပါပေ။ များသောအားဖြင့် အသက် ၂၀ ကျော် ဝန်းကျင်မျှ ရှိသောမိန်းကလေးများဖြစ်ပြီး တချို့မှာ အသက်အရွယ်ခန့်မှန်းမရလောက်အောင် နုပျိုကြ၏။ မောင်မောင် ရင်နာမိပါသည်။ သူမတို့၏ နောက်ကွယ်မှ ကြေကွဲရင်နင့်ဖွယ်ရာအကြောင်းများစွာ ရှိနေမည်မှာ သေချာလှပေသည်။

"ကဲ..မစ္စတာ ဘယ်လိုလဲ ကြိုက်ရဲ့လား"

"အေးဗျာ..ကြိုက်တော့ကြိုက်ပါရဲ့..ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

"အော်..သည်ထက်ပိုချောလှပြီး နုပျိုတောင့်တင်းတဲ့ မိန်းကလေးတွေ မရှိတော့ဘူးလား..ဟင်"

"ဟာဗျာ..စောစောကပြောပါလား ရှိပါ့..ဈေးကတော့ အခုမြင်ရတဲ့ ပစ္စည်းတွေနဲ့ နှစ်ဆလောက်မြင့်တယ်နော်၊ ဘယ်လိုလဲ တတ်နိုင်ပါရဲ့လားဗျ"

"ဘယ်လောက်ကြေးသတ်မှတ်ထားလို့လဲဗျာ..."

"အဟင်း..ဟင်း..သိပ်တော့ မရှိပါဘူး..လေးသောင်းငါးသောင်းလောက်ပေါ့..။ ဒါပေမယ့် စက်ရှင် (Section)နဲ့တော့ ဆက်ဆံလို့ရတာပေါ့ဗျာ"

"အိုကေ..ကြိုက်ပြီ..ကြည့်ကြရအောင်..၊ ကျုပ်အတွက် မပူနဲ့တော့ဗျို့..သေချာတယ်.."

"ကဲ..လာဗျာ..အချိန်က စကားပြောတယ်ကိုယ့်လူရ သည်အချိန်ဆို ဖောက်သည်ကောင်းတွေ စတင်ရောက်တဲ့ အချိန်ဗျ.."

မောင်မောင့်အား ဈေးမြင့်သော မိန်းကလေးများထားရှိရာသို့ ခေါ်ဆောင်ခဲ့၏။ သိပ်ဝေးကွာသည့်နေရာတော့ မဟုတ်ပါချေ။ စားသောက်ဆိုင် အပေါ်ထပ်တွင် ဖြစ်နေ၏။ တာဝန်ခံက ပိုပြောခဲ့သည်တော့မဟုတ် ညွှန်းသလောက်ချောမောငယ်ရွယ်ပြည့်တင်းကြပေသည်။ တချို့မှာ ထင်ရက်စရာပင် မရှိပေ။ မောင်မောင် မိန်းကလေးတစ်ယောက်ကိုတော့ ခေါ်ယူရတော့မည်ဖြစ်၏။ နိုင်ငံအနှံ့မှ ဖြစ်ကြ၏။ လူမှောင်ခိုကူးသမားများက နိုင်ငံအနှံ့တွင် ရှိနေကြပေသည်။ တချို့က မသိနားမလည်ဘဲ ရောင်းစား ခံကြသူများတည်း။

သူတို့လေးတွေ၏ ဘဝများကို မွေးခဲ့သော မိဘများသိရှိသွားပါက ရင်ကွဲ ယူကျုံးမရခံစားကြရမည်မှာ သေချာလှ၏။ လူကုန်ကူးသူများကတော့ အတ္တကြီး၏။ မိမိတို့ကောင်းစား ချမ်းသာစွာနေထိုင်ရဖို့သာ ကြည့်နေကြသူများပါပေ။ တချို့ မိန်းကလေးများမှာ ရိုးသားဖြူစင်သော မသိနားမလည်ကြသော ကျေးလက်တောရွာများမှ သမီးပျိုလေးများတည်း။

တချို့ကတော့ နိုင်ငံရပ်ခြားကို အထင်ကြီးပြီး ထွက်ခွာလာကြပြီးမှ အလုပ်မရဘဲ အလိမ်အညာခံကြရကာ ဘဝပျက်ကြွေပြီး ဇိမ်ခန်းများသို့ ရောက်ရှိကြသူများလည်း ရှိနေသည်။ အလိုမတူပါဘဲ အသွေးအသားကိုယ်ခန္ဓာကိုယ်ပေးဆပ်နေကြရခြင်းမှာ အရှင်လတ်လတ်ငရဲကျနေကြသလိုပင် ရှိပေမည်။ မောင်မောင်သက်ပြင်းမောပင့်သက်ချမိပါသည်။ သူမလေးတို့ကာ အေအိုင်ဒီအက်စ် (Aids)ရောဂါဆိုးကြီးပါ ရသူရပြီး ရှင်လျက်နှင့်သေဆုံးဖို့နေရသူများစွာ ရှိခဲ့ပေသည်။

မောင်မောင်က မြန်မာမလေးဟု ထင်ရသော အင်ဒိုနီးရှားသူချောမလေးကို ရွေးချယ်လိုက်တော့သည်။ မြန်မာမလေးသာဖြစ်ပါက ကယ်တင်နိုင်ရန်ဖြစ်၏။ ကြေးကတော့ မသေး၊ စိတ်ကြိုက်ရွေးချယ်သည်မို့ ဟောင်ကောင်ဒေါ်လာ လေးသောင်း ပေးလိုက်ရ၏။ မောင်မောင်က တာဝန်ခံအား ခွင့်တောင်းခံ၏။ ထိုသည်မှာ မိန်းမပျိုလေးမှာ ဘာအစားအစာမျှ မစားသောက်ရသေးကြောင်း သိရလို့ပါပေ။

ရပါသည်။ ထိုသို့ခွင့်တောင်းသူ မရှိသလောက်ရှား၏။ တဏှာရမ္မက်ဇောကြောင့် ငွေကြေးပေးပြီးပျော်ပါးဖို့ လာရောက်ကြသူများ၏။ မောင်မောင်ကတော့ သူမအား ကျွေးမွေးဦးမည်ဆိုပါက မိမိ၏ တန်ဖိုးရှိရာအချိန်ကြေ

www.burmeseclassic.com

www.burmeseclassic.com

ပိုဆိုးဝါးသည်က လူကုန်ကူးသူတို့က ထွက်မပြေးနိုင်အောင် ဘိန်းဖြူထိုးပြီး ဘိန်းစွဲစေရန် ပြုထားခြင်းပါပေ။ ယုတ်မာရက်စက်လွန်းကြ၏။ သူတို့ကား လူမဆန်သော အတ္တသမားများဖြစ်ကြ၏။ ငွေရဖို့ဆို ပါက မိမိအသားကိုပင်လှီးဖြတ် ရောင်းစားချင်သူများတည်း။

ဖြန့်းရာရောက်သလိုတည်း။ ကိစ္စမရှိ ငွေကြေးပေးသူ၏ ဘာသာဆန္ဒပါပေ။ သတ်မှတ်ချိန်ကျော်လွန်သွားပါကလည်း ထိုမိန်းကလေးနှင့်ပျော်ပါးဆက်ဆံရမည်တော့မဟုတ်၊ ပျော်ပါးလိုပါကလည်း ထပ်မံငွေကြေး အကုန်အကျခံရမည်ပေ။ အစားအသောက်ကျွေးလိုသည်ဟု ခေါ်ထုတ်ခဲ့ခြင်းမှာ သက်ရှိသက်သေအဖြစ် ဖော်ထုတ်နိုင်ရန်တည်း။ သူမမှာ မည်မျှဆာလောင်နေသည်မသိ၊ မှာကျွေးသမျှ ပလုတ်ပလောင်း ဟန်မဆောင်နိုင်ဘဲ စားသောက်နေတော့သည်။ မောင်မောင်က မာဘိုရိ စီးကရက်တစ်လိပ်ထုတ်ကာ ဂက်(စ်)မီးခြစ်ထုတ်လိုက်၏။ စကားပြောစက်ဖြင့် အချက်ပေးလိုက်ခြင်းပါပေ။

အထူးရဲတပ်ဖွဲ့ဝင်တို့ စားသောက်ဆိုင်နောက်ဘက်မှနေ ဝင်ရောက်စီးနင်း ကြတော့၏။ ရှေ့မျက်နှာစာတွင်တော့ ရဲပိုင်ယာလက်(စ်)ကားများ လူနာတင်ကားပါ ရောက်ရှိနေပြီဖြစ်၏။ စားသောက်ဆိုင်ထဲတွင်တော့ ရဲတပ်ဖွဲ့များဝင်ရောက် စီးနင်းဖမ်းဆီးမှုကြောင့် စားသောက်နေသူများ ဝိုင်းဒိုင်းကြဲကာ အပေါက်ဝသို့ ထွက်ပြေးကြတော့၏။

လူမှောင်ခိုဂိုဏ်းသားများက အဖမ်းမခံဘဲ သူတို့တွင်ဆောင်ထားသော လက်နက်များဖြင့် ခုခံလျက်ရှိ၏။ မောင်မောင်တို့စားပွဲသို့ မေဝမ်းလီ ရောက်လာသဖြင့် မိန်းကလေးအား လွှဲပြောင်းအပ်လိုက်ပြီး မောင်မောင်ကတော့ မိမိ၏ လက်ဆွဲတော် ဝေါလ်တာပီပီကေ ပစ္စတိုသေနတ်ထုတ်ကာ ခုခံနေသော လူမှောင်ခိုဂိုဏ်းသားများအား နောက်ဖက်မှနေ ပစ်ခတ်ဖမ်းဆီးရတော့၏။

မောင်မောင်က လက်ဖြောင့်သေနတ်သမားတစ်ဦးမို့ ရန်သူများ၏ လက်နက်ကိုင်ဆောင်ထားသော လက်များကိုသာ ပစ်ခတ်ခြင်းပါပေ။ သေနတ်သမားဆိုသည်က သူတို့အားကိုးသော သေနတ်ရှိမှ မိုက်ရဲ၏။ သူတို့လဲ လက်နက်အသုံးပြုမရတော့သည့် အခါတွင်တော့ ကြောက်လန့်တကြား ထွက်ပြေးကြတော့သည်။ မောင်မောင်က အလွတ်မပေးနှစ်ယောက်အား မပြေးနိုင်အောင် ခြေထောက်အားပစ်ခတ်လိုက်ပြီး ကျန်တစ်ယောက်ကိုတော့ ခုန်အုပ်ကာ အရိုက်ကို လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြီး နောက်ပြန်လက်လိမ်လိုက်ပြီး လက်ထိပ်ခတ်လိုက်ပါတော့သည်။ ပွဲက သိပ်မကြာချေ။

ဥပဒေဘက်တော်သားတို့၏ အောင်ပွဲဟုဆိုနိုင်သည်။ မောင်မောင်က ရဲတပ်ဖွဲ့သို့မလိုက်ပါတော့ပေ။ မိမိတည်းခိုရာ ဟော်တယ်ခန်းသို့ ပြန်လာခဲ့၏။ နောက်တစ်နေ့သတင်းစာထဲတွင်တော့ လူမှောင်ခိုဂိုဏ်းကြီးအား ဖမ်းဆီးရမိကြောင်း သတင်းမျက်နှာဖုံးတွင်ပါလာပါတော့၏။ သူတို့သည် နိုင်ငံတကာမှ မိန်းမပျိုလေးများအား နည်းအမျိုးမျိုးဖြင့် သွေးဆောင်ဖြားယောင်းခဲ့ကြကြောင်း ပန်ခံကြ၏။

မိန်းကလေးများဆိုသည်က ခက်သားပေ။ တချို့က လှချင်ပချင် ဒုံးချင်ဖြန်းနိုင်ချင်ကြသည်။ နိုင်ငံရပ်ခြားတွင် အငှာပ်လုပ်လျှင် ချမ်းသာမည်ထင်မှတ်ကြ၏။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးကို အထင်ကြီးတတ်ကြသည်။ ကိုယ်တိုင်းကိုယ့်ပြည်သည်သာ ငြိမ်းချမ်းသာယာကြောင်း မသိကြရှာပေ။ ကိုယ့်တိုင်းကိုယ့်ပြည်ကြီး နိုင်ငံတကာအဆင့်မီ နိုင်ငံတော်သစ်ဖြစ်လာပါက တိုင်းတစ်ပါးကို ထွက်ပြီး ဒုက္ခဆင်းရဲခံစရာမလိုပါတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

အခုတော့ မိမိတို့ဘဝ မျက်ကြွေရတော့၏။ ပိုဆိုးဝါးသည်က လူကုန်ကူးသူတို့က ထွက်မပြေးနိုင်အောင် ဘိန်းဖြူထိုးပြီး ဘိန်းစွဲစေရန် ပြုထားခြင်းပါပေ။ ယုတ်မာရက်စက်လွန်းကြ၏။ သူတို့ကား လူမဆန်သော အတ္တသမားများဖြစ်ကြ၏။ ငွေရဖို့ဆိုပါက မိမိအသားကိုပင်လှီးဖြတ်ရောင်းစားချင်သူများတည်း။ တချို့မိန်းမပျိုလေးများသည် လူမသိသူမသိ အသက်ပါအက်(စ်)(AIDS)ရောဂါဆိုးကြီးရကာ သေဆုံးခဲ့ရှာကြောင်း ရှိခဲ့၏။

လူကုန်ကူးမှု ပပျောက်ရေးကို နိုင်ငံတစ်ဝန်းဆောင်ရွက်ဖော်ထုတ်နေကြသည်။ ကိုယ့်တိုင်းကိုယ့်ပြည်ကို ချစ်မြတ်နိုးစိတ်ရှိစေချင်သည်။ နှမသားချင်း စာနာစိတ်များထားစေလိုသည်။ နိုင်ငံ့သားကောင်းသမီးပျိုလေးများစွာ မည်မျှရမ္မက်ကျွံနှံနစ်ခဲ့ရပြီမသိနိုင်ပေ။ မိမိတို့ အချိန်မီဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ခြင်းကြောင့် ဘဝပျက်ကြွေ မိန်းမပျိုလေးများ ပြန်လည်လန်းဆန်းကာ ဘဝသစ်ကို လျှောက်လှမ်းနိုင်ကြပေတော့မည်။

နေ့လယ်စာ စားသောက်ပြီးချိန်တွင် ရေဘဝဲသင်္ဘောပေါ်သို့ ဖယ်ရီဘုတ်လေးဖြင့် ထွက်ခွာလာခဲ့ကြသည်။ မာလိန်မှူးတရုတ်အမျိုးသားကသင်္ဘောပေါ်တက်ရာ လှေကားရင်းတွင် အဆင်သင့်စောင့်ကြိုနေပါသည်။

မောင်မောင်ကိုတော့ ဟုတ်ဟန်မတူပါ သင်္ဘောကုမ္ပဏီမှတာဝန်ခံ မန်နေဂျာလိုက်ပါလာသောကြောင့်ပါပေ။ မောင်မောင်နေထိုင်ရမည့် အခန်းသို့ သင်္ဘောသားတစ်ဦးက မောင်မောင်လက်ဆွဲသေတ္တာကို ဆွဲကာ လိုက်ပို့သည်။ မာလိန်မှူးက အမှာရှိထားသည်မို့ အရာရှိများ စားသောက်ခန်းသို့ ပြန်ဆင်းလာခဲ့ရ၏။

"မစ္စတာမောင်မောင်"

"ဟုတ်ကဲ့ပြောပါကက်(ပ်)"

ခင်ဗျားလုပ်ရမည့် တာဝန်အကြောင်းတော့ မပြောလိုပါဘူး.. အင်း..တချို့ကိစ္စတွေမှာအတူပူးပေါင်းဆောင်ရွက်ရတယ် မဟုတ်လားဗျ.."

"ဟုတ်ပါတယ် ကက်ပ်"

ကောင်းတယ်..ခင်ဗျားလည်း ငွေရဖို့အတွက် အလုပ်လာလုပ်တာပဲလေ..သင်္ဘောပေါ်မှာပါ.."

"ဟုတ်ကဲ့"

"ကျုပ်တို့ရဲ့ ရေဘဝဲသင်္ဘောက နွေးထွေးစွာ ကြိုဆိုပါတယ်ဗျာ.."

"ဝမ်းသာပါတယ်ကက်(ပ်)"

"ကဲ..အနားယူနိုင်ပါပြီ..မနက်ဖြန် နံနက် ၄ နာရီ ဒီရေတက်နဲ့ သင်္ဘောထွက်ခွာမယ်..ညနေကို ပရိုဗီးရှင်း (Provision) လာမယ် စပတ်(ပ်)စာရင်းတွေ ပြုစုပေးပါနော်"

"ဟုတ်ကဲ့..ခွင့်ပြုပါခင်ဗျာ"

"ကောင်းပါပြီ"

ရေဘဝဲလှုပ်ရှားလာပြီ

ညနေပိုင်းတွင်တော့ မောင်မောင်တို့ သင်္ဘောသားများ ကုန်းပတ်ပေါ် ရောက်ရှိနေကြရင်း အစားအသောက် ရိက္ခာများ(Provision)လာရောက်ပို့သောကြောင့်ပေ။ ကရိန်းဖြင့် ပိုက်ကွန် (Cargo Net)ထဲ ထည့်ကာ အစားအသောက် အသားများ စည်သွပ်ဘူးများ ဟင်းသီးဟင်းရွက် သစ်သီးများသာမက ဆန်အိတ်များ၊ ကြက်သွန်အိတ်၊ အာလူးအိတ်၊ ဆီပုံးများပါပေ။

အရက်ဖာများ၊ ဘီယာသေတ္တာများ၊ အချိုရည်သေတ္တာများ စီးကရက် စက္ကူသေတ္တာများလည်း တင်ဆောင်ပါသည်။ ရိက္ခာခြောက်များကိုတော့ စတိုခန်းသို့ပို့ကြ၏။ အသားများ ဟင်းသီးဟင်းရွက်များကိုတော့ အအေးခန်း(Cold Room)သို့ လက်ဆင့်ကမ်းပို့ဆောင်ကြ၏။ ထိုသည်များကို ထမင်းချက် (Cheif cook)က တာဝန်ယူရ၏။

ဆက်သွယ်ရေးအရာရှိမောင်မောင်ကတော့ အရက်၊ ဘီယာ၊ အချိုရည်များနှင့် စီးကရက်သေတ္တာများကို မိမိကိုင်ရသည့် စတိုခန်း(Bond Store)သို့ ထည့်သွင်းရ၏။ ထိုသည်များကို သင်္ဘောပင်လယ်ပြင်တွင်း ရောက်ရှိသည့်အခါ တစ်ပတ်တစ်ကြိမ် သင်္ဘောသားများအား အကြွေးစနစ်ဖြင့် ရောင်းချပေးရ၏။ ရောင်းချရသော အမြတ်ငွေထဲမှ စတိုခန်းကိုင်ရသူ ဆက်သွယ်ရေးအရာရှိက ၅% ရရှိပေမည် ဖြစ်၏။

မောင်မောင်က မိမိတာဝန်

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း မိုးလေဝသပေးပို့ချက် (Wheather Report)အား အချိန်တိုင်း ဖမ်းယူပေး၏။ အလိုအလျှောက်စက် ဖြင့် (Teleprinter)လည်း မိုးလေဝသ ဂရမ်မြေပုံညွှန်းကို ထုတ်ယူရပေသည်။ ဆိပ်ကမ်းတက်ခွင့် (Shore Leave Stop)အား ည ၉နာရီသတ်မှတ်ထား ၏။ သင်္ဘောသားများ ည ၉နာရီ အရောက် သင်္ဘောသို့ ပြန်ရောက်ကြ ရမည်ဖြစ်၏။ ဒုတိယအရာရှိ (Second Mate)မှာလည်း မအားလပ် တော့ပါချေ။ ရှေ့ဆိုက်ကပ်မည့် ဆိပ်ကမ်းအထိ လမ်းကြောင်း(True Course)ဆွဲရ၏။

လမ်းကြောင်းဆွဲရုံဖြင့် မပြီးသေး ပါချေ။ သင်္ဘောခုတ်မောင်းနှုန်း ရေမိုင် (Sea Knot)ကို တွက်ချက်ရ ၏။ ရက်ပေါင်းမည်မျှ(ခန့်မှန်း)မှု သာမက စက်သုံးဆီ(Fueloil/Diesel Oil) မည်မျှ၊ ရေချိုမည်မျှကုန်ကျမှု ကိုပါ တွက်ချက်ခန့်မှန်းရပေသည်။ ကမ္ဘာ့လတ္တီတွစ် မျဉ်းများအရှေ့သို့ ခုတ်မောင်းပါက နာရီရှေ့တိုး (Advance Hour)ရပြီး အနောက်ဘက် ခုတ်မောင်းပါက နာရီနောက်ဆုတ် (Backward Hour)ဖြတ်လေတိုင်း အ ပြောင်းအလဲနာရီအချိန်ပါ ထည့်ပြီး တွက်ချက်ရပေသည်။

တစ်ရက်ခုတ်မောင်းပြီးတိုင်း (Noon Report)တွင် ဆီ၊ ရေ မည်မျှ ကုန်သည် မိုင်ပေါင်းမည်မျှခုတ်မောင်း ပြီး မည်မျှကုန်သည်က နေ့စဉ်တွက် ချက်ရပါသေး၏။ သင်္ဘောပေါ်တွင် သူ့တာဝန်နှင့်သူ ကိုယ်စီရှိကြသူချည်း ပါပေ။ မြန်မာသင်္ဘောသားနှစ်ယောက် ကို တွေ့ရ၏။ သူတို့က အမှန်အကန် သင်္ဘောသားအစစ်များမဟုတ်ကြပါ ချေ။ ကုန်းပေါ်အလုပ်လုပ်ကိုင်ပြီး သင်္ဘောလက်မှတ်အတုများ ဝယ်ယူ ကာ သင်္ဘောတက်လိုက်ပါနေခြင်းပါ ပေ။ နိုင်ငံရပ်ခြားသင်္ဘောကုမ္ပဏီများ ကတော့ သင်္ဘောလုပ်ငန်းကို လုပ် ကိုင်တတ်ကျွမ်းပါက အလုပ်ခန့်အပ် ပေသည်။ သူတို့မှာ ဘန်ကောက် အရောက် သင်္ဘောတက်ခြင်းကြောင့် လေယာဉ်လက်မှတ်ခပင် ကုမ္ပဏီက သက်သာပါသေး၏။ ထိုသင်္ဘောသား နှစ်ယောက်က မြန်မာများဖြစ်သော် လည်း၊ မောင်မောင်အား ဖော်ရွေစွာ ဆက်ဆံခြင်းမပြုကြပေ။ သူတို့နှင့် မပတ်သက်သလို နေကြ၏။ မောင်မောင်ကလည်း မလွမ်းလောက် ချေ။ သူတို့ဆီက သင်္ဘောနှင့်ပတ် သက်သော သတင်းအစအနမရ သည်သာရှိပေသည်။

နံနက် ၉ နာရီစတင်ထွက်ခွာ မည်မို့ သင်္ဘောသားအားလုံးတစ်နာရီ ကြိုတင်ထကြရင်း စက်ခန်း(Engine Room) တာဝန်ကျသူများက စက်ခန်းသို့ဆင်းကာ မိန်းအင်ဂျင် (Main Engine) စက်နိုးထားရင်း ကုန်းပတ်ပေါ်သို့ ပါဝါလွှတ်ပေးရ၏။ (Power On Deck) ထိုသည်က ကျောက်ဆူးကြိုးချိန်းကြိုးများ စက်ဖြင့် (Windless)ရစ်ရန် အသုံးပြုရန်တည်း။

မိမိတို့ တာဝန်ကျရာသို့ သွား ရောက်လုပ်ကိုင်ကြရပေသည်။ ဆိပ် ကမ်းအာဏာပိုင်မှ ရေကြောင်းလမ်း ပြ(Pilot)နှင့် လူဝင်မှုကြီးကြပ်ရေးအ ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များက အနံ့ခံခွေးကြီး များပါ ခေါ်ဆောင်ပြီး လူပိုလူလျှံလိုက် ပါခြင်းရှိမရှိ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ဝှက်ထားခြင်းရှိမရှိကို အခန်းတိုင်း အနံ့ခံခွေးကြီးများဖြင့် လိုက်လံစစ်ဆေးရှာဖွေကြတော့၏။ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်း ဝယ်နေသော သင်္ဘောဟုသတင်းရ ထား၍ဖြစ်၏။

"မသင်္ကာပါက အခန်းနံရံများ ပါ ဖွင့်၍ရှာဖွေကြပါသေး၏။ မူးယစ် ဆေးဝါးသည် တစ်မျိုးသားလုံး လူညွန့်တုံးစေနိုင်သည်ဖြစ်၍ ကမ္ဘာ တစ်ဝန်း မူးယစ်ဆေးဝါးတိုက်ဖျက် ရေးကို ပူးပေါင်းဆောင်ရွက်နေကြပေ သည်။ ယခုအခါ ဘိန်းဖြူ၊ ကုတ်ကင်း သာမက လူသာများမျိုးနွယ်ပါ လူညွန့်တုံးစေမည့် အက်ဖက်တလင်း ခေါ် စိတ်ကြွရူးသွပ်ဆေးပြားများပင် ပေါ်နေပြီဖြစ်၏။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကား တစ်မျိုးသားလုံး ၏ တာဝန်ကြီးတစ်ရပ်ပါပေ။

ရှေ့လဆက်ရန်··

မောင်မောင်(မြန်မာပြည်)

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ငြိမ်းချမ်းရေး ဖျက်လိုဖျက်ဆီးလုပ်လျက်ရှိသော အဖွဲ့အစည်းခေါင်းဆောင်အား U.S.A ဒေါ်လာ ၂၃ သန်းပေးရန် ဝရမ်းထုတ်ပြန်ထား

၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ ဝါရှင်တန်မှလာသော သတင်းတစ်ရပ်ဖော်ပြချက်တွင် အမေရိကန်ပြည်ထောင်စု အစိုးရက ကမ္ဘာ့ငြိမ်းချမ်းသာယာရေးကို ဖျက်လိုဖျက်ဆီး ပြုလုပ်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်း၊ ဘာသာရေး အစွန်းရောက်ပုဂ္ဂိုလ်များနှင့် ခေါင်းဆောင်များတို့အား ဖယ်ရှားရှင်းလင်းရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်နှင့်အညီ ဖမ်းဆီးရမိရေးအတွက် ဒေါ်လာငွေကြေးမြောက်မြားစွာ ထုတ်ကာ ဝရမ်းဖြင့် ဖမ်းဆီးဖို့ရန် အမိန့်ထုတ်ပြန် ကြေညာလျက်ရှိ၏။ လောလောဆယ် စာရင်းကောက်ချက်အရ ကမ္ဘာ့ငြိမ်းချမ်းရေး အကြမ်းဖက်ခေါင်းဆောင်များမှာ နိုင်ဂျီးရီးယားမှ မစ္စတာ Boko Haram၊ မစ္စတာ Abubakar Shekau၊ မစ္စတာ Mokhtar Belmokhtar အစရှိသော ဘာသာရေးတစ်ဖက် အစွန်းရောက်ပုဂ္ဂိုလ်များ ၅ ဦးအား ဖမ်းဆီးရရှိမိရေးအတွက် အချို့ဆုငွေ အမေရိကန်ဒေါ်လာ ၅၀၀၊ အချို့ဆုငွေ အမေရိကန်ဒေါ်လာ ၇၀၀၊ စုစုပေါင်းဆုငွေများ အမေရိကန်ဒေါ်လာ ၂၃ သန်း အကုန်အကျခံ သုံးစွဲရန် ဝရမ်းထုတ်ထားလျက်ရှိသည်ဟု သိရ၏။

ရုပ်ပုံမှာ နိုင်ဂျီးရီးယားမှ ဘာသာရေးတစ်ဖက်အစွန်းရောက် အကြမ်းဖက်ခေါင်းဆောင် မစ္စတာ Boko Haram ဖြစ်ပါသည်။

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

Ref: C.S.T. (Singapore)
(5.6.2013), Page (2)

အသက်အာမခံထားသူ စင်ကာပူမြို့ အကောက်ခွန်အရာရှိဟောင်း လိမ်လည်လျော်ကြေးတောင်းဆို၍ ထောင်နန်းစံခဲ့ရ

စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့ ယခင် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်အရာရှိဟောင်းဖြစ်သူ မစ္စ(စ)မာစီနာသည် ယာဉ်တိုက်မှုခံခဲ့ရကြောင်း အသက်အာမခံလျော်ကြေးငွေ စင်ကာပူဒေါ်လာ ၅၀၀၀၀ ရရှိရန်အတွက် အာမခံဦးစီးဌာနသို့ လိမ်လည်လျှောက်ထားခဲ့ရာ သက်ဆိုင်ရာမှ လိမ်လည်လျှောက်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် အမှုကို ရုံးတင်ကြားနာခဲ့၏။ စင်ကာပူအဆင့်မြင့် တရားရုံးတော်မှ ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် လျော်ကြေး လုံးဝမရရှိသည့်အပြင်၊ ထောင်နန်းရက်သတ္တ ၄ ပတ်မျှ ကျခဲ့ရကြောင်း သတင်းရရှိပါသည်။

ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)

Ref: C.S.T. (Singapore)
(11.6.2013), Page (6)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးများအလိုရှိသည်

အပိုင်း(၇၉)

ထီးခမ်းဘန်းကန်သို့အဝင်

■ ဗဟိုစော

တူးတူးတို့ရေ…

ထီးခမ်းသွားဖို့ ရုံးကိစ္စတွေပြီးတာနဲ့ ဗဟိုစည်အိမ်ရာကနေ ဖဆပလရပ်ကွက်ကအိမ်ဆီ ပြောင်းရွှေ့လာရတယ်။ အမှန်တော့ ဗဟိုစည်ရပ်ကွက်ကလည်း ဖျက်သိမ်းနေပြီဆိုတော့ မပြောင်းရင် မဖြစ်တော့တဲ့အခြေအနေ တိုက်ဆိုင်သွားတာပါ။

အဲဒီနောက် ပထမဆုံး လုပ်ရတာက ဇနီးသည်ကျောင်းဆရာမရဲ့ ကျောင်းပြောင်းကိစ္စပါ။ သူ့ကျောင်းပြောင်းရတာကလည်း သုံးကျောင်းမကတော့ပါဘူး။ ဆရာအတတ်သင်သိပ္ပံက ဆင်းတော့ ပထမဆုံးအလုပ်ဝင်ရတာက အထက (၄) မင်္ဂလာတောင်ညွန့်ပါ။ အဲဒီကမှ အမက(၉) မင်္ဂလာတောင်ညွန့်ကို ပြောင်းရပါတယ်။ ပြီးတော့ အမက(၁၆) အင်းစိန်၊ အမက(၇) လမ်းမတော်မြို့နယ်တို့မှာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။

အခုတော့ ရန်ကုန်တိုင်းအတွင်း မြို့နယ်ပြောင်းမဟုတ်ဘဲ ရှမ်းပြည်နယ်တောင်ပိုင်းအထိ ပြောင်းရမှာဆိုတော့ မြို့နယ်ပညာရေးမှူးကတစ်ဆင့် တိုင်းပညာရေးမှူးရုံးအထိ လျှောက်ထားရပါတယ်။ တိုင်းရုံးကတော့ ရှမ်းပြည်နယ်တောင်ပိုင်းကို ပြောင်းရွှေ့ခွင့် ချပေးလိုက်ပေမယ့် ဘယ်မြို့နယ်၊ ဘယ်ကျောင်းမှာ တာဝန်ထမ်းဆောင်ရမယ်ဆိုတာတော့ ဟိုရောက်မှပဲ သိရမှာပါ။

ကျောင်းကိစ္စပြီးတော့ ဒုတိယလုပ်ရတာက မီးရထားလက်မှတ်ရရေး ကွင်းဆင်းစုံစမ်းရတယ်လေ။ ရန်ကုန်-ရွှေညောင် အမြန်ရထားကြီးက နေ့စဉ်ညနေ ၃ နာရီခွဲ ရန်ကုန်ဘူတာကြီး စကြံအမှတ်-၃ ကနေထွက်ပြီး နောက်တစ်နေ့ညနေ ၅ နာရီဝန်းကျင် ရွှေညောင်ဘူတာကို ဝင်တယ်တဲ့။ မိသားစုငါးဦးလည်းဖြစ်၊ တစ်ညအိပ်ခရီးစဉ်လည်း ဖြစ်နေတော့ အိပ်စင်ပါတဲ့ တစ်ခန်းယူလိုက်ရတယ်။ သေတ္တာ၊ ခုတင် စတဲ့ အိမ်ထောင်ပြောင်းပစ္စည်းတွေလည်း တန်ဆာလုပ်ပြီး ကုန်တွဲမှာ အပ်လိုက်ရတယ်။ သွားရမယ့်နေ့ရက က ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ အင်္ဂါနေ့ ညနေ ၃ နာရီခွဲ။

တတိယအရေးကြီးဆုံး ကိစ္စက ကိုယ်တို့ကို ရွှေညောင်ဘူတာမှာ ကားနဲ့လာကြိုဖို့ ထီးခမ်းဘန်းကန်စခန်းကို အကြောင်းကြားဖို့ပဲ။ အဲဒီအချိန်က ရုံးချုပ်နဲ့ စခန်းဆက်သွယ်ရေးဟာ အတော်လေး ညံ့ဖျင်းသေးတယ်။ အနီးစပ်ဆုံး ဆက်သွယ်ရာက တောင်လေးလုံးစိုက်ပျိုးရေးစခန်းက တစ်ဆင့်ပါ။ တောင်လေးလုံးစခန်းဆိုတာကလည်း ရွှေညောင်နဲ့ ဟဲဟိုးကြားမှာရှိတာလေ။ ရွှေညောင်နဲ့တောင် ၇ မိုင်လောက် ဝေးသေးသဗျ။

အဲဒီ တောင်လေးလုံးစခန်းဆီလည်း တိုက်ရိုက်ဆက်သွယ်လို့ရတာ မဟုတ်ဘူး။ ရွှေညောင်မြို့နယ် ရဲစခန်းကို အကူအညီတောင်းရတာ။ အဲဒီကမှ သတင်းစကားကို တောင်လေးလုံးစခန်းဆီ လူလွှတ်အကြောင်းကြားရတာ။ အဲဒီ သတင်းကို တောင်လေးလုံးက ဆက်သားတစ်ယောက် ထီးခမ်းဘန်းကန်စခန်းရောက်အောင် လွှတ်ပြီး ဆက်သတင်းပို့ရတာလေ။

သက်ဆိုင်ရာ တာဝန်ခံတွေကတော့ ရရှိတဲ့သတင်းစကားကို တတ်နိုင်သမျှ အမြန်ဆုံးရောက်အောင်တော့ ပို့ပေးကြရတာပါပဲ။ နို့မို့ဆို သူများကိစ္စဆိုပေမယ့် ကိုယ့်ခေါင်ပေါ် တာဝန်ကျသွားနိုင်တယ်လေ။ အထူးသဖြင့် လူကြီးခရီးစဉ်နဲ့ ပတ်သက်လာရင် အလွန်အရေးကြီးသွားပြီ။ လက်ခံရရှိတဲ့ သတင်းကို

www.burmeseclassic.com

www.burmeseclassic.com

အချိန်မီရောက်အောင် မပို့လိုက်နိုင်လို့ကတော့ မိုးမီးလောင်ပြီသာမှတ်။

ကိုယ်ကတော့ အဲဒီတစ်ဆင့်ဆက်သွယ်ရေးနည်းကို မသုံးခဲ့ဘူး။ ထီးခမ်းဘန်းကန်စခန်းအတွက် စက်သုံးဆီလာထုတ်တဲ့ တာဝန်ခံထောင်မှူးနဲ့ ထီးခမ်းစခန်းက ထောင်မှူး ကျော်ကျော်စိုးဆီကို စာတစ်စောင်ရေးပေးလိုက်ရတာပါပဲ။ သူက အောက်တိုဘာ ၅ ရက်နေ့ ထီးခမ်းစခန်းမှာ စက်သုံးဆီသွားပို့ပေးရမှာဆိုတော့ အချိန်ပါပဲ။

အဲဒီအချိန်က ထီးခမ်းဘန်းကန်စခန်းမှာ တာဝန်ခံ သီးသန့်မရှိဘူး။ စခန်းအုပ်ချုပ်မှုနဲ့ ငွေကြေးကိစ္စကို အောင်ပန်း-ကလော လမ်းဖောက်လုပ်ရေးတာဝန်ခံ ထောင်ပိုင်ဦးလှိုင်သိန်းကို ပူးတွဲတာဝန်ပေးထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်လောက ဖြစ်ပျက်ခဲ့တဲ့ ထီးခမ်းစပါးခင်းမှာ ဝန်ထမ်းတွေ အရက်သောက်ပြီး ဖဲထိုင်ရိုက်နေတုန်း အကျဉ်းသား ရဲဘက်တွေ သေနတ်လုပြီး ထွက်ပြေးလွတ်မြောက်သွားတဲ့အမှုမှာ စခန်းတာဝန်ခံကို အုပ်ချုပ်မှု ညံ့ဖျင်းမှု ခေတ္တရာထူးချထားလို့ပဲ။

ဒါကြောင့် ထီးခမ်းဘန်းကန်စခန်းမှာ အရာရှိဆိုလို့ ထောင်မှူး ကျော်ကျော်စိုးနဲ့ ထောင်မှူးဦးတင်အုန်းတို့ပဲရှိတယ်။ ဦးလှိုင်သိန်းက စခန်းတွေ အများကြီး ကိုင်ထားရတော့ တစ်နေ့တစ်နေ့ ကားတစ်စီးနဲ့ တောင်ကြီးဘက်လိုက်၊ အောင်ပန်းပြန်လိုက်၊ ကြုံတဲ့စခန်းမှာ ညအိပ်လိုက်နဲ့ အတော်လေး အလုပ်ရှုပ်နေလေရဲ့။

ဒီလိုနဲ့ ကိုယ်တို့မိသားစုငါးယောက် အောက်တိုဘာလ ၆ ရက်နေ့၊ ညနေ ၃ နာရီခွဲရထားနဲ့ ရန်ကုန်ဘူတာကြီးက ထွက်ခဲ့ကြတယ်။ မိဘနဲ့ ဆွေမျိုးတစ်စု ရထားထွက်တဲ့အထိ စောင့်ပြီး လိုက်ပို့ကြတယ်။ အမှန်တော့ ကိုယ် ၁၉၇၅ ခုနှစ် ထောင်မှူးဖြစ်ကတည်းက ဒီလိုမိသားစုလိုက် ခရီးဝေးကို ပြောင်းရွှေ့တယ်ဆိုတာ ပထမဆုံးအကြိမ်ပါပဲ။ အရင်ကတော့ ကိုယ်ဘယ်ထောင်စခန်းပြောင်းပြောင်း မိသားစုတွေက ရန်ကုန်မှာ ကျန်ရစ်ခဲ့ကြတာချည်းပဲလေ။

ရထားက ရန်ကုန်ဘူတာကြီးက စထွက်ကတည်းက ပုံမှန်ပါပဲ။ တစ်လမ်းလုံးလည်း နှေးတာ၊ မြန်တာ သိပ်မရှိပါဘူး။ ရန်ကုန်-မန္တလေးလမ်းပေါ်က ဘူတာတချို့ပဲ ရပ်ပါတယ်။ ရပ်တဲ့အချိန်လည်း သိပ်မကြာလှပါဘူး။ သူရပ်တာ အကြာဆုံးကတော့ နောက်တစ်နေ့ နေ့လယ်လောက်ရောက်တဲ့ သာစည်ဘူတာမှာပါပဲ။

အောက်တိုဘာလဆိုပေမယ့် သာစည်နေ့လယ်နေက အတော်လေးပူပါတယ်။ ခရီးသည်တွေအနေနဲ့ သာစည်ရောက်မှပဲ ရေမိုးချိုးပြီး ထမင်းစားကြတာ များပါတယ်။ သာစည်က မန္တလေးတိုင်းထဲမှာ ရှိနေသေးတော့ ရာသီကပူနေဆဲပဲ။

သာစည်ကလွန်ရင် ရှမ်းပြည်နယ်ဝင်ပြီဆိုတော့ အအေးဓာတ်က စပြီပေါ့။ တောင်ပေါ် ရထားလမ်းမို့ အကွေ့အကောက်တော့ များတယ်။ တချို့တောင်ပတ်လမ်းတွေမှာ တိုက်ရိုက်ကွေ့ပတ်တက်လို့ မရဘူး။ ဒါကြောင့် တောင်ပတ်လမ်းကိုကျော်လွန်ပြီး ရထားလမ်းအပို သီးခြားဖောက်လုပ်ထားပေးရတယ်။ အဲဒီလမ်းဆုံးရောက်ရင် နောက်ပြန်ဆုတ်၊ ရထားလမ်းကြောင်းပြောင်း၊ တောင်ပတ်လမ်းထဲဝင်ပြီး ဆက်သွားရတယ်။

အဲဒါကို လွန်းထိုးတယ်လို့ခေါ်တယ်။ ပထမလွန်းထိုး၊ ဒုတိယလွန်းထိုး၊ တတိယလွန်းထိုး ဆိုပြီး ရထားလမ်းအပိုတွေ သီးသန့်ဖောက်ပေးထားရတယ်။ အဲဒီလို ရထားလမ်းမှာ လွန်းထိုးပြီး ပတ်နေရတဲ့အခါ အချိန်အတော်လေး ကြာတယ်။

လွန်းထိုးတွေကျော်လွန်သွားရင်တော့ ရထားလမ်းက ဖြောင့်လာပါပြီ။ ရဲရဲနီနေတဲ့ လေ့ကားထစ်စိုက်ကွက်တွေထဲက ပိတောက်ပန်းအရောင် တောက်နေတဲ့ ရှမ်းတောင်သူတွေရဲ့ ပန်းနှမ်းစိုက်ခင်းတွေကို ရထားပြတင်းပေါက်ကနေ လှမ်းမြင်လာရပါပြီ။ နာမည်ကျော် ခွေးရုပ်ဘူတာနဲ့ ကလော၊ အောင်ပန်း၊ ဟဲဟိုးဘူတာတွေကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာပါပြီ။

အဲဒီနောက်မှာတော့ ကိုယ်တို့ရထားကြီးဟာ ကမ္ဘာကျော် "ဘဝသံသရာ"တံတားကြီးပေါ်ကို ကင်းခြေများတစ်ကောင်လို တရွေ့ရွေ့နဲ့ တက်လာပါတော့တယ်။ ဒီတံတားကြီးကို ဟိုတုန်းက ဘယ်လိုခေါ်ခဲ့ကြလဲ မပြောတတ်ပေမယ့် ဆရာဦးသုခရဲ့ ဘဝသံသရာရုပ်ရှင်ကားကြီးထဲ ထည့်ရိုက်ပြီးကတည်းက ဘဝသံသရာတံတားကြီးအဖြစ် လူသိများလာတာပါ။

ဒီတံတားဟာ တံတားဆောက်လုပ်ဖို့ အလွန်ခက်ခဲတဲ့ ရောမချောက်ကြီးပေါ်မှာ မြန်မာအင်ဂျင်နီယာတွေရဲ့ နည်းပညာနဲ့ ဘဲဥပုံသဏ္ဌာန် ကွေ့ပတ်ဝေ့ဝိုက်ပြီး နှစ်ထပ်ဆောက်လုပ်ထားတဲ့ ကမ္ဘာကျော်တံတားကြီးပါ။ ဆရာဦးသုခက အဲဒီတံတားကြီးပေါ်က ရထားဖြ

www.burmeseclassic.com

www.burmeseclassic.com

သန်းလာပုံ ပေါ်လွင်အောင် ကင်မရာ ရှုထောင့်အမျိုးမျိုးနဲ့ သရုပ်ဖော်နိုင်ခဲ့လို့လည်း ကျော်ကြားပြီး လူသိများခဲ့ရတာပါပဲ။

ဘဝသံသရာဝဲတားကြီးကို ပင်ပင်ပန်းပန်းဖြတ်ကျော်လာခဲ့ရတဲ့ ရန်ကုန်-ရွှေညောင်ရထားကြီးဟာ ညနေ ၅ နာရီခွဲလောက်မှာ ရွှေညောင်ဘူတာထဲ မောကြီးပန်းကြီး ဝင်လာပါတော့တယ်။ ကိုယ်က ယူနီဖောင်းဝတ်လိုက်ပြီး အိပ်စင်ပြတင်းပေါက်က ခေါင်းထုတ်ပြီး၊ စကြံပေါ်မှ လာကြိုဆိုသူများကို ကြည့်နေလိုက်တယ်။

"ဟော . . . ဆရာ"

ထောင်မှူးကျော်ကျော်စိုး ဖြစ်ပါတယ်။ သူ ကိုယ့်ကိုမြင်သွားလို့ အိပ်စင်ဆီ ပြေးလာပါတယ်။

"ဟာ . . . ကျော်ကျော်စိုး။ ဘယ်တုန်းက ရောက်နေတာလဲ"

"နာရီဝက်လောက်ရှိပြီဆရာ"

ကျော်ကျော်စိုးက ကိုယ်မေးတာကိုဖြေရင်း တွဲပေါ်တက်လာတယ်။

"ပစ္စည်းတွေ ဒါအကုန်ပဲလား"

"ကုန်တွဲမှာ ကျန်သေးတယ်"

ရထားရပ်တော့ သူက ပါလာတဲ့ ဝန်ထမ်းတွေနဲ့ အိပ်စင်ပေါ်က ပစ္စည်းတွေကို စကြံပေါ် ချတယ်။ ပြီးမှ ကိုယ်နဲ့အတူ ကုန်တွဲမှာပါလာတဲ့ ပစ္စည်းတွေကို သယ်ယူပြီး ဘူတာအပြင်မှာ စောင့်နေတဲ့ ဟီးနိုးရိန်းဂျားပေါ် တင်တယ်။ အားလုံးပြီးလို့ ကားစထွက်တော့ ညနေ ၆ နာရီခွဲပြီးနေပြီ။

ကားကို ရွှေညောင်-ရပ်စောက် ကားလမ်းအတိုင်း မောင်းလာခဲ့တယ်။ ရွှေညောင်ကနေ ရပ်စောက်အထိ ၃၆ မိုင်ခွဲလောက် ဝေးတယ်။ ထီးခမ်းဘန်းကန်စခန်းက ရပ်စောက်မြို့နယ်ထဲရှိပြီး ရွှေညောင်နဲ့ ၁၉ မိုင်အကွာမှာ ရှိတယ်။

ကားက ည ၇ နာရီခွဲလောက်မှာ ထီးခမ်းဘန်းကန် ယာယီအလုပ်စခန်းကိုရောက်တယ်။ ယာယီစခန်းတွေက ၁၉၇၅-၇၆ ဘဏ္ဍာရေးနှစ်က စပြီး ပါးထရံကာ၊ သက်ငယ်မိုးနဲ့ ဆောက်ထားတာမို့ သက်တမ်းအားဖြင့် ခုနစ်နှစ်ကျော်နေပြီပေါ့။

"ရောက်ပြီလား ဆရာစော"

ထောင်ပိုင်အဆက်ဆက် နေခဲ့တဲ့ အိမ်ကြီးရှေ့ ကားရပ်တယ်ဆိုရင်ပဲ အမှောင်ထဲက ထွက်လာပြီး ကြိုဆိုနှုတ်ဆက်တဲ့ ဦးလှိုင်သိန်းကို ကားမီးရောင်အောက်မှာ မြင်လိုက်ရတယ်။

"ဟာ . . . ဗိုလ်လှိုင်လည်း ရောက်နေတာလား"

ကိုယ်က ကားရှေ့ခန်းက ဆင်းပြီး လက်ဆွဲနှုတ်ဆက်လိုက်တယ်။

"ဆရာစောတို့ လာမယ်ဆိုလို့ လာစောင့်နေတာလေ။ ဟော . . . အစ်မကြီးလည်း ပါလာတာပဲ။ ကလေးတွေရော . . ."

ဦးလှိုင်သိန်းက ကိုယ့်ကိုပြောရင်း ကားရှေ့ခန်းက ဆင်းလာတဲ့ ဇနီးသည်ကိုပါ လှမ်းနှုတ်ဆက်လိုက်တယ်။

"ကားနောက်ခန်းမှာ ပါပါတယ် ဆရာ"

ဇနီးသည်က ဖြေတယ်။

"အစ်မကြီး ကျွန်တော့်ဆီရောက်လာမှတော့ ဘာမှ ပူမနေနဲ့တော့။ ဆရာစောနဲ့ ကျွန်တော်နဲ့က အထူးပြောစရာ မလိုဘူး"

"ဟုတ်ကဲ့ ဆရာ"

အဲဒီအချိန်မှာ ထောင်မှူးဦးတင်အုန်း ရောက်လာပြီး နှုတ်ဆက်တယ်။ ဦးလှိုင်သိန်းက ဦးတင်အုန်းအား -

"ဦးတင်အုန်း . . ."

"ဟုတ်ကဲ့ ဆရာ"

"ဆရာစောတို့မိသားစု နေဖို့လိုင်ဖို့ ခင်ဗျားအဖွဲ့နဲ့ တစ်နာရီအတွင်း ပြင်ဆင်ဗျာ။ လာ . . . ဆရာစောနဲ့ အစ်မကြီးတို့"

ဦးတင်အုန်းကို ညွှန်ကြားပြီး၊ ကိုယ်တို့မိသားစုကို စခန်းရုံးဆီ ခေါ်သွားတယ်။ ရုံးခန်းမီးရောင်အောက်မှာ အသင့်စီစဉ်ထားတဲ့ ညစာထမင်းဝိုင်းကို တွေ့ရတယ်။

"ကဲ . . . အစ်မကြီးနဲ့ ကလေးတွေ စပြီးသုံးဆောင်ကြပါ။ ဆရာစောကတော့ တစ်ပက်လောက် ချီးမြှင့်ပါဦး"

ဇနီးသည်နှင့် သားသမီးတွေကို ထမင်းဝိုင်းကို ညွှန်ပြပြီး၊ ကိုယ့်ကိုတော့ အာမီရမ်တစ်ပက် လှမ်းပေးတယ်။ ကိုယ်က သောက်ရေနည်းနည်းစပ်ပြီး သူနဲ့ ဖန်ခွက်ချင်း ကမ်းပေ့လုပ်လိုက်ကြတယ်။

"ခွပ် . . ."

ဖန်ခွက်ချင်း ထိရိုက်လိုက်သံဟာ ထီးခမ်းဘန်းကန်အလုပ်စခန်း ပြန်လည်ထူထောင်ရေးကိစ္စအတွက် အောင်မြင်ခြင်း ရှေ့ပြေးနိမိတ်ကောင်း ဖြစ်ပါစေလို့ ကိုယ့်စိတ်ထဲက ကျိတ်ပြီးဆုတောင်းလိုက်မိတယ်။

အစာအိမ်ထဲကို အာမီရမ် သုံးပက်လောက် ရောက်သွားတဲ့အခါမှာတော့ ကိုယ့်ထုံးစံအတိုင်း မူးစပြုလာပြီ၊ ဆက်မသောက်နိုင်တော့ပါဘူး။ ဦးလှိုင်သိန်းကတော့ ခုမှ အရှိန်ရလာသလို

www.burmeseclassic.com

တစ်ခွက်ပြီးတစ်ခွက် ဆက်သောက်နေလေရဲ့။ ကိုယ့်ကိုတော့ ဆက်သောက်ဖို့ မတိုက်တွန်းပါဘူး။ သူတစ်ယောက်တည်း စကားတပြောပြောနဲ့ အမြည်းလေးစားလိုက်၊ အာမီရမ်လေး မော့လိုက်နဲ့ ဆက်ရက်မင်းစည်းစိမ်ခံနေပါတော့တယ်။

"ဒါနဲ့ ဗိုလ်လှိုင်"

"ပြော ဆရာစော"

"စခန်းအဝင်ဝကနေ အမြဲတမ်းပတ်ကားစခန်းအထိ ဘယ်လောက်ဝေးလဲဗျ"

"နှစ်မိုင်လောက်တော့ ရှိမယ် ဆရာစော"

"အဲဒါကို ရာသီမရွေး သွားနိုင်တဲ့ ကျောက်လမ်းခင်းပေးရမယ်လို့ ရုံးချုပ်က မှာလိုက်တယ်ဗျာ။ အဲဒါ လိုအပ်တဲ့ ကျောက်တွေ ဘယ်ကရနိုင်မလဲ"

"စခန်းပတ်ဝန်းကျင် ဘန်းကန်ရွာ နောက်ဘက်နဲ့ ၁၀ မိုင်လောက်ဝေးတဲ့ တောင်နီရွာနားမှာ ရွှေညောင်-ရပ်စောက် ရထားလမ်းဖောက်တုန်းက ကျန်ခဲ့တဲ့ ကျောက်တွေနဲ့ ခင်းရလိမ့်မယ်"

"ကျောက်သယ်ယူဖို့ လိုအပ်တဲ့ စက်သုံးဆီကို စီမံကိန်းလုပ်ငန်းက ချပေးမယ်လို့ ဆရာဦးစိန်ငွေး မှာလိုက်တယ်။ အဲဒါ ဘယ်လိုနှုန်းထားနဲ့ တွက်ချက်ပြီး တင်တောင်းရမလဲဗျ"

ဦးလှိုင်သိန်းမှာ ကျောက်ထုတ်လုပ်ငန်းဖျက်သိမ်းလို့ အကျဉ်းဦးစီးသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး လက်ရှိမှာ ကျောက်စခန်းတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်လို့ မေးကြည့်မိတယ်။

"အင်း...အကြမ်းဖျင်းကတော့ တစ်ပါတစ်စီးကို ကျောက်တစ်ကျင်းခွဲနှုန်းနဲ့ တွက်ပေါ့ဗျာ။ စက်သုံးဆီကတော့ ကျောက်ဝိတ်နဲ့ဆို တစ်ဂါလံကို ဆယ်မိုင်နှုန်းလောက်ပဲ ဆွဲနိုင်လိမ့်မယ်"

"ကျေးဇူးပဲ ဗိုလ်လှိုင်။ ဒါနဲ့ ကျောက်လမ်းကောင်းကောင်းရဖို့ ဘယ်လိုကျောက်အမျိုးအစားတွေနဲ့ ဘယ်လို ခင်းရမလဲဗျ"

"လမ်းအောက်ခံအဖြစ် ၆"×၉" ခေါ်တဲ့ ကျောက်ကြီးအရင် ခင်းရမယ်။ အဲဒီအပေါ်ကမှာမှ ၂" × ၄" လို့ခေါ်တဲ့ ကျောက်လတ်တွေ အပြည့်တင်ရမယ်ဗျ။ ပြီးမှ ၁" × ၂" ခေါ်တဲ့ ကျောက်သေးခင်းလိုက်ရင် ရပြီ။ ခင်းထားတဲ့ ကျောက်တွေ ဘေးကို စဉ်မထွက်အောင်နဲ့ နေသားတကျ သိပ်သိပ်သည်းသည်းရှိဖို့အတွက်ဆိုရင် အပေါ်ကနေ ဂဝံကျောက်မှုန့်တွေ ထည့်ခင်းထားတာ အကောင်းဆုံးပဲဗျ"

ည ၁၁ နာရီခွဲလောက်မှာတော့ ဦးလှိုင်သိန်း ရေချိန်ကိုက်စပြုလာလေပြီ။ အာမီရမ် ပုလင်းနှစ်လုံးလည်း ဂ း်နလုနီးနေပါပြီ။ ဦးလှိုင်သိန်းက လက်ကျန်အရက်ကို ဖန်ခွက်ထဲ ထပ်ထည့်လိုက်တယ်။

"ဟာ...ဗိုလ်လှိုင်၊ တော်ပြီလေ။ အိပ်ဖို့ကောင်းပြီနော်"

ကိုယ်က အရက်ဖန်ခွက်ကို လှမ်းယူရင်း ပြောလိုက်မိတယ်။ ဦးလှိုင်သိန်းက မချိတင်ကဲ ပြုံးလိုက်ပြီး သူ့စပို့ရှပ်အင်္ကျီကို လှန်လိုက်တယ်။ ပြီးတော့ သူ့ဗိုက်ကို လက်ညှွန်ပြပြီး -

"ဆရာစော...ဒီမှာ တစ်ချက်လောက် စမ်းကြည့်စမ်းပါ"

သူက ပြောလည်းပြော၊ ကိုယ့်လက်ကိုလည်း လှမ်းဆွဲပြီး သူ့ဗိုက်ပေါ် တင်ပြီးစမ်းစေတယ်။

"ဟင်...ဗိုလ်လှိုင်၊ ခင်ဗျားဗိုက်က မာလှချည်လား"

ဂဒိုပ်တအံ့တဩ မေးလိုက်မိတယ်။

"အဲဒါပဲ ဆရာစော။ ကျွန်တော်က တစ်နေ့ကို အာမီရမ် အနည်းဆုံး တစ်ပုလင်းမှ မသောက်ရရင် အလုပ်မလုပ်နိုင်တော့သလို ညအိပ်လို့လည်း ရမှာမဟုတ်တော့ဘူးဗျ။ ဒါကြောင့် လက်ကျန်လေး မော့ပါရစေဦးဗျာ"

သူက ကိုယ့်လက်က ဖန်ခွက်ကို တောင်းတယ်။ ကိုယ်က မပေးချင် ပေးချင် လှမ်းပေးရင်း...

"ဗိုလ်လှိုင်...ခင်ဗျားကြည့်ရတာ အရက်ဒဏ်ကြောင့် အသည်းကြွပ်တဲ့ ရောဂါ ဖြစ်နေပြီထင်တယ်ဗျ။ အထူးကုဆရာဝန်တစ်ယောက်နဲ့ အမြန်ပြပြီး ဆေးကုသမှု ခံယူမှဖြစ်မယ်နော်"

ကိုယ်က စိုးရိမ်တကြီး ပြောလိုက်မိတယ်။ ဦးလှိုင်သိန်းက ဘာမှမဖြစ်သလို အရက်ခွက်ကို လှမ်းယူပြီး...

"စိတ်ချပါ ဆရာစော။ ဘာမှ ပူမနေစမ်းပါနဲ့။ ကျွန်တော့်ရောဂါ ကျွန်တော်သိပါတယ်။ အထူးကုနဲ့လည်း ပြမှာပါ...ဟဲ...ဟဲ...ဟဲ"

ပြောပြောဆိုဆို နှစ်ပက်နီးပါးရှိသော အရက်ခွက်ကို ရေလုံးဝမရောဘဲ တစ်စက်မကျန် မော့သောက်လိုက်ပါတော့တယ်။ ခဏအကြာမှာတော့ တခေါခေါနဲ့ အိပ်မောကျသွားပါတော့တယ်။

(ဆက်လက်ဖော်ပြပါမည်။)

ဗဟိုစော

www.burmeseclassic.com

www.burmeseclassic.com

မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

စလင်း–ဦးအောင်သိန်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးများ ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးအပိုင်းနှင့် ပတ်သက်၍ မတင်ပြလိုပါ။ တရားစီရင်ရေးအပိုင်းကိုသာ တင်ပြလိုပါသည်။

တရားစီရင်ရေးနှင့် ပတ်သက်၍ တရားရုံးများ ဖွဲ့စည်းပုံ၊ စီရင်ပိုင်ခွင့်အာဏာများကို ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေအရ ကျင့်သုံးခဲ့ပါသည်။ တရားရုံးချုပ် (နေပြည်တော်)သည် ရာဇဝတ်မှု၊ တရားမမှု အထူးအယူခံမှုများကိုသာ ကြားနာဆုံးဖြတ်ပါသည်။ တရားရုံးချုပ်(ရန်ကုန်)၊ တရားရုံးချုပ်(မန္တလေး)သည် အောက်မြန်မာနိုင်ငံ၊ အထက်မြန်မာနိုင်ငံဟု ခွဲခြား၍ တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်အာဏာများကို ကျင့်သုံးလိုက်နာ ဆောင်ရွက်ပါသည်။ ရာဇဝတ်မှု၊ တရားမမှု အထူးအယူခံမှုများအတွက် လက်ခံသင့်မသင့် အဆင့်အထိသာ ကြားနာပါသည်။ လက်ခံပါက စုံညီခုံရုံးဖြင့် ကြားနာနိုင်ရန် တရားရုံးချုပ်(နေပြည်တော်)သို့ ပို့ပေးရပါသည်။

တရားရုံးများအဆင့်ဆင့် ဖွဲ့စည်းရာတွင် မြို့နယ်၊ ခရိုင်၊ တိုင်းဟူ၍ ရှိပါသည်။ တရားသူကြီးအားလုံးသည် ပြည်သူ့ဂန်ထမ်းများသာ ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ အုပ်ချုပ်ရေးအာဏာလွှဲပြောင်းပြီးနောက် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေအစား ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေဖြင့် အစားထိုးခဲ့သဖြင့် ထိုဥပဒေသစ်အရ တရားစီရင်ရေးကို ပြောင်းလဲကျင့်သုံးနေပါသည်။

မြို့နယ်၊ ခရိုင်အဆင့်တွင် တရားသူကြီးများသည် ပြည်သူ့ဝန်ထမ်းများ ဖြစ်ပါသည်။ ယခင် တရားစီရင်ရေးစနစ်အတိုင်း ဆက်လက်ကျင့်သုံးပါသည်။ အာဏာခွဲဝေမှု (စီရင်ပိုင်ခွင့်အာဏာ ပြောင်းလဲခြင်းမှအပ)တွင်လည်း ထူးခြားမှုမရှိပါ။

သို့သော် တိုင်းနှင့် ပြည်နယ်အဆင့်တွင် ပြောင်းလဲမှုများ ရှိပါသည်။ ယခင်စနစ်ဟောင်းက ကျင့်သုံးခဲ့သည့် တရားရုံးချုပ်၏ အာဏာအချို့ တိုင်းနှင့်ပြည်နယ် တရားရုံးများတွင် ကျင့်သုံးခွင့်ရှိလာပါသည်။ ထို့ကြောင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ဟူ၍ ''လွှတ်တော်'' ဟူသောအသုံး ပါဝင်လာခြင်း ဖြစ်ပါသည်။ တရားသူကြီးများသည် ပြည်သူ့ဝန်ထမ်းများ မဟုတ်ပါ။ လွှတ်တော်သက်တမ်းနှင့်အညီ ခန့်ထားခြင်းဖြစ်ပါသည်။ တရားမစီရင်ပိုင်ခွင့်အာဏာကို ကျပ်သိန်း ၅၀၀၀ အထိ ခရိုင်စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထား၍ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသကြီး တရားလွှတ်တော်ဒေသများတွင် အမှုနည်းသွားသည်။ အချို့တိုင်းဒေသကြီး၊ ပြည်နယ်ဒေသကြီး တရားလွှတ်တော်တို့တွင် တရားမ မူလမှုများ မရှိသည်ကိုပင် တွေ့ရသည်။

မျက်မှောက်ခေတ် တရားစီရင်ရေးသည် စိတ်ကျေနပ်ဖွယ်ဖြစ်သည်ဟု မဆိုနိုင်သေးသော်လည်း အကောင်းဘက်သို့ ဦးတည်နေသည်ဟု ဆိုနိုင်ပါသည်။ လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းလာသည်ဟု ထင်မြင်မိသည်။ အရည်အသွေးပိုင်း တိုးတက်လာအောင် ကြိုးစားရန်တော့ လိုအပ်နေသေးသည်။ တရားစီရင်ရေးနှင့် ဆက်နွယ်နေသည့် တရားသူကြီးအပိုင်း၊ ဥပဒေအရာရှိအပိုင်း၊ ရှေ့နေရှေ့ရပ်များအပိုင်း အားလုံး ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com

ပြီး လုပ်ဆောင်ကြမည်ဆိုပါက ပြည်သူများ၏ ယုံကြည်ကိုးစားအားထားမှုရှိလာမည် မလွဲပေ။

တရားသူကြီးအပိုင်း အရေးပါသလို ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များအပိုင်းကလည်း အရေးပါပါသည်။ ဥပဒေအချက်အလက်များကို အကိုးအကား အထောက် အထားနှင့် တင်ပြရန် လိုပေသည်။ တရားသူကြီးအပိုင်းကလည်း ကျင့်ထုံးများကို ကျေညက်စေရန် လိုအပ်ပါသည်။ သို့မှသာ မိမိချမှတ်သောအမိန့်သည် ဥပဒေနှင့် ညီမညီ စိစစ်နိုင်ပါလိမ့်မည်။

၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၁၈ တွင် ဖော်ပြပါရှိသည့် အထူးအယူခံအမှုမှ ဆန်းဝင်းအမှုကို တင်ပြပါမည်။

အမှုဖြစ်ပွားပုံမှာ လပွတ္တာမြို့နယ်၊ အောင်လှရွာနေ ကိုစိုးဦးသည် ငါးသလောက်ပိုက်မျှောရန် လှေဦးစီး မောင်နိုင်နှင့်အတူ ၃.၁၂.၉၉ နေ့ ညနေ ၃ နာရီခန့်တွင် နေအိမ်မှ ထွက်လာခဲ့ကြောင်း၊ နေအိမ်တွင် ဇနီး မစန်းခင်နှင့် အသက် ၃ နှစ်အရွယ်ရှိ မောင်အောင်တိုးတို့ ကျန်ခဲ့ကြောင်း၊ ၄.၁၂.၉၉ နေ့ နံနက် ၇ နာရီခန့်တွင် ဖခင်ဦးဝကြီးနှင့် ရွာသားအချို့ စက်လှေဖြင့်လိုက်လာပြီး ပြောပြ၍ နေအိမ်တွင် ကျန်ရစ်ခဲ့သော ဇနီးမစန်းခင်မှာ နေအိမ်ခန်းအတွင်း လည်ပင်းတွင် ပုဆိုးပတ်လျက် လဲကျသေဆုံးနေကြောင်း သိရှိရသဖြင့် အရေးယူပေးရန် ကိုစိုးဦးက ကန်ဘက်ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ရောဝတီတိုင်း၊ မြောင်းမြခရိုင်တရားရုံး၊ ၂၀၀၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်-၁ တွင် တရားခံ ဆန်းဝင်းအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂(၂)အရ ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် အလုပ်နှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေရန်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၉၂ အရလည်း ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် ကျခံစေရန်၊ ပြစ်ဒဏ်နှစ်ရပ်ကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို သေသူ မစန်းခင်၏ ခင်ပွန်းဖြစ်သူ တရားလို ကိုစိုးဦးက မကျေနပ်သဖြင့် ပြစ်ဒဏ်တိုးမြှင့်ပေးရန် တရားရုံးချုပ်တွင် ၂၀၀၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၄၆၇(ခ)ကို လျှောက်ထားခဲ့ရာ တရားရုံးချုပ်က ပြင်ဆင်မှုကို ခွင့်ပြုပြီး မြောင်းမြခရိုင် တရားရုံးက ချမှတ်ထားသည့် စီရင်ချက်နှင့် အမိန့်ကို ပယ်ဖျက်ကာ တရားခံဆန်းဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ဂ)အရ သေဒဏ်ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို တရားခံဆန်းဝင်းက မကျေနပ်သဖြင့် တရားရုံးချုပ်၏ ၂၀၀၁ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ(အထူးအယူခံ)အမှတ်-၉၁ အရ လျှောက်ထားရာ အောက်ပါ ပြဿနာကို အထူးအယူခံရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

"ပြင်ဆင်မှုတွင် လျှောက်ထားခံရသူကို နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေး၍ ထုချေခွင့်မပြုဘဲ သေဒဏ်ချမှတ်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု ရှိမရှိ" နှစ်ဖက်ခေါ်ယူကြားနာခဲ့ပါသည်။

အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေက လျှောက်ထားရာတွင် မူလရုံးတရားလို ကိုစိုးဦးက ပြင်ဆင်မှုကို လျှောက်ထားချိန်တွင် အယူခံတရားလို ဆန်းဝင်းသည် ထောင်ကျနေချိန်ဖြစ်၍ ရှေ့နေငှားရမ်းရန်မှာ မလွယ်ကူကြောင်း၊ တရားရုံးများလက်စွဲအပိုဒ်-၄၅၅ တွင် တရားခံများအနေဖြင့် ရှေ့နေဖြင့် ထုချေပိုင်ခွင့်ရှိကြောင်းကို ပြဋ္ဌာန်းထားကြောင်း၊ သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွက်စွဲခံရသော ဆင်းရဲနွမ်းပါးသူတို့အတွက် အစိုးရစရိတ်ဖြင့် တရားရုံးချုပ်ရှေ့နေများ (သို့မဟုတ်) ရှေ့နေများကို ငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ တရားရုံးများ လက်စွဲအပိုဒ်-၄၅၇ တွင် ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ တရားရုံးချုပ်က အယူခံတရားလိုအား နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေး၍ ထုချေခွင့်မပြုဘဲ သေဒဏ်ချမှတ်ခဲ့ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိမရှိဆိုသော ဥပဒေပြဿနာနှင့် ပတ်သက်၍ သင့်မြတ်သော အမိန့်တစ်ရပ်ကို ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက သေဒဏ်ချမှတ်နိုင်သည့် ပြစ်မှုဖြင့် စွပ်စွဲမှုများတွင် အမှုစွဲတင်ခြင်း ခံရသူများသည် ကနဦးကပင် ရှေ့နေရှေ့ရပ် အကူအညီ ရထိုက်ကြောင်း၊ ထိုသို့ အကူအညီမရလျှင် အမှုကို အစမှ ပြန်လည်စစ်ဆေးရမည်ဖြစ်ကြောင်း၊ ၁၉၄၆ ခုနှစ် ရန်ကုန် စာ-၂၆၃ ပါ ထွန်းလှိုင်နှင့် အပေါင်းပါများနှင့် ဘုရင်အမှုကို ကိုးကားတင်ပြသည်။ တရားခံအပေါ် စွဲချက်တင်ခဲ့သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ဂ)အရ အပြစ်ပေးနိုင်ရန် တရားလို ကိုစိုးဦးက ပြင်ဆင်မှုတက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပုဒ်မ-၃၀၂(၁)(ဂ)သည် သေဒဏ်ပေးရမည့် ပုဒ်မဖြစ်သော်လည်း တရားရုံးချုပ်တွင် ကြားနာနေစဉ် တရားခံအတွက် အကျိုးဆောင်ရှေ့နေ လိုက်ပါခြင်းမရှိဘဲ တရားရုံးချုပ်က သေဒဏ်အမိန့် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဒဏ်အမိန့်ချမှတ်နိုင်သည့်အမှုကို စစ်ဆေးခြင်း၊ ကြားနာခြင်း ပြုသည့်အခါ တရားခံ၏ရှေ့နေ ပါရှိရမည်ဖြစ်ကြောင်း၊ တရားခံက ရှေ့နေမငှားရမ်းနိုင်လျှင် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေး

www.burmeseclassic.com

www.burmeseclassic.com

၍ ထုချေကြားနာခွင့် ရှိရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တရားခံ၏ ရှေ့နေမပါရှိဘဲ ကြားနာပြီး သေဒဏ်ချမှတ်သော တရားရုံးချုပ်၏ အမိန့်သည် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိပါကြောင်း၊ တရားရုံးချုပ်၏အမိန့်ကို ပယ်ဖျက်ပြီး ပြန်လည်ကြားနာကာ ဥပဒေနှင့်အညီ အမိန့်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ညွှန်ကြားသည့် အမိန့်ချမှတ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။ ပြင်ဆင်မှုကြားနာသော တရားရုံးချုပ်မှ တရားခံဆန်းဝင်းထံ ထုတ်ဆင့်သော အကြောင်းကြားစာအတည်ဖြစ်သဖြင့် ၎င်းအနေဖြင့် ထုချေရန် အခွင့်အရေးရရှိပြီး ဖြစ်သည်ဟု သုံးသပ်ခဲ့ခြင်း ဖြစ်သည်။

အထူးအယူခံရုံးတော်မှ ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားသော ပြင်ဆင်မှုများတွင် တရားခံအား ပြစ်ဒဏ်တိုးမြှင့်စီရင်ခြင်းမပြုမီ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ–၄၃၉၊ ပုဒ်မခွဲ(၂)အရ တရားခံအား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ လျှောက်လဲထုချေခွင့်ပြုရမည် ဖြစ်သည်။ သေဒဏ်တိုးမြှင့်ချမှတ်သည့် အမှုမျိုးတွင် တရားခံထံထုတ်ဆင့်သော အကြောင်းကြားစာ အတည်ဖြစ်၍ ထုချေခွင့်ပေးပြီးဖြစ်သည် ဆိုရုံမျှဖြင့် မလုံလောက်ပေ။ ရှေ့နေရှေ့ရပ် ငှားရမ်းစေပြီး ထုချေခွင့်ပြုရမည်။ ရှေ့နေမငှားရမ်းနိုင်ပါက အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းပြီး ထုချေခွင့်ပြုရ မည်ဖြစ်သည်ဟု သုံးသပ်ကာ တရားရုံးချုပ်အမိန့်ကို ပယ်ဖျက်ခဲ့ပါသည်။

စာရေးသူအနေဖြင့် အလုံးစုံ သိနေရမည်ဟု မဆိုလိုပါ။ စာရေးသူအတွေ့အကြုံအရ သိနေသည့် အချို့သော ဥပဒေအချက်အလက်များကိုပင် မေ့မေ့လျော့လျော့ ဖြစ်နေတတ်သည်ကို သတိပြုမိပါသည်။ သို့သော် မှားသင့်သောအမှား၊ မမှားသင့်သောအမှား ခွဲခြားမြင်တတ်ရမည်။ တစ်ဦးတစ်ယောက်တည်း ဦးနှောက်ဖြင့် လုပ်ခြင်းမဟုတ်၍ ယေဘုယျ မမှားသင့်ဟု ယူဆသည်။ အကြောင်းခြင်းရာအပေါ် ဆင်ခြင်ပုံ မတူကွဲပြားသည်ကိုတော့ လက်ခံပါသည်။

နောက်အမှုတစ်မှု တင်ပြပါဦးမည်။

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၃၆ ပါ ဦးမြင့်အောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမှုကို ဆွေးနွေးတင်ပြပါမည်။ ဥပဒေသဘော တင်ပြခြင်းဖြစ်၍ အကြောင်းအရာအသေးစိတ် မတင်ပြတော့ပါ။

အမှုမှာ ၁၂.၅.၂၀၀၅ ရက်နေ့ နေ့လယ်ပိုင်းတွင် အလံတပိုကျေးရွာနေ ဦးမြင့်အောင်က အိမ်ခြေရင်းရှိ ဦးတင်ထွန်း၏နေအိမ်တွင် သွားရောက် ဆော့ကစားနေသော အသက် ၁၂ နှစ်အရွယ်ရှိ မဝင်းသန္တာမြင့်ကို ဦးမြင့်အောင်က လှမ်းခေါ်၍ ၎င်း၏နေအိမ် မီးဖိုခန်းအတွင်းတွင် ဦးမြင့်အောင်က သားမယား အဖြစ် ပြုကျင့်ခဲ့ကြောင်း သိရသဖြင့် တရားခံ မြင့်အောင်အပေါ် ဥပဒေအရ အရေးယူပေးရန် လှည်းကူးမြို့နယ် အလံတပို ကျေးရွာနေ မသီတာအေးက တိုင်တန်းခဲ့သော အမှုဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု ပြစ်မှုပုဒ်မ–၃၇၆/၅၁၁ အရ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။ တရားရုံးချုပ်အဆင့်အထိ အယူခံတွင်လည်းကောင်း၊ ပြင်ဆင်မှုတွင်လည်းကောင်း မအောင်မြင်၍ အထူးအယူခံအမှုတွင် ကြားနာသောအမှု ဖြစ်သည်။

အားထုတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် ၎င်းပြစ်မှုဆိုင်ရာ ဥပဒေ၌ အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းသော အများဆုံး ကာလအပိုင်းအခြား၏ ထက်ဝက်အထိ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ယခုချမှတ်ထားသော ပြစ်ဒဏ်မှာ မူလတရားရုံးက ထောင်ဒဏ်အမျိုးအစားကို ရွေးချယ်ထားသဖြင့် အမြင့်ဆုံး ထောင်ဒဏ် ၁၀ နှစ်၏ ထက်ဝက်ဖြစ်သော ၅ နှစ်ထက် ကျော်လွန်ချမှတ်ခဲ့သည်ဟု ယူဆသည်။ မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှုအတွက် ထောင်ဒဏ် ၅ နှစ် ချမှတ်ပါက အမြဲ့ပါ ပြစ်ဒဏ်သည် ပြစ်မှုနှင့် လိုက်လျောမှုရှိသည်ဟုလည်း သုံးသပ်ရရှိသည်။

အထက်ပါအတိုင်း သုံးသပ်၍ မူလရုံးနှင့် အယူခံရုံး၊ ပြင်ဆင်မှုရုံး အသီးသီးတို့၏အမိန့်ကို ပယ်ဖျက်၍ ထောင်ဒဏ် ၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

မူရင်းဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုခွင့် မရှိပါ။ ဥပဒေပါဆိုလိုရင်းကို နားလည်သဘောပေါက်ခြင်း မရှိပါက စီရင်ထုံးပါ လမ်းညွှန်ချက်များကို လိုက်နာရပါသည်။ ဥပဒေက ရှင်းလင်းနေလျှင် ဥပဒေပါစကားရပ်အတိုင်း လက်ခံကျင့်သုံးရန်သာ ရှိပါသည်။

အမှားနည်းနိုင်သမျှ နည်းပြီး၊ အမှန်ရောက်အောင် ဆုံးဖြတ်နိုင်ကြပါစေဟုသာ တောင်းဆုချွေလိုက်ရပါတော့ သည်။

ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေ။

စလင်း–ဦးအောင်သိန်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သေမင်းလက်ဆောင်

(ဟိုးရှိ ရှင်းအိကျို)

မြန်မာပြန်–ရဲမြလွင်

လူငယ်တစ်ယောက်သည် အိပ်ရာမှ ရုတ်တရက်မထသေးပဲ ပျင်းကြောဆန့်လျက်ရှိလေသည်။ ဈေးပေါလှသော အငှားတိုက်ခန်း ကျဉ်းကျဉ်းကလေးထဲတွင် ဖြစ်သည်။ အခန်းတွင်းမှာမူ ရှုပ်ပွနေခြင်းတော့မရှိပေ။ အဘယ့်ကြောင့်ဆိုသော် အပိုပစ္စည်းဟူ၍ ဘာတစ်ခုမျှမရှိသောကြောင့် ဖြစ်လေသည်။ ထိုလူငယ်သည် ရှိသမျှပစ္စည်းအားလုံးကို ရောင်းစားပစ်ခဲ့သည်။ ရုတ်စွအဆုံး သွားသွားလာလာ ဝတ်စရာဆို၍ တစ်ထည်တည်းသာ ကျန်တော့သော အပေါ်အင်္ကျီကိုပင် ရောင်းစားကာ ညစာကို ဝယ်စားခဲ့ရလေသည်။ နောက်ဆုံးတွင် ထိုလူငယ်အဖို့ ရေသောက် ဗိုက်မှောက်နေရုံသာရှိတော့သည်။ လှုပ်လှုပ်ရှားရှားနေလိုက်လျှင် ဗိုက်ဆာလာမည်စိုးသောကြောင့် ဘေးတစောင်းလှဲကာ ငြိမ်ငြိမ်လေး နေရလေသည်။

လူငယ်သည်လောကကြီးတွင် မိမိလောက် သနားဖို့ကောင်းသည့်သူ ရှိမည်မဟုတ်ဟုထင်နေမိလေသည်။ လက်ရှိအခြေအနေတွင်သာမက အတိတ်ဇာတ်ကြောင်းကလည်း သူ့အတွက် ကောင်းကွက်ဆို၍ တစ်ကွက်မှမရှိပေ။ မိမိငယ်စဉ်တောင်ကျေး ကလေးဘဝထဲကပင် မိခင်ကြီးမှာ ကားတိုက်ခံရ၍ ဆုံးပါးသွားခဲ့သည်။ မွေးကတည်းက ဉာဏ်ပါရမီနည်းပါးလာသူမို့ လားမပြောတတ်၊ ဆယ်တန်းအောင်ရန် ခြောက်နှစ်တိတိ ဖြေခဲ့ရလေသည်။ မိမိတက္ကသိုလ်ဝင်သည့်နှစ်မှာပင် ဖခင်ကြီးမှာ အလုပ်ဖြုတ်ခံရပြန်သည်။ ထို့ကြောင့် ကျောင်းစရိတ်ကို မိမိကိုယ်တိုင် အချိန်ပိုအလုပ်ဝင်လုပ်ကာ ပင်ပန်းစွာ ရှာဖွေခဲ့ရလေသည်။ သည်ကြားထဲ အလုပ်လက်မဲ့ဖြစ်သွားသော ဖခင်ကြီးမှာ တီဘီရောဂါစွဲကပ်ကာ ကွယ်လွန်သွားခဲ့ပြန်လေသည်။

ဖခင်ကြီးဆုံးပါးသွားပြီးနောက် မိမိလက်ထဲတွင် ကျန်ရစ်သောပစ္စည်းဆို၍ အကြွေးစာရွက်များသာ ရှိလေသည်။ မည်သို့ပင်ဖြစ်စေကာမူ ဟိုလိုလို သည်လို

www.burmeseclassic.com

www.burmeseclassic.com

လို့နှင့် နောက်ဆုံးတွင် ဘွဲ့တစ်ခုတော့ ရရှိခဲ့လေသည်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသကဲ့သို့ပင် မိမိဘွဲ့ရသည့်နှစ်ကစပြီး အလုပ်အကိုင်ကလည်း ရှားပါးလာပြန်သည်။ နောက်ဆုံးတွင် ရရာအလုပ်ကိုလုပ်မည်ဟု ဆုံးဖြတ်ကာ ဘွဲ့ရဆိုသည့် ဂုဏ်ပုဒ်ကိုပင် မထောက်ထားနိုင်တော့ဘဲ ကုန်ထမ်းသည့်အလုပ်ကိုပင် ဝင်လုပ်ခဲ့လေရာ ပင်ပန်းလွန်းသောကြောင့် ပန်းနာရောဂါစွဲ ကပ်လာခဲ့ပြန်သည်။ ယခုလည်း အလုပ်လက်မဲ့ ဘဝပင်ဖြစ်လေသည်။ ရုံးများ၊ စက်ရုံအလုပ်ရုံများ၊ ဆွေမျိုးဉာတိ အသိအကျွမ်းများထံသို့ သွားကာ မျက်နှာအောက်ချပြီး အလုပ်ပေးဖို့ အသနားခံသည့်တိုင် ဘာဆိုဘာမျှ ထူးခြားမလာခဲ့ပေ။ လက်ရှိအခြေအနေသည် ထိုလူငယ်အတွက် အဆိုးဝါးဆုံးပင် ဖြစ်လေသည်။

တစ်နေ့တွင် ထိုလူငယ်၏ အဖြစ်ကို မကြည့်ရက်လေသော တိုက်ခန်းပိုင်ရှင်ကြီးက ယခုကဲ့သို့ အကြံပေးလာလေသည်။

"ဒီလိုလုပ်ပါလားမောင်ရင်ရဲ့။ မကြာခင် ပါလီမန် အမတ်ရွေးကောက်ပွဲကျင်းပဖို့နီးလာပြီ မဟုတ်လား။ မောင်ရင် အမတ်လောင်းတစ်ယောက်အတွက် မဲဆွယ်ပွဲကိုသွားပြီး သူဟောပြောတဲ့အခါ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လက်ခုပ်ဝိုင်းတီးပေးပါလား။ မဲဆွယ်တဲ့သဘောပေါ့ကွယ်။ ဒါဆို ... မောင်ရင် ပင်ပင်ပန်းပန်းမလုပ်ရဘဲ ငွေအသင့်အတင့် ရနိုင်တာပဲ"

တိုက်ခန်းပိုင်ရှင်ကြီး ပြောသည်မှာ ဟုတ်တော့ဟုတ်ပါတယ်။ သို့ပါသော်လည်း မိမိတွင် အပြင်သို့ထွက်သည့်အခါ ဝတ်ရန် အင်္ကျီဆို၍ တစ်ထည်မှမရှိပေ။ အားလုံးရောင်းစားပေါင်စား၍ ကုန်သွားခဲ့ချေပြီ။ သို့ဖြင့် လူငယ်သည် ယခုနေအခါများ နတ်ကောင်းနတ်မြတ်များက လာမ, ခဲ့လျှင်ကောင်းမှာပဲဟု စိတ်ကူးယဉ်ရုံမျှသာ တတ်နိုင်လေတော့သည်။

ထိုလူငယ်သည် အမှတ်တမဲ့ အိပ်ရာမှထကာ ဗီရိုကိုဖွင့်လိုက်ရာ စောစောက မိမိစိတ်ကူးယဉ်ခဲ့သည့်အတိုင်းပင် နတ်သိကြားများက လာမ,လေသလားဟု အောက်မေ့ရလောက်အောင် ထူးဆန်းသည့်အရာတစ်ခုကို တွေ့လိုက်လေတော့သည်။ အစက ဗီရိုထဲတွင် ဘာတစ်ခုမျှ မရှိခဲ့သော်လည်း ယခုအခါ လှပဆန်းကြယ်သော အင်္ကျီအသစ်တစ်ထည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရပေသည်။ ဘယ်လိုဖြစ်တာပါလိမ့်။ အတော့်ကို ထူးဆန်းလှပေသည်၊ အကြောင်းရင်းကို မည်သို့မျှနားမလည်နိုင်သော်လည်း လူငယ့်အဖို့ ပျော်ရွှင်မဆုံးအောင် ဖြစ်နေရပေသည်။ ထိုအင်္ကျီအား ကောက်ဝတ်ကြည့်လိုက်သောအခါ မိမိနှင့်တိုင်းချုပ်ထားသလားထင်ရအောင် တစ်ထပ်တည်းဖြစ်နေပေသည်။ သို့နှင့် ထိုလူငယ်သည် ချက်ချင်းပင် အိမ်မှထွက်ကာ တိုက်ခန်းပိုင်ရှင်ကြီးပြောသွားသော မဲဆွယ်သည့်အလုပ်ကို ဝင်လုပ်လေသည်၊ သို့နှင့် လုပ်ခအဖြစ် ငွေကြေးအချို့ကို ရခဲ့လေတော့သည်။ ထိုနောက် စိတ်အေးချမ်းသာစွာ အိမ်သို့ပြန်လာခဲ့ရာ လမ်းခုလတ်တွင် ကြွေးရှင်တစ်ယောက်နှင့် ပက်ပင်းတိုးခဲ့လေသည်။

"အောင်မယ် ... ကိုယ့်လူ ဝတ်ကောင်းစားလှတွေနဲ့ တယ်ကြီးပွားနေပါလား"

"မဟုတ်ရပါဘူးဗျာ။ အဖြစ်က ဒီလို ..."

သူက ယောင်အမ်းအမ်းဖြစ်နေစဉ် ထိုကြွေးရှင်က မိမိအိတ်ကပ်ထဲမှ စောစောကရရှိခဲ့သော လုပ်ခပိုက်ဆံများကို နှိုက်ယူသွားလေတော့သည်။ နဂိုအတိုင်းပြန်ဖြစ်သွားခဲ့ရချေပြီ။ ယခုညတွင်လည်း ထမင်းငတ်ရချေဦးတော့မည်၊ မိမိဝတ်ထားသောအင်္ကျီကို ရောင်းစားလိုက်ပြန်လျှင်လည်း နောက်တစ်နေ့တွင် အလုပ်လက်မဲ့ဘဝသို့ ပြန်ရောက်သွားပေဦးတော့မည်။ သို့နှင့် အိမ်သို့ပြန်ရောက်သောအခါ ရေတစ်ခွက်ကို ဂွပ်ခနဲ မော့သောက်လိုက်ပြီးနောက် အင်္ကျီကလေးကို ဗီရိုထဲသို့ ပြန်ထည့်ရန် တံခါးရွက်များကိုဖွင့်လိုက်လေရာ ဗီရိုထဲတွင် ပေါင်မုန့်ကြီးတစ်လုံး၊ အမဲသားဟင်းတစ်ခွက်နှင့် နွားနို့တစ်ပုလင်းကို တွေ့လာရလေတော့သည်။ လူငယ်လည်း ထိုအစားအစာများကိုယူကာ ပလုတ်ပလောင်း စားပစ်လေတော့သည်။ စားပြီးသွားကာမှ ထိုအစားအစာတို့၏ အရသာကို ပြန်ပြီးစားမြုံ့ပြန်နေမိလေတော့သည်၊ ထို့နောက်လူငယ်သည် မိမိအတွက်အဘယ့်ကြောင့်များ အင်္ကျီတွေပေါ်လာလိုက်၊ အစားအသောက်တွေ ပေါ်လာလိုက် ဖြစ်ရသည့်အကြောင်းရင်းကို စဉ်းစားနေမိလေသည်၊ မဟုတ်မှလွဲရော နတ်သိကြားများက မိမိအား သနားသဖြင့် မစခြင်းဖြစ်ပေလိမ့်မည်ဟု တွေးလိုက်မိလေသည်။ ထို့ထက်ပို၍လည်း မတွေးတတ်တော့ပေ။

နောက်တစ်နေ့နံနက်တွင် လူငယ်သည် အိပ်ရာမှနိုးလာချိန်တွင် ခေါင်းထဲအုံကာ ထိုးကိုက်နေလေတော့သည်။ အအေးမိခဲ့ပုံရသည်။ နှာလည်းစေးနေပြန်သည်။ ဆေးဝယ်သောက်စရာ ပိုက်ဆံကလည်းမရှိ၊ ခက်ပြီ၊ နံက်စောစော အလုပ်သွားစရာကလည်း ရှိသေးသည်၊ သို့နှင့် မျှော်လင့်ချက်အနည်းငယ်နှင့်အတူ ဗီရိုတံခါးကို ဖွင့်ကြည့်လိုက်သည်။ ဗီရိုထဲတွင် ဘယ်အချိန်ကရောက်နေမှန်းမသိ အဝါရောင်ဆေးကတ်ကလေး တစ်ကတ်ကို တွေ့လိုက်ရသဖြင့် ယူသောက်ကြည့်ရာ ချက်ချင်းပင် ခေါင်းကိုက်သက်သာပြီး

www.burmeseclassic.com

www.burmeseclassic.com

အအေးမိရောဂါလည်း ယူပစ်သလိုပျောက်သွားသဖြင့် အလုပ်ရှိရာသို့ ထွက်လာနိုင်ခဲ့လေသည်။

ဘာကြောင့်များ ဗီရိုထဲတွင် မိမိအလိုရှိသော အရာများသည် အဆင်သင့်ရောက်နေရတာပါလိမ့်။ ဘယ်လိုတွေးရှုံမှ နားမလည်နိုင်တော့ပေ။ မည်သို့ပင်ဖြစ်စေ ကံတရားကမိမိအား မျက်နှာသာပေးနေသည်မှာတော့ အမှန်ပင်ဖြစ်လေသည်။ လူငယ်သည် ထူးဆန်းသော အဖြစ်အပျက်ကို မည်သူ့ကိုမှ ဖွင့်မပြောဘဲ လျှို့ဝှက်ထားရန် စိတ်ကူးထားလေသည်။ သို့မှသာ နောက်ပိုင်းတွင် သည့်ထက်ပိုကောင်းသောပစ္စည်းများကို ပိုပြီးရလာနိုင်မည်ဖြစ်ပေသည်။

နောက်တစ်နေ့နံက်တွင် လူငယ်သည် ဗီရိုအား ရင်တထိတ်ထိတ်နှင့် ဖွင့်ကြည့်မိလိုက်ပြန်သည်။ တစ်ကြိမ်တွင် တစ်ကိုက်ခန့်ရှိသော သံသေတ္တာတစ်လုံးအား တွေ့လိုက်ရပေသည်။ အထဲတွင် ဘာတွေများ ပါနေပါလိမ့်ဟု ရင်တမမနှင့် ဖွင့်ကြည့်လိုက်သောအခါ သတ္တုနှင့်ပြုလုပ်ထားသော ကိရိယာအစိတ်အပိုင်းများနှင့်အတူ အညွှန်းစာကလေးတစ်ရွက်ကို တွေ့ရလေသည်။ အညွှန်းစာဟုသာ ဆိုရသည် မည်သည့်ရှင်းလင်းချက်ကိုမျှ ရေးမထားဘဲ ပုံကြမ်းများနှင့်သာရေးဆွဲပြထားပေသည်။

လူငယ်သည် မိမိ၏အခန်းတံခါးကိုသော့ခတ်ကာ အညွှန်းစာတွင်ပါသည့်အတိုင်း ကိရိယာအစိတ်အပိုင်းများအား ကြိုးစား တပ်ဆင်လေတော့သည်။ တစ်စနှင့်ကစ တပ်ဆင်ကြည့်လိုက်ရာ နောက်ဆုံးတွင် အလွန်အချိုးကျသော စက်ရုပ်ဖြစ်လာလေတော့သည်။ ထုံးစံအတိုင်း အဘယ့်ကြောင့် စက်ရုပ်ဖြစ်လာရသည်ကို မသိသော်လည်း မိမိအတွက်ပိုမိုကောင်းမွန်သော ပစ္စည်းသစ်သာဖြစ်ရမည်ဟု လူငယ်က တစ်ထစ်ချမှတ်ယူလိုက်ပြီး စက်ရုပ်အားမေးလိုက်သည်။

"ခင်ဗျားဘယ်က ရောက်လာတာလဲ"

"အနာဂတ်ဆီက ရောက်လာတာလေ"

ဟု စက်ရုပ်ကပြန်ဖြေသည်။ ထိုအခါလူငယ်သည် အရင်ပစ္စည်းများကဲ့သို့ပင် မိမိအတွက် အမှန်တကယ် လိုအပ်သဖြင့် ရောက်လာတာဖြစ်မှာပဲဟု မှတ်ယူလိုက်လေသည်။

"ခင်ဗျား ဘာလုပ်ဖို့ရောက်လာတာလဲ။ သြော် ... သိပြီ။ ကျွန်တော့အတွက် ကူဖော်လောင်ဖက်အဖြစ် အမှုထမ်းဖို့ရောက်လာတယ် ဆိုပါတော့။ အင်း ... ခင်ဗျားကို ကျွန်တော်က ဘာအလုပ်က စခိုင်းရမယ်မသိဘူး"

"မောင်ရင်ပြောတာ မဟုတ်ဘူး။ မောင်ရင်ကို ဖမ်းဖို့လာခဲ့တာပဲ"

စက်ရုပ်သည် ပြောပြောဆိုဆိုနှင့်ပင် ဘေးတွင်တွေ့ရသော ကြိုးတစ်ချောင်းဖြင့် ကြောင်အမ်းအမ်းဖြစ်နေသည့် လူငယ်အား တုပ်နှောင်လိုက်သည်။ ရုန်းထွက်ရန် ကြိုးစားကြည့်သော်လည်း အားကသန်လွန်းသဖြင့် လုံးဝလှုပ်ရှား၍မရပြန်ပေ။ နောက်ဆုံးတွင် လူငယ်က အကျိုးအကြောင်းကို မေးကြည့်ရတော့သည်။

"ကျွန်တော် ဒီလိုအလုပ်ခံရလိမ့်မယ်လို့ လုံးဝမျှော်လင့်မထားခဲ့ဘူး။ ဘာဖြစ်လို့ဖမ်းရတာလဲဗျာ"

"မောင်ရင့်ကိုလိုအပ်နေလို့ ဆိုပါတော့ကွာ။ ဒါကြောင့်လည်း ကျုပ်ဒီကို တကူးတက အပင်ပန်းခံပြီး လာခဲ့ရတာပေါ့"

"ကျွန်တော် လုံးဝနားမလည်နိုင်တော့ဘူးဗျာ။ ဒါဖြစ်ရင် စောစောကဘာဖြစ်လို့ အင်္ကျီတွေ စားစရာတွေ ဆေးဝါးတွေပေးခဲ့ရတာလဲ"

"ဒါကထောင်ချောက်ဆင်နည်းတစ်မျိုးပေါ့။ မောင်ရင်တို့ ငယ်ငယ်တုန်းက စာကလေးတွေကို ထောင်ဖမ်းခဲ့ဖူးတယ် မဟုတ်လား။ ပထမဆုံးတော့ စာကလေးကြိုက်တဲ့ ဆန်စေ့လေးတွေနဲ့ မျှားခေါ်ရတာပဲ မဟုတ်လား။ အဲ ... စာကလေးက ဆန်စေ့တွေကိုမက်ပြီး ရှေ့ကို တဖြည်းဖြည်း တိုးလာတဲ့အခါကျမှ ရုတ်တရက် တောင်းနဲ့ အုပ်ဖမ်းရတာပဲမဟုတ်လား။ ကျုပ်လည်း မောင်ရင့်ကို တဖြည်းဖြည်း မျှားလာလိုက်တာ နောက်ဆုံးကျတော့ မောင်ရင်ကိုယ်တိုင် ကျုပ်ကိုတပ်ဆင်တဲ့ အဆင့်အထိ ရောက်လာတာပဲ မဟုတ်လား"

"ဒါနဲ့ ခင်ဗျား ဘယ်လိုလုပ်ပြီး ကျွန်တော့်ကို အနာဂတ်ကိုခေါ်သွားမှာလဲ"

"ဒါက လွယ်ပါတယ်။ မကြာခင် သေတ္တာအသစ်တစ်လုံး ထပ်ရောက်လာလိမ့်မယ်။ အဲဒီသေတ္တာထဲကို ဝင်လိုက်တာနဲ့ အနာဂတ်ကို ချက်ချင်းရောက်သွားမှာပေါ့"

သူပြောတာလည်း ဖြစ်တော့ဖြစ်နိုင်သည်။ လူငယ်အနေဖြင့် ပြန်လည်စဉ်းစားကြည့်မည်ဆိုပါက လက်ရှိဘဝတွင်လည်း ပျော်စရာဘာမျှ မရှိပေ။ သူတစ်ပါးက ပေးသနားမှ ထမင်းတစ်လုတ်စားရသည့် ဘဝမို့ ဘာမျှတွယ်တာစရာမရှိပေ။ သို့ပါသော်လည်း အနာဂတ်ဘဝကို မိမိတစ်ခါမှမရောက်ဖူးသည့်အပြင် အပေါင်းအသင်း သူငယ်ချင်းများလည်း တစ်ယောက်မှ မရှိလေသောကြောင့် ထိုနေရာသို့ လိုက်သွားရမှာကို ရင်လေးနေမိလေသည်။

"ဒီလိုလုပ်ပါလားဗျာ။ ကျွန်တော့်ကို နှစ်ရက်လောက်အချိန်ပေးပါလား။ ဒီဘဝမှာရှိတဲ့ ရှုခင်းတွေကို နောက်ဆုံးအနေနဲ့ တဝကြီးကြည့်ပြီး သူငယ်ချင်းတွေကို လိုက်နှုတ်ဆက်ချင်သေးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ စက်ရုပ်က လူငယ်၏ ပါးစပ်ကို လှမ်းပုတ်လိုက်ပြီး ပြောလာသည်။

"မဖြစ်နိုင်ဘူး။ မောင်ရင်ရဲ့ ကံကြမ္မာလမ်းကြောင်းမှာက မနက်ဖြန် နံနက်ပိုင်းကျရင် မြစ်ထဲမှာရေနစ်သေမယ့် ကိန်းက သေချာပေါက်ပါနေတယ်။ သေပြီးမှဘဝကူးတာထက် အခုလို မသေခင်ဘဲ အရှင်လတ်လတ် ဘဝကူးရတာ ပိုပြီးကောင်းတာပေါ့"

"ဩော် ဒီလိုလား"

"ဒါပေါ့ကွ ...။ ဒါကြောင့်လည်း မောင်ရင့်ကို ဂရုစိုက်ပြီး ကြည့်နေရတာပေါ့။ အလကားသက်သက် မောင်ရင့်ကို ပြန်ပေးဆွဲနေလို့လည်း လူ့သမိုင်းက ဘယ်လိုမှ ထူးထူးခြားခြားပြောင်းလဲသွားမှာမှမဟုတ်ဘဲ။ ကဲ ... ကဲ ... ပြောနေကြတယ်။ အခုပဲ အနာဂတ်ဆီကို သွားကြပါစို့လား"

ထိုသို့ပြောနေစဉ်မှာပင် ဗီရိုထဲ၌ သေတ္တာအသစ် တစ်လုံးပေါ်လာလေသည်။ စက်ရုပ်က လူငယ်အား သေတ္တာထဲသို့ အရင်တွန်းချလိုက်ပြီးနောက် လူကပါ လိုက်ဝင်ခဲ့လေသည်။ စက်ရုပ်က ဆိုပြန်သည်။

"ဒီအတိုင်းသာ သေတ္တာကြီးသာ ပေါ်လာလို့တော့ မောင်ရင်လည်း ဘယ်နည်းနဲ့မှ ဒီအထဲကို ခုန်ဆင်းမှာမဟုတ်ဘူး။ ပြီးတော့ ကျုပ်ကိုယ်တိုင် စက်ရုပ်အနေအထားနဲ့ မောင်ရင်ရဲ့အိမ်ကို လာခဲ့ရင်လည်း လမ်းမှာတွေ့တဲ့ လူတွေတတအံ့တသြဖြစ်ပြီး ပွတ်လောရိုက်ကုန်မှာ သေချာတယ်။ ဒါကြောင့်မို့ အခုလို စက်ရုပ်ရဲ့အစိတ်အပိုင်းတွေအဖြစ် တစ်စစီခွဲပြီး ရောက်လာခဲ့ရတာပေါ့"

"ခင်ဗျား သိပ်အကြံပိုင်တာပဲ"

လူငယ်လည်း မတတ်သာဘဲ ခေါင်းညိတ်ပြလိုက်ရတော့သည်။ ထိုအခါတွင် သေတ္တာကြီးသည် ခဏတစ်ဖြုတ်တသိမ့်သိမ့် တုန်ခါလာလေသည်။ အချိန်ကာလဟူသော ခရီးရှည်ကြီးအား အရှိန်အဟုန်ဖြင့် ဖြတ်သန်းနေဟန် တူပေသည်။ မကြာခင် တုန်ခါမှုများ ရပ်သွားလေရာ သေတ္တာအဖုံးအား ဖွင့်လိုက်သည်နှင့် အနာဂတ်သို့ ရောက်ရှိသွားလေသည်။

မိမိရောက်ရှိနေသော နေရာမှာ လွန်စွာကျယ်ပြောလှသော ခန်းမကြီးတစ်ခုဖြစ်ပေသည်။ မျက်နှာကြက်များမှာလည်း အမြင့်ကြီးပင် ဖြစ်လေသည်။ နံရံများကိုမူ အဆင်ဆန်းပြားလှသည့် ပလတ်စတစ်လိုလို အရာများဖြင့်ပြုလုပ်ထားလေသည်။ မှန်ပြတင်းမှ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ မိုးထိတိုက်ကြီးများ အစီအရီတန်းစီနေကြပြီး ထိုတိုက်ကြီးများကြားတွင် မော်တော်ကားလောက်ရှိသော ယာဉ်ပုံများကို ဥဒဟို ပျံသန်းသွားလာနေကြသည်။ အတော့်ကို ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားလှသည့် လောကကြီးပင် ဖြစ်လေသည်။

မကြာခင် လူကြီးလူကောင်းဟန်ပေါက်နေသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ရောက်လာသည်။ အရပ်ထောင်ထောင် မောင်းမောင်းနှင့် အသားကလည်း ဖွေးအိနေလေသည်။ ပိုးသားကဲ့သို့ နူးညံ့ဝင်းလက်နေသော အဝတ်အစားကို ဝတ်ထားပြီး မျက်နှာက အမြဲပြုံးရွှင်နေသည်။ မွေးကတည်းက ခက်ခဲပင်ပန်းသည့်အလုပ်ကို တစ်ခါမျှ လုပ်ခဲ့ရပုံမပေါ်ပေ။ ထိုပုဂ္ဂိုလ်ကြီးသည် လူငယ်၏ကိုယ်မှ ကြိုးများကို ဖြေပေးလိုက်ပြီးနောက် ဤကဲ့သို့ရှင်းပြလေသည်။

"အနာဂတ်ပြည်က ဝမ်းပမ်းတသာ လှိုက်လှဲစွာ ကြိုဆိုပါတယ် မောင်ရင်။ စက်ရုပ်ရှင်းပြထားလို့ မောင်ရင့်အကြောင်းကိုတော့ သိသင့်သလောက် သိပြီးပါပြီ"

"ဟာဗျာ ... ဒီလောက်လည်း အကြီးအကျယ် ကြိုဆိုနေဖို့မလိုပါဘူး။ ကျွန်တော်ဆိုတဲ့အကောင်ကလည်း ဘာမှဖြစ်ဖြစ်မြောက်မြောက် အစွမ်းရှိတဲ့လူမှ မဟုတ်ဘဲ"

"ဒီလိုလည်း မဟုတ်ရပါဘူးကွယ်။ မောင်ရင့်အနေနဲ့ တီဗီအစီအစဉ်တွေထဲမှာ ကောင်းကောင်းသရုပ်ဆောင်နိုင်မှာပါ။ မောင်ရင်သရုပ်ဆောင်ရမှာက သူများတွေ သနားစိတ်ပေါ်လာအောင် ညည်းပြ၊ ငိုပြရမှာလေ။ ကျုပ်တို့ အနာဂတ်တိုင်းပြည်မှာက အစစအရာရာ လိုလေသေးမရှိအောင် ပြည့်စုံနေလေတော့ ညည်းတယ်၊ ငိုတယ်ဆိုတာ ဘယ်လိုဟာမျိုးဆိုတာ မသိကြဘူး"

လူငယ်က နောက်ဆုံးတွင် သရုပ်ဆောင်ရန် သဘောတူလိုက်လေတော့သည်။ ခါတိုင်းမိမိ၏ ဆွေမျိုးဉာတိ၊ အပေါင်းအသင်းများထံသို့သွားကာ ညည်းပြ၊ ငိုပြခဲ့သည်များကို သတိရလာသည်။ ထိုအမှုအရာများမှာ မိမိအတွက် အကျင့်ပါနေခဲ့ပေပြီ။ အစပိုင်းတွင် ရင်ထဲ၌ တထိတ်ထိတ်ခုန်ခဲ့သော်လည်း တကယ်တမ်း အသံထွက်ပြလိုက်သောအခါ သဏ္ဍာန်လုပ် သရုပ်တူ ဆိုသကဲ့သို့ တကယ့်ကို သနားစရာကောင်းလောက်အောင် ညည်းပြနိုင်ခဲ့လေသည်။ သူ၏ သရုပ်ဆောင်ချက်အား တီဗီကိုဝိုင်းကြည့်နေကြသည့်ပရိသတ်က လွန်စွာသဘောကျသွားကာ ကောင်းချီးသြဘာ ပေးကြလေသည်။ ထိုနေ့မှစ၍ အနာဂတ် တီဗီအစီအစဉ်တွင် ထိုလူငယ်၏ ငိုညည်းသံအခန်းမှာ အပတ်စဉ် ဆက်တိုက်ပါရှိနေလေရာ သူ့အစီအစဉ်လာသည့်အချိန်တွင် မိသားစုတိုင်းသည် တီဗီရှေ့တွင် ဝိုင်းအုံထိုင်ကာ စိတ်ပါဝင်စားစွာ အားပေးနေကြလေတော့သည်။

ရဲမြလွင်

www.burmeseclassic.com

သတိထားသင့်သော အိမ်ရှင် နှင့် အိမ်ဖော်ပြဿနာများ

ခင်မောင်ထွန်း (လမ်းမတော်)

ရဲစခန်းတွေက မကြာခဏ ဖြေရှင်းပေးနေရတဲ့ အိမ်ရှင်များနဲ့ အိမ်ဖော်များအကြောင်းထဲက အချို့အဖြစ်အပျက်တွေကို စာဖတ်သူများ သတိထားနိုင်ကြစေရန် တင်ပြလိုပါတယ်။

ရန်ကုန်မြို့ကြီးအပါအဝင် မြို့တွေမှာရှိတဲ့ အိမ်တွေမှာ အိမ်တွင်းရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် အိမ်ဖော်တွေကို ငှားကြပါတယ်။ အိမ်ဖော်တွေက အိမ်ရှင်မတွေရဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ပေးကြရပါတယ်။

အိမ်ဖော်တွေဟာ နယ်ကလာပြီး လုပ်တဲ့သူက များပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေပဲပေါ့။ အနယ်နယ်အရပ်ရပ်ကလာပြီး အိမ်ဖော်လုပ်ကြတော့ သူတို့စရိုက်တွေကလည်း အမျိုးမျိုးပါလာကြပါတယ်။ တချို့ဆိုရင် အိမ်ရှင်အပေါ် သစ္စာရှိတယ်၊ ရိုသေကြတယ်၊ အလုပ်ကို ကြိုးစားလုပ်ကြတယ်။ အိမ်ရှင်တွေအတွက်ဆိုရင် အသက်ကိုပင် အသေခံမယ်ဆိုတဲ့ အိမ်ဖော်တွေလည်း ရှိကြပါတယ်။

ဆယ်စုနှစ် ဟိုဘက်ပိုင်းလောက်က မြို့လယ်က တိုက်ခန်းတစ်ခန်း ရှိပါတယ်။ တစ်အိမ်လုံး အလုပ်သွားလုပ်ကြတော့ အိမ်ဖော်အမျိုးသမီးနှစ်ဦးပဲ ကျန်ခဲ့ပါတယ်။ အဲဒါကို အခွင့်ကောင်းယူပြီး လူဆိုးသုံးယောက်က ဝင်လုပါတယ်။ လုယက်သူတွေလက်ထဲမှာ ဓားကိုင်လာပြီး ခြိမ်းခြောက်လုယူပေမယ့် အိမ်ဖော်နှစ်ယောက်က သတ္တိရှိရှိနဲ့ အိမ်ထဲကပစ္စည်းတွေမပါအောင် ခုခံခဲ့ကြပါတယ်။ လူဆိုးတွေက ဓားနဲ့ထိုးတော့ အိမ်ဖော်နှစ်ယောက်စလုံး ဒဏ်ရာရကြပါတယ်။ အိမ်နီးနားချင်းတွေ ဝိုင်းလာပြီး ရဲကို အကြောင်းကြားတော့ လူဆိုးတွေအားလုံးကို မိလိုက်ပါတယ်။ အိမ်ဖော်နှစ်ဦးစလုံး ဆေးရုံမှာ အကြာကြီး တင်ထားရပြီး ကုသခဲ့ရပါတယ်။ သေတော့ မသေကြပါဘူး။

အဲဒီလိုပဲ ရိုးသားပြီး သစ္စာရှိတဲ့ အိမ်ဖော်တွေဟာ ဆယ်နှစ် ဆယ်မိုး မိသားစုလို မြဲနေကြပါတယ်။ ကလေးကိစ္စ၊ ပစ္စည်းထိန်းသိမ်းပေးတဲ့ကိစ္စကအစ **အိမ်မှုတာဝန်တွေကို**

www.burmeseclassic.com

www.burmeseclassic.com

ကျေပွန်စွာ ထမ်းဆောင်နေကြတာတွေလည်း အများကြီးရှိပါတယ်။ စာရေးသူ အသိတစ်ယောက်ဆိုရင် သူကလေးမွေးစနေခဲ့တဲ့ ကလေးထိန်းဟာ အခု အဲဒီသား တက္ကသိုလ်တက်နေတာတောင် အိမ်မှာမြဲနေပြီး မိသားစုလို သံယောဇဉ်တွေဖြစ်နေကြပါတယ်။

ဒါပေမဲ့ မရိုးသားတဲ့ အိမ်ဖော်တွေလည်း အများကြီးတွေ့ရပါတယ်။ ပစ္စည်းတွေယူပြီး ခိုးထွက်ပြေးတာတို့၊ အိမ်မှာဝင်ပြီး ခိုးနိုင်အောင်၊ လုယက်နိုင်အောင် လူဆိုးတွေကို တံခါးဖွင့်ပေးတာ၊ လက်ထောက်ချတာတို့လုပ်တဲ့ အိမ်ဖော်တွေလည်း ရှိပါတယ်။ အချို့က အိမ်ကထွက်သွားပြီး မကြာခင် လူဆိုးတွေ သူခိုးတွေနဲ့ပေါင်းကာ ခိုးတာ၊ လုယက်တာ လုပ်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ အချို့ဆိုရင် အိမ်ရှင်ကို သေဆုံးစေတဲ့အထိ လုပ်ခဲ့တာလည်းရှိတယ်။ ရဲစခန်းတွေမှာ တိုင်ချက်ဖွင့်ခဲ့ရတဲ့အမှုတွေ များစွာရှိခဲ့ပါတယ်။

အိမ်ရှင်တွေဘက်ကလည်း မရှိလို့လုပ်စားတဲ့သူတွေကို သနားရမှန်း၊ ညှာတာရမှန်း မသိတော့ဘဲ မတရားပြုကျင့်တာတို့၊ ရိုက်နှက်ညှဉ်းပမ်းတာတို့၊ ကြိုးနဲ့တုပ် ရိုက်နှက်ပြီး အခန်းထဲ ချုပ်လှောင်ထားတာတို့(မတရားချုပ်တည်းရိုက်နှက်မှုပေါ့)၊ လောင်းကစားမှုရှုံးလို့ အပြင်ကို ပေးရလို့ ပစ္စည်းတွေ ငွေတွေ သုံးခဲ့ပြီး ခင်ပွန်း၊ ဒါမှမဟုတ် ဇနီး မသိစေရန် အိမ်ဖော်ခိုးပါတယ်ဆိုပြီး စွပ်စွဲခဲ့တာလည်း တွေ့ခဲ့ရပါတယ်။

စာရေးသူက အသိဖြစ်တဲ့ ပညာရှင်ကြီးတစ်ယောက်ရဲ့ဇနီးဟာ အိမ်ဖော်ကို မီးပူတိုက်ခိုင်းတာ သူ့ရဲ့ အဖိုးတန်ထဘီ မီးကျွမ်းသွားလို့ အိမ်ဖော်ကို ကြိုးနဲ့တုပ်ပြီး မှောက်ခိုင်းကာ ကျောကို မီးပူကပ်လိုက်လို့ အိမ်ဖော်ရဲ့ကျောမှာ မီးပူရာကြီး ပေါ်လာအောင် မီးလောင်ခဲ့ပါတယ်။ ဆေးရုံတင်ခဲ့ရပါတယ်။ တချို့ အိမ်ရှင်တွေက ရိုက်နှက်လို့ မျက်လုံးပျက်ခဲ့ရသူတွေ၊ ခြေကျိုး၊ လက်ကျိုးဖြစ်ခဲ့ရသူတွေလည်း ရှိခဲ့ပါတယ်။

အဲဒီလို အိမ်ဖော်ပြဿနာနဲ့ အိမ်ဖော်နဲ့ အိမ်ရှင် အပြန်အလှန် ဖြစ်ခဲ့ကြတဲ့အမှုတွေကို ရဲစခန်းတို့မှ စစ်ဆေးပြီး အမှန်ကို ရဲတပ်ဖွဲ့ဝင်တွေက ဖော်ထုတ်ပေးခဲ့ကြရပါတယ်။ အိမ်ရှင်က ကျူးလွန်ခဲ့တဲ့ အမှုတွေကျတော့ ငွေကြေးတတ်နိုင်ကြတော့ အမှုကို ရင်ဆိုင်ဖို့ လွယ်ကူကြပါတယ်။ မရှိလို့ လုပ်စားနေကြတဲ့ အိမ်ဖော်တွေကျတော့ အမှုရင်ဆိုင်ဖို့ ခက်ခဲကြတော့ အချို့အမှုတွေဟာ ဘယ်မှမတိုင်ရဲဘဲ ကြိတ်ပြီးခံသွားကြရတာတွေလည်း ရှိခဲ့ပါတယ်။

အခုတော့ ရဲစခန်းများအပြင် ခံရတဲ့အမျိုးသမီးတွေဘက်က အမှန်ကို ရပ်တည်ပေးမယ့် အဖွဲ့အစည်းကြီးတွေ ပေါ်လာကြပြီဖြစ်လို့ အိမ်ဖော်အမျိုးသမီးများ မတော်မတရားခံရတာ၊ နှိပ်စက်တာတွေ တစ်စစ ပျောက်ကင်းသွားစေချင်ပါတယ်။ အိမ်ဖော်တွေဘက်ကလည်း တာဝန်ကျေပြီး သစ္စာရှိဖို့ လိုပါတယ်။

အိမ်ရှင်တွေများဘက်ကလည်း အဲဒီလို လူမဆန်စွာ ရက်စက်ယုတ်မာ အပြစ်ရှာမှုတွေ ရပ်တန့်ကရပ်ကြပြီး အိမ်ဖော်များ ငှားရမ်းတဲ့အခါ သူ့ရဲ့နေရပ်လိပ်စာ၊ အပေါင်းအသင်း၊ မှတ်ပုံတင်တို့ကို မှတ်သားလေ့လာထားဖို့ လိုပါတယ်။ ဒါမှ သူတို့ကို အလိုရှိတဲ့အခါ လိုက်ရှာလို့ လွယ်မှာပေါ့။ တချို့ အိမ်ရှင်တွေက အားလုံးအလုပ်သွားလုပ်ကြတော့ အိမ်မှာရှိတဲ့ ပစ္စည်းအားလုံး သူတို့လက်ထဲ အပ်ခဲ့ရတော့ အဖိုးတန်ပစ္စည်းတွေကို အလွယ်တကူ မထားဘဲ လုံခြုံစွာ ထားကြဖို့လိုပါတယ်။ သူတို့ကိုလည်း အပေါင်းအသင်း အဆက်အသွယ်ကအစ အစစအရာရာ သတိထားပြီး စောင့်ကြည့်သွားဖို့ လိုပါတယ်။

ဒါကြောင့် စာရေးသူက ရေးသားခဲ့တဲ့ အတွေ့အကြုံတွေအပေါ် သုံးသပ်ပြီး သတိထားဆောင်ရွက်သွားခြင်းဖြင့် အိမ်ရှင်၊ အိမ်ဖော်ပြဿနာ နည်းပါးသွားမည် ဖြစ်ပါတယ်။

သင်ခန်းစာ ယူနိုင်ကြပါစေ. . . ။

ခင်မောင်ထွန်း(လမ်းမတော်)

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းရန်ပုံငွေ အလွဲသုံးစားပြုမှု ထောင်နန်းစံရ

ယခု အသက် ၆၆ နှစ်ရှိ ယခင် စင်ကာပူမြို့ ဟိုင်းစိန်း အလယ်တန်းကျောင်းအုပ်ဖြစ်သူ မစ္စတာ တန်ကင်ဟုတ်သည် ၎င်းကျောင်းအုပ်ရာထူးမှ ပင်စင်မယူမီ ၆ နှစ်တာ ကာလအတွင်း၌ ကျောင်းဆောက်လုပ်ရေး ရန်ပုံငွေ ၆၇၀၀၀ ဒေါ်လာကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခဲ့ကြောင်း စင်ကာပူအဆင့်မြင့် တရားရုံးတော်မှ စစ်ဆေးတွေ့ရှိ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် ၁ ရက် ချမှတ်ခဲ့ရာ တရားလိုဘက်မှ မကျေနပ်၍ ထောင်ဒဏ် ၁၀ ရက် ချမှတ်ရန် ရုံးတော်သို့ လျှောက်ထားခဲ့၏။ တစ်ဖန် တရားခံဖြစ်သူ ကျောင်းအုပ် မစ္စတာ တန်ကင်ဟုတ်သည် ၎င်း၏ ရှေ့နေကြီးမှတစ်ဆင့် အယူခံဝင်မည်ဟု လျှောက်ထားခဲ့သည်တွင် တရားရုံးတော်မှ တရားခံအပေါ် ၆၀၀၀၀ တန် အာမခံဖြင့် နေထိုင်ခွင့်ပြုခဲ့သည်ဟု ဆိုပါသည်။

ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)

Ref: C.S.T. (Singapore), (15.6.2013), Page (16)

ရှားရှားပါးပါး စင်ကာပူနိုင်ငံ ပထမဦးဆုံး အမျိုးသမီးတရားသူကြီး ကွယ်လွန်

ရှားရှားပါးပါး စင်ကာပူနိုင်ငံ ပထမဦးဆုံး အမျိုးသမီး တရားသူကြီးဖြစ်သူ မစ္စ(စ)လျူပန်းမေ၊ အသက် ၇၁ နှစ်အရွယ် ၎င်း၏နေအိမ်တွင် တစ်နေ့က (၉. ၆. ၂၀၁၃)ရက်နေ့က အူမ ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့၏။ ၎င်းသည် အင်္ဂလန်နိုင်ငံ ဥပဒေတက္ကသိုလ်ကြီး လေးကျောင်းအနက် တက္ကသိုလ်ကျောင်း တစ်ကျောင်းဖြစ်သော လင်ကွန်းဥပဒေတက္ကသိုလ်ကျောင်း (Lincolm Inn) မှ ဥပဒေဘွဲ့ ဆွတ်ခူးရရှိခဲ့ပြီး ၁၉၆၆ ခုနှစ်၊ ဧပြီလမှစပြီး စင်ကာပူဒေသကြီး(ပြည်နယ်) တရားသူကြီးရုံးတွင် ပထမဦးဆုံး အမျိုးသမီးတရားသူကြီးအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာ လွန်ခဲ့သည့် ၁၉၇၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်၍ အနားယူခဲ့သည် ဆို၏။

ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)

Ref: C.S.T. (Singapore), (11.6.2013), Page (10)

www.burmeseclassic.com

www.burmeseclassic.com

ဟုန်းဝေ
ရှိန်းခဲ

www.burmeseclassic.com

www.burmeseclassic.com

ကာရာအိုကေဆိုတာ ဒီဘက်ခေတ်ပိုင်းလောက်မှာ ပေါ်လာတဲ့ သုပ်ငန်း သစ်တစ်ခုပါ။ ကေတီဗွီလို့လည်း ခေါ်ကြတယ်ပေါ့။ သီချင်းဝါသနာရှင်တွေ အလွယ်တကူ သီချင်းလိုက်ဆိုလို့ရအောင် တီထွင်ထားဟန်တူပါတယ်။ အောက်စက်လို့ ခေါ်ကြတဲ့ ဒီဗီဒီထဲ စီဒီလို့ခေါ်တဲ့ လေဆာဓာတ်ပြားသီချင်းခွေ ထည့်ဖွင့်လိုက်ရင် အပေါ်စက်လို့ခေါ်တဲ့ တီဗီမှာ သီချင်းစာသားနဲ့ လိုက်ဖက်တဲ့ ရုပ်ပုံတွေ၊ မူလအဆိုတော်ရဲ့ ပုံတွေနဲ့ တီးလုံးသံတွေ ကြည့်ရှုနားဆင်နိုင်ပါတယ်။ သီချင်းဆို ဝါသနာပါသူက ပေါ်လာတဲ့ စာသားတွေကို လိုက်ကြည့်ပြီး မူလအဆိုတော်ရဲ့ အသံကို ဖျောက်၊ ကိုယ့်အသံနဲ့ သီချင်းတီးလုံးသံနဲ့ပေါင်းပြီး ခံစားသီဆိုနိုင်ကြတယ်ပေါ့။ ဝါသနာရှင် အဆိုတော်ကို ဂီတမှူးနဲ့ အဖွဲ့ကြီးတစ်ဖွဲ့လုံးက လိုက်ပြီး တီးပေးနေကြသလိုလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဟိုတုန်းကများ သီချင်းအဆို ဝါသနာပါခဲ့သူတွေများ မယ်ဒလင်၊ ဘင်ဂျိုတီးတတ်သူတွေကို ညှော်ခံတိုက်ကျွေးပြီးမှ ကိုယ်ဆိုချင်တဲ့ သီချင်းတီးလုံးကလေး တီးပေးပါမယ့်အကြောင်း တောင်းပန်ခယပြီး ဆိုကြရရှာတာပါ။ ခုတော့ ဘာပြောကောင်းမလဲ။ ကေတီဗွီ သွားလိုက်တာနဲ့ ဆိုကြအော်ကြမယ်။ အလွယ်တကူပါပဲ။ ဆိုချင်တဲ့သီချင်း အဖွင့်ခိုင်း၊ စာသားမေ့နေရင် တီဗွီမှာပေါ်လာတဲ့ စာသားကို ကြည့်ပြီး ဆိုလိုက်ရုံပေါ့။ အဆင့်မြင့်လာတဲ့ လူနေမှုပုံသဏ္ဌာန်တစ်ခု ဖြစ်နေပါပြီ။

အဲဒီလို သီချင်းဆို လေ့ကျင့်ကြတဲ့အခါ ကိုယ့်အသံကြောင့် ဘေးပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်ရလေအောင် အသံလုံခန်းတွေ စီစဉ်ထားပါတယ်။ ဆိုတဲ့သူတွေ သက်သောင့်သက်သာ ထိုင်လို့ရအောင် ဆိုဖာထိုင်ခုံတွေလည်း ရှိပါတယ်။ တစ်ယောက်တည်းဆိုရရင် ပျင်းမှာစိုးလို့ အဖွဲ့တွေအပေါင်းအဖော်တွေ စုပြီးဆိုနိုင်အောင် နှစ်ယောက်ထိုင် ဆိုဖာခုံနှစ်လုံး သုံးလုံးထားပေးပြီးတော့ စားသောက်ဖွယ်ရာ ယမကာ၊ အအေးတင်ဖို့ စားပွဲခုံပုလေး ဒါမှမဟုတ် ဆက်တီခုံစားပွဲလည်း ရှိပါတယ်။

သီချင်းဆိုကြတဲ့အခါ စုံတွဲတွေဆိုလို့ရအောင် မိုက်ကရိုဖုံးကလည်း နှစ်လုံးလောက်တော့ တပ်ဆင်ထားကြပါတယ်။ သီချင်းဆိုတဲ့သူတွေ မပင်ပန်းရလေအောင် လေအေးစက်ကလေး ဖွင့်ပေးထားတော့ ပူပူလောင်လောင် သောကတွေလည်း ဝေးစေပြန်ပါတယ်။ ကေတီဗွီအခန်းထဲ ဝင်လိုက်တာနဲ့ ပြာလဲ့လဲ့ မီးလုံးလေးထွန်းထားပြီး ကိုယ့်ကို ကူညီသီဆိုပေးနိုင်ဖို့၊ ဆိုချင်တဲ့သီချင်းတွေ ရှာဖွေပေးနိုင်ဖို့ ကေတီဗွီမလေးတစ်ယောက်လည်း ရှိနေပြန်ပါတယ်။

ကေတီဗွီမလေးဆိုတာနဲ့ အသက် ၂၀ ဝန်းကျင် မိန်းမချောလေးလို့သာ မှတ်ယူလိုက်ကြပါ။ သူကလည်း ခေတ်မီတဲ့ ဝတ်စားပြင်ဆင်မှုလေးတွေနဲ့ မွမ်းမံခြယ်သထားပြန်ပါတယ်။ ဆံပင်အနက်ကလေးကိုလည်း ပန်းရောင်ဆိုး၊ ဆံပင်ရှည်ရင် အတိုကလေးညှပ်၊ ဖြောင့်နေရင် ကွေးအောင်ကောက်၊ ပခုံးသားပေါ်တဲ့ ရှင်မီးအင်္ကျီလေးဝတ်၊ စကတ်ကလေးက ပေါင်လယ်ထိရှိတာမျိုးဆိုတော့ မြင်လိုက်တာနဲ့တောင် လန်းသွားစေပါတယ်။ ခပ်မိုက်မိုက် ဒီဇိုင်း၊ ခပ်ဟော့ဟော့ စတိုင်လ်ဆိုတာ အလန်းဖယားကလေးတွေမှာပဲ ရှိတတ်တာ မဟုတ်လား။ သူတို့ ကေတီဗွီအခန်းထဲရောက်လာတာနဲ့ သုခရိပ်မြုံ အသေးစားလေး ဖွဲ့စည်းဖြစ်ပေါ်လာပါတယ်။ ကူညီသူနှစ်ယောက်ဆို နှစ်ယောက်၊ သုံးယောက်ဆို သုံးယောက်။ ဖြည့်စွက်ပေးကြပါတယ်။

ကေတီဗွီမလေးတွေရဲ့ ပညာကလည်း အတော်စုံလှပါတယ်။ ကျွမ်းကျင်ရာလိမ္မာ ဆိုသလိုပေါ့။ ကေတီဗွီခန်းထဲ ရောက်သွားတာနဲ့ ကိုယ်က သီချင်းမဆိုချင်သေးဘူး ခဏနားမယ်လေ။ ယမကာလေးနဲ့ ပဏ္ဏာမအမျိုးကလေး စတဲ့အခါ သူတို့က သီချင်းဆိုပြပြီး ညှော်ခံတတ်ကြပါတယ်။ ကပြပါဆိုလည်း ကပြနိုင်ကြတယ်။ ဗမာအကတော့ မဟုတ်ဘူးပေါ့။ ကမ္ဘာမှာ အခု နာမည်ကြီးနေတဲ့ ကိုရီးယားအဆိုတော် Psy ရဲ့ ‘ဂမ်နမ်စတိုင်လ်’ အကလေး ကြည့်ချင်ပါသေးတယ်ဆိုလည်း ကပြတတ်ကြပါသေးတယ်။ မြင်းစီးအကလို့ ခေါ်ရမယ်ထင်ပါရဲ့ ခုန်ဆွခုန်ဆွနဲ့ လက်တစ်ဖက်က မြင်းကုပ်ကြိုးကိုင်ထားတဲ့ပုံ လုပ်ထားသေးတယ်လေ။ တီးလုံး Music ကလည်း မြူးမြူးကြွကြွ အရှိန်ကလေးကလည်း ရဆိုတော့ ဘာပြောကောင်းမလဲ။ "အပျော်ဆိုတာရယ် ငွေကုန်ခံနိုင်ရင် အကောင်းဆုံးပဲ၊ ပွဲကြိုက်တဲ့ ခင်နှမရယ်"ဆိုတဲ့ ပွဲကြိုက်ခင် သီချင်းထဲကလိုပါပဲ။

အဲဒီလိုနဲ့
အစကလေးဖြစ်သွားတော့
နောက်သီချင်းတွေဆိုတဲ့အခါမျိုးမှာ
တောင့်တောင့်ကြီးရပ်ပြီး
ဘယ်မှာဆိုတော့မလဲလေ။
ပခုံးလေးဖက်မိတဲ့အခါ
ဖက်လိုက်တာမျိုး၊
မေးစေ့ကလေး ကိုင်တဲ့အခါ
ကိုင်မိတာမျိုး၊
လက်ကလေးဆွဲတာလောက်ကတော့
ရိုးလွန်းပါတယ်။
ဖြစ်ရိုးဖြစ်စဉ် ကိစ္စမျိုးတွေပါပဲ။

ကေတီဗွီမလေးတွေရဲ့ ပညာရပ်ထဲမှာ ဘယ်သီချင်းပဲဖွင့်ဖွင့် သူတို့လိုက်ဆိုနိုင်ကြပါတယ်။ သူတို့က နေ့စဉ်ဆိုပြနေကြမှုလို့ ထင်ပါရဲ့။ အင်္ဂလိပ်လို ဆိုရမလား။ ဗမာလို ဆိုရမလား။ စားသုံးသူတွေ အလိုကျပေါ့။ စုံတွဲတေးဆိုကြဦးမလား။ ဆိုပေးနိုင်ကြပြန်ပါတယ်။ အဲဒီလို စုံတွဲတေးတွေ ဆိုပြရတဲ့အခါမျိုးမှာ လက်မောင်းကိုတွဲပြီးတော့လည်း သီဆိုတတ်ကြ ပြန်ပါတယ်။ ပခုံးကိုမှီပြီး ဆိုတဲ့အခါမျိုးလည်း ရှိတတ်ရဲ့။ တစ်ခါတလေ အမှုမဲ့ အမှတ်မဲ့ပုံမျိုး ရင်ခွင်ထဲတိုးတာမျိုးလည်း ကြုံရတတ်ပြန်ပါတယ်။ စုံတွဲတေးဆိုပြီဆိုကတည်းက တစ်ယောက်နဲ့တစ်ယောက် သစ္စာတိုင်ကြတဲ့ သီချင်းမျိုးတွေပဲ မဟုတ်လား။

ဒီတော့ သီချင်းစာသားတွေကလည်း အားပေးကြတာပဲပေါ့။ မီးရောင်က

www.burmeseclassic.com

လေးကလည်း မှိန်မှိန်။ ဘီယာအရှိန်ကလေးကလည်းရ။ ကြွကြွတတ မြောက်တောက်တောက် ဖြစ်နေချိန်မျိုးမှာ "ခုလိုဆုံတွေ့ရတာ ဝမ်းသာမဆုံးနိုင်ပေ . . . မီးပုံးလုလုလေး . . . ကိုယ်တိုင်ထွန်း ထွန်းညှိမလေ. . . အလှအပတွေဆုံကာနေ . . တို့ဘဝနဲ့သဏ္ဍာန်တူပေ . . . ဒီတံတားလေးပေါ်မှာ . . . အတူသွားခဲ့ကြတာ . . . မှတ်မိပါတယ်အတူးရေ . . . မှတ်မိပါတယ် အသက်ရေ . . . ငယ်ကကျွမ်းတဲ့ငယ်ကျွမ်းဆွေ . . . ဒီလိုညမျိုး တစ်ရာမကပင် တွေ့ပြစေ . . . သိန်းသန်းကုဋေနေ့စဉ် ညဆက် အသက်နဲ့ တွေ့ပါရစေ . . . ဒီလိုညမျိုး ထောင်သောင်းမကတွေ့ပါရစေ . . . "တဲ့။ အဲဒီလိုစာသားမျိုးများ အရှိန်ကလေးနဲ့ ဆိုနေရတုန်းမှာ တစ်ဖက်က မိုက်ကရိုဖုန်းလေး ကိုင်ထားလို့ မအားမလပ်ရှိရင်တောင် ကျန်တဲ့တစ်ဖက်က ပန်းလေးကိုင် ဖျစ်ညှစ်ဖက်လိုက်မိတာမျိုးတွေ ရှိလာတတ်ပါတယ်။

အဲဒီလိုနဲ့ အစကလေး ဖြစ်သွားတော့ နောက်သီချင်းတွေဆိုတဲ့အခါမျိုးမှာ တောင့်တောင့်ကြီးရပ်ပြီး ဘယ်မှာဆိုတော့မလဲလေ။ ပန်းလေးဖက်မိတဲ့အခါဖက်လိုက်တာမျိုး၊ မေးစေ့ကလေး ကိုင်တဲ့အခါ ကိုင်မိတာမျိုး။ လက်ကလေးဆွဲတာလောက်ကတော့ ရိုးလွန်းပါတယ်။ ဖြစ်ရိုးဖြစ်စဉ် ကိစ္စမျိုးတွေပါပဲ။ အဲဒီလိုနဲ့ သီချင်းဆိုတဲ့ အရှိန်ကလေးက ရလာ၊ ဘီယာသောက်တဲ့ အရှိန်ကလေးက မြင့်လာ၊ ကေတီဗွီမလေးကလည်း ဝိုင်တစ်လုံးလောက်မှာ၊ တစ်ကျိုက်နှစ်ကျိုက်သောက်လိုက်ပြီးတော့မှ ခေါက်ဆွဲကြော်မှာစားကြ။ ဆိုကြ၊ ကကြ၊ မြူးကြွကြွည ဖြစ်တော့တာပါပဲ။

ကေတီဗွီမလေးကလည်း မြူး။ ကိုယ်ကလည်း မူးလာလေတော့ ပါးကလေးကို အာဘွားပေးမိတာမျိုး၊ နဖူးကလေးကို မွှေးမွှေးကြူတာမျိုးတွေ အပြင် နှာခေါင်းချင်းဆိုင် နမ်းရှိုက်မိတာမျိုးတွေလည်း ဖြစ်လာပါလေရော။ ဒီကြားထဲ မြန်မာသီချင်းတွေကကော တီးလုံးအရှည်ကြီးတွေဆိုတော့ စာသားလိုက်မဆိုရတဲ့အခါမျိုးမှာ ပါးစပ်က အားနေတာ အကြာကြီးဗျ။ ဒီတော့ ပါးစပ်ကိုအအားမထားဘဲ စားတာသောက်တာတွေ ရှိသလို၊ နှာခေါင်းကို အအားမထားဘဲ နမ်းတာ၊ ရှိုက်တာ၊ မွှေးတာ ကြူတာတွေ ရှိလာတော့တာပါပဲ။ ကေတီဗွီမလေးတွေသုံးတဲ့ ရေမွှေးနံ့ကလည်း မွှေးကြိုင်နေတာပဲ မဟုတ်လား။ ရေမွှေးနံ့က မွှေးတာလား၊ မိတ်ကပ်နံ့က မွှေးတာလား၊ နှုတ်ခမ်းနီနံ့က မွှေးတာလား။ ခွဲခြားမစွမ်းနိုင်အောင်ပါပဲ။ သူတို့အလုပ်နဲ့သူတို့ ရင်းနှီးမြှုပ်နှံထားကြရတာလေ။ အဲဒီလိုညပိုင်းလေးမှာ သုံးလေးနာရီလောက်ပဲ အလုပ်လုပ်ကြရတော့ စက်ရုံမှာ တစ်နေကုန် အထည်ချုပ်ရတဲ့ အလုပ်မျိုးနဲ့စာရင် မပင်ပန်းလှဘူး ဆိုရမှာပါပဲ။

အဲဒီလိုနဲ့ တစ်နာရီ(ဝမ်းဆက်ရှင်) ၆၀၀၀ နှုန်းလောက် အခန်းရှင်က ဈေးနှုန်းသတ်မှတ်ထားပါတယ်။ ဈေးကလည်း အမျိုးမျိုးပေါ့လေ။ ၆၀၀၀ ဆိုတာက သိပ်လည်း မနည်းလွန်း မများလွန်းတဲ့ အဆင့်။ ဒီဈေးနှုန်းပေါ်မှာ မူတည်ပြီး ကေတီဗွီမလေးတွေရဲ့ အသက်အရွယ် အဆင့်အတန်းတွေ ကွဲပြားသွားတတ်တာမျိုး ရှိပါတယ်။ စလင်းဘော်ဒီ ကေတီဗွီလေးတွေ များတဲ့နေရာမှာတော့ ဆက်ရှင်ကြေးက တစ်သောင်းနားအထိ ရှိတတ်ကြပါတယ်။ ဗိုက်ခေါက်ထူထူ၊ သားသည်အမေလိုမျိုး ကေတီဗွီမလေးတွေပဲများတဲ့နေရာဆိုရင်တော့ ဆက်ရှင်ကြေးကလေး ငါးထောင်လောက်ထဲပဲ ရှိတတ်ပါတယ်။ ထားပါစို့ ဒါက ဆိုခ၊ သီချင်းဆိုခအတွက် ပေးရတဲ့ ဈေးနှုန်းပါ။

ပြီးတော့မှ အခန်းထဲမှာပြီး စားသောက်တဲ့အတွက် ဘီယာဖိုးက ဘယ်လောက်၊ အရက်ပုလင်းဖိုးက ဘယ်မျှ၊ ဝိုင်ပုလင်းက ဘယ်နှုန်း။ ခေါက်ဆွဲကြော်က ဘယ်သို့ စသဖြင့် ဈေးနှုန်းတွေ မှာထားတဲ့ အရေအတွက်အပေါ် မူတည်ပြီး တစ်သောင်း၊ နှစ်သောင်း၊ သုံးလေးသောင်း စသဖြင့် ထွက်လာပါတယ်။ ပြေစာလို့ခေါ်ရမလား၊ ဘောက်ချာလို့ ပြောရမလား။ အဲဒီည အပန်းဖြေစရိတ် ဆိုပါတော့။ သီဆိုချိန်က တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ စသည်မျိုး ဖြစ်သွားတတ်တာကိုးဗျ။ မြူးမြူးကြွကြွ လှတဲ့ည မဟုတ်လား။

အဲဒီလို ဈေးနှုန်းတွေ ရေးထားတဲ့ ပြေစာကို ဝိတ်တာလို့ခေါ်တဲ့ စားပွဲထိုးကလေးက ကေတီဗွီမလေးကို ပေးပါတယ်။ ကေတီဗွီမလေးက စားသုံးသူ(Customer) ဆီကို လက်ဆင့်ကမ်းပေးပါတယ်။ အဲဒီမှာ ကေတီဗွီဆိုလိုက်၊ အရက်သောက်လိုက်နဲ့ ကဲချင်တိုင်းကဲ၊ သဲချင်တိုင်းသဲနေတဲ့ စားသုံးသူဟာ ပါလာတဲ့ ပိုက်ဆံအိတ်ကြီးကိုဖွင့်၊ ငါးထောင်တန်အုပ်ထဲက လေးငါးရွက်ဖြုတ်ပြီး ဘီလ်ရှင်းကြပါတယ်။ ပြေစာထဲက ရေးထားတာနဲ့ ပေးလိုက်တဲ့ ငွေအရေအတွက် ရှင်းလင်းပြီးတဲ့အခါကျမှ ကေတီဗွီမလေးက ပြောပါတယ်။ မုန့်ဖိုးပေးဦးလေတဲ့၊ ရှင်းတဲ့အထဲမှာ အားလုံးပါပြီ မဟုတ်လားလို့ အူကြောင်ကြောင်နဲ့ ပြန်မေးတဲ့အခါကျမှ 'နမ်းခ'ကျန်သေးတယ်လို့ ပြုံးပြီး ပြောရှာပါတယ်။ ဩော် . . . ဟုတ်ပေသားပဲလို့တွေးပြီး တစ်ထောင်တန်တစ်အုပ်ထဲက သုံးလေးရွက်ဖြုတ်ကာ ရီတီတီညကို စခန်းသိမ်းခဲ့ရပါတော့တယ်။ တော်ပါသေးရဲ့ တစ်ကြိမ်တစ်ခါလောက် အနမ်းထက်ကဲပြီး ရမ်းများရမ်းမိရင် ဘယ်ရွှေ့ဘယ်မျှကျပါတယ်ဆိုတာမျိုး ပြေစာထဲမှာ ရေးမထားပေလို့ပေ့ါ။

ဘုန်းဓဝ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပေါ်တင်သိမ်းဆော

မညိုဖို့ချစ်စောကာမှ

ကြာညောင်းလွန်းခဲ့ပြီဖြစ်သော (၁၉၆၀)ခုနှစ်ကျော် ခုနှစ်များကာလ တစ်ပိုက်ခန့်ဆီက။

ရန်ကုန်မြို့တော်ကြီး၏ အစွန်အဖျား၌ "သဘာဝရေကန်ကြီး" တစ်ကန်၏ ကန်ပေါင်ကြီးပေါ်၌ အများနည်းတူဆိုသလို ကျူးကျော်နေထိုင်ကြသည့် အခြေအနေမဲ့ ပျံကျ "ဇနီးမောင်နှံနှစ်ဦးနှင့် ကလေးသူငယ်မိသားတစ်စုတို့" ရှိခဲ့ကြလေသည်။

ခင်ပွန်းသည်ဖြစ်သူက မြို့ထဲက ကျပန်း ပခုံးထမ်း အလုပ်သမားတစ်ဦးဖြစ်ကာ ဇနီးသည်ဖြစ်သူက နေအိမ်များဆီသို့ လှည့်လည်၍ အဝတ်လျှော်၊ သန့်ရှင်းရေးလုပ်၊ ထမင်းချက်၊ ဆေးကြော၊ ကလေးထိန်းပေးသည့် အလုပ်သမတစ်ဦး ဖြစ်လေသည်။ အလုပ်သမားခင်ပွန်းသည်ဖြစ်သူမှာ အသောက်အစား၊ အပျော်အပါး လုံးဝမရှိ။ ဇနီးသည်နှင့်ရင်သွေးငယ်များကို အလွန်ချစ်ရှာကာ နေဝင်မိုးချုပ် ပင်ပန်းကြီးလှစွာ အလုပ်ရှာ ထမ်းပိုး၍ ဝင်ငွေရှာသည်။ အေးချမ်း၊ ရိုးသားသူတစ်ဦးဖြစ်သလို ဇနီးသည်ဖြစ်သူကလေးမှာလည်း တစ်နေကုန် တစ်နေခန်းဆိုသလို ရပ်ကွက်တွင်းရှိ အိမ်တစ်ကာဆီသို့ လှည့်လည်ကာ သွားရောက်၍ ရသလောက်အခကြေးငွေ၊ လုပ်ခငွေကလေးနှင့် အဝတ်လျှော်ပေး၊ သန့်ရှင်းရေးလုပ်ပေး၊ ဆေးကြော၊ ရှင်းလင်း၊ သုတ်သင်၊ ထမင်းချက်ပေးနှင့် အပင်ပန်း အဆင်းရဲခံကာ ငွေရှာပြီး ခင်ပွန်းသည်နှင့် ရင်သွေးငယ်များကို အလွန်ချစ်ခင် ပြုစုယုယသည့် အရွယ်ရှိသေးသော အချောအလှ၊ ဇနီးကောင်းလေးတစ်ဦးပင် ဖြစ်ကြလေသည်။ တစ်ခါတစ်ရံမျိုး၌သာ ဇနီးသည်ဖြစ်သူ အလုပ်များသဖြင့် အိမ်ပြန်နောက်ကျသော်ဇနီးချောကလေးအတွက် စိတ်မချ၊ သဝန်တိုတတ်ရှာသူဖြစ်သော ခင်ပွန်းသည်ဖြစ်သူက မေးမြန်းစစ်ဆေးဆူပူရာမှ ကတောက်ကဆဖြင့် ခေတ္တခဏမျှ စကားများတတ်ကြသည်က လွဲပြီး သူတို့၏ အိမ်ထောင်ရေးနှင့် မိသားစုဘဝရေးတို့၌ ဆိုးဝါးသည့် ပြဿနာကြီးငယ်တို့ အလျဉ်းမရှိခဲ့။ ဘဝပေးများအရ လမ်းပေါ်နေ၊ လမ်းပေါ်အိပ်၊ လမ်းပေါ်စား၊ အဆင့်နိမ့် အောက်ခြေလူတန်းစားများပင်ဖြစ်သော်လည်း ကြိုးစား၊ ရိုးသား၊ ချွေတာ၍ ပျော်ပျော်ပါးပါးနှင့် အများနှင့်တည့်အောင် အဆင်ပြေအောင် နေတတ် စားတတ်

www.burmeseclassic.com

ကြ၍ သူတို့ဇနီးမောင်နှံကလေးတို့၏ မိသားစုဘဝ အသိုက်အမြုံကလေးမှာ သာယာပျော်ရွှင်ဖွယ်အထူးပင်ကောင်းကြ ရှိကြလေသည်။ အထူးသဖြင့် အလုပ်သိမ်း အိမ်ပြန်လာကြချိန်ဖြစ်သော နေဝင်ချိန် ညနေစောင်းအချိန်ကလေးများ၌ဆိုလျှင် ဇနီးမောင်နှံနှစ်ဦးတို့ ဝယ်ခြမ်းလာကြ၊ ရရှိလာကြသည့် သားငါးဟင်းလျာများနှင့် ထမင်း၊ ဟင်းကျန်ကလေးများကို နွှေးစားကြ အမောတကော၊ ကပျာကယာ၊တပျော်တပါးနှင့်ချက်ပြုတ်ကာစားကြရ၊ သီဆို၊ ကခုန်ကြနှင့် အနီးရှိ အတူနေ မြင်တွေ့ရသူများအဖို့ အတွက်ပင် ပျော်ရွှင် ကြည်နူးစရာ အတိဖြစ်ခဲ့ကြရလေသည်။

ထိုသို့ ကျရောက် ကျင်လည်ရသောကံနှင့် ဘဝပေး အသိုက်အမြုံစု ကလေးငျစ်ခုတွင် ပျော်ပျော်ပါးပါး သာသာယာယာနှင့်ပင် နေထိုင်ကျင်လည် ရှင်သန်ခဲ့ကြရသော ရိုးသား အေးချမ်းသည့် ထိုဇနီးမောင်နှံ မိသားတစ်စုတို့အတွက် ယုံနိုင်ဖွယ်ပင် မရှိရသည့် မထင်မှတ်ရသော ကံကြမ္မာဆိုး ဖြစ်အင်အိုးနှင့် အငြိုးကြီးလှသော အကုသိုလ်တစ်ရပ်က တစ်ခုသောညနေ နေဝင် နွားရိုင်းသွင်း မောင်စပျိုးချိန်၌ မညှာမတာ ရက်စက်စွာနှင့်ဆိုသလို ရုတ်တရက် အမှတ်မထင်ဖြူးစားကြီးပင် ဝင်ရောက်မွှေနှောက်လာပေတော့သည်။

မှတ်မှတ်ရရဆိုသလို ထိုနေ့ကား လခထုတ်ရက်တစ်ရက်ပင် ဖြစ်လေသည်။ ထိုညနေစောင်းတွင် ခင်ပွန်းသည်ဖြစ်သူက အထူးတလည်ပင် ဝင်ငွေတွေ တောင်းလာ ရရှိလာသဖြင့် အလုပ်မှစောစောပြန်လာ အမဲဈေးကြီးဆီသို့ဝင်ရောက်ပြီး နေ့ချင်းပေါ် လတ်ဆတ်လှသည့် အမဲသားများကို ဝယ်ယူကာ မိသားစုတို့ ပျော်ပျော်ပါးပါးချက်စားကြမည်ဟူသော ပီတိစိတ်ကူး စိတ်သန်းများနှင့် နေအိမ်တဲကလေးဆီသို့ ဒုန်းစိုင်း၍ အပြေးကလေးနှင့် ပြန်လာလေသည်။ ထို့အတူ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် တစ်ဖက်က ဇနီးသည်ကလေးဖြစ်သူကလည်း လခအပြင် အပိုဆုကြေးတွေကိုပါ ရရှိလာလေသဖြင့် ခင်ပွန်းသည်နှင့် ကလေးတွေအတွက် ချိုချဉ်၊ သားငါး၊ မုန့်ပဲသရေစာတွေကို တစ်ဝကြီးပင် ဝယ်ယူကာ ခင်ပွန်းသည်ဖြစ်သူကဲ့သို့ပင် နေအိမ်ဆီသို့ အပြေးအလွှားနှင့်အမြန် ပြန်လာရှာလေသည်။

နေအစောင်းကာ မောင်စပျိုးလုရာ နွားရိုင်းသွင်းချိန်သို့ပင် ရောက်လာ၍ ခင်ပွန်းသည်ဖြစ်သူက ကန်ပေါင်ဘေးရှိ မီးဖိုကြီးအနီးတွင်ထိုင်ကာ မမောင်ခင် အမြန်ချက်ပြုတ်ဖြစ်ရန်အတွက် အမဲသားတုံးကြီးများကို ကပျာကယာ အမြန်အဆန်နှင့် လှီးဖြတ် ခုတ်ထစ်သည်။ ထို့အတူ ဇနီးသည်ဖြစ်သူကလည်း ထမင်းအိုးကို အမြန်တည်သည်။ ငရုတ်သီးထောင်းသည်။ လိုအပ်တာတွေကို အမြန်စီစဉ်လေသည်။ သားနှင့်သမီးကလေးနှစ်ဦးခမျာကတော့ စားရတော့မည့် မိဘတို့ချက်ပြုတ်နေကြသည့် မီးဖိုပေါ်က ဟင်းလျာကောင်းများကိုကြည့်လိုက်၊ မျှော်လိုက်၊ တစ်ခါခွေးတစ်လုံးလုံးနှင့် အမြန်ချက်ပြုတ်နေကြရှာသည့် မိဘနှစ်ဦးကိုကြည့်လိုက်နှင့် ကခုန်မြူးတူး ပျော်ရွှင်နေကြလေသည်။ ခဏအကြာခန့်တွင် သီချင်းကောင်းလေးတစ်ပုဒ်ကို တိုးတိုးလေး ဆိုသီကြူးရင်းအမဲသားတုံးများကို အမြန်တုံးနေသည့် ခင်ပွန်းသည်က သူ့ရှေ့ရှိ ထမင်းအိုးကိုမွှေနေသည့် ဇနီးသည်ကို လှမ်း၍ကြည့်လိုက်ကာ ဒါနဲ့ မင်းကို အပျိုထင်ပြီးမကြာခဏ စကားလိုက်ပြောတဲ့ အကောင်ကိုတွေ့သေးလား ဟု စကားအဆက်အစပ်မရှိဘဲနှင့် အမှတ်မထင် ကောက်ကာငင်ကာနှင့် ရုတ်တရက်ကြီး လှမ်းမေးလိုက်လေသည်။ ရုတ်တရက်ကြီးကြားလိုက်ရသော ခင်ပွန်းသည်၏ ဒေါသသံပါ အမေးစကားကြောင့် ထမင်းအိုးမွှေနေရှာသည့် ဇနီးသည်ဖြစ်သူမှာ တုန်လှုပ် ရင်ဖိုသလိုဖြစ်သွားပြီး ခင်ပွန်းသည်ဘက်ဆီသို့ လှည့်ကာ အမြန် ကပျာကယာပင် လှည့်ထိုင်လိုက်ပြီး ဟုတ်တယ် အစ်ကိုရေ ပြောရဦးမယ်၊ ဟိုတစ်နေ့ကတောင် အိမ်အပြန်မှာ ကျွန်မကိုစကားလိုက်ပြောလို့တောင် ကောင်းကောင်းကြီး တုတ်ပေးလိုက်ရတယ်ဟု ခင်ပွန်းသည်ကိုအရေးတယူနှင့် ပြန်ဖြေရှာ ပြောရှာလေသည်။ ဇနီးသည်ဖြစ်သူ၏ ထိုအဖြေ စကားအဆုံးတွင် ခင်ပွန်းသည်ဖြစ်သူက အေးတော်သေးတာပေါ့ မင်းသစ္စာဖေါက်ရင် ငါကလေ ဟောဒီလို ဓါးနှင့်ထိုးသတ်

www.burmeseclassic.com

www.burmeseclassic.com

အချို့က နွားရိုင်းသွင်းချိန်၊ မှောင်စပျိုးချိန်၌ ကန်ပေါင်ပေါ်၌ သားစိမ်း၊ ငါးစိမ်းဖြစ်သော အမဲသားများကို ခုတ်ထစ် လှီးဖြတ်ရာ၌ သရဲ၊ တစ္ဆေ၊ ပရလောကသားများက ပူးကပ် ဝင်ရောက်စေစားကာ 'အမှောင့်ပယောဂမှီမှု' ကြောင့်ဟု ကရုဏာနှင့် အမျိုးမျိုးအဖုံဖုံ ရှုထောင့် အမြင် အစုံတို့မှ ဝေဖန်ထင်ကြေးပေး၍ ခုတ်တသတ်သတ် ဖြစ်လျက် . . .

မာကွဟု ဇနီးသည်ဖြစ်သူကို ချစ်စနိုးနှင့် ကျီစယ်နောက်ပြောင်သည့်ဟန်ပန်အမူအရာ သံရုပ်နှင့် သူ့ရှေ့တွင် အနီးကပ်ထိုင်နေသည့် ဇနီးသည် ဗိုက်ပြင်ဆီသို့ လက်ထဲက အမဲသားလှီးနေသည့် ဓါးချွန်နှင့်လှမ်းကာ ချိန်ရွယ်၍ ထိုးပြလိုက်လေသည်။ အလွန်တရာ ထူးဆန်းကံခေချင်တော့ ခင်ပွန်းသည်ဖြစ်သူက ကျီစယ် နောက်ပြောင်၍ လှမ်းကာထိုးပြလိုက်သော ဓါးချွန်သည် ဇနီးသည်၏ ဗိုက်ပြင်ထဲဆီသို့ စွပ်ကနဲဆိုသလို အမှန်တကယ်ပင် တစ်ရှိန်ထိုးပင် အားအရှိန်နှင့် စိုက်ထိုးဝင်သွားတော့လေရာ ဇနီးသည်ဖြစ်သူမှာ ခင်ပွန်းသည် ထိုးလိုက်သော ဓါးချက်နှင့် ဘေးဆီသို့ ပစ်လဲကျပြီး နေရာတွင်ပင် ပွဲချင်းပြီးအသက်ထွက် သေဆုံးသွားရရှာလေသည်။ ခင်ပွန်းသည်ဖြစ်သူမှာ သွေးသံရဲရဲနှင့် အသက်ပျောက်နေရှာသော ဇနီးသည်ကို ပွေ့ဖက်၍ အော်ဟစ် ငိုယိုပြီးနောက် နီးရာရဲစခန်းဆီသို့ အမြန်ပြေးသွားကာ ဖြစ်ကြောင်းကုံစင်များကို အမှန်အတိုင်းဝန်ခံတင်ပြပြီး ကိုယ်တိုင်အဖမ်းခံလိုက်လေသည်။

ကြေကွဲအံ့ဩစရာ အထူးကောင်းလှသော နောက်ပြောင်ကျီစယ်ကြရင်း အကောင်းပကတိမှ သေကြေရ၊ အဖမ်းခံအရေးယူခံ၊ ပြစ်ဒဏ်ကျခံရသည့် ထိုဇနီးမောင်နှံတို့၏ ဖြစ်အင်ဆိုး ဖြစ်အင်ဆန်းကို -

အချို့က "ကံလက်သည်" ကြောင့်၊

အချို့က သဝန်တိုတတ်သော ခင်ပွန်းသည်၏ စိတ်ရူး၊ စိတ်ရိုင်းဝင်မှုကြောင့်။

အချို့က နွားရိုင်းသွင်းချိန်၊ မှောင်စပျိုးချိန်၌ ကန်ပေါင်ပေါ်၌ သားစိမ်း၊ ငါးစိမ်းဖြစ်သော အမဲသားများကို ခုတ်ထစ် လှီးဖြတ်ရာ၌ "သရဲ၊ တစ္ဆေ၊ ပရလောကသားများက" ပူးကပ်ဝင်ရောက်စေစားကာ "အမှောင့်ပယောဂမှီမှု" ကြောင့်ဟု ကရုဏာနှင့် အမျိုးမျိုးအဖုံဖုံ ရှုထောင့် အမြင်အစုံတို့မှ ဝေဖန်ထင်ကြေးပေး၍ စုတ်ဖတသတ်သတ် ဖြစ်လျက် ဝမ်းနည်းကြရသည်။

မည်သို့ရှိစေကာမူ -

လူသတ်မှု၊ လူသေမှုအတွက် ခင်ပွန်းသည်ဖြစ်သူကတော့ ပြစ်မှုဆိုင်ရာဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခံရသွားရှာလေသည်။

တကယ့်ဖြစ်ရပ်မှန် တစ်ရပ်ကို မှီငြမ်း၍ ဖွဲ့နွဲ့ ခံစားလျက် တင်ပြခြင်းဖြစ်ပါကြောင်းကို ဝန်ခံအပ်ပါသည်။

ဖော်.ဘင်သိန်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ယုန်ထောင် ကြောင်မိ

မုဒုံသုမွန်

(၁)

သည်အရပ်သည်ဒေသကို ရောက်တော့မှ ဤရွာကလေး၏ အမည်ကို သိရခြင်းဖြစ်သည်။ အိမ်ခြေတစ်ရာလောက်သာ ရှိမည်ဖြစ်သော ရွာငယ်တစ်ရွာ ဖြစ်ပါသည်။ အရှေ့ဘက်မှာတော့ ဂန့်ဂေါ်တောင်တန်းကြီး ရှိသည်။ ရွာထဲနှင့် ရွာဝန်းကျင်မှာတော့ ကွမ်းသီးပင်များ၊ ငှက်ပျောပင်များ၊ အုန်းပင်များ၊ ရင်ကမ်းသီးပင်များကို ဥယျာဉ်ခြံအဖြစ် စိုက်ပျိုးထားသည်။ ဒူးရင်း၊ ကြက်မောက် စသော ရာသီစာ သီးပင်များကိုလည်း စိုက်ပျိုးထားသေးသည်။ ရွာအနောက်ဘက်ပိုင်းမှာတော့ လယ်ကွင်းများရှိသည်။ ချောင်းနားမြောင်းနား နေကြသူများကတော့ သားငါးရှာကြသည်။ အနီးပတ်ဝန်းကျင်က ရွာများကတော့ ကရင်ရွာဟု ခေါ်ကြပါသည်။ အများစုက ကရင်လူမျိုးများ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ထိုရွာတွင် ဘုရားရှိခိုးကျောင်းလည်း ရှိသည်။ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းလည်းရှိသည်။

စင်စစ် ရွာနာမည်က အိန္ဒရာဇာ ဖြစ်သည်။ ထိုရွာသည် ရေးနှင့်ထားဝယ်ကြားမှာ ရှိသော ရွာဖြစ်သည်။ ဂန့်ဂေါ်တောင်ခြေနှင့် ပိုနီးသောကြောင့် ရထားလမ်းနှင့် ပိုပြီးနီးပါသည်။ ကားလမ်းနှင့် အဝေးကြီးဖြစ်ပါသည်။ သည်ရွာကလေးသို့ ထွန်းကျော် မထင်မှတ်ဘဲ ရောက်လာခဲ့သည်။ ရွာနာမည်ကိုလည်း ခုမှကြားဖူးသည်။

သူသည် မော်လမြိုင်မှ ၁၁နာရီခွဲ(?)စောဆုံး ထွက်လာသော ထားဝယ်ရထားနှင့် လိုက်လာခဲ့သည်။ ဆယ်နာရီကျော်ကျော် ရောက်တော့ ရေးဘူတာကို ရောက်ခဲ့သည်။ ရေးဘူတာမှာ ရထားပြောင်းစီးပြီး ထားဝယ်သွားမည် ဖြစ်သည်။ ရည်ရွယ်ချက်ကတော့ သတ်သတ်မှတ်မှတ် မရှိပါ။ တစ်ခုတော့ ရှိပါသည်။ သူ့အတွက် ဘေးကင်းလုံခြုံမှုရလျှင် အကောင်းဆုံးဖြစ်ပါသည်။ သည်ဘေးကင်းလုံခြုံမှုဆိုတာကတော့ ပြည်သူ့ရဲများ ဖြစ်ပါသည်။

ရေးမှ ရထားထွက်ထွက်ချင်း ဘူတာတွင်း ယခင် သူနှင့်သိကျွမ်းဖူးသော ကိုမောင်ရွှေကို ရိပ်ခနဲ မြင်တွေ့လိုက်ခြင်းကြောင့် ဆောင်းထားသော သံပရာဦးထုပ်ကို ခပ်ငိုက်ငိုက်ဖြစ်အောင် ဆွဲချကာ ပုန်းနေလိုက်တော့၏။ တော်သေးသည်၊ ရထားက ဘီးလိမ့်ကာ စတင်ထွက်ခွာနေခြင်းကြောင့် ဖြစ်သည်။ ကိုမောင်ရွှေကား ယခင်က ရန်ကုန်တိုင်းအတွင်းမှ ဖြစ်ပြီး ယခုတော့ မွန်ပြည်နယ် ဒေသတစ်ခုခုသို့ ပြောင်းရွှေ့သွားပြီ ဖြစ်သော ဒုရဲအုပ်ကိုမောင်ရွှေ ဖြစ်သည်။

စိတ်ထင်တော့ ကိုမောင်ရွှေပြောင်းရွှေ့လာသော နေရာသည် ရေးမြို့ဖြစ်နေတာလားဟု ဝာင်လိုက်မိပါတော့သည်။ ထွန်းကျော်နှင့် ကိုမောင်ရွှေက အတော့်ကိုပင် ရေစက်ဆုံမှုက ရှိပါသည်။ ပထမဦးဆုံး ဒုရဲအုပ်မောင်ရွှေသည် ဤမြို့နယ်တွင် တာဝန်ကျပါသည်။ သူတာဝန်ကျစဉ် စက်ရုံတစ်ခု၏ ပစ္စည်းသိုလှောင်ရုံတစ်ခု ဖောက်ထွင်းမှု ဖြစ်သည်။ ပစ္စည်းသိုလှောင်ရုံဖောက်ထွင်းသူ သုံးဦးအနက် ထွန်းကျော်တစ်ဦးတည်းသာ လွတ်မြောက်ထွက်ပြေးခဲ့သည်။

ထွန်းကျော်သည် ကိုယ်ရောင်ပြသည့်အနေနှင့် ပုသိမ်ဘက်ကို ထွက်ပြေးခဲ့သည်။ သို့သော် ပုသိမ်အထိ ကားဖြင့်ဆက်မသွားတော့ဘဲ ဗိုလ်မြတ်ထွန်းတံတားအလွန်တွင် ဓနုဖြူသို့ ကားပြောင်းစီးပြီး ဓနုဖြူမှတစ်ဆင့် အင်္ဂါရေးသားရွှဲတစ်

www.burmeseclassic.com

www.burmeseclassic.com

စီးဖြင့် မင်းဘူးသို့ ရောက်လာခဲ့သည်။ မင်းဘူးမှ အမ်းတောင်ကြားလမ်းအတိုင်း ရခိုင်ရိုးမတောင်ပေါ်သို့ ရောက်ခဲ့သည်။ ဤသို့ဖြင့် သူသည် ဒုရဲအုပ် မောင်ရွှေလက်မှ ကိုယ်ပျောက်ဝိဇ္ဇာ လုပ်ခဲ့သည်။

ဘယ်လောက်ကြာသည်အထိ ရိုးမပေါ်မှာ ခိုအောင်းနေသလဲဆိုတော့ ဒုရဲအုပ်မောင်ရွှေ မွန်ပြည်နယ်သို့ မပြောင်းမချင်း သုံးနှစ်သုံးမိုးတောင် ကြာခဲ့၏။ ဟော ... ရေစက်က မကုန်ချင်သေးတော့ ယခုတစ်ခါလည်း ဒုရဲအုပ်မောင်ရွှေရှိရာ မွန်ပြည်နယ်သို့ သူရောက်ရှိပြန်ပြီဖြစ်သည်။

ဒုရဲအုပ်မောင်ရွှေကလည်း ထွန်းကျော်သည် မွန်ပြည်နယ်သို့ တိမ်းရှောင်နေကြောင်း မသိရသေးသကဲ့သို့ ထွန်းကျော်အနေနှင့်ကလည်း ဒုရဲအုပ်မောင်ရွှေ ရေးမြို့နယ်မှာ ရောက်နေကြောင်း မသိရပါ။ နှစ်ဦးလုံးက ဝှက်ဖဲကိုယ်စီနှင့် ဖြစ်နေရပါ၏။ ဝှက်ဖဲကိုလှန်မိပါက သူလျှင်ရင် သူလက်ဦးယူမည်ဆိုသလို ဖမ်းသူနှင့်တိမ်းသူ ဖြစ်နေကြပါလိမ့်မည်။

ရထားသည် ရေးဦးစွာ ချောင်းတောင်ဘူတာကို ရောက်သည်။ ထို့နောက် ရှာင်ဘူတာသို့ ရောက်ခဲ့သည်။ ထိုဘူတာမှတစ်ဆင့် ရထားသည် နေ့တွဲ့နေ့တွဲ့နှင့် ရုန်းကန်နေရကာ ရထားစက်ခေါင်းကလည်း မနိုင်ဝန်ကိုထမ်းကာ ဆွဲရုန်းရသလို ဝီခေါ်သံကိုလည်း ကြားနေရပါတော့သည်။ ရထားကြီးက မလွှဲတောင်တန်းကြီးကို တက်နေရပြီကိုး။

ရထားလမ်း ဝဲယာမှာတော့ ဝါးတောကြီးတွေက ဟီးထအောင် တောဖြစ်နေပါသည်။ သည်ဂျိုတောသည်တောင်ကို မြင်လိုက်ရတော့ အတော့်ကို စိတ်ချမ်းသာသွားတော့သည်။ သည်နေရာသည်သူ့အတွက် တဒင်္ဂတော့ လုံခြုံမှုရှိသည်ဟု ယူဆထားလိုက်မိပါ၏။ ရထားသည် မှန်မှန်ကြီး ခုတ်မောင်းလာရာ နတ်ကြီးစင်ဘူတာသို့ ရောက်ရှိခဲ့သည်။ သူကြည့်လိုက်သောအခါ တောတောင်သဘာဝ အခြေအနေက တကယ့်ကို သူ့ကို အကာအကွယ်ပေးသည့် နေရာဟု မှတ်ယူထားသည်။ ထို့နောက် ရထားသည် ရှေ့ဆက်ခုတ်မောင်းလာရာ ဘူတာတစ်ခုသို့ ဆိုက်ရောက်နေကြောင်း သူတွေ့လိုက်ရ၏။ ကျေးလက်တောရွာ ဘူတာမို့ သွေ့သွေ့ခြောက်ခြောက် ဖြစ်နေပါ၏။ သူ့ကို အတော်ကြီး အေးချမ်းမှု ပေးနေသည့် ဒေသလည်း ဖြစ်နေပါ၏။ ဘူတာနာမည်ကို ကြည့်လိုက်တော့ ထူးဆန်းနေသလို ဖြစ်နေပါ၏။ အိန္ဒရာဇာတဲ့။

(၂)

"အမေကြီး ... အမေကြီး ... ဘာဖြစ်တာလဲ ..."

ထွန်းကျော်သည် အိန္ဒရာဇာ ဘူတာမှာ ဆင်းလိုက်သည်။ ရွာလမ်းဟု ဆိုရမည်ဖြစ်သော မြေနီလမ်းအတိုင်း လျှောက်လာသည်။ အိမ်တွေကလည်း ကျိုးတိုးကျဲတဲ နိုင်လှသည်။ တစ်အိမ်နှင့် တစ်အိမ် ဆိုတာကလည်း အဝေးကြီးမှာ ရှိနေကြသည်။ လူသွားလူလာလည်း ပြတ်နေသည်။ ရွာအပြင်မို့ ထင်ပါသည်။

ထိုသို့ တစ်ယောက်တည်းလျှောက်လာစဉ် တစ်စုံတစ်ဦးများ တွေ့မှာလားလို့ မျှော်လင့်မိပါသည်။ အကယ်၍ တစ်ဦးတလေကိုတွေ့မိပါက အကူအညီတောင်းရင်း မိတ်ဖွဲ့ကာ တည်းခိုဖို့နေရာ တောင်းမည်ဟု စိတ်ကူးထား၏။ တွေ့မည့်တွေ့တော့လည်း အမေအိုကြီးတစ်ဦးကို တွေ့ရှိရလိုက်သည်။ ကုက္ကိုပင်ကြီးအောက်မှာ လဲခွေကာနေသော အမေကြီးပင် ဖြစ်၏။

"အမေကြီး ... အမေကြီး ..."

သူထပ်ကာ ခေါ်လိုက်တော့ အမေအိုကြီးက တအင်းအင်း တအဲအဲလုပ်ကာ မျက်လုံးကို ဖွင့်ကြည့်သည်။ ပြီးတော့ ဝဲတဲတဲ စကားသံဖြင့် မူးတယ်လေဟု ပြန်ဖြေ၏။

"အိမ်ဘယ်မှာလဲ လိုက်ပို့ပေးမယ်လေ ..."

"ဟိုးမှာလေ ..."

သူညွှန်ပြသော ဟိုးမှာဆိုသည်မှာ ဘာမှမမြင်ရသော ဟိုးမှာ ဖြစ်ပါ၏။ အမေကြီးအသံက တိုင်းရင်းသူ ကရင်တစ်ဦး၏ လေသံပေါက်နေသည်။ ပြီးတော့ သူနားလည်လိုက်ပါတော့သည်။ ကရင်တစ်ဟိုးဆိုတာ မဏ္ဍလေးတစ်ပြလောက် ဝေးခြင်းပင်ဖြစ်သည်။ ဘာပဲပြောပြော ဤမြေနီလမ်းအတိုင်း သွားလျှင်တော့ သူတို့အိမ် ရောက်မည်မှာ အမှန်ပင်။

အမေကြီးကို ကုန်းပိုးကာ မြေနီလမ်းအတိုင်းလာခဲ့ရာ တစ်နေရာရောက်တော့ ...

"အမိုး ... အမိုး ... ဘာဖြစ်နေတာလဲ ..."

မိန်းကလေးတစ်ဦးက ကြားဖြတ်ဝင်ကာ မေးလိုက်ပါတော့သည်။ သူ့ကို ကြည့်ရတာ အလွန်လည်း စိုးရိမ်ထိတ်လန့်ပုံ ပေါ်ပါသည်။ အမေကြီးထံမှ ဘာတုံ့ပြန်ချက်မှ မရရှိခြင်းကြောင့် ထွန်းကျော်ဘက်လှည့်ကာ –

"သူ့ကို ဘယ်မှာတွေ့ခဲ့တာလဲရှင်"

"ဟို ... ကုက္ကိုပင်အောက်မှာ လဲနေလို့"

"ဟိုမှာ နန်းတို့အိမ် ရောက်ပြီ"

ခြံအကျယ်ကြီးထဲက တဲအိမ်ကြီးကြီး တစ်လုံးကို တွေ့လိုက်ရသည်။ သူတို့ခြံကြီးထဲ ဝင်လိုက်ကြတော့ ခွေးတွေထွက်ပြီး ဟောင်ကြတော့သည်။ သူစိမ်းတစ်ရံဆံဖြစ်သော ထွန်းကျော်ကို ရန်မူကာ ဟောင်ခြင်းဖြစ်သည်။ သည်တော့

www.burmeseclassic.com

ကောင်မလေးက တဟဲ့ဟဲ့နှင့် နှင်ထုတ်နေရပါတော့၏။

ထွန်းကျော်သည် လေဝင်လေထွက် ကောင်းစွာရသော နေရာတွင် အမေအိုကြီးအား လှဲအိပ်နေစေလိုက်၏။ တစ်အိမ်လုံးမှာ ဘယ်သူမှ မရှိကြပါ။ အထူးသဖြင့် ယောကျ်ားလေးတွေ ဖြစ်ပါ၏။

"ဖထီးလည်းမရှိပါလား။ ဘယ်သွားနေလဲ ..."

အိမ်အခြေအနေကို ကြည့်ပြီး ကောင်မလေးက ညည်းညည်းညူညူ ပြောဆိုသံကို ကြားလိုက်ခြင်းအားဖြင့် အဖေဆိုသော ယောကျ်ားသားတစ်ယောက် ရှိနေသေးသည်ကိုတော့ ထွန်းကျော် သိရှိရလိုက်သည်။

"ဖိုးမူ ... ဖိုးမူ ... နင့်အမိုးရောက်လာပြီဆို"

အဘိုးကြီးတစ်ယောက် ရေးကြီးသုတ်ပျာနှင့် အိမ်ခြံဝင်းထဲ ဝင်ရောက်လာရင်း ကောင်မလေးကို မေးလိုက်သည်။ ကောင်မလေးက ဝမ်းသာအားရစွာ ပြန်ဖြေလိုက်၏။

"ဟုတ်တယ်ဖထီး။ ဟောဒီက အစ်ကိုကြီး လာပို့တယ်"

သည်တော့မှ ဖထီးကြီးသည် ထွန်းကျော်ကို သတိတရနှင့် ကြည့်ဖြစ်လိုက်၏။ သူမတွေ့ဖူး မမြင်ဖူးသော သူစိမ်းတစ်ဦး ဖြစ်နေခြင်းကြောင့် အံ့သြခြင်းနှင့်အတူ ဝမ်းသာမိပါတော့၏။

"ဒါနဲ့ နင်က ဘယ်သူလဲဝေ့"

"ကျွန်တော့်နာမည်က ထွန်းကျော်ပါ။ ဒီရွာကို မရောက်ဖူးလို့ အလည်လာတာပါ"

"တယ်ဟုတ်ပါလား။ ဒါနဲ့ နင် ဘယ်မှာ တည်းမှာလဲဝေ့"

"တည်းစရာမရှိပါဘူး ခင်ဗျား"

သည်အခါမှာတော့ သားအဖနှစ်ယောက်စလုံး၏ အကြည့်တွေက သူ့အပေါ် ပြုကျလာလေတော့၏။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်ကာ အဖြေရှာနေကြတော့၏။ ထိုအခါ လဲလျောင်းနေဆဲ အမေကြီးသည် မျက်လုံးကို မှေးကာ ဖွင့်ကြည့်ရင်း -

"ဖိုးခွား .. ဖိုး .. ဖိုးခွား ဘယ်မှ မသွားနဲ့"

အဘွားကြီးက လက်တစ်ဖက်ဖြင့် ထွန်းကျော်လက်ကို ဖမ်းကိုင်လိုက်သည်။ ဤအခါ ထိုအပြုအမူကြောင့် စိတ်ပျက်လက်ပျက် ဖြစ်သွားရသောသူများမှာတော့ ဖထီးတို့ သားအဖများပင် ဖြစ်၏။ သည်လိုပါပဲ သူစိမ်းယောကျ်ားကလေးများကို မြင်တွေ့လေတိုင်း အဘွားကြီးသည် လွန်ခဲ့သောခြောက်လခန့်က ကွယ်လွန်သွားရရှာသော သူ့သားစောမူးသာကို စွဲလမ်းကာ ထင်မှတ်များပြီး ခေါ်နေလေ့ ရှိခြင်းပင်ဖြစ်သည်။ တကယ်လည်း ထိုသားစိတ်ကြောင့် ယဉ်ယဉ်ကလေး စိတ္တဇရောဂါ စွဲနေပါသည်။ သူ့သားကို တွေ့လိုတွေ့ငြားနှင့် အိမ်သားများအလစ်တွင် ရွာရိုးကိုးပေါက် ရှာထွက်တတ်သည်။ ယခုလည်း ရှာရင်းနှင့် ကုက္ကိုပင်အောက်တွင် မူးလဲကျနေခြင်း ဖြစ်၏။

တောင်သူကြီး စောဖအုပ်နှင့် နော်နန်းပိုတို့သည် ဤအိန္ဒရာဇာ ရွာသူ ရွာသားများ ဖြစ်ကြသည်။ ပြီးတော့ အကြင်လင်မယားလည်း ဖြစ်သေးသည်။ သူတို့တွင် စောမူးသာနှင့် နန်းသီဂီ အမည်ရှိသော သားသမီးနှစ်ယောက်လည်း ရှိပါသေးသည်။ သားကြီး စောမူးသာက ကျောင်းပြီး၍ အလုပ်ဝင်လုပ်ခဲ့သည်။ ပြီးတော့ လွန်ခဲ့သော ခြောက်လခန့်က တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့သည်။ ထိုသတင်းကို သူတို့မိသားစုများ ကြားရပါသော်လည်း ကိုယ်တိုင်သင်္ဂြိုဟ်ခွင့် မပြုနိုင်ကြပါ။ ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်အနီးတွင် ကွယ်လွန်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် သားဖြစ်သူနှင့် လုပ်ဖော်ကိုင်ဖက်များက ကောင်းစွာ သင်္ဂြိုဟ်လိုက်ကြောင်းနှင့်တကွ ခံစားခွင့် အစစကို ပြီးပြည့်စုံအောင် ဖန်တီးပေးကာ သင်္ဂြိုဟ်သည့် အခမ်းအနားမှတ်တမ်းမှတ်ရာ ဓာတ်ပုံများကိုပါ ပြသခဲ့၍ ကျေနပ်နေရပါ၏။ အမေကြီးက ထိုဓာတ်ပုံကို ကြည့်နေရင်းမှ စိတ်ဖောက်သွားခြင်း ဖြစ်၏။

နန်းသီဂီကတော့ ဆယ်တန်း အောင်မြင်ပြီးသည့်နောက် မော်လမြိုင် ပညာရေးကောလိပ်သို့ နှစ်နှစ်တက်ရောက် အောင်မြင်ပြီးနောက် မင်းသားကျေးရွာတွင် မူလတန်းဆရာမ ဝင်လုပ်နေခဲ့သည်။ သူတို့နေသော အိန္ဒရာဇာရွာနှင့် မင်းသားကျေးရွာသည် နှစ်မိုင်နီးပါးမျှသာ ဝေးခြင်းကြောင့် စက်ဘီးနှင့် အသွားအပြန် လုပ်နေလေ့ရှိ၏။

အမေကြီး ကိုယ်တိုင်ကလည်း ထွန်းကျော်ကို သားအဖြစ် မြင်နေရတာက တစ်ကြောင်း။ သူကိုယ်တိုင် အမေကြီးကို သယ်ပို့လာတာကတစ်ကြောင်း။ ထွန်းကျော်ကိုယ်တိုင် ဤရပ်ရွာ၏ သူစိမ်းဧည့်သည် ဖြစ်နေတာကတစ်ကြောင်း၊ သူ့မှာ တည်းခိုစရာအိမ် မရှိတာကိုပြောထားခြင်းကြောင့်တစ်ကြောင်း၊ သူတို့အိမ်မှာပင် ဖထီးကြီး စောဖအုပ်က တည်းခိုခွင့် ပြုလိုက်ရ၏။

ညစာကိုတော့ တောရွာဓလေ့ထုံးစံအတိုင်း နေမဝင်မီမှာပင် စားကြသည်။ စားသောက်ပြီးတော့ အိမ်ရှေ့ကပြင်မှာပင် ဖထီးစောဖအုပ်နှင့် ထွန်းကျော်တို့ စကားလက်ဆုံကျနေတော့သည်။ စကားလမ်းကြောင်းက သေဆုံးသူသူ့သားအကြောင်းသို့ ရောက်သွားလေ၏။ ပြီးတော့ ဓာတ်ပုံအယ်လ်ဘမ်တစ်ခုကို ထွန်းကျော်အား ပြသခဲ့၏။ သူ့သားသင်္ဂြိုဟ်စဉ်က ရိုက်

www.burmeseclassic.com

www.burmeseclassic.com

ထားသော ဓာတ်ပုံတွေပင်ဖြစ်၏။ ကြေကွဲစရာတော့ ကောင်းနေပါတော့သည်။

နောက်ဆုံး ဓာတ်ပုံတစ်ပုံကြောင့် ထွန်းကျော် ဓာတ်လိုက်ခံရသလို ကျင်ခနဲဖြစ်သွားပါတော့၏။ အသက်ထင်ရှားရှိစဉ်ကာလက သူ့သားရိုက်ကူးထားသော ဓာတ်ပုံဟု ဆိုပါသေး၏။

"ဖိုးခွားပုံလေ . . . သူသေဆုံးတော့ သူ့အမိုး အားကြီး စိတ်ထိခိုက်တယ် ကွယ့်"

(၃)

ထွန်းကျော် အိပ်၍မပျော်တော့ပါ။ ရေပြောင်း၊ မြေပြောင်း၊ အိပ်ရာပြောင်းခြင်းကြောင့် အိပ်မပျော်ခြင်းတော့ မဟုတ်ရပါ။ သူ့အာရုံထဲမှာ ဖိုးခွားပုံလေဆိုသည့် ဖထီးစကားက မေ့ပျောက်၍ မသွားပါ။ ဘွဲ့ရဝတ်ရုံနှင့် ခုံညားထည်ဝါလှသော ဖိုးခွားလေးဓာတ်ပုံကလည်း စက္ခုအာရုံက ပျောက်ကွယ်မသွားပါ။ မျက်စေ့မှိတ်ထားရင်းနှင့်ပင် တစ်ရစ်ဝဲဝဲ ပေါ်လာပါတော့၏။ သူသိသော ဒုရဲအုပ် တင်မောင်ဦးနှင့်တော့ အတော့်ကို ဆင်ပါသည်။

"လူကတူပေမဲ့ နာမည်ကတော့ လွဲနေတာပဲလေ"

သူ့အတွေးသည် တစ်ချိန်သော ကာလဆီ ရောက်ရှိသွားပြန်တော့သည်။ သူသည် ရိုးမတောင်ပေါ်ရှိ ချင်းတိုင်းရင်းသားတို့ထံမှာ ခိုလှုံဆဲ ဖြစ်နေပေမင့် အခွင့်သာလျှင် ရန်ကုန်နယ်မြေဆီသို့ အလစ်ဝင်ရောက်တတ်သည်။ တစ်ပတ်လောက် စနည်းနာပြီး အခြေအနေပေးသည်နှင့် ဖောက်ထွင်းမှု ကျူးလွန်လေ့ရှိသည်။ သူသည် တစ်ကိုယ်တော်ဖောက်ထွင်းမှုကို ကျူးလွန်လေ့ရှိသည်။ အပေါင်းအသင်းနှင့် ဖောက်ထွင်းသည့်အနေနှင့် စက်ရုံ စတိုဂိုဒေါင်ကို ဖောက်ထွင်းရာ သူ့အဖော် နှစ်ယောက် အဖမ်းခံရပြီး သူကတော့ ရိုးမတောင်ပေါ်ရွာမှာ သွားရောက်ခိုအောင်းနေရပါတော့၏။ သည်ကတည်းက သူသည် တစ်ကိုယ်တော် ဖောက်ထွင်းဝိဇ္ဇာ ဖြစ်နေရပါတော့၏။

မိုးဦးအကျစောသော ကာလက သူရန်ကုန်ကိုဆင်းလာခဲ့သည်။ တစ်မိုးတွင်းလုံး စားသောက်နေထိုင်ရန်အတွက် ငွေကြေးကိုရှာရန်အတွက် ဖြစ်၏။ သူ့လို ဒုစရိုက်သားအဖို့ကတော့ ငွေကြေးကိုစွဲဟူသည်မှာ ထောင်ကြိုးတန်းလျှောက်ကစားခြင်းဖြစ်ပါ၏။

မိုးက တဖွဲဖွဲ ရွာစွေနေသည်။ ညသည် အရှေ့ဦးဆီသို့ ရွေ့ရှားနေပါသည်။ ဈေးသည်များ စတင်လှုပ်ရှားနေပါပြီ။ မိုးကတစိမ့်စိမ့်နှင့် အရှေ့ဘက် ရောက်တော့မှာမို့ အိမ်သားများ စိတ်ချလက်ချ အိပ်မောကျနေကြတော့သည်။ ဒါတွေကို လေးငါးရက်ကြာမျှ လေ့လာထားသော ထွန်းကျော်က အခွင့်ကောင်းယူကာ ဖောက်ထွင်းခဲ့သည်။

အားလုံးပြီးစီးကုန်တော့ ကြံ့ရာကားနှင့် ထောက်ကြန့်ဘက် ထွက်လာသည်။ ပြီးတော့ ရခိုင်ဘက်သွားမည့် ခရီးသည်ဟင်ကားနှင့် လိုက်လာခဲ့သည်။ ကားက ပြည်အထိရောက်မှာဆိုတော့ ဘာဖြစ်လဲ ရန်ကုန်မြေနှင့် ဝေးဖို့ရာက အဓိကပါပဲ။ ပြည်ရောက်မှ ကားပြန်ပြောင်းစီးလည်း ရတာပဲ။ အလုပ်ကိစ္စနှင့် လာတာကြောင့် သိပ်ကြာကြာ ရန်ကုန်မှာ မနေပါ။ ပြီးတာနှင့် ခြေရာ ပြန်ဖျောက်ပြန်တော့၏။ အများစုက သူဖြစ်လိမ့်မည်ဟု မထင်ကြပါ။ သူကလည်း ရန်ကုန်မှာမှ မရှိတာကိုး . . .။

တစ်မိုးတွင်းလုံး ချင်းရွာကလေးမှာပင် နေထိုင်ခဲ့သည်။ မိုးလေကုန်ဆုံးပြီး မြောက်ပြန်လေ ကစားသည့်ကာလရောက်မှ သူရွှေစက်တော်ဘုရားပွဲဆီသို့ ခြေဦးလှည့်လာတော့သည်။ ဦးစွာ မင်းဘူးဈေးထဲသို့ သွားမည်။ ဘုရားဖူးဟန်ဆောင်ပြီး သူရန်ကုန်က ဖောက်ထွင်းယူလာသော လက်စွပ်ကွင်းလေး၊ ဟမ်းချိန်းကြိုးလေးကို တို့ကိတို့ကိ ရောင်းလိုက်မည်။ အများကတော့ ဘုရားဖူးရင်း ငွေပြတ်သွားခြင်းကြောင့် ထုခွဲသည်ဟု ထင်ပါလိမ့်မည်။

ထို့နောက် ရွှေစက်တော်ဘုရားပွဲသို့ ကာလရှည်လျားစွာ သွားနေပါတော့သည်။ သူ့အတွက် တည်းခိုစရာတွေက အပေါ်သားဖြစ်သည်။ ဘုရားတောင်ခြေကို ကွေ့ပတ်ရစ်စီးနေသော မန်းချောင်းတစ်ဖက်ကမ်းတွင် တဲတွေအများကြီး ရှိသည်။ သည်တဲတွေက ခုလိုရေနည်းချိန် သောင်ထွန်းနေသော ကာလမှာပင် ရှိကြသည်။ ပြီးတော့ သည်လိုတဲမှာနေရင်းနှင့် ဘုရားပွဲတွင် ရောင်းချသော မုန့်များ အမျိုးစုံကို လုပ်ရောင်းလေ့ရှိကြသည်။ သူ့အဖို့ ငွေကြေးအနည်းငယ် ထောက်ပံ့လိုက်ရုံနှင့် ကောင်းစွာပေါင်းဖော်နေရတတ်သည်။ ဤနည်းအတိုင်း သူရိုးမပျော်ဘဝကို အသုံးချနေလေ့ရှိပါသည်။

သူသည် တစ်နှစ်လျှင် ရွှေစက်တော်၌ နှစ်ကြိမ် သုံးကြိမ်မြောက် အလုပ်ဖြစ်သည်။ သူသည် တာဝန်ရှိသူများ မျက်လုံးဒေါက်ထောက်ကြည့်ရသည်အထိ အလုပ်မလုပ်တတ်ပါ။ မပိုင်လျှင် ခြင်တောင်မရိုက်ဘူးဆိုသည့် စကားအတိုင်း ပိုင်မှ သေချာမှ လုပ်တတ်သည်။ တစ်ခုကောင်းတာက တစ်ကိုယ်တော် သမားမို့ ဘယ်သူ့ဘယ်ဝါကိုမှ ထောက်ထားညှာတာစရာ မလိုခဲ့ခြင်းပင်ဖြစ်၏။

တစ်နှစ်မှာတော့ သူမြောက်ဦးကျလာတွင်း နေထိုင်ခဲ့စဉ်က သိကျွမ်းခဲ့ဖူးသော အိုက်ယီဆိုသူကို တွေ့ရှိရလိုက်သည်။ ဒီအကောင်က ထိုစဉ်အခါက ဆင်းရဲတာမှ အတော့်ကို ဆင်းရဲပါ၏။ မိဘကလည်း သူငယ်စဉ်ကတည်းက ကွယ်လွန်သွားခဲ့သည်။ ရန်ကုန်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကလာရှိ ဦးလေးတော်သူထံမှာ နေရသည်။ ဦးလေးကတော်ရှာပေမင့် သူ့မိန်းမက သူ့အပေါ် တစ်စက်ကလေးမှ မကောင်းပါ။ နေရာတကာမှာ အပြစ်ရှာတတ်၏။ သူ့ခမျှာ ပညာမတတ်ရှာ၍ ရရာကျပန်းအလုပ်လုပ်ရင်း ရရှိလာသော ငွေကြေးများကို တစ်ပြားတစ်ချပ်မှ မကျန်အောင် အဒေါ်ထံ အပ်ရသည်။ သုံးဖို့စွဲဖို့ ဆေးလိပ်ဖိုးတောင် မပေးတာကြောင့် ထွန်းကျော်တို့ကပင် ပေးကမ်းကျွေးမွေးနေရသည်။

အိုက်ယီနှင့်သူ ကွဲကွာသွားသည်မှာ လေးငါးနှစ်လောက် ရှိပါပြီ။ သူလည်း ရန်ကုန်မြေမှ ဝေးကွာနေသည်မှာ ကြာပြီဖြစ်သောကြောင့် အိုက်ယီတစ်ယောက် ဘယ်ရောက်လို့ ဘယ်ပေါက်နေသည်ကို မသိရတော့ပါ။ ထူးခြားတာက အိုက်ယီသည် တစ်မူထူးခြားစွာ ပြောင်းလဲနေခြင်း ဖြစ်သည်။ ကုပ်ထောက်ဆံပင်ရှည်ရှည်နှင့် အကောင်းစားရောင်မျက်မှန်ကို တပ်ထားသည်။ ပါးစပ်နှင့်မပြတ်အောင် ငါးသုံးလုံးစီးကရက်ကိုလည်း တအားဖွာနေသည် ထင်ပါသည်။ လက်ညှိုးနှင့် လက်ခလယ်တွေမှာ ဆေးလိပ်မီးခိုးတွေကြောင့် ဝါထိန်၍နေပါသည်။ ကမ္ဘာ့အကောင်းဆုံးစာရင်းဝင် ဖစ်ပိုမီးခြစ်ကိုလည်း ဆောင်ထားသေးသည်။ နို့သာရောင် စပို့ရှပ်နှင့် သားရေအစစ်ဂျာကင်ဂျင်းဘောင်းဘီတို့ကိုလည်း စတိုင်ကျကျ ရှူးဖိနပ်ကို လှလှပပစီးထားသေးသည်။ အကောင်းစား ကုလားအုတ်တံဆိပ် ဖိနပ်ဟု ထင်လိုက်ပါ၏။ ထုထည်နှင့် ကြီးအားသော ဟန်းချိန်းကလည်း ဝင်းဝါလို့။

တကယ့်ကို ထူးထူးခြားခြားပြောင်းလဲလာသည့် အိုက်ယီဖြစ်ပါ၏။ သူသာ မဟုတ်သေးပါ။ သူနှင့်အတူ ပါလာသော လူနှစ်ယောက်ကလည်း သူ့နှယ်ပင် ဝတ်စားထားပါ၏။ ထို့နောက် အိုက်ယီသည် သူ့အား စားသောက်ဆိုင်တစ်ခုအတွင်းသို့ ခေါ်သွားပါတော့သည်။ မန်းချောင်းတစ်လျှောက် နေရာပြင်ကျယ်သည် ခုတော့ စားသောက်ဆိုင်ကြီးတွေ၊ တဲကျောင်းကြီးတွေနှင့် ပြည့်ကျပ်နေပါပြီ။

"ဒါနဲ့ နေပါဦး ထွန်းကျော်။ မင်းအလုပ်က ..."

"ရဲနှင့် လိုက်တမ်းပြေးတမ်း ကစားနေတုန်းပေါ့ကွာ။ ဒါနဲ့ မင်းကော ရန်ကုန်မှာပဲလား ..."

"ငါ့ဦးလေး ဆုံးပြီးကတည်းက ငါလည်း ရှမ်းပြည်ပြန်ခဲ့တာ ကြာပြီလေ ။ ဟောဒါက ငါ့ရဲ့လုပ်ဖော်ကိုင်ဘက်တွေလေ"

အိုက်ယီက သူ့လူနှစ်ယောက်နှင့် မိတ်ဆက်ပေးလိုက်သည်။ တစ်ခဏအတွင်းမှာပင် ရင်းနှီးသွားတော့၏။

"အိုက်ယီ မင်းကိုကြည့်ရတာ ခွင်ကောင်းကောင်း မိထားတယ်ထင်တယ်"

"ဟုတ်တယ်။ မင်းလိုတော့ ပမွှားခွင်တော့မဟုတ်ဘူး။ တကယ့် မီလျံနာခွင်ကွ။ ဘာလဲ ... အားကျနေလား။ မင်းလိုလက်စလက်န၊ ခြေစွမ်းခြေစ ရှိသူဆိုလျှင် ငါတို့ဆရာကြီးကလည်း သဘောကျမှာပါ ..."

သည်စကား တစ်ခွန်းတည်းနှင့်ပင်လျှင် ထွန်းကျော်သည် အိုက်ယီတို့အပြန်တွင် ရှမ်းပြည်နယ်သို့ အတူတက်လာကြတော့သည်။ မရောက်ဖူး၊ မမြင်ဖူးသော ဒေသဖြစ်နေ၍ သူ့အတွက် တစ်မျိုးတစ်ဖုံ စိတ်ချမ်းသာနေပါ၏။ အထူးသဖြင့် မတွေ့ဖူး၊ မမြင်ဖူးသော မျက်နှာစိမ်းတွေကြောင့် သူပိုစိတ်ချမ်းသာရပါ၏။ အကယ်၍ တစ်စုံတစ်ဦးက မျက်နှာသိများဖြစ်နေလျှင် သူလိုရာဇဝတ်မှုနှင့် မကင်းသူအဖို့မှာတော့ ကျောမလုံစရာ၊ လိပ်ပြာမသန့်စရာ ဖြစ်စရာအကြောင်း ရှိပါသည်။

"ဟောသည့် ခေါင်းပုံရှင်ကိုတော့ သတိထားပါ။ ငါတို့ကို ခုက္ခပေးဖို့ ရောက်လာတဲ့ မူးယစ်နှိမ်နင်းရေးအဖွဲ့ထဲကပဲ"

အိုက်ယီက သူ့ကိုဓာတ်ပုံတစ်ပုံပြကာ သတိပေးစကား ပြောကြားနေပါ၏။ အိုက်ယီသည် သူ့ဆရာကြီးအား အမျိုးမျိုး အာမခံချက်၊ အမျိုးမျိုးသော ထောက်ခံချက်များနှင့်အတူ ထွန်းကျော်အား အဖွဲ့သားအဖြစ်လက်ခံပါရန် တင်ပြတောင်းဆိုခဲ့၏။ ဆရာကြီးကလည်း အိုက်ယီကို လက်ကတုံးတောင်ဝေ့သဖွယ် အားကိုးခြင်းကြောင့် သူ့အား လွယ်လင့်တကူ လက်ခံလိုက်၏။ အဖွဲ့သားအဖြစ် လက်ခံလိုက်သည်။ ပြီးတော့ အသေးသုံးငွေ ငါးသိန်းလောက်ကိုလည်း ချီးမြှင့်လိုက်သေး၏။

"ဒုရဲအုပ် တင်မောင်ဦးတဲ့။ အဓိကတော့ သူ့ကိုရှောင်ဖို့ပဲ ..."

အိုက်ယီတို့ စတည်းချနေထိုင်တာကတော့ နမ့်ဖတ်တာတွင် ဖြစ်၏။ သည်ရွာကတော့ ရွာကြီးတစ်ရွာဟု ခေါ်ဆိုရမည်ဖြစ်သည်။ ကွတ်ခိုင်နှင့် မူဆယ်ကြားတွင်ရှိသော ရွာဖြစ်သည်။ မြန်မာပြည် တစ်နံတစ်လျား သွားလာနေကြသော ကုန်တင်ကားကြီးများ ခရီးသည်တင်ကားကြီးများ စုပေါင်းနားခိုရာ နေရာလည်းဖြစ်သည်။ ပြီးသည်နေရာက နယ်စပ်နှင့်မနီးလည်း မနီးလွန်း။ မဝေးလည်းမဝေးလွန်းခြင်းကြောင့် သွားရေးလာရေး လွယ်ကူသည့် နေရာဖြစ်သည်။

ထွန်းကျော်သည် ကုန်တင်ကားတစ်စီးနှင့် နမ့်ဖတ်တာမှ သန်းခေါင်လောက်တွင် ထွက်ခဲ့သည်။ ခရီးလမ်းလည်းမကျွမ်း။ လုပ်ငန်းလည်း မကျွမ်းသေးသော သူ့အဖို့ အိုက်ယီက ဆရာဖြစ်နေပါတော့၏။ အိုက်ယီပြောသမျှဆိုသမျှ နာခံကာ ခိုင်းသမျှကို လုပ်နေရပါ၏။ အိုက်ယီကလည်း သူ့ဆရာကြီးညွှန်ကြား

www.burmeseclassic.com

www.burmeseclassic.com

ထားသည့်အတိုင်းကို အကောင်အထည် ဖော်နေရ၍ ယခုကဲ့သို့ စိမ့်ညွှန်ကြားနေရ ခြင်းဖြစ်၏။

နှစ်ခေါက်၊ သုံးခေါက်လောက် ရောက်တော့ သည့်နယ်မြေအထာကို တီးမိခေါက်မိသလို ရှိလာတော့၏။ ဦးစွာ ကားကြီးနှင့် ကုန်တွေတင်လာမည်။ ကုန်တွေထားရာ အောက်တွင်တော့ အံ ဝှက်တွေ ရှိသည်။ ထိုအံဝှက်များအတွင်း မှာတော့ တစ်ဖက်နိုင်ငံကို ပေးပို့ရမည့် မူးယစ်ဆေးဝါးများရှိသည်။ ဤဆေးဝါး များကို ရွှေလီမြစ်ကမ်းနားအထိ ရောက် အောင် ပို့ပေးရသည်။ ထိုနေရာတွင် ပစ္စည်းသယ်ယူပေးမည့် အဖွဲ့သားများ စောင့်ကြိုနေသည်။ သူတို့က ဆိပ်ကမ်း တွင် ဆိုက်ကပ်ထားသော စက်တပ်မော် တော်ပေါ် တင်ပေးလိုက်မည်။ ဒီလုပ်ငန်း အဆင့်ထိပြီးလျှင် အောင်မြင်ပြီ ဖြစ်ပါ တော့သည်။

ယာဉ်လမ်းကြောင်းကလည်း ၁၀၅ မိုင်အထိ ဆက်သွား၍ မဖြစ်နိုင်ပါ။ ထို ၁၀၅ မိုင် ဂိတ်စခန်းသည် ငါးနာရီနောက် ပိုင်းမှ ဂိတ်ဖွင့်တာကတစ်ကြောင်း၊ အစစ် ဆေးအမေးမြန်း အထူပြောဆုံး နေရာ ဖြစ်နေတာက တစ်ကြောင်းကြောင့် ၁၀၅ မိုင် ဂိတ်စခန်းမရောက်မီ ရွှေသမင်တောင် ကြော နောက်ဘက်မှ ပန်းထွက်ကာ ရွှေလီကမ်းနားအရောက် သွားမှသာ လုံ ခြုံစိတ်ချရမည် ဖြစ်သည်။

အပြန်မှာတော့ အသင့်စောင့်ကြို နေသော လေအေးစက်တပ်ထားသော ခေတ်မီဇိမ်ခံကားကလေးနှင့် ကြယ်ခေါင် ကိုဖြတ်၊ မူဆယ်မြို့ကိုပတ်ပြီး ပြန်လာရုံ ပင်ဖြစ်၏။ ဤသို့ လုပ်ငန်းတွေ ချောချော မွေ့မွေ့ အောင်မြင်သွားပါက သူ့အိတ်ကပ် ထဲသို့ မြောက်မြားစွာသော ထောင်တန် အုပ်တွေ လိမ့်ပြီးဝင်လာတော့၏။ ထို့ ကြောင့်လည်း ဤဒေသသို့ရောက်ပြီး တစ်နှစ်တာ ကာလအတွင်းမှာပင် ထွန်း ကျော်၏ နေမှုထိုင်မှု၊ ဝတ်မှုစားမှုသည် အစစအရာရာ ပြောင်းလဲခဲ့ပါတော့၏။

ထွန်းကျော်ကိုလည်း ဆရာကြီး လုပ်သူက ယုံကြည်စိတ်ချစွာဖြင့် တာဝန် ပေးအပ်သည့် အဆင့်သို့ ရောက်လာပြီ ဖြစ်၏။ အိုက်ယီကဲ့သို့ အားထားရသူအ ဖြစ် လက်ခံထား၏။ အိုက်ယီနှင့် ထွန်း ကျော်ကို တစ်နေရာစီခွဲပြီး ခေါင်းဆောင် စေလေတော့သည်။

ကနေ့တော့ ထွန်းကျော်အား အထူးတာဝန်တစ်ရပ် ပေးအပ်ထားပါ သည်။ သည်လမ်း သည်ခရီးကိုတော့ ကျွမ်းပြီးသား ဖြစ်၏။ အထူးတာဝန်ဟု ဆိုရခြင်းမှာ ကနေ့တင်ပေးလိုက်သည့် ပစ္စည်းများမှာ အရေအတွက်ကလည်း များ၊ တန်ဘိုးကလည်းကြီး၊ ပြီးတော့ ရှေ့ပတ္တမြား ရှေ့နဂါးဆိုသည့် ပစ္စည်း ပေးပြီးသည်နှင့် ငွေချေရမည်။ ပို့သူတို့ ဘက်မှ ဖုံးမကျရလေအောင် သတိထားရ မည်ဖြစ်၏။

ပြီးတော့ ဤတစ်ခါတော့ တော လမ်းခရီးကို အသုံးပြုရမည် ဖြစ်သည်။ သွားရမည့် ခရီးစဉ်က ၁၀၅ မိုင်ဂိတ် အထိ သူတို့သည် ကားဖြင့်သွားရမည်။ ၁၀၅ မိုင်ဂိတ်ဟု ဆိုပါသော်လည်း ဂိတ် အဆုံးသို့ သွားရမည်မဟုတ်ပါ။ ဂိတ်သို့ မရောက်မီ ညာဘက်လမ်းအတိုင်း ကား ကို မောင်းလို့ရသည်အထိ မောင်းဝင် သွားရပါမည်။ မော်တော်ကား မောင်းနှင် လို့ မရတော့သည်အထိ လမ်းအခြေ အနေဆိုးပါက ရပ်တန့်လိုက်ပြီး လားဖြင့် တောကိုဖြတ်၊ တောင်ကိုပတ်ကာ သွား ရမည်။ ထိုခရီးသည် မုန်းယူးအထိ ရှည်ပါ သည်။ မုန်းယူးကနေပြီး ပန်ဆိုင်း (ကြူ ကုတ်)ကို ဆက်သွားရပါမည်။ ကြူကုတ် (ပန်ဆိုင်း)ကိုရောက်လျှင် ရွှေလီမြစ်ကို ကောက်ကွေ့စွာဖြင့် တွေ့ရမည် ဖြစ် သည်။ မြစ်တစ်ဖက်ကမ်းမှာ ဝမ်တိန်မြို့ ကလေးရှိသည်။ သည်ဘက်မှာတော့ ပန် ဆိုင်းမြို့ ရှိသည်။ တစ်ဘက်ကမ်းမှ လေစံ တို့အုပ်စုက သည်ဘက်ကမ်း အခြေ အနေကို စောင့်ကြည့်နေမည်။ အခြေ အနေကောင်းပါက ဆက်ပြီးကူးလာကြ မည်။ နံနက်နှစ်နာရီမှာ ဆုံကြမည်ဖြစ် သည်။

ထွန်းကျော်တို့အုပ်စုသည် ညကိုး နာရီလောက်ကတည်းက နမ့်ဖက်တာမှ ထွက်လာသည်။ နံနက် တစ်နာရီခွဲ လောက်တွင် သတ်မှတ်ထားသော ပန် ဆိုင်းဘက်ကမ်းခြေရှိ ရွှေလီကမ်းနဘေး သို့ ရောက်ရှိလာခဲ့သည်။ ဟိုမှာဘက် ကမ်းကို ကြည့်လိုက်တော့ ဘာမှမမြင် ရပါ။ ပိတ်ဆို့နေသော မြူများကြောင့်၊ နှင်းမှုန်များကြောင့်လည်း မဟုတ်ပါ။ သတ်မှတ်ထားတာက နှစ်နာရီဆိုတော့၊ နာရီဝက်လောက်အချိန်က စောနေသေး သည်။ ထိုသို့ စောနေခြင်းကြောင့် ဟို ဘက်ကမ်းက လူရိပ်မပြလို သည် ဘက်ကလည်း ကိုယ်ရောင်မပြဖြစ်နေပါ ၏။ သည်လိုနှင့် နှစ်နာရီထိုးပါတော့ သည်။ ရှေ့ဦးစွာ ထွန်းကျော်တို့ဘက်က ပိုင့်လော့ လက်နှိပ်မီးကလေးနှင့် အချက် ပေးလိုက်သည်။ အကြောင်းပြန်ချက် တုံ့ မလာပါ။ ဒုတိယအကြိမ် အချက်ပေး သည်။ ဘာမှထူးမလာပါ။ တတိယ အကြိမ် အချက်ပေးတော့မှ ဟိုဘက်က အလင်းရောင်ဝါစ်ပွင့် ထွက်ပေါ်လာပါ သည်။ ထိုအလင်းရောင်နှင့်အတူ လှေ ကလေးတစ်စီးသည် နှင်းမှုန်ထုအကြားကို ထိုးဖောက်ကာ လှုပ်ရှားလာပါတော့၏။ ဤအခါမှ ထွန်းကျော်တစ်ယောက် ဟင်း ခနဲ သက်ပြင်းချနိုင်ပါတော့၏။

"ကဲ ... အိုက်ဖုံး၊ လားပေါ်က ပစ္စည်းတွေ မြေပေါ်ချထားတော့"

လားကယ်ရီသမား အိုက်ဖုံးတို

www.burmeseclassic.com

www.burmeseclassic.com

ထွန်းကျော်က ပြောလိုက်သည်။ အိုက်ဖုံးတို့အဖွဲ့က လားနှစ်ကောင်ဖြင့် မနေ့ညကတည်းက လာစောင့်နေကြသည်။ လောစံတို့အုပ်စု ရောက်လာတော့ ပစ္စည်းတွေကို စစ်ဆေးသည်။ မှန်ကန်တိကျမှု ရှိပြီး ကျေနပ်ပြီဆိုတော့မှ လောစံတို့အုပ်စုက အတက်ချိကော့စ်ကို ဖွင့်ပြလိုက်သည်။ တစ်ဘက်နိုင်ငံသုံး ငွေတွေ ဖြစ်သည်။ ပိတ်လိုက်သော အတက်ချိကော့စ်ကို မြေပြင်ပေါ်မှ ထွန်းကျော် ကောက်အယူတွင် –

" ထွန်းကျော် လက်ဖျားနဲ့တောင် မထိနဲ့"

အမိန့်ပေးသံက သူ့နောက်ကျောမှ ထွက်ပေါ်လာသည်။ ထိုအမိန့်ပေးသံကြောင့် ပစ္စည်းတွေကို ထမ်းယူတော့မည့် လောစံတို့ အုပ်စုကလည်း လက်ရှံ့သွားပါတော့၏။

"ဟေ့ကောင် . . . အိုက်ဖုံး"

ထွန်းကျော်က အိုက်ဖုံး သစ္စာဖောက်သွားသည်ဆိုတာ သိခြင်းကြောင့် လှည့်ကာ ဟောက်လိုက်မိ၏။ ထိုအခါ အိုက်ဖုံးက သူဝတ်ထားသော ဆံပင်ရှည်အတုကို ဆွဲချွတ်ပြလိုက်၏။ ပြီးတော့ သွားအတုတွေကိုလည်း ချွတ်ပြလိုက်၏။ ထိုရုပ်သွင်သည် နဂိုရုပ်သွင် ဖြစ်နေကာ လရောင်အောက်တွင် ထင်ထင်ရှားရှား တွေ့မြင်လိုက်တော့မှ

"ဟင် . . . ဒုရဲအုပ် တင်မောင်ဦး"

သူ့အာ[illegible]ကြာခဏ သတိပေးစကား ပြောကြားထားသော ဒုရဲအုပ် တင်မောင်ဦးပင် ဖြစ်သည်။ သူနှင်းထားတာက ကမ်းစပ်မြေ ဖြစ်ပါသည်။ ကမ်းစပ်သည် သဲအတိနှင့် ကမ်းစပ်ဖြစ်သည်။ ထိုသဲအတိ မြေပြင်ကို ဖိနပ်ဦးနှင့် ရုတ်တရက် ထိုးကော်လိုက်သည်။ ထိုးကော်လိုက်သည့် အရှိန်ကြောင့် သဲမှုန်တိုင်းတစ်ခု ဖြစ်ပေါ်ကာ ပတ်ဝန်းကျင်ဆီ လွင့်သွားပါတော့သည်။

အထူးသဖြင့် ရှေ့ရှုခြင်းခံရသူ တင်မောင်ဦးက အခံရဆုံး ဖြစ်သည်။ ထွန်းကျော် ယခုလို လျင်လျင်မြန်မြန်ကြီး တိုက်ခိုက်လိမ့်မည်ဟု သူမျှော်လင့်မထားပါ။ ထွန်းကျော်က လျင်မြန်သည်။ ပါးနပ်မှုရှိသည်ဆိုတာကိုတော့ သူ့သူငယ်ချင်း ကျောင်းဆင်းဘက် ဒုရဲအုပ်ကိုမောင်ရွှေက သတိပေးထားဖူးပါသည်။ ခုလို သဲမှုန်တိုင်းငယ်တစ်ခု ပေါ်ပေါက်လာသည်ကို ကာကွယ်သည့်အနေနှင့် သူသည် မျက်စိမှိတ်ကာ လက်အကူအညီဖြင့် ကာကွယ်လိုက်စဉ်မှာပင် အခွင့်ကောင်းကို စောင့်နေသော ထွန်းကျော်က လျင်မြန်မှုကို အားကိုးကာ ထွက်ပြေးပါတော့၏။

ထို့အတူ လောစံတို့ လူစုနှင့်တကွ ထွန်းကျော်နှင့်အတူပါလာသော အဖွဲ့ဝင်တစ်ဦးကိုလည်း လှုပ်ရှားမှု လက်မဦးခင်မှာပင် ဒုရဲအုပ်တင်မောင်ဦးနှင့်အတူ ပါလာသူ ဆရာတစ်ဦးက ဖမ်းဆီးနိုင်ခဲ့ပါ၏။

စင်စစ် အိုက်ဖုံတို့လူစုသည် မနေ့ကတည်းက လားနှစ်ကောင် လူနှစ်ယောက်တို့ဖြင့် ကြိုတင်စောင့်ဆိုင်းနေသည်မှာလည်း အမှန်ပင် ဖြစ်သည်။ သို့သော် ထွန်းကျော်တို့အဖွဲ့က ရောက်မလာမီ နာရီပိုင်းအတွင်းမှာပင် သူတို့အား ဒုရဲအုပ်တင်မောင်ဦးနှင့် အဖွဲ့သားများက ထိန်းသိမ်းထားလိုက်သည်။ ပြီးတော့ နေရာချင်း လဲလိုက်ပါတော့၏။

ထွန်းကျော်သည် ရှမ်းပြည်နယ်မှ ထွက်ပြေးလာခဲ့သည်။ လောစံတို့ပါအဖမ်းခံရသည်ဆိုတော့ သူ့ကိုလည်း လောစံတို့ခြမ်းက ရဲအဖွဲ့တွေ သိမည်ဖြစ်ပါ၏။ ဒါကြောင့် ပြည်မဘက်ကို ထွက်ပြေးလာခဲ့သည်။ သူ့အတွက် ဘုမိနက်သန်နေရာ မှန်ကား ရိုးမတောင်ပေါ်ရှိ ချင်းရွာကလေး ဖြစ်ပါ၏။ ချင်းရွာကလေးတွင် တစ်လလောက် နားနားနေနေနေပြီး ရွှေစက်တော်ဘုရားပွဲတော်သို့ ဆင်းလာခဲ့သည်။ ထိုဘုရားပွဲတော်တွင် သူ့ဘာမှ မလှုပ်ရှားပါ။ သူ့လို ဒုစရိုက်ဂိုဏ်းသားများနှင့် ဆုံပါသော်လည်း လက်ခါခေါင်းခါနှင့် ရှောင်နေပါတော့၏။

နှစ်လလောက်ကြာတော့ ဘုရားပွဲတော်သို့ ရောက်ရှိလာသော ဂျာနယ်များမှ ရှမ်းပြည်နယ်မှ သူ့လုပ်ဖော်ကိုင်ဘက်များ၏ သတင်းကိုတွေ့ရှိရပါတော့သည်။ အိုက်ယီနှင့်တကွ သူ့ဆရာကြီးများ အပေါင်းအဖော်အားလုံး မူးယစ်အဖွဲ့က ဖမ်းဆီးထားပြီဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦးဖြစ်သူ ထွန်းကျော်က လွတ်မြောက်နေဆဲဖြစ်ကြောင်း သတင်းများ ပါရှိလေခဲ့သည်။

နောက်သတင်းဆိုး တစ်ခုကတော့ မူးယစ်အဖွဲ့စီးနင်းလာသော မော်တော်ယာဉ်ကို လက်နက်ကိုင် မူးယစ်ဆေးဂိုဏ်းမှ တိုက်ခိုက်ရာ ဒုရဲအုပ်တင်မောင်ဦး ကျဆုံးသွားကြောင်း သတင်းကိုပါ ကြားသိရသည်။

ထို့ပြင် ဘုရားပွဲအဖွဲ့နှင့်အတူ ရောပါလာသော ဒုစရိုက်ဂိုဏ်းသား တစ်ယောက်က ဒုရဲအုပ်ကိုမောင်ရွှေတစ်ယောက် ရန်ကုန်တွင် မရှိတော့ကြောင်း။ ပြည်နယ်တစ်ခုသို့ ပြောင်းရွှေ့သွားကြောင်းကို ပြောပါသေး၏။

သူ့အဖို့ တစ်ရန်တော့ အေးပြီဟု မှတ်ယူကာ ရန်ကုန်မြို့ဆင်းလာလေ၏။ ရန်ကုန်မှာလည်း ကြာကြာမနေလိုက်ရပါ။ ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးအမှုသည် အရှိန်လျော့ပါးသွားခြင်း မရှိသေးပါ။ အဓိကအားဖြင့် သူ့ကို အလိုရှိနေဆဲ ဖြစ်၏။ ရဲစခန်းတိုင်းကိုလည်း သူ့ကိုဖမ်းပေးဖို့ အကြောင်းကြားထား၏။ ထို့ကြောင့် တစ်နေရာသို့ ထွက်ပြေးရပါဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

နောက်ဆုံးတော့ ထွန်းကျော်တစ်ယောက် အိန္ဒရာဇာရွာကလေးရှိ နန်းသီဂီတို့အိမ်မှာ တည်းခိုခွင့် ရသွားပါလေတော့၏။ ထွန်းကျော်သည် ဖထီးကြီးနှင့်အတူ ခြံအလုပ်လုပ်ပေးသည်။ ရာသီစာသီးနှံပင်များ စိုက်ပျိုးပေးသည်။ ခြေလက်ပေါ့ပါးပြီး အမြင်မတော်လျှင် ထလုပ်ပေးတတ်သော ထွန်းကျော်ကိုလည်း ဖထီးက သဘောကျသည်။ နေ့လည် တစ်နေ့လယ်ခင်းမှာတော့ နန်းသီဂီ အိမ်မှာရှိမနေပါ။ နံနက်ကတည်းက စက်ဘီးနှင့် ကျောင်းသွားပြီ ဖြစ်၏။

ထို့ကြောင့် နေ့လယ်နေ့ခင်းဆိုလျှင် ဖထီးကြီးနှင့် ရေနွေးကြမ်းသောက်လိုက်၊ ထွေရာလေးပါးပြောလိုက်နှင့် ရောက်တတ်ရာရာ စကားပြောနေတတ်၏။ အမိုးကတော့ သူစိတ်လက်ကြည်သာလျှင် စကားတွေ ဝင်ရော၏။ ကွယ်လွန်သူ ဖိုးခွားကို သတိရပါက ထောင့်တစ်နေရာရာမှာ ငိုင်ပြီးနေလေ့ရှိသည်။

ဤဒေသကို ထွန်းကျော် ရောက်ရှိသည်မှာ တစ်လလောက်ရှိနေပါပြီ။ အချိန်အားရလျှင် ရွာရိုးကိုးပေါက်လျှောက်သွားတတ်သည်။ ရွာခံလူတချို့နှင့်လည်း ခင်မင်ရင်းနှီးခဲ့ပါသည်။ အများအားဖြင့် သူတို့သည် မော်တော်ဆိုင်ကယ် ကယ်ရီသမားများ ဖြစ်ကြသည်။ သူတို့ထံမှ ဆိုင်ကယ်ကို ခေတ္တငှားကာ မောင်းနှင်စီးလေ့ရှိပါသည်။ သူအမြဲတမ်းသွားလေ့ရှိသည့် နေရာကတော့ ရွာဦးစေတီဖြစ်သည်။ တောဘုရားမို့ ထုံးသင်္ကန်းဖွေးဖွေးကိုသာ ကြည်ညိုခွင့် ရပါသည်။

နေရာတကာကို စေ့စေ့စပ်စပ် သိချင်သည့်၊ မြင်ချင်သည့် ဆန္ဒသည် သူ၏မွေးရာပါသဘောဟု ဆိုရမည် ဖြစ်သည်။ သူအသိချင်ဆုံးက အိမ်နံရံမှာ ချိတ်ထားနှင့်သော ဒူးလေးနှင့် မြားကျည်တောက်ဖြစ်ပါသည်။ ဒူးလေးကတော့ ကရင်လူမျိုးများ အများဆုံး သုံးလေ့ရှိကြသည်။ ဤဒူးလေးသည် မသုံးတာကြာပေမင့် အကောင်းပကတိအတိုင်း ရှိနေပါသေးသည်။ ရုံဖန်ရံခါ နန်းသီဂီသည်ပင်လျှင် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်ရင်း ပစ်တတ်သေးသည်။ ထိုဒူးလေးနှင့်ပတ်သက်ပြီး ဖထီးကြီးကို မေးဖူးပါ၏။ ထိုမှတစ်ဆက်တည်း ကလေးဦးခေါင်းဟု ဆိုရမည်ဖြစ်သော အရိုးခေါင်းကလေးလေးငါးခုကိုလည်း စိတ်ဝင်စားခဲ့သေး၏။

"အေး . . . ငါလား။ ဟိုတုန်းကကံပေါက် သတ္တုတွင်းမှာ လုပ်တယ်ဝေ့၊ အဲဒီတောထဲမှာ သားကောင်တွေ ပေါမှပေါပဲ၊ မျောက်တွေဆို အားကြီးများပေါ့။ ငါကလည်း တောလိုက်ဝါသနာပါတာမို့ အားချိန်မှာ တောချည်းလိုက်နေတယ်။ ငါသွားရင်း ချေ(ဂျီ)တို့၊ ဆတ်တို့၊ တောဝက်တို့ ရမြဲပဲ၊ မရဘူးဆိုရင် မျောက်တစ်ကောင်တော့ ရတာပဲ။ ဟိုမှာ ခေါင်းရိုးတွေက မျောက်ခေါင်းခွံတွေလေ။ မသိရင်တော့ ကလေးခေါင်းခွံလို့ထင်မှာပဲ"

သူသည် မုဆိုးအလုပ်နှင့် အကျိုးပေးကြောင်း။ တောလိုက်ရာမှာ သူတို့ရိုးရာအစဉ်အဆက် ဓလေ့ထုံးစံအတိုင်း ဒူးလေးကိုသာသုံးကြောင်း၊ သူ့သားနှင့် သမီးကိုလည်း သင်ထားပေးကြောင်း။ သမီးဖြစ်သူ နန်းသီဂီဆိုလျှင် ပျံနေသော ငှက်ကိုပင် မှန်အောင်ပစ်ခတ်နိုင်သည်အထိ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ကြောင်း။ ထွေထွေရာရာ ပြောတတ်ပါသေး၏။ သူပင်စင်ယူပြီးသည့်နောက်ပိုင်း သူ့ဇာတိချက်မြှုပ်ရာ အိန္ဒရာဇာသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

တစ်ရက်မှာတော့ နန်းသီဂီသည် ကျောင်းမှ ရွှင်လန်းဝမ်းမြောက်စွာနှင့် ပြန်လာခဲ့သည်။ ပြီးတော့ သူ့ဖခင်ကြီးအား စာတစ်စောင်ကိုထုတ်ပြပြီး ကရင်လို ပြောပါတော့သည်။ သားအဖနှစ်ယောက်စလုံး၏ မျက်နှာက ချိုမြရွှင်ပျနေပါတော့သည်။ သူကတော့ ဘာဆိုဘာမှ မသိခဲ့ပါ။ ကရင်လို ပြောဆိုနေကြခြင်းကြောင့် ဖြစ်ပါသည်။ ဆိုလိုတာက ကရင်စကားမတတ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် သူ့အပေါင်းအ[illegible] ဆိုင်ကယ်ကယ်ရီသမားထံ ကရင်စ[illegible] အခြေအနေ သင်ကြားပေးပါရန် အ[illegible] အညီ တောင်းမိပါတော့၏။ သူ့အပေါင်း[illegible] အဖော်များကလည်း ပထမနေ့အဖြစ် လက်တွေ့အသုံးချရမည့် စကားတစ်ခွန်းကိုသာ သင်ကြားပေးလိုက်၏။ မြန်မာလို အဓိပ္ပာယ်မှာ မင်္ဂလာပါဟူ၍ ဖြစ်ပါ၏။ သည်စကားကတော့ ကမ္ဘာသုံး လူမှုဆက်ဆံရေးနယ်ပယ်မှာ အဓိကအရေးပါဆုံး လက်နက်ဖြစ်ပါ၏။

"ဝါ . . ဝါ . . အဲ . . ."

တစ်နေ့မှာတော့ ကျောင်းမှပြန်လာသော နန်းသီဂီအား ခြံအဝတွင် ဆုံမိခြင်းကြောင့် သူတတ်ထားသော ကရင်စကားဖြင့် နှုတ်ဆက်လိုက်သည်။ ကြားလိုက်ခါစမှာတော့ အတော်ပင် နားဝင်မှာ ကြမ်းတမ်းလှပါသည်ဟု ထင်မိပါသည်။ ပြန်စဉ်းစားကြည့်လိုက်တော့ သူကဧည့်သည်လည်းဖြစ်၊ တစ်စုံတစ်ဦးက ချောက်တွန်းလိုက်ခြင်းကြောင့် ဆန္ဒမပါဘဲ သဘောရိုးရိုးနှင့် ပြောလိုက်တာပဲဟု ယူဆလိုက်မိသည်။ သည်တော့ မျက်နှာကို အချိုသာဆုံးဖြစ်အောင် ပြုံးလိုက်ပြီး –

"ဒီမှာ ကိုထွန်းကျော် နားလည်လို့ ပြောတာလား။ ကျွန်မကတော့ နားမလည်ဘဲ ပြောတာလို့ မှတ်ယူလိုက်မယ်"

သာသာလေးနှက်ကာ ခပ်သွက်သွက်ထွက်ခွာသွားသော နန်းသီဂီကို ကြည့်ပြီး သူစိတ်မကောင်းဖြစ်ရပါ၏။ သူ့စကားသည် တကယ့်ကို နန်းသီဂီ လက်မခံလိုသော စကားဖြစ်သည်ကို သိခြင်း

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သူ့အပေါင်းအဖော်များကို ပြန်ပြောပြလိုက်မိ၏။ ထိုအခါ အပေါင်းအဖော်များက ဟားတိုက်ကာရယ်မောရင်း တကယ့်အစစ်အမှန် အဖြေစကားကို ပြောကြားလိုက်၏။ ထိုအဖြေစကားကြောင့် သူနန်းသီဂီအပေါ် အားတုံ့အားနာ ဖြစ်သွားလေတော့၏။ ဒါကြောင့် ပြန်တောင်းပန်ရတော့၏။

"ဟိုနေ့က စကားကြောင့်တောင်းပန်ပါတယ် နန်း ..."

"အဲဒီနေ့က တစ်ခါတည်းပြောပြီးပြီလေ။ ကိုထွန်းကျော် တကယ်ပဲ နားမလည်ဘဲ ပြောတဲ့စကားလို့။ ဒါနဲ့ ကိုထွန်းကျော်ရဲ့ ဘဝရှေ့ခရီးက ဘယ်လိုလဲ"

"ကျွန်တော် ကျောင်းအထိ သွားဖို့ လုပ်နေပါတယ်။ နောက်အပတ်ဆို ထားဝယ်မြစ်ကနေ စက်လှေတစ်စီးနဲ့ လိုက်သွားမယ်။ ဟိုဘက်ကမ်းမှာ အလုပ်သွားလုပ်ပါ့မယ်။ အဲဒီတော့မှ နန်းတို့ ကျေးဇူးကို ဆပ်ပါ့မယ်"

"ကျေးဇူးတုံ့ပြန်ချင်လို့ဆိုတဲ့ စကားကို မပြောပါနဲ့။ လူလူချင်း ရိုင်းပင်းကူညီတဲ့ သဘောပါ"

"တကယ်လို့ ကျွန်တော် သုံးလေးနှစ်အကြာ ပြန်ရောက်လာလို့ အဲဒီဝါဝါအဲဆိုတဲ့ စကားကို နားလည်သူတစ်ယောက်အနေနဲ့ ပြောကြားရင်ကော လက်ခံမှာလား နန်း"

"အရာရာနောက်ကျနေပြီ ကိုထွန်းကျော်။ ဟိုနေ့က စာတစ်စောင်ကိုကိုင်ပြီး ဖထီးနဲ့ပြောနေကြတာကို တွေ့တယ် မဟုတ်လား။ အဲဒါ မောင့်ဆီက စာပဲ။ မောင်က နန်းနဲ့ လက်ထပ်ဖို့ လာမှာတဲ့"

နန်းသီဂီက စကားစကိုဖြတ်ကာ ထွက်သွားတော့၏။ သူ့မှာသာ အတွေးပေါင်း ထောင်သောင်းမက ကျန်နေတော့၏။ သူ့လို ရာဇဝတ်သား တစ်ယောက်က ဤကဲ့သို့ ပြစ်မျိုးမဲ့မထင်သော မိန်းမပျိုမလေးတစ်ဦးနှင့် ဂဟေဆက်နိုင်မှာလား။ ရွှေဆိုရွှေချင်း၊ ငွေဆိုငွေချင်းမှ ဂဟေဆက် လို့ရသည် မဟုတ်ပါလား။ သူ့လိုပေကျံနေသော လက်က ဖြူစင်သန့်ရှင်းသော ပိတ်စတစ်စကို ဘာကြောင့် ကိုင်တွယ်ရပါ့မလဲ။ လုံခြုံစိတ်ချမှုမရှိသော သူ့ရင်ခွင်တွင်းသို့ ဆွဲခေါ်မယူသင့်ပါဘူးလေ။ သူ့ကိုလွတ်လပ်စွာ ပျံသန်းနေသော ငှက်ကလေးအသွင် ရှင်သန်စွာ မွေးပျံ့နေသော ပန်းကလေးအသွင်အဖြစ်နှင့်သာ မြင်ချင်ပါသည်။

ပြီးတော့ သူမမြင်ဖူး၊ မတွေ့ဖူးသေးသော နန်းသီဂီ၏ မောင်ဆိုသူနှင့် သူတို့အဆင်ပြေမှုကိုလည်း မြင်ချင်ပါသေးသည်။ မောင်သည် ဖြူဖြူလား၊ ချောချောလားတော့ မသိပါ။ သူသိတာ တစ်ခုတော့ ရှိပါသည်။ မောင်သည် တကယ့်လူကောင်းဖြစ်ပေလိမ့်မည်။ လူကောင်းဖြစ်တာမို့ သူသည် နန်းသီဂီကို "ချစ်ပါတယ်"လို့ ရဲရဲဝံ့ဝံ့ ပြောဆိုဖြစ်သည် ထင်ပါသည်။ သူ့လိုမျိုးတော့ သုံးလေး နှစ်ကြာမှတစ်ခါ "ဝါဝါအဲ"လို့ ပြန်ပြောဖြစ်မှာ မဟုတ်ပါ။

ကနေ့လည်း ထုံးစံအတိုင်း ရန်ကုန်မှလာသော ရထားကို ဘူတာရုံမှာ ဆိုင်ကယ် ကယ်ရီသမားများနှင့်အတူ ထိုင်စောင့်ရင်း စကားစမြည် ပြောနေပါတော့သည်။ ရထားပေါ်မှ ဆင်းလာသောသူများကို အကြိုအပို့ လုပ်ပေးနေသူများမှာ ဆိုင်ကယ် ကယ်ရီသမားများ ဖြစ်ပါသည်။

ရထားသည် သုံးနာရီလောက်ဆိုလျှင် ပုံမှန်ဆိုက်ကပ်လာပါတော့သည်။ ရထားဆိုက်သည်နှင့် ခရီးသည်များတိုးဆင်းကြသည်။ ထားဝယ်လမ်းပိုင်း သွားကြမည်။ ခရီးသည်များ နောက်တော့တက်ကြသည်။ သည်လိုနှင့် ထွန်းကျော်သည် ရထားပေါ်မှဆင်းလာသော ယောက်ျားသားတစ်ယောက်ကိုတွေ့လိုက်ရ၍ အံ့ဩနေမိပါ၏။ ထိုအတူ ရထားပေါ်မှ ဆင်းလာသောသူက ထွန်းကျော်ကို မမျှော်လင့်ဘဲ တွေ့လိုက်ခြင်းကြောင့် မင်သက်မိသလို ဖြစ်နေပါ၏။ နှစ်ဦးသား အငိုက်မိသလိုဖြစ်နေစဉ် ထွန်းကျော်က စတင်လှုပ်ရှားပါတော့၏။

သည့်အတွက်ကြောင့် နီးရာဆိုင်ကယ်တစ်စီးကို စက်နှိုးကာ ထွက်ပြေးလေတော့၏။ ထွန်းကျော်ထွက်ပြေးလေတော့မှ ထိုသူလည်း သတိပြန်လည်ကာ နီးရာဆိုင်ကယ်ကို စက်နှိုးကာ လိုက်လေတော့၏။ ဆိုင်ကယ်ပိုင်ရှင်က သူ့ဆိုင်ကယ်အား မပြောမဆိုဘဲ သူစိမ်းတစ်ယောက်က ကောက်ကာင်ကာ မောင်းထွက်သွားခြင်းကြောင့် ဟေ့လူ ဟေ့လူ ဟု အော်ကာ ကျန်ရစ်တော့၏။ ဆိုင်ကယ်ပေါ်မှ လူကလည်း ...

"နောက်မှရှင်းမယ်။ ကျုပ် ဒုရဲအုပ် ကိုမောင်ရွှေဗျ ..."

သည်လမ်းသည်ခရီးကို ကျွမ်းကျင်အောင် လေ့လာထားခြင်းနှင့် ဦးစွာ လျင်မြန်စွာ ထွက်ခွာလာခြင်းအပေါ် အခြေခံ၍ ထွန်းကျော်တစ်ယောက် ဒုရဲအုပ် ကိုမောင်ရွှေကို မျက်ခြေပြတ်နိုင်ခဲ့သည်။ ခပ်လှမ်းလှမ်းဆီမှ ဆိုင်ကယ်သံ တဘုတ်ဘုတ်ကိုလည်း ကြားနေရဆဲဖြစ်ပါသည်။ သို့သော် လမ်းချိုးလမ်းသိမ်ထဲမှာမို့ သူမမြင်မတွေ့ရပါ။ သူကတော့ ထားဝယ်သွား လမ်းမကြီးပေါ်ရောက်နေပါပြီ။

ခုလို ပြတ်ကျန်ရစ်မှန်းသိတော့မှ တစ်ဝက်တစ်ပျက် စိတ်အေးရတော့၏။ သူ့ကို ရဲတစ်ဖွဲ့လုံးက မြေလှန်ကာ ရှာဖွေနေကြောင်း ခုတော့ထင်ရှားပါပြီ။ ဘယ်လိုနည်းနှင့် သူ့သတင်းကို အနံ့ရသွားသည်ကို မသိရပါ။ တစ်ခုတော့ ရှိတာပေါ့။ ဤနေရာတွင် တစ်လကိုးသီတင်း ခိုအောင်းနေမှတော့ တစ်စွန်းတစ်စသော သူ့သတင်းကို ကြားသိမှာပါ။

www.burmeseclassic.com

သွားသည်။ သူ့ပါး ဖောဖောစီးစီး ရေ ကြည်လည်းရှောက် ချွေးရာလည်းရှောက် သင့်ပါသည်။

မရမ်းချောင်းကျေးရွာကို လွန်ခဲ့ပြီ ဖြစ်၏။ မကြာမီ အုန်းပင်ကွင်းကို ရောက်တော့မည်ဖြစ်၏။ ရှေ့သို့သာဆက်ပြီး မောင်းနှင်နေပါက လမ်းလည်းဆုံးမည် မဟုတ်သလို၊ ခေတ်ဆီလည်း ကုန်သွားနိုင် သည်။ ဤအခါ ရဲလက်ထဲ အလိုလို ရောက်သွားရတော့မည်။ သည်တော့ ရှေ့ညာဘက်တွင် ခနီခြိုကြီးရှိသည်။ ခနီခြို ဆုံးလျှင်တော့ တငြိမ့်ငြိမ့်စီးဆင်းနေသော ထားဝယ်မြစ်ကြီးရှိသည်။

သူသည် ဘယ်ဘက် စပါးကွင်း တွေထဲမှာ ဆိုင်ကယ်ကို ဖွက်ထားလိုက် သည်။ ပြီးတော့ ခြေမျက်စိမြုပ်မျှ ရွံ့ဖွက် ထူလှသော ခနီတောကိုဖြတ်ကာ ...။

ဒုရဲအုပ်ကိုမောင်ရွှေ တွေးခေါ်ချက် ကလည်း မှန်ကန်သည်ဟု ဆိုရပါမည်။ ထားဝယ်လမ်းမကြီးပေါ် သူ့ဆိုင်ကယ် စတင်ဘီးချစဉ်မှာတော့ သည်ကောင် နယ်မြေကျယ်ပြန့်သော အန္တရယ်များပြား သော ရန်ကုန်လမ်းမကြီးအတိုင်းတော့ မပြေးတန်ရာ။ ထားဝယ်–မြိတ် ကားလမ်း အတိုင်းသာ ပြေးတန်ရာသည်။ ဤနေ ရာသည် သူ့အဖို့ မျက်နှာစိမ်းတွေသာ များခြင်းကြောင့် သိသူ မရှိသလောက် ရှားသည့် နယ်မြေကျဉ်း ဖြစ်သည်။ ဒါ ကြောင့် ဒီကောင် ထားဝယ်သွားလမ်းကို သာ သုံးရမည်ဖြစ်၏။ ခုတော့ ထွန်းကျော် ကို ဒုရဲအုပ်ကိုမောင်ရွှေ မျက်ခြေလုံးဝ ပြတ်နေပါတော့သည်။ သို့သော် အား တော့လျှော့၍ မဖြစ်ပါ။ သားကောင် လည်း သားကောင်အလျောက် မာယာ တွေ များသေးသည်။ မုဆိုးကလည်း မုဆိုးအလျောက် ပညာသားပါရသေး သည် မဟုတ်ပါလား။

မျက်ခြေပြတ်သွားသည် ဆိုပေမင့် စပါးကွင်းကြီးများကို ဂရုတစိုက်ကြည့် ကာ မောင်းနှင်လာသည်။ တစ်နေရာ ရောက်တော့ သူ့ဆိုင်ကယ်ကို ရုတ်တ ရက်ရပ်လိုက်သည်။ မသင်္ကာဖွယ်ရာ မြင် ကွင်းတွေကြောင့် ဖြစ်သည်။ ညီညီညာ ညာရှိနေသော စပါးပင်များသည် တစ်နေ ရာမှာတော့ ပုံပျက်ပန်းပျက်ကာ စပါးပင် များ ပြိုလဲနေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်ဆိုင်ကယ်ကို ရပ်ကာ ကြည့် လိုက်တော့ အဖြေပေါ်လာပါပြီ။ ငြိမ် သက်စွာ လဲလျောင်းနေသော ဆိုင်ကယ် တစ်စီးကို တွေ့လိုက်ရ၏။ လူရိပ်လူခြည် ကိုတော့ စပါးကွင်းများမှာ မတွေ့ရ၍ တစ်ဖက်ခြမ်းမှ ခနီခြိုကြီးကို ကြည့်လိုက်မိ သည်။ ရှေးဦးစွာ ဖွက်မြေများကြားတွင် ထင်ရှားစွာ မြင်တွေ့လိုက်သော ခြေရာစွပ် ကြောင်းများပင် ဖြစ်၏။ ခြေရာရှင်ကို ရှာဖွေလိုက်တော့ ကမ်းစပ်မှ ခနီလက် တစ်ခုကို အားပြုကာ တစ်ဖက်ကမ်းသို့ ကူးခတ်နေသော ထွန်းကျော်ကို တွေ့ရပါ တော့၏။

ဤနေရာ၌ ကောက်ရိုးတစ်ပင် တွေ့လျှင်လည်း အားကိုးရမည်ဖြစ်ပါ၏။ ဘာကြောင့်လဲဆိုတော့ ဒုရဲအုပ်ကိုမောင် ရွှေလက်မှ လွတ်ရေးသည် ပထမဦးစား ပေးဖြစ်သည်။ ဒါကြောင့် ရရာ ခနီလက် ကို အားကိုးကာ ကူးနေရခြင်းဖြစ်၏။ မြစ် ၏တစ်ဖက်ကမ်းကို ရောက်ပါက နတ် အိမ်တောင်ရွာသို့ ရောက်မည်ဖြစ်၏။ ထိုမှ တစ်ဆင့် တောလမ်းခရီးအတိုင်း ဆက် သွားပါက ရဲတွေလက်လှမ်းမမီသော ဒေသသို့ ရောက်မည်ဖြစ်၏။ ဒါကြောင့် ကူးခတ်နေဆဲ ...

သူကူးခတ်နေဆဲမှာပင် နောက် ဖက်မှ တဘုတ်ဘုတ်နှင့် မြည်သံပေးကာ ပဲ့ထောင်စက်လှေကလေး လိုက်လာ သည်ကို တွေ့ရှိရ၏။ အားတက်သွား၏။ ကယ်တင်ရှင် တွေ့ပြီဖြစ်၏။ သူက ပဲ့ထောင်စက်လှေကလေးကို လှမ်းတား လိုက်၏။ လှေကလေးအရှိန်လျော့သွား တော့ ထွန်းကျော်သည် ကြောင်တစ် ကောင်အလား ကိုယ်ကိုဖော့ကာ လှေ ပေါ်သို့ မြောက်ခနဲတက်လိုက်သည်။ ပြီး တော့ပါးစပ်မှလည်း –

"ဟိုဘက်ကမ်းကို ပို့ပေးပါ ..."

သူ အကူအညီတောင်းလိုက် သည်။ စက်လှေကလေးကို အရှိန်မြှင့် ကာ မောင်းလိုက်သည်။ သူကတော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ သူအပျော်မဆုံး မီမှာပင် လှေကလေးသည် နောက်ပြန် လှည့်ကာ မောင်းနေခြင်းကြောင့် ...

"ဟေ့လူ ဘာလုပ်တာလဲဗျ"

စက်လှေသမားက သူ့စကားကို မကြားသယောင်ပြုကာ ဆက်မောင်းနေ သည်။ သည်လိုသာ ဆက်မောင်းနေပါ က သူလာရာကမ်းစပ်သို့သာ ပြန်ရောက် တော့မည်။ ပြန်ရောက်လျှင် သူ့အဖို့ ကျားခံတွင်းသို့ ပြန်သက်ဆင်းရမည် ဖြစ် ၏။ သူသည် နောက်သို့ မျက်နှာမူပြီး စက်မောင်းသူအား ရေထဲသို့ကျသွား အောင်လုပ်မည်ဟူသော သဘောဖြင့် ထို သူအပါးသို့ ချဉ်းကပ်သွားမိတော့သည်။

ထိုအကြံအစည်ကို ရိပ်မိသော စက် လှေသမားကလည်း သူ့အား အကပ်မခံ ပါ။ ခြေတစ်ချောင်းစာ အကွာအဝေး ရောက်လာသည်နှင့် ထွန်းကျော်အား ထိုင်လျက်အနေအထားနှင့်ပင် ထွန်း ကျော်ဘောင်းဘီကြားသို့ ခြေဦးကို ပစ် သွင်းလိုက်သည်။ မထင်မှတ်ဘဲ အဆိုက်ခံ လိုက်ရခြင်းကြောင့် ထွန်းကျော်အထိနာ သွားကာ မျက်နှာရှုံ့မဲ့မဲ့နှင့် ကုန်းကွကွ အနေအထားကို ရောက်ရှိသွားတော့၏။ သူ၏ လှုပ်ရှားမှုအရှိန်ကြောင့် လှေ ကလေးသည် လူးသွားပါတော့၏။ စက် လှေသမားက သူ့ကို အမိန့်ပေးလိုက်၏။

"မလှုပ်နဲ့ ထွန်းကျော်၊ အသက်ပါ

www.burmeseclassic.com

www.burmeseclassic.com

သွားမယ်''

သည်အသံရှင်ကို ကြည့်လိုက်တော့ စောစောကလို ဝါးခမောက်လည်း ဆောင်းထားခြင်းမရှိတော့၊ ဆေးတံကို ဗွင်တွင်ကြီး ခဲထားခြင်းလည်း မရှိတော့သော ပုံချိုက်စက်လေမောင်းသူကို တွေ့လိုက်ရ၏။ လက်ထဲမှာလည်း ပစ္စတိုဖြင့် သူ့အား ချိန်ထားဆဲဖြစ်၏။

''ဟင် ... ဆရာကိုမောင်ရွှေ''

''ဟုတ်တယ်။ ငါလာတာ မင်းကို ဖမ်းဖို့ မဟုတ်ဘူး။ ဒါပေမင့် တွေ့တော့လည်း ဖမ်းရတာပေါ့ကွာ။ ကဲ ... လွတ်နိုင်သေးလား။ မင်းငြိမ်ငြိမ်လိုက်ခဲ့ပါ''

သူက ငြိမ်ခံပြီး လိုက်မလာနိုင်ပါ။ သူထောင်ထဲမှာ နှစ်ရှည်လများလည်း မနေချင်ပါ။ ဘယ်သူမဆို မနေချင်ကြပါ။ အကြံဉာဏ်ထုတ်နေပါတော့၏။ ကောင်းသောငြိမ်ခြင်းဖြင့် ငြိမ်နေခြင်း မဟုတ်ပါ။ လေ့ဦးသည် ကမ်းစပ်သို့ ချဉ်းကပ်လာနေပါပြီ၊ လေ့၏ထုံးစံအတိုင်း လေ့ဦးကအရင် ကပ်ရပါမည်။ သူက အလျင်ဆင်းရမည်။ သို့သော် သူ့အား ဒုရဲအုပ်ကိုမောင်ရွှေက သေနတ်နှင့် ချိန်ထားလျက်ရှိခြင်းကြောင့် သေနင်္ဂအနေအထားပြောင်းရန်အတွက် လေ့သည် ကမ်းနားသို့ဆိုက်ရန်အလုပ်တွင် လေ့နံတစ်ဖက်ကို သူဆောင့်နင်းလိုက်၏။

လေ့သည် အနေအထားပျက်ကာ မှောက်တော့မလိုလို ဖြစ်သွား၏။ မောင်းထိန်းခလုတ်ပေါ် လက်ညှိုးတင်ထားသည်မှာလည်း ထိုအခြေအနေကြောင့် အလိုလို ညှစ်ပြီးသားဖြစ်နေတော့၏။ ထို့ကြောင့် ...

''ဒိုင်း''ခနဲ သေနတ်သံက ထွက်ပေါ်လာပါသည်။ သူ့အားခြောက်လှန့်သလိုဖြစ်ကာ ပျက်စီးယိုယွင်းနေသော အနေအထားကို အခွင့်ကောင်းယူကာ ထွန်းကျော် ကမ်းပေါ်သို့ ခုန်တက်လိုက်တော့သည်။ ပြီးတော့ ဓနိတောထဲသို့ ပြေးဝင်လိုက်၏။ သူ၏မူလလမ်းကြောင်းပေါ် တစ်ဖန်ရောက်မည် ဖြစ်ပါသည်။ ဓနိတောမှ အထွက်တွင်တော့ သူ့ဘယ်ဘက်နားမှ ဗွီးခနဲ အသံပြင်းပြင်းတစ်ခုသည် ဖြတ်သန်းသွားသည်။ ထို့နောက် တုတ်နိုင်ကြီးမားလှသော ဓနိလက်တစ်ခုကို ဒုတ်ကနဲအသံဖြင့် သွားစိုက်ပါတော့သည်။

''ကိုထွန်းကျော် တစ်ဖဝါးမှ မလှုပ်နဲ့''

သူ့ရှေ့တူရူမှ အမိန့်ပေးနေသူမှာ နန်းသိင်္ဂီ ဖြစ်ပါ၏။ သူ့လက်ထဲမှာ သူတို့ဘေးဘီအစဉ်အဆက်ကတည်းက ကိုင်ခဲ့သော ဒူးလေးကို အသင့်အနေအထားမှာ ကိုင်ထားပါ၏။ စောစောပိုင်းကတည်းက သေတွင်းပစ်မှတ်ကိုရောက်အောင် ပစ်နိုင်သော်လည်း သူ့လက်စွမ်းအရည်အချင်းကို သူ့အား အမြည်းသဘော ပေးချင်လွန်းလို့ ဘယ်ဘက်နားမှ သိုးကာသီကာ ပွတ်သပ်သွားပြီး ဓနိလက်မှာ မြားတံစိုက်သွားအောင် ပစ်လိုက်ခြင်းပင်ဖြစ်သည်။

''ကျွန်မအစ်ကိုဟာ ရှင်တို့ဒုစရိုက်သမားတွေကြောင့် ဆုံးရှုံးရတယ်။ အမေက သားကြောင့် ဝေဒနာတွေဖြစ်ရတယ်။ အဲဒီကျွန်မအစ်ကိုက ကျွန်မတို့အခေါ်ကတော့ စောမူးသာ၊ ဝန်ထမ်းလောကမှာတော့ ဒုရဲအုပ်တင်မောင်ဦးပါပဲ။ သူကျောင်းပြီးတော့ သင်တန်းတက်ပြီး သူကျောင်းဆင်းပြီး ခွင့်ရလို့ပြန်လာတယ်။ သူ့သူငယ်ချင်းတစ်ယောက်လည်းပါလာတယ်။ သူဟာ ကျွန်မလက်ထပ်မယ့်သူ အလောင်းအလျာပဲ''

''ကျွန်တော့်ကို သွားခွင့်ပြုပါ နန်းရယ်။ ခဏကြာရင် နောက်ကလိုက်လာတော့မယ်''

''ဒီလောက်ထိတော့ နိုင်ငံ့ကာဝန်ကျေပွန်ရပါမယ်။ ပြီးတော့ရှင်ဟာ ကျွန်မအစ်ကိုလက်ထဲက လွတ်အောင်ရုန်းထွက်နိုင်ပေမင့် မယုံရင် ရှင်တစ်လှမ်းတိုးကြည့်ပါ။ အစ်ကို့အတွက် လက်စားချေပြီးသားဖြစ်စေရမယ်''

နန်းသိင်္ဂီလက်ရည်ကို သူကြားသိခဲ့သည် မဟုတ်ပါလား။ ပျံနေသော ငှက်ကိုတောင် ကျအောင်ပစ်ခတ်နိုင်စွမ်းရှိသည်ဟု ဖထီးကြီးက ဆိုထားသည် မဟုတ်ပါလား။ အခုတောင် အမြည်းသဘောနှင့် မြားတစ်စင်းကို အသုံးချထားသည် မဟုတ်ပါလား။ ဒီနောက်တော့ ဓနိတောအတွင်းမှ ခြေသံများကို ကြားလိုက်ရသည်။

''ကဲ ... မောင်၊ သူ့ကိုဖမ်းသွားတော့''

ဟင် ... မောင်လို့ဆိုပါလား။ ဒါဆို အစ်ကို့သူငယ်ချင်းပေါ့။ သူနဲ့ လက်ထပ်မည့်သူဟာလည်း အစ်ကို့ သူငယ်ချင်းပဲပေါ့။ ထိုသို့သော အတွေးတွေ ပေါ်ပေါက်နေဆဲမှာပင် ငါလာတာ မင်းကိုဖမ်းဖို့ မဟုတ်ဘူးဆိုသော စကားကို ကြားယောင်လာ၏။ ဒါဆို ခုလိုရောက်ရှိလာတာ နန်းသိင်္ဂီနှင့် လက်ထပ်ဖို့လာတာပေါ့။ ဘာပဲဖြစ်ဖြစ် ငါဟာ ယုန်ထောင်ကြောင်မိတဲ့ သားကောင်ဖြစ်နေပါကလား။

ဒုရဲအုပ်ကိုမောင်ရွှေသည် သူ့ကို လက်ထိတ်ခတ်လိုက်တော့သည်။ ပြီးတော့ သူတို့နှစ်ဦးကြားအောင် ထွန်းကျော် ပြောလိုက်ပါတော့၏။

''ခင်ဗျားတို့မင်္ဂလာလက်ဖွဲ့အတွက် ကျွန်တော်ဟာ မင်္ဂလာလက်ဆောင် သားကောင်ဖြစ်ပါရစေ ...''

မုဒ္ဒိသုမွန်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ

■ ဖိုးကျော့

ဖြစ်ရပ်မှန် အခန်းဆက်ဝတ္ထုရှည်

၁၉၆၀ ခုမှ ၁၉၇၄ ခုနှစ်ထိ ကျွန်တော်သည် ပြည်သူ့ဂုန်နီစက်ရုံတွင် အလုပ်လုပ်ခဲ့သည်။ အမှတ်-၆၈၊ ၃ လမ်း။ မာလာမြိုင်၊ အုတ်ကျင်း (ယခု ၁၆ ရပ်ကွက်)၊ လှိုင်မြို့နယ်တွင် နေသည်။ ကျွန်တော် ထမင်းလခပေးစားပြီး နေသောအိမ် ဖြစ်သည်။ တစ်လလျှင် ထမင်းလခ ၄၅ ကျပ် ပေးရသည်။ မိမိဘာသာ အခန်းတစ်ခန်း ကာ၍ နေသည်။

အိမ်ရှင်က မုဆိုးမ ဒေါ်အေးပုံ၊ သူ့သမီး ဒေါ်သန်းသန်းက သမိုင်းချည်မျှင်နှင့် အထည်စက်ရုံတွင် အလုပ်လုပ်သည်။ သူ့ယောက်ျား စောအောင်ဇန်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွန်ပေါင်ဒါ(ဆေးစပ်ဆေးပေးသမား) လုပ်သည်။

ထိုဈာလက သမတရုပ်ရှင်ရုံမှာ အရှေ့တောင်အာရှတွင် စံပြရုပ်ရှင်ရုံကြီးဖြစ်သည်။ သူဌေးဦးကျောက်စိန်းက သိန်း ၁၀၀ ကျပ် အကုန်ခံ၍ ဆောက်လုပ်သော မြန်မာ့ကျက်သရေဆောင် ရုပ်ရှင်ရုံကြီးလည်း ဖြစ်သည်။

တစ်နေ့တွင် ... စောအောင်ဇန်းနှင့် ကျွန်တော်တို့ သမတရုပ်ရှင်ရုံတွင် ရုပ်ရှင်သွားကြည့်ရန် ချိန်းထားကြသည်။ သေသေချာချာ ချိန်းထားကြပြီးမှ စောအောင်ဇန်းက မလိုက်နိုင်တော့ဘူးဟု ပြောသဖြင့် ကျွန်တော် ကျွဲမြီးတိုသွားသည်။

"ကိုဇန်း ... ဘာဖြစ်လို့လဲ။ ခင်ဗျားကပဲ သေသေချာချာချိန်းပြီးမှ"

"ဟာ ... မင်းရုပ်ရှင်က ဘယ်နေ့သွားကြည့်ကြည့် ရတယ်ကွ။ ငါက ဦးလေးတစ်ယောက်နဲ့ သွားတွေ့စရာ ရှိလို့"

"ခင်ဗျားဦးလေးကိုလည်း ဘယ်နေ့သွားတွေ့တွေ့ မရဘူးလား"

"မရဘူးကွ။ ငါနဲ့ ခုတွေ့ဖို့တောင် သူက အတော်အချိန်ယူတွေ့ရမှာ။ ပြီးတော့ ..."

"ကြီးကြီးကျယ်ကျယ်၊ ခင်ဗျားဦးလေးကရင်ငပွေးက ဘာမို့ ..."

ကျွန်တော်က အရက်ဝိုင်းတွင် နောက်နေကျစကားနှင့် သူ့ကို ဤနေ့ ကျွဲမြီးတိုနေသဖြင့် ပြောချလိုက်သည်။

"ဟေ့ကောင်၊ ငါ့ဦးလေးဟာ ဟို ... သုံးလေးလကပဲ လက်နက်ချအလင်းဝင်လာတဲ့ ကရင်သူပုန်ဗိုလ်ကွ။ ကမ္ဘာမှာ တစ်ခါမှ မပေါ်ပေါက်ဖူးသေးတဲ့ လေယာဉ်ပျံကို ပြန်ပေးဆွဲလာတဲ့လူ၊ မင်းဘာမှတ်လဲ"

"ဟောဗျာ ... ခင်ဗျားက ဘာလို့စောစောက မပြောတာလဲ။ ကျွန်

ဟံသာဝတီ
The HANTHAWADDY
SATURDAY
ဝေဟင်ခရီး၌လေယာဉ်စီး၍၇၂၄၀၀၀ဝိဒ်မြေတိုက်ပုံ
သေသုရဲ့ ကိုသေနတ်နှင့်ချိန်၍လမ်းဦးဆင်းခိုင်းပြီးငွေသေတ္တာ ၁ ရလုံးယူခြင်း

www.burmeseclassic.com

www.burmeseclassic.com

တော်လည်း တွေ့ချင်တာပေါ့ဗျာ။ အဲဒီ လေယာဉ်က ကျွန်တော်တို့ ရခိုင်ကို ငွေသွားပို့တဲ့ လေယာဉ်လေဗျာ”

“ငါတို့က ရန်ကုန်ရောက်နေတာ ကြာပြီကွ။ ငါ့ကိုလည်း မနေ့ကမှ ဒပ်ဖရင်(အမျိုးသမီးဆေးရုံကြီး)က နမ တစ်ယောက်လာပြောလို့ ငါ့ဦးလေး မှန်း သိတာ”

“ဒါဆို ခင်ဗျားနဲ့ ကျွန်တော်လည်း လိုက်ခဲ့မယ်ဗျာ။ ဖြစ်တယ်မှုတ်လား”

“ဖြစ်ပါတယ်။ လိုက်ခဲ့လေ”

ဟု စောအောင်ဇန်းက ပြောသည်။

“ခု ဘယ်မှာလဲ”

“ခဝဲခြံမှာ။ ရန်ကုန်က ဆွေမျိုးတွေနဲ့ တွေ့ကြမလို့”

ခဝဲခြံမှာ အုတ်ကျင်းနှင့် နှစ်မှတ်တိုင်သာ ကွာသဖြင့် ကျွန်တော် တော်တော် ဝမ်းသာသွားသည်။

သူတို့ လေယာဉ်ကို အပိုင်စီးပြီး ပြန်ပေးဆွဲသွားကြစဉ်ကလည်း သတင်းစာများတွင် အကျယ်တဝင့် ပါဖူးသည်။ ထိုသတင်းစာ ဖြတ်ပိုင်းကို ကျွန်တော်သိမ်းထားမိသည်မှာလည်း မိမိတို့ ရခိုင်ကိုသွားသော လေယာဉ်ဖြစ်သဖြင့် အမှတ်တရ သိမ်းထားခြင်း ဖြစ်ပါသည်။

ထိုစဉ်က ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ သတင်းစာများတွင် စာလုံးမည်းကြီးနှင့် ပါလာသည်မှာ –

ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော
လေယာဉ်ပျံ ပြန်ပေးဆွဲမှု
မြန်မာနိုင်ငံ၌ ဖြစ်ပွား

ဖြစ်ပွားပုံမှာ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ နံနက် ၆ နာရီ၊ ၁၀ မိနစ်အချိန်က မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ (ယူဘီအေ) ပိုင် စက်နှစ်လုံးတပ် ဒါကိုဒါ လေယာဉ် အမှတ်(XYACT) သည် စစ်တွေခရီးသည် လေးဦး၊ ကျောက်ဖြူခရီးသည် ၁၀ ဦးတို့အား တင်ဆောင်လျက် လေယာဉ်မှူး မစ္စတာအေအီးဟဲ အပါအဝင် ကျောက်ဖြူမြို့ငွေတိုက်အတွက် ငွေကျပ် ခုနစ်သိန်းနှစ်သောင်းပါ သေတ္တာလေးလုံးနှင့်အတူ မင်္ဂလာဒုံ လေဆိပ်မှ စစ်တွေ၊ ကျောက်ဖြူမြို့များသို့ ဦးတည်ပျံသန်းခဲ့၏။

ကောင်းကင်ယံ၌ ၁၅ မိနစ်ကြာ ပျံသန်းပြီးစဉ် ခရီးသည်ဟန်ဆောင်လာသော သောင်းကျန်းသူ သုံးဦးက အသင့်လျှို့ဝှက် ယူဆောင်လာသော ခြောက်လုံးပြူးသုံးလက်၊ လက်ပစ်ဗုံး နှစ်လုံးနှင့်အတူ လေယာဉ်ဦးပိုင်းစက်ခန်းသို့ ဝင်ရောက်ခြိမ်းခြောက်ကာ ၎င်းတို့ယူဆောင်လာသော မြေပုံအညွှန်းဖြင့် လေယာဉ်အား မြေပြင်သို့ ဆင်းသက်ခိုင်းခဲ့သည်။ ထို့နောက် သောင်းကျန်းသူများသည် လေယာဉ်တွင်ပါရှိသော ငွေသေတ္တာလေးလုံးကို ချိုင်းပြီး ပြန်လွှတ်လိုက်၏။

ဤကဲ့သို့ လေယာဉ်အပိုင်စီး ပြန်ပေးဆွဲခံရမှုမှာ ကမ္ဘာ့လေကြောင်းနှင့် မြန်မာ့လေကြောင်းသယ်ယူပို့ဆောင်ရေးသမိုင်းတွင် ပထမဦးဆုံး အကြိမ် ဖြစ်သည်။ လေယာဉ်ပျံ မင်္ဂလာလေဆိပ်သို့ ပြန်ရောက်ရှိလာပြီးနောက် လေယာဉ်ကပ္ပတိန် အေအီးဟဲနှင့် ငွေသေတ္တာတာဝန်ခံ ခရိုင်ထောက်ပံ့ရေးအရာရှိ ဦးကျော်ထွန်းက လေယာဉ်ပျံ မည်သို့မည်ပုံ အပိုင်စီး ပြန်ပေးဆွဲခံခဲ့ရကြောင်းကို သတင်းစာဆရာများအား ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပိုင်းလော့နှင့် ခရီးသည်များကလည်း လူဘယ်နှယောက်၊ လက်နက်ဘယ်နှမျိုး၊ သူတို့ဝတ်ဆင်လာကြသော အဝတ်အစားများက ဘယ်လိုဆိုသည်ကို အသေးစိတ် သူတို့တွေကြုံခဲ့ကြရသော အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

အပျက်များကို မခြွင်းမချန် ပြောပြကြလေသည်။ ဤသည်များကို ၂၆–၆–၁၉၅၄ ခုနှစ်ထုတ် သတင်းစာများတွင် အကျယ်တဝင့် ပါရှိခဲ့လေသည်။

••• •••

ကိုစောအောင်ဖန်းနှင့် ကျွန်တော် လိုက်သွားရာ ခဝဲခြံက အိမ်တစ်အိမ်သို့ ရောက်သည်။ အိမ်မှာ ခြေတံရှည်အိမ် ဖြစ်သည်။ ထိုအချိန်မှာ ကိုစောအောင်ဖန်း၏ အမျိုးဆိုသော ယောက်ျား၊ မိန်းမ၊ ကလေး အပါအဝင် လူတစ်ဆယ်ကျော်ရှိသည်။ သူတို့သည် ညနေစာ ထမင်းစားသောက်ကြပြီးဖြစ်၍ ကရင်ဘာသာနှင့် အချင်းချင်း စကားဝိုင်းဖွဲ့ ပြောဆိုနေကြသည်။ ကရင်လိုပြောနေကြသဖြင့် ဘာမှန်းတော့ မသိ။ သူတို့က ပြောပြီး တဝါးဝါး ပွဲကျနေကြ၏။ မိန်းမကြီးတစ်ယောက်က စောအောင်ဖန်းကိုမြင်သည်နှင့် –

''ဖိုးခွား လာ၊ ထမင်းစားဦး''

ဟု ခေါ်သည်။ အိမ်ရှင်ဖြစ်ပုံရ၏။ 'ဖိုးခွား'ဆိုသည်မှာ 'သား'ဟု အဓိပ္ပာယ်ရ၏။

စောအောင်ဖန်းက လူတစ်ယောက်ကို ကရင်လို သွားနှုတ်ဆက်သည်။ ထိုသူက စောအောင်ဖန်းကို စေ့စေ့စပ်စပ်ကြည့်ပြီး ကရင်လိုပြန်ပြောလိုက်သည်။

ထိုအခါ စောအောင်ဖန်းက ကျွန်တော့်ကို –

''လာကွာ၊ ထမင်းအရင်စားကြရအောင်''

ဟု ဆိုသဖြင့် မီးဖိုဆောင်ဘက်ကို လိုက်သွားရသည်။

စောအောင်ဖန်း စောစောက သွားနှုတ်ဆက်သူမှာ သူ့ဦးလေး အလင်းဝင်လာသူ ဗိုလ်ကရင်၊ လေယာဉ်ကို ပျံပေးဆွဲခဲ့သူမှန်းတော့ ကျွန်တော် အကဲခတ်ထားခဲ့ပြီ။ သူက စောအောင်ဖန်းကို ထမင်းအရင်စားဦးဟု ပြောလိုက်ပုံရ၏။

စောစောက 'ဖိုးခွား'ဟုပြောပြီး ထမင်းစားခေါ်သူ အဒေါ်ကြီးကပင် ထမင်းပွဲပြင်ပေးသည်။ အဒေါ်ကြီးက ကျွန်တော့်ကို ''ဘယ်သူ့သားလဲ''ဟု မေးပုံရ၏။ ကရင်လို သူက မေးသည်ကို စောအောင်ဖန်းက –

''ကျွန်တော်တို့အိမ်မှာ ထမင်းလခပေးစားနေတဲ့ ဂုန်နီစက်ရုံက ရခိုင်''

ဟု ဗမာစကားနှင့်ပင် ပြန်ပြောလိုက်ရာ အဒေါ်ကြီးက ခွက်ထိုးခွက်လန် ရယ်သည်။ ပြီးမှ –

''ဖိုးခွားနဲ့ပါလာတော့ ငါက ကရင်မှတ်လို့''

ဟု အရယ်တစ်ဝက်နှင့် ပြောပြန်သည်။ ပြီးတော့မှ အားမနာရန်၊ ကိုယ့်အိမ်လို၊ စောအောင်ဖန်းတို့အိမ်မှာ စားသလိုစားဟု ပွင့်ပွင့်လင်းလင်း ပြောသည်။

ထမင်းစားပြီးကြသောအခါ ..

စောအောင်ဖန်းက သူ့ဦးလေး အလင်းဝင်လာသူ ဗိုလ်သိန်းကျော်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

''လေယာဉ်ပြန်ပေးဆွဲခဲ့ကြတဲ့ အကြောင်း သိချင်လို့တဲ့။ သူက စာရေးဝါသနာပါတယ်။ မဂ္ဂဇင်းတွေမှာ ဝတ္ထုတစ်ပုဒ်–နှစ်ပုဒ် ပါပြီးပြီ။ ကျွန်တော်တို့အိမ်မှာ ထမင်းလခပေးစားနေတယ်။ ရခိုင်က ...''

''ဟင် ... ငါက ပတ်ကညောလား။ ပယောမှုလားထင်လို့၊ ရခိုင်ကိုး''

သံရှည်ဆွဲ၍ ကရင်သံဝဲဝဲနှင့် ပြောပြီး ကျွန်တော့်ကို စိုက်ကြည့်နေသည်။

ပတ်ကညောဆိုသည်မှာ ကရင်ကိုပြောပြီး၊ ပယောမှု ဆိုသည်မှာ ဗမာကို ကရင်အသံထွက် ဖြစ်သည်။

www.burmeseclassic.com

"ခင်ဗျားက ရခိုင်၊ လေယာဉ်ပျံ ပြန်ပေးဆွဲတဲ့အကြောင်း သိချင်တယ် ဆိုတော့ ပြောရမှာ ခက်တာကားနော်"

ဟု ဆိုပြန်သည်။

"ဘယ်လိုများ အခက်အခဲရှိပါသလဲ ဗိုလ်ကြီး။ ဖဆပလအစိုးရက ဘယ်သူ့မှ မပြောရဘူးလို့ ပိတ်ထားလို့လား ဗိုလ်ကြီး"

"မဟုတ်ပါဘူးဗျာ။ ခင်ဗျားတို့ ရခိုင်ထဲက ဘဖြူဆိုတဲ့ ကောင်တစ်ကောင်ဗျာ။ ကျွန်တော်တို့စစ်ဆင်ရေးမှာ ကလိမ်ကကျစ်နဲ့ တော်တော့်ကို မကောင်းကြံခဲ့တာ သွားသတိရလို့ပါ။ ဆောရီးပဲ ..."

ဟု ဆိုပြန်သည်။

တော့ လူကောင်းတွေမှ မဟုတ်တာ၊ ဟား ... ဟား"

အားပါးတရ ရယ်လိုက်ပြန်သည်၊

ထိုအချိန်မှာ စောအောင်ဗန်းက

"မြင့်လွင် ... မင်း ဦးလေးနဲ့ စကားပြောကြဦးကွာ။ ငါ ဟိုဘက်ဝိုင်းက ဆွေမျိုးတစ်ယောက်ဆီ ဝင်နှုတ်ဆက်လိုက်ဦးမယ်"

ဟု ပြောပြီး အိမ်ပေါ်က ဆင်းသွားသည်။

ဗိုလ်သိန်းကျော်၏ ပုံသွင်လက္ခဏာမှာ ပွင့်ပွင့်လင်းလင်းနှင့် ပျော်တတ်ပုံရသည်။ ထို့ကြောင့်လည်း

"အမှန်ပြောရရင်တော့ ... လေယာဉ်ပျံကို ပြန်ပေးဆွဲမယ်ဆိုတာ



"ဟာ ... ဗိုလ်ကြီး၊ လူမျိုးတိုင်းမှာ မကောင်းသူ၊ ကောင်းသူဆိုတာ ရှိတာပဲ။ အမှန်အတိုင်းသာ ပြောစမ်းပါ။ ကျွန်တော်က ဗိုလ်ကြီးတို့ လေယာဉ်ကို ဘယ်လိုပြန်ပေးဆွဲလာကြပြီး၊ ကျွန်တော်တို့ရခိုင်ကို ဘယ်လိုတယ်လို ဒေါ်လာကြလဲဆိုတာသာ သိချင်တာပါ"

ကျွန်တော့်စကားကို သူက ရယ်သည်။ ပြီးတော့မှ –

"ဟဲ ... ဟဲ ... ဟုတ်ပါတယ်။ ကျွန်တော်တို့လည်း လေယာဉ်ပျံတောင် ပြန်ပေးဆွဲခဲ့တဲ့ လူတွေဆို ကျွန်တော် တစ်ခါမှ အိပ်မက်တောင် မမက်ဖူးပါဘူးဗျာ။ စိတ်လည်း မကူးဖူးပါဘူး။ ကြံကြီးစည်ရာ ကိစ္စကြီးပဲဗျ။ အဲဒါ ဗိုလ်ကြီးအော်စဘွန်းတို့၊ ဗိုလ်ကျော်အေးတို့ ဘယ်လိုစီစဉ်ကြတယ်ဆိုတာ ဗိုလ်ကြီးအော်စဘွန်းဆီရောက်မှ ကျွန်တော်သိရတော့တယ်ဗျာ"

ဟု အစချီကာ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့က လေယာဉ်ပျံကို ပြန်ပေးဆွဲခဲ့ကြသည့်အကြောင်း ပြောပြလေသည်။

... ...

ထိုနေ့က စက်ကုန်းရွာဘက်ကို အစိုးရတပ်က ကင်းထိုးသလိုလို ကြားသဖြင့် သတင်းမှန် မမှန်ကို သွားရောက်လေ့လာရန် ထွက်မည်အပြုတွင် အထက်စခန်းက ရဲဘော်တစ်ယောက် စာလာပေးသည်။ စာအိတ်ပေါ်တွင် မင်နီနှင့် ရေးထားသဖြင့် စက်ကုန်းရွာကို အစိုးရတပ်က ကင်းထိုးနေသည်မှာ သေချာပြီဟု ထင်လိုက်သည်။ စိတ်ထဲက ထိုကိစ္စ [illegible] ကြားသည်ထင်သဖြင့် "အသင့်ပါ [illegible] ရဲဘော်"ဟုပင် ပြောလိုက်မိသည်။

စာအိတ်ကို ဖွင့်ဖတ်ကြည့်တော့ ထင်သလိုမဟုတ်။ ဗိုလ်ကြီးအော်စဘွန်းက စာရရချင်း သူနှင့်ချက်ချင်းလာတွေ့ရန်ဟု ရေးထားသည်။ အဲဒီအချိန်ထိ စိတ်ထဲမှာ စက်ကုန်းရွာကို အစိုးရတပ် ရောက်လာသည်ကိုသာ စိတ်စွဲနေတုန်း။ ဗိုလ်ကြီးအော်စဘွန်းက သူပြောနေကျ စကားအတိုင်း "အဲဒါ မင်းစီစဉ်ပြီး သွားချကွာ"ဟု ခိုင်းရန်ခေါ်သည်ဟုသာ ထင်လိုက်သည်။

"ဗိုလ်လေး၊ ကျွန်တော်ပြန်နိုင်ပြီလားခင်ဗျား"

စာလာပေးသူ ရဲဘော်လေးက သတိဆွဲပြီး ပြောလိုက်တော့ အတွေးပြတ်သွားသည်။

"အထက်စခန်းမှာ ခုဗိုလ်ကြီးအော်စီရှိလား"

"ဟုတ်၊ ရှိပါတယ် ဗိုလ်လေး"

"နောက် ဘယ်လူတွေ ရှိသေးလဲ"

"ကျွန်တော် မသိပါဘူး။ ရုံးက ဆာဂျင်ခိုင်းလိုက်လို့ပါ"

"အေး ... မင်းနဲ့ငါ အတူသွား

www.burmeseclassic.com

www.burmeseclassic.com

ကြတာပေါ့''

''ဟုတ်''

သည်လိုနှင့် ဗိုလ်သိန်းကျော်တို့ ကြယ်နီစခန်းရောက်လာကြသည်။

ထိုအချိန်ထိလည်း စက်ကုန်းရွာကိစ္စသာ ဗိုလ်သိန်းကျော်ခေါင်းထဲ ရှိနေသည်။

စက်ကုန်းရွာမှာ အစိုးရလည်း မဟုတ်၊ သူပုန်လည်းမပိုင်သော ကြားရွာဖြစ်သည်။ အစိုးရတပ် ရောက်လာလျှင်လည်း ကြာကြာတော့ နေရဲမည် မဟုတ်ထင်၏။

ဗိုလ်ကြီးအော်စဘွန်းကို သတိဆွဲ အလေးပြု ရပ်နေလိုက်သည်။

''ဗိုလ်သိန်းကျော် ထိုင်ဗျာ''

ဟု ဆိုသဖြင့် သူ့ရှေ့ ဝင်ထိုင်လိုက်သည်။

တစ်ချက်လှမ်းကြည့်ပြီး –

''ဗိုလ်ကျော်အေးနဲ့ ရင်းနှီးလား''

စိတ်ထဲ နည်းနည်းထင့်သွားသည်။ ဗိုလ်ကျော်အေးတို့ ကြာနီကန်တိုက်ပွဲမှာ လပိုင်းသာရှိသေးသည်။ ကြာနီကန်တိုက်ပွဲဆိုသည်မှာ ပုသိမ်ခရိုင် အနောက်ဘက် ရခိုင်ရိုးမတောင်တန်းကြီးပေါ်ရှိ ရန်သူအစိုးရ စခန်းချထားသည့် ကြာနီကန်ရွာကြီးဖြစ်သည်။

ထိုတိုက်ပွဲတွင် ဗိုလ်ကျော်အေး ဦးစီးပြီး တပ်စုနှစ်စု၊ တပ်သား၊ အကြပ်၊ ဗိုလ် ခြောက်ဆယ်လောက်နှင့် သွားတိုက်ကြသည်။ ရန်သူကို အငိုက်ဟု သွားတိုက်ကြသော်လည်း အစိုးရတပ်က ကြိုသတင်းရသဖြင့် ဗိုလ်ကျော်အေးတို့အဖွဲ့ တပ်ဆုတ်လာရသည်။ ရဲဘော်တစ်ယောက်ကျသည်။ တစ်ယောက်က ဒဏ်ရာရလာသည်။ သို့သော် ဗိုလ်ကျော်အေးတို့အဖွဲ့က ကတုတ်ကျင်း ဘန်ကာငါးကျင်းမှ နှစ်ကျင်းကို မီးတင်ရှို့နိုင်ခဲ့ကြသည်။ လက်နက်လေးလက် ရလာသည်ကိုလည်း သတင်းရသိထားသည်။ အထက်က အမိန့်မရဘဲ သွားတိုက်သည်လား၊ သူ့ဘာသာသူ သူ့ရဲကောင်းလုပ်ပြီး သွားတိုက်ကြသည်လား ဤသည်ကိုတော့ ဗိုလ်သိန်းကျော် မသိ။ သို့သော် မည်သို့ဆိုစေ ကြာနီကန်တိုက်ပွဲတွင် ရန်သူ့ဘက်က အကျအဆုံးကို မသိရသော်လည်း ဗိုလ်ကျော်အေးတို့ ဆုံးရှုံးမှု မများခဲ့။

မည်သို့ဆိုစေ တိုက်ပွဲတစ်ပွဲဆိုသည်မှာ သူ့ဘက်၊ ကိုယ့်ဘက်တော့ အကျအဆုံး အနည်းနှင့်အများတော့ ရှိကြစမြဲပင်။ ဤကိစ္စနှင့် ပတ်သက်၍လည်း ကာယကံရှင်ကိုသာ ခေါ်မေးစစ်ဆေးစရာရှိသည်။ တစ်ခုတော့ ရှိ၏။ ဗိုလ်ကျော်အေးမှာ မြို့ပြကို အရောက်အပေါက်များသူ ဖြစ်သည်။ ထိုကိစ္စကိုများ အထက်က မသင်္ကာဖြစ်နေသလားဟုလည်း တွေးမိပြန်၏။ ဤသည်မှာလည်း မဖြစ်နိုင်ဟုထင်သည်။ ကြာနီကန်တိုက်ပွဲမှာ သုံးလေးလပင် ကြာသွားပြီ။ ဒါဆိုလျှင် ယခုလောလောဆယ် စက်ကုန်းရွာကို ကင်းထိုးလာသော ရန်သူကိစ္စဟုသာ တစ်ထစ်ချ ယူဆလိုက်သည်။ ဗိုလ်ကျော်အေးမှာ ဖိုက်တာဖြစ်သဖြင့် ယခု ဗိုလ်ကျော်အေးနှင့် တွဲဖက်ပြီး စက်ကုန်းမှာ ရောက်နေသော ရန်သူများကို တိုက်ခိုက်ရန် တာဝန်ပေးမည်ဟုသာ ယုံကြည်လိုက်သည်။ ထို့ကြောင့်

''ရင်းနှီးပါတယ် အော်စီ''

ဟု ဖြေလိုက်သည်။

''တော်တော်ရင်းနှီးလား''

ဤမေးခွန်းကို ဗိုလ်ကြီးအော်စဘွန်း ဘာကြောင့်ထပ်မေးသနည်းဆိုသည်ကိုတော့ တွေးစရာ ဖြစ်ပြန်သည်။ မထူးဘူးဟူသော သဘောနှင့်

''ရင်းနှီးပါတယ်။ အရိုးချောင်းရွာရောက်တိုင်း ကျွန်တော့်အိမ်က ဗိုလ်ကျော်အေး စားအိမ်သောက်အိမ်ပါပဲ''

ရွာဘုရားရှိခိုးပွဲများကို သတိရ၍ ဗိုလ်သိန်းကျော်က ပြောလိုက်သည်။

''ကောင်းပြီ။ စကောမောလေးကိုကော ရင်းနှီးလား''

''သိပါတယ်။ ဗိုလ်ကျော်အေးလောက် မရင်းနှီးပါဘူး''

''စကောမောလေးတပ်က ခဲစာအငြိမ်းဆိုတဲ့ ရဲဘော်ကော သိလား''

''သိပါတယ်။ ရန်ကုန်မှာအနေများတဲ့ သတင်းတပ်ဖွဲ့က အင်းစိန်သားလို့ ပြောပါတယ်။ မကြာမီကပဲ ဗိုလ်ကျော်အေးတို့နဲ့ ဘုရားရှိခိုးပွဲအပြီးမှာ စားသောက်ပြီး ကျွန်တော့်အိမ်မှာ တစ်ညတောင် အိပ်သွားပါသေးတယ်''

''သူ့ရာဇဝင်ကော သိလား''

ဒုက္ခပါပဲ။ ဒီလူ ဘာတွေလျှောက်မေးနေပါလိမ့်။ ခါတိုင်းဆိုလျှင် တွေ့တွေ့ချင်း အလွန်အသောအရွှန်း ပြောတတ်သော ဗိုလ်အော်စဘွန်း ဒီနေ့ ဘယ်လိုဖြစ်နေပါလိမ့်ဟု ဗိုလ်သိန်းကျော် စိတ်ထင့်ချင်လာသည်။ ခဲစာအငြိမ်းကို ဗိုလ်သိန်းကျော် သိထားသည်က ရန်ကုန်ဘုရားကျောင်းမှာ အနေများသော သတင်းတပ်ဖွဲ့က လောက်သာ သိသည်။ စက်ကုန်းသတင်း သူပေးတာလား။ ဗိုလ်ကျော်အေးတို့နှင့်အတူ တိုက်ပွဲတွင် သူလည်းပါမည်လားဟု တွေးမိနေသည်။ ထို့ကြောင့် –

www.burmeseclassic.com

www.burmeseclassic.com

"စောအငြိမ်း ရာဇဝင်တော့ ကျွန်တော်သိပ်မသိပါဘူး အော်စီ"

"ဗိုလ်သိန်းကျော်အိမ်မှာ စားသောက်ပြီး တစ်ညအိပ်သွားတယ်ဆိုလို့ သိများသိလားလို့ မေးတာပါဗျာ"

"ဟုတ်ကဲ့ပါ ...။ စောအငြိမ်းအကြောင်းတော့ ဗိုလ်ကျော်အေး ပိုသိမယ်ထင်ပါတယ်။ အဲဒီနေ့ကလည်း ဗိုလ်ကျော်အေးနဲ့ပဲ သူပါလာပါတယ်။ အရိုးချောင်းက ကျွန်တော့်အိမ်မှာကတော့ ရဲဘော်လေးတွေ ဒီလိုပဲ စားသောက်၊ ဝင်ထွက်တတ်ကြပါတယ်"

ဗိုလ်ကြီးအော်စဘွန်းက သက်မတစ်ချက်ကို ရှည်ရှည်လျားလျားချပြီး ခဏစဉ်းစားသလို လုပ်နေသည်။

အမှန်က ဗိုလ်ကျော်အေးတို့ကိစ္စမှာ သူ ကနဦးစိစစ်ထားသူတွေက ရဲဘော်အောင်ရွှေနှင့် လှထွန်းတို့ဖြစ်သည်။ ရဲဘော်အောင်ရွှေ ငှက်ဖျားမိပြီး အပြင်းဖျားနေ၍ ဗိုလ်သိန်းကျော်နှင့် စောအငြိမ်းတို့ကို ဗိုလ်ကြီးအော်စဘွန်းက အရေးပေါ် အစားထိုးလိုက်သည်ကို နောက်မှ သိရလေသည်။

"ကိစ္စကတော့ အရေးကြီးလို့။ အဲ ... တခြားလည်း ကျုပ်မမြင်လို့ ဗိုလ်သိန်းကျော်ကို ခေါ်လိုက်ရတာပါ"

ဗိုလ်ကြီးအော်စဘွန်းက စကားကို ဖြတ်ထားပြန်သည်။ ထိုအချိန်ထိလည်း ဗိုလ်သိန်းကျော်က စက်ကုန်းရှာကိစ္စဟုသာ ထင်နေတုန်းပင်။

"ဟုတ်ကဲ့ပါ အော်စီ"

"ကိစ္စက ဒီလိုဗျ။ ခု ကျွန်တော်တို့ မြစ်ဝကျွန်းပေါ် က စစ်ရေးအခြေအနေ ခင်ဗျားလည်း သိပြီးသားပါ။ ရန်သူက ဗားမားနေဗီတွေ၊ တင့်ကားတွေပါ သုံးလာတော့ ကျုပ်တို့ လွှတ်ခံနေရတယ်။ တစ်ပွဲမှ မစားသာဘူး။ အဲဒီကိစ္စ ဗိုလ်သိန်းကျော်နဲ့ ဆွေးနွေးချင်လို့ပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ ပြောပါ"

"အဲဒါ ကျွန်တော်တို့မှာ ဘဇူကာတွေ၊ အမြောက်ကြီးတွေသာရှိရင် သူတို့ တင့်ကားနဲ့ သင်္ဘောတွေကို ကျုပ်တို့က ဖြိုခွင်းနိုင်မယ်။ ခု ကျုပ်တို့ မြစ်ဝကျွန်းပေါ်မှာ အဲဒါတွေ မရှိတော့ ကျုပ်တို့ချည်းပဲ ခံနေရတယ်။ ဘဇူကာတွေ၊ အမြောက်ကြီးတွေ အရှေ့ဘက်က ကော်သူလေးတွေဆီတော့ အတော်များများ ရှိတယ်လို့ သိရတယ်။ သူတို့ဆီမှာလည်း အသုံးသိပ်မတည့်ဘူး ပြောတယ်။ ကျုပ်တို့ဆီမှာတော့ ဒီ ပစ္စည်းတွေက ရွှေပဲဗျ။ တကယ့်မဟာ ဗျူဟာမြောက် ပစ္စည်းတွေပဲ"

"ဟုတ်ကဲ့၊ ကော်သူလေးတွေ အဲဒီပစ္စည်း ဘယ်ကရ ..."

"သူတို့က ယိုးဒယားနဲ့ တရုတ်ဖြူတွေဆီက သူခိုးဈေးနဲ့ဝယ်ရင် ငွေရှိသလောက် ရနိုင်တယ်ပြောတယ်။ ဒါပေမယ့် အဲဒါက ခုလက်ရှိအခြေအနေတွေနော်။ နောက်ဆိုရင် ရဖို့မလွယ်ဘူးလို့ သိရတယ်။ အဲဒီတော့ ခု ကျုပ်တို့မြစ်ဝကျွန်းပေါ်က လူကြီးတွေ သံကြိုးနဲ့ အဲဒီပစ္စည်းတွေကို အကူအညီတောင်းတော့ အရှေ့ ကော်သူလေးတွေက ပေးမယ်တဲ့။ လူကြီးတွေကတော့ သံကြိုးနဲ့ အပြန်အလှန် ဆွေးနွေးထားကြပြီလို့ သိရတယ်။ ခက်တာက သယ်ယူပို့ဆောင်ရေးပဲ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"ဟော့ ... ရဲဘော်တွေ၊ လုပ်ပါဦးကွ။ တို့ လက်ဖက်ရည်လေး ဘာလေး မရနိုင်ဘူးလား"

ဗိုလ်ကြီးအော်စဘွန်းက သူ့ရဲဘော်များကို လှမ်းပြောလိုက်သည်။

"ဘဇူကာနဲ့ အမြောက်ကြီးတွေကို အရှေ့ကော်သူလေးတွေဆီက မြစ်ဝကျွန်းပေါ်သယ်ယူရေးဆိုတဲ့ ကိစ္စကတော့ အကြီးမားဆုံးပြဿနာပဲ။ ဗိုလ်သိန်းကျော်သိတဲ့အတိုင်းပဲ၊ တို့အရင်တုန်းက လူနဲ့သယ်ယူကြရတယ်။ အရှေ့ရိုးမ၊ ပဲခူးရိုးမတွေကို ဖြတ်ကျော်သွားရတယ်။ ပြီးတော့ ရန်သူ့နယ်မြေက မော်တော်ကားလမ်း၊ ရထားလမ်းတွေကိုလည်း ဖြတ်ကျော်ပြီး မြစ်တွေ၊ ချောင်းတွေပါ နည်းအမျိုးမျိုးနဲ့ ကူးဖြတ်ပြီး သယ်ယူကြရတယ်။ ခရီးက ထင်သလောက် မပေါက်ဘူး။ ရန်သူတွေဆီ ရောက်သွားတာတွေတောင် ရှိတယ်။ တို့တပ်သားအချို့လည်း ဆုံးရှုံးခဲ့ကြရတယ်။ အဲဒါတောင် လက်နက်ငယ်တွေကို သယ်ယူကြရတာ။ ခုလို လေးလံတဲ့ အကြီးစား ဘဇူကာတွေ၊ အမြောက်ကြီး၊ အမြောက်ငယ်တွေ မဟုတ်ဘူး။ ဗိုလ်သိန်းကျော် သောက်ဗျာ။ ပန်းကန်ကတော့ အကြမ်းပန်းကန်တွေပဲ ရှိတယ်။ ဒီတရုတ်မုန့်တောင် ဒီကိစ္စနဲ့ ဥက္ကဋ္ဌကြီးတို့ လာသွားလို့ အကြံအဖန်ဝယ်ထားရတာ၊ စားဗျာ ..."

သူ့ရဲဘော်တွေ လာချပေးသော လက်ဖက်ရည်နှင့် မုန့်ကိုစားရန် ဗိုလ်ကြီးအော်စဘွန်းက ပြောသည်။

ထိုစဉ်က ဗိုလ်ကြီးအော်စဘွန်း ပြောသော ဥက္ကဋ္ဌကြီးဆိုသည်မှာ မန်းဘသာဖြူကို ပြောမှန်း သိသည်။

"အဲဒီတော့ အရှေ့ကော်သူလေးတွေဆီမှာ အပိုလိုဖြစ်နေတဲ့ ပစ္စည်းတွေကို မြစ်ဝကျွန်းပေါ်သယ်ယူ

www.burmeseclassic.com

www.burmeseclassic.com

ရေးကိစ္စကို ဥက္ကဋ္ဌကြီး၊ ဂျီအိုစီ ဗိုလ်ကြီးမောင်မောင်ဝေ၊ ဗိုလ်ကျော်အေးတို့နဲ့ စီစဉ်ထားကြတယ်။ အဲဒီကိစ္စထဲမှာ ဗိုလ်သိန်းကျော်နဲ့ စောအငြိမ်းတို့ကိုလည်း ကျွန်တော် ထည့်ပေးထားတယ်။ အစစအရာရာတော့ လူကြီးတွေနဲ့ ညှိပြီး ကျွန်တော်က စီစဉ်ရတယ်။ အဲဒါကြောင့် ဗိုလ်သိန်းကျော် ဒီကိစ္စထဲ ပါဝင်ချင်တဲ့ဆန္ဒကို သိချင်သလို၊ အကြံဉာဏ်ကိုလည်း လိုချင်တဲ့သဘောနဲ့ ခေါ်ရတာ''

ဂျီအိုစီ ဆိုသည်မှာ မြစ်ဝကျွန်းပေါ် စစ်ဦးစီးချုပ် စောစိန်မှုန်ပါ ပါသည်ဆိုသောအခါ ဗိုလ်သိန်းကျော်တို့အနေမှ ပေးလာသည့်တာဝန်ကို ထမ်းဆောင်ကြရန်သာ ရှိသဖြင့် –

''ဟုတ်ကဲ့။ ဂျီအိုစီဥက္ကဋ္ဌကြီး၊ ဗိုလ်ကြီးတို့ပေးတဲ့ တာဝန်ဆို ကျွန်တော်က အသင့်ပါပဲခင်ဗျား။ ဘယ်လို ဆောင်ရွက်ကြရမှာသာ အော်စီပြောပြပါ''

''ကုန်းလမ်း၊ ရေလမ်းနဲ့ အဲဒီဘူဇကာတွေ၊ အမြောက်တွေကို သယ်ယူမရနိုင်ဘူးဆိုတာတော့ စောစောက ဗိုလ်သိန်းကျော်ကို ကျွန်တော်ပြောပြီးပြီနော်''

''ဟုတ်ကဲ့''

''တိုတိုပဲ ပြောမယ်ဗျာ။ အဲဒီပစ္စည်းတွေကို လေယာဉ်ပျံနဲ့ သယ်ယူမယ်လို့ ဆုံးဖြတ်ထားကြတယ်''

ဗိုလ်ကြီးအော်စဘွန်း၏ စကားကို ဗိုလ်သိန်းကျော် တော်တော်အံ့သြသွားသည်။ နောက်တော့ အိမ်နီးချင်းတစ်နိုင်ငံကများ လေကြောင်းက ကူညီချပေးမည်ဟု ထင်လိုက်သဖြင့် –

''ဘယ်နိုင်ငံကလဲ အော်စီ''

''ဘာကိုလဲ''

''လေယာဉ်ပျံ ကူညီမယ့်နိုင်ငံကို သိခွင့်ရှိပါသလား''

''သခင်နု အစိုးရက လူလည်ပဲဗျ။ ကျုပ်တို့ကိစ္စ ဘယ်အိမ်နီးချင်းနိုင်ငံက ကူညီဝံ့မှာလဲ။ အမေရိကန်နိုင်ငံကိုတောင် တရုတ်ဖြူကိစ္စမှာ သခင်နု ဘယ်လိုစွဲချက်တင်ပြီး ကုလသမဂ္ဂမှာ ဘယ်လိုပြောပြီး အမေရိကန်ဆီကပဲ လက်နက်တွေကို အရယူသွားတာ ခင်ဗျားကြားမှာပဲ။ ခု ကျုပ်တို့ကိစ္စ ဘယ်အိမ်နီးချင်းနိုင်ငံကမှ မရနိုင်ဘူး။ သခင်နု အစိုးရဆီက လေယာဉ်ပျံကို လုယူရမှာပဲ''

''ဗျာ ...''

ဗိုလ်သိန်းကျော် ဘုရားတလိုက်မိသည်။ ကမ္ဘာမှာ မကြားဖူးသည့်အလုပ်။ လေယာဉ်ပျံကို အစိုးရဆီက လုယူရမည်ဆိုသဖြင့် ဒီလူတွေ ဟုတ်မှ ဟုတ်ကြသေးရဲ့လားဟု အံ့အားသင့်သွားမိသည်။ သို့သော် စောစောက ဗိုလ်ကြီးအော်စဘွန်းစကားထဲတွင် ဗိုလ်မောင်မောင်ဝေလည်း ပါသည်ဟု ပြောသည်ကို သတိရမိလိုက်သည်။ ဗိုလ်မောင်မောင်ဝေမှာ အစိုးရလေတပ်တွင် လေယာဉ်ပျံမောင်းလာသူ။ လေယာဉ်နှင့်ပတ်သက်လျှင် သူက နားလည်တတ်ကျွမ်းပြီးသား ဖြစ်သည်။

သူ့အံ့အားသင့်သွားသည်ကို ရိပ်မိသွားသော အော်စီက သူ့ပုံစံအတိုင်း ရယ်ဖြဲဖြဲနှင့် –

''ဘာလဲ ဗိုလ်သိန်းကျော်။ မချရဲဘူးလား။ တို့မြစ်ဝကျွန်းပေါ်မှာ ရပ်တည်နိုင်ရေးနဲ့ တော်လှန်ရေးအောင်မြင်ဖို့က ဒီနည်းလမ်းပဲ ရှိတော့တာလေဗျာ။ အဲဒါကြောင့် အရှေ့ကော်သူလေးနဲ့ မြစ်ဝကျွန်းပေါ်က လူကြီးတွေက ဒီနည်းကို စီစဉ်ကြရတာ''

''ချတာကတော့ ချရဲပါတယ် အော်စီ။ ဒါပေမယ့် ဘယ်ပုံဘယ်နည်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်ကြရမယ်ဆို ...''

''ဒီကိစ္စအတွက်ကတော့ ဗိုလ်ကျော်အေးနဲ့ ခင်ဗျားတွေ့ရင် ရှင်းသွ..းလိမ့်မယ်။ ဒီကိစ္စက တော့စီးကရက်နော် ဗိုလ်သိန်းကျော်။ အဲဒါတစ်ခုတော့ ခင်ဗျားကို ကျုပ်အလေးအနက်နော်''

''ဟုတ်ကဲ့ပါ အော်စီ''

''အိုကေ ... ချဗျာ။ အောင်ရမှာပေါ့။ ဗိုလ်ကျော်အေးကိုသာ စောစောသွားတွေ့လိုက်ပါ။ သူစီစဉ်ထားစရာ ရှိတာတွေကို ခုလောက်ဆို ဗိုလ်ကြီးမောင်မောင်ဝေတို့နဲ့ တော်တော်များများ စီစဉ်ပြီးနေပြီနေမှာ။ ကဲ ... ကဲ ... ဒါပဲ။ လိုက်ပို့မယ် ရဲဘော်တစ်ယောက်လောက် ထည့်ပေးလိုက်ရမလား ဗိုလ်သိန်းကျော်''

''ရပါတယ် အော်စီ။ ကျွန်တော် ဗိုလ်ကျော်အေးနဲ့ အမြန်ဆုံးသွားတွေ့လိုက်ပါမယ်''

''အိုကေ ... အိုကေ။ အောင်မြင်ရမယ်''

''အောင်မြင်ရမယ်''

ဗိုလ်သိန်းကျော်က ဗိုလ်ကြီးအော်စဘွန်းကို လက်သီးလက်မောင်းတန်းပြပြီး ဗိုလ်ကျော်အေးနှင့် အမြန်ဆုံးတွေ့ရန် ကြယ်နီစခန်းက တစ်ယောက်တည်း ထွက်လာခဲ့လေသည်။

(ဆက်လက်ဖော်ပြပါမည်)

✦ ဖိုးကျော့ ✦

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အရိုင်းပမာ . . .

မုံရွာအောင်စကြာ

(၁)

တစ်နေ့သ၌ ကျွန်ုပ်သည် လွန်စွာ စည်ကားသော လက်ခုတ်ပင်ဟုခေါ်သော ရွာကြီးတစ်ရွာသို့ ရောက်ရှိခဲ့ပေတော့သည်။ ရွာအဝင်တွင် ဆိုင်းဘုတ်တစ်ခု စိုက်ထူထားပြီး အိမ်ခြေ၊ အိမ်ထောင်စုဝင် လူဦးရေ ကျား၊ မ စသည်ဖြင့် စနစ်တကျ ရေးသားထားပေ၏။

သီးနှံရိတ်သိမ်းသော ကာလဖြစ်၍ အိမ်တိုင်းလိုလိုပင် သီးနှံများ ခြွေလှေ့နေသည်ကို တွေ့ရပေ၏။ ရွာလယ် လမ်းမကြီးအတိုင်း ဆက်၍လာခဲ့ရာ ရွာဦးကျောင်းသို့ ရောက်ရှိခဲ့ပေတော့သည်။ ကျောင်းတွင် လွန်စွာ ဥပဓိရုပ်ကောင်းသော ဆရာတော်တစ်ပါးကို တွေ့ရပေ၏။

ဆရာတော်၏ မိန့်ကြားချက်အရ ကျောင်းထိုင်ဆရာတော်မှာ ရွှေဘိုမြို့တွင်ရှိသော ကျောင်းထိုင်ဘုန်းကြီးသင်တန်း သွားရောက်တက်နေကြောင်း သိရပေ၏။ ဆရာတော်သည် ကျွန်ုပ်အား ထမင်းဝိုင်းပြင်၍ ကျွေးလေ၏။ ဆရာတော်ပြင်ကျွေးသော ထမင်းဝိုင်းတွင် ထိုင်၍စားမည်ဟု ပြင်ရုံရှိသေးသည်။

"ကယ်တော်မူပါဘုရား" ဟူသော အော်သံနှင့်အတူ အသက် ၆၀ ခန့်ရှိ မိန်းမကြီးတစ်ဦးနှင့် အသက် ၂၀ ခန့်ရှိသော လုံမပျိုတစ်ဦးတို့ကို တွေ့မြင်လိုက်ရပေတော့သည်။ ကျွန်ုပ်လည်း ထမင်းမစားနိုင်။

ထိုမိန်းမကြီးသည် ဆရာတော်၏ မယ်တော်ဖြစ်ဟန်တူပေ၏။ ယမန်နေ့က ဈေးထဲမှ ဆိုင်ခန်း မီးထဲပါသွားကြောင်း နတ်သံနှောကာ လျှောက်ထားလေတော့သည်။ ဆရာတော်သည် တည်ကြည်စွာပြုံး၍ ဘဝမမေ့နဲ့ ဘဝင်မမြင့်နဲ့၊ ဘာမှမပြဘူး။ အဲဒါ ဒကာမကြီး တိုးတက်ကြီးပွားဦးမှာ။

ညောင်ကန်ဆရာတော်ဦးဗုဒ် ဆိုတာ ကြားဖူးလား။ သူ့မယ်တော်ကြီး အိမ်မီးလောင်လို့ သွားလျှောက်တော့ မယ်တော်ကြီးဆီက တဘက်ကလေးကို အလှူခံသတဲ့၊ နန်းမတော်မယ်နု ကြားသွားတော့ အိမ်တွေ၊ ပိုင်းတွေ ပေးသတဲ့၊ ဒကာမကြီးလည်း ပါတဲ့ဆိုင်ကယ် ကျုပ်သာလှူခဲ့။

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်းနဲ့ ပြည့်စုံလိမ့်မယ်ဟု ဆိုကာ မယ်တော်ကြီးထံမှ ဆိုင်ကယ်အလှူခံလေ၏။ ထိုသို့ ဆိုင်ကယ်အလှူခံနေစဉ် ကျောင်းပေါ်သို့ လူငယ်နှစ်ဦး တက်လာလေ၏။

မိခင်ဖြစ်သူအား ဝမ်းသာအားရဖြင့် နိုင်ငံတော်အစိုးရက မီးဘေးသင့်ပြည်သူများအား ဆန်နှင့် အဝတ်အထည်၊ ထောက်ပံ့ငွေများ ပေးအပ်မည်ဖြစ်၍ လာခေါ်ကြောင်း သိရပေ၏။ သားအမိတစ်တွေ ရယ်ကာမောကာနှင့် ဆရာတော်ပြင်ကျွေးသော ထမင်းကို အားရပါးရ စားကြလေတော့သည်။

ထမင်းစားနေစဉ် ကျောင်းထဲသို့ ကားတစ်စီး ဝင်လာပြီး ကားပေါ်မှ လူများ ဆင်းလာကာ ဆရာတော်အား ဖူးမြော်ရင်း ဆရာတော်လိုချင်သော

www.burmeseclassic.com

www.burmeseclassic.com

တယ်လီဖုန်းမဲပေါက်သဖြင့် ထုတ်ယူလာခဲ့ကြောင်း လျှောက်ထား၍ တဝါးဝါး တဟားဟား ရယ်မောနေကြရာ ကျွန်ုပ်စိတ်ထဲတွင် အပျော်များ ကူးစက်၍ ထမင်းကို အားရပါးရစားလိုက်ပေတော့သည်။ ထမင်းစားပြီးသောအခါ အချိုပွဲနှင့် ညှော်ခံပြန်လေ၏။ ဆရာတော်၏ မယ်တော်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်အစိုးရအကြီးအကဲများထောက်ပံ့သည့် ပစ္စည်းများ လက်ခံယူရန် ဆရာတော်အား ဦးချကန်တော့ပြီး ထွက်ခွာသွားကြလေ၏။

ကျွန်ုပ် မျက်စိရှေ့မှောက်တွင် ဆိုင်ကယ်တစ်စီး၊ ဖုန်းတစ်လုံး ရလိုက်သော ဆရာတော်အား တအံ့တသြ ငေးကြည့်နေမိပြန်၏။ မယ်တော်ကြီးအား ဆရာတော်ဟောလိုက်သော တရားလေးက ဘဝမမေ့နဲ့၊ ဘဝင်မမြင့်နဲ့၊ ဘာမှမမြဲဘူးဟူ၍ ဖြစ်ပေရာ စဉ်းစားကြည့်လေ၊ ကျယ်ပြန့်လေ၊ နက်ရှိုင်းလေ ဖြစ်ခဲ့ရပေတော့သည်။

ကျောင်းတိုက်ကြီးပေါ်ဝယ် ဆရာတော်၊ ကပ္ပိယကြီးနှင့် ကျွန်ုပ်သာ ကျန်ရစ်ခဲ့ပေတော့သည်။ ဆရာတော်မှ ကံကံ၏အကျိုးကို ဟောတော်မူလေ၏။ ကံဆိုသည်က ကမ္မ-ပြုလုပ်ခြင်းဟု ခေါ်လေ၏။ ကံသုံးပါးရှိလေသည်။ ကာယကံ(ကိုယ်ဖြင့်လုပ်ခြင်း)၊ ဝစီကံ (နှုတ်ဖြင့်ပြောဆိုခြင်း)၊ မနောကံ (စိတ်ဖြင့် ကြံစည်ခြင်း)၊ ထိုကံသုံးမျိုးသည် စေတနာအရင်းခံ၍ ဖြစ်ပေါ်လာရသောကြောင့် ကံဟုခေါ်လေသည်။

လောကကြီးတွင် လူအများသာမက အလုံးစုံသော သတ္တဝါတို့တွင် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကုန်၏။ ကံသာလျှင် အမွေအနှစ်ရှိကုန်၏။

ကံသာလျှင် အဆွေအမျိုးရှိကုန်၏။ ကံသာလျှင် အဆွေခင်ပွန်းရှိကုန်၏။ ကံသာလျှင် ကိုးကွယ်အားထားရာ ရှိကုန်၏။ ကံသည်ပင်လျှင် သတ္တဝါဟူသမျှတို့ကို အယုတ်၊ အလတ်၊ အမြတ် စသည့် ထူးခြားကွဲပြားအောင် စီမံဖန်တီးပေးတတ်၏။ ဤသို့ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်။ မိမိလုပ်သော ကံမှတစ်ပါး လောကကြီးအား စီမံဖန်တီးသူမရှိဟု သိသောဉာဏ်သည် ကမ္မဿကတဉာဏ် ဖြစ်သည်။

ထိုသို့ သိမှတ်ယုံကြည်ခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဟုလည်း ခေါ်သည်။ ကံသည် ကမ္ဘာလောကကြီး၌ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့တွင်

အချို့သောသူတို့အား မင်း၊ မှူးမတ် ဖြစ်စေ၏။ အချို့သောသူတို့အား သူဌေးသူကြွယ် ဖြစ်စေ၏။ အချို့သောသူတို့အား လူမွဲဆင်းရဲ ဖြစ်စေ၏။ အချို့သောသူတို့အား အနာရောဂါ နည်းစေ၏။ အချို့သောသူတို့အား အနာရောဂါ များစေ၏။ အချို့သောသူတို့အား နား၊ နှာ၊ ခြေ၊ မျက်စိ စသော အင်္ဂါကြီးငယ် ပြည့်စုံစေ၏။ အချို့သောသူတို့အား နား၊ နှာ၊ ခြေ၊ မျက်စိ စသော အင်္ဂါကြီးငယ် ချို့တဲ့စေ၏။ အချို့သောသူတို့အား အလွန်လှပတင့်တယ်ခြင်း၊ အာဏာကြီးမားခြင်း၊ အသိအလိမ္မာ ဉာဏ်ပညာကြီးမားခြင်း၊ အသက်ရှည်ခြင်း၊ အမျိုးမြတ်ခြင်း စသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံစေ၏။ အချို့သောသူတို့အား အဆင်းအရောင် မလှမပ၊ မတင့်တယ်ခြင်း၊ တန်ခိုးအာဏာနည်းပါးခြင်း၊ အသက်တိုခြင်း စသော အယုတ်တရားတို့နှင့် ပြည့်စုံစေရန် ဖန်တီးနိုင်စွမ်းရှိပေ၏။

ကုသိုလ်ကံဆိုသည်မှာ အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်း သဘောရှိပေ၏။ (ကုသိုလ်ကောင်းမှုတစ်ခု ပြုလုပ်နေချိန်တွင် လောဘ၊ ဒေါသ၊ မာန၊ ဣဿာ မစ္ဆရိယ စသော စိတ်၏ အညစ်အကြေး အပြစ်အနာအဆာများ မရှိသဖြင့် အပြစ်မရှိဟု ဆိုလိုသည်။)

ကုသိုလ်ကောင်းမှု ပြုလုပ်နေသောသူသည် ကောင်းသောအမှုကို ပြုနေရသည့်အတွက် ဤဘဝတွင်လည်း ဝမ်းသာရွှင်ပျ ချမ်းသာရ၏။ တမလွန်ဘဝ၌လည်း ကောင်းသောအကျိုးကို ခံစားရသောကြောင့် ဝမ်းသာရွှင်ပျ ချမ်းသာရ၏။ အကုသိုလ်ကံဆိုသည်မှာ အပြစ်ရှိခြင်း၊ မကောင်းသောအကျိုးကိုပေးခြင်း သဘောရှိသည်။ မကောင်းမှု ပြုလုပ်သောသူသည် မကောင်းမှုပြုလုပ်သည့်အတွက် ဤဘဝတွင်လည်း ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရသည်။ သတ္တဝါတို့သည် မိမိတို့ပြုလုပ်သော ယိုကောင်းကံ၊ မကောင်းကံအရသာ စံကြရ၊ ခံကြရသည်။ ထိုကံအကျိုးပေးမှုကို တစ်မျိုးတစ်မည်ဖြစ်အောင် မည်သည့်တန်ခိုးရှင်ကမှ ပြုပြင်ပြောင်းလွဲ ဖယ်ရှားခုခံနိုင်ခြင်းမရှိ၊ မလွဲမသွေ ကေန်မုချ ဖြစ်ပေတတ်သောသဘောရှိ၍ နိယာမတရားဟု ခေါ်သည်။

ဆရာတော်ဦးဝိမလသည် ကံနှင့်ပတ်သက်သော အကြောင်းအရာများ ဟောကြားပြီး ဆရာတော်ကိုယ်တိုင် ဖြတ်သန်းခဲ့ရသော ဘဝဇာတ်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းအား ပြောပြခဲ့ပေတော့သည်။ ဤတွင် ကျွန်ုပ်ရေးသားစီရင်အပ်သော အရိပ်ပမာ အမည်ရှိ တကယ့်ဖြစ်ရပ်မှန် ရသဝတ္ထုတစ်ပုဒ် ဖြစ်ပေါ်လာရတော့ပေသတည်း။

(စာရေးသူ)

(၂)

လွန်ခဲ့သော နှစ်ပေါင်းများစွာက မြေလတ်ပိုင်းဒေသတွင် လွန်စွာစည်ကားသော ဆိပ်ကမ်းမြို့လေးတစ်မြို့၌ ဝင်းအောင်ဟုခေါ်သော ဆိုက်ကားသမားတစ်ဦး ရှိလေ၏။ ဝင်းအောင်ဟုခေါ်လျှင် တစ်မြို့လုံး မသိသူမရှိလောက်အောင် လူချစ်လူခင်ပေါ်များလှပေ၏။

ဝင်းအောင်သည် အရက်၊ မိန်းမ၊ လောင်းကစား ကင်းရှင်းပြီး မိခင်ဖြစ်သူနှင့် ညီ၊ ညီမများအား ရိုးသားစွာ ရှာဖွေလုပ်ကိုင်ကျွေးလေ၏။ ဖခင်ဖြစ်သူ မရှိသည့်နောက်ပိုင်း အစ်ကိုကြီး အဖအရာဆိုသကဲ့သို့ မိသားတစ်စုလုံး၏ စားဝတ်နေရေးကို တာဝန်ယူရလေ၏။

မိခင်ဖြစ်သူမှ အကြော်ရောင်း၍လည်းကောင်း၊ ညီ၊ညီမများမှ ထင်းခွေ၊ ရေရောင်း တရားသဖြင့် ရှာဖွေကြသော်လည်း ကျောင်းသား ခုနစ်ယောက်၏ စရိတ်က အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ ရှိပေတော့သည်။ မည်မျှပင် ဆင်းရဲတွင်းနက်စေကာမူ ညီ၊ ညီမများ ပညာတတ်များဖြစ်ရေး ကြိုးစားကာ ရှာဖွေပေးလေ၏။

အခါခပ်သိမ်း ပြည့်စုံသည်တော့ မဟုတ်။ သူ့ခေတ် သူ့အခါက ဆိုက်ကားသမားများ ဝင်ငွေကောင်းကြသော်လည်း ကျောင်းသားများရှိနေခြင်းကြောင့် အဆင်မပြေနိုင်။ ညဥ့်ပိုင်း ဘူတာရုံ၊ သင်္ဘောဆိပ် စသော နေရာများတွင် ခရီးသည်ရှာရလေ၏။

ညဥ့်နက်ပိုင်း ရောက်လေ ငွေနှင့်အောင် ရလေပင်။ တချို့ မသမာသောသူများမှ ခရီးသည်ဆီကငွေများ လုတတ်ကြပေ၏။ မလိုလားအပ်သော ပြဿနာများရှိတတ်သဖြင့် လွန်စွာ သတိထားရလေ၏။ ပြဿနာဆိုသည်က ဆလိုက်ထိုး၍ ကြက်ယက်သလို ရှာလျှင်တောင်မှ တွေ့ချင်မှတွေ့တတ်ပေ၏။ တစ်ခါတစ်ရံ မရှာဘဲနှင့် ခြင်ထောင်ထဲ ဝင်လာတတ်ပြန်သည်။

လူတိုင်းကြီးပွားတိုးတက်ချမ်းသာချင်ကြသည်။ တရားသဖြင့်ရော၊ မတရားသဖြင့်ရော စီးပွားရှာနေကြသူတွေ လွန်စွာများပြားလေ၏။ တစ်ရာတစ်ယောက် ထွန်းပေါက်အောင်မြင်သူ လွန်စွာရှားပေ၏။ အချို့သောသူတို့မှာ ယခုဘဝ ကောင်းစားလျှင် ပြီးရော နောင်ဘဝဆိုတာ မြင်ရတာ မဟုတ်။ လက်ရှိဘဝတွင် လူတန်းစေ့နေနိုင်ရန် အရေးကြီးသည်။ လောဘ၊ ဒေါသများနှင့်သာ လွှမ်းခြုံ၍ နေပေ၏။ ဘယ်သူကတော့ ဘယ်ခွင်မှာ ဘယ်လိုလုပ်ရှားလို့၊ ဘယ်လိုပွသွားတာ စသည်ဖြင့် ကြားနေရပေသည်။ တိုက်ဂါးဖလားပြိုင်ပွဲကဲ့သို့ ဆိုက်ကားသမားဘဝမှာလည်း ပြိုင်ဆိုင်မှုတွေက ရှိနေဆဲ။

ငွေနောက်လိုက်လို့ မြွေပေါက်လိုက်သလို၊ ငွေရလွယ်လို့ လုပ်လိုက်ရာမှ ပြည့်တန်ဆာမှု၊ မူးယစ်ဆေးဝါးမှု၊ ခိုးရာပါပစ္စည်းလက်ခံမှုနှင့် မိမိပါ အဆစ်ပါပြီး ဒုက္ခရောက်သူတွေက ဒုနဲ့ဒေး။ မှန်မှန်ကန်ကန် သမားစဉ်အတိုင်း လုပ်ပြန်တော့လည်း အုံနာခပင် မရချင်။

လောဘဇောတိုက်ပြီး ကုန်တွေ အဆမတန် တင်၍ ဆိုက်ကားပျက်စီးတော့ အိတ်စိုက်ရသည့်အခါလည်း ရှိပေ၏။ ခရီးသည်၏ ဆန္ဒကိုလိုက်၍ အမြန်နှင်းမိရာမှ ယာဉ်ကြောမှားဝင်မိပြန်ရင်လည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးရုံးမှာ ရှင်းပေဦးတော့။ ငွေအရချောင်သော လူသေသယ်ခြင်းဆိုတာကလည်း တကယ့် ကံစမ်းမဲ၊ တစ်နှစ်တစ်ခါ ကြုံဖို့မလွယ်ကူ။ ကြုံခဲ့ပြန်တော့လည်း ရင်ဘတ်စည်တီး ငိုနေကြသူတွေဆီက ငွေကို နင်းယူဖို့က သဘာဝမကျ။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များနှင့် ကြုံကြိုက်သည့်အခါ ဂွတ်မောနင်း နှုတ်ဆက်ရုံရှိသေး၊ မင်္ဂလာပါ၊ ဆိုက်ကားအားသလား၊ ထမင်းစားပြီးပြီလား၊ အိမ်ထောင်ရှိလား၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ တရားစာအုပ်တွေ ဘယ်မှာရနိုင်မလဲ၊ ပုဂံရောက်ဖူးသလား။

ကိုယ့်တောင် ရောင်းစားသွားမှာကြောက်လို့ ဆိုက်ကားပေါ်က မဆင်းရဲ။ ဓမ္မစရိယအောင်ပြီးသားတောင် မှတ်ရရဲ့။ တစ်ခါတစ်ရံ ညဥ့်အချိန်မတော် မိန်းမပျိုလေးများ တည်းခိုခန်းသို့ ပို့ပေးရတတ်ပေ၏။ ရထားနောက်ကျလို့၊ သင်္ဘောနောက်ကျလို့ ဘညာသာ ရကာနှင့်။

မိမိတာဝန်က လိုရာခရီးကို ဘေးအန္တရာယ်ကင်းစွာ ပို့ဆောင်ပေးရုံသာ။ သူက တန်ရာတန်ကြေးပေးစီး

www.burmeseclassic.com

www.burmeseclassic.com

ည်။ ကိုယ်ကလည်း လိုရာခရီး ပို့ပေးရမည်။ ပရောပရည်လုပ်စရာမလို။ လူဆိုသည်က ကိုယ့်သမိုင်းကိုယ်ရေးကြရသည်။ လောက၏ နိယာမ အတိုင်း သစ်ပင်တို့သည် ရပ်တန့်မနေဘဲ ကြီးထွားလာသကဲ့သို့ မှီခိုအားထားနေကြသော ညီ၊ ညီမများသည်လည်း အတန်းကြီးလာလေ ကုန်ကျစရိတ်က ပိုကြီးမားလာလေပင် ဖြစ်ပေ၏။ ဖခင် ထားခဲ့သော မြေကွက်ကလေးပင် တစ်ပေချင်း ဖဲ့ရောင်းခဲ့ရာ သိပ်မကျန်တော့။ မိသားစုအဆင်ပြေရန် တရားနည်းလမ်းကျစွာ ရုန်းကန်ခဲ့ကြသော်လည်း အဆင်မပြေခဲ့။ အစိုးရရုံးပိတ်ရက်များတွင် မိသားစုအလိုက် ဝန်ထမ်းများ၊ ကျောင်းသူ၊ ကျောင်းသားများ ဘုရားဖူးထွက်ခြင်း၊ ပျော်ပွဲစားထွက်ခြင်းများ လိုက်လံပို့ဆောင်ပေးရသောအခါ အားကျစိတ်ဝင်ခဲ့ပြန်ပေ၏။

စိတ်ထဲမှပင် အားကျနိုင်ပေသည်။ လက်တွေ့ဘဝတွင် ဘယ်လိုမှ မဖြစ်နိုင်။ အသက်အရွယ်ရလာသော မိခင်ဖြစ်သူသည် ကျန်းမာရေးမကောင်းသဖြင့် အိပ်ရာထဲ လဲ၍နေပေတော့သည်။ ကျီးများပိုင်းအာသကဲ့သို့ ကျူရှင်ခ၊ အထူးထုတ် စသော ကျောင်းသားများရဲ့ လိုအပ်ချက်တွေ ...။

အဆိုးထဲက အကောင်းဆိုသကဲ့သို့ ဆိုင်ကယ်မှောက်သေသော လူငယ်တစ်ဦး အလောင်းသယ်ပေးလိုက်၍ မြက်မြက်လေးရလိုက်ဖြစ်၏။ နောက်တစ်လောင်းလောက် သယ်ရလျှင် တွက်ခြေကိုက်သော်လည်း ဆုမတောင်းကောင်း။ ရရှိထားသော ငွေကို အမေ့အတွက် ဆေးဖိုး၊ ကျူရှင်လခ၊ အထူးထုတ်၊ အိမ်သုံးစရိတ်စသည်ဖြင့် စဉ်းစားရင်း အိပ်ပျော်သွားရာ သင်္ဘောဆိုက်လာသည်ကို မသိလိုက်။

ဘဝတူ ဆိုက်ကားသမားများ တစ်ယောက်မှမရှိတော့။ ခရီးသည်မရ၍ ပြန်ရန်ပြင်လိုက်မှ ဆိုက်ကားအားလားဟူသော အသံကြောင့် လှမ်းကြည့်လိုက်ရာ အမူးသမားတစ်ယောက်ကို တွေ့လိုက်ရပေတော့သည်။ ဆိပ်ကမ်းတွင် လူရှင်းနေပေသည်။ ကံထူးရှင် အမူးသမားကြီးအား မိဘလိုသဘောထားကာ အသေအချာတွဲတင်၍ တည်းခိုခန်းသို့ လိုက်ပို့ရလေ၏။ တစ်လမ်းလုံး စကားတွေပြော၍ လိုက်လာလေ၏။

ဘာတွေပြောနေမှန်း မသိရသော်လည်း ဟုတ်ကဲ့၊ အင်း၊ ဒါပေါ့ အလိုက်သင့် ပြန်ဖြေရ၏။ စိတ်ထဲကလည်း အန္တရာယ်ကင်း ဘေးရှင်းစေဖို့ အကြိမ်ကြိမ်ဆုတောင်းပေးရပြန်ပေသည်။ မတော်တဆ ပြုတ်ကျပြီး သေသွားခဲ့သော် အမှုပတ်လာနိုင်သည်။

တည်းခိုခန်းသို့ ရောက်သောအခါ မန်နေဂျာ ကိုခင်ဇော်က လူရှာပေးသည့်အတွက် မုန့်ဖိုးပေးလေ၏။ ယိုအမူးသမားကြီးသည် တည်းခိုခန်းတွင် အရက်ထပ်မသောက်ပြန်၏။ မူးမူးနှင့် ထင်ရာမြင်ရာ လျှောက်ပြောနေသည်ကို ဆိုက်ကားခမရသေး၍ သည်းခံ၍ နားထောင်နေရပြန်ပေ၏။

ထိုအမူးသမားကြီးအား အိပ်ခန်းအတွင်းသို့ လိုက်ပို့သောအခါ အမူးသမားကြီးက ငွေစက္ကူတစ်အုပ်ထဲမှ ငွေစက္ကူများ ထုတ်ယူ၍ ဆိုက်ကားခပေးလေ၏။ နောက်ရက်များတွင်လည်း မြို့ထဲလျှောက်လည်လိုသဖြင့် မနက်ဖြန်လာခဲ့ရန် မှာကြားပြီး အိပ်လေ၏။

အမူးသမားကြီးအား စောင်များခြုံပေး၍ ခရီးဆောင်အိတ်ကြီးအား အိပ်ရာဘေးတွင်ထားကာ တံခါးပိတ်၍ ပြန်ခဲ့ရလေတော့သည်။ အိမ်ရောက်သောအခါ အလတ်ကောင်နှင့် အငယ်မတို့က မအိပ်ကြသေး။ စာကျက်၍နေကြသည်ကို တွေ့လိုက်ရပေ၏။ အမေက အိပ်နေပေပြီ။ အငယ်မက ကျူရှင်လခပေးရမှာဆိုသဖြင့် အမူးသမားကြီးပေးလိုက်သော ငွေထဲမှ ခွဲဝေပေးလိုက်ရာ ဒါမှ တို့အစ်ကိုကြီးဟု ကုန်းအော်သဖြင့် တစ်အိမ်လုံးနိုးလေတော့သည်။

အမေ့အတွက် ဆေးဖိုးချန်၍ ညီ၊ ညီမများကို ငွေများခွဲဝေပေးသောအခါ ညီအစ်ကိုမောင်နှမများ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နှင့် မြင်တွေ့လိုက်ရသောအခါ ဖြစ်ပေါ်လာသော ပီတိက ဘယ်အရာနဲ့မှ မလဲနိုင်။

(၃)

ဖြစ်ပေါ်လာသောပီတိက ဘယ်အရာနဲ့မှ မလဲနိုင်။ အရက်ကို နေ့ရောညရော သောက်နေသော အမူးသမားကြီးသည် တည်းခိုခန်းတွင် သုံးရက်ခန့်နေသွားလေ၏။ သူသွားလိုသော နေရာများအား ပို့ဆောင်ပေးရင်း သူ့ဘဝ၏ တစ်စိတ်တစ်ဒေသကို သိခွင့်ရခဲ့ပေတော့သည်။

ညီအစ်ကိုမောင်နှမ ငါးယောက်တွင် အစ်ကိုအကြီးဆုံး ဖြစ်ပေ၏။ မိဘများသဘောမတူသော အမျိုးသမီးနှင့် အိမ်ထောင်ပြုမိရာမှ မိဘများ၏ အမွေပြတ်စွန့်လွှတ်ခြင်းကို ခံခဲ့

www.burmeseclassic.com

www.burmeseclassic.com

ရပေ၏။ ဘဝများစွာကျင်လည်ရင်း ယခု မိခင်ဖြစ်သူ ဆုံးပါးသွားခဲ့လေပြီ။ မိခင်ဖြစ်သူ၏ သေတမ်းစာအရ အမွေ တစ်ပြားမှ မရလိုက်။

ထိုအရက်သမားကြီး ပြန်သွားသောအခါ ဝင်းအောင် စိတ်ထဲဝယ် အတွေးတွေက ဟိုရောက်၊ ဒီရောက်။ ထိုအမူးသမားကြီးတွင် ကြွယ်ဝချမ်းသာသော ညီ၊ ညီမများ ရှိလေသည်။ သူတို့အားလုံးသည် အမွေရထား၍ လွန်စွာ ကြွယ်ဝချမ်းသာကြပေသည်။ ဝင်းအောင်သည် ညညအိပ်မပျော်နိုင်။ မိသားတစ်စုလုံး ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေနိုင်ရန် ဒီတစ်သက် ဘယ်လိုမှ မဖြစ်နိုင်။ မိသားတစ်စုလုံး ကောင်းစားရေးအတွက် အလုပ်တစ်ခုကို ပြတ်ပြတ်သားသား လုပ်ဆောင်ရန် ဆုံးဖြတ်ချက် ချလိုက်ရပေတော့သည်။

ကျောင်းများပိတ်သည်နှင့် ညီ၊ ညီမများအား ကျောင်းထွက်စေ၏။ မိသားစုပိုင်ဆိုင်သော ပစ္စည်းများ ရောင်းချ၍ ထီပေါက်သည်ဟု သတင်းလွှင့်က ထိုမြို့လေးမှ ခြေရာပျောက်သွားခဲ့ပေ၏။ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသသို့ ပြောင်းရွှေ့သွားကြသည်ကို မည်သူမှ တိတိကျကျ မသိလိုက်။

ဝင်းအောင်သည် လက်ထဲတွင် ရှိသော ငွေနှင့် သူ၏စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လေတော့သည်။ အရက်သမားကြီး၏ ညီမအငယ်ဆုံးသည် မြို့မျက်နှာဖုံး သူဌေးစာရင်းဝင်တစ်ဦး ဖြစ်ပေသည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိလေ၏။

နေအိမ်တွင်မရှိသော သမီးဖြစ်သူ၏ သူငယ်ချင်းအဖြစ် ညီမဖြစ်သူက ဟန်ဆောင်ရလေ၏။ အိမ်ထဲသို့ရောက်သောအခါ ဓားဖြင့်ထောက်၍ အနုကြမ်းစီးလေတော့သည်။ ထိုမြို့လေးတွင် နေ့ခင်းကြောင်တောင် အနုကြမ်းစီးသော သတင်းက ပျံ့နှံ့၍သွားခဲ့ပေ၏။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ မြေလှန်၍ ရှာဖွေသော်လည်း အစအန ဘာမှ မရခဲ့။ ဝင်းအောင်တို့ မိသားစုသည် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ကာ တိမ်းရှောင်နေပေ၏။

တစ်သက်တွင် တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးသော ရွှေငွေများနှင့် အိမ်ကျ၍နေပေတော့သည်။ မိသားစုစီးပွားရေးကိုလည်း ခိုင်မာအောင် တည်ဆောက်ထားလေ၏။ ရရှိထားသော ငွေနှင့် လက်ဝတ်ရတနာတို့မှာ ဟစ်သက်စားမကုန်ဟုပင် ထင်ခဲ့မိပေတော့သည်။

လောက၏ နိယာမတရားအရ ကံ–ကံ၏အကျိုးကို ဘယ်သူမှ ရှောင်ကွင်းလို့မရနိုင်။ သူတစ်ပါးထံက မတရားရယူခဲ့သော စည်းစိမ်ဥစ္စာဆိုသည်က သမုဒ္ဒရာရေမျက်နှာထက် ခဏတက်သော ရေပွက်ပမာ ဖြစ်ခဲ့ရပေတော့သည်။

နိုင်ငံတော်အစိုးရမှ လက်ရှိသုံးစွဲနေသော ငွေစက္ကူများအား တရားမဝင် ငွေစက္ကူအဖြစ် ကြေညာလိုက်သောအခါ မျောက်ကို မျက်စဉ်းခပ်သကဲ့သို့ ဖျပ်ဖျပ်လူးအောင် ခံစားလိုက်ရပေတော့သည်။

တစ်ချိန်က ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်စားသောက်ခဲ့ကြသော်လည်း စည်းစိမ်ဥစ္စာပြည့်စုံစွာ နေထိုင်ရသောအခါ ဆင်းရဲမှာ လွန့်စွာ ကြောက်ရွံ့၍ သွားခဲ့ပေတော့သည်။ ချမ်းသာသောနည်းလမ်းကို ရှာဖွေတွေ့ရှိထားသော ဝင်းအောင်သည် နောက်တစ်ကြိမ် ပြစ်မှုကျူးလွန်ပြန်လေ၏။

ကံကြမ္မာဆိုသည်မှာ သူထင်သလို ဖြစ်မလာခဲ့။ တရားဥပဒေဘောင်တွင်းသို့ သက်ဆင်းခဲ့ရပေတော့သည်။ ယခင်ကျူးလွန်ခဲ့သော ပြစ်မှုသည် နှစ်ကာလကြာသည်ကတစ်ကြောင်း၊ သက်သေအထောက်အထား မခိုင်လုံသည်ကတစ်ကြောင်း ကွင်းလုံးကျွတ် လွတ်ခဲ့ပါသော်လည်း လက်ရှိကျူးလွန်ခဲ့သော ပြစ်မှုတွင် ပြစ်မှုထင်ရှားသည်ဖြစ်၍ ပုဒ်မ ၃၉၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ် ကျခံစေရန် ရုံးတော်မှ အမိန့်ချမှတ်လိုက်လေတော့သည်။

နိုင်ငံတော်မှပေးသော ပြစ်ဒဏ်ကို ခံယူပြီး သံသရာဝဋ်ဆင်းရဲအား လွန့်စွာကြောက်ရွံ့၍ ဦးဝိမလဘွဲ့တော်ဖြင့် ရဟန်းဘဝသို့ ပြောင်းလဲခဲ့ရပေတော့သည်။ မိမိသွားရာအရိပ်သို့ အရိပ်သည် ထက်ကြပ်မကွာ လိုက်ပါသကဲ့သို့ မိမိပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်တို့သည် နောက်မှ အရိပ်ပမာ လိုက်လျက်ရှိပေတော့သည် တကား။

မုံရွာအောင်စကြာ

(ဇာတ်လမ်းပြောပြပေးသော နယ်ထိန်းတပ်ကြပ်ကြီး ခင်ဌေးအား အထူးကျေးဇူးတင်ရှိမိသည်။)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပန်ကူတင်၏ ကျောင်းနေဖက်

မြသိန်း

ကိုင်ရိုမြို့၏ မေလ။

ဆာလာဟာဒင်သည် သူ၏ရုံးခန်းထဲရှိ ပန်ကာအောက်၌ထိုင်ရင်း ရှေးဟောင်းကမ္ဘည်းကျောက်စာပညာရှင် ပီယာဆင်ကို စောင့်နေသည်။ ချိန်းထားချိန်ထက် ကျော်လွန်နေပြီ။

အီဂျစ်ရှေးဟောင်းရတနာပစ္စည်းများကို စောင့်ရှောက်ရန် တာဝန်ပေးထားခြင်းခံရသော စုံထောက် ဆာလာဟာဒင်သည် ပီယာဆင်တည်းခိုရာ ဟိုတယ်သို့ တယ်လီဖုန်းဆက်သည်။

"နိုင်းဟိုတယ်ကပါ" တစ်ဖက်မှ အသံ။

"ကျုပ်စုံထောက်ဆာလာဟာဒင်ပါ။ ဟိုတယ်မန်နေဂျာနဲ့ စကားပြောချင်ပါတယ်"

BURMESE CLASSIC .com

ခဏအကြာ ...

"ကျွန်တော် ဟိုတယ်မန်နေဂျာပါ။ ဘာကူညီရမလဲ"

"မစ္စတာ ပီယာဆင်နဲ့ စကားပြောချင်တယ်"

"ဪ... ရှေးဟောင်းကျောက်စာပညာရှင် ပီယာဆင်လား"

"ဟုတ်ပါတယ်"

"ပြောရမှာ စိတ်မကောင်းပါဘူး"

"ဘာဖြစ်လို့များပါလိမ့်"

"သူ ... သူ့အခန်းထဲမှာ သေနေတာ ဒီမနက်တွေ့လိုက်ရတယ်။ သူ အသတ်ခံရတယ်" မန်နေဂျာက ပြောလိုက်သည်။

ဆာလာဟာဒင် နိုင်းလ်ဟိုတယ်သို့ အမြန်သွားသည်။

ပီယာဆင်အသတ်ခံရသော အခန်းထဲ၌ ရဲအင်စပက်တော် အာမက်နှင့်တွေ့သည်။ အာမက်နှင့်သူသည် ကျောင်းနေဖက်ဖြစ်သည်။

ပီယာဆင်သည် အိပ်ရာပေါ်တွင် မားတန်းလန်းနှင့် ...။

"မင်း ... ဘာလာလုပ်တာလဲ" အာမက်က မေးသည်။

"သူအီဂျစ်က မထွက်ခွာမီ ငါနဲ့ ချိန်းထားတယ်"

ဆာလာဟာဒင်၏ အဖြေ။

"သူဘာ့ကြောင့် အသတ်ခံရတယ်လို့ မင်းထင်သလဲ"

အာမက်က မေးသည်။

"ငါဘယ်သိမလဲ" ဆာလာဟာဒင်က ဖြေသည်။

"အခန်းရဲ့ ဟိုထောင့်မှာ ထပ်ထားတဲ့သေတ္တာတွေဟာ ပီယာဆင်ရဲ့သေတ္တာတွေပဲဖြစ်ရမယ်။ ငါတို့စစ်ကြည့်ရအောင်"

ဆာလာဟာဒင်သည် သေတ္တာများကို ညွှန်ပြရင်း ပြောသည်။ အာမက်သည် သူ့တပည့်ရဲသားတစ်ယောက်ကို ခေါ်၍ သေတ္တာများကို ဖွင့်ပြီး စစ်နေစဉ် ဆာလာဟာဒင်သည် စားပွဲပေါ်ရှိ စာရွက်စာတမ်းများကို စစ်ဆေးသည်။ မြေပုံတစ်ရွက်ပေါ်၌ ဆားတောင်ကြားဟူသော စာလုံးများရေးထားသည်။ "ဒီစာရွက်တွေဟာ အရေးကြီးတယ်။ ငါယူသွားမယ်" ဟာဒင်သည် အာမက်တို့အလစ်တွင် မြေပုံစာရွက်နှင့်အတူ စာရွက်များကို ခေါက်၍ သူ၏ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်သည်။

"သေတ္တာတွေထဲမှာ ဘာအဖိုးတန်ပစ္စည်းတွေမှ မတွေ့ရဘူး။ မြေကြီးတူးတဲ့ ကိရိယာမျိုးစုံသာ တွေ့ရတယ်" အာမက်က ပြောသည်။

ထိုအခိုက် ဆာလာဟာဒင်သည် အကြံတစ်ခုရသည်။

"ဒီသေတ္တာတွေကို သယ်လာတဲ့ အလုပ်သမားတွေနဲ့ တွေ့ချင်တယ်"

မန်နေဂျာကို ပြောသောကြောင့် မန်နေဂျာသည် အလုပ်သမားနှစ်ယောက်ကို ခေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားနှစ်ယောက်က သူတို့တစ်ယောက်ကို သေတ္တာသုံးလုံးစီသယ်ခဲ့ကြောင်း။ အခုသေနေသူကတော့ သူကိုယ်တိုင် သေတ္တာငယ်တစ်လုံးသယ်လာတော့ အားလုံး သေတ္တာခုနစ်လုံးပါဟု ပြောပြကြသည်။

"ဒီလိုဆိုရင် သေတ္တာတစ်လုံး ပျောက်နေပြီ"

ဆာလာဟာဒင်က အာမက်ကို ပြောလိုက်သည်။

သူတို့အခန်းထဲမှ ထွက်လာကြသည်။

"ပျောက်နေတဲ့ သေတ္တာကိုရှာဖို့ မင်းကူညီပါ အာမက်" ဆာလာဟာဒင်က ပြောသည်။

BURMESE CLASSIC .com

"ငါ ဘာကူညီရမလဲ"

"လူသတ်သမားဟာ သေတ္တာကို တက္ကစီနဲ့ ယူသွားတာ ဖြစ်ရမယ်။ တက္ကစီတိုင်းမှာ ဝါယာလက်စက်တွေပါတော့ မင်းတို့ရဲ့ဌာနချုပ် ဝါယာလက်စက်ကတစ်ဆင့် ... နေဦး။ ပီယာဆင် ဘယ်အချိန်သေတာလဲ"

"ငါတို့ စစ်ဆေးတွေ့ရှိချက်အရ မနက် ၁၀ နာရီခွဲလောက်မှာ" အာမက်၏ အဖြေ။

"နိုင်းလ် ဟိုတယ်အနီးတွင် နံနက် ၁၁ နာရီဝန်းကျင်၌ သေတ္တာတစ်လုံးသယ်၍ လူတစ်ယောက် တက္ကစီငှားစီးသွားတယ်။ ထိုလူစီးသွားသော တက္ကစီ၏ ယာဉ်မောင်းသူနှင့် ရဲတပ်ဖွဲ့စကားပြောစရာရှိတယ်။ အနီးဆုံးရဲစခန်းကို သတင်းပို့ဆိုပြီး အကြောင်းကြားပေးပါ သူငယ်ချင်း။ ကဲ ... ကိုယ် ကိုယ့်ရုံးခန်းမှာ သွားနာဦးမယ်။ ထူးရင်ဖုန်းဆက် သူငယ်ချင်း"

"စိတ်ချ ... စိတ်ချ" အာမက်က ပြောသည်။

ထိုညနေစောင်းတွင် ဆာလာဟာဒင်၏ တယ်လီဖုန်း အသံမြည်လာသည်။

"ငါတို့ကံကောင်းတယ်။ တက္ကစီဒရိုင်ဘာတစ်ယောက် ငါ့ရုံးခန်းရောက်နေပြီ။ နိုင်းလ်ဟိုတယ်အနီးမှာ လူတစ်ယောက် သေတ္တာတစ်လုံးနဲ့ သူ့ကားကို ငှားစီးသွားတယ်တဲ့" အာမက်က ပြောသည်။

"ဘယ်အချိန်တဲ့လဲ"

"မနက် ၁၁ နာရီလောက်မှာတဲ့"

"အေး ... သူနဲ့ငါ ပြောချင်တယ်။ ငါအခုလာခဲ့မယ်"

ဆာလာဟာဒင်သည် အာမက်ရုံးခန်းတွင် လူကောင်ခပ်ဝဝ တက္ကစီဒရိုင်ဘာကို တွေ့လိုက်ရသည်။

"မင်းကားကို စီးသွားတဲ့ အဲဒီ သေတ္တာနဲ့လူရဲ့ ပုံသဏ္ဍာန်ကို ပြောပါ"

"အရပ်မြင့်တယ်။ ပခုံးကျယ်ကျယ်၊ ဆံပင်က အနက်ရောင်၊ အာရပ်စကားပြောတယ်။ အာရပ်တော့ မဟုတ်ဘူး။ ဥရောပတိုက်သားပဲ"

"သူ့ကို ဘယ်ကို ပို့ပေးရသလဲ"

"ကိုင်ရိုဘူတာရုံကို သူက ဘူတာရုံကို မွန်းတည့် ၁၂ နာရီ မတိုင်မီ အရောက်သွားချင်တယ်တဲ့"

"ကိုင်ရိုဘူတာရုံက မွန်းတည့် ၁၂ နာရီမှာ ဘယ်ရထား ဘယ်ကိုထွက်သလဲ" ဆာလာဟာဒင်က မေးသည်။

"အမြန်ရထား ... အလက်ဇန်းဒြီးယားသွား အမြန်ရထား။ အဲဒီရထားက အလက်ဇန်းဒြီးယားကို မွန်းလွဲ ၂ နာရီခွဲရောက်တယ်"

ဒရိုင်ဘာထံမှ သူသိလိုသော အချက်များရ၍ ဆာလာဟာဒင်ပျော်သွားသည်။

ဆာလာဟာဒင်သည် အလက်ဇန်းဒြီးယား သဘော်ာဆိပ်ရှိ လုံခြုံရေးအကြီးအကဲထံ တယ်လီဖုန်းဖြင့် ဆက်သွယ်သည်။

"အရပ်မြင့်မြင့်၊ ဆံပင်နက်နက်နှင့် လူတစ်ယောက်။ ညနေ ၆ နာရီတွင် လေးလံပုံရသော သေတ္တာတစ်လုံးနှင့် အတူ ရောက်လာသည်။ သူသည် ဆွီဒင်နိုင်ငံကူးလက်မှတ် ကိုင်ထားသည်။ သူ့သေတ္တာမှာ စာအုပ်သေတ္တာဟုပြော၍ ဖွင့်မကြည့်ပါ။ သူသည် ဆူဒန်သဘော်ာနှင့် ညနေ ၆ နာရီခွဲတွင် ဘေရွတ်သို့ လိုက်ပါသွားသည်"ဟူ၍ သတင်းရသည်။

"ကနေ့ တနင်္လာနေ့ဆိုတော့ သဘော်ာဟာ ဘေရွတ်ကို မနက်ဖြန်အင်္ဂါနေ့ညနေမှ ရောက်မယ်။ အဲဒီတော့ ငါ ဘေရွတ်ကို လေယာဉ်နဲ့သွားမယ်"

ဆာလာဟာဒင်ကို အာမက်က ကူညီသည်။

ညဥ့်နက်မှ အိမ်ပြန်ရောက်လာသော ဆာလာဟာဒင်သည် မအိပ်မီ ဟိုတယ်မှ သူယူလာခဲ့သော စာရွက်စာတမ်းများနှင့် မြေပုံကို ဖတ်သည်။

"အသက်ငယ်ငယ်နှင့်သေသွားသော ဖာရိုဘုရင်ကလေး အန်ကူတင်သည် အီဂျစ်မှ ဆူဒန်သို့အသွား သေဆုံးသွားရာ ဆားတောင်ကြားတွင် ဂူသွင်းသင်္ဂြိုဟ်သည်။ ကြောင်နက်ကို ချစ်သော ဘုရင်နှင့်အတူ ရွှေဖြင့်ပြုလုပ်ထားသော ကြောင်ရုပ်ပေါ်တွင် အနက်ရောင်ဆေးခြယ်ပြီး ဂူထဲထည့်ပေးလိုက်သည်။ ကြောင်မျက်လုံးကလေးများမှာ စိန်များဖြစ်ပြီး ကြောင်လည်ပင်းတွင် ဆွဲကြိုးတစ်ကုံးပါသည်။

"ပီယာဆင်သည် အန်ကူတင်၏ ကြောင်နက်ကို တွေ့သလား။ ရွှေကြောင်နက်အစစ်လား။ အတုလား"

ဆာလာဟာဒင်စဉ်းစားသည်။

အင်္ဂါနေ့နံနက် ၁၀ နာရီခွဲခန့်၌ ဆာလာဟာဒင် ဘေရွတ်လေဆိပ်သို့ ရောက်လာသည်။

ဆူဒန်သဘော်ာသည် ညနေ ၆ နာရီခွဲလောက်မှ ရောက်မည်ဟု သူစုံစမ်း

www.burmeseclassic.com

www.burmeseclassic.com

ရှိရသည်။

အချိန်ရသေးသောကြောင့် သူသည် ကိုင်ရိုတက္ကသိုလ်၌ သူနှင့် ကျောင်းနေဘက်ဖြစ်ခဲ့သူ ဖော့ဘ်ထံသွားသည်။ ဖော့ဘ်သည် ဘေရွတ်ရှိ ရှေးဟောင်းပစ္စည်းများထိန်းသိမ်းရေးဌာန၌ တာဝန်ထမ်းနေသည်။

ဆာလာဟာဒင်သည် တက္ကစီဖြင့် ဖော့ဘ်ထံသွားသည်။ ဖော့ဘ်ကို သူလာရသည့်အကြောင်းရင်းကို ပြောပြသည်။

ညနေ ၅ နာရီတွင် ဆာလာဟာဒင်နှင့် ဖော့ဘ်သည် ဖော့ဘ်ကားဖြင့် ဘေရွတ်သင်္ဘောဆိပ်သို့ သွားကြသည်။ သင်္ဘောမဆိုက်သေး။ သူတို့ကားနှင့် မလှမ်းမကမ်း၌ ကားနက်ကြီးတစ်စီးရပ်ထားရာ ဖော့ဘ်က ''အဲဒီကားနက်နောက်ခန်းမှာထိုင်နေသူဟာ ရှေးဟောင်းပစ္စည်းစုဆောင်းပြီး အရောင်းအဝယ်လုပ်သူ''ဟု ပြောသည်။

ဆူဒန်သင်္ဘောဆိုက်လာပြီး သင်္ဘောပေါ်မှလူများ ဆင်းလာကြသည်။ ဆင်းလာသူများ အနည်းငယ်ပါးသွားသောအခါ ''အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်လူတစ်ယောက် ဆင်းလာပြီ'' ဆာလာဟာဒင်က ပြောသောအခါ ဖော့ဘ်က ''သူ့ကို ငါသိတယ်။ ဆွီဒင်လူမျိုး သူ့အမည်က ဘော့ကမင်း။ သူလည်း ရှေးဟောင်းပစ္စည်း ဝါသနာအိုး။ ငါတို့ပြတိုက်ကို လာလေ့ရှိတယ်''ဟု ပြောသည်။

''သူ့လက်ထဲမှာ သေတ္တာမတွေ့ဘူး'' ဆာလာဟာဒင်က ပြောသည်။

''အေး ... ဟုတ်တယ်။ အလုပ်သမားနဲ့ သယ်ခိုင်းသလား'' ဖော့ဘ်က ပြောသည်။

ဘော့ကမင်းသည် တက္ကစီတစ်စီးပေါ်တက်သွားသည်။ သူနှင့်အတူ သေတ္တာပါမလာသည်မှာ သေချာသည်။ တက္ကစီကားထိုးလိမ့်သွားလေပြီ။ တက္ကစီကားနောက်သို့ ကားနက်ကြီးလိုက်သွားသည်။

''ငါတို့လည်း သူတို့နောက်လိုက်ကြစို့'' ဆာလာဟာဒင်က ပြောသည်။

ကားသုံးစီးသည် ကားလမ်းပေါ်တွင် သွားနေသည်။

''အခု ဘယ်သွားနေတာလဲ'' ဆာလာဟာဒင်၏ အမေး။

''ငါတို့ရွာကိုကျော်ပြီး ပိုမြင့်တဲ့ အာအာဘက်ရွာကို သွားနေတာ။ အဲဒီမှာ ရှေးဟောင်းအဆောက်အဦပျက်တွေရှိတယ်''

ဖော့ဘ်က ပြောသည်။

ကားသုံးစီးစလုံး မတ်စောက်သောတောင်ပေါ်လမ်းသို့ မောင်းတက်သွားစဉ် ကားနက်သည် အရှိန်မြှင့်၍ တက္ကစီကို ကျော်တက်သော်လည်း တက္ကစီကလည်း အရှိန်မြှင့်လိုက်သောကြောင့် ကားနှစ်စီးစလုံး ဘေးချင်းယှဉ်ပြေးနေရာ လမ်းကွေ့တစ်နေရာ၌ ကားနှစ်စီး ဘေးချင်းယှဉ်တိုက်မိသွားပြီး တောင်အောက်သို့ လိမ့်ကျသွားသည်။

ဖော့ဘ်သည် သူ၏ကားကို လမ်းနံဘေး ထိုးရပ်လိုက်သည်။ သူတို့နှစ်ယောက် ကားပေါ်မှဆင်းပြီး ကားနှစ်စီးကျသွားရာနေရာသို့ သွားကြည့်ရာ ကားနက်ကြီးသည် လမ်း၏အောက်ဘက် မီတာ ၂၀၀ ခန့်နေရာ၌ မီးလောင်နေ၏။ တက္ကစီမှာမူ သစ်ပင်တစ်ပင်နှင့် ငြိနေသည်။

သူတို့သည် တက္ကစီရှိရာသို့ ခက်ခက်ခဲခဲ ဆင်းသွားကြသည်။ တက္ကစီမောင်းသမားမှာ သေနေပြီ။ ဘော့ကမင်းမှာမူ ကားထဲမှ ထွက်ကျပြီး ချုံပုတ်နားရောက်နေသည်။ သူမသေသေး။

''ကားနက်ကြီးရော'' ဘော့ကမင်းက မေးသည်။

''မီးလောင်ပြီး သေကုန်ပြီ''

''ခင်ဗျားတို့ ဘယ်သူတွေလဲ''

''ကျုပ်တို့လမ်းသွားလမ်းလာသူတွေပါ'' ဖော့ဘ်က ဖြေသည်။

''ကျုပ်ကို ကူညီပါ။ အာအာဘက်ဘက်ကို သွားပေးပါ။ ဂျူးဆက်ကာဖီဆိုင်ရှင် ဂျူးဆက်ကိုပြော၊ ပီယာဆင်သေပြီ။ ကြောင်နက်ကို ပီတာဆင်ကို အလက်ဖန်းဒြီးယားမှာပေးလိုက်ပြီ။ သူကသင်္ဘောနဲ့ အေသင်ကိုဆက်သွားပြီလို့ပြော'' ဘော့ကမင်း ဆက်မပြောနိုင်တော့ သူသေသွားလေပြီ။

''ကိုင်း ... ငါတို့ကြောင်နက်ကို ခြေရာခံမိပြီ။ ငါ ... အေသင်ကို လေယာဉ်နဲ့ အမြန်လိုက်မှဖြစ်မယ်။ မင်းက မနက်ဖြန်မှ ရဲတွေကို ပြောပြပေတော့'' ဆာလာဟာဒင်သည် ဖော့ဘ်ကို ထိုသို့ပြောလိုက်သည်။ ထို့နောက် သူတို့သည် ကားရှိရာသို့သွား၍ ကားကို နောက်ပြန်ကွေ့၍ ထိုနေရာမှ အမြန်ဆုံးထွက်လာကြသည်။

ည ၁၀ နာရီတွင် ဖော့ဘ်အိမ်သို့ ပြန်ရောက်လာကြသည်။ ဖော့ဘ်သည် နောက်တစ်နေ့တွင် ဆာလာဟာဒင် အေသင်သွားရန် လေယာဉ်လက်မှတ်ရရေး တယ်လီဖုန်းဖြင့် ဆောင်ရွက်ပေးသည်။

နောက်တစ်နေ့တွင် အေသင်လေဆိပ်သို့ ရောက်လာသော ဆာလာဟာဒင်သည် အေသင်သင်္ဘောဆိပ်၌ ဆီးရီးယားသင်္ဘောအကြောင်း စုံစမ်းသည်။

''နေ့လယ် ၁၂ နာရီရောက်မယ်။ ညနေ ၄ နာရီမှာ ဗင်းနစ်ကို ဆက်ထွက်မယ်''ဟု စုံစမ်း၍ ရသည်။

ဆီးရီးယား သင်္ဘောရောက်လာပြီး နောက် သင်္ဘောပြန်ထွက်ခါနီးမှ ဆာလာဟာဒင်သည် အထက်တန်းလက်မှတ်ဝယ်၍ သင်္ဘောပေါ်တက်သွားသည်။ အခန်းအမှတ် ၂၃ တွင် နေရာရသည်။

www.burmeseclassic.com

အခန်း ၂၂ မှာ ပီတာဆင်ဆိုသူ၏ အခန်းဟု အခန်းစောင့်က ပြောသည်။

ည ၈ နာရီ ညစာစားချိန်၌ ပီတာဆင် ညစာသွားစားသောအခါ ဆာလာဟာဒင်သည် အခန်းစောင့်အခန်းထဲမှ အခန်း ၂၂ သော့အပိုဖြင့် ပီတာဆင်အခန်းထဲဝင်၍ သေတ္တာကိုရှာရာ ကြောင်နက်သေတ္တာကို ရေချိုးခန်းထပ်ခိုးတွင် ဝှက်ထားသည်ကို တွေ့ရသည်။ သေတ္တာကိုဖွင့်ရာ ကြောင်နက်ရုပ်ကို တွေ့သည်။

ထိုအခိုက် အခန်းတံခါး ရုတ်တရက်ပွင့်လာသည်။ ပီတာဆင်သည် လက်ထဲမှ သေနတ်ဖြင့် ဆာလာဟာဒင်ကို ချိန်ထားရင်း တံခါးကို ပြန်ပိတ်ပြီး ဝင်လာသည်။

"မလှုပ်နဲ့၊ လက်မြှောက်ထား" ပီတာဆင်က ပြောသောကြောင့် ဆာလာဟာဒင်သည် မတ်တတ်ရပ်ရင်း လက်မြှောက်ထားလိုက်သည်။

"မင်းဘယ်သူလဲ" ပီတာဆင်က ထန်ထန်မေးသည်။

"ဘော့က မင်းက လွှတ်လိုက်လို့ပါ"

"မဟုတ်ဘူး။ မင်းကြောင်နက်ကို လိုက်ရှာနေတယ်ဆိုတော့ မင်းဟာ အနီရောင်လက်ဂိုဏ်းက ဖြစ်ရမယ်"

ပီတာဆင်သည် တံခါးကိုဖွင့်လိုက်ရင်း ...

"မင်းလက်နှစ်ဖက်ကို အောက်ချ၊ လက်တွေကို နောက်ကျောဘက်ပစ်ပြီး ထွက်၊ လှေကားအတိုင်း အပေါ်ဆုံးထပ်ကိုတက်"ဟု အမိန့်ပေးသောကြောင့် ဆာလာဟာဒင်သည် အမိန့်အတိုင်းလုပ်ရသည်။

အပေါ်ဆုံးထပ်တွင် လူရှင်းနေသည်။

သင်္ဘောလက်တန်းနားတွင် ပီတာဆင်က ရပ်ခိုင်းလိုက်ပြီး သူ့ဘက်လှည့်ခိုင်းသည်။

"မင်းဘယ်သူလဲ မှန်မှန်ဖြေ"

"ဘော့ကမင်း သေပြီ။ ဂျူးဆက်လည်း အဖမ်းခံလိုက်ရပြီ။ ဘားအာရ်လက်ဂိုဏ်းလည်း ပြိုသွားပြီ။ ပုလိပ်တွေ ဗင်းနစ်ဆိပ်ကမ်းမှာ စောင့်နေတယ်"

"ငါ မယုံဘူး။ မင်းဘယ်သူလဲ၊ မှန်မှန်ပြော"

"ကျုပ် အီဂျစ်က ရဲအင်စပက်တော်တစ်ယောက်"

ပီတာဆင် တွေဝေသွားစဉ် သင်္ဘောသည် လှိုင်းဒဏ်ကြောင့် ယိမ်းသွားရာ ပီတာဆင် ယိမ်းယိုင်သွားသည်။

ဤသည်ကို ဆာလာဟာဒင်က အခွင့်ကောင်းယူ၍ ပီတာဆင်၏ သေနတ်ကိုင်ထားသော လက်ကို ခြေတစ်ဖက်ဖြင့် ရုတ်တရက် ကန်ထည့်လိုက်ရာ သေနတ်အောက်သို့ကျသွားသည်။ ပီတာဆင်က သေနတ်ကို ကောက်ယူရန် အားထုတ်စဉ် ဆာလာဟာဒင်သည် ပီတာဆင်၏ဇက်ပိုးကို သူ၏ သန်မာသော လက်နှစ်ဖက်ဖြင့် လက်ဝါးစောင်းခုတ်ပြီး ပီတာဆင်၏ လက်နှစ်ဖက်ကို ဆွဲလိမ့်ဖမ်းချုပ်လိုက်သည်။ ၎င်းနောက် ပီတာဆင်ကို လက်တန်းဆီသို့ လျင်မြန်စွာ ဆွဲခေါ်ခဲ့ပြီး လက်တန်းမှကျော်၍ ပင်လယ်ထဲသို့ ပစ်ချလိုက်သည်။

ပီတာဆင်သည် အသံကုန်အော်ဟစ်ရင်း ပင်လယ်ထဲကျသွားလေတော့သည်။

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ဆာလာဟာဒင်သည် ကြောင်နက်သေတ္တာကို ဆွဲ၍ သင်္ဘောပေါ်မှ ဗင်းနစ်ဆိပ်ကမ်းသို့ ခရီးသည်များနှင့် ရော၍ ဆင်းလာသည်။

ဗင်းနစ်မှ ရောမသို့ မီးရထားဖြင့် သွားပြီး ရောမမှ ကိုင်ရိုသို့ လေယာဉ်ဖြင့် ပြန်လာသည်။

ကိုင်ရိုတွင် သူ၏ အထက်အရာရှိကြီးနှင့် တွေ့၍ အစီရင်ခံပြီး ကြောင်နက်သေတ္တာကို အပ်လိုက်သည်။

၎င်းနောက် ဖော့တ်နှင့် ဆက်သွယ်၍ အကျိုးအကြောင်းပြောပြသည်။ ဖော့တ်ကလည်း ဂျူးဆက်နှင့် သူ့ဂိုဏ်းသားများ ဂျူးဆက်၏ ပြိုင်ဘက် အနီရောင် လက်ဂိုဏ်းကိုလည်း ရဲတို့က ဖြိုခွင်းလိုက်ပြီဖြစ်ကြောင်း ပြောပြသည်။

ကြောင်နက်သည် ကိုင်ရိုပြတိုက်သို့ ရောက်သွားသည်။ ပြတိုက်တာဝန်ခံ ပိုက်ဖယ်သည် ကြောင်နက်ကို စစ်ဆေးပြီး –

"သက်တမ်းက အတော်ကြာနေပြီ။ ရွှေနဲ့လုပ်ထားတာမဟုတ်ဘူး။ အင်မတန်လေးတဲ့ သစ်သားတစ်မျိုးနဲ့ လုပ်ထားတာပဲ။ နောက်ပြီး မျက်လုံးတွေ လည်းပတ်တွေမှာလည်း စိန်အစစ် မဟုတ်ဘူး။ ယဉ်ကျေးမှုအရ အလွန်တန်ဖိုးရှိတယ်"

"နှစ်ပေါင်း ၂၀၀၀ ကျော်က လက်ရာ"ဟု ဆာလာဟာဒင်ကို ရှင်းပြပါသည်။

နောက်ခြောက်လအကြာ –

ကိုင်ရိုပြတိုက်၏ ရှေးဟောင်းအမွေအနှစ် ပြပွဲခန်းတွင် အန်ကူတင်၏ ရတနာများထားရာ အခန်းတစ်နေရာ၌ မှန်ဗီရိုကပ်ခု၏ အလယ်တွင် ကြောင်နက်ကို ပြထားရာ ကြောင်နက်ထိုင်နေသောနေရာ အောက်၌ –

"အန်ကူတင်၏ ကြောင်နက်၊

ဆာလာဟာဒင် အယ်ဒူးလှူဒါန်းသည်"ဟူသော စာတန်းရေးထိုးထားသည်ကို ဆာလာဟာဒင် ဖော့တ်နှင့် ဖော့တ်ဇနီးတို့ ဖတ်လိုက်ရ၏။

မြသိန်း

(John Miline ၏ The Black Cat)

www.burmeseclassic.com

www.burmeseclassic.com

လူ

မောင်မြင့်မား(ဘိုကလေး)

အိမ်နှင့် ရုံးက တစ်မိုင်မျှ လမ်းလျှောက်ရသည်။ လမ်းမှာ ရေလျှံတတ်သော သဲမြောင်းကလေးရှိသည်။

မိမိသည် အခြားသူများကဲ့သို့ပင် လုံချည်တိုတိုဝတ်ကာ ဒူးလောက်အထိနစ်သော သဲမြောင်းကို ဖြတ်ရတော့သည်။

မိုးကလည်းသည်း၊ ရေကလည်း မတရားစီးနေသောကြောင့် ဖိနပ်ချွတ်ရန် စိတ်ကူးလိုက်သည်။ သို့သော် စိတ်ကူးလို့မဆုံးမီ မိမိ၏ ယာဘက်ခြေထောက်က ပေါင်လည်လောက်အထိ နစ်သွားသည်။ ခြေထောက်ကို ဆွဲနုတ်ကြည့်သည်။ ခြေထောက်ပါလာသည်။ ဖိနပ်က ပါမလာတော့။ မနှစ်ကတည်းက စီး၍မကုန်သော ဂျပန်ဖိနပ်ကလေးကို ဒီနှစ် အသစ်မဝယ်မီ ဆက်စီးကာ နောက်မှပဲ ဝယ်တော့မည်ဟု စိတ်ကူးထားတာ။ အခုတော့ အသစ်ဝယ်ဖို့ ကိန်းဆိုက်နေပြီ။

တစ်မိုးတွင်းလုံး ပေပေတေတေ စီးလာသော ဖိနပ်တစ်ဖက်ကို ဗွက်ထဲမှာထားခဲ့ကာ ဘာမှသုံးမရတော့သော ကျန်တစ်ဖက်ကို လွှင့်ပစ်ခဲ့၍ ခြေထောက်ဗလာနှင့် မိုးရွာထဲမှာ လမ်းလျှောက်ပြီး ရုံးကိုလာခဲ့သည်။

ညနေ အိမ်ရောက်တော့ ဖိနပ်ဗလာနှင့်ပြန်လာသော မိမိကို ဇနီးသည် မရွှေနုက ...

"ဖိနပ်တောင် ပါမလာရအောင် ရှင်က ဘာဖြစ်လာတာတုံး"

"မင်း မသိပါဘူးကွာ"

ဟု ပြောလိုက်ပြီး စကားဖြတ်လိုက်သည်။ လောလောဆယ် ဖိနပ်စီးစရာမရှိသောကြောင့် သားအငယ်ကို ပိုက်ဆံပေးပြီး ဈေးက ဂျပန်ဖိနပ်တစ်ရံ ဝယ်ခိုင်းလိုက်သည်။

ဒီမနက်ကျတော့ မိုးမရွာသောကြောင့် သဲမြောင်းကလေးက ခြောက်နေသည်။ မနေ့က မိမိအဖြစ်ကို မသိချင်ယောင်များ ဆောင်နေသလားထင်ရသည်။ မိမိဗွက်နစ်သော နေရာကိုရောက်တော့ သတိတရ လှည့်ကြည့်မိလိုက်သည်။ ကျောက်စရစ်ခဲများ စုပုံထားသော ကျောက်ပုံဘေးတွင် ဖိနပ်ကလေးတစ်ဖက်ကို တွေ့လိုက်ရသည်။ သေသေချာချာ ကြည့်လိုက်တော့ မိမိမနေ့က လွှင့်ပစ်ခဲ့သော ဖိနပ်တစ်ဖက် ဖြစ်နေသည်။

ရုံးချိန်မီရန် ခပ်သွက်သွက် လမ်းလျှောက်သွားရင်း ထိုဖိနပ်ကလေးကို နှစ်ခါလောက် နောက်ပြန် လှည့်ကြည့်မိသည်။ မိမိစဉ်းစားကြည့်သည်။ ဖိနပ်က အဟောင်းတစ်ဖက်တည်း။ တန်ဖိုးလည်း မရှိ။ နှမြောနေတာလား ...။ ဒါလည်းမဟုတ်။ နောက်မှ မိမိလမ်းလျှောက်လာရင်း သဘောပေါက်သွားသည်။

မနှစ်က တစ်မိုးတွင်းလုံး စီးလာခဲ့သော ဖိနပ်ကလေးကို မိမိ နှစ်ခါပြန်လှည့်ကြည့်မိသည်မှာ သံယောဇဉ်ကြောင့် ...။

မိမိသည် ဒုံ ဘုံထဲက လူသား တစ်ယောက်ပေပဲ ...။

မောင်မြင့်မား(ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကြောက်ကွဲဘသော်

နန္ဒာမိုးကြယ်

ဗျာ . . . ။

ဆရာက ကျွန်တော့်အကြောင်း ဝတ္ထုရေးချင်တယ် ဟုတ်စ။ နားရှိလို့သာ ကြားရတယ် မယုံနိုင်အောင်ပါပဲ ဆရာ။ ဘယ့်နှယ် ကျွန်တော့်လို ပညာမရှိ ဥစ္စာမရှိ ပြီးတော့ အားလုံးက ဆေးဖော်ကြောဖက်မလုပ်ချင်ကြတဲ့ ထောင်ထွက်တစ်ယောက်ကိုများ အရေးတယူ လုပ်လို့။

ခွင့်မပြုချင်လို့တော့ လုံးဝမဟုတ်ရပါဘူး ဆရာ။ ကျွန်တော့်အကြောင်း စာဖတ်သူတွေ သိရပြီး သင်ခန်းစာယူချင်ရင် ယူနိုင်အောင်ဆိုတော့ ဒါကောင်းတဲ့ အလုပ်ပဲ ဆရာရယ်။ မှန်တောင် မှန်မြတ်ပါသေးတယ်။ ကဲ . . . ဒီတော့ ဆရာ့သဘောပါ။ ရေးချင်ရင်လည်း ရေးပါတော့။ ဒါထက် ဆရာက ဘာများသိချင်လို့လဲ။ ဆရာနဲ့ကျွန်တော် ဆုံတွေ့ကြတာ ရက်ဘယ်လောက်မှ မရှိသေးပေမဲ့ ဆရာ့ စာရေးဆရာ ဦးနောက်နဲ့ တော်တော်များများတော့ သိပြီးရောပေါ့နော်။

ဪ . . . ဆရာက ကျွန်တော် 'ဘသော်' ဆိုတဲ့ နာမည်ရှေ့မှာ 'ကြောက်ကွဲ' ဆိုတဲ့ ဝိသေသ ဘာကြောင့်တွင်ရသလဲဆိုတာ သိချင်တယ် ဟုတ်စ။

ဒီလို ဆရာရေ။ ဒီလို . . . ဒီလို။

(၁)

အချုပ်ခန်းထဲသို့ ဝင်ခဲ့ရပြီး ဘာမှမကြာ။ ဘသော်၏မျက်လုံးတွေ မီးပွင့်သွားသည့်အလား။

ဂိုးဂိုးဂွပ်ဂွပ်နှင့် လူတစ်ယောက်၏ သန်မာပြည့်တင်းသော လက်သီးကြီးများက လူဗလံ ဘသော်၏မျက်နှာ၊ ခေါင်းနှင့် တခြားခန္ဓာကိုယ်ပေါ်သို့ ကျရောက်သောအခါ နာကျင်စူးရှသောဝေဒနာကို ဘသော် ခံစားလိုက်ရပေပြီတကား။

"ဟေ့ကောင် . . . ဘာမှုလဲ"

"နွားပျောက်တာ . . . မသင်္ကာမှု"

"ခွေးသား . . . သူခိုး"

အဲသည်လူ၏ ခက်ထန်စူးရှသော အမေးကို ဘသော် ကြောက်ရွံ့ရိုးသားမှန်ကန်စွာပင် အဖြေပေးခဲ့သည်။ ဒါဘာများ မှားသနည်း။ ဒီလို မှားယွင်းမှုမဲ့စွာ ဖြေကြားခဲ့သည်ကိုပင် ဘဝတူ တရားခံဖြစ်သော အဲသည်လူက ကြမ်းတမ်းစုတ်ပဲ့သော စကားလုံးများကို သုံးလျက် နှုတ်စွမ်းရည်သာမက လက်ရုံးရည်ကိုပါ ပြလိုက်သောအခါ ဘသော်ခဗျာ လောကကြီးကို မေ့ချင်ချင်။

ဘသော် သူ့အဖြစ်ကို သူစဉ်းစားကြည့်သည်။ မကောင်းလိုက်တဲ့ ကုသိုလ်ကံများ။

ဥစ္စာစနေချို့တဲ့၊ ပညာမဲ့သူမို့ ရွာမှ အငှားလိုက်နွားကျောင်းရင်း ဘဝပြသနာကို ရိုးသားစွာ ဖြေရှင်းကာမှ ခုလို ဖြစ်ရတော့သည်။ နွားပြန်သိမ်းတော့ တစ်ကောင်လျော့နေသည်။ ဘယ်လိုရှာရှာ မတွေ့။ သည်အချိန်က ဘသော်တို့ ရွာနီးချုပ်စပ်တွင် မကြာခဏဆိုသလို နွားသူခိုးတွေ ထထနေသည်။ သည်တော့ ဘသော်ကိုယ်တိုင် မခိုးလင့်ကစား သူခိုးနှင့် ပူပေါင်းကြံစည်သည်ဟု စွပ်စွဲလျက် နွားရှင်က အမှုဖွင့်သည်။ သည်အမှုနှင့်ပင် ဘသော် အချုပ်ခန်းထဲသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။

လောကကြီးကား အတော်ပင် မျက်နှာကြီးရာ ဟင်းဖက်ပါလှချည်ကလားဟု ဘသော် စဉ်းစားကြည့်သေးသည်။ သူ့မှာ အစစအရာရာ ချို့ငဲ့သူမို့ ငွေရှင်၊ ကြေးရှင်၊ ဓနရှင် အသိုင်းအဝိုင်းသည် သူ့အပေါ် ယုံကြည်မှုအား လျော့ပါးခဲ့ကြသည်။ 'မရှိခိုးနိုး မလှစုန်းယိုး' ဟုသော စကားသည် မှန်လှချေသည်တကား။

လူကြီးတွေ၏ စကား 'တရားကို နတ်စောင့်ပါတယ်ကွာ' ဆိုသည်ကို သူကြားဖူးသော်လည်း မယုံကြည်ချင်တော့။ ဘယ်မှာလဲ တရားကိုစောင့်တဲ့ နတ်ဆိုတာ။ ဘယ်ချိတိုးပြီး အိပ်မောကျနေသလဲ ဟူ၍ စိတ်ပေါက်ပေါက်နှင့် တွေးပစ်လိုက်သည်။ ဒါမဟုတ်ဘူးလား။ တရားကိုသာ တာဝန်ကျေကျေဖြင့် စောင့်ရှောက်မည်ဆိုလျှင် အခုလို အချုပ်ခန်းထဲသို့ ရောက်စရာမလို။ ဘာမှ မသိမဆိုင် ဗလဒအား ကိုး မိုက်ဂုဏ်အားကိုးဖြင့် တစ်ဖက်သတ် အနိုင်ယူခြင်းကို ခံစရာမရှိ။

ဘာပဲပြောပြော လောကဓာတ်သယ်

www.burmeseclassic.com

www.burmeseclassic.com

မှာတော့ ဘသော်တစ်ယောက် ခါးသီး ရှာသော အရသာကို စားသုံးလိုက်ရချေပြီတကား။

(၂)

သူ့အမှုကား ဘယ်တော့မှ ပြီးပါလိမ့်မည်နည်း။

မြန်မြန် ပြီးလိုလှပါပြီ။ သို့မဟုတ်ပါက သည်အချုပ်ခန်းထဲမှာ လူရိုက်မှုမားထိုးမှုဖြင့် ကြိုတင်ရောက်နေကာ ဝင်လာသမျှသော အချုပ်သား အထူးသဖြင့် လက်စွမ်းရည် လှလှကြီးပြနေသည့် ကိုသံလုံး၏ လက်ချက်ဖြင့် သူ့ဘဝ တဖြည်းဖြည်း လုံးပါးပါးလိမ့်မည် ထင်သည်။

သံလုံးကား သူ့ကို နာမည်မခေါ်။ "ပေါ့ကောင် နခိုး(နွားခိုး)"ဟု ရင့်သီးစွာ ခေါ်ပြီး ချေးကအစ၊ သေးကအစ ခိုင်းတတ်သည်။ သည်အကျဉ်းခန်းလေးထဲမှာတော့ ကိုသံလုံးသည် အားလုံး၏အရှင်သခင်။ သူ့လက်သီးဒဏ်ကို အားလုံးက ရှံ့ကြသည်။ သူနှင့် ရင်ဆိုင်ရလျှင် အားလုံးသည် ကျို့ကျို့ရှို့ရှို့။ ကိုယ့်အိမ်သားတွေ လာပို့၍ ရတတ်သော စားကောင်းသောက်ဖွယ်ရာများသည် အရှင်သခင်ကိုသံလုံးကို ဦးစွာပသပြီးမှသာ စားရသောက်ရတတ်စမြဲ။

အမြဲလိုလို မျက်နှာထားတင်းနေတတ်သော ကိုသံလုံးကိုတော့ ဘသော်ကြောက်သည်မှာ အမှန်ပင်။ သည်လိုလူကိုမှ ကိုသံလုံးသည် ဘာကြောင့်များ နိုင်ထက်စီးနင်း လုပ်ချင်ရပါသနည်း။ ထစ်ခနဲရှိ နားရင်းအုပ်လိုက်၊ ခြေနှင့် ကန်ကျောက်လိုက် အလုပ်ခံရသည်မှာလည်း အချိန်ဘိုင်းလိုလို။

ခုဆိုလျှင် ပို၍ပင် ဆိုးလာရော့သလား။

နေ့လယ်က နွားရှင်ရောက်လာပြီး ဘသော်ကို အချုပ်ခန်းမှာ တွေ့သည်။

"ကဲ ... ဘယ်လိုလဲ ဘသော်။ နက်ဖြန်ဆိုရင် မင်းကို ရုံးထုတ်ပြီး စစ်မှာ။ မလိမ်မဝှက်ဘဲ ဖြေစေချင်တယ်ကွာ။ မင်းနွားကို ဘယ်သူ့ဆီ ပို့ထားလဲ ပြောစမ်းပါ။ မင်းမှန်တဲ့အတိုင်းပြောရင် အမှုက သက်သာအောင် ငါလုပ်ပေးမယ်။ မဟုတ်ရင်တော့ မင်းမလွယ်ဘူးနော်"

"ဦးလေးရယ် ... ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ။ ကျွန်တော် ဘယ်လောက်ပဲ ဆင်းရဲမွဲတေနေပါစေ သူများပစ္စည်းဆို နွားတစ်ကောင်ဝေးလို့ အပ်တိုလေးတစ်ချောင်းတောင်မှ ..."

"တော်စမ်းပါကွာ။ သူခိုးက ခိုးတယ်လို့ ဘယ်ပြောမှာလဲ။ ငါသိချင်တာ တစ်ခုပဲ။ အဲဒါ ငါ့နွား ဘယ်မှာလဲ"

"ကျွန်တော် မသိဘူး"

"ဩော် ... မင်းက ခုထိ ခေါင်းမာနေတုန်းပဲကိုးကွ။ အေး ... ကြိုက်သလောက်မာထား။ မကြာခင် ပျော့သွားစေရမယ်ကွ"

ကိုယ့်ဘက်က ရိုးသားစွာ ပြောဆိုဖြေကြားပါလျက် ကိုယ့်အပေါ်အကောင်းမထင်နိုင်ခြင်းကိုတော့ ဘသော် ဘာမျှမတတ်နိုင်။ နွားရှင်သည် အချုပ်ခန်းမှ မထွက်ခွာမီ ကိုသံလုံးကို ဘာများ တီးတိုးပြောသွားသည် မသိ။

နွားရှင် ပြန်သွားပြီးသည်နှင့် ဘသော်တစ်ယောက် ကိုသံလုံး၏ လက်ရုံးရည် ကျီစယ်မှုအောက်တွင် လှတပတကြီး ခံလိုက်ရပြန်ပါသတည်း။

မျက်ခွက်တစ်ခုလုံး ပူထူသွားသည်။ ဦးခေါင်းလည်း ကျဉ်ခနဲ၊ ကျောကုန်းမှာလည်း အောင့်တောင့်တောင့်၊ ထိုးကြိတ်ကန်ကျောက်ခြင်းကြောင့် ရသည့်ရလဒ်။ သည်မျှတော့ ရှိပေလိမ့်မပေါ့။ ဘသော်ခဗျာမှာတော့ တရားစောင့်သည်ဆိုသော နတ်ကိုပင် ကျိန်ဆဲမိချင်ချင်။

"ပေါ့ကောင် ... နခိုး။ မင်းခိုးထားတဲ့နွား ဘယ်မှာ၊ ဘယ်လိုအခြေမှာရှိတယ်ဆိုတာကို ပြော။ မပြောရင် မလွယ်ဘူး။ ငါ့ကို မင်းနွားရှင်က ဖော်ထုတ်ပေးဖို့ ပြောသွားတယ်"

"ကျွန်တော် ဘာမှ မသိပါဘူး ကိုသံလုံးရယ်"

"အံမာ ... မင်းက ခုထိ ဘူးခွယ်ချင်သေးတယ်။ ဘယ်ရမလဲကွ သံလုံးပဲ။ မင်း မနက်ဖြန်ရုံးအထုတ်မှာ မျက်နှာတစ်ခုလုံး ဒဏ်ရာဒဏ်ချက်တစ်ခုမှ အမွှေမရချင်ရင် ဖော်ပေတော့။ နို့မဟုတ် မလွယ်ဘူး။ မင်းအမှုကို စီရင်ချက်ချဖို့ဆိုတာ အများကြီး လိုသေးတယ်။ ခုမှ စစ်တုန်းဆေးတုန်းပဲ ရှိသေးတယ်။ ဒီကာလမှာ မင်း ငါနဲ့တွေ့နေရဦးမှာပဲ။ အေး ... အဲဒီကာလ တစ်လျှောက်လုံး မင်းကို ငါ လှလှကြီး ပညာပေးပြမယ်"

တစ်ဦးနှင့်တစ်ဦး ဘယ်လိုရန်ငြိုးရန်စတွေ မရှိပါဘဲလျက် ခုလို တစ်ဖက်သတ်ကြီး နိုင်ထက်ကလူ ပြုမူနှိပ်စက်ခံနေရတာမျိုးကျတော့ ဘသော် တွေးရင်း တွေးရင်း ဝမ်းနည်းသလို ရှိရသည်။

သည်လိုသာ အမှုကိစ္စမပြီးမချင်း စခန်းသွားရမယ်ဆိုရင် ဘသော်အဖြစ်ကို မတွေးဝံ့စရာ။ သည်တော့ နွားမခိုးပါဘဲလျက် အမှုကိစ္စ မြန်မြန်ပြီးအောင် ခိုးသည်ဟူ၍ ဝန်ခံလိုက်ရလျှင် ကောင်းလေမည်လား။

"အို ... ငါတစ်သက်လုံး သူတစ်ပါးရဲ့ ပစ္စည်းကို အပ်တိုလေးတစ်ချောင်းတောင် မယူခဲ့တာ။ ရိုးသားခဲ့တာ။ ခုမဟုတ်တာကြီးကို ဟုတ်တယ်လို့ ဝန်ခံရမှာလား။ ဝန်ခံလို့ ထောင်မြန်မြန်ကျပြီထား။ ပြန်လွတ်ရင် ငါဟာ နွားသူခိုးလို့ အမည်တွင်ခံရမှာ။ အို ... ဝန်မခံဘူး .. ဝန်မခံဘူး။ ငါမှ မဟုတ်တာ။ ဘာဖြစ်လို့ ဝန်ခံရမှာလဲ"

www.burmeseclassic.com

ညအိပ်ချိန်နီးတော့ ဘသော်ခမျာ ကိုသံလုံးကို ဖက်ကြောတွေဘာတွေ ဖြေပေးရ၊ အပူထုတ်ပေးရပြန်သေး၏။ သည်ကြားထဲ နှိပ်တာပျော့ရပါမည်လား ဆို၍ နားသယ်ကို ဖြောင်းခနဲနေအောင် လက်စွမ်းပြလိုက်ချေသေး၏။

"ခွေးသား နှိုး၊ ဘာမှ အသုံးမကျဘူး။ သူများပစ္စည်း ခိုးဖို့လောက်သာသိတဲ့ကောင်။ မင်းကို ငါပြောထားတယ်နော်။ မနက်ဖြန် ရုံးမတက်ခင် မင်းဝန်ခံမယ်၊ မခံမယ် ငါ့ကိုပြော။ မပြောလို့ကတော့ မင်းသွားတွေ ထမင်းမပြောနဲ့ ကော်တောင်ဝါးလို့မရအောင် ခံစားသွားစေရမယ်"

ကျော်တစ်ပြင်လုံး ဖျန်းခနဲနေအောင် ခံစားသွားရပြန်ပေပြီ။ ကိုသံလုံးက တကယ် အပြောနှင့်အလုပ်ညီသူ။ ဒါကြောင့်လည်း အချုပ်သားတွေ အားလုံး သူ့ဆို ဒိုးဆလံ။ တင်းဆလံ။

ဒီတော့ နောက်ရက် အနာဂတ်အတွက် သူဘာများ လုပ်ရပါမည်နည်း။

"ဟေ့ကောင် နှိုး၊ ငါ အပေါ့သွားမယ်။ အင်တုံသွားယူခဲ့"

"ဟုတ် ... ဟုတ်ကဲ့"

တကယ်တော့ ... အပေါ့သွားဖို့ အရေး ကိုယ့်ဝန်ကို မယူနိုင်သည်ကတော့ မကောင်းလှ။ သို့ရာတွင် မဝေဖန်ရဲ။ ကြောက်ကြောက်ဖြင့်ပင် အင်တုံကို သွားယူလာခဲ့သည်။ သည်မှာတင် ဖြစ်ချင်တော့ ကိုသံလုံး၏ အနီးကို ရောက်ကာမှ ခြေကျချော်ပြီး အင်တုံထဲမှ ကျင်ငယ်အချို့ ကိုယ်လုံးကို သွားစင်သည်။

"ခွေးသား ... အတော်မိုက်ရိုင်းတဲ့ကောင်။ ဒါ ငါ့ကို ပညာစမ်းတယ်ပေါ့"

"မတော် ... မတော်လို့ပါ"

"ဘာ ... မတော်ရမှာလဲ။ ကဲ ကဲ ... ကွာ"

"အ ... အား"

ငရဲခန်းအား လေလံများ ဆွဲထားလေရော့သလား မသိ။ တစ်ဖက်သတ်အနိုင်ယူလျက်ရှိသော ကိုသံလုံး၏ လက်အောက်၌ ပြားပြားမှောက်ရသူက ဘသော်မှ ဘသော်ရယ်ပါ။

သည်တော့ ... ဘသော် ဘာလုပ်သနည်း။ လက်ထဲမှာလည်း အင်တုံနှင့်။ ကိုသံလုံးက အားရပါးရ ထိုးကြိတ်ပြီး အပေါ့သွားပြီး၍ ကြမ်းခင်းတွင် လှဲနေစဉ် ဘသော် ဘာမျှမမြင်တော့။

လက်ထဲတွင် ကိုင်ထားသော အင်တုံကို မြှောက်လိုက်ကာ ကိုသံလုံး၏ ဦးခေါင်းတည့်တည့်သို့ ထုချလိုက်သည်။

'ဂွမ်းခနဲ' မြည်ဟီးသံ၊ အင်တုံကွဲစများ ဖွာကျထွက်သံတို့နှင့်အတူ ကိုသံလုံး၏ ဦးခေါင်းတစ်ခုလုံးသည် သွေးတို့ တစိမ့်စိမ့်ထွက်လျက် မြင်၍မကောင်းတော့။ ကြေမွသွားခဲ့ပြီလား။

အဲဒီလို ကြောက်ကြောက်လန့်လန့်နဲ့ ဖွတ်တရွတ် လုပ်ချလိုက်တာ ကိုသံလုံးလည်း ပွဲချင်းပြီးပါရောလား ဆရာ။ ကျွန်တော့်ရဲ့ အဖြစ်ကိုကြည့်ပြီး အားလုံးက "အဲဒါ ဘာမှမဟုတ်ဘူး။ ကြောက်ကွဲခတ်တာကွ။ ကြောက်ကွဲခတ်တာလို့" ပြောကြတယ်။

အဲဒီမှာတင် ကျွန်တော့်နာမည် ဘသော်ရှေ့မှာ 'ကြောက်ကွဲ'ဆိုတဲ့ ဝိသေသတိုးပြီး 'ကြောက်ကွဲဘသော်' ဖြစ်လာခဲ့တာပဲ ဆရာရေ၊ တကယ်တော့ ကျွန်တော် လူမသတ်ရဲပါဘူး ဆရာရယ်။ ကြောက်လည်း ကြောက်ပါတယ်။ ခုဟာက အကြောက်လွန်ပြီး စိတ်ကို မထိန်းနိုင်တော့ဘဲနဲ့ လုပ်မိလုပ်ရာကို လုပ်ချလိုက်တာပါ ဆရာ။ တကယ့် တကယ်ကျတော့ ကျွန်တော် သတ္တိမကောင်းပါဘူး။

ဒီအတွက်နဲ့ ကျွန်တော် ထောင်ကျခဲ့ရပါတယ် ဆရာ။ အလုပ်ကြမ်းနှင့် ဆယ်နှစ်ပါ။ ဒါပေါ့ ဆရာရယ်။ ဒီအပင်စိုက်ရင် ဒီအသီးကို စားရမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ကျွန်တော့်ကြောင့် အသက်တစ်ချောင်း ဆုံးခဲ့ရတာပဲ ဆရာ။ ဒီလောက်တော့ ခံရမှာပေါ့။

ပြောရဦးမယ် ဆရာရေ ...။ ကျွန်တော် ထောင်ကျတာ ကြောက်ကွဲကိစ္စကြောင့်ပါ ဆရာ။ နွားပျောက်တဲ့ကိစ္စက နောက်ဆုံး အမှုမှန်ပေါ်သွားလို့ အဲဒီအမှုနဲ့ လုံးဝမပတ်သက်တော့ဘူးဆိုပြီး လွတ်ပါတယ်။ ခံရတာကတော့ ကိုသံလုံးသေဆုံးမှုပဲလေ။

တကယ်တော့ ဆရာရယ်။ လူတွေဟာ တစ်ဦးအပေါ်တစ်ဦး အမြင်ကြည်ကြည်လင်လင် ထားကြမယ်၊ စာနာခြင်းတရား ထားရှုကြမယ်ဆိုရင် ကြောက်ကွဲစရာဘယ်လိုအဖြစ်မျိုးတွေနဲ့မှ ဆုံကြုံကြုံကြရမှာ မဟုတ်ပါဘူး။

ဆရာ ပြောသလိုပေါ့။ ဘဝဇာတ်ခုံပေါ် ကျွန်တော်တို့တွေဟာ ကပြ အသုံးတော် ခံနေရတယ်ဆိုတာ။

ကဲ ... ကျွန်တော့်အကြောင်းကတော့ ဒီလောက်ပါပဲ ဆရာ၊ လောကထဲမှာ ဘာမှမဟုတ်တဲ့ ကျွန်တော့်အကြောင်းကို စာဖွဲ့မယ်ဆိုလည်း ဆရာ့သဘောပါ။ ကျွန်တော့်အဖြစ်ကို ကြည့်ပြီး လူတွေ စာနာမှု၊ အမြင်ကြည်လင်မှုတွေ ရမယ်ဆိုရင် ကျွန်တော်ကျေနပ်ပါပြီ။ ကဲ ... ဆရာရေ ကျွန်တော်ရွာဦးကျောင်းဆရာတော် မှာထားလို့ သွားလိုက်ဦးမယ်နော်။ ကြုံရင် ကျွန်တော့်တဲကို လာလည်ပါဦး ဆရာရယ်နော်။

(အတိတ်က ဖြစ်ရပ်တစ်ခုအား ပြန်လည်ခံစား ရေးဖွဲ့ပါသည်။)

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်အေး (မန္တလေး)

ပက်ကောင်ငှက်ကောင် နှင့် စဆိုက်မြူမြုး

(တစ်)

သိုက်မြို့တွင်းမှ အချိန်မတိုင်မီ တွန်းချခံလိုက်ရသည့် သိမ်းငှက်ကလေးကို ဖခင်နှင့် မိခင်ဖြစ်သော သိမ်းငှက်မောင်နှံက အလျင်အမြန်ပင် စွန့်ခွာထွက်သွားကြလေသည်။ မိုးရိပ်ချောင်းကမ်းပါးမှ မလှမ်းမကမ်းတွင် သစ်ဆိမ့်ပင် မြင့်မြင့်ကြီးရှိနေရာ အပင်ဖျားရှိ အသိုက်ပေါ်မှ တွန်းချခံလိုက်ရခြင်း ဖြစ်သည်။ အပျံသင်စ ငှက်တစ်ကောင်အတွက် အချိန်က စောလွန်းနေပါသေးသည်။ ဆောင်းအကုန် နွေအကူးမို့ ဥတုရာသီက မူလောင်နေပြီး ဝန်းကျင်တစ်ခုလုံး ခြောက်သွေ့နေပြီ။ သိမ်းငှက်ငယ်အပါအဝင် လင်းယုန်၊ စွန်ရဲ၊ ဇီးကွက်လိုငှက်များအတွက် ရှာဖွေစားသောက်ဖို့ အစာရှားပါးလှသည်။ သိုက်မြို့မှ ဝေးလံစွာ ပျံသန်းသွားရောက်ကာ အစာရှာဖွေပြီး သိမ်းငှက်ငယ်ကလေးအား အစာပြန်လာကျွေးမွေးခြင်းကို ငှက်မောင်နှံ စိတ်ပျက်သွားပုံရ၏။ သည်တစ်ခေါက် သူတို့ ပျံသန်းသွားကြပြီးနောက် ပြန်မလာကြတော့။

အရှိန်ယူလျက် ပျံသန်းဖို့ ငှက်ပေါက်စက မပြုလုပ်တတ်သေးပေ။ မြေပြင်ပေါ်မှာ ခုန်ဆွခုန်ဆွလုပ်ရင်း လျှောက်လှမ်းကြည့်၏။ ကယိမ်းကယိုင်နှင့် ကိုယ့်ကိုယ်ကို ကိုယ်မနိုင်။ တောင်ပံတစ်စုံကို အားပြု၍ ထောက်ချက်ထိန်းလျှောက်ရသည်။ သူ့ရှေ့မှာ တစ်ခုခုကို မြင်လိုက်သည်နှင့် နှုတ်သီးကိုဟ၊ ဦးခေါင်းကိုလှုန်း တောင်ပံနှစ်ဖက်ကိုကားလျက် မာန်သွင်းလိုက်သည်။ တဂီးဂီးနှင့် ဒေါသတကြီး အသံပြုကြည့်သည်။ သူ့မျက်လုံးများက

www.burmeseclassic.com

www.burmeseclassic.com

ကြမ်းကြုတ်ရက်စက်ခြင်းများဖြင့် ဝင်းဝင်းတောက်နေသည်။ သို့တစေ ငှက်ပေါက်စက ပီဘိသိမ်းငှက်ပေါက်စကလေးမို့ အားငယ်ထိတ်လန့်စွာ ချုံကြိုချုံကြားများအောက်သို့ တိုးဝင်ပုန်းအောင်းနေရ၏။ သူတော်တော်ကြီးဆာလောင်နေပြီ။ တွေ့ရာ ပိုးမွှားသတ္တဝါတစ်ခုခုကို စားဖို့ သူလိုက်ရှာသည်။ စားစရာက ရှာလေလေ ဝေးပင်။ မြစ်ကမ်းပါးမှာ စားကြွင်းစားကျန် တစ်ခုမျှမတွေ့ရ။ တစ်တီတူးတစ်ကောင်နှစ်ကောင်က သူ့ကို တွေ့သည်နှင့် သုတ်ခနဲ ပျံပြေးသွားကြသည်။

ချုံပုတ်ကြို ချုံပုတ်ကြားမှာ လျှောက်သွားရင်းက ရုတ်တရက် ကြွက်ဖလောင်းတစ်ကောင်ကို သူ မြင်လိုက်ရသည်။ ရိုးပြတ်များကြားမှ ရေသောက်ဆင်းဖို့ထွက်အလာမှာ တိုက်သိမ်းနှင့်တွေ့ကာ ကြွက်ဖလောင်းကလေးခမျာ ငှက်စာဖြစ်သွားရ၏။ သွေးသံရဲရဲနှင့် အစာကို စားလိုက်ရသဖြင့် တိုက်သိမ်းပေါက်စက အားအင်များ တိုးလာသည်။ မွတ်သိပ်ခြင်းက သူ့ကို တိုက်တွန်းနေသည်။ အစာစားဖို့က လွဲပြီး သူဘာကိုမှ မမှုတော့။ ရိုးပြတ်များအကြား၊ ချုံပုတ်များအကြား ဟိုဝင် သည်ထွက် အစာရှာသည်။ တွေ့ရာမြင်ရာ လိုက်လံထိုးသုတ် စားပစ်သည်။ ပုတ်သင်ညို၊ ကင်းလိပ်ချော၊ မြက်လျှော အိမ်မြှောင်၊ ပုရစ်နှင့် ပုစဉ်း ဖမ်းယူရရှိသမျှ အကုန်စားသည်။ သည်လိုနှင့် ငှက်ပေါက်စကလေး တစ်စတစ်စ သန်မာလာသည်။ ထွားကြိုင်းလာသည်။ တောင်ပံတွေကိုဖြန့်လျက် တဝှီးဝှီး ခတ်နိုင်လာသည်။ တိုက်သိမ်းပေါက်စ ကြိုးစားပမ်းစားနှင့် ရှဉ့်တစ်ကောင်ကို ဖမ်းယူရရှိလိုက်၏။ သူဖမ်းဆီးရသမျှထဲမှာ အကြီးဆုံး သားကောင်ပင်။ ဆက်လက်၍ သစ်ပင်ပေါ်မှ အောက်သို့ဆင်းလာသည့် ရှဉ့်တွေကို သူလိုက်ဖမ်းသည်။ ရှဉ့်တွေက အရမ်းလျင်သည်။ ဖြုတ်ခနဲ ဖြုတ်ခနဲ သစ်ပင်ပေါ်သို့ တက်ပြေးသွားကြသည်။ တိုက်သိမ်း ဒေါသကြီးလာသည်။ မရမနေ ဖမ်းမည်။ ဒင်းတို့ ပြေးနိုင်မှ လွတ်စေမဟဲ့ နော။

သည်လောကသည် ကြီးနိုင်ငယ်ညှဉ်းလောက။ လျင်သူစားစတမ်းပဲလေ။ တိုက်သိမ်းပေါက်စ ကနေ့မှ ထူးခြားတာ နှစ်ခု ကြုံရ၏။ တစ်ခုက အဝေးကြီးရောက်အောင် ပျံနိုင်သွားခြင်း ဖြစ်သည်။ သည်လို ပျံသန်းပြီးအလာ သစ်ကိုင်းတစ်ကိုင်းပေါ်မှ ရှဉ့်အကြီးကြီးတစ်ကောင် ထိုးသုတ်ရလိုက်ခြင်း ဖြစ်၏။ ရှဉ့်ထီးကြီးကို သူ့ခြေသည်းများဖြင့် ကုပ်ယူလိုက်ကာ နှုတ်သီးဖြင့် ပေါက်သတ်လိုက်နိုင်သည်။ ရှဉ့်ထီးကြီး၏ ငယ်သံပါအောင် အော်လိုက်သံက သူ့ကို အားမာန်များ တိုးပွားလာစေသလိုပင်။ သူဗိုက်ဝသွားပြီ။ သားကောင်များကို ထိုးသုတ်ရာတွင် တောင်ပံနှစ်ဖက်ကိုအသုံးပြုလျက် လည်းကောင်း၊ အရှိန်အဟုန်ဖြင့် ရင်အစုံကိုဖွင့်၍ တိုက်ခိုက်ထိုးနက်တတ်သဖြင့်လည်းကောင်း သူတို့လို သိမ်းငှက်မျိုးကို တိုက်သိမ်းလို့ ခေါ်ကြသည်။ တိုက်သိမ်းပေါက်စ ငှက်လားမြောက်ပြီ။ သစ်ကိုင်းတုတ်တုတ်တစ်ကိုင်းပေါ်မှာ ကြံ့ကြံ့ခိုင်ခိုင်နားရင်း ဝန်းကျင်ပတ်ချာကို ကြွားဝင့်စွာ လှည့်ပတ်အကဲခတ်လိုက်သည်။ ပြီးနောက် ကျေနပ်စွာ အသံပြုလိုက်၏။

တိုက်သိမ်းတစ်ကောင်အဖို့ လိုအင်ဆန္ဒ သုံးခုရှိသည်။ ကနဦးအစ ပထမ လိုအင်ပြည့်ပြီ။ တိုက်သိမ်းဆိုသည့် အတိုင်း တိုက်ခိုက်သုတ်သင် သတ်ဖြတ်၍ အစာစားရပြီ။ ဒုတိယလိုအင်ဆန္ဒက အဝေးဆုံးကို ပျံသန်းခြင်း ဖြစ်၏။ ဝေးဝေးသွား မြင့်မြင့်ပျံသန်းပြီး ပူနွေးသော လေကြောင်းကို လေဟုန်စီးနေနိုင်ပြီ။ မြင့်မားဝေသီသော တောင်ကုန်းများထက်မှာ သူ့အရိပ် ဖြတ်ကျော်သွားသည်ကို သူမြင်ရသည်။ ပြီးနောက် တောင်အောက် လျှိုမြောင်တွင်းသို့ ထိုးစိုက်ချသွားသည်။

သည်တစ်မိုးက ကာလရှည်ကြာသည်။ သစ်ကိုင်းပေါ်မှာ မိုးကိုစောင့်စားရင်း အကြာကြီးနားခိုနေရ၏။ မိုးစက်တွေက ကိုယ်ပေါ်သို့ တပေါက်ပေါက် ကျနေစဉ် မြူတွေအုပ်ဆိုင်းလျက်ရှိသော ရေပြင်ကို အဓိပ္ပာယ်မဲ့စွာ လှမ်းမျှော်ကြည့်နေရသည်။ မိုးရေကြောင့် စိုစိုစွတ်စွတ်နှင့် ကုပ်ချောင်းချောင်း ထွက်ပေါ်လာသော သတ္တဝါငယ်ကလေးများကို ရှာဖွေနေခြင်းဖြစ်သည်။ မိုးတိတ်သွားသည့်အခါ၌မူ စားစရာတွေ အလျှံပယ်ဖြစ်သွားရ၏။ တိုက်သိမ်းသည် တတိယလိုအင်ဆန္ဒကို ချက်ချင်း ဖြည့်ဆည်းနိုင်ခြင်း မရှိသေးပေ။ တစ်ခါတစ်ရံ အစာရှာဖို့ပင် သတိမရ။ လေဟုန်စီးကာ ကောင်းကင်မှာ ပျံသန်းရင်း ဒေါမနသတွေ ပွားနေသည်။ ညဘက် သစ်ပင်ပေါ်မှာနားရင်း အိပ်ပျော်နေရာက လန့်နိုးလာကာ သစ်ခေါက်များအား ဒေါသတကြီး ထိုးဆိတ်ပစ်နေ၏မိ၏။ သစ်ခေါက်တွေ ဖွာလန်ကြဲအောင် အဆက်မပြတ်ပင် ထိုးဆိတ်နေမိသည်အထိ။

ရက်များစွာ ကုန်ဆုံးသွားပြီးတစ်နေ့ သူထူးဆန်းသော အနံ့တစ်ခုကို ရသည်။ သူကိုယ်တိုင်ပင် မည်သည့်အနံ့မှန်း မသိပေမယ့် သူမျှော်လင့်စောင့်စားနေသော အနံ့ဖြစ်ပေလိမ့်မည်။ သူကျက်စားရာ တောင်ကုန်းများဆီသို့ ဟိုအဝေးတစ်နေရာက လေထဲမှ လာနေသော အနံ့ဖြစ်၏။ သို့ဖြစ်၍ သူက လျှိုတွင်းသို့ ထိုးဆင်းပျံသန်းလိုက်သည်။ လည်တိုင်ကိုမော့၊ တောင်ပံကို ပြင်းပြင်းခတ်သည်။ ဟန်ချက်ပင် ပျက်တော့မည့်အလားပင်။

ရုတ်တရက် လေတိုက်တုန်းက ကျိုးပြတ်သွားသော သစ်ပင်၏ ကိုင်းတစ်

www.burmeseclassic.com

www.burmeseclassic.com

ခုထက်မှာ သိမ်းငှက်မတစ်ကောင်ကို သူ မြင်လိုက်ရသည်။ ငှက်မက သူ့ချဉ်းကပ် လာနေသည်ကို ်ငိတွေ့သဖြင့် သုတ်ခနဲ ထပျံသွားသည်။ သူကလည်း မဆိုင်းမတွ ပင် လိုက်ပါပျံသန်းသွား၏။ ငှက်မနောက် သို့ ပျံသန်းလိုက်ပါသွားနေစဉ် တိုက်သိမ်း က ကောင်းကင်ယံမှာ အခြားတိုက်သိမ်း တစ်ကောင်ကို မြင်လိုက်ရသည်။ ထိုငှက် က သူ့ထက်ကြီးပြီး အတောင်များက ရွှေ ရောင်တောက်နေသည်။ ပြီးတော့ ပိုပြန့် ကားသည်။ သမ္မာရင့်နေသော အကောင် ဖြစ်နိုင်သည်။ တိုက်သိမ်းက ဆင်ကန်း တောတိုး တိုက်ပစ်လိုက်သည်။ သူတိုက် ခိုက်ပုံက အတင်းဝင်၊ အတင်းတိုက် ပြင်း ထန်ကြမ်းတမ်းလှသောကြောင့် လေဟုန် စီးလာသော သိမ်းငှက်က ရန်သူသိမ်းငှက် ကို တရကြမ်းတိုက်ခိုက် ထိုးဆိတ်ပစ် လိုက်သည်။ အငိုက်ခံလိုက်ရသော သိမ်း ငှက်ခမျာ တစ်ချက်ကလေးမျှပင် တုန့်ပြန် ခြင်းမပြုနိုင်ဘဲ လျှိုအတွင်း ချုံပုတ်များ ကြားသို့ ထိုးကျသွားလေသည်။ တိုက် သိမ်းက လေဟုန်စီးနေရာမှ ခဏတော့ စောင့်ကြည့်နေလိုက်၏။ ရန်သူသိမ်းငှက် ပြန်ထမလာနိုင်တော့။ ကောင်းကင်ယံမှ ကျသွားခဲ့သော အရှိန်ကြောင့် ချက်ချင်း အသက်ထွက်သွားသည်။ တိုက်သိမ်း သည် အောင်သံဖြင့် ကျယ်ကျယ်လောင် လောင် အော်လိုက်ပြီး သိမ်းငှက်မဆီသို့ ပျံသန်းသွားသည်။ ငှက်မ၏ ကျောပေါ်သို့ တက်နင်းပြီး တောင်ပံအစုံဖြင့် ဖြန့်ကာ နိုပ်ကွပ်ပစ်လိုက်၏။ ငှက်မ၏ဦးခေါင်းကို တိုက်သိမ်းက နှုတ်သီးဖြင့် ထိုးဆိတ် သည်။ တိုက်သိမ်း၏ တတိယလိုအင် ပြည့်သွားခဲ့ပြီ ဖြစ်ပါသည်။ နွေဦးရာသီ တွင် တိုက်သိမ်းက ငှက်ပေါက်စကလေး သုံးကောင်ကို အပျံသင်ဖို့ သူတို့အသိုက် တွင်းမှ တွန်းချလိုက်ပြီးနောက် သူတစ် ကောင်တည်း သူကျင်လည်ကျက်စားရာ တောင်တန်းများဆီသို့ ပျံသန်းသွားလေ သည်။

× × × × ×

(နှစ်)

သုံးရာသီပတ်လုံး တိုက်သိမ်းသည် ကောင်းကင်ယံတွင် မင်းမူလျက်ရှိနေ သည်။ လေဟုန်စီး ပျံသန်းနေရာက သူ့ အစာကို အရှိန်ဖြင့် ထိုးဆင်းသုတ်ယူ သည်။ တောင်ပံတစ်ချက် မခတ်ဘဲနှင့် တစ်နာရီကျော်ကြာမျှ လေဟုန်စီးနေနိုင် သည်။ လေဟုန်စီးနေရင်းကလည်း မြက် တောများကြားမှ သူ့အစာကို စူးရှသော မျက်လုံးများဖြင့် စူးစမ်းရှာဖွေနေတတ် သည်။ သူ့အရိပ်မည်းကြီးက အနီးမှ ဖြတ်သွားသည့်အခိုက် ရှဉ့်ကလေးများ၊ ယုန်ကလေးများနှင့် တွင်းအောင်းမြေ ကြွက်ကြီးများ ရုတ်တရက် ရပ်တန့်သွား တတ်သည်။ သည့်နောက် သုတ်ခနဲ မိမိ တို့ ခိုအောင်းရာ မြေကျင်းထဲသို့ ခုန်ပြေး သွားတတ်သည်။ တိုက်သိမ်းက တစ်ရှိန် ထိုး ကောင်းကင်ထက်မှ ထိုးဆင်းလာပြီး တစ်ချက်တည်းနှင့် တိုက်ခိုက်သတ်ဖြတ် ပစ်နိုင်သည်။ တစ်ခါမျှ သူ့အစာ လွတ် ထွက်သွားသည်မရှိ။

စင်ရော်ငှက်တွေသည်ပင် တိုက် သိမ်းကို ကြောက်ရွံ့ကြ၏။ ချောင်းကမ်း နဖူးမှာ နားနေကြသည့်အခိုက် တိုက် သိမ်း၏ တောင်ပံခတ်သံပြင်းပြင်း ကြား လျှင် ဝေးရာသို့ ပျံသန်းထွက်ပြေးသွား တတ်သည်။ တစ်နေ့တွင် တိုက်သိမ်းက သူကျင်လည်ကျက်စားရာ ချောင်း အထက်ဘက် တစ်နေရာမှာ လူအချို့ အဆောက်အအုံတစ်ခု ဆောက်နေသည် ကို တွေ့မြင်ရသည်။ လူတွေ သွားလာ လိုက် အလုပ်တွေရှုပ်နေသည်။ တိုက် သိမ်းက ဒါတွေကို စိတ်မဝင်စား။ သူ့အဖို့ က အစာစားရဖို့က အဓိက မဟုတ်လား။ နောက်ရက်တွေမှာ ကောင်းကင်ယံတွင် လေဟုန်စီးရင်း သတိထားမိလာသည်က သူမြင်ရသည့် အဆောက်အအုံတွေသည် ကြက်မွေးမြူရေးခြံများ ဖြစ်နေသည်။ တိုက်သိမ်းသည် မွေးမြူရေးခြံများဘက် သို့ ယောင်လို့မျှပင် မသွားခဲ့ပေ။ ခြံတွင်း မှာမွေးထားသော ကြက်တွေကို သူ ထိုး သုတ်ဖို့ကလည်း ခက်ခဲလှသည်။

ရာသီဥတုက ပူပြင်းခြောက်သွေ့ သဖြင့် မြေကြီးများ ပပ်ကြားအက်လာ သည်။ ရေခန်းသော အိုင်များမှ စားစရာ သူရှာမတွေ့။ ချုံနွယ်များ သစ်ရွက်တွေ ကြွေကာ ခြောက်သယောင်းလျက် ရှိ သဖြင့် ဝါးရောင်းငှက်များ၊ ဘုတ်ငှက်များ ပင် အရိပ်ခိုနားစရာ မရှိသဖြင့် တစ် ကောင်တစ်မြီးမှ မတွေ့တော့။ သည် ကာလတစ်လျှောက်လုံးမှာ သူတွေ့ရ သည်က ရန်သူသိမ်းငှက်လေးကောင် ဖြစ်၏။ ဝေးလံသီခေါင်သော တောင်စဉ် တောင်တန်းများဆီမှ သူ့နယ်မြေအတွင်း သို့ ကျူးကျော်ဝင်ရောက်လာခြင်း ဖြစ် သည်။ သိမ်းငှက်လေးကောင်အနက်မှ နှစ်ကောင်ကို တိုက်သိမ်းသည် လေထဲမှာ ပင် တိုက်ခိုက်သတ်ဖြတ်ပစ်လိုက်သည်။ သူ့ရန်သူ သိမ်းငှက်နှစ်ကောင် မြေပြင် ပေါ်သို့ ထိုးကျသွားသည်ကို လေဟုန်စီး နေရင်းက သူစောင့်ကြည့်နေခဲ့သည်။ မလှုပ်မယှက် ငြိမ်သက်လျက် သေနေပြီ ဆိုတာ သေချာအောင် ဖြစ်လေသည်။ တတိယသိမ်းငှက်နှင့်မူ လေထဲမှာ အကြိတ် အနယ် ထိုးဆိတ်တိုက်ခိုက်ရ၏။ တိုက် သိမ်းက အမြင့်မှ ထိုးစိုက်ချလိုက်ပြီး ရင် အုံဖြင့် တိုက်ပစ်သည်။ တောင်ပံအစုံကို အရှိန်ပြင်းပြင်းခတ်လျက် ရန်သူအား တရ ကြမ်း ထိုးနှက်သည်။ ရန်သူသိမ်းငှက် အတောင်ပံများ စုတ်ပြတ်လျက် မြက်ခင်း ပေါ်သို့ ထိုးကျသွားသည်အထိ တိုက် သိမ်းက လိုက်လံထိုးဆိတ်၏။ မြက်ခင်း

www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ နှစ်ကောင်စလုံး ထွေးလုံးတိုက်ခိုက်နေရာက ရန်သူသိမ်းငှက် အသက်ထွက်သွားသည်။ သိမ်းငှက်၏ နီရဲသောသွေးများ တိုက်သိမ်းတစ်ကိုယ်လုံး အနှံ့ပက်ဖျန်းထားသည့်နှယ်ပင်။

စတုတ္ထသိမ်းငှက်က သူ့ထက် ပျံသန်းမှုမှာ ကျွမ်းကျင်သည်။ အတွေ့အကြုံလည်း ရှိသည်။ တစ်ကောင့်တစ်ကောင် လေထဲမှာပင် ထိုးဆိတ်ကြ၊ တောင်ပံချင်း ရိုက်ကြနှင့် တိုက်ပွဲအချိန်ကြာလှသည်။ အတောင်ပံတွေ စုတ်ပြတ်ကုန်သည်။ အမွေးတွေကျွတ်လျက် လေထဲမှာ သူတို့အမွေးတွေ လွင့်ကုန်သည်။ ပထမဦးဆုံးအကြိမ် တိုက်သိမ်း ထိတ်လန့်သွားသည်။ တိုက်ပွဲမှ တိမ်းရှောင်ထွက်သွားရင် ကောင်းမလားလို့ ထင်သည်။ ရန်သူသိမ်းငှက်၏ ခြေသည်းများက စူးရှချွန်ထက်ပြီး နှုတ်သီးကလည်း ဆိတ်အားကောင်းလှသည်။ မည်သို့ပင်ဖြစ်စေကာမူ တိုက်သိမ်းသည် လေထဲမှာ တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်လာသည်။ ဖွဲကိုမလျှော့ဘဲ လေဟုန်စီးကာ ရန်သူထက် အပေါ်စီးရအောင် တက်သည်။ ပြီးနောက် အမြင့်မှ ထိုးစိုက်ချလိုက်သည်။ ရန်သူသိမ်းငှက်ကလည်း ပက်လက်ပျံသန်းရင်း ချွန်ထက်သော ခြေသည်းအစုံဖြင့် ဆီးကြိုခုခံသည်။ ခြေသည်းချင်း ငြိသွားပြီး ကုန်ခြစ်ကိုက်ခဲရင်း ငှက်နှစ်ကောင်စလုံး မြေပြင်ဖွေပေါ်သို့ ထိုးကျသွားကြလေသည်။ မြေပြင်ပေါ်သို့ ရောက်လုရောက်ခင်တွင် တိုက်သိမ်းက သန်စွမ်းလှသည့် သူ့တောင်ပံအစုံကို အားယူ၍ ခတ်ပစ်လိုက်သည်။ လေထဲသို့ တိုက်သိမ်း ဝီးခနဲ ပျံတက်သွားနိုင်သည်။ ရန်သူသိမ်းငှက်ကမူ အရှိန်မထိန်းနိုင်ဘဲ ချုံတွေထဲအထိ ကျသွားခဲ့လေသည်။ ချုံထဲသို့ အကျမှာ လေသာတောင်အချို့ စုတ်ပြတ်သွားခဲ့ပြီး မြေပြင်အထိ မရောက်မီမှာ သူပျံတက်နိုင်ခဲ့သည်။ သို့ရာတွင် ရန်သူသိမ်းငှက်သည် လေထဲသို့ရောက်အောင် ပျံတက်လာနိုင်သည့်တိုင် ဆက်လက်တိုက်ပွဲဝင်ဖို့ စိတ်ကူးရှိဟန်မတူ။ နောက်သို့လှည့်ကာ လာရာလမ်းအတိုင်း ပျံသန်းထွက်ခွာသွားသည်။

တိုက်သိမ်းသည် လေဟုန်စီးနေရာက အောင်သံဟစ်ကြွေးလိုက်သည်။ ရန်သူသိမ်းငှက်နောက်သို့ လိုက်လံတိုက်ခိုက်ဖို့ ဦးတည်လိုက်သော်လည်း ဆက်မလိုက်တော့ဘဲ သူ့နေရာ သစ်ဆိမ့်ပင်ကြီးဆီသို့ ပျံသန်းလာခဲ့၏။ သူ့ကိုမွေးဖွားခဲ့သည့် သစ်ဆိမ့်ပင်ကြီးက အိုလှပြီ။ လေပြင်းကျစဉ်က သစ်ကိုင်းများ ကျိုးပြတ်ကျခဲ့သဖြင့် ငုံးတိတိကြီး ဖြစ်နေသည်။ သစ်ငုတ်တိုကြီးပေါ်မှာနားရင်း တိုက်သိမ်း အမောဖြေသည်။ သူ့တစ်ကိုယ်လုံးမှာ ဒဏ်ရာဗရပွနှင့်ဖြစ်သော်လည်း အောင်မြင်မှုအတွက် ကျေနပ်လျက်ရှိသည်။ တိုက်ပွဲအတွေ့အကြုံတွေလည်း အများကြီး ရရှိခဲ့ပြီ။ ဆောင်းရာသီ ကုန်ဆုံးလုနီးအချိန်တွင် တိုက်သိမ်းသည် တတိယလိုအင်ဆန္ဒကို တောင့်တလာပြန်သည်။ လောကနိယာမပေပဲ မဟုတ်လား။ သည်လိုအင်ကို ဖြည့်ဆည်းရန်အတွက်မူ တိုက်သိမ်းက များစွာရင်းရ၏။ ငှက်မမှာ အဖော်တွေပါလာခဲ့သည်။ သိမ်းငှက်အထီးကို လေထဲမှာ အချိန်အတော်ကြာအောင် တိုက်ခိုက်ရ၏။ သို့ပေမင့် တိုက်သိမ်းက ဘာမထီ တိုက်ခိုက်ရေးသမား ဖြစ်နေခဲ့ပြီလေ။ တစ်ဖက်ရန်သူ လည်ပင်းကျိုးလုမတတ် ခံလိုက်ရပြီ။ သစ်ပင်ပေါ်သို့ ထိုးကျသွားခဲ့ရ၏။ အဖော် သိမ်းငှက်ပေါက်နှစ်ကောင်ကိုမူ အချိန်တိုအတွင်း တိုက်သိမ်းက အနိုင်ရခဲ့လေသည်။ နှစ်ကောင်ဝိုင်းတိုက်သော်လည်း တိုက်သိမ်းကို သူတို့မဖြိုနိုင်။ တိုက်သိမ်း၏ သန်မာသော ရင်အုံ၊ ပြင်းထန်သော တောင်ပံရိုက်ချက်များကြောင့် သိမ်းငှက်နှစ်ကောင်စလုံး မြေပြင်သို့ ဒယီးဒယိုင်ကျသွားခဲ့ရပြီး ထပ်မံ ရင်မဆိုင်ဝံ့တော့ဘဲ အဝေးသို့ ပျံသန်းထွက်ပြေးသွားကြသည်။

တိုက်သိမ်းသည် ယခုတစ်ကြိမ်မှာ အောင်သံပင် မဟစ်ကြွေးနိုင်။ ဒဏ်ရာကြောင့် တုန်တုန်ယင်ယင်နှင့် သစ်ပင်ထက်မှာ အခိုက်အတန့်မျှ နားနေလိုက်ရသည်။ တည်တည်ငြိမ်ငြိမ် ဖြစ်လာတော့မှ ငှက်မအပါးသို့ ချည်းကပ်သွားနိုင်သည်။ အောင်ပွဲရ တိုက်သိမ်းကို ငှက်မအာမခံဝံ့တော့။ သူပြုသမျှ နုရတော့သည်ပေါ့။ ငှက်ပေါက်ကလေးသုံးကောင် အပျံသင်ဖို့ အသိုက်တွင်းမှ တိုက်သိမ်းက တွန်းချလိုက်ပြီးနောက် အပြာရောင်ကောင်းကင်ပေါ်သို့ တိုးဝင်ပျံသန်းလာခဲ့သည်။ သည်ငမိုးရိပ်ချောင်း ပတ်ဝန်းကျင်တစ်ခွင်မှာ သူ့ကိုအန်တုနိုင်မည့် ပြိုင်ဘက်မရှိတော့။ သစ်ဆိမ့်ပင် ငုတ်တိုကြီးထိပ်ဖျားမှာ သူအိပ်စက်နားနေလိုက်သည်။ ရန်သူကို ရှာဖွေသတိထားဖို့ မျက်စိအစုံကိုပင် ဖွင့်စရာမလိုတော့သည်မို့ တိုက်သိမ်းသည် စိတ်ချလက်ချ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်လေသည်။

× × × × ×

(သုံး)

နွေတစ်နေ့။ သည်နေ့က တိုက်သိမ်းအတွက် အလှည့်အပြောင်းတစ်ခု ဖြစ်ပွားသည့်နေ့။ ငမိုးရိပ်ချောင်းကို အလျားလိုက် ဖြတ်ကျော်ပျံသန်းလာသော တိုက်သိမ်းသည် အောက်ခြေ၌ တသွင်သွင်စီးဆင်းနေသည့် ရေပြင်ကိုလည်းကောင်း၊ လယ်ကွင်းများကိုလည်းကောင်း စူးစမ်းရှာဖွေ ကြည့်ရှုနေမိသည်။ သို့တစေ သူ့အစာဖြစ်သော သတ္တဝါကလေးများ တစ်ကောင်တစ်မြီးမျှ မတွေ့ရ။ အစာကိုသာ မဲ၍ ရှာဖွေလျက်ရှိသည်

www.burmeseclassic.com

www.burmeseclassic.com

တိုက်သိမ်းသည် ချုံပုတ်တစ်ခုကို အကာအကွယ်ယူလျက် လှုပ်ရှားနေသော လူသားတစ်ဦးကို မတွေ့လိုက်ဘဲ ရိပ်ခနဲ လှုပ်ရှားလိုက်သည့်အခါမှ တွေ့မြင်လိုက်၏။ သူနောက်ကျသွားပြီ။ နောက်သို့ ပြန်လှည့်တော့မည့်ဆဲဆဲ ဒိုင်းခနဲ ဒိုင်းခနဲ သေနတ်သံနှစ်ချက် ကြားလိုက်ရ၏။ မြေပြင်ရှိ လူသားက သေနတ်နှင့် ပစ်လိုက်ခြင်း ဖြစ်၏။ တစ်ချက်က တိုက်သိမ်း၏ ဦးခေါင်းအပေါ်မှ ဖြတ်ထွက်သွားသည်။ တစ်ချက်က တောင်ပံတစ်ဖက်ကို ထိမှန်သည်။ သေနတ်မှန်သဖြင့် မြေပြင်ရှိ ချုံပုတ်များအကြားသို့ တလိမ့်ခေါက်ကွေး ပါမည်လဲ။ သည်အခိုက် မြေကြီးပေါ်သို့ နင်းလျှောက်လာသည့် ဖိနပ်သံကိုသူကြားရသည်။ ကပျာကယာ ချုံပုတ်အကြားသို့ ပြေးဝင်တိမ်းရှောင်သည်။ အလူးလူးအလဲလဲဖြင့် ချုံပုတ်အောက်သို့ ရောက်ရှိသွားသည်။

ချုံပုတ်ဘေးမှာ လူတစ်ဦး၏ ဖိနပ်တစ်စုံကို သစ်ရွက်များကြားမှ သူမြင်ရသည်။ ချုံပုတ်အောက်မှာ ပုန်းအောင်းနေသော တိုက်သိမ်း၏ မျက်လုံးအစုံက ရဲရဲတောက်နေသည်။ အကောင်းတစ်ဖက် အကျိုးတစ်ဖက် တောင်ပံတစ်စုံကို ဖြန့်ကားထားသည်။ ဦးခေါင်းကိုမော့၍ နှုတ်

သူ့ဘဝဇာတ်သိမ်းက နီးနေပြီလို့ သူသိပါပြီ။ သစ်ဆိမ့်ပင်ငုတ်တိုကို ဟိုးအဝေးမှာ လှမ်းမြင်နေရသည်။ သူမပျံနိုင်တော့။ သစ်ငုတ်ပေါ်မှာ နားဖို့လည်း မစွမ်းဆောင်နိုင်တော့ဘူးလေ။ ယခု အခိုက်အတန့်မှာတော့ သူဆာလောင်မွတ်သိပ်လျက်ရှိသည်။ သူ့ဝမ်းကို သူဖြည့်ဖို့ပဲ သူအာသီသရှိနေသည်။

ထိုးကျသွားခဲ့ရလေသည်။ ချုံနွယ်များနှင့် ငြိပြီး သူ့အတောင်များ စုတ်ပြတ်ထွက်သွားသည်။ ဒေါသကြောင့် သူ့မျက်လုံးများ ရဲရဲတောက်နေသည်။ တဂီးဂီး မာန်ဖီ၍ တွေ့ရာမြင်ရာကို ချွန်ထက်သော နှုတ်သီးဖြင့် ထိုးဆိတ်သည်။ တောင်ပံအစုံကို အားပြု၍ သူ့ကိုယ်ကို မတ်မတ်ထနိုင်အောင် ထိန်းသည်။ အချည်းနှီးပင်။ ဘေးတိုက်လဲကျသွားသည်က အကြိမ်ကြိမ်။ တောင်ပံတစ်ဖက် ကျိုးနေသော ငှက်တစ်ကောင် ဘယ်လိုရပ်တည်နေနိုင် သီးကို ဟထားသည်။ ဒေါသဟူးဟူး ထန်စောကာမှ သူမလှုပ်မယှက် ငြိမ်သက်နေသည်။ သူ့ကို ထိကိုင်လိုက်လျှင်တော့ စွမ်းအားရှိသမျှဖြင့် တိုက်ခိုက်တုန့်ပြန်မည်ဟု တိုက်သိမ်းက ပြင်ဆင်ထားသည်။

မွေးမြူရေးခြံရှင်သည် ချုံနံဘေးမှာ ရပ်တန့်ရင်း ကောင်းကင်မှ ထိုးကျသွားသည့် တိုက်သိမ်းကို ရှာနေသည်။ မွေးမြူရေးခြံရှင်က ကောင်းကင်တွင် ပျံဝဲနေသည့် သိမ်းငှက်ကို စောင့်ကြည့်အကဲခတ်နေသည်မှာ ကြာနေပြီ။ သူမွေးမြူ ထားသော ကြက်များကို သိမ်းငှက်ထိုးသုတ် စားသောက်နေသည်လို့ သူထင်သည်။ သည်ငှက်ကို ဘယ်လိုအချိန်မှာ ဘယ်နေရာက စောင့်ဆိုင်းပြီး ပစ်ခတ်သုတ်သင်ရမည်လဲလို့ သူစူးစမ်းလျက် ပိုင်ပြီဆိုမှ ပစ်ချလိုက်သည်။ ယခုတော့ စိတ်ချသွားပြီ။ သိမ်းငှက်က ကောင်းကင်သို့ ပျံတက်သွားသည်ကို မတွေ့ရတော့။ ထို့ကြောင့် မွေးမြူရေးခြံရှင်က ဒသသမ ၂၂ ဘိုလ် ငှက်ပစ်သေနတ်ကို လက်ဂျာလက်ဖြင့်ကိုင်ဆွဲလျက် ပြန်လည်ထွက်ခွာသွားလေသည်။

အချိန်တော်တော်ကြာမျှ အသံဗလံ မကြားရတော့သည်အထိ တိုက်သိမ်းသည် ချုံတွင်းမှာဝပ်လျက် ပုန်းအောင်းနေသည်။ သူ့ပတ်ဝန်းကျင်မှာ ငမိုးရိပ်ချောင်းတွင်းမှ လှိုင်းကြက်ခွပ်များ တဖျပ်ဖျပ် ပုတ်ခတ်သံမှအပ ဘာသံမျှ မကြားရ။ ဒဏ်ရာကြောင့် သူအားနည်းနေသည်။ တစ်ကိုယ်လုံး နုံးချည့်နာကျင်လျက်ရှိ၏။ သေနတ်ကျည်ဆန်က ဘယ်တောင်ပံအရိုးကို ချိုးဖျက်ပစ်လိုက်ပြီး တောင်ပံကျိုးက မြေပေါ်မှာ တရွတ်တိုက်လျက်ရှိကာ မ၍ပင် မရနိုင်တော့သည့်အခိုက် ငှက်ကလေးတစ်ကောင် ချုံပုတ်ပေါ်သို့ လာနားသည်။ တိုက်သိမ်းက ဒေါသတကြီး လှမ်းမော့ကြည့်လိုက်၏။ တောင်ပံကို မလိုက်သည်။ တစ်ဖက်သာ မနိုင်သည်။ နှုတ်သီးကိုဟ၍ ရန်လိုစွာ ကြည့်လိုက်တော့ ငှက်ကလေး ပျံပြေးသွားလေသည်။ ထိုနေ့တစ်နေ့လုံး၊ တစ်ညလုံး ချုံထဲမှာ သူခိုအောင်းနေရ၏။ နောက်ရက်တွေမှာ မိုးရွာလာသည်။ တိုက်သိမ်းသည် သစ်ပင်တစ်ပင်၏အခြေသို့ပြေးကပ်၍ မိုးဒဏ်မှ ကာကွယ်ရ၏။ သူ့မျက်လုံးများကို မဖွင့်နိုင်။ လေက ထန်နေသည်။ အရုဏ်တက်ချိန်အထိ မိုးက မတိတ်ဘဲ တစိမ့်စိမ့်ရွာသည်။ မိုးနိုဗို့

www.burmeseclassic.com

www.burmeseclassic.com

နေရာအသစ် တိုက်သိမ်းရှာရ၏။ တောင်ပံကျိုးကို တရွတ်တိုက်ဆွဲရင်း ချောင်းနံဘေးက ခြုံတောင်ပို့အပျက်တစ်ခုသို့ ရောက်လာသည်။ ခြုံတောင်ပို့က တစ်ခြမ်းပြိုနေသဖြင့် သူဝင်ခိုလို့ရသည်။ တတိယနေ့တွင် မိုးတိတ်သွားသည်။ သူအတော် အားနည်းနေပြီ။ သေနတ်မှန်ထားသည့် ဒဏ်ရာက မခံနိုင်အောင်နာပြီး မွတ်သိပ်ဆာလောင်လျက်လည်း ရှိသည်။

တိုက်သိမ်းသည် တောင်ပို့အောက်မှာ ခိုနေရင်းက စင်ရော်ငှက်များ၏ အသံကိုကြားရသည်။ လေပြင်းတိုက်ခတ်နေခြင်းများ ငြိမ်သွားသောကြောင့် စင်ရော်ငှက်တွေ ပျော်နေသည်။ သူတို့တွေ ရေပေါ်မှာ ပျံသန်းရင်း အစာရှာနေကြသည်။ တိုက်သိမ်းသည်လည်း တောက်ပသည့် နေရောင်အောက်သို့ ထွက်လာနိုင်လေသည်။ ညနေပိုင်းမှာ သူကံကောင်းထောက်မစွာ ငါးတစ်ကောင်ရသည်။ စင်ရော်ငှက်တစ်ကောင် ကိုက်ချီလာရာက ပြုတ်ကျလာခြင်း ဖြစ်၏။ အလွန်လျင်မြန်စွာ ပြေးထွက်လျက် ငါးကို ကောက်ယူလိုက်၏။ ခြေသည်းများဖြင့် မြဲမြဲစွာကုတ်ထားရင်း တောင်ပံအကောင်းတစ်ဖက်ကို ဖြန့်ကားလျက် နှုတ်သီးကို ဟထားလိုက်သည်။ လွတ်ကျသွားသည့် ငါးကို ပြန်သုတ်ယူဖို့ စင်ရော်ငှက် သုံးလေးကောင် မြေကြီးပေါ်သို့ ဆင်းသက်လာသော်လည်း တိုက်သိမ်း၏ ရန်လိုမှုကြောင့် အဝေးသို့ ပျံပြေးသွားကြ၏။ သိမ်းငှက်က ငါးကို အငမ်းမရစားရင်း ခြုံတောင်ပို့ပျက်အောက်သို့ ပြန်ဝင်သွားလေသည်။ သူ့တောင်ပံတစ်ဖက်က မလို့မရတော့။ သူကောင်းကင်ထက်မှာ ဘယ်တော့မှ မပျံသန်းနိုင်တော့ပါ။ ကမ်းနဖူးမှာ လာနားနေကြသော စင်ရော်တွေအနီးသို့ သူချဉ်းကပ်ကြည့်၏။ အကောင်ငယ်ကလေးတွေက ခုန်ဆွခုန်ဆွနှင့် သူနှင့်ဝေးရာသို့ ပြေးသွားသည်။ စင်ရော်ငှက်ကြီးများကမူ သုတ်ခနဲ သုတ်ခနဲ ပျံသွားကြသည်။ သူ့ကို ဘယ်အကောင်မျှ ဂရုမစိုက်။ တိုက်သိမ်း ခေါင်းကိုပင် မော့မထားနိုင်တော့။ ပျံသန်းခြင်း မပြုနိုင်တော့သည့် ငှက်တောင်ပံကျိုးကို ကောင်းကင်ပျော်တွေက ဘယ်လို အရာသွင်းပါ့မလဲလေ။

ည ...။ လရောင်က မှိန်မှိန်ကလေးသာ လင်းလျက်ရှိသည်။ တိုက်သိမ်းသည် ခြုံတောင်ပို့ပျက်အောက်မှ တိတ်တဆိတ်ထွက်လာသည်။ ချောင်းကမ်းနဖူး စင်ရော်ငှက်တွေစုပြီး အိပ်ကြတာ သူသိသည်။ ခေါင်းကို တောင်ပံတွေကြားထဲ ထိုးဖွက်ပြီး အိပ်နေကြသည့် စင်ရော်ငှက်တွေကို တိုက်သိမ်းက တရကြမ်း ဝင်ထိုးဆိတ်တိုက်ခိုက်တော့မှ စရုန်းသုန်းကာ ကစဉ့်ကလျား ဖြစ်သွားသည်။ တိုက်သိမ်း၏ ပြင်းထန်သော ထိုးနှက်ချက်ကြောင့် စင်ရော်ငှက်ငယ် သုံးလေးကောင် တုံးလုံးပက်လက် ဖြစ်နေသည်။ ဂီးခနဲ ဂီးခနဲ အော်ဟစ်တိုက်ခိုက်နေသည့် တိုက်သိမ်းကို မတုံ့ပြန်နိုင်သော စင်ရော်ငှက်ကြီးများက ထက်ကောင်းကင်သို့ ပျံသန်းပြေးကြ၏။ လရောင်အောက်မှာ ကောင်းကင်ပြာပေါ်တွင် စင်ရော်တွေ ဝဲနေသည်။ သူတို့ဟစ်အော်သံများ ညံနေသည်။ ချောင်းဘေးမှာ မကြာမီ တိတ်ဆိတ်သွား၏။ တိုက်သိမ်းတစ်ကောင်တည်း စင်ရော်ငှက်သေကလေး တစ်ကောင်နှင့်အတူ ကျန်ရစ်၏။ ငှက်ကလေးက သေးသေးကလေး။ သူမပျော်နိုင်ပါ။ ပြီးတော့ အစာလည်း မဝပါ။

နောက်တစ်ည။ စင်ရော်ငှက်တွေစုပြီး အိပ်နေရာ ကမ်းနဖူးသို့ တိုက်သိမ်းက အမှောင်ကို အားကိုးလျက် တိုးကပ်သွားသည်။ ယမန်နေ့ညကလိုပင် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လိုက်၏။ သူ့တိုက်ခိုက်မှုက ပြင်းထန်သည်။ တောင်ပံအကောင်းတစ်ဖက်နှင့် တရကြမ်း ရိုက်သည်။ ခုန်၍ခုန်၍ ခြေသည်းများဖြင့် ကုတ်ခြစ်သည်။ နှုတ်သီးကောက်ကောက်ဖြင့် မိရာမြင်ရာကို ထိုးဆိတ်သည်။ သည်တိုက်ပွဲမှာ စင်ရော်ငှက်ငါးကောင် အတုံးအရုံး သေဆုံးသည်။ သည်ညကတော့ သူ့အောင်ပွဲည။ ဝဝကြီး စားသောက်လိုက်ရ၏။ နောက်တစ်နေ့မှာတော့ သူကံဆိုးသွားပြီ၊ နေရောင်အောက်သို့ သူထွက်လာသည်။ စင်ရော်အုပ်က ငမိုးရိပ်ချောင်းတွင်းမှ ငါးများကို ရှာဖွေထိုးသုတ်နေသည်။ သူတို့ထံမှ စားကြွင်းစားကျန်များ ရနိုင်ကောင်း၏။ ချောင်းနံဘေးမှာ တိုက်သိမ်းကို တွေ့လိုက်သော စင်ရော်ငှက်များက သည်အခါမတော့ မြေပြင်သို့ ထိုးဆင်းလာကာ တိုက်သိမ်းကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ စင်ရော်ငှက်များက တိုက်သိမ်း၏အားနည်းချက်အား မကြာမီပင် သိရှိသွားကြ၏။ တောင်ပံကျိုးငှက်ကြီးပဲ၊ သည်အခါ ငှက်တွေ၏ တိုက်ခိုက်မှုက ပိုမိုပြင်းထန်လာသည်။ တိုက်သိမ်းမည်သို့မျှ တုံ့ပြန်နိုင်ခြင်းမရှိ။ တုံးလုံးလဲကျသွား၏။ စင်ရော်တွေက ဝဲဆင်းလာလိုက်၊ ထိုးဆိတ်သွားလိုက်၊ အသံတွေညံသွားအောင် အော်သွားလိုက်နှင့် သူ့ခေါင်းအထက်မှာ ငှက်တွေ ငှက်တွေ။

တိုက်သိမ်း မရုန်းနိုင် မကာယ်နိုင် လဲကျနေသည်။ အမွေးအတောင်များ စုတ်ပြတ်ကျွတ်ထွက်လျက်။ ခြေအစုံပေါ်မှာပင် ရပ်မနေနိုင်။ မျက်လုံးတစ်ဖက်က ဟောက်ပက်ဖြစ်သွားပြီ။ စင်ရော်ငှက်တွေ၏ နှုတ်သီးချက်က မျက်လုံးတစ်ဖက်ကို ထွက်သွားစေခဲ့၏။ ယခုတော့ မျက်စိတစ်ဖက်ကာမ်း၊ တောင်ပံတစ်ဖက်ကျိုး။ တဖြည်းဖြည်း တရွေ့ရွေ့ဖြင့် တိုက်သိမ်းသည် ကမ်းနဖူးမှ ခွာလာသည်

www.burmeseclassic.com

www.burmeseclassic.com

ညနေဆည်းဆာအချိန်မှာ သူခိုအောင်း စရာ ချုံပုတ်တစ်ခုအောက်သို့ ရောက်လာသည်။ စင်ရော်တွေအသံကို ဟိုးအထက်မှာ ကြားနေရ၏။ ဝေးဝေးပြေးမှ၊ သည်ငှက်အုပ်နှင့် ထပ်တွေ့ရလျှင် သူသေတော့မည်။ ဝေးနိုင်သမျှဝေးအောင် ပြေးမှ သူအသက်ရှင်နိုင်ပါလိမ့်မည်။ တိုက်သိမ်းသည် နေရာဟောင်းဘက်သို့ ပြန်လာခဲ့၏။ သူ့ဘဝဇာတ်သိမ်းက နီးနေပြီလို့ သူသိပါပြီ။ သစ်ဆိမ့်ပင်ငုတ်တိုကို ဟိုးအဝေးမှာ လှမ်းမြင်နေရသည်။ သူမပျံနိုင်တော့။ သစ်ငုတ်ပေါ်မှာ နားဖို့လည်း မစွမ်းဆောင်နိုင်တော့ဘူးလေ။ ယခု အခိုက်အတန့်မှာတော့ သူဆာလောင်မွတ်သိပ်လျက်ရှိသည်။ သူ့ဝမ်းကို သူဖြည့်ဖို့ပဲ သူအာသီသ ရှိနေသည်။

ကောင်းကင်ပြာအထက်မှာ သိမ်းငှက်တစ်ကောင် လေဟုန်စီးပျံသန်းနေသည်။ အလို ဒါဟာ သူ့နယ်မြေပဲ။ သူကျင်လည်ကျက်စားခဲ့သည့် နယ်မြေ။ ထက်ကောင်းကင်မှ သိမ်းငှက်က သူ့ကိုတွေ့မြင်သွား၏။ ဟိုးအမြင့်ကြီးမှ အရှိန်အဟုန်ဖြင့် ထိုးစိုက်ချလာပြီး တိုက်သိမ်းကို တိုက်ခိုက်လိုက်သည်။ ကံကောင်းထောက်မစွာ ချုံတစ်ခုအောက်သို့ အလျင်အမြန် တိုးဝင်လိုက်နိုင်၍ သူအသက်ဘေးမှ လွတ်သွားသည်။ သူ့တစ်ကိုယ်လုံး ရွံ့တွေ သဲတွေ ဖုံးလွှမ်းနေသည်။ ငှက်တစ်ကောင်နှင့်ပင် မတူတော့။ ရွှံ့လုံးကြီး တစ်လုံးလို ဖြစ်နေသည်။ မိုးတွေရွာလာပြန်သည်။ မိုးရွာသဖြင့် မြေကျင်းထဲမှ ထွက်လာကြသည့် ဖားတွေ၊ မြွေကလေးတွေ သူစားရသည်။ ရေပေါ်မှာ မျောလာသော ပုရစ်လို၊ ပုစဉ်းလို ပိုးမွှားကောင်ကလေးများကိုလည်း ရှာတွေ့သည်။ ရက်ကြာလာလေလေ အစာရေစာ ဝင်မွတ်ဆာလောင်လာလေလေ ဖြစ်သည်။ သူ့ကိုယ်ခန္ဓာက အရိုးပေါ်အရေတင် ဖြစ်နေပြီ။ မိုးက အဆက်မပြတ် နှစ်ရက်သုံးရက်လောက် ရွာနေသည်။ ငမိုးရိပ်ချောင်းတံတားကြီးပေါ်မှ ရထားဖြတ်မောင်းသွားသံကို သူကြားလိုက်ရတော့ ထိတ်လန့်ချောက်ချားသွားပြီး တစ်လုံးတည်းသာကျန်သည့် မျက်လုံးကို ကြောက်လန့်တကြားဖွင့်ကြည့်မိသည်။

× × × × ×

(လေး)

မိုးကာလ ကုန်ဆုံးသွားပြီ။ မြေပြင်ပေါ်မှာ ရေအိုင်၊ ရေဗွက်များ မရှိတော့။ တိုက်သိမ်းက ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံမရပ်နိုင်တော့။ သူ့ဒဏ်ရာတွေကလည်း သဘာဝက ကုစား၍လား မဆိုနိုင်။ ပျောက်ကင်းနေပြီ။ တောင်ပံတစ်ဖက်ကျိုး၍ မပျံနိုင်၊ မျက်စိတစ်လုံးကန်း၍ တစ်ဖက်က မမြင်နိုင်။ ဘယ်လိုပင်ဖြစ်ဖြစ် အစာကို ရှာဖွေရလိမ့်မည်။ သည်လိုနှင့် တိုက်သိမ်းက စမ်းတဝါးဝါးနှင့် ငမိုးရိပ်ချောင်းနဖူးက မွေးမြူရေးခြံအနီးသို့ မမျှော်လင့်ဘဲ ရောက်လာခဲ့၏။ ကြက်ခြံတစ်ဝိုက်မှာ ဖုန်တွေလွင့်ပျံနေသည်။ လေပွေတစ်ချက် မွှေ့လိုက်သဖြင့် ရွက်ခြောက်များ အမှိုက်စများ ပလူပျံနေသည်။ မြန်နိုင်သမျှမြန်အောင် တိုက်သိမ်းသည် ကြက်ခြံအနီးသို့ တိုးကပ်သွား၏။ ခြံဝင်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ လူသူတစ်စုံတစ်ဦးကိုမျှ မတွေ့မမြင်ရ။ သူ့နှာခေါင်းဝမှာ မွေးမြူရေးခြံမှ ကြက်များ၏ အနံ့ရနေသည်။ သည်အနံ့တွေက သူ့ကိုဆွဲဆောင်လျက် ရှိသည်ဖြစ်ရာ တိုက်သိမ်းက ဘာကိုမှ စဉ်းစားဆင်ခြင် မပြုနိုင်တော့ဘဲ ခြံတွင်းသို့ဝင်ဖို့ ကြိုးစားသည်။ ခြံတံခါးက ပိတ်ထားသည်။ အတွင်းသို့ဝင်ဖို့ အပေါက်မရှိ။ ခြံကာထားသော သံဆန်ခါကို ကျော်ဝင်နိုင်မှသာ ဝင်လို့ရမည်။ တိုက်သိမ်းက သံဆန်ခါကို ခုန်ကျော်ဖို့ ကြိုးစားသည်။ တောင်ပံများ၏ အားကိုယူ၍ ခုန်ကြည့်၏။ တစ်ကြိမ်၊ သံဆန်ခါနှင့် သူတိုက်မိပြီး ပြုတ်ကျပြန်သည်။ နောက်ထပ်တစ်ကြိမ် သူခုန်လိုက်ပြန်သည်။ သည်တစ်ကြိမ်မှာတော့ သံဆန်ခါထိပ်ကို ရောက်သွားပြီး ကျိုးနေသော တောင်ပံနှင့် တိုက်မိကာ ကြက်ခြံတွင်းသို့ ကျသွားသည်။ အမြင့်မှ ကျလာသောအရှိန်ကြောင့် သူ ရုတ်တရက် မလှုပ်ရှားနိုင်။ တဖြည်းဖြည်းမှ သူထလာနိုင်သည်။ ကြက်ခြံတွင်းမှ သစ္စာခွက်များဖြင့် ကြက်များသောက်ဖို့ ရေသောက်ခွက် ရှိနေသည်။ သူ အငမ်းမရ သောက်သည်။

တရွေ့ရွေ့တိုးသွားသည့်အခါ ကြက်တွေအိပ်နေသည့် ခြံအတွင်းသို့ သူရောက်ရှိသွား၏။ အိပ်တန်းများထက်မှာ ကြက်တွေ တန်းစီအိပ်နေသည်။ အမှောင်တွင်းမှာ ကြက်တွေ ငြိမ်နေသည်။ အနီးဆုံးကြက်တစ်ကောင်ကို သူတိုက်ပစ်လိုက်၏။ ကြက်လည်ပင်းကျိုးသွားသည်။ သွေးညှီနံ့က သူ့ကို အရူးအမူး ဖြစ်သွားစေသည်။ ကြက်ကို တစ်စစီ ကိုက်ဖဲ့ရင်း မျိုချ၏။ အစာငတ်နေတာကြာနေပြီမို့ မျိုလို့မရ။ သွေးသံရဲရဲ ကြက်သားများကို တစ်ဖဲ့ချင်း မျိုချသည်။ အစာက လည်မျိုမှာ တစ်ဆို့နေသည်။ အစာမျိုမရသဖြင့် တိုက်သိမ်း ဒေါသတကြီး ဖြစ်လာသည်။ ဒေါသကို ဖွင့်ထုတ်လိုက်တော့ ကြက်တွေ တစ်ကောင်ပြီးတစ်ကောင် သေကုန်သည်။ တွေ့ရာမြင်ရာ ကြက်တွေကို တိုက်သည်။ ကုတ်ခြစ်သည်။ နှုတ်သီးဖြင့် ထိုးဆိတ်သည်။ ကြက်တွေ တစ်ခြံလုံး ဟိုပြေးသည်ပြေး ဖြစ်ကုန်သည်။ ခုန်သည့်အကောင်ကခုန်၊ ပျံသည့်အကောင်ကပျံ။ ကတော် ကတော်အော်သံများ ဆူညံပွက်လောရိုက်လျက် ရှိလေသည်။

တိုက်သိမ်းသည် ကြက်တွေပြေး

www.burmeseclassic.com

www.burmeseclassic.com

ရသလို လိုက်ရင်းက ထိုင်းမှိုင်းလေးလံနေ
ခြင်းများ ကင်းပျောက်၍ ပျော်ရွှင်လာ
သည်။ စိတ်လွတ်လက်လွတ် ပြေးလွှား
ခုန်ပျံခြင်း မပြုနိုင်စေကာမူ ကြက်များကို
တစ်ကောင်ပြီးတစ်ကောင် လိုက်လံတိုက်
ခိုက်နေသည်။ ခြံထောင့်မှာ ကြက်ဖကြီး
တစ်ကောင်နှင့် တိုးမိ၏။ ကြက်ထီးကြီးက
သူ့ထက် အကောင်ကြီးသည်။ ကြက်မ
တွေလို ထွက်မပြေးဘဲ တိုက်သိမ်းကို
လှည့်၍ ရင်ဆိုင်သည်။ သူက တောင်ပံ
ကိုဖြန့်၍ ရင်အုံဖြင့် တိုက်ပစ်သည်။
ကြက်ဖကြီးက သူ့ကို အပြင်းအထန် ပြန်
ခွပ်သည်။ ကြက်ဖကြီးနှင့်ကျတော့ တိုက်
သိမ်း ပက်လက်လန်သွားသည်။ ကြက်
ဖကြီး၏ အတက်က သူ့ရင်အုံကို စူးဝင်
သဖြင့် အလူးအလဲခံလိုက်ရ၏။

သည်အခိုက် ကျယ်ကျယ်လောင်
လောင် ခွေးဟောင်သံများ ထွက်လာ
သည်။ ကြက်ခြံနှင့်ကပ်လျက် အိမ်ပြတင်း
တစ်ခုမှ တုတ်မီးအလင်းရောင်တန်း
တစ်ခု ဝင်းခနဲပေါ်လာသည်။ မွေးမြူရေး
ခြံမှ လူတွေနိုးကုန်ပြီး မီးရောင်က ကြက်
ခြံတွင်းမှာ ဟိုသည် ဝှေ့ယမ်းနေရာမှ
ကြက်ဖကြီးနှင့် လုံးထွေးတိုက်ခိုက်လျက်
ရှိသည့် တိုက်သိမ်းအပေါ်သို့ ကျလာ
သည်။

"ဟေ့ ... ဟေ့ ... ဟိုငှက်စုတ်။
မီးထိုးထား။ ဒီငှက်စုတ် မသေသေးပါ
လား"

လူတစ်ယောက်၏ အသံကြားရ
သည်။

"သေနတ်ပေးစမ်း။ သေနတ်နဲ့ ပစ်
ရအောင်"

"မပစ်နဲ့ ... မပစ်နဲ့။ ကြက်တွေပါ
မှန်ကုန်မယ်။ ခွေးနဲ့ ရှူးတိုက်ပေး။ ခွေး
တွေ ကိုက်ပစ်လိုက်မယ်။ ခွေးတွေ လွှတ်
ပေးလိုက်ဟေ့"

သည်အခါမှာပင် တိုက်သိမ်းနှင့်
ကြက်ဖတို့တိုက်ပွဲ ပြီးဆုံးသွားသည်။
တိုက်သိမ်းလက်ချက်ကြောင့် ကြက်ဖကြီး
လည်ပင်းကျိုး၍ သေသွားသည်။ တိုက်
သိမ်းက အန္တရယ်ကိုမြင်ပြီး ခြံပြင်သို့
ထွက်ဖို့ သံဆန်ခါကို ခုန်ကျော်သည်။
အားကုန်ထုတ်လျက် အသက်ဘေးမှ
လွတ်အောင် ခုန်လိုက်ခြင်းဖြစ်၍ ခြံပြင်သို့
ရောက်သွား၏။ ခြံပြင်မှာ ခွေးတွေက သူ့
ကိုစောင့်နေပြီ။ အတင်းဝင်ကိုက်သည်။
ခြံရှင်မှ လက်တွင်းမှာ သေနတ်ကိုင်ထား
သော်လည်း ပစ်ဖို့မကြိုးစား။ သူ့ခွေးတွေ
ကို ထိမှန်မှာစိုးသည်။ သိမ်းငှက်၏ အခြေ
အနေကို သူမြင်သည်။ တောင်ပံတစ်
ဖက် ကျိုးနေပြီ။ မပျံနိုင်တော့ဘူး မဟုတ်
လား။

"ကြက်ခြံမီးတွေ ဖွင့်လိုက်ဟေ့။
ခွေးတွေ မြင်မြင်ထင်ထင်ရှိအောင်"

လျှပ်စစ်မီးများ ထိန်လင်းသွား
သည်။ ခြံရှင်၏ အိမ်သားများပါ ထွက်လာ
ကြ၏။ ခွေးက နှစ်ကောင်ဖြစ်သည်။
တိုက်သိမ်းက တောင်ပံနှစ်ဖက်ကို ဖြန့်
ကားလျက် နှုတ်သီးကို ဟထားသည်။
သူ့တောင်ပံတစ်ဖက်ကို လာဆွဲသည့်
ခွေးတစ်ကောင်ကို တောင်ပံနှင့် ရိုက်ပစ်
လိုက်၏။ နှုတ်သီးကို ထိသွားသဖြင့် ခွေး
က တအိုင်အိုင်အော်လျက် နောက်ဆုတ်
သွားသည်။ နောက်တစ်ကောင်က တစ်
ဖက်က ဝင်ကိုက်ပြန်သည်။ တိုက်သိမ်းက
ခွေးကို ခုန်၍ နှုတ်သီးနှင့် ထိုးဆိတ်ပစ်
လိုက်၏။ ခွေးက ရှောင်ထွက်သွားသည်။

"ကိုက်ပစ်စမ်း နက်ကျော်၊ ကိုက်
ပစ်စမ်း"

"နီမ ... နီမ ... ဘာလုပ်နေတာ
လဲ။ ကိုက်စမ်း ... ကိုက်ပစ်"

ခွေးတစ်ကောင်သည် သခင့်အသံ
ကို ကြားသဖြင့် တိုက်သိမ်းအား အတင်း
ဝင်ခဲပစ်သည်။ ကျောကုန်းကို ကိုက်မိ
သဖြင့် တစ်ချက်နှစ်ချက် ဆွဲခါလိုက်
သည်။ တိုက်သိမ်းက အသံတစ်ချက်မျှ
မပြု။ တစ်ချက်ကလေးမျှ မအော်။ မျက်
လုံးတစ်လုံးက ဒေါသကြောင့် နီရဲနေ
သည်။ နှုတ်သီးကိုဟ၍ ခွေးကို ပြန်လှန်
ထိုးဆိတ်သည်။ ကျိုးနေသော အတောင်
ကြောင့် စိတ်ထင်တိုင်း မတိုက်ခိုက်နိုင်။
ခွေးက နောက်တစ်ကြိမ် ဝင်ကိုက်ပြန်
သည်။ သည်တစ်ကြိမ်မှာ တိုက်သိမ်း
ခေါင်းမထောင်နိုင်တော့။ ချွန်ထက်သည့်
အစွယ်များက သူ့အသားတွင်းသို့ နက်
နက်ကြီး စူးဝင်သွားသဖြင့် ငယ်သံပါ
အောင် အော်လိုက်မိသည်။ သည်လိုနာ
ကြည်းသံမျိုးက ဟိုးတစ်ချိန်က သား
ကောင်ငယ်ကလေးများအား တိုက်သိမ်း
ထိုးသုတ်တိုက်ခိုက်ခဲ့စဉ်က ကြားရသည့်
အသံမျိုး ဖြစ်နေသည်။ ဟုတ်ပါရဲ့။ ဗုံလုံ
တစ်လှည့် ငါးပျံတစ်လှည့်ပေါ့။

တိုက်သိမ်းခမျာ စွမ်းအားရှိသမျှ
ခုခံတွန်းလှန်သော်လည်း သားရဲမရဲစီး
လျက်ရှိနေသည့် ခွေးနှစ်ကောင်ကို အန်
မတုနိုင်။ သွေးအလူးလူးဖြင့် မြေပြင်မှာ
ပိုးလိုးပက်လက်လန်လျက် အသက်ထွက်
သွားရသည်။ သခင့်အပါးသို့ မျက်နှာလို
မျက်နှာရ ကပ်သွားကြသော ခွေးနှစ်
ကောင်အား ခြံရှင်က ခေါင်းကို ပွတ်သပ်
ပေးလိုက်၏။

ပက်လက်လန်ကာ အတောင်ပံနှစ်
ဖက်ဖြန့်ကားလျက် နှုတ်သီးကိုဟ၍ သေ
နေသော တိုက်သိမ်းအနီးသို့ အိမ်သား
များ လာရောက်ကြည့်ရှုကြသည်။ ခြံရှင်
က တုတ်မီးကို ငှက်သေရှိရာသို့ ထိုးပြ
လိုက်ပြန်ရာ တုတ်မီးရောင် ခြံတွင်းရှိ မီး
ရောင်များပါ ပေါင်းစု၍ လင်းထိန်သွား
သည်။

"အာဂ ငှက်ပဲဟေ့ ..."

ခင်မောင်အေး(မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

ဟာသဝတ္ထု

■ ဘစောတူ

ရေဖော်သောက်ဖက် မိတ်ဆွေကြီး တစ်ယောက်ရှိတယ်။ ကျွန်တော်တို့ရှိတဲ့ ညနေပိုင်းဝိုင်းကို ရံပန်ရံခါ လာလေ့ရှိပါတယ်။ သူက စာရေးအလွန်ကောင်း သလို သောက်အားလည်း အလွန်ကောင်း သူပါ။

သူက ယစ်ရွှေရည်လေးနည်းနည်း ထွေလာရင် တစ်ပါးသူကို ကလိသလို ရိသလို လုပ်တတ်တယ်။ ရေဖော် သောက်ဖက် လူရင်းတွေဆိုတော့ စိတ် ညစ်ရတာကလွဲပြီးမှ တစ်ပါးအခြားမရှိပါဘူး။ ပြောလည်း မပြောသာဘူးဆိုပါတော့။

အဲသလို မပြောသာတာကို အခွင့် ကောင်းယူပြီး သူက ပိုကဲ ပိုပြုလေပေါ့။ တစ်ဝိုင်းလုံး သူ့လေသံကြီးပါပဲ။ ကြားရ ကြားရ နားဝမချမ်းသာဆိုသလိုပါပဲ။

သူက ဗန်ဒို၊ ဗန်ရှည်တတ်တယ်။ ကရာတေးမှာတောင် အဆင့်မြင့်နေရာကို ရထားခဲ့တယ်လို့ တစ်ခွန်းတစ်စကြားဖူး ပါရဲ့။ သို့ပေမဲ့ သူ့ခေါင်းက ဒဏ်ရာဒဏ် ချက်တွေကတော့ လေးစားစရာပါ။

တစ်နေ့ ရေဖော်သောက်ဖက်ကြီး က သူ့မြေးငယ်လေးနဲ့အတူ ကျွန်တော် တို့ရှိရာ ညနေဝိုင်းကို ရောက်လာတယ်။ မဆုံတာကြာလို့ အမှတ်တရ လာတွေ့ တာလို့ ဆိုတယ်။ အဲဒီနေ့က သူလုံးဝ (လုံးဝ)မသောက်ပါဘူး။ မြေးငယ်လေးပါ လာလို့ ဖြစ်မှာပါ။

သူ့မြေးငယ်လေးအတွက် ကျွန် တော်က အအေးတစ်လုံး မှာပေးလိုက်ပါ တယ်။ မြေးငယ်လေးကို စချင်နောက်ချင် တာနဲ့ ...

"မြေးလေးရဲ့အဘိုးက လူမိုက်ကြီး ဆိုပဲကွ။ အားလုံးက သူ့ကိုကြောက်နေ ကြရတယ်။ သိလား"

"ကြောက်ရမှာပေါ့ အန်ကယ်တို့ ရာ။ အဘိုးက သိုင်းလည်း တတ်တယ်။ ကရာတေးလည်းတတ်တယ်"

ရေဖော်သောက်ဖက် မိတ်ဆွေ ကြီးက တပြုံးပြုံးနဲ့ ...

"ကဲ ... မြေးလေး၊ အဘိုးရဲ့ ကရာတေး။ အဆင့်ကို ပြောပြလိုက်ပါဦး"

ဆိုတော့ မြေးငယ်လေးက တစ်မှ ဟုတ်ချင်းပဲ ပြောပြပါတယ်။

မြေးငယ်လေးက ·ပြောတဲ့စကား ကြားရတော့၊ ကျွန်တော်တို့မှာ တအံ့တ သြနဲ့ "ဟင်" "ဟာ" "ဟိုက်"ဆိုတဲ့ အာမေဋိတ်သံတွေ ထွက်ကျခဲ့တယ်၊ ရေ ဖော်သောက်ဖက် မိတ်ဆွေကြီးက မျက် နှာကတော့ ဘယ်လိုပြောရမလဲ ...။

မြေးငယ်လေးပြောလိုက်တဲ့ စကား က ...

"ကျွန်တော့ အဘိုးက လည်ပတ် အနက် ရထားတာဗျ"တဲ့။

ဘစောတူ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အကြံတူ နောက်လူကောင်းစမြဲ

Suicide

by Georges Maurevert

ဘနှင်း(မြန်မာပြန်)

ဆန်ရိုမန်နိုမြို့ကလေးမှာ နတ်ပြည်တမျှ သာယာလှပသော မြို့ကလေးတစ်မြို့။ ကမ္ဘာပေါ်ရှိ အချို့သော နေရာများသည် လူတစ်ယောက်အဖို့ ရင်ခွင်၌ ပွေ့ဖက်ထားချင်စရာ ကောင်းလောက်အောင် သာယာလှပသည်ဟု ဖလောဘတ်ဟူသော ပညာရှင်ကြီးက ဆိုခဲ့ဖူးသည်။ သို့သော် ဤမျှသာယာလှပသော မြို့ကလေးမှာ အပြင်ဘက်အဆင်း ဝင်းပသလောက် အတွင်းအရသာမှာ ခါးသီးလှပြီး အဆိပ်များပြင့်သီးသည့် သစ်သီးတစ်မျိုးနှင့် တူနေသည်မှာ ဝမ်းနည်းဖွယ်ရာ ကောင်းလှသည်။

ဆန်ရိုမန်နိုမြို့ကလေး၏ ရှုခင်းမှာ အမှန်တကယ် ချမ်းမြေ့ငြိမ်းချမ်ဖွယ်ရာကောင်းသည်။ သို့သော် မြို့သူမြို့သားတို့၏ နှလုံးသားတွင်မူ ချမ်းမြေ့ငြိမ်းချမ်းမှု မရှိ။ နေရာတိုင်းတွင် တွေ့ရှိရသမျှ လူတို့၏မျက်နှာတွင် စိတ်ပျက်ဝမ်းနည်းမှု အရိပ်အယောင်များ လွှမ်းနေသည်။

သူတို့နှုတ်မှ ထွက်ပေါ်လာသည့် စကားများကို နားထောင်ကြည့်ပါကလည်း ''ငါ ရ ဂဏန်းကို မထိုးမိတာနာတယ်ကွာ။ ငါ့ကုသိုလ်ကံကိုက ဆိုးလွန်းပါတယ်''ဟူ၍ တစ်မျိုး။ ''ဆယ်ကြိမ်ဆက်နိုင်ပြီး နောက်ဆုံးအကြိမ် ပုံအောလိုက်တာမှ ရှုံးသွားတယ်ကွာ။ နာလိုက်တဲ့ဖြစ်ခြင်း''ဟူ၍ကားတစ်ဖုံ။ လောင်းကစားမှုနှင့်ပတ်သက်၍ အမျိုးစုံ ကြားရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့အားလုံးသည် ဆန်ရှိမန်နီမြို့၏ ရှုခင်းအလှကို စိတ်မဝင်စားနိုင်ကြ။ လောင်းကစားဝိုင်းများတွင်သာ အာရုံနစ်မြုပ်နေကြသည်။ ကမ္ဘာမြေကြီးသည် သူတို့အတွက် ကြီးမားသော ရိုးလက်ကစားဝိုင်းကြီး တစ်ခုသာလျှင် ဖြစ်သည်။ ဆန်ရှိမန်နီမြို့ကလေးကား လောင်းကစားမြို့ကလေး တစ်ခုသာတည်း။

ကျွန်တော်သည်လည်း လပေါင်းအတော်ကြာမျှ လောင်းကစားမှု၏ သားကောင်ဖြစ်ခဲ့ရပြီး ကစားဝိုင်းတွင်ရှုံးသဖြင့် ရှိသမျှငွေမှာ ပြောင်လုခမန်းရှိခဲ့ပြီ။ အိတ်ထဲသို့ နှိုက်ကြည့်လိုက်ရာ ငွေ ၁၂ ဖရန့်သာ ကျန်တော့ကြောင်း တွေ့ရှိရသည်။

တည်းခိုခန်းပိုင်ရှင်ကို ပေးရန် ငွေမှာ ၁၅ ဖရန့်။ ကျွန်တော် စိတ်ဓာတ်ကျသွားသည်။ လူ့ဘဝတွင် အသက်မရှင်နိုင်ရန် ဆုံးဖြတ်ခဲ့သည်။

ကျွန်တော်က ပစ္စတိုသေနတ်ကို သေသေချာချာ စစ်ဆေးကြည့်ရှုလိုက်သည်။ သေနတ်ထဲတွင် ကျည်ဆန်ခြောက်တောင့်မှာ အသင့်ရှိနေသည်။ သည်လောက်ဆိုလျှင် ကျွန်တော်ကဲ့သို့ မိုက်မဲလှသည့် လူတစ်ယောက်၏ ဦးနှောက်ကို ဖောက်ထုတ်ပစ်လိုက်ရန် လုံလောက်နေပေပြီ။ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ ကျွန်တော့်အတွက် နောက်ဆုံးနံနက်ခင်းမှာ ရွှန်းလင်းတောက်ပနေလေသည်။ မိုးကောင်းကင်သည် သန့်စင်၍ပြာလွင်နေသည်။

ပင်လယ်ရေပြင်မှာ လှိုင်းလုံးများထကာ အစိမ်းရောင်ပြေးနေသည်။ လိမ္မော်နှင့် တောပန်းရနံ့တို့ဖြင့် ပျံ့လွှင်နေသော လေကို ရှူရှိုက်လိုက်ရသည်။ ထို့နောက် ဆားဓာတ်ပါသော ပင်လယ်ရေကို နောက်ဆုံးအကြိမ်အဖြစ် ရှုရန် ကမ်းခြေသို့ ဖြည်းဖြည်းဆင်းလာခဲ့သည်။

ကမ်းခြေတွင် တစ်ခဏမျှသာ လမ်းလျှောက်ရသေးသည်။ ဝမ်းဗိုက်က တကျိုက်ကျိုက် ဆာလောင်လာတော့သည်။ ကျွန်တော်သည် တည်းခိုခန်းသို့ မပြန်ခင် သတင်းစာတစ်စောင် ဝယ်လိုက်သည်။ ''ဆန်ရှိမန်နီ ဆန့်ကျင်ရေး'' ဟူသော သတင်းစာပင် ဖြစ်သည်။

ကျွန်တော် နံနက်စာစားနေစဉ် သတင်းစာ စာမျက်နှာများကို ကတိုက်ကရိုက် လှန်ကြည့်လိုက်သည်။ စာမျက်နှာတစ်ခုပေါ်တွင် ''ယခုအပတ်အတွင်း မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုများ'' ဟူသော သတင်းခေါင်းစဉ်းကို ဖတ်လိုက်ရသည်။

ထိုစာသားများက ကျွန်တော့်၏ စိတ်အာရုံတစ်ခုလုံးကို သိမ်းကျုံးဆွဲငင်လိုက်သည်။ ''လာမည့်ရက် အနည်းငယ်အတွင်း ကျွန်တော်၏သတင်းကိုလည်း သည်နေရာ၌ပင် သူတို့ဖော်ပြကြဦးမည် အဟုတ်ပင်။ ကျွန်တော်က စိတ်ခံစားမှုသိပ်မရှိဘဲ စဉ်းစားကြည့်မိလိုက်သည်။ ကျွန်တော်၏ သေဆုံးမှုသတင်းကို ဖော်ပြသည့်အတွက် သတင်းစာဆရာကို ကြိုတင်ကျေးဇူးတင်လိုက်ချင်သေးသည်။

ခေါင်းစဉ်းအောက်မှာ အနက်ရောင် မျဉ်းသားထားသော စာအပိုဒ်ကို ကျွန်တော်က စိတ်ဝင်စားစွာဖြင့် ဖတ်ရှုလိုက်မိသည်။

စာထဲတွင် လွန်ခဲ့သောနေ့က ဂျိုဂူဝါ ဂျကိုဆင် အမည်ရှိ အမေရိကန် လူမျိုးတစ်ယောက် လမ်းဘေးသစ်ပင်တစ်ပင်၌ ဆွဲကြိုးချပြီး သေနေသည်ကို တွေ့ရှိရကြောင်း။ သူ့အိတ်ထဲတွင် ထုံးစံအတိုင်း ဒေါ်လာဖရန့် သုံးထောင်ကို တွေ့ရှိရကြောင်း ဟူ၍ဖြစ်သည်။

ဂျိုဂူဝါဂျကိုဆင် ဆိုပါကလား။

ဂျိုဂူဝါဂျကိုဆင်ကို ကျွန်တော်ကောင်းကောင်းသိသည်။ သူနှင့်ကျွန်တော် ပခုံးချင်းယှဉ်၍ပင် လောင်းကစားဖူးသည်။ တစ်မြန်တစ်နေ့ညက ကျွန်တော်တို့နှစ်ဦး ကာစီနို၌ လောင်းကစားနေကြစဉ် သူသည် ရှိသမျှငွေအားလုံး တစ်ပဲနိမကျန် ဆုံးရှုံးသွားခဲ့သည်ကိုလည်း ကျွန်တော် သိထားသည်။

သူသည် ခံစားမှုကြောင့် တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်လျက် ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်ပြီး ကျွန်တော့်မျက်နှာကို ကြေကွဲဝမ်းနည်းသည့် မျက်လုံးများဖြင့် ကြည့်လိုက်ပါသည်။ ထို့နောက် မချိတင်ကဲလေသံဖြင့် ပြောပြသေးသည်။

''ငါ့ဘဝတော့ ပျက်စီးသွားပြီ သူငယ်ချင်း။ လုံးဝ ပျက်စီးသွားပါပြီ။ မင်းကို ငါ နှုတ်ဆက်ခဲ့ပါတယ်''ဟု ပြောကာ ကာစီနိုထဲမှ ခေါင်းငိုက်စိုက်ဖြင့် ထွက်ခွာသွားခဲ့သည်။

ထို့နောက် သတင်းစာတွင်ပါသည့်အတိုင်း သူ့ကိုယ်သူ ဆွဲကြိုးချ၍ အဆုံးစီရင်လိုက်ခြင်း ဖြစ်ပါလိမ့်မည်။

ဂျိုဂူဝါ ကာစီနိုထဲမှ ထွက်သွားစဉ်က သူ့အိတ်ထဲတွင် ငွေတစ်ပဲနိမျှ ပါမသွားသည်ကို ကျွန်တော်ကိုယ်တိုင် အသေအချာသိသည်။ ယခုတော့ သူ့အိတ်ထဲတွင် ဖရန့်သုံးထောင် တွေ့ရှိရသည်ဟူသော သတင်းမှာ ကျွန်တော့်အတွက် လွန်စွာထူးဆန်းနေသည်။ ထို့ပြင် ထုံးစံအတိုင်းဟူသော စကားကရောဘာကိုဆိုလိုပါသနည်း။ ကျွန်တော်က လေးလေးနက်နက် စဉ်းစားလိုက်မိသည်။ အတန်ငယ်ကြာလျှင် အလင်းရောင်တန်းတစ်ခု ကျွန်တော့်ဦးခေါင်းထဲသို့ ဖျတ်ခနဲဝင်ရောက်လာသည်။ ကျွန်တော်သည် ထိုအချက်ကို ရုတ်တရက် မစဉ်းစားမိ။ ဂျကိုဆင်သည် ကာစီနိုတွင် ဖဲရှုံး၍ မိမိကိုယ်တိုင်မိမိ သတ်သေခြင်း ဖြစ်သည်ကို အများပြည်သူမသိရှိစေရန်အတွက် ကာစီနိုပိုင်ရှင်များက သူသေပြီးမှ သူ့အိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com

သို့ ငွေများထိုးထည့်ပေးသွားခြင်းမျိုးကော မဖြစ်နိုင်ပေဘူးလား။

ထိုအချက်က လုံးဝ ထင်ရှားလှသည်။ အကယ်၍သာ ကျွန်တော်သည် ကာစီနိုအနီး တစ်နေရာ၌ မိမိကိုယ်ကို မိမိလုပ်ကြံပါက ကျွန်တော့်အိတ်ထဲသို့ ဖရန့်ငွေ ဘယ်လောက်များများ လာရောက်ထည့်သွင်းပေးကြ လိမ့်မည်ကို လည်း ကျွန်တော်ပေွေးလိုက်မိသည်။

စင်စစ် ကျွန်ုပ်တော်သည် ဂျက်ကိုဆင် ရှုံးသလောက် ငွေသို့ပင် ကာစီနို၌ ရှုံးခဲ့ပါသည်။ ထိုအခိုက် စိတ်ကူးတစ်ခုသည် ကျွန်တော့်ခေါင်းထဲသို့ လုစ်ခနဲ ဝင်ရောက်လာသည်။ ကျွန်တော့်တစ်ကိုယ်လုံး တုန်လှုပ်သွားမိသည်။

သည်နောက်တော့ ကျွန်တော်သည် စိတ်နှလုံးပေါ့ပါးစွာ ဖြင့် နံနက်စာကို ဆက်စားသည်။ ပြီးလျှင် တည်းခိုခန်းပိုင်ရှင်နှင့် သွားရောက်တွေ့ဆုံကာ စကားပြောသည်။

"ခင်ဗျားကို ကျွန်တော် ၁၅ ဖရန့် ပေးဖို့ အကြွေးရှိပါတယ်။ အဲဒီငွေကို ဒီည နေမှာ ကျွန်တော်ပေးပါ့မယ်။ ပါရီမြို့က ကျွန်တော်မှာထားတဲ့ငွေ ဒီနေ့ရောက်မှာ သေချာပါတယ်။ လောလောဆယ် ကျွန်တော့်ကို ဖရန့်ငွေတစ်ရာလောက် ချေးထားပါလို့ တောင်းပန်ပါရစေ"

"ခင်ဗျားကို ကျွန်တော်တို့ ယုံပါတယ်ဗျာ။ လိုတဲ့ငွေသာ ယူသွားပါ"

ထိုနေ့ နေ့လယ်တွင် ကျွန်တော်သည် ကမ်းခြေ၌ သွားရောက်ထိုင်ကာ ကျွန်တော့်အဖို့ အကျိုးရှိနိုင်မည့် မိမိကိုယ်တိုင် မိမိသတ်သေခြင်းမျိုး ပြုလုပ်ရန် အစီအစဉ်များကို ဂရုတစိုက် ချမှတ်ခဲ့သည်။

ညဉ့်ကိုးနာရီထိုးတွင် ကျွန်တော်သည် အကောင်းဆုံးဝတ်စုံကို ဝတ်ဆင်ပြီး အကောင်းဆုံး လည်စည်းကို စီးနှောင်ကာ ကာစီနိုသို့ ထွက်လာခဲ့သည်။ ကာစီနိုသို့ရောက်လျှင် အတန်ငယ်ကြာမျှ ကစားနေလိုက်ပြီးနောက် ရှိသမျှငွေအားလုံးကို ပုံပုံအောကာ ချထိုးလိုက်သည်။

အကယ်၍သာ ထိုအချိန်တွင် ကျွန်တော်နိုင်ခဲ့လျှင် ကျွန်တော့်အနေဖြင့် တော်တော်ကလေး စိတ်ဆင်းရဲသွားမည် ဖြစ်ပါသည်။ သို့သော် ကျွန်တော် ရှုံးသွားပါသည်။ ကျွန်တော့်မျက်နှာပေါ်တွင် ပထမ စိတ်ဒုက္ခရောက်သွားသည့် အမူအရာ၊ ထို့နောက် စိတ်ဆိုးသွားသည့် အမူအရာ၊ နောက်ဆုံးတွင်မူ တွေဝေငေးမောသွားသည့် အမူအရာများ ပေါ်လွင်လာသည်။

ကျွန်တော့်အဖြစ်ကို သိလိုက်သည့် ကာစီနို အမှုထမ်းတစ်ယောက်က ကျွန်တော့်ကျကြမ္မာကို စိတ်ဝင်စားစွာဖြင့် မေးသည်။ ကျွန်တော်က ကြေကွဲဝမ်းနည်းသော အသံဖြင့် တိုးညင်းစွာ ပြောလိုက်သည်။

"ကျွန်တော့်ဘဝတော့ ပျက်ပါပြီဗျာ"

ထိုသူက ကျွန်တော့်အဖြစ်ကို ကိုယ်ချင်းစာပြီး အားပေးနှစ်သိမ့်ဖို့ ကြိုးစားသည်။

"စိတ်မပူပါနဲ့ဗျာ။ ခင်ဗျားအတွက် အိမ်ပြန်ဖို့ လမ်းစရိတ်ကို ကာစီနိုက . ."

"ကျွန်တော်သွားမယ့်လမ်းက လမ်းစရိတ် မလိုတော့ပါဘူးဗျာ"

ကျွန်တော်က သူ့စကားကို ဖြတ်ပြောလိုက်သည်။ လေသံက ယတိပြတ်ဆုံးဖြတ်ပြီးသည့်ဟန်။

သူက ကျွန်တော့်မျက်နှာကို အံ့သြစွာ စိုက်ကြည့်ရင်း . . .

"ခင်ဗျား တကယ်ပြောတာမဟုတ်ဘူးနော်။ ခင်ဗျားအနေနဲ့ ဒီလောက်မိုက်လိမ့်မယ်လို့ ကျွန်တော်မထင်ပါဘူး"

ကျွန်တော်က တဒင်္ဂမျှ တိတ်ဆိတ်စွာ နေလိုက်ပြီးနောက် သူ့ကို ကျောခိုင်းလိုက်သည်။ ကျွန်တော်သည် ကာစီနိုထဲတွင် မိနစ်အတော်ကြာမျှ ရည်ရွယ်ချက်မရှိသလို ဟိုကြည့်သည်ကြည့် ပြုလုပ်နေလိုက်သည်။ ထိုအချိန်အတွင်း ကာစီနို

ကျွန်တော်က ပစ္စတိုသေနတ်ကို သေသေချာချာ စစ်ဆေးကြည့်ရှုလိုက်သည်။ သေနတ်ထဲတွင် ကျည်ဆန်ခြောက်တောင့်မှာ အသင့်ရှိနေသည်။ သည်လောက်ဆိုလျှင် ကျွန်တော်ကဲ့သို့ မိုက်မဲလှသည့် လူတစ်ယောက်၏ ဦးနှောက်ကို ဖောက်ထုတ်ပစ်လိုက်ရန် လုံလောက်နေပေပြီ။ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ ကျွန်တော့်အတွက် နောက်ဆုံးနံနက်ခင်းမှာ ရွှန်းလင်းတောက်ပနေလေသည်။ မိုးကောင်းကင်သည် သန့်စင်၍ ပြာလွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှုထမ်းများက ကျွန်တော့်ကို စောင့်ကြည့်နေမှန်း ကျွန်တော် ရိပ်မိလိုက်သည်။ ညဉ့် ၁၁ နာရီထိုးခါနီးတွင် ကာစီနို အတွင်းရှိ လောင်းကစားသူများ တစ်သုတ် ထပြန်ကြသည်။

ကျွန်တော်က နောက်ဆုံးအသုတ်ထဲတွင် ရောနှောလိုက်ပါပြီး အပြင်သို့ ထွက်လာခဲ့သည်။ ကျွန်တော့်အမူအရာမှာ ဦးခေါင်းငိုက်စိုက်ကျလျက် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းနေသည့်ဟန်။ ညသည် ရွှန်းလက်တောက်ပနေသည်။ ငွေလရောင်က တောအုပ်နှင့် ပင်လယ်ပြင်သို့ ဖျာဆင်းကျနေသည်။

ခပ်ဝေးဝေးတစ်နေရာမှ တယောထိုးသံကို ကြားနေရသည်။ ကျွန်တော်သည် ဆုံးဖြတ်ချက်ကို အလျင်အမြန် ချမှတ်လိုက်ပြီး ကာစီနိုနှင့် မလှမ်းမကမ်းရှိ ပန်းနီချုံတစ်ခုဆီသို့ ခြေလှမ်းများကို ဦးတည်လိုက်သည်။

ပြုံးသယောင်ယောင် မျက်နှာရှိသော နတ်ဘုရားမ ရုပ်တုရှေ့သို့ ရောက်သောအခါ ကြိုတင်ပြင်ဆင်မှုများကို ကတိုက်ကရိုက် ပြုလုပ်လိုက်ပြီးနောက် ကျွန်တော်၏အစီအစဉ်ကို အကောင်အထည် ဖော်လိုက်သည်။

"ဒိုင်း ... ဒိုင်း"

သေနတ်သံနှစ်ချက် ထွက်ပေါ်လာသည်။ ကျွန်တော်၏ ခန္ဓာကိုယ်မှာ ခုံတန်းရှည်ကလေးပေါ်သို့ လဲကျသွားပြီးနောက် ငြိမ်သက်သွားသည်။

ခပ်ဝေးဝေးမှ လူသံများ ကျွန်တော်နှင့်ပို၍ နီးလာသည်။

ထို့နောက် မှိတ်ထားသော ကျွန်တော့်မျက်လုံးများပေါ်သို့ အရိပ်များ ထိုးလာသည်။

"ဘုရားရေ ... သူပါပဲလား"

"ကျည်ဆန်နှစ်ချက်တောင် ထိမှန်ထားတယ်ဆိုတော့ ဒဏ်ရာအခြေအနေက တော်တော်ပြင်းလိမ့်မယ်"

ထို့နောက် ကျွန်တော်သိသော ကာစီနိုမှ အမှုထမ်း၏အသံကို ကြားလိုက်ရသည်။

"ဟော့ ... မြန်မြန်လုပ်။ မြန်မြန်လုပ်စမ်း။ ဘယ်သူမှမရောက်ခင် မြန်မြန်လုပ်စမ်း။ တော်တော် ဒုက္ခပေးတဲ့လူပဲ။ အခြားနေရာမှာတော့ သွားမလုပ်ဘူး။ ဒီနေရာမှာ လာလုပ်ရတယ်လို့"

ထို့နောက် ကျွန်တော့်အိတ်တွင်းသို့ တစ်စုံတစ်ရာကို ထည့်လိုက်သည်ကို ကျွန်တော်ခံစားလိုက်ရသည်။

ကျွန်တော်က နှစ်ကြိမ်တိတိ ညည်းတွားလိုက်ပြီး မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်သည်။

ထို့နောက် သတိကြီးစွာထား၍ မတ်တတ်ရပ်လိုက်ပြီး ကျွန်တော့်ကို ငိုင်းအုံကြည့်နေသည့် လူအုပ်ကြီးကို အံ့အားသင့်သောမျက်နှာဖြင့် ပြန်ကြည့်လိုက်သည်။

ထို့နောက် လုံးဝဂရုမစိုက်သည့်ဟန်ဖြင့် ဦးထုပ်နှင့် ယမ်းငွေ့ထွက်နေသော ပစ္စတိုကို ကောက်ယူလိုက်သည်။

လူအုပ်ကြီးက ကျွန်တော့်ကို ထူးဆန်းသည့် သတ္တဝါတစ်ကောင်ဟု မြင်နေပုံရသည်။

"လူတစ်ယောက်က သူ့ကိုယ်သူ သေနတ်နဲ့ နှစ်ချက် ဆင့်ပစ်တာတောင် မသေဘူးတဲ့ကွာ။ ကြားတောင် မကြားဖူးပါဘူး"

ကျွန်တော် စိတ်ဆိုးမာန်ဆိုးပုံစံဖြင့် ပြောလိုက်သည်။

ထိုအခိုက် ကာစီနိုအမှုထမ်းက ကျွန်တော့်အနီးသို့ ချဉ်းကပ်လာပြီး ...

"ဒီမှာ ခင်ဗျား ဘာဖြစ်လို့ ဒီလို"

သူ့စကားမှာ ထစ်အနေသည်။ လုံးဝဝေခွဲမရဟန်လည်း ပေါ်နေသည်။ ပြီးတော့မှ ...

"ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲဟင်။ ငြိမ်းချမ်းမှုကို အနှောင့်အယှက်ပေးတဲ့အတွက် ခင်ဗျားကို ကျွန်တော် ဖမ်းရလိမ့်မယ်"

"ငြိမ်းချမ်းမှုကို အနှောင့်အယှက်ပေးတယ် ဟုတ်လား"

ကျွန်တော်က ခါးသီးစွာ သူ့စကားကို ထပ်မံရေရွတ်လိုက်သည်။

"ခင်ဗျား တော်တော်အပြောကောင်းတဲ့လူ။ ခင်ဗျားစကားကို ဒီနှစ်ထဲမှာ အကောင်းဆုံးစကားလုံးအဖြစ် အရွေးခံရလိမ့်မယ်"

ကျွန်တော်သည် ထိုသို့ပြောပြီးနောက် ရင်ကိုကော့ကာ လူအုပ်ကြီးကိုတိုး၍ အပြင်သို့ထွက်လာခဲ့သည်။

စိတ်တွင်း၌မူ အံ့သြငေးမောလျက် ကျန်ရစ်ခဲ့သော လူအုပ်ကြီးကို ရယ်မောနေမိသည်။

ကျွန်တော်သည် တည်းခိုခန်းသို့ ပြန်ခဲ့ပြီးနောက် မိမိကိုယ်ကိုမိမိ လုပ်ကြံခြင်းဖြင့် ရရှိခဲ့သော ဖရန့်ငွေ သုံးထောင်အနက်မှ အကြွေးအားလုံးကို ဆပ်လိုက်သည်။

ကာစီနိုပိုင်ရှင်များက နည်းမျိုးစုံဖြင့် ကျွန်တော့်ထံမှငွေကို ပြန်တောင်းသည်။

သို့သော် ကျွန်တော်က ထိုငွေကို ပြန်ပေးရန် စိတ်ကူးထဲပင် မထည့်။

ကျွန်တော်သည် ထိုငွေကို တရားသဖြင့် ရရှိခဲ့သည်ဟုပင် စိတ်ထဲမှာ စွဲမှတ်ထားသည်။

စင်စစ် ဖရန့်ငွေသုံးထောင်သည် မိမိကိုယ်မိမိသတ်သေဖို့အတွက် များလွန်းသော အဖိုးအခဟု ကျွန်တော်မထင်ပါ။

ဘနှင်း(မြန်မာပြန်)

(Georges Maurevert ၏ Suicide မြန်မာပြန်ဆိုပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြန်အချီး

ထက်ရှား

''တောက် …''

ကိုမြင့်အေးရဲ့ တောက်ခေါက်သံကို ဒွားသိုးတစ်ကောင်သာကြားမိရင် နောက်ပြန် ဖင်ထိုင်လဲကျသွားနိုင်တယ်။

''ပိုက်ဆံမရှိပါဘူးဆို ဆံပင်ကလည်းရှည်တယ်။ မိနစ်ကလည်းပြတ်ပြီ''

သူ့မိနစ် သံကြိုးပြတ်တာတောင် မှတ်သားစရာစကားက ကျန်စမြဲ။ သူက ဒီလိုလူမျိုး။

တစ်ခါတုန်းကလည်း …

''စိန်ရယ်၊ ဟန်းဖုန်းရယ်၊ မိန်းမရယ် ဆိုတာတွေဟာ တခြားလူကို ငှားစရာတွေ မဟုတ်ဘူး''

လို့ သူ့ဆီက ဟန်းဖုန်းလာငှားတဲ့လူကို ပြောလိုက်တဲ့ စကားတစ်ခွန်း။ ဒီလိုပြောလိုက်ပေမဲ့ …

''တကယ်အရေးကြီးလို့လား။ ရော့ ဖုန်းခ၊ ဟိုဆိုင်မှာ သွားဆက်''

ဆိုတဲ့သဘောနဲ့ ဖုန်းခတောင် စိုက်ပေးတတ်သေးတယ်။ တကယ့်ကို စည်းကမ်းကြီးတဲ့သူပဲ၊ သူ့အသက်က ၃၉ နှစ်။

''ဆရာရေ … ကိုမြင့်အေးတစ်ယောက်တော့ မိန်းမရသွားပြီ''

ဟု ကျွန်တော့်အား ပြောလာသူက ကိုစိုးသိုက်။ ကိုစိုးသိုက်နဲ့ ကိုမြင့်အေးက ပြောမနာဆိုမနာ သွေးသောက်ဘော်ဒါတွေလေ။ သူတို့နှစ်ယောက်စလုံးကလည်း ကျွန်တော့်ကို ခင်မင်ကြပါတယ်။ ကိုစိုးသိုက် အသက်က ၂၈ နှစ်။

ကိုစိုးသိုက်စကားကြားမှ ကိုမြင့်အေးပြောဖူးတဲ့ စကားတစ်ခွန်းကို သတိရသွားတယ်။

''စိုးသိုက် မင်းမိန်းမအသက်က ဘယ်နှနှစ် ရှိပြီလဲ''

လို့ ကိုမြင့်အေးကမေးတော့ …

''၁၈ နှစ်''

လို့ ကိုစိုးသိုက်ကဖြေတယ်။ သည်တော့ ကိုမြင့်အေးက …

''မင်းအသက် ၂၈ နှစ်၊ ခွဲချီးတော့ ၁၄ နှစ်၊ ၄ တိုးတော့ ၁၈ နှစ်ဆိုတော့ကွာ ကွက်တိပဲ။ မိန်းမဆိုတာ လင်ယူသားမွေး အလုပ်လုပ်ရတဲ့သူတွေဆိုတော့ အိုလွယ်တယ်။ ဒါကြောင့်လည်း ရှေးလူကြီးတွေက မိန်းမယူရင် ကိုယ့်အသက်ကိုခွဲချီးပြီး လေးတိုးဆိုတဲ့ စကားကို ထားခဲ့တာပေါ့ကွာ''

ဆိုတဲ့ ကိုမြင့်အေးစကားကို ကျွန်တော် မှတ်သားထားဖူးတယ်။

ဒါပေမဲ့ ကိုစိုးသိုက်နဲ့ ကျွန်တော်တို့နှစ်ယောက် တစ်နေ့က ကိုမြင့်အေးအိမ်ရောက်သွားတော့

''မောင်ရေ … မောင့်ဧည့်သည်တွေလာတယ်''လို့

အသက် ၇၀ အရွယ် အဘွားကြီးတစ်ယောက်က အိမ်အတွင်းဘက်ကို လှမ်းပြောတယ်။ ကျွန်တော့်စိတ်ထဲမှာ အဲဒီ အဘွားကြီးဟာ ကိုမြင့်အေးရဲ့ ယောက္ခမကြီးများလားလို့ ထင်မိတယ်။ ''မောင်ရေ''လို့နှုတ်ကျိုးနေတဲ့ အဘွားကြီးက ကိုမြင့်အေးရဲ့ ယောက္ခထီးကြီးကို ဧည့်သည်ချင်းမှားပြီးများ ပြောလိုက်လေသလားလို့ တွေးနေဆဲမှာ ကိုမြင့်အေးက

''မိန်းမရေ ကော်ဖီဖျော်ခဲ့ပေ့''

ဆိုတော့မှ … ပဲ။

ကျွန်တော်နဲ့ ကိုစိုးသိုက်တို့ နှစ်ယောက်စလုံးမှာ ငိုအားထက်ရယ်အားသန်ဆိုသလို တိုင်ပင်မထားကြပါဘဲ ကိုယ့်နဖူးကို ကိုယ်စီလက်ဝါးနဲ့ ရိုက်လိုက်ကြပြီး ပြိုင်တူဆိုသလို ''မသာဝယ်ထားတာပဲ''လို့လည်း ခပ်တိုးတိုးလေသံနဲ့ တညီတညွတ်တည်း ပြောလိုက်မိကြတယ်။

ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေ။ အသက် ၇၀ အရွယ်ကြီးကို ယူထားတာမဟုတ်လား။ ကိုမြင့်အေးစကားအတိုင်း ပြောရရင် အသက် ၇၀ ကို ခွဲချီးတော့ ၃၅ နှစ်၊ ၄ တိုးတော့ ၃၉ နှစ်ဆိုတော့ ကိုမြင့်အေးက ကိုစိုးသိုက်ကို ပြောဖူးတဲ့ စကားနဲ့က ပြောင်းပြန်ကြီး ဖြစ်မနေဘူးလား။

အင်းပေါ့လေ။ ကျွန်တော်တို့ကသာ ပြောင်းပြန်ကြီးဖြစ်နေတယ် ပြောတာပါ။ ကိုမြင့်အေးအနေနဲ့ကတော့ အသက် ၇၀ အရွယ် အဘွားကြီးတစ်ယောက်ကို သူ့ရင်ထဲက နှလုံးသားနဲ့ လက်ထပ်ထားခြင်း မဟုတ်ဘဲ အဘွားကြီးရဲ့ ဓနအင်အားပိုင်ဆိုင်မှု စီးပွားဉစ္စာတွေကိုသာ သူ့ရဲ့ဦးနှောက်ကတစ်ဆင့် ချစ်သွားတယ်ထင်ပါရဲ့။ ။

ထက်ရှား

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၉)

"ဒီမှာ ကိုမင်းသူ၊ ကျွန်တော်တို့က ထိုင်နေအကောင်းသား ထသွားမှ ကျိုးမှန်းသိဆိုသလို မေးသူ မလာဘဲ ငုတ်တုတ် ထိုင်ရတဲ့အဖြစ်ရောက်ရင် ပိုပြီး အရှက်ကွဲမယ်။ အဲဒီတော့ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဒီအတွက်တော့ ဘာမှ မပူနဲ့၊ ကိုလွင်ဦး။ ဘ သမားတူတယ်လို့သာ ခေါင်းညိတ်၊ ကျန်တဲ့ကိစ္စတွေကို ကျွန်တော် အကုန်လုံး လုပ်သွားမယ်"

"ရှုံးက တစ်ဖက်နဲ့ဆိုတော့ အချိန် ဘယ်လိုလုပ်မလဲ"

"လောလောဆယ်တော့ စနေ၊ တနင်္ဂနွေနှစ်ရက်သာပေါ့။ နောက်ပိုင်း အခြေအနေကောင်းလာတော့လည်းအခြေအနေပေါ် ကြည့်ပြီး တစ်မျိုးစဉ်းစားရမှာပေါ့"

"ဖြစ်ပါ့မလား ကိုမင်းသူရာ"

"ဖြစ်တာမှ ဟိုဘက်ကမ်းတောင် လွန်သွားမယ်"

ထိုသို့မှ လုပ်ငန်းစတင်ခဲ့သည်။

ဟောခန္ဓနန်း မသတ်မှတ်။

ကျေနပ်မှု ရှိရင် ရှိသလို ပြင်ဆင်ထားသည့် ပွဲထဲသို့ ထည့်သွားရမည်။

တစ်ဦးလျှင် နာရီဝက်၊ မိနစ်နှစ်ဆယ်ဟောမည်။

ဆယ်မိနစ် စိတ်ကြိုက်မေးနိုင်သည်။

အိပ်ထောင်ရေး ကိစ္စလုံးဝ မဟော။

www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကို အဓိက ထား ဦးတည်ချက်ထား၍ ဟော မည်။

ယတြာအတွက် အကျိုး ဆောင်ခ၊ သီးသန့်ဉာဏ်ပူ ဇော်ခ ပေးရမည်။

စနေ၊ တနင်္ဂနွေနှစ်ရက် အနက် တစ်ရက်ရက် ဥပုသ် နေ့နှင့် တိုက်ဆိုင်လျှင် ထိုနေ့ တွင် မဟော။

ဒါက ကိုမင်းသူ၏ကြော်ငြာ ဖြင့် တင်ပြသည့် အချက် အလက်များ ဖြစ်၏။

သူက ဘာမှမပြောသင့် သလို ကြည့်လုပ်ဖို့သာ ပြော လိုက်ရသည်။

စမ်းသပ်ကာလကို ခြောက်လ သတ်မှတ်သည်။

အလုပ် မဖြစ်လျှင် မကောင်းပြင်လျှင် သူတို့လုပ် ငန်းကို ရပ်မည်။

စေတနာရှင်ဆရာလေး ၏ အလုပ်စခန်း။

"သင့် အခက်အခဲကို မနောစွမ်းအားနှင့် စေတနာ ရှင် ဆရာလေးက ဖြေရှင်း ပေးမည်"

"ငွေကြေး အဓိက မဟုတ် စေတနာသာ အဓိက"

"တွေ့ဆုံပြီး ကျေနပ်မှ၊ ဆန္ဒရှိမှ ကိုယ့်ဟာကိုယ် ဆုံး ဖြတ်သည့် ဉာဏ်ပူဇော်ခပေး ပါ။ စေတနာရှင် ဆရာလေး ၏ စခန်းကြော်ငြာတွင် အထက်ပါစာကြောင်း သုံး ကြောင်းသာ ဖော်ပြထား သည်။

စက္ကူအကောင်းစားနှင့် ရိုက်နှိပ်ထားသည့် ကြော်ငြာ စာရွက်များကို ကိုလွင်ဦးထံ မေးဖူးသည့် ရုံးက အပေါင်း အသင်းများမှ တစ်ဆင့် လက် ဆင့်ကမ်းခိုင်းသည်။

အစီအစဉ်အားလုံးကို ကိုမင်းသူက ဦးဆောင် လှုပ် ရှားခဲ့သည်။

ဟောပြောမည့်နေရာ တွင် ပြင်ဆင်ထားသည့် အုန်း ပွဲမှာ မြိုင်ဆိုင်သည်။

ရနံ့သင်းပျံ့သော စံပယ် ပန်းများ ထည့်ထားသည့် ပန်း ကန်ပြားကြီး တစ်ချပ်ကို အုန်း ပွဲတင်ထားသည့် ရှေ့၌ချပေး ထားသည်။

ဉာဏ်ပူဇော်ခငွေများကို စံပယ်ပန်းကန်ပြားကြီးပေါ် သို့ ထည့်ပေးရသည်။

ကိုလွင်ဦးက ယောဂီ ဝတ်စုံနှင့်။

ခေါင်းပေါင်းမှာ ရှမ်း ခေါင်းပေါင်းပုံစံ။

သူ၏ ညာဘက်လက် လက်ကောက်ဝတ်တွင် မဟူ ရာ အသွေးတောက်နေသည့် ပုတီးတစ်ကုံး ပတ်ထားသည်။

ယောဂီဝတ်စုံမှာ သူနှင့် လိုက်ဖက်သည်။

သူ၏ ဖြူသော အသား အရည်ကို ပို၍ ဝင်းပစေ သည်။

သူ၏ ချောယဉ်သော ရုပ်ရည်ကို ပို၍ သန့်စင်ကြည် လင်သွားစေသည်။

အကျိုးပေးတော့ အရာ ထင်သည်ဟု ဆိုရမည်သို့ တာ ထွက်ကောင်းခဲ့သည်။

တစ်ပတ်ထက်တစ်ပတ် မေးသူ ဦးရေ တိုးလာသည်။

စေတနာဆန္ဒအလျောက် ပေးသွားသည့် ဉာဏ်ပူဇော်ခ ငွေမှာ ခေတ်ပြိုင်နာမည်ကြီး ဗေဒင်၊ လက္ခဏာပညာရှင် များ သတ်မှတ်ယူနေသည့် နှုန်းထားထက် မလျော့သည့် အပြင် ထို့ထက်ပင် အပို ဆောင်းသည်။

သူ့ထံ တစ်ကြိမ်ရောက် ဖူးသူများမှာ သူတို့အိမ်သူ သက်ထား သားသမီးများ၊ မိတ်ဆွေများနှင့် နောက်ထပ် တစ်ကြိမ် ရောက်စမြဲ ရှိကြ သည်။

တစ်ပတ်ထက်တစ်ပတ် ပို၍ ပို၍ လူများလာသည်။

သူပေးနိုင်သည့် ဟော ပြောရက်နှစ်ရက်နှင့် မလုံ မလောက် ဖြစ်လာသည်။

တစ်ပတ်ကို စာရင်းပေး ကြိုစောင့်ရသည်အထိ စောင့် ရသည့် အခြေအနေသို့ရောက် လာသည်။ တစ်ပတ်လျှင် နှစ် ရက်သာမျှ ဆိုသည်ကို မေးသူ တွေက အားမလို အားမရ ဖြစ်လာသည်။

လွယ်လွယ်ကူကူမဟုတ် ဆိုသည့်မျိုးကို အထင်ကြီး သည့် မြန်မာလူမျိုးတို့ စရိုက် အတိုင်း ခက်ပါသည်ဆိုလေ ပို၍ တွေ့ချင်လေ ဖြစ်လာ ကြသည်။

အမေးအမြန်း ရောက် လာသူများကို ဧည့်ယောက်ခံ ရသည့် ကိုမင်းသူက အညွှန်း ကောင်းသလို သူ၏ ပစ်ချက် ကလည်း သုံးချက်ပစ် နှစ်ချက် ထိ ဆိုသလို မေးမြန်းသူ၏ ဆန္ဒကို အပြည့်အဝ မဟုတ် သည့်တိုင် ကျေနပ်မှုရှိအောင် ဖြည့်စွမ်းပေးနိုင်သည်။

ကိုမင်းသူကအပင့်အပို့ အတွန်းအတင်၊ အချွန်အချွီး ကောင်းသည်။

လွင်ဦးကိုစောင့်ရှောက် နေသည့် ပုဂ္ဂိုလ်များ၏ ဘုရား ထီးတော်တင်ပြီးရင် အဟော အပြော ရပ်မလိုလို ဆိုင်ရာ ပုဂ္ဂိုလ်အား လမ်းညွှန်မှု ဘယ် လိုပေးလာမည်ကို မသိသေး။

ဒါကြောင့် ခုထက်ထိ အလုပ်က မထွက်နိုင်ဘဲ လုပ် နေရကြောင်း၊ ညပိုင်းဘုရား တက်ပြီး ပုတီးဝတ်မပျက် လုပ်ရသည့် လုပ်ငန်းလည်း ရှိ နေကြောင်းကို စကားစပ် သလို ပြောသည့်ပုံစံဖြင့် ရှိုး

www.burmeseclassic.com

www.burmeseclassic.com

ပေးသည်က တစ်မျိုးဖြင့် ကိုယ့်လူကိုပင် ပို့ပေးရသည်။

လှိုင်ဦးက ပေဒင်ကို လိုမှ တွက်သည်။

သူ့အားပြုတာက အင်ဝိဇ္ဇာနှင့် လက္ခဏာအဟော။

ထိုင်ချင်ချင်း အင်ဝိဇ္ဇာနည်းဖြင့် နှစ်ချက်၊ သုံးချက် ပစ်ထည့်လိုက်သည်။

မမြင်နိုင်သော နေရာမှာ ရှိသည့်မှဲ့ ဘယ်လို ပုံစံမျိုး တည်ရှိနေသည်ကို ဒက်ခနဲ ပြောလိုက်ရာ အမေးအမြန်း ရောက်လာသူမှာ မျက်လုံးပြူး၊ မျက်ဆံပြူး ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ခင်ပွန်းသည် ဒါမှမဟုတ် ဇနီးသည်နှင့် ဘယ်သို့ဘယ်ညာတွေ ပြောလိုက်ပြီဆိုရင် ဒက်ထိမဟုတ်သည့်တိုင် ဒက်ထိနည်းပါး မှန်ပါသည်ဟု ဝန်ခံရသည်မျိုး ရှိသွားသည်။

ပြီးတော့မှ လက်အနေအထား။

ဂြိုဟ်ခုံ၏အနေအထား၊ ရေဇာတ်အနေအထား၊ အိမ်ထောင်ရေးလမ်းကြောင်း၊ ကံကြမ္မာလမ်းကြောင်း၊ အောင်မြင်ရေးလမ်းကြောင်း စသည့် လက်ဝါးပြင်ပေါ်က လမ်းကြောင်း အနေအထားများ လက်မ၏ အနေအထား လေးထောင့်လက်ဖျက်ကျယ်လက်၊ အတွေးအခေါ် လက် စသည့် လက်ဝါးပုံစံကို အကြမ်းဖျင်း ကြည့်လိုက်ရုံနှင့် အတွေ့အကြုံ ရင့်ကျက်နေသူများမှာ ဂိုးခနဲ၊ ဒေါက်ခနဲ ဟောကိုရသည်။

ပေဒင်တို့၊ လက္ခဏာတို့ သဘောက ရှေ့ဖြစ်သာ မမှန်ရှိမည်။ နောက်ဖြစ်နှင့် လက်ရှိကိုတော့ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းလောက် မှန်အောင် ဟောထုတ်နိုင်သည့်သဘော ရှိသည်။

ဟောသည့် ပညာရှင် တော်စွမ်းရင် တော်စွမ်းသလောက် အမှန်ဘက်ကို ပို၍ အလေးသာသည်။

တစ်ပတ် နှစ်ရက်၊ တစ်လ ရှစ်ရက် ဟောသည့် ဝင်ငွေကို တွက်ကြည့်လျှင် သူ လက်ရှိရရှိနေသည့် လစာထက် ခြောက်ဆလောက် ပိုသည်။

ဒါတောင် ပုံသေနှုန်းထား သတ်မှတ်ချက် မထားဘဲ မေးမြန်းသူ ဆန္ဒအလျောက် ပေးသွားသည့် ငွေကြေးနှင့် တွက်ချက်ခြင်း ဖြစ်၏။

သည်လုပ်ငန်းနှင့် ကံလိုက်သည်၊ အပ်စပ်သည်ဟု ဆိုရမလားအထိ သူ၏ အနေအထားမှာ အောင်မြင်မှုဘက်သို့ ဦးတည်နေသည်။

ကျော်သတင်းနာမည်လည်း ထွက်လာသည်။

ကိုမင်းသူကသူ့အတွက် ဝင်ငွေပေါ်မှ နှစ်ဆယ်ရာခိုင်နှုန်းသာ ယူသည်။

ဦးကြည်မောင်ကရော ကိုမင်းသူကပါ အဟောအပြောလုပ်ငန်းကို ဇောက်ချလုပ်သင့်ပြီဖြစ်ကြောင်း တိုက်တွန်းလာသည်။

ဆေးပင်စင်ရရင် ဆေးပင်စင်ယူ။ ဒါမှ အလုပ်ကထွက်၊ ဇောက်ချလုပ်ဖို့ အချိန်သင့်၊ အခါသင့်ရှိနေပြီ ဖြစ်ကြောင်း ပြောဆိုလာသည်။

သူက မငံ့မရဲ ဖြစ်နေသည်။

ဘုရားပေါ် ပုတီးတက်စိပ်ရင်း ပုဂ္ဂိုလ်ကြီး တစ်ယောက်နှင့် သိကျွမ်းခင်မင်ခဲ့သည်။

ဂိုဏ်းဂဏအမည်ခံပြီး ပြချက်နှင့် ရိုက်စားလုပ်နေသူများ အကြောင်းကိုလည်း အတော်လေးသိလိုက်ရသည်။

►►►►►

(ရှစ်)

နေ့စဉ်နေ့တိုင်း ဘုရားပေါ်သို့ တက်၍ ပုတီးစိပ်ခဲ့ရာမှ သူ့လိုပင် နေ့တိုင်းနေ့တိုင်း ဘုရားပေါ် ပုတီးတက်စိပ်သည်။

ပုဂ္ဂိုလ်ကြီးတစ်ယောက်နှင့် မျက်မှန်းတန်းမိခဲ့သည်။

ထိုမှ ပုတီးစိပ်ပြီး အိမ်မပြန်ခင် ခေတ္တနားနေချိန် စကားစမြည် ပြောဖြစ်ကြသည်။

အသက် ခုနစ်ဆယ့်ခြောက်နှစ်ဟု ဆိုသော်လည်း အရွယ်တင်သည်။

အသက်ခြောက်ဆယ်လောက်ပဲ ရှိလိမ့်မည်ဟု ခန့်မှန်းရအောင် ကျန်းမာရေး ပြည့်စုံ၍ တောင့်တောင့်တင်းတင်း ရှိသည်။

ဆံပင်ဖြူ ရောစွက်စေကာမူ အသားအရည် စိုပြည်သည်။

ကိုယ်လုံးကိုယ်ထည် တောင့်ဖြောင့်သည်။

ဝတ်ဆင်ထားသည့် အဝတ်အစားများမှာ သန့်ပြန့်၍ အကောင်းစား အဝတ်အထည်များကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။

စကားပြော သိမ်မွေ့ညင်သာသည်။

အသားမည်းပြီး လေးထောင့်မျက်နှာနှင့် ဥပဓိရုပ်မှာ သန့်ပြန့်သည်ဟု မဆိုသာသော်လည်း ကြည်လင်သည်။

ခင်ပင်နှစ်လိုဖွယ်အသွင်အပြင် ပေါ်လွင်သည်။

စာရင်းစစ် အရာရှိကြီး တစ်ယောက်ဖြစ်၍ အငြိမ်းစား ယူပြီးကတည်းက ပြည်ပစာရင်းအင်း လုပ်ငန်းများ လုပ်နိုင်သည့် အခွင့်အလမ်း

www.burmeseclassic.com

www.burmeseclassic.com

နှင့် လမ်းကြောင်း ရှိပေမယ့် မလုပ်တော့ဘဲ ပုတီးစိပ်၊ တရားထိုင်ခြင်းဖြင့် ဘဝခရီး လမ်းကြောင်းကို အေးအေး ချမ်းချမ်း လျှောက်လှမ်းနေသော ပုဂ္ဂိုလ်ကြီး ဖြစ်၏။

အခါအခွင့်သင့်သလို စကားပြောကြရင်းမှ တစ်ယောက်အကြောင်း တစ်ယောက် အကြမ်းဖျင်း သိရှိလာသည်။

ထိုပုဂ္ဂိုလ်ကြီး၏ အမည်မှာ ဦးသိန်းအေး။

အသက်လေးဆယ် အရွယ်လောက်ကတည်းက ဂိုဏ်းဂဏ လုပ်ငန်းများကို လေ့လာလိုက်စားခဲ့သည်။

မဟိဒ္ဓိဂိုဏ်းလုပ်ငန်းများနှင့် ဆက်နွယ်မှုရှိသလို ဂမ္ဘီရ ကျင့်ကြံအားထုတ်မှုအပိုင်းနှင့်လည်း အတော်လေး ပွန်းတီးခဲ့ဟန်ရှိသည်။

ခေတ်ပေါ်ဂိုဏ်းတွေအကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် ပြောနိုင်သည်။

ဂန္ဓာရီဝိဇ္ဇာပညာလမ်းစဉ်မှာ ကျင့်စဉ်။

အဟောအပြော၊ ဓာတ်စဉ်ဓာတ်ရိုက်၊ ဆေးပုံသမှု ဓာတ်စခန်းဖွင့် စသည်များသည် ဂန္ဓာရီဝိဇ္ဇာပညာနှင့် မည်သို့မှ မသက်ဆိုင်။

ဂန္ဓာရီဝိဇ္ဇာပညာကျင့်စဉ်မှာ လောကီရေးနှင့် လုံးဝမနွယ်။

ကျင့်စဉ်အဆင့်မြင့်လာလေ လောကီရေးရာ ကိစ္စရပ်အတွေ့အထွေနှင့် စပ်မယှက်။ မပတ်သက်တော့ဘဲ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ၊ အကျင့်အကြံအားလုံး ပြောင်းလဲသွားသည်။

အိမ်ထောင်သားမွေး အပျော်အပါး အတွေ့အထွေနှင့် ကင်းဝေးအောင် နေသည်။

တပည့်မွေးဂိုဏ်းဖွဲ့ပြီး လူထူထပ်ရာ နေရာတွင် ဟန်ရေးပြသည့် အလုပ်မျိုးကို လုံးဝ မလုပ်။

မိမိ ဘယ်လောက်အထိ ပေါက်ရောက်နေပြီ ဆိုသည်ကို ကြော်ငြာသော သူအား ပြောလေ့ မရှိ။

လုံးဝလည်း မပြော။

မြို့ရိပ်ကို မခို၊ တောရိပ်ကို ခိုသည်။

အထက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ညွှန်ကြားရာသို့ သွားလာလှည့်လည်၍ နေထိုင်ကျင့်ကြံအားထုတ်သည်။

ထိုသို့ ပေါက်ရောက်ရန်မှာလည်း အလွန်ခဲယဉ်းသည်။

တစ်သိန်းမှာတစ်ယောက် ထွန်းပေါက်ဖို့ မလွယ်ကူ။

လမိုင်းကပ်သည်ကို အဟုတ်မှတ်ပြီး ဂိုဏ်းဆရာကြီးလုပ်၍ တပည့်တပန်း

"အဲဒါပဲ ကြည့်တော့ မောင်လွင်ဦး၊
သူတို့နဲ့ နတ်ကတော်နဲ့ ဘာကွာလို့လဲ။
နတ်ကတော်က မင်းကြီး၊
မင်းကလေးတို့ကို လာခဲ့စမ်း၊
ပြန်တော့လို့ အမိန့်ပေးစေခိုင်းနေသလို"

တရှန်းရှန်းနှင့် ပွဲထိုး၊ ဆေးထိုး၊ လက်ဝါးရိုက်ပြီး ဘယ်အဆင့်၊ ဘယ်အဆင့်ဆိုသည်ကို ရော့-အင့် လုပ်ပြီး ပေးနေကြသည်။

စိတ်ကူးပေါက်သလို စီစဉ်ထားသည့် ဆေးပေါင်းအမျိုးမျိုးပေးပြီး ပယောဂဝေဒနာရှင်တွေကို ကုသခိုင်းနေကြသည်။

လူကျင့်ဝတ် ဖောက်ဖျက် ဖောက်ပြန်သည့် မယားငယ်၊ လင်ငယ်ကိစ္စတွေနှင့် ရောထွေး ယှက်တင်လုပ်နေကြသည်။

ဘယ်ပုဂ္ဂိုလ် စောင့်ရှောက်နေသည်။

ဘယ်ပုဂ္ဂိုလ်နှင့် ဘာဆက် ဘယ်လိုပတ်သက်နေသည့် စသည်စသည် အမည်တွေ ဖော်ကျူးတပ်ဆင်ပေးနေသည်။

မိမိနှင့် ဘယ်လိုမှမနှိုင်းယှဉ်သာအောင် မြင့်မြတ်သည့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများကို လာစေသွားစေ အမိန့်ပေးစေခိုင်းနေကြသည်။

"အဲဒါပဲ ကြည့်တော့ မောင်လွင်ဦး၊ သူတို့နဲ့ နတ်ကတော်နဲ့ ဘာကွာလို့လဲ။ နတ်ကတော်က မင်းကြီး၊ မင်းကလေးတို့ကို လာခဲ့စမ်း၊ ပြန်တော့လို့ အမိန့်ပေးစေခိုင်းနေသလို ဂိုဏ်းဆရာတွေကလည်း အထက်ပုဂ္ဂိုလ်ကျော်ကြီးတွေကို ခေါ်ပြီး ဘာပြောစမ်း၊ ညာပြောစမ်း ဆိုတာမျိုးကိုလည်း အာရဲလျှာရဲ ပြောနေကြတယ်။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး"

ဂိုဏ်းချင်းပြိုင်ကြသည်။ ဂိုဏ်းဆရာချင်း ပြိုင်ကြသည်။ ဂိုဏ်းတွေ မှိုလိုပေါက်ဆိုသလို ပေါ်လာပြီး သူတို့ဂိုဏ်းကမှ အမှန်၊ ကျန်သည့် ဂိုဏ်းတွေက အကြံအဖန်ဆို

www.burmeseclassic.com

www.burmeseclassic.com

သည့် မပြောသင့် မပြောအပ်ရာများကို ပြောနေကြသလို ကိုယ့်ဂိုဏ်းဆရာကသာ အစွမ်းထက်သည်။ ကျန်သည့်ဂိုဏ်းဆရာမှာ အပ်ချလောင်းတွေဆိုတာမျိုး ပြောပြီး တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း အပုပ်ချသည်။ ဂန္ဓာရီပညာနှင့် ပသက်ဆိုင်သော ရှုးကြောင်မူးကြောင်တွေ လုပ်ကြသည်။

လူအများစုက လောဘသမားတွေ စီးပွားရေးနှင့် ပတ်သက်လာရင် ဘနဖူးသိုက်တူးမည့် လူတွေ။

ဂိုဏ်းဆရာတွေထံ သူတို့ချဉ်းကပ်ကြသည်မှာ ကျင့်စဉ်၊ ကျင့်လမ်းတို့ လိုချင်၍ မဟုတ်။ သူတို့ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေဖို့အတွက် ဘာလုပ်ပေးဖို့ ညာလုပ်ပေးဖို့ ဆိုတာကို အဓိကထား ချဉ်းကပ်ကြသည်။

ဒါမျိုးတွေကို အဓိကထားပြီး လုပ်ပေးသူ ဂိုဏ်းဆရာတွေ နာမည်ကြီးသည်။

တကယ်တော့ သူကို လုပ်ပေး၍ ဖြစ်သည် မဟုတ်။ သူ့အကြောင်းနှင့်သူလုပ်သည့် လုပ်ငန်းအပေါက်လမ်း တည့်ပြီး အောင်မြင်သွားခြင်းဖြစ်၏။

သူတို့လုပ်ပေးတိုင်းသာ ဖြစ်မည်ဆိုလျှင် အားငုံးသေးစရာ မရှိအောင် ချမ်းသာကုန်ပြီပေါ့။

သူတို့မှာသာ လုပ်ပေးနိုင်သည့် အစွမ်းအစရှိလျှင် သူများအတွက် ဘယ်ဦးစားပေးပြီး လုပ်ပေးပါ့မလဲ၊ ကိုယ့်အတွက် ဦးစားပေး လုပ်ကြမည်သာ ဖြစ်၏။

နဖူးစည်းအမျိုးမျိုး တပ်ပြီး ဘိုးတော်အမည်ခံ၍ ကိုယ့်အတွက် ဘော်တိုးဖို့ကိုသာ ပစ်မှတ်ထားပြီး လုပ်နေကြသည်။

"မောင်လွင်ဦး ဒါတွေကို လေ့လည်း မလေ့လာနဲ့၊ ယုံလည်း မယုံနဲ့။ တို့မြန်မာလူမျိုးတွေမှာ အတုမရှိ ကိုးကွယ်ရာ ဗုဒ္ဓရှင်တော်မြတ် ရှိပြီးသား။ ကိုယ်တိုင်ကိုယ်ကျ အားထုတ် ပွားများရမည့် တရားစပ္ပရှိပြီးသား၊ ဘယ်လို ပွားများအားထုတ်ရမည်ဆိုတာကို လမ်းညွှန်နည်းပေးပြသမယ့် ဆရာစစ်၊ သံဃာတော်အရှင်သူမြတ်တွေ ရှိပြီးသား။ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်တွေ ရှိပါလျက် သီလလေးတောင် ပြည့်စုံမှု မရှိတဲ့ ဂိုဏ်းဆရာတွေ၊ ဘိုးတော်တွေ၊ ဟိုဒင်းဒီဒင်းတွေ နောက်လိုက်နေရင် ဘာကံ အကျိုးပေးမလဲ။ အဲဒါ ကိုယ့်ဟာ ကိုယ်တွက်။ အကုသိုလ်ကံပဲ အကျိုးပေးမှာပေါ့"

ကောင်းသော အလုပ်ဟူသမျှသည် ကုသိုလ်ကံ။

မကောင်းသော အလုပ်ဟူသမျှသည် အကုသိုလ်ကံ။

ကိုးကွယ်ရာသည် ဘုရား။

နာယူအားထုတ်ပွားများရာသည် တရား။

ဟောပြောပြသညွှန်ကြားဆရာသည် သံဃာ။

"ကျုပ်တို့မှာ ကိုးကွယ်ရာ အစစ်၊ အားထားရာအစစ်၊ ရတနာသုံးဖြာ ပြည့်စုံပြီး ရှိနေပါလျက်က ရေရေရာရာ မရှိတဲ့ ဂိုဏ်းတွေနောက်ကို မလိုက်မိဖို့ အရေးကြီးသလို ကုသိုလ်လောက်သာ ဖြစ်စေနိုင်တဲ့ ပုတီးလမ်းမဆုံးဘဲ ဝိပဿနာ ဘာဝနာလမ်းကို တွဲစပ်လျှောက်လှမ်းဖို့လည်း အရေးကြီးတယ်။ မောင်လွင်ဦး ကျုပ်က ဆရာလုပ်တာဇကော့ မဟုတ်ဘူးနော်။ ဓမ္မမိတ်ဆွေချင်း သတိပေးတဲ့အနေနဲ့ ပြောရတာ။ မောင်လွင်ဦး ပုတီးစိပ်တာကို ကျုပ် သတိပြုမိတယ်။ အချိန်မှန်တယ်။ နေ့စဉ်ဝတ်မပျက်ဘူး။ ထိုင်ချိန် တစ်နာရီခွဲလောက် ရှိတယ်။ ပုတီးစိပ်ချိန်နဲ့ တရားထိုင်တဲ့ အချိန်ကို တစ်ဝက်စီ ခွဲလိုက်။ မောင်လွင်ဦးအတွက် ပိုပြီး ထူးခြားတဲ့ အကျိုးသက်ရောက်မှု ရှိလာလိမ့်မယ်"

ဦးသိန်းအေးက ပုတီးနှင့် လမ်းမဆုံးစေရန် စေတနာနှင့် သတိပေးစကား ပြောခဲ့သည်။

ဘုရားပေါ်မှာ သူတို့နှစ်ယောက် အကွဲမိသွားကြသည်။

နှစ်ဦးစလုံး ဘုရားပေါ်ကို အချိန်ကိုက် ရောက်ကြသည်။

တစ်ဦးမရောက်၍ တစ်ဦးစောင့်ရသည့် အချိန်အတိုင်းအတာ အမြင့်ဆုံးမှာ ဆယ်မိနစ်ထက် မပို။

နေ့စဉ် စောင့်ရသည်မျိုး မရှိ။

နှစ်ယောက်အတူ ပုတီးစိပ်သည်။ နှစ်ယောက်အတူ တရားထိုင်သည်။

ဦးသိန်းအေးနှင့် တွေ့ဆုံပြီးနောက် သူ၏ အခြေအနေမှာ ပို၍ တည်ငြိမ် ထိရောက် ထက်မြက်လာသည်။

သုံးလေးလအတွင်း သူ၏နာမည်မှာ ပို၍ ကျော်ကြားထွက်လာသည်။

ဇိမ်ခံကား အမျိုးမျိုးနှင့် လာသူတွေ ပိုများလာသည်။

အကောင်းနှင့်အဆိုးမှာ ဒွန်တွဲစမြဲ ရှိသည်ဆိုသည့်အတိုင်း အကောင်းထင်လာချိန်တွင် အဖျက်ဝင်လာသည်။

အဖျက်ဝင်လာသည့်တိုင် ကိုယ်ကသာ အဖျက်ကို

www.burmeseclassic.com

www.burmeseclassic.com

ဖျက်အောင် ဖျက်နိုင်လျှင် အဖျက်ဆိုသည်မှာ ကိုယ်နှင့် ဆက်၍ကွဲစပ်စရာ အကြောင်း မရှိ။

လူတင်ပါလို့ နွားကျား ကိုက်ဆိုသလို ကိုယ်ကပါ သွား သောကြောင့် အဖျက်က ကိုယ့်အပေါ် လွှမ်းကင်သွား သည်ပါ။

ဒေါ်ခင်မေနု (ဝါ)မမနု နှင့် ဆုံတွေ့ပြီးသည်နောက်-

► ► ► ► ►

(ကိုး)

ဒေါ်ခင်မေနု (ဝါ)မမနု မှာ သူ့ဆီသို့ လာနေကျ စိန် ပွဲစား ဒေါ်ခင်မမနှင့် ဆက် နွယ်ပတ်သက်ပြီး ရောက်လာ သူ ဖြစ်၏။

ဒေါ်ခင်မမက သူ့ကို အလွန်အမင်း ယုံသည်။

သိန်းကြီး အရောင်း အဝယ်ရှိပြီဆိုလျှင် သူ့ဆီ ရောက်လာစမြဲ။

အရောင်းအဝယ်ကိစ္စ အတွက် စကားသွားပြော သည့်အခါ ဝတ်ဆင်သွားရ မည့် အဝတ်အစားအရောင်၊ ပန်သွားရမည့် ပန်း၊ သွားရ မည့် အချိန်ကအစ သူ ညွှန် ကြားချက်အတိုင်း တစ်သဝေ မတိမ်း လုပ်သူဖြစ်၏။

ဒေါ်ခင်မမက သာမန် စိန်ပွဲစားမဟုတ်။ အထည်ကြီး တွေ ကိုင်သူ။

ခုနစ်သိန်းကျော်တန် ကိုယ်ပိုင်ကားနှင့် သွားလာ လှုပ်ရှားနေသူ။

အထက်တန်းလွှာလော ကနှင့် ဝင်ဆန့်ပြီး ဝယ်သူ အဆက်အသွယ်ကောင်းများ ကို လက်ကိုင်ထားနိုင်သူ။

စိန်ပွဲစားသက်လည်း ရင့်သည်။

လုပ်ငန်းပိုင်းဆိုင်ရာ အပြောအဆို အထာလည်း ကျွမ်းသည်။

ဝယ်သူအကြိုက်တွေ့မည့် ပစ္စည်းမျိုးကိုလည်း ရှာဖွေ ပေးနိုင်သည်။

စိန်ပွဲစားလောကမှာ စိတ်ချ ယုံကြည်ရသူအဖြစ် အသိအမှတ်ပြုခံရသူလည်း ဖြစ်သည်။

တကယ်တော့ သူနှင့် တွေ့မှ အလုပ်ဖြစ်လာသူ မဟုတ်။

ကိုကာစေ သူနှင့်တွေ့ပြီး နောက် အလုပ်ပိုဖြစ်သည်ဟု ဒေါ်ခင်မမ ကိုယ်တိုင်က အလွန်အမင်း ယုံကြည်နေ သည်။

ဒေါ်ခင်မမမှတစ်ဆင့် သူ့ထံ ခေါ်လာသူ ခြောက်ဦး ရှိသည့်အနက် ဒေါ်ခင်မေနု မှာ နောက်ဆုံးခေါ်လာသူ ဖြစ်၏။

ဒေါ်ခင်မမ ခေါ်လာ သူများအားလုံး ဂရိတ်စာရင်း ဝင်တွေ။

နောက်ဆုံးပေါ် ကိုယ် ပိုင်ကားများကို ထည်လဲစီးနိုင် သူတွေ။

ကတော်ကြီးကြီး နှစ် ယောက်မှလွဲ၍ ကျန်လေး ယောက်မှာ စီးပွားနယ်ပယ် တွင် သိန်းကြီးဂဏန်းမြုပ်နှံပြီး လုပ်ငန်းကြီးများ လုပ်ကိုင်နေ သူများ ဖြစ်သည်။

သူတို့၏ စီးပွားရေးလုပ် ငန်းကိစ္စအတွက်အမေးအဖြေ ရောက်လာသည့်အခါ အဖြေ တွင် ဖလားထဲသို့ သီးသန့်စာ အိတ်ဖြင့် ထည့်ခဲ့သည့် ငွေ ကြေးပဏ္ဏာမှာ အနည်းဆုံး ရာတန်အသစ် သုံးရွက် အထက်မှာ ရှိသည်။

လုပ်ငန်းအောင်မြင်သွား သည့်အခါ ကန်တော့ကြေး မှာ ထောင်ဂဏန်းစာရင်း ပေါက်သည်။

ဒေါ်ခင်မမနှင့်ကကွဲသော သူတို့အဖွဲ့ကိစ္စတွင် စနေ၊ တနင်္ဂနွေသာမဟုတ် ကားနှင့် အခေါ်လွှတ်သည့် ကြားနေ့ များတွင်ပါ သူတို့နေထိုင်ရာ တိုက်ကြီးများပေါ်သို့ အထိ သွားရောက် ဆောင်ရွက်ပေး ရသည်။

ခု. . . ဒေါ်ခင်မမက ဒေါ်ခင်မေနှင့် မိတ်ဆက်ပေး သည်။

သူက ထုံးစံအတိုင်း ဣန္ဒြေဆောင်ထားသော ဇာ့ ကာသိကာ အပြုံးဖြင့် ခေါင်း ညိတ်၍ အသိအမှတ်ပြုလိုက် သည်။

ဒေါ်ခင်မေနု၏ခင်ပွန်း ဦးခင်ဖေကျော်မှာ စီးပွားရေး လုပ်ငန်းရှင်ကြီးများ အသိုင်း အဝိုင်းတွင် မသိသူ မရှိသ လောက်ဟု ဆိုရမည်အောင် ထင်ပေါ် ကျော်ဇောသူ ဖြစ် ၏။

သွင်းကုန်ထုတ်ကုန် လိုင်စင်ခေတ် ကောင်းစားစဉ် ကတည်းက အလုပ်ဖြစ် အောင်မြင်ခဲ့သူ ဖြစ်သည်။

ထိုစဉ်အချိန်က နိုင်ငံ ခြားတိုင်းပြည်များသို့ ထိ အောင် ကူးဂလန်ခတ်၍ စီး ပွားရေးလုပ်ငန်းခွင် ချဲ့ထွင်ခဲ့ သူလည်း ဖြစ်သည်။

ပြည်သူပိုင် သိမ်းပြီး သည့်နောက်ပိုင်း ဦးခင်ဖေ ကျော်၏ စီးပွားရေးလုပ်ငန်း များ အပြောင်းအလဲ ဖြစ်ခဲ့ သည်။

ဆူလွယ်နပ်လွယ်စီးပွား ရေးခေတ် မဟုတ်တော့သည့် အတိုင်း ရင်းနှီးမြှုပ်နှံငွေများ သော လုပ်ငန်းများဖြင့် စီးပွား ရေးနယ်ပယ်တွင် ဆက်လက် ကျင်လည်ခဲ့ရသည်။

အရင်းအနှီးများသ လောက် အကျိုးအမြတ်ကို

www.burmeseclassic.com

www.burmeseclassic.com

ယခင်ကလို ပုံသေတွက်၍ ရသလို အရှုံးစာရင်းပြသည့် အခါမျိုးလည်း ကြုံလာရသည်။

ဦးခင်ဖေကျော်မှာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်း နယ်ပယ်မှာ ခွင်အသစ်များ တီထွင်၍ လုပ်ကိုင်မြဲ လုပ်ငန်းများကို တိုးချဲ့ခဲ့သည်။

ယခင်ကလို ရန်ကုန်နယ်ပယ် အတွင်းပိုင်းမှသာ ငြိမ်ငြိမ်သက်သက် လှုပ်ရှား၍ မရတော့။

နယ်စပ်ဒေသများသို့ အထိ ခရီးဆန့်ရသည်များ ရှိလာသည်။

ရန်ကုန်တွင် ရှိသည့် အခါတွင်လည်း လူနားပေမယ့် စိတ်မနားရ။

ဦးနှောက်ကို အမြဲတမ်း အလုပ်ပေးနေရသည်။

စီးကရက်ကို အလွန်အကျွံသောက်၍ အရက်သောက်မှု စံနှုန်းမှာလည်း မြင့်တက်လာသည်။

ကိုယ်ကာယပင်ပန်းမှု ဒဏ်နှင့် ဉာဏ်ကစားရသည့် ဦးနှောက်အလုပ်ဒဏ် ပိပိုးလာသည့်အလျောက် ပြင်းထန်သော နှလုံးရောဂါ ဝေဒနာကို ခံစားလာရသည်။

မလှုပ်မရှားဘဲငြိမ်သက်နေသည်မှာ နှစ်လကျော်ပြီ။

အရက်နှင့် စီးကရက်ကို လုံးဝဖြတ်ရမည်ဟု ပါရဂူဆရာဝန်ကြီးက ညွှန်ကြားသော်လည်း သူက စီးကရက်နှင့် အရက်ကို လျော့ရုံသာ လျော့နိုင်ခဲ့သည်။

တချို့သော လုပ်ငန်းများကို သူ၏ကိုယ်စား ဒေါ်ခင်မေနုက ဝင်ရောက်လှုပ်ရှားလုပ်ကိုင်ပေးရသည်။

ဒေါ်ခင်မေနုကို အပြင်ထွက် လှုပ်ရှားနေရသောကြောင့် အိမ်မှာ အချိန်ပြည့် မနေနိုင်သည့် အလျောက် ဦးခင်ဖေကျော်ကို အချိန်ပြည့် အနီးကပ် မကြည့်ရှုနိုင်။

ဦးခင်ဖေကျော်က အရက်နှင့် စီးကရက်ကို ပါးစပ်လျော့ပဲ လျော့ပြီး လက်တွေ့တွင် ဟုတ္တိပတ္တိ မလျော့။ စိတ်အလိုကို လိုက်ခဲ့သည်။

တစ်နေ့တွင် အိမ်သာခန်းမှအထွက် ခြေပစ်လက်ပစ် လဲကျသွားခဲ့ရာ မိသားစုဆရာဝန် ရောက်မလာမီ အသက်ပျောက်သွားသည်။

သူတို့မှာ သားသမီး မထွန်းကား။

ဒေါ်ခင်မေနုဘက်မှ တူမလေးတစ်ယောက်ကို အမွေစားအမွေခံအဖြစ် မွေးစားထားသည်။

ဦးခင်ဖေကျော် ကွယ်လွန်သွားချိန်တွင် တူမသမီးအသက်ကျော်မှာ တက္ကသိုလ် ဒုတိယနှစ် ကျောင်းသူလေး ဖြစ်နေပြီ။

ဒေါ်ခင်မမှုတစ်ဆင့် ဒေါ်ခင်မေနု ဆရာလေး ကိုလွင်ဦးထံသို့ ရောက်လာသည်မှာ လုပ်လက်စ စီးပွားရေးလုပ်ငန်းများအကြောင်း မေးမြန်းရန်အတွက် ရောက်ရှိလာခြင်း ဖြစ်၏။

ကိုလွင်ဦးက ဖြတ်ရမည့်လုပ်ငန်းနှင့် ဆက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မည်သို့မည်ပုံ လုပ်ရမည်။

ငွေရေးကြေးရေးကိစ္စများနှင့် ပတ်သက်ပြီး ဘာတွေ ဘယ်လို လုပ်ရမည်ကို ဟောချက်ထုတ်ပေးခဲ့သည်။

ဒေါ်ခင်မေနုက ဒေါ်ခင်မမကို ဆရာလေး ဟောချက် သိပ်မှန်သည့်အကြောင်းနှင့် သူ တွေ့ဆုံ ဆက်ဆံနေရသူတွေထဲမှာ သတိထားရမည့် သူတွေအကြောင်း ဟောပြောချက်မှာ တစ်ထပ်တည်း ကိုက်ညီကြောင်း ပြောပြဝန်ခံခဲ့သည်။

ဒေါ်ခင်မမကလည်း သူ အားကိုးသမှု ပြုနေရသည့် ကိုလွင်ဦး သိက္ခာ သမာဓိ တည်ကြည်ပုံ၊ သမာဓိအားရဲ့ ထက်မြက်ပုံ၊ ဘာဘာညာညာတွေ ပြော၍ ဆရာလေး အကြောင်းကို အမွှန်းတင်ပေးခဲ့သည်။

ထိုမှနောက် ဒေါ်ခင်မေနုမှာ ကိုလွင်ဦးထံသို့ မကြာခဏ ရောက်လာပြီး ပါရင်းတန်း ဆက်ဆံမှု ရှိလာသည်။

အိပ်ကို ပင့်ဖိတ်သည့် အဆင့်မှ စားသောက်ဆိုင်ကြီးများတွင် အတူတွဲထိုင်၊ အတူတွဲစား ဖြစ်လာကြသည်။

ဟိုဟိုဒီဒီ တွဲသွားတွဲလာ အခြေအနေသို့ ရောက်လာသည်။

ဒေါ်ခင်မေနုမှာ သားသမီး မမွေးဖွားရသည့် အလျောက် ပို၍ အရွယ်တင်သောကြောင့် တစ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်မြည့် စုံနေသည်က တစ်ကြောင်း၊ ဝတ်စား ဆင်ယင်မှု အပြင်အဆင်၊ အခြယ်အသ၊ အထုံအမွှမ်း ခေတ်မီသည်က တစ်ကြောင်းတို့ကြောင့် အမြင်အသွင်မှာ ကြီးသည်ဟု မဆိုသာ။

အရပ်အမောင်း မြင့်ထည်သည်။

အရပ်အမောင်းနှင့် လိုက်ဖက်သည့် မပိန်မဝသော အလောတော် ကိုယ်လုံးကိုယ်ပေါက်မှာကြည့်ကောင်းသည်။

အသားကဖြူဖြူ၊ ရုပ်ရည်က လှယဉ်ချော။

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားသားတို့မျက်ဝန်းတွင် စွဲထင်စေမည့် လှုပ်ရှားမှု ဟန်ပန်ပြည့်ထင်သည်။

ဦးခင်ဖေကျော်နှင့်တုန်းကတော့ သူတို့ဇနီးမောင်နှံ တွဲသွားလျှင် မလိုက်ဖက်သော အမြင်၊ မကြည်လင်စရာ အသွင် ထင်သည်။

ဦးခင်ဖေကျော်က ပုပု အိုင့်အိုင့် အမည်းဘက်သို့ အလေးသာသည်ဟု ဆိုရမည် အောင် ညိုရင့်သည်။

နဂိုနေ မျက်နှာပေါက် မဆိုးသော်လည်း အရက်ခိုး ပြန်နေမြဲ ရှိသောကြောင့် ကြည့်မကောင်း။

အများအမြင် မလိုက်ဖက်သော အတွဲ။ ရှေ့သွား နောက်လိုက် ပညီသော အတွဲ။

ကိုလွင်ဦးနှင့်ကျတော့ ရှေ့သွားနောက်လိုက် ညီရုံသာမဟုတ်။ သမင်လည်ပြန် ကြည့်ရသည့်အတွဲ ဖြစ်လာသည်။

သို့တစေ သူတို့နှစ်ယောက်မှာ ဟိုနှယ်သည်နှယ် ပြောစရာမျိုးသို့ မဖြစ်အောင် ယောက်ယက်ခတ် သွားလာခြင်းမျိုး မရှိ။ ထိန်းထိန်းသိမ်းသိမ်း သွားလာ နေထိုင်ကြသည်။

ဦးခင်ဖေကျော် ကွယ်လွန်ပြီး တစ်နှစ်ကျော် ကာလအထိ သူတို့နှစ်ယောက်စလုံးက ရင်တွင်းဖြစ် ဝေဒနာကို မဖွင့်အံ့ကြသေး။

နားလည်မှုကို အဆင့်မကျော်အောင် ထိန်းသိမ်းနေကြဆဲ။

သူတို့နှစ်ယောက်ကြားမှာ အခြား ပြဿနာ မရှိသော်လည်း ပြောစရာ ရှိနေသည်မှာ အချိန်ကာလ။

ဒါကလည်း သူ့ဘက်က မဟုတ်။ ဒေါ်ခင်မေနုဘက်က။

တစ်ပင်လဲ၍ တစ်ပင်ထူသည်မှာ အပြစ်တင်စရာ အပြစ်မြင်စရာ မဟုတ်စေကာမူ အချိန်ကာလစောလွန်းနေသောကြောင့် ဒေါ်ခင်မေနု၏ အသိုင်းအဝိုင်းဘက်ကရော ဦးခင်ဖေကျော်၏ အသိုင်းအဝိုင်းဘက်ကပါ ဝေဖန် ပြစ်တင်စကား ဆိုလာမည်ကို ရွံ့နေသည်။

နောက်တစ်ကြောင်းက ကိုလွင်ဦးက သူ့ထက်အသက်အရွယ် ငယ်နေသည့်အပြင် သူတို့လို အထက်တန်းလွှာ အသိုင်းအဝိုင်းက မဟုတ်သည်ကိုလည်း ထည့်သွင်းစဉ်းစားနေရသည်။

ဘွဲ့ရပြီးသား အလုပ်အကိုင် အတည်တကျ ရှိသူတစ်ယောက် ဖြစ်သော်လည်း သူတို့ အသိုင်းအဝိုင်းနှင့် တန်းတူရည်တူ အဆင့်အနေမျိုး မရှိသည်ကလည်း သူတို့ နှစ်ယောက်ကြားတွင် အတားအဆီးသဖွယ် ဖြစ်နေသည်။

တကယ်တမ်းဆိုရပါမူ ကိုလွင်ဦးက ဒေါ်ခင်မေနုအပေါ် စိတ်ဝင်စားသည်ထက် ဒေါ်ခင်မေနုက ကိုလွင်ဦးအပေါ် စိတ်ဝင်စားမှုက သာလွန်သည်ဟု ဆိုရမည်ပါ။

ယင်းကိစ္စနှဲ့ပတ်သက်၍ ကိုလွင်ဦးနှင့် အနီးကပ်ဆုံး နေထိုင်ဆက်နွယ်မှု ရှိကြသည့် ကိုမင်းသူနှင့် ဦးကြည်မောင်တို့ နှစ်ယောက်၏ သဘောထားမှာမူအရှေ့နှင့်အနောက်သို့နှယ် ကွဲပြားခြားနားမှု ရှိနေသည်။

ကိုမင်းသူက ဒေါ်ခင်မေနုနှင့် လက်တွဲဖို့ကိစ္စကို တွန်းအားပေးနေသည်။

မုဆိုးမနှင့် တစ်ခုလပ်ကြားခံပြဿနာအကြောင်း ပေါ်စရာ မရှိ။

တစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးဆိုသည့် ဆုံးဖြတ်ချက် ရှိထားရင်တော့ ထိုကိစ္စကို ဆက်ရန် ရှိသေးသည် လုပ်စရာ မလို။

အိမ်ထောင်ရေးကိစ္စကို ရာသက်ပန် အဆုံးဖြတ်မျိုး ရှိမထားရင်တော့ ဒေါ်ခင်မေနု မှတစ်ပါး အခြားသော်သူများကို ရည်မှန်းချက်ထဲ ထည့်သွင်း စဉ်းစားရန် မလို။

အမြန်ဆုံး ထိုကိစ္စ ဖြစ်မြောက်ရေးကို ဦးတည်ချက်ထားရမည်ဟု တွန်းအားပေးခဲ့သည်။

ဦးကြည်မောင်၏ သဘောထားမှာမူ ကိုမင်းသူ၏ သဘောထားနှင့် ဖီလာဆန့်ကျင်သည်။

ဒေါ်ခင်မေနုနှင့် အိမ်ထောင်ပြုသည်ဆိုလျှင် ကိုယ်က မသာ၊ ကိုယ်ကသာ နာမည်။

ပထမဆုံး ပတ်ဝန်းကျင်မှ သိုက်တူးသမားအမည်တပ်၍ အာမနာပ အပြောအဆို ရှိလာသည်များကို ခါးစီးခံရမည်။ ဒီတစ်ချက်တည်းနှင့် ကိုယ့်ရဲ့သိက္ခာ အဖတ်ဆည် မရအောင် ကျဆင်းသွားမည်။

ဒုတိယ ဒေါ်ခင်မေနု၏ ထားရာနေ စေရာသွား အရုပ်သမား ဖြစ်မည်။

ကိုယ်က လွှမ်းမိုးသည်ထက် သူ၏ လွှမ်းမိုးမှုကို ကိုယ်က ခံရမည်။

တတိယ သူတို့ အသိုင်းအဝိုင်းကြားမှာ ကိုယ်က ခေါင်းမော့ လက်မထောင်နိုင်သူ မဖြစ်နိုင်။

စတုတ္ထ ကြာရှည်လက်တွဲရမည့် အိမ်ထောင်ဖက် မဖြစ်ဖို့ဘက်က အလေးသာ

www.burmeseclassic.com

www.burmeseclassic.com

သည်။

ပထမအိမ်ထောင်နှင့် ပြဿနာပေါ်သလို ဒုတိယ အိမ်ထောင်ဖက်နှင့်လည်း ပြဿနာပေါ်စရာ လမ်းကြောင်းတွေ အများကြီး ရှိလာနိုင်သည်။

စသည် စသည် အခြေခံ အကြောင်းများကို ပြောပြတားမြစ်သည်။

သူက ခဲမှန်ဖူးသည့် စာသူငယ်။

သည်တစ်ခါ မှန်မည့် ခဲမှာ သေးသေးကွေးကွေး ခဲမဟုတ်။ ဒါကိုတော့ သတိပြုမိသည်။

သို့တစေ ထိုပြဿနာထဲသို့ ကြားဝင်လာသူ ပွဲစားရှိလာသည်။

စိန်ပွဲစား ဒေါ်ခင်မမက သည်တစ်ခါတော့ လူပွဲစား အသွင်ပြောင်းသွားသည်။

ပွဲစားတို့၏ အထာအတိုင်း အလော့၊ အပင့်၊ အတွန်း၊ အပို့များဖြင့် သူတို့နှစ်ယောက်၏ နီးစပ်မှုကို ဖန်တီးပေးသည်။

သူသဘောနှင့်သူတော့ ဟုတ်ဟန် မတူ။

ဒေါ်ခင်မမနှင့် ကိုမင်းသူတို့နှစ်ယောက် ရှေ့နောက်ညှပ်၍ လော့ခတ်ပေးခဲ့ရာ ထိပ်လော့နှင့် ပဲ့ကိုင်တို့၏ အကျော်အကိန်း ကျွမ်းကျင်နောက်သို့ ကိုလွင်ဦးမှာ မြောပါခဲ့ရသည်။

ဒေါ်ခင်မေနု (ဝါ)နုနုကြီး၏ ဒုတိယခင်ပွန်းသည် အဖြစ် ကျယ်ဝန်းသော ခြံကြီးထဲမှ ခံ့ထည် ခမ်းနားသော တိုက်ကြီးပေါ်သို့ ရောက်ခဲ့ရသူ ကိုလွင်ဦးမှာ ပထမဆုံး နုနုကြီး၏အမိန့်အတိုင်း လမ်းကြောင်းသစ် ဖွင့်လိုက်ရသည်။

အလုပ်မှ နုတ်ထွက်လိုက်ရခြင်း။

ဒုတိယ ဖွင့်လိုက်ရသည့် လမ်းကြောင်းသစ်မှာ နာမည်အသစ်ဖြင့် ကကြိုးကလက် ပြောင်းလိုက်ရခြင်း။

သိဒ္ဓိရှင် မင်းဇော်ထက်။

ဂမ္ဘီရဗေဒပညာရှင်။

တတိယ ပြောင်းလိုက်ရသည့် လမ်းကြောင်းမှာ ရှိုးရိုးဗေဒပညာရှင်အဖြစ်မှ ဂိုဏ်းဆရာအသွင်ကို ပြောင်းလိုက်ရခြင်း။

သူ၏ အဟောခန်းပုံစံကို ယနေ့ခေတ်စားနေသည့် ဓာတ်စခန်းအသွင်သို့။

ဟိတ်ဟန်ထည်ဝင့်သည့် ပြယုဂ်ကြီးတွေရှေ့တွင် ထိုင်ဗိသူမှာ ရင်မခုန်၊ ရင်မတုန်သည့်တိုင် ကြက်သီးမွေးညင်းတော့ ထကောင်း ထသွားရသည်။

အများအားဖြင့် သူ့ရှေ့မှောက် ရောက်လာသူများမှာ အမျိုးသားထက် အမျိုးသမီး ဦးရေများပြားသည့်အလျောက် ဟိတ်ဟန် အရှိန်အဝါကြောင့် သူ၏ စူးစူးစိုက်စိုက် အကြည့်ကို ခံနိုင်ရည် မရှိကြ။

လက်ညှိုးငေါက်ငေါက်ထိုးပြီး ဟုတ်တယ် မဟုတ်လား မေးလိုက်လျှင် မဟုတ်သည်ကိုပင် ဟုတ် ဟုတ် ဟုတ်ပါသည်ဟု ဝန်ခံ ခေါင်းညိတ်လိုက်ရသည်။

အဟောအပြောကလည်း အသင့်အတင့်၊ နေရာအနေအထားက ထည်ထည်ဝင့်ဝင့်၊ ပြယုဂ်အပြင်အဆင်က ခမ်းခမ်းနားနား၊ လူပုံဟန်က ခန့်ခန့်ချောချော ရှိဘိသော သိဒ္ဓိရှင် (ဝါ) အလုံးစုံပြီးမြောက်နေသူ ဆရာမင်းဇော်ထက်မှာ ရိုက်ချင်သလို ရိုက်၊ စားချင်သလို စားဖြစ်နေသည်။ အောင်မြင်နေသည်။

သူ့ကို ဂမ္ဘီရဗေဒပညာရှင်၊ သိဒ္ဓိရှင် မင်းဇော်ထက် ဖြစ်လာအောင် လမ်းကြောင်းတီထွင်ပေးသူမှာ ကိုမင်းသူ။

ပံ့ပိုးပေးသူမှာ ဒေါ်ခင်မေနု။

ကိုလွင်ဦးနှင့် ဒေါ်ခင်မေနုတို့မှာအကြောင်လင်မယားအရာ ရောက်နေပြီဖြစ်သော်လည်း အပြင်လောကတွင် ကြေညာမောင်းမခတ် အများအမြင် လင်မယားအသွင် မနေကြ။

ကိတ်တခိုး နားလည်မှုလင်မယားအသွင်ဖြင့်သာ နေထိုင်ကြသည်။

ဤသို့ နားလည်မှုနှင့် နေထိုင် စခန်းသွားခဲ့သောကြောင့် ဒေါ်ခင်မေနုအတွက် သူတို့ အသိုင်းအဝိုင်းကြားထဲမှာ မျက်နှာအထားရ မခက်သလို အိမ်ထောင်သားမွေးမပြုဘဲ ကျင့်စဉ်စခန်း ဝင်နေသည့် သိဒ္ဓိရှင်ဆရာလေးလည်း ဂုဏ်သိက္ခာ ပို၍ မြင့်တက်သွားသည်။

မည်သို့ပင်ရှိစေ၊

သိဒ္ဓိရှင် ဆရာလေး၏ ဝင်ငွေမှာ အတက်ဘက်ကို ပြနေသလို ဘဝပြည့်စုံမှုမှာ အထွဋ်အထိပ်သို့ ရောက်နေပြီ။

သူ၏ဘဝမှာ လိုအပ်တာ မရှိသလောက်ဟု ဆိုရမည်သို့အောင် ပြည့်စုံနေသည်။

ဒါပေသည့် . . .။

▶ ▶ ▶ ▶ ▶

(ရှေ့လဆက်ရန်)

။ ကျော်မြသန်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဖိုးဝေ

လောကကြီးမှာ အပျော်ရွှင်ရဆုံးနေ့သုံးနေ့ရှိပါတယ်။ အဲဒါတွေကတော့ . . ရှင်လိင်ပြန်သောနေ့၊ အိမ်ထောင်ပြုသောနေ့၊ ထောင်မှလွတ်သောနေ့လို့ ဆိုစမှတ်ပြုခဲ့တယ်။

ဒါကြောင့် ကျွန်တော် လွန်စွာပျော်ရွှင်လျက်ရှိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီနေ့ထောင်က လွတ်မယ့်နေ့ပေါ့ဗျာ။ အမှန်တော့ ကျွန်တော် ပြစ်မှုကျူးလွန်လို့ ထောင်ကျလာခဲ့တဲ့ နှစ်ကာလက ငါးနှစ်ပါ။

www.burmeseclassic.com

ခုလို ၅၉ နှစ်မြောက် လွတ်လပ်ရေးနေ့ကြီးနဲ့ အကျုံးဝင်နေတော့ ထောင်ကလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တယ်။ ကျွန်တော် ထောင်ကျနေခဲ့တာ ထောင် နှစ်နှစ်ကျော်နေပြီ။ ဒီတော့ သုံးပုံတစ်ပုံလျှော့ရက်ပေးတော့ ထောင်က လွတ်ပြီလေ။

ကျွန်တော်တို့ ထောင်ကျလွတ်လူတွေကို ထောင်ကျုံးရှေ့နားမှာ စုခိုင်းထားပြီး လွတ်လူ မှတ်ပုံတင်စစ်ဆေးခြင်းကို ထောင်မှူးလေးက ဆောင်ရွက်နေတယ်။ တချို့ မလွတ်နိုင်သေးသူတွေကလည်း နီးစပ်ရာဆွေမျိုးတွေဆီကို လူကြုံပါးမှာနေခဲ့ကြတယ်။ မိမိတို့အတူတကွ နေထိုင်လာခဲ့ကြတဲ့ ထောင်ထဲကနေ ကုသိုလ်ကံကောင်းသူတွေကလွတ်မြောက်သွားကြသလို၊ ကုသိုလ်ကံမကောင်းသူတွေကလည်း တစ်နေ့လွတ်လိမ့်နိုးနဲ့ မျှော်ကိုးနေကြတယ်။

ကျွန်တော်လည်း လွတ်လူတွေထဲမှာ ပါလာတော့ ပျော်နေတယ်။

ထောင်ဆိုတဲ့ အနိဋ္ဌာရုံကြီးထဲမှာ ကာလရှည်ကြာစွာ မနေခဲ့ရဘဲအချိန်တိုတိုအတွင်း လွတ်မြောက်လာခဲ့ရတော့ အတိုင်းမသိဝမ်းသာနေမိတယ်။

မိမိကျူးလွန်လာမိတဲ့ပြစ်မှုအတွက် တစ်ဖက်သားအပေါ် စိတ်မကောင်း ဖြစ်ပေါ်ခံစားနေမိတယ်။ ဘာပဲဖြစ်ဖြစ် မိမိအမှားအတွက် ဝန်ချတောင်းပန်သင့်တယ်လို့လည်း ဆုံးဖြတ်ထားခဲ့တယ်။

ကျွန်တော့်ကြောင့် တစ်ဖက်သားခမျာ အရှက်ရစရာအဖြစ်နှင့် ကြုံကြိုက်သွားခဲ့ရလို့ လူတောထဲမတိုးဝံ့တဲ့အဖြစ်နှင့်များ သောကဗျာပါဒတွေ ဖိစီးနေလေမလားဆိုတဲ့ စိတ်အတွေးတွေ ဝင်လာနေတယ်။

"ဘယ်လိုလဲ သူရိန်၊ မင်းထောင်က လွတ်တော့မယ်ဆိုပြီး ပျော်တယ်ပေါ့"

"ဟုတ်ပါတယ်ဆရာ"

"အေး . . မင်းအပြင်ဘက်ရောက်ရင်ဒီထက်တောင် ပျော်လိမ့်ဦးမယ်"

"ဗျာ . ."

"ဟုတ်တယ် သူရိန်၊ မင်းအပေါ်မှာ သံယောဇဉ်ကြီးရှာတဲ့ မင်းသူငယ်ချင်းက မင်းကို စောင့်ကြိုနေတယ်ကွ"

"ဘယ်သူများပါလိမ့်"

ဆိုတဲ့အတွေးနဲ့ အတွေးကွန်ယက်ကို ဖြန့်ကျက်စဉ်းစားနေတယ်။ ကျွန်တော်နှင့်တွဲဖက်ပေါင်းလာတဲ့ သူငယ်ချင်းဆိုတာက အများကြီးပဲရှိခဲ့တာ။ ဒီအထဲက ဘယ်သူများဖြစ်နိုင်မလဲ။ ခေါင်းခြောက်အောင် စဉ်းစားကြည့်သော်လည်း စဉ်းစားမရ၊ အဖြေရှာရခက်နေတယ်။

နောက်ဆုံး . . လွတ်လူ အကျဉ်းသားတွေကို ထောင်ကျုံးမှာ စိစစ်ပြီးသွားသောအခါ ဘူးတံခါးထဲရှိ ထောင်ပိုင်ကြီးရုံးခန်းထဲမှာ ထပ်မံစစ်ဆေးခြင်းခံရပြန်တယ်။

အားလုံးပြီးစီးသွားသောအခါမှ ဘူးတံခါးထဲမှာ နှစ်ယောက်စီ တွဲထိုင်ခိုင်းထားပြီး သံတံခါးပေါက်ကနေ တစ်ယောက်ချင်းစီ လွှတ်ပေးနေခဲ့တယ်။ ထောင်လွှတ်ဝရမ်းကို တစ်ဦးချင်းစီ နာမည်ခေါ်ပြီး သံတံခါးပေါက်သေးသေးလေးကနေ အပြင်ဘက်ကို လွှတ်ပေးခဲ့တယ်။ ကျွန်တော် ဝမ်းသာပျော်ရွှင်စွာ ထွက်လာချိန်မှာ . .

"ကိုကို သူရိန်"

"ဟင် . . နဒီ"

မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်တော် အံ့ဩသွားခဲ့တယ်။ နဒီမေမောင်ဆိုတဲ့ ကောင်မလေး ကိုယ်တိုင် ကျွန်တော့်ကို ထောင်တံခါးဝကနေ လာကြိုနေခဲ့လို့ ဖြစ်ပါတယ်။ ပိုလို့ . . အံ့ဩစရာကောင်းလိုက်တာက သူမတစ်ဦးတည်းမဟုတ်ဘဲ ရင်ခွင်မှာပိုက်ထားတဲ့ တစ်နှစ်ခွဲခန့်ရှိကလေးငယ်လေးကိုပါ အတူတကွ တွေ့မြင်နေရလို့ပါပဲ။

"နဒီ . . ဒါ . . ဒါ . . ဘယ်သူ့ကလေးလဲ"

"ကိုကို့ကလေးပေါ့"

"ဟင် . ."

"ဟုတ်တယ် ကိုကို၊ နဒီကို ကိုကို အတင်းအဓမ္မ ဗလက္ကာယပြုသွားလို့ အဲဒီကနေ မွေးဖွားလာတဲ့ ကလေးပေါ့၊ ကိုကို့ ရင်သွေးလေးပါ"

ကျွန်တော် ဒီတော့မှပဲ နဒီမေမောင်ဆိုတဲ့ ကောင်မလေးကိုလည်း သေသေချာချာ စူးစူးစိုက်စိုက်လေ့လာအကဲခတ်ကြည့်မိလိုက်တယ်။ ဟုတ်မှ ဟုတ်ပါ့မလားလို့ ဇဝေဇဝါ ဖြစ်သွားခဲ့တယ်။

ကျွန်တော် ထောင်ထဲ

www.burmeseclassic.com

www.burmeseclassic.com

မဝင်ခင်အချိန်တုန်းဆီက နဒီ မမောင်ရဲ့ အသွင်အပြင်က ယောက်ျားလေးတစ်ယောက်လို ဝတ်စားဆင်ယင်ထားပြီး ယောက်ျားလေးတွေနဲ့ အတူတူ လည်ပင်းဖက်သွားလာပျော်ပါး နေခဲ့တယ်၊

ယောက်ျားတွေကို အားကျပြီးကတ္တိယနွယ်တစ်ယောက် အသွင်က ယောက်ျားမာန်ဝင့်ချီလို့ တပူးတွဲတွဲနေထိုင်သွားလာခဲ့ကြတယ်၊အသက်အရွယ် အားဖြင့် ငယ်ငယ်ရွယ်ရွယ် အချိန်အခါမှာ အကြောင်းမဟုတ်သော်လည်း အရွယ်ရလာချိန်မှာတော့ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားကြတာ မမှုတာပါ၊

ငယ်ငယ်တုန်းကလို ဆော့လိုက် ပျော်လိုက်ကြချိန် လုံးလုံးထွေးထွေးနေလို့ ဖြစ်ခဲ့ပေမယ့် အရွယ်လေးရလာကြချိန်မှာ ယောက်ျားလေးတွေနဲ့ အတူ အရက်သောက်လိုက်၊ ရန်ဖြစ်လိုက် ကြမ်းချင်တိုင်းကြမ်းလို့မရဘူးလေ၊

အဲဒီတုန်းက သူမ ပုံဟန်သွင်ပြင်စရိုက်လက္ခဏာက ဒီလိုမျိုးမဟုတ်၊ ယောက်ျားလေးတစ်ယောက်အသွင် ဝတ်စားဆင်ယင်လို့ ဟန်ဆောင်မှုကို ထိန်းထားခဲ့ပေမယ့် မိန်းမသားဟာ မိန်းမသားပါပဲ၊ ကိုယ်နဲ့ အတူတူလည်ပင်းဖက် ပေါင်းနေကြတဲ့ ယောက်ျားလေးတွေကို တုပြီး မိုက်တွင်းနက်ခဲ့သူ၊

ခုတော့ သူမသွင်ပြင်လက္ခဏာက ပီဘိမိန်းကလေး အသွင် စရိုက်နှင့် နဂိုဗီဇရုပ်လုံးပေါ်လာခဲ့ပြီပဲ၊ သူမကို ရုတ်တရက်မြင်တွေ့လိုက်ရသော ကျွန်တော်ပင် မမှတ်မိနိုင်အောင် ဖြစ်သွားတယ်၊ ယခုလို မိန်းမဆန်ဆန် နေတတ်ထိုင်တတ်လာတာကိုပဲ အံ့သြနေမိတယ်၊ ဟိုတုန်းက သူမရဲ့ အသွင်ပုံစံသည်ကား . . .

❧ ❧ ❧

ပဲခူးမြို့အပိုင်၊ ကြခတ်ရွာလေးမှာ လယ်ပိုင်ရှင်ကြီးဖြစ်သူ ဦးအာကာနှင့် ဒေါ်မြင့်မိုရ်တို့၏ လယ်မြေပေါ်တွင် အတူတူလုပ်ကိုင်နေခဲ့ကြသော လယ်သူရင်ငှားလေး နှစ်ဦးရှိခဲ့တယ်၊

လယ်ပိုင်ရှင်ကြီး ဦးအာကာရဲ့ အကျိုးစီးပွားဖြစ်ထွန်းအောင် စွမ်းဆောင်ပေးနေသူများက သူရိန်နှင့် နဒီဆိုတဲ့ သူငယ်ချင်းနှစ်ဦး ဖြစ်ပါတယ်၊ ဆယ်ကျော်သက်အရွယ်ထဲမှ တစ်ရွာတည်းသားချင်းများ ဖြစ်ပြီး အတူတကွ လည်ပင်းဖက်ကြီးပြင်းလာခဲ့ကြသူများ ဖြစ်ပါတယ်၊

နှစ်ဦးစလုံးမှာ အသက်အရွယ် မတိမ်းမယိမ်းရှိနေကြသူများဖြစ်သဖြင့် သူငယ်ချင်းလို ညီအစ်ကိုဆွေမျိုးရင်းချာလို ပေါင်းဖက်နေထိုင်ခဲ့ကြတယ်၊ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ရှိကြသလို . . အလုပ်အကိုင်အပေါ် မခိုမကပ် အတူတွဲလုပ်ဆောင်နေခဲ့ကြတယ်၊

အဲဒီလို လုပ်ငန်းခွင်မှာ လည်းကောင်း၊ ရွာထဲ ဘုရားပွဲရှိတဲ့အခါ ထန်းရည်အရက်ဝိုင်းမှာ မကျန် တပူးတွဲတွဲ သွားလာနေထိုင်သောက်စား ရမ်းကားနေတတ်ကြတယ်၊

ဒါပေမယ့် သူတို့နှစ်ဦးကြားမှာ မတူညီသော သွင်မှုစရိုက်လက္ခဏာက ကွဲပြားမှုရှိနေတယ်၊ အဲဒါကတော့ သူရိန်ဆိုတဲ့သူမှာ ယောက်ျားလေး စစ်စစ်တစ်ယောက်မို့ ကျားကျားလျားလျား ကြံ့ကြံ့ခိုင်ခိုင်

သူတို့နှစ်ဦးကြားမှာ
မတူညီသော
သွင်မှုစရိုက်လက္ခဏာက
ကွဲပြားမှုရှိနေတယ်။
အဲဒါကတော့
သူရိန်ဆိုတဲ့သူမှာ
ယောက်ျားလေး
စစ်စစ်တစ်ယောက်ရဲ့
ကျားကျားလျားလျား
ကြံ့ကြံ့ခိုင်ခိုင် ရှိနေပေမယ့်
နဒီမှာတော့
အဝတ်အစားကသာ
ယောက်ျားဟန်ပန်စရိုက်ကို
ဖုံးကွယ်ဝတ်ဆင်ထားတယ်။
သို့သော်လည်း
ပီဘိအသွင်အပြင်က
မိန်းကလေးဟန်ပန်စရိုက်လို
ရဖရဲညက်ကာ
ဖြူဖြူနွဲ့နွဲ့ချောမောလွန်းသည့်
ရုပ်ကာ အလှက
မည်သို့ပင် ကြိုးစားအား
ခက်ကာဖော်နေသော်လည်း
သွင်ဟန်စရိုက်က
ဖျောက်ဖျက်မရနိုင်ဘဲ
ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရှိနေပေမယ့် . . နဒီမှာတော့ *အဝတ်အစားကသာယောကျ်ား* ဟန်ပန်စရိုက်ကို ဖုံးကွယ်ဝတ်ဆင်ထားတယ်။ သို့သော်လည်း ပီဘိအသွင်အပြင်ကမိန်းကလေး ဟန်ပန်စရိုက်လို ရုပ်ရည်က ဖြူဖြူနွဲ့နွဲ့ချောမောလွန်းသည့် ရုပကာ အလှက မည်မျှပင် ကြမ်းတမ်းခက်တရော်နေသော် လည်းသွင်ဟန်စရိုက်ကဖျောက် ဖျက်မရနိုင်ဘဲ ရှိနေတယ်။ ပမာဆိုလျှင် ဒေါင်းယောင် ဆောင်သောကျီးအသွင်စရိုက်။

အဲဒီလို အတူတကွ သွားလာနေထိုင်ကြသူအချင်းချင်း သူငယ်ချင်းများလို ပေါင်းသင်း နေထိုင်သွားလာခဲ့ကြတယ်။ ငယ်စဉ်တောင်ကျေးကလေး ဘဝအရွယ်မှာတော့အကြောင်း မဟုတ်ကြသော်လည်း အပျို ဖော်ဝင်စ၊ လူပျိုဖော်ဝင်စအ ရွယ်မှာ သွေးသားက စကား ပြောလာပြီလေ။

တစ်ဦးက ယောကျ်ားလို ဟန်ပန်နှင့် တက်တက်ကြွကြွ နေထိုင်နိုင် ပေမယ့် တစ်ဦးက နွဲ့နွဲ့နှောင်းနှောင်းဆိုတော့ . . ဘယ်လိုပဲ ဟန်မူသွင်ပြင်က ယောကျ်ားစရိုက်လိုနေနေ၊ စိတ်နေစိတ်ထား နူးညံ့တတ် တာ မိန်းမသာဘာဝပဲလေ။ နဒီ *ကတော့ ငယ်ငယ်လေးထဲက* ယောကျ်ားလေးတွေနဲ့ ပေါင်း သင်း၊ ယောကျ်ားလေးစရိုက် လို နေထိုင်လာပေမယ့် . . ပင်ကိုယ်စရိုက်တွေက ဘယ်လို မှ ဖျောက်ဖျက်မရဘူး။ အလုပ် အကိုင် လုပ်ကိုင်နေကြချိန်မှာ ယောကျ်ားတွေနဲ့ ရင်ဘောင် တန်းပြီးလုပ်ကိုင်ဆောင်ရွက် လို့ရနိုင်ပေမယ့်အရက်သောက် သည့်နေရာမှာယောကျ်ားတွေ နဲ့ယှဉ်ပြိုင်ပြီးခွက်လှည့်သောက် တော့မှောက်တဲ့အခါ ပြဿနာ ဖြစ်ရော . .

အဲဒါကတော့ . .

ကြခတ်ရွာလေးရဲ့ တစ်ခု သော ဘုရားပွဲတော်ကာလမှာ အစပြုလို့ ပြဿနာဖြစ်ပွားလာ ခဲ့တော့တယ်။ တစ်ရွာလုံးက ကာလသား၊ ကာလသမီးလေး တွေ ဆိုတော့ တစ်နှစ်မှာ တစ်ခါ ပါဝင်ဆင်နွှဲရတဲ့ ဘုရား ပွဲကာလမှာ ကြည့်ချင်စဖွယ် ဇာတ်ပွဲကလည်း ပါဝင်လာ တော့ လျှောက်လည်ပျော်ပါးလို့ မဆုံးဖြစ်နေတယ်။

ပွဲခင်းဈေးထဲမှာ ရွာထဲက အပျို လူပျိုတစ်သိုက်နှင့် ကလေးလူကြီးမကျန် လှည့် လည် စားသောက်ပျော်ပါးနေ ကြတယ်။ ဆယ့်နှစ်ပွဲဈေးသည် တွေ ရောင်းတဲ့ အလှကုန်ဆိုင်၊ အိမ်သုံးပစ္စည်းဆိုင်၊ အရုပ်ဆိုင် တကာ လှည့်လည် ဝယ်ခြမ်း ပျော်နေကြတယ်။

အဲဒီလိုပဲ သောက်တတ် စားတတ်သူတွေအတွက်တော့ စားသောက်ဆိုင်တန်းမှာ ခင်း ကျင်းရောင်းချနေတဲ့ မုန့်ဟင်း ခါး၊ လက်ဖက်ရည်၊ အအေး ဆိုင်များနှင့် အကြော်ဆိုင်များ ကလည်း အပြိုင်အဆိုင် ရောင်း ချနေကြတယ်။ ပိုဆိုးတာက အကြော်ဆိုင်တွေမှာ အကြော် နဲ့ တွဲလျက် ကရားအိုးထဲ အရက်ထည့်ရောင်းချနေတဲ့ အကြော် ဗန်းပြ အရက်ဆိုင် တွေဟာ အကျည်းတန် အရုပ် ဆိုးစေတယ်။

အဲဒီလို အချိန်မှာ အမြဲ တမ်း တပူးတွဲတွဲ သွားလာ လျှောက်လည်လေ့ရှိကြတဲ့ နဒီ နဲ့ သူရိန်တို့ သူငယ်ချင်းနှစ်ဦး ကလည်း သူများတကာတွေ ပျော်နေသလို သူတို့နှစ်ယောက် တည်းလည်း စိတ်လွတ် ကိုယ် လွတ်ပျော်နေခဲ့ကြတယ်။

အဲဒါကတော့ ပွဲခင်းထဲ က အကြော်ဆိုင်မှာ နှစ်ဦး အတူတူ အကြော်စားရင်း ရေနွေးငုံ့ သောက်လို့ စား သောက်နေခဲ့တယ်။ အစပထမ တော့ တစ်ခွက် တစ်ဖလားစီပဲ စားဖြစ်မယ်လို့ ဝင်ထိုင်ဖြစ်ခဲ့ရာ က အချိန် ကြာလာတော့ အရှိန်ရလာကြ တယ်။

ပွဲတော်ကာလရယ်လို့ သူများ ပျော်ကြသလို ကိုယ်က လည်း ပျော်ကြပေမယ့် ကိုယ် စားသောက်နေတာ ယမကာ။ ဒီတော့ အတွေ့အကြုံမရှိသူ နှစ်ယောက်မှာ သူတစ်ခွက် ငါ တစ်ခွက်သောက်ရင်း မှောက် တဲ့ အဆင့်ရောက်ကုန်ကြရော။ ဒီတော့လည်း သူ့ ငါတွဲ၊ ငါ့ သူ တွဲနဲ့ တစ်ဦးကိုတစ်ဦး ဖေးကူ တွဲရင်း ပွဲခင်းကနေ အိမ်ဆီပြန် ခဲ့ကြတယ်။

သူရိန်က ယောကျ်ားပီပီ သောက်စားထားတဲ့ အရှိန်ကို ထိန်းထားနိုင်ပေမယ့် နဒီခမျာ ပင်ကိုယ်က နုနုငယ်ငယ်မိန်းမ သားဆိုတဲ့ ဖွဲ့စည်းအားက အရှိန်ကိုမထိန်းနိုင်၊ ကဘောက် တိ ကဘောက်ချာ ဖြစ်လာနေ တယ်။ မိမိတို့နှစ်ဦးသား အကြော်စားပြီး ပွဲထိုင်ကြည့် မယ်ဆိုတဲ့ အစီအစဉ်လည်း ပျက်ပြားသွားရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

မူးယစ်ရီဝေစွာနှင့် တစ်ဦးကို တစ်ဦးတွဲလို့ အိမ်ဆီကိုပဲ တန်းပြန်လာနေရတယ်။

ဒီအချိန်မှာ သူရိန့်ရင်ထဲ အရက်မူးတဲ့ ဒီဂရီထက်ပိုလို့ ဆိုးတဲ့ ဖောဋ္ဌဗ္ဗအာရုံအတွေ. အထိက ရင်ကို လှိုက်ခတ်တုန်လှုပ်သွားခဲ့တယ်။ ဒီလို နူးညံ့သိမ်မွေ့တဲ့ ခန္ဓာကိုယ် အထိက ရင်မှာ လှုပ်ရှားလာတဲ့ စိတ်ကို ဘယ်လိုမှ ထိန်းချုပ်မရနိုင်အောင် ဖြစ်ပေါ်ခံစားလာနေရတယ်။

ဆိတ်ကွယ်ရာနေရာဆိုတာ မကောင်းမှုဒုစရိုက်ကို ပြုကျင့်လိုသူတွေအတွက် အခြေအနေ အချိန်အခါကောင်းဖြစ်တယ်။ လူသူပြတ်လပ်နေတဲ့ တောတန်းလေးတစ်နေရာမှာ ညမှောင်မှောင်မိုက်မိုက် အချိန်ကြီး၊ အသွင်မတူ ကွဲပြားတဲ့ လူနှစ်ယောက် အတူတူဆုံစည်းမိနေကြတယ်။

မှောင်လိုက်လွန်းနေတဲ့ အကာလ ညအခါကြီးမှာ လူသူလေးပါး ကင်းရှင်းနေတယ်။ သူရိန်ကတော့ အကြံသမားပီပီ မိမိသောက်စားထားတဲ့ အရက်ဒီဂရီအရှိန်တက်နေချိန်၊ မိမိစိတ်ဆန္ဒကို ဘယ်လိုမှ . . မချုပ်တီးနိုင်တာကြောင့် . .

"အို . . ဘာ . . ဘာ . . လုပ်တာလဲ"

နှုတ်လေးအာလေးသံနဲ့ စကားကိုပင် ပီပီပြင်ပြင် မပြောနိုင်ရှာတဲ့ နဒီခမျာ ကျောချမ္မ တာ:ပြမှန်း သိ အခြေဆိုက်နေတာကြောင့် ဖွတ် ရှုန်းကန်ကြိုးစား တားမြစ်နေသော်လည်း . . .

"နဒီ့ကို ချစ်တယ်ကွာ"

"ဟင့် အင်း . . ဟင့် အင်း . . မင်း . . ဒီလို မယုတ်မာနဲ့ သူရိန်"

"ကိုယ့်စိတ်တွေ ဘယ်လိုမှ ထိန်းမရတော့ဘူး နဒီရယ်"

"အို . . အို . . ဟင့်အင်း . . မ . . မဖြစ်ဘူး . . မလုပ်နဲ့ . . မလုပ်နဲ့ . . အား . . "

ဆိုတဲ့ ညည်းသံလေးတွေကို ညအမှောင်ထဲမှာ အိပ်စက်နားခိုနေကြတဲ့ ငှက်ကလေးတွေတောင် ကြားလိုက်တာနဲ့ လန့်ဖျပ်နိုးသွားနိုင်လောက်တယ်။ နဒီကတော့ သူငယ်ချင်းကောင်းထင်ပြီး လူပေါင်းမှားခဲ့မိတဲ့ ရလဒ်ဆိုးကျိုးကို ခံစားနေရရှာပြီလေ။

သူရိန်ကတော့ အရက်ဒီဂရီမြင့်တက်လာတာထက် အချစ်ဒီဂရီမြင့်တက်နှုန်းများလာတာကြောင့် ရမ္မက်ခိုးဝေနေတဲ့ မျက်လုံးတွေက တဖိတ်ဖိတ်တောက်နေလို့ စိတ်လွတ်ကိုယ်လွတ်ပြုကျင့်နေခဲ့တယ်။

"တောက် . . ငါ့ကို စော်ကားသွားတာ မကျေနပ်ဘူး၊ အဖေနဲ့တိုင်မယ်"

"နဒီရယ် . . ကိုယ်မှားသွားပါတယ်ကွာ"

"ဒီလို မှားမှန်းသိရင် စိတ်အလိုမလိုက်နဲ့ပေါ့"

"နဒီ့ကို အစကနဦး မိန်းကလေးမှန်းသိပေမယ့် ငါ ဘယ်ပွေ့ဖက်ရချိန်မှာ ကိုယ့်စိတ်တွေ ဘယ်လိုမှ ထိန်းမရတော့ဘူး နဒီရယ်"

"တော်စမ်းပါ၊ မူးမူးရူးရူးနဲ့ လုပ်ချင်တိုင်းလုပ်သွားပြီး ခုမှ တောင်းပန်နေလို့ ဘာဖြစ်နိုင်မှာလဲ၊ အခြေအနေက လွန်သွားပြီ"

"ဟုတ်ပါတယ် နဒီရယ်၊ ကိုယ့်အပြစ်ကို ကိုယ်နားလည်ပါတယ်။ နဒီပေးမယ့် အပြစ်ကို နာခံဖို့ အဆင်သင့်ပါ"

"တောက် . . ဟင်း . . ငါ့နှယ်နော်"

ခံပြင်းလွန်းတဲ့ စိတ်တွေနဲ့ နဒီရင်ထဲက ဒေါသတွေ ဆူပွက်နေတာကို မြို့သိပ်အောင့်အည်းနေရတယ်။ ရှေ့ဆက်ရင် ဆိုင်ကြုံတွေ့လာရမယ့် အပြစ်ဆိုးကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတဲ့ သောက တစ်ပွေ့တစ်ပိုက်နဲ့ရွာဆီကို ဒုန်းပြေးသွားတော့တယ်။

ကျွန်တော် စိတ်အလိုလိုက်မိခဲ့တဲ့ အမှားအတွက် နောင်တရနေပေမယ့် အသိတရားကို ထိန်းချုပ်နိုင်ဖို့ မလွယ်တဲ့ အတွေ့အထိကြောင့် ခုလိုဖြစ်ပျက်သွားခဲ့တာပါ။ နဒီကတော့ ကျွန်တော့်အပြုအမူအတွက် ဘယ်လိုမှလည်း ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။

မကြာမီမှာ ကျွန်တော် နေထိုင်နေတဲ့ ဟဲဒ်မ်ေသးဆံကို နဒီမေမောင်ရဲ့အဖေ ဦးဒီပါနှင့် ရဲတပ်ဖွဲ့ဝင်တွေရောက်ရှိလာခဲ့တယ်။ နဒီမေမောင်ရဲ့ ဖွင့်ဟထွက်ဆိုချက်နှင့်အတူ ကျွန်တော့်ကို လာရောက်ဖမ်းဆီးခဲ့တာ ဖြစ်တယ်။

နောက်ဆုံးမှာတော့ ကျွန်တော့်ကို တရားရုံးတော်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ ထောင်ဒဏ် ၅ နှစ် ချမှတ်လိုက်ခြင်းခံခဲ့ရလေတော့သည်။

စိုးဝေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဝါသနာဆိုး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"ဦးကြွရှုကြီး ... ဦးကြွရှုကြီး"

"ဝုတ်ဝုတ် ... ဝုတ်ဝုတ် ... ဝုတ်ဝုတ်"

"ဟဲ့ ... ဘယ်သူတွေတုံး"

ညဘက် အိပ်ပျော်ခါစ ရှိသေးသည်။ အချိန်မတော် အိမ်ရှေ့မှ လှမ်းခေါ်သံနှင့်အတူ ခွေးကလည်း ထိုးဟောင်နေဖြင့် ဦးကြွရှုဦးလှကျော် အိပ်ရာထဲမှ ထလာကာ လှမ်းမေးလိုက်သည်။

"မမဲတူပါ ဦးကြွရှုကြီး။ ကိုဝတုတ်လည်း ပါပါတယ်"

"ဘာအကြောင်းထူး ရှိလို့လဲဟ"

"ရှိပါပြီကောတော်။ အိမ်ပေါ် လူတက်လာလို့ပါ"

"ကဲ ... ကဲ ... အိမ်ထဲဝင်ခဲ့ကြ"

ကျေးရွာဦးကြွရှုဦးလှကျော်က ဘက်ထရီမီးလေးကိုဖွင့်ပြီး အိမ်အောက်ရှိ ညှိခန်းသို့ ဆင်းလာသည်။ သူ့သားကြီးနှင့် သားငယ်လည်း အိပ်ရာထဲမှ ထလာကြသည်။ မမဲတူတို့လင်မယားကို အိမ်ထဲဝင်ခိုင်းပြီး ဦးလှကျော်က ဖြစ်စဉ်ကို မေးလိုက်သည်။

"ကဲ ... အိမ်ပေါ်ကို ဘယ်သူတက်လာတာလဲ။ ပြောစမ်းပါဦး"

"ဘယ်သူရှိရမလဲ ဦးကြွရှုရဲ့။ ဟိုကောင် ငချောင်းပဲပေါ့"

"ငချောင်းဆိုတာက ဘယ်သူလဲ"

"အတွဲတွေချောင်းတာ ဝါသနာပါတဲ့ သံချောင်းပေါ့။ ကျွန်တော်တို့ လင်မယားအိပ်နေတာကို လာချောင်းပြီး ထွက်ပြေးသွားတယ်"

"ဒါများဟာ ... ရေးကြီးခွင်ကျယ် လုပ်လို့။ နင်တို့လင်မယား အိပ်မောကျနေတာကို လာချောင်းတာ ပွန်းပဲ့သွားတာမှ မဟုတ်တာ"

ဦးကြွရှုဦးလှကျော်က သဘောရိုးဖြင့် မမဲတူကိုပြောလိုက်ရာ မမဲတူက ပြန်ပြောသင့် မပြောသင့် ချင့်ချိန်စဉ်းစားဟန်ဖြင့် တွေဝေသွားသည်။ ဦးလှကျော်က ဆက်ပြောသည်။

"ကိုယ့်အိမ်ကပစ္စည်းကို ခိုးရင်တော့ အရေးယူရမှာပေါ့။ နင်တို့လင်မယားအိပ်တာကို ချောင်းကြည့်ရုံနဲ့တော့ ပြဿနာမီးမပွားပါနဲ့ဟာ"

"အဲဒီလို မဟုတ်ဘူး ဦးကြွရှုကြီး။ ကျွန်မတို့ လင်မယားလိုနေနေတာကို ချောင်းကြည့်နေတာပါ။ အဲဒါက ပစ္စည်းအခိုးခံရတာထက် ပိုဆိုး၊ ပိုရှက်စရာကောင်းပါတယ်"

"ဟာ ..."

"ဟင် ..."

"ဟိဟိ ..."

"ဟိဟိ ..."

ဦးလှကျော်၏ သားနှစ်ယောက်က အံ့အားသင့်သွားကြပြီး လိမ်းချုပ်နေသည့်ကြားမှ ရယ်သံထွက်လာကြသည်။ ဦးလှကျော်ပင်လျှင် မျက်လုံးပြူးသွားရသည်။

ထို့ကြောင့် ငြိမ်ကုပ်နေသော မမဲတူ၏ယောက်ျား ကိုဝတုတ်ကို ဟုတ်မဟုတ် ဦးလှကျော်က မေးလိုက်သည်။

"မင်းမိန်းမပြောတာ ဟုတ်ရဲ့လား ဝတုတ်"

"ဟုတ်ပါတယ် ဦးကြွရှု"

"ဟုတ်ရင် သံချောင်းကို သားကြီးနဲ့ သားငယ် သွားခေါ်စမ်းကွာ"

ဦးလှကျော်၏ သားနှစ်ယောက်က သံချောင်းကို သွားခေါ်ရန် ဓာတ်မီးကိုယ်စီဖြင့် အိမ်ထဲမှ ထွက်သွားကြသည်။ ဦးလှကျော်က သူ့သားတွေကို လှမ်းမှာလိုက်သေးသည်။

"ရာအိမ်မှူး မြင့်အောင်ကိုလည်း ခေါ်ခဲ့ဟေ့ ..."

www.burmeseclassic.com

www.burmeseclassic.com

မမဲတူက ကျေနပ်အားရသွားဟန်ဖြင့် ပြောသည်။

"ငချောင်းဟာ ကျွန်မတို့ အရက်ကို ခွဲတာပဲ ဥက္ကဋ္ဌကြီး။ ရဲစခန်းမှာသွားပြီး အမှုဖွင့်ပေးပါ"

"ခဏနေစမ်းပါဦးဟာ။ ငါ ဟိုကောင်ရောက်လာရင် မေးပါရစေဦး။ ကဲ . . . လူရှင်းတုန်းမှာ ဖြစ်ကြောင်းကုန်စင်ကို ပွင့်ပွင့်လင်းလင်း ပြောပြစမ်းဟာ။ အခြေအနေကို ငါကကြိုသိထားမှဖြစ်မှာ"

"ရှက်ရှက်နဲ့ပဲ ပြောရတော့မှာပေါ့ရှင်။ ဒီလိုပါ ဥက္ကဋ္ဌကြီးရယ်။ သူ . . . သူ . . ကိုဝတုတ်လေ နိုင်ငံခြားဇာတ်လမ်းခွေငှားလာလို့ ကျွန်မတို့လင်မယားနှစ်ယောက် ညစာထမင်းစားပြီးကတည်းက ထိုင်ကြည့်နေကြပါတယ် . . ."

မမဲတူက ဖြစ်ပျက်ပုံဇာတ်လမ်းစုံကို ရှင်းပြလေရာ ဦးလှကျော်ပင်လျှင် စိတ်ဝင်စားစွာ မျောပါသွားခဲ့လေသည်။

□ □ □

မြို့ကြီးတစ်မြို့အနီးမှာ အိမ်ခြေ (၁၀၀)ကျော်၊ လူဦးရေ (၇၀၀)နီးပါးရှိသည့် 'သိင်္ဂီမာလာမြိုင်'ဟူသော ကျေးရွာတစ်ရွာရှိသည်။

ထိုရွာထဲတွင် အသက်(၃၀)ခန့် အရွယ်ရှိ လူပျိုကြီး ကိုသံချောင်းသည် အသောက်အစား၊ လောင်းကစား လုံးဝမရှိဘဲ မိအိုဖအိုများကို လုပ်ကျွေးစောင့်ရှောက်နေသူဖြစ်ရာ လူချစ်လူခင်များလှသည်။

ပျော်ပျော်နေတတ်သော လူရိုးလူပျော် လူပျိုကြီးကိုသံချောင်းကို သမီးရှင်များက သားသမက်တော်ချင်ကြသော်လည်း တစ်ရွာလုံးရှိ မိန်းမပျိုလေးတွေက သူ့ကို ရွံမုန်းအော့နလုံးနာနေကြသည်။ ဒါကြောင့်လည်း လူပျိုကြီးဘဝ ရောက်နေရသူဖြစ်သည်။

ကိုသံချောင်းကို မိန်းမပျိုလေးတွေသာမက တခြား ရွာသူရွာသားအချို့ကပါ မနှစ်မြို့ရခြင်း၏ အကြောင်းရင်းမှာ ကိုသံချောင်း 'အတွဲတွေကို ချောင်းကြည့်သည့် စရိုက်ဆိုး'ကြောင့်ပင် ဖြစ်သည်။

အတွဲတွေ ချောင်းကြည့်လွန်းသော ကိုသံချောင်းကို အတွဲအချို့က မျက်မုန်းကျိုးနေကြပြီး သူ့ကို ပြန်ချောင်းပြီး ရိုက်နှက်ခဲ့ဖူးသည်။ ဤသည်ကိုလည်း ကိုသံချောင်းက အမှတ်မထား။ တားဆီးမရသည့်သူ့ဝါသနာက ပြင်းပြလွန်းလှသည်။

ပျိုပျိုရွယ်ရွယ် လူငယ်အတွဲတွေကို ချောင်းကြည့်ရုံမျှဖြင့် အားမရဘဲ အိမ်ထောင်သည်အတွဲတွေကိုပင် အလွတ်မပေးဘဲ ချောင်းကြည့်လေ့ရှိသည်။

သူတို့ရွာက မြို့ကြီးနှင့် နီးကပ်နေသဖြင့် တက္ကသိုလ်ကောလိပ်တွေမှ အတွဲတွေကလည်း သူတို့ရွာနားမှာ တဝဲလည်လည် သွားလာနေကြရာ ကိုသံချောင်း၏ ဝါသနာနှင့် လိုက်ဖက်ကိုက်ညီနေသည်။ ကိုသံချောင်းကလည်း ကွမ်းလေးတမြုံ့မြုံ့နှင့် သူချောင်းကြည့်ခဲ့ရသမျှ အတွဲများ၏ အဖြစ်သည်း အကဲပါကြပုံတွေကို မစားရဝခမန်း အာပေါင်အာရင်းသန်သန်ဖြင့် ကြွားဝါပြောဆိုနေလေ့ရှိသည်။

အပြောခံရသူတွေက ပြန်ကြားရသောကြောင့် မခံမရပ်နိုင်ဖြစ်ပြီး ကျေးရွာရုံးမှာ ဖြေရှင်းခဲ့ရဖူးသည်။

ယခုလည်း ကိုသံချောင်း ပြဿနာတက်ပြန်လေပြီ။

ထိုည ၈ နာရီကျော်ခန့်တွင် ကိုသံချောင်းသည် သူ့သူငယ်ချင်း ကိုဝတုတ်နှင့် မမဲတူတို့လင်မယား အိပ်နေကြသည့် ခုတင်အောက်သို့ ကြိုတင်၍ရောက်နှင့်နေသည်။

ကိုဝတုတ်တို့ လင်မယားနှစ်ယောက်က နိုင်ငံခြားဇာတ်လမ်းခွေထဲမှာ မျောပါနေကြသဖြင့် အိမ်ထဲသို့ ကိုသံချောင်း ရောက်နေသည်ကို လုံးဝသတိမထားမိကြ။ လင်မယားနှစ်ယောက် ဇာတ်လိုက်မင်းသားနှင့် မင်းသမီး ချစ်တင်းနှီးနှောနေကြသည်ကို အားကျနေကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အဓိပ္ပာယ်ပါပါ ပြုံးနေကြသည်။

ဇာတ်လမ်းပြီးဆုံးသွားသောအခါ လင်မယားနှစ်ယောက် စိတ်တူကိုယ်တူ အိပ်ရာခုတင်ပေါ်သို့ ရောက်သွားကြသည်။ ညအိပ်ရာဝင် မီးပိတ်နေကျ ဘက်ထရီမီးချောင်းကိုပင် မပိတ်နိုင်ကြတော့ဘဲ ချစ်ပျူဟာခင်း ချစ်စစ်တလင်း ဆင်နွှဲကြလေတော့သည်။

နိုင်ငံခြားဇာတ်လမ်းကို အားကျပြီး လွတ်လွတ်လပ်လပ် အချစ်ကြမ်းနေကြသော လင်မယားနှစ်ယောက်၏ ညည်းသံ၊ ခရာသံ၊ ကန္တာကလျ ညည်းညူသံတွေက ပလူပျံထွက်နေလေရာ ခုတင်အောက်မှာ ပက်လက်လှန်ပြီး ချောင်းနေသော ကိုသံချောင်းခမျာ နေမထိထိုင်မသာ မရိုးမရွခံစားလာရသည်။ ရေပဲတော်လာသလိုလို၊ အသားတွေပဲတုန်လာသလိုလို၊ အကြောအခြင်တွေ ထောင်လာသလိုလို ဖြစ်လာလေရာ တံတွေးမျိုချရသည်မှာ အကြိမ်ကြိမ်။ ကိုသံချောင်းသည် သူတို့လင်မယားကို အားကျပြီး မိန်းမယူချင်လာသည်။

သည်ကြားထဲ ကိုဝတုတ်၏ အချစ်ကြမ်းလွန်းပုံက ခုတင်ကျိုးကျနိုင်သဖြင့် ကြွက်ကုတ်ဖိ အမိခံရပြီး သေဆုံးရသည့် ကြွက်လိုဖြစ်မှာကိုလည်း ကိုသံချောင်း ကြောက်လန့်စိုးရိမ်လာသည်။ စိတ်တည်ငြိမ်အောင် ထိန်းချုပ်နေရသည်။

သို့သော် ကောင်းလည်းကောင်း၊ ကြောက်စရာလည်းကောင်း၊ ကြောက်ကောင်းကြီးအခြေအနေမို့ ဆက်ပြီးချောင်းနေမိသည်။

ကြာတော့ ကိုသံချောင်း ညောင်း

www.burmeseclassic.com

www.burmeseclassic.com

ညာလာရာ ဟိုလှည့်ဒီလှည့်လုပ်ရင်း ခုတင်အောက်ရှိ သံသေတ္တာကို ကန်ကျောက်မိလိုက်သဖြင့် အသံထွက်သွားသည်။ ကိုဝတုတ်တို့လင်မယား ခေတ္တငြိမ်သွားသည်။ မမဲတူက ကိုဝတုတ်ကို လက်ဖြင့်ကုတ်ကာ သတိပေးသည်။

''အရေးကောင်း ဒိန်းဒေါင်းဖျက်တဲ့။ ကြွက်တွေနေမှာပေါ့ မဲလေးရယ်''

ကိုဝတုတ်၏ အားမလို့အားမရ အသံက ထွက်လာရာ ကိုသံချောင်း အသက်ရှူချောင်သွားသည်။

ကိုသံချောင်းက ခုတင်ပေါ်မှ ချစ်ဖျူးဟာခင်းနေသံများကို ကြားရရုံမျှဖြင့် အားရတင်းတိမ်ခြင်းမရှိတော့ဘဲ ခုတင်ပေါ်ကို ချောင်းကြည့်ချင်စိတ် ပြင်းပြလာရာ ပက်လက်အနေအထားဖြင့်ပင် ခုတင်ပေါင်ကို တွဲခိုပြီး ခုတင်ပေါ်ဆီသို့ ဦးခေါင်းထုတ်ကာ ပြူကြည့်လိုက်သည်။

မမဲတူကလည်း ခုတင်အောက်က အသံကြောင့် စိတ်ထဲမှာ မလုံမလဲသံသယဖြင့် ခုတင်ဘေးသို့ စောင်းလှည့်အကြည့်တွင် ကိုသံချောင်းမျက်နှာနှင့် အမှတ်မထင် ဆုံမိလျက်သား ဖြစ်သွားသည်။

နှစ်ဦးစလုံး မှင်တက်မိသွားကြရာမှ ပထမခေါင်းငုံ့ဝင်သွားသူက ကိုသံချောင်း။ ဒုတိယ အိပ်ရာပေါ်မှ တွန်းထိုးထလာသူက မမဲတူ။ တစ်ဆက်တည်းမှာပဲ ပါးစပ်က လွတ်ထွက်သွားသည်။

''လူ ... လူ ... ကိုဝတုတ် .. ရှင် ... ရှင် ... ဟာ ... ဘယ်လိုလုပ် ခုတင်အောက် ရောက်နေရတာလဲ''

''ရှက်ဖို့ကောင်းလိုက်တာ။ ဟင်း ... သေသာသေလိုက်ချင်တယ်''

မမဲတူအော်ဟစ်ကတည်းက ကိုသံချောင်းက လစ်ပြေးလေပြီ။

ကိုဝတုတ်ကတော့ တုတ်တုတ်မျှမလှုပ်။ ငြိမ်ကုပ်နေသည်။ မမဲတူ ဒေါကန်သွားသည်။

''ရှင် ဘာလုပ်နေတာလဲ။ လာ .. ရွာဥက္ကဋ္ဌကို သွားတိုင်မယ်''

''တစ်ရှက်က နှစ်ရှက်ဖြစ်နေပါမယ် မဲလေးရာ။ ဘယ်သူမှန်း မသိဘဲနဲ့''

''သိတယ် ...။ ရှင့်သူငယ်ချင်း ငချောင်း။ ကျွန်မသေသေချာချာ မြင်လိုက်ရတယ်။ ဒီကောင့်မျက်နှာပြောင်ကို အချိန်မရွေး မှတ်မိတယ်။ ခုတင်အောက်ကို ကြည့်ပါဦး။ ဘာတွေခိုးသွားသလဲ မသိဘူး''

ကိုဝတုတ်က ခုတင်အောက်သို့ ဓာတ်မီးဖြင့် ထိုးကြည့်ရာ သေတ္တာမှာ သော့ခတ်လျက်သားမို့ စိတ်အေးသွားသည်။ မမဲတူကပါ လိုက်ကြည့်ရာ ကိုသံချောင်း၏ ပုဆိုးကျွတ်ကျန်ခဲ့သည်ကို တွေ့လိုက်ရသည်။

မမဲတူက ဆူပူကြိမ်းမောင်းလွှန်းသောကြောင့် ကျေးရွာဥက္ကဋ္ဌအိမ်သို့ လာရောက်တိုင်ကြားရာတွင် ကိုဝတုတ်က စိတ်မပါဘဲ လိုက်ပါလာခဲ့ရလေသည်။

□□□

မမဲတူ၏ ရှင်းပြချက်ကို ကြားရသောအခါ ဥက္ကဋ္ဌဦးလုကျော်က ရယ်ရအခက်၊ ငိုရအခက် ဖြစ်ရပ်မို့ စဉ်းစားရလေပြီ။

ထိုအချိန်တွင် ရာအိမ်မှူး ကိုမြင့်အောင်နှင့် သူ့သားနှစ်ယောက် ပြန်ရောက်လာကြသည်။ သို့သော် ကိုသံချောင်းပါမလာ။ ကိုမြင့်အောင်က ပြောသည်။

''သံချောင်း သူ့အိမ်မှာမရှိဘူး။ ရှောင်ပြေးပြီးနေပုံတူတယ်''

''ဒီလိုရရိုးလား။ သူက ရွာလူကြီးကိုတောင် အလေးမထားတာ။ ကြာတယ် ရဲစခန်းသွား အမှုဖွင့်မယ်''

မမဲတူက မကျေနပ်သံဖြင့် ပြောဆိုလာပြန်ရာ ဥက္ကဋ္ဌဦးလုကျော်က ဖျောင်းဖျနားချသည်။

''ကိုယ့်ရွာသား အချင်းချင်းတွေပဲဟာ။ ဒီမှာပြေလည်အောင် ငါညှိပေးပါ့မယ်။ မိုးလင်းတာနဲ့ ရှင်းပေးပါ့မယ်။ တစ်ညလောက်တော့ သည်းခံပါ''

''ဥက္ကဋ္ဌစကားကြောင့် ဒီတစ်ညတော့စောင့်ကြည့်မယ်။ မနက်ဖြန်မှာ မထူးခြားဘူးဆိုရင်တော့ ရဲစခန်းသွားရမှာပဲ''

နောက်တစ်နေ့တွင်လည်း ကိုသံချောင်းကို ရှာမတွေ့ကြသောကြောင့် မမဲတူတို့ လင်မယားနှစ်ယောက် ရဲစခန်းသို့ ရောက်သွားကြကာ အခြေအနေကိုရှင်းပြပြီး တိုင်ကြားအမှုဖွင့်ကြသည်။

စခန်းမှူးက ဖော်ရွေသဘောကောင်း။ ပျော့ပျောင်းညင်သာသူပီပီ မမဲတူကို ဖျောင်းဖျနားချသည်။

''ရပ်ရေးရွာရေး သဘာအေးရပျော်စေပြက်စေ နောက်ပြောင်ကျီစားတာနေမှာပါဗျာ။ အချင်းချင်းတွေပဲ ပြေလည်အောင် ညှိနှိုင်းရင် ပြေလည်သွားကြမှာပါ။ အမှုဖွင့်လိုက်ရင် မလိုလားအပ်တဲ့ ပြဿနာတွေ ကြီးပွားလာနိုင်တယ်။ ရန်စတွေ ပွားလာနိုင်ပါတယ်။ စဉ်းစဉ်းစားစားလုပ်ကြစေချင်ပါတယ်ဗျာ''

''အရှက်တကွဲ ကိုယ်ကျိုးနည်းဖြစ်ရပ်မို့ ဘယ်လိုမှ မခံမရပ်နိုင်လို့ အမှုဖွင့်ချင်တာပါ။ ဒီကောင်ကို နောင်ကြဉ်အောင် အရေးယူအပြစ်ပေးမှ တစ်ရွာလုံးစိတ်အေးရမှာပါ။ တကယ်လို့ ရဲစခန်းက အမှုဖွင့်မပေးရင်တော့ ကျွန်မ သက်ဆိုင်ရာတွေကို တိုင်ကြားရမှာပဲ''

မမဲတူက တော်တော်ခံပြင်းနေဟန်ဖြင့် စခန်းမှူးကို ပြန်ပြောနေလေရာ စခန်းမှူးက စိတ်ကိုလျှော့ကာ နယ်ထိန်းအဖွဲ့ကိုခေါ်ပြီး ကိုသံချောင်းကို ရဲစခန်းသို့ ခေါ်ဆောင်လာရန် စေလွှတ်လိုက်သည်။

တစ်နာရီအကြာအတွင်းမှာပင် နယ်ထိန်းအဖွဲ့က ကိုသံချောင်းကိုခေါ်လာ

www.burmeseclassic.com

www.burmeseclassic.com

ပြီး စခန်းမှူးထံ အပ်သည်။

စခန်းမှူးကလည်း ကိုသံချောင်း ရောက်လျှင်ရောက်ချင်း စတင်စစ်မေးသည်။

"ကဲ ... ကိုသံချောင်းရေ ခင်ဗျားကို မမဲတူက သူတို့အိမ်ပေါ် ကျော်နင်းမှုနဲ့ သူတို့လင်မယားအိပ်နေတာကို ချောင်းကြည့်မှုနဲ့ အမှုဖွင့်မလို့တဲ့၊ အဲဒီလို ခင်ဗျားအပေါ် စွပ်စွဲမှုနဲ့ ပတ်သက်လို့ ခင်ဗျား ငြင်းဆန်မလား၊ ဝန်ခံမလား"

"ကျွန်တော် မငြင်းပါဘူး၊ ဝန်ခံပါတယ်။ မှန်ပါတယ်"

ကိုသံချောင်းက အမှန်ကို ဝန်ခံလိုက်လေရာ မမဲတူက မဲ့ရွဲ့မျက်စောင်းထိုးသည်။ စခန်းမှူးကတော့ ကိုသံချောင်းကို စိုက်ကြည့်ကာ ပြောသည်။

"ခင်ဗျားက ပြစ်မှုကျူးလွန်ပါတယ်လို့ ဝန်ခံရင်တော့ အချိန်မတော် အိမ်ကျော်နင်းမှုနဲ့ အမှုဖွင့်အရေးယူရတော့မှာပေါ့။ တွေးတွေးဆဆပြောနော် ကိုသံချောင်း။ ပြစ်ဒဏ်က ထောင်ဒဏ်(၂)နှစ်အထိ ရှိတယ်။ ငွေဒဏ်လည်း ပါတယ်"

"ကျွန်တော် တွေးတွေးဆဆနဲ့ အမှန်ကိုပြောပြတာပါ ဗိုလ်ကြီး။ တကယ်တော့ ပြစ်မှုကို ကျွန်တော်ကျူးလွန်တာလည်း မဟုတ်ပါဘူး"

"ခင်ဗျားစကားက ဘာစကားလဲဗျ။ အိမ်ပေါ်တက်တာလည်း ဝန်ခံတယ်၊ ချောင်းကြည့်တာလည်း ဝန်ခံတယ်။ အဲဒါ ပြစ်မှုကျူးလွန်တာပဲပေါ့။ ရှင်းနေတာပဲ"

"ဗိုလ်ကြီးပြောတာလည်း မှန်ပါတယ်။ ကျွန်တော်ပြောတာလည်း မှန်ပါတယ်။ ကျွန်တော်ပြစ်မှုကျူးလွန်တာ မဟုတ်ဘူးလို့လည်း ရဲရဲကြီးပြောရဲပါတယ်"

"ရှုပ်ကုန်ပြီဗျာ။ သပွတ်အူသိုက်၊ စာကလေးသိုက် ဖြစ်နေပြီ၊ ခင်ဗျား ဘယ်လိုပဲ ဘူးခါပြီးငြင်းငြင်း၊ ခင်ဗျားရဲ့ဝန်ခံချက်အရ ပြစ်မှုကျူးလွန်ရာ ရောက်လို့ အမှုဖွင့်အရေးယူရမှာပဲ"

စခန်းမှူးက စိတ်ညစ်သွားပြီး စကားပြတ်အောင် ပြောလိုက်ရာ ကိုသံချောင်း၏ ဆက်လက်အတွန့်တက်စကားကြောင့် ခေါင်းချာချာလည်သွားရလောက်အောင် ဦးနှောက်စားသွားရပြန်လေသည်။

ကိုသံချောင်း၏ အတွန့်တက်စကားက –

"မလွှဲမသွေ အရေးယူအပြစ်ပေးရမယ်ဆိုရင်တော့ ကျွန်တော့်ကို အရေးမယူဘဲ ကိုဝတုတ်ကိုပဲ အရေးယူ အပြစ်ပေးပါတော့ဗျာ"

"ဗျာ .. ဘယ်လို ဘယ်လို"

ကိုသံချောင်းစကားကို ကြားပြီး အံ့အားသင့်သွားရသူက စခန်းမှူး။

"နေရာမှထ၊ ထဘီစွန်တောင်ဆွဲပြီး ကိုသံချောင်းကို လက်ညှိုးငေါက်ငေါက်ထိုးကာ ငါးစိမ်းသည် ရန်တွေ့သည့်ပမာ သဟောက်သဟာ ဆတ်ဆတ်ခါလာသူက မမဲတူ။

"ဟဲ့ မိုက်ရိုင်းလိုက်တဲ့ ငချောင်း။ ကိုယ့်အပြစ်ကို ဘာမှမဆိုင်တဲ့ ငါ့လင်ကို ဘာကြောင့် လွှဲချရတာလဲ။ ထောင်(၂)နှစ်ကျခံရမှာကြောက်ပြီး အရှုးချီး(ချေး)ပန်းပရမ်းပတာ လာပြောမနေနဲ့။ ကိုယ့်ယုတ်မာမှုနဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို နင်ကျခံရမှာပဲ၊ ဘာအခုမှ ကြောက်ပါပြီလဲ။ စခန်းမှူးကြီး မြန်မြန်အမှုဖွင့်၊ ဖမ်းချုပ်ပါတော့။ သူကျွတ်ကျန်ရစ်တဲ့ ပုဆိုးသက်သေလည်း ရှိနေပါတယ်"

"နေစမ်းပါဦး မမဲတူရယ်။ ကျွန်တော် ရှင်းအောင်မေးပါရစေဦး။ ဒီမှာ ကိုသံချောင်း .. ခင်ဗျားမှာ အပြစ်မရှိဘူးဆိုရင် လိုရင်းတိုရှင်း ဖွင့်ဖွင့်သာပြောဗျာ။ ကြားတယ် ..."

စခန်းမှူးက စိတ်ကိုထိန်းကာ ကိုသံချောင်းကို ဆက်မေးသည်။ ကိုသံချောင်းကလည်း သည်တော့မှ အသေးစိတ် ရှင်းပြလိုက်ရာ မျက်လုံးပြူးသွားရသူက စခန်းမှူး။

နေရာမှ ထခုန်ပြီး ဆူညံပြောင်းဆန်သွားသူက မမဲတူ။

"ဒီလိုပါ။ အဲဒီနေ့လယ်ဘက်မှာ ရွာလယ်လမ်းမှာ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း ဝတုတ်တို့ ဆုံတွေ့ကြပါတယ်။ ဝတုတ်က ကျွန်တော့်ကို မင်းဘယ်က ပြန်လာတာလဲမေးလို့ ကျွန်တော်က အတွဲချောင်းကြည့် ပြန်လာတာပါလို့ ဖြေခဲ့ပါတယ်။ ဒီတော့ ဝတုတ်က မင်းဒီလောက်တောင် အတွဲချောင်း ဝါသနာပါလွန်းနေတာ ငါတို့လင်မယားကို လာချောင်းကြည့်လှည့်လို့ ပြောပါတယ်။ ဒီတော့ ကျွန်တော်က မင်းတကယ်ပြောတာလား၊ ငါက တကယ်လာချောင်းကြည့်မှာလို့ ပြန်ပြောပါတယ်။ ဝတုတ်က မင်းဒီလိုကြည့်လို့မရဘူး။ ကြည့်ချင်ရင် ငါ့ကို ငွေနှစ်ထောင်ပေးရမယ်တောင်းလို့ ကျွန်တော်က ငွေနှစ်ထောင်ပေးလိုက်တဲ့ အပြင် ကျွန်တော်ကြည့်ဖို့ ငှားလာတဲ့ နိုင်ငံခြားဖာတ်လမ်းခွေတောင် ငှားလိုက်ပါသေးတယ်။ ဒါကြောင့် အိမ်ရှင်ရဲ့သဘောတူခွင့်ပြုချက်အရ အချိန်မတော် အိမ်ပေါ်တက်ပြီး သူတို့ကို ချောင်းကြည့်မိတာမို့ ကျွန်တော့်မှာ လုံးဝ အပြစ်မရှိပါဘူး ဗိုလ်ကြီးရယ်။ မယုံရင် ဝတုတ်ကို မေးကြည့်ပါ"

"သူပြောတဲ့အတိုင်း ဟုတ်သလား ကိုဝတုတ်" ဟု စခန်းမှူးက ကိုဝတုတ်ကို မေးကြည့်ရာ ကိုဝတုတ်ကလည်း "ဟုတ်ပါတယ်"ဟု ဝန်ခံလိုက်လေသည်။

ကိုဝတုတ်က ဟုတ်ပါတယ်လို့ ဝန်ခံလိုက်သောအခါ မမဲတူမှာ စိတ်ဝေဒနာရှင်ကြီးပမာ သူ့လင်ကိုဝတုတ်ကို ဆဲဆဲဆိုဆို လုံးထွေးကုတ်ဆွဲနေသဖြင့် ရုတ်

www.burmeseclassic.com

www.burmeseclassic.com

ရှတ်သဲသဲ ဖြစ်သွားသည်။ ဝိုင်းဝန်းဆွဲခွာကာ တားဆီးထားကြရသည်။ ဒါတောင်မှ သူ့ပါးစပ်က ဖရုသဝါစာတွေ ထွက်နေဆဲပင်။

"ရှက်ဖို့ကောင်းလိုက်တာ။ လူယုံသတ်တာ ခံလိုက်ရတာပဲ။ ဒါကြောင့် သူက ဘာမှမပြောဘဲ တေမိလုပ်ငြိမ်ကုပ်နေတာကိုး။ ရှင့်နှမ၊ အစ်မတွေကို အဲဒီလို လုပ်နိုင်းပါလား ခွေးတိရစ္ဆာန်ရဲ့။ ခွေးကျင့် ခွေးကြံ ကြံရက်ပလေတယ်။ တော်ပြီ၊ ဒီဘဝ ဒီမျှပဲ၊ ဗိုလ်ကြီး ဒီတိရစ္ဆာန်ကောင်နဲ့ ကျွန်မ မပေါင်းသင်းနိုင်တော့ဘူး။ ကွာရှင်းပေးပါ"

"မဲလေးရာ . . . ငါအဲဒီလောက်ထိ အောက်တန်းမကျပါဘူး။ သံချောင်းက ငါ့ကို နောက်ပြောင်ကျီစယ်တယ် ထင်လို့သာ ငါက ရွတ်နောက်နောက် ပြောခဲ့တာပါ။ ဒါကို ဒီကောင်က တကယ် အကောင်အထည်ဖော်ရက်တာပါ"

ကိုဝတုတ်က မချိတင်ကဲလေသံဖြင့် သူ့မိန်းမ မမဲတူကို တောင်းပန်သည်၊ ကိုသံချောင်းကလည်း သူမှားသွားကြောင်း သူတို့လင်မယားကို တောင်းပန်သည်။

"အားလုံး ငါ့အမှား။ ငါ့အပြစ်တွေ ချည်းပါပဲဟာ။ ငါက ပျော်စေပြက်စေ ကျီစားနောက်ပြောင်နေကျဆိုတာ နင်တို့လင်မယား ဓာတ်သိပါ။ နင်တို့လင်မယား ငါ့ကြောင့်တော့ မကွဲမကွာကြပါနဲ့"

"ဘာ . . . အခုမှလာပြီး လေပြေထိုးမနေနဲ့။ ညစ်ပတ်စရာကောင်းတဲ့အခွေကို ခပ်တည်တည်နဲ့ငှား၊ ငှားခနှစ်ထောင်ယူပြီး ပေးရတယ်လို့ လိမ်ညာပြော၊ တို့ကို လာချောင်းတာဟာ ယုတ်မာပက်စက်တာပဲ မဟုတ်လား။ ဝတုတ် . . နင်နဲ့ငါ ကွာမယ်"

"မကွာပါရစေနဲ့ မဲလေးရယ်။ နင့်ကိုငါ မခွဲနိုင်ဘူး။ စွဲနေပြီ"

"ဟုတ်ပါဝ့ယ် မဲတူရယ်။ ငါ့သူငယ်ချင်းက လူရိုးလူကောင်းလေးပါ"

"ငချောင်း . . . နင်ဝင်မပြောနဲ့။ နင့်အသံလည်း မကြားချင်ဘူး။ နင့်ရုပ်လည်း မမြင်ချင်ဘူး"

ရဲစခန်းထဲမှာ ငရဲပွက်သံအလား ဆူညံသွား၍ အခြားရဲတပ်ဖွဲ့ဝင်များပင် စိုးရိမ်ပြီး ဝိုင်းလာကြရာ စခန်းမှူးက ဟန်ဆောင်ပန်ဆောင် ခြိမ်းခြောက်ကာ တားဆီးလိုက်ရသည်။

"ကဲ . . . ကဲ . . . တော်ကြ၊ တော်ကြ။ ဒီနေရာဟာ ငါးစိမ်းတန်းမဟုတ်ဘူး။ ဒီမှာ မမဲတူ၊ ခင်ဗျားက အိမ်ကျော်နင်းမှုနဲ့ အမှုဖွင့်ဖို့ လာသူနော်။ ဆူညံမှု၊ ဝတ္တရားနှောင့်ယှက်မှုနဲ့ ခင်ဗျားကို အရေးယူလို့ရတယ်။ တရားလိုက တရားခံဖြစ်သွားလိမ့်မယ်။ သတိထားနားထောင်ပါ။

ကိုသံချောင်းကို ဘယ်ဥပဒေနဲ့မှ အရေးယူလို့မရဘူး။ ဒါပေမဲ့ နောင်မှာ အတွဲမချောင်းရဲအောင် ခံဝန်လက်မှတ်ရေးထိုးခိုင်းမျာပါ။ ခင်ဗျားတို့လင်မယား ကွာရှင်းချင်သပဆိုရင်တော့ တရားရုံးမှာ ဦးတိုက်လျှောက်ထားပါ။ ရဲစခန်းနဲ့ မဆိုင်ပါဘူး။

တစ်ခုတော့ သတိပေးလိုက်ပါရစေ။ မိန်းကလေးဆိုတာ တစ်ခုလပ်တို့၊ တစ်လင်ကွာတို့ဘဝ ရောက်သွားရင် ပတ်ဝန်းကျင်က အထင်အမြင်သေးတတ်တယ်။ ကိုဝတုတ်ကလည်း မခွဲနိုင်ဘူး စွဲနေပါပြီလို့ တောင်းပန်နေတယ် မဟုတ်လား"

"ဗိုလ်ကြီးပြောတာ ဟုတ်ပါတယ်။ ဝတုတ်က သူ့ကိုစွဲနေတဲ့အကြောင်း ခဏခဏပြောနေသလို မဲတူကလည်း ကိုတုတ်နဲ့ ထပ်တူပါပဲလို့ ခဏခဏ ပြန်ပြောနေတာပါ"

ကြားဖြတ်ဝင်ပြောလိုက်သူ ကိုသံချောင်းက သူတို့လင်မယား ချစ်တင်းနှီးနှောနေကြစဉ် ခုတင်အောက်မှ ကြားနေရသဖြင့် သူတို့လေသံအတိုင်း ဝင်ပြောလိုက်ခြင်းပင်တည်း။

"ဟေ့ကောင် . . . မင်းပါးစပ်ပိတ်ထားစမ်း"

"ငချောင်း . . . နင်တော်တော်အာချောင်နေပါလား။ ချောင်လွန်းတဲ့ အာကို ငါပိတ်ဆို့ပေးရမလား။ နင့်စကားကို တို့လင်မယားနှစ်ယောက်စလုံး သိတယ်"

ကိုဝတုတ်နှင့် မမဲတူတို့ လင်မယားနှစ်ယောက်က ကိုသံချောင်းကို ပြိုင်တူလိုလိုပင် ဟိန်းဟောက်လိုက်ကြရာ ကိုသံချောင်း ဖက်ပုငြိမ်ကုပ်သွားသည်။

သူတို့သုံးယောက်အချင်းချင်းသာ နားလည်နေကြသော ဓာတ်သိအတွင်းစကားကို စခန်းမှူးက လုံးဝနားမလည်သောကြောင့် ခေါင်းကိုယမ်းခါကာ ဆက်ပြီး ဖျောင်းဖျနားချသည်။ အေးရာအေးကြောင်း အေးတရားဟောသည်။

"ကိုဝတုတ်ရော မမဲတူပါ နာစရာပေါ်ရင် လွမ်းစရာလေးတွေနဲ့ ဖြေပါ။ မုန်းစရာပေါ်လာရင်လည်း ချစ်ခဲ့၊ ကြည်နူးခဲ့တာလေးတွေကို ပြန်တွေးမြင်ပြီး ဖြေကြပါဗျာ။ အဲဒီလို အပြန်အလှန် စာနာ၊ ဖေးမ ခွင့်လွှတ်သွားကြမယ်ဆိုရင် ဘာအပြစ်မှ မမြင်တော့ဘဲ ပိုပြီးချစ်ကြင်လာကြမှာပါ။ နှစ်ဦးသဘောတူ မေတ္တာသက်ဝင်၊ ချစ်ခင်လက်ထပ် ပေါင်းသင်းလာခဲ့ကြပြီးမှ ဘာမဟုတ်တာလေးကြောင့် မကွဲကွာကြပါနဲ့ဗျာ။ တစ်ဦးမကြိုက်တာကို တစ်ဦးကပြင်၊ တစ်ဦးအလိုကို တစ်ဦးကလိုက် အများနှစ်ခြိုက်အားကျတဲ့ စံပြဇနီးမောင်နှံအဖြစ် ရာသက်ပန် ပေါင်းသင်းသွားကြပါဗျာ။ ကျွန်တော့်ဆန္ဒကို သဘောတူကြမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ဘယ့်နှယ်လဲ"

"သဘောတူပါတယ် ဗိုလ်ကြီး"

ကိုဝတုတ်က ချက်ချင်းပင် ဖြေကြားသော်လည်း မမဲတူက ခေါင်းငုံ့စဉ်း

www.burmeseclassic.com

www.burmeseclassic.com

စားနေဟန်ဖြင့် ငြိမ်သက်နေလေရာ စခန်းမှူးက မမဲတူကို ထပ်၍မေးလိုက်သည်။

"ဘယ်လိုလဲ မမဲတူ။ ရှက်မနေပါနဲ့ဗျာ။ လင်နဲ့မယားဆိုတာ အရှက်မရှိမှ အိမ်ထောင်ရေးသုခ ပြည့်ဝတယ်လို့ စာဆိုရှိတယ်"

"ဗိုလ်ကြီးပြောတာ သိပ်မှန်တယ်ဗျာ။ လင်မယားနှစ်ယောက်ချင်းမှာ အရှက်ကုန်ရင် ရွှက်စုံဖွင့် ချစ်ခွင့်ရတာ သေချာတာပေါ့"

ရုတ်တရက် ဝင်ပြောလိုက်သူက ကိုသံချောင်း။ မမဲတူ၏မျက်စောင်းသာ နဂါးမျက်စောင်းဆိုလျှင် ကိုသံချောင်း ပြာကျသွားနိုင်သည်။

"ငချောင်း .. နင် ဝင်ပါလာပြန်ပြီ။ နောက်မှ ငါ့အဆိုးမဆိုနဲ့နော်။ ဗိုလ်ကြီးရယ် ... ကျွန်မတို့လင်မယားနှစ်ယောက်ရဲ့ဘဝဟာ လူတင်ပါလို့ နွားကို ကျား ·ိုက်ခံရတဲ့ ဖြစ်ရပ်မျိုးပါ။ နွားကိုစားပြီး စားမြုံ့ပြန်နေတဲ့ ကျားငစဉ်းလဲလိုပဲ. ငချောင်းဟာ ကျွန်မတို့ကို ချောင်းကြည့်တဲ့အကြောင်း စားမြုံ့ပြန် မောင်းတီးနေမှာ သေချာပါတယ်။ ခုတောင်မှ ဗိုလ်ကြီးရှေ့မှာ အစအနတွေကို စားမြုံ့ပြန်နေပါတယ်။ သူစားမြုံ့ပြန်တာတွေ ပြန့်ကြားရင်တော့ ကျွန်မ သက်သေအထောက်အထား အပြည့်အစုံနဲ့ အသရေဖျက်မှုနဲ့ အမှုဖွင့်ပါမယ်။ ဒါကြောင့် ဗိုလ်ကြီးအနေနဲ့ သူ့ကို တားဆီးပေးပါ။ ခံဝန်ချုက်ရေးပေးပါလို့ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်"

မမဲတူက ချက်ကျလက်ကျ ပြောပြလေရာ စခန်းမှူးက သဘောကျသွားပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြန်ပြောသည်။

"မမဲတူပြောတာ သဘာဝကျပြီး မှန်ပါတယ်။ ကျွန်တော် ကိုသံချောင်းကို ဝန်ခံလုပ်ခိုင်းမှာပါ။ ကဲ ... ခင်ဗျားတို့လင်မယား ပြန်လို့ရပါပြီ။ ဩော် ... မမဲတူ စောစောက ကျွန်တော်ပြောတာကို လက်ခံပါတယ်နော်"

မမဲတူက ရှက်မျက်နှာဖြင့် ခေါင်းဆတ်ညိတ်ပြသည်။ ကိုဝတုတ်က ချက်ချင်းဆိုသလိုပင် မမဲတူ၏ လက်ကိုဆွဲကာ နေရာမှထပြီး ရုံးခန်းထဲမှ လျင်မြန်စွာ ထွက်ခွာခဲ့ကြလေသည်။

ရုံးခန်းထဲမှာ ကျန်ခဲ့သူက ကိုသံချောင်း။ စခန်းမှူးက ကိုသံချောင်းကို မေးသည်။

"ကိုသံချောင်း ... ခင်ဗျားအတွဲတွေကို ချောင်းကြည့်တော့ ဘယ်လိုခံစားရသလဲ"

"ဘာရယ်မဟုတ်ပါဘူး ဗိုလ်ကြီးရယ်။ အပျင်းပြေ ပျော်စေပြက်စေ လိုက်ချောင်းကြည့်တာပါ"

"ခင်ဗျားအတွက် ဘာအကျိုးအမြတ် ထွက်သလဲ"

ကိုသံချောင်း အာစေးမိသွားသလို ဘာမျှပြန်မပြောနိုင်တော့ဘဲ ငိုင်ကျသွားသည်။ သည်တော့မှ စခန်းမှူးက ဆက်ပြောသည်။

"ခင်ဗျားက ပျော်စေ၊ ပြက်စေ ကျီစားပေမဲ့ ဆင်ကျီစားရာ ဆိတ်မခံသာဆိုသလိုပဲ မမဲတူတို့အနေနဲ့ တော်တော်ရှက်ကြမှာပေါ့ဗျာ။ ခင်ဗျားမှာ အကျိုးမရှိပေမဲ့ ချောင်းကြည့်ခံရသူတွေမှာတော့ အရှက်ကွဲခံရ၊ စိတ်ငြိုငြင်ရ၊ အနှောင့်အယှက်ခံရ ဘယ်မှာ ကောင်းကွက်ရှိလို့လဲ။ ခင်ဗျားမှာသာ အတွဲရှိလို့ ခင်ဗျားတို့အတွဲကို ချောင်းကြည့်ရင် ဘယ်လိုခံစားရမလဲ။ ကိုယ်ချင်းစာကြည့်ပေါ့ဗျာ။

သူများ စိတ်ငြိုငြင်စေတဲ့အလုပ်၊ သူများရဲ့ လွတ်လပ်မှုကို နှောင့်ယှက်တဲ့အဆင့်မှာ အားမရလို့ စိတ်အလို ကိုယ်ပါသွားရင် ခင်ဗျားကို နှောင့်ယှက်ဟန့်တားမှု၊ စိတ်ငြိုငြင်စေမှု၊ ကာယိန္ဒြေဖျက်ဆီးမှု၊ ပိုင်နက်ကျူးလွန်မှု၊ အချိန်မတော် အိမ်ပေါ်ကျော်နင်းမှု၊ အကျိုးဖျက်ဆီးမှု၊ ဖောက်ထွင်းမှု ဥပဒေတွေ တသီတတန်းကြီးနဲ့ အရေးယူကြမှာ သေချာတယ်။ စောစောက မမဲတူပြောသလိုပဲ အာချောင်ရင် အသရေဖျက်မှုနဲ့လည်း အရေးယူခံရမှာပဲ။ အရေးယူခံရရင် ထောင်ထဲမှာ နေရတော့မှာ။ အနိမ့်ဆုံးအဆင့် ထောင်ထဲမရောက်ခင်မှာ မခံမရပ်နိုင်သူတွေက ရှက်ဒေါသနဲ့ ခင်ဗျားကို ထိုးကြိတ်၊ ရိုက်နှက်၊ သတ်ဖြတ်တဲ့ အခြေအနေအထိ အန္တရာယ်တွေရှိနေတယ် ကိုသံချောင်း။ ဒါကြောင့် ခင်ဗျားရဲ့ ချောင်းကြည့်တဲ့ ရှုးသွပ်လွန်းတဲ့ ဝါသနာဆိုးကြီးကို စွန့်လွှတ်လိုက်ပါတော့ဗျာ"

"ဒီနေ့ပဲ ကျွန်တော် သင်ခန်းစာရသွားပါပြီ။ နောင်တလည်း ရသွားပါပြီ။ နောင် ဘယ်တော့မှ ဒီလိုဖြစ်ရပ်မျိုး မဖြစ်ပေါ်စေရပါဘူးလို့ ဝန်ခံကတိပေးပါတယ် ဗိုလ်ကြီး"

"ကောင်းတယ်ဗျာ။ မှားမှန်းသိနေတာကို မှန်အောင်ပြင်ရဲတာဟာ လူတော်လူကောင်းတွေရဲ့ မွန်မြတ်တဲ့ စိတ်ဓာတ်ပဲဗျ။ ကဲ ... ခင်ဗျားပြောတဲ့အတိုင်း ဝန်ခံကတိ လက်မှတ်ရေးထိုးပြီး ပြန်နိုင်ပါပြီဗျာ"

ထိုသို့ ကိုသံချောင်းသည် ရဲစခန်းတွင် ဝန်ခံကတိလက်မှတ်ရေးထိုးပြီးကတည်းက ချောင်းကြည့်သည့် ရှုးသွပ်မှုဝါသနာကို နောင်တကြီးစွာဖြင့် စွန့်လွှတ်ခဲ့လေရာ တစ်နှစ်ခန့်အကြာတွင် သူနှင့်ဘဝတူ အပျိုကြီးတစ်ဦးနှင့် နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြပါတော့သည်။

မောင်ငြိမ်းသူ

(ကြို့ပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com



ဘဝင်ကျခဲ့သည့်စာဖြေ

■ မြမောင်သား

ပြီးခဲ့တဲ့ တစ်လကျော်ကျော်လောက်က 'ဖားကူး'ဆိုတဲ့ ဇာတိချက်မြှုပ်ရွာကို ရောက်ခဲ့တယ်။ ရှင်ပြုအလှူကိစ္စအတွက် ရောက်ခဲ့ပါတယ်။ ရှင်ပြုအလှူဆိုတော့ ဆွေမျိုးတွေအားလုံး စုံညီစွာတွေ့ရတယ်။

ဆွေမျိုးအားလုံးကို ဝမ်းပန်းတသာနှုတ်ဆက်ပြီး ဘကြီး၊ ဦးလေးကြီးတို့ရဲ့ဝိုင်းကို ဝင်ထိုင်ဖြစ်တယ်။ သာကြောင်းမာကြောင်းနဲ့ စီးပွားရေးအခြေအနေတွေ မေးပြောဖြစ်တယ်။ ပြီးတော့ လယ်ယာအကြောင်း၊ ပုလဲသွယ်စပါးစိုက်ပျိုးရန် အားခဲနေကြောင်း သိရတယ်။

စပါးမျိုးစိတ်၊ မျိုးရင်းတွေက စုံလှပါတယ်။ ပုလဲသွယ်၊ မီးဒုံး၊ ငကြို၊ ငစိန်၊ ဘေးကြာ၊ တောင်ပျံ စုံစီနဖာရှိတယ်။ ဒေသအလိုက် စပါးမျိုးစိတ်တွေလည်း များစွာရှိပေဦးမယ်။

အဲသည်အချိန်မှာ စာရေးသူရှိရာဝိုင်းကို လူရွယ်ကလေးတစ်ယောက် ရောက်လာတယ်။

"အဲဒါ ... မင်းရဲ့တူတော်တယ်။ သူက ရန်ကုန်မှာ ဝပ်ရှော့ဆိုလား၊ လုပ်နေတာ။ အဆင်ပြေတယ်လို့ပြောတာပဲ"

ဦးလေးက မိတ်ဆက်ပေးတော့ စာရေးသူက လူရွယ်လေးကို အသိအမှတ်ပြု ခေါင်းညိတ်ပြလိုက်ပါတယ်။ လူရွယ်လေးက ...

"ဦးစိုးတို့ ... ပုလဲသွယ်စပါးစိုက်ဖို့ အားခဲနေတာ ကြားရတယ်။ အဲဒီ စပါး၊ ဆန်ထက် ပိုကောင်းတာရှိတယ်"

"ဟေ .. ဟုတ်လား။ ဘာဆန်မို့လဲကွ"ဆိုတော့ လူရွယ်လေးက ပြုံးစစနဲ့

"ဖာဂူဆန်နဲ့ ပက်ကျိဆန်"ပါတဲ့။

လူရွယ်လေးက ခင်မင်ရင်းစွဲရှိတာမို့ ဦးကြီးတို့ကို ဟာသဖောက်၊ စနောက်တာနဲ့တူတယ်။ တောသားကြီးတွေ သိလောက်မယ် မထင်ပါဘူးလို့ ပြောတာနဲ့လည်း တူနေတယ်။

ဒါပေမဲ့ ဦးကြီးတစ်ယောက်က ခပ်တည်တည်နဲ့ ပြန်ပြောလိုက်တဲ့စကားကြားရလေတော့ စာရေးသူ ဘဝင်ကျမိပါရဲ့။

"ဒီမယ်ငါ့တူ .. အဲဒီဆန်တွေက ကွင်းအပြောင်းအရွှေ့ကြေး ပေါင်စတာလင်သန်းချီရှိနေလို့ ဦးတို့ မစိုက်လိုတော့ပါဘူးကွယ်"

ဟုသတည်း ...။

မြမောင်သား

www.burmeseclassic.com



www.burmeseclassic.com

အတိတ်အကြောင်း

ဟောင်းသည်မရှိ (၄)

မင်းဟိန်းထိုက်

"မမကို မွှေးမွှေးပေးစမ်း"

"ကျွန်တော် ကြောက်တယ်"

"မကြောက်နဲ့။ ဘယ်သူမှ မရှိဘူး"

မခင်တင့်က သူ့ပါးကို ကပ်ပေးနေ၍ မောင်အေးချမ်း အလိုလို ရှူရှိုက်မိပြီးသား ဖြစ်သွား၏။ မောင်အေးချမ်း၏တစ်ကိုယ်လုံးလည်း ပူထူသွားသည်။

"ဒီအရွယ်ဟာ မိန်းမတွေနဲ့ ရင်းနှီးလာရင် အတော်ကဲတယ်လို့ ကြားဖူးပါတယ်။ ဒီမှာတော့ အခြောက်ကလေး။ သွား…"ဟုဆိုကာ မောင်အေးချမ်းအားသာသာလေး တွန်းလိုက်၏။ မောင်အေးချမ်း ခြောက်၍ မဟုတ်ပေ။ ကြောက်၍သာ ဖြစ်၏။ ကိုယ်ကျင့်သီလကိုလည်း မြတ်နိုး၏။ ဖြူစင်သော ဘဝကိုလည်း နှစ်သက်သည်။

"မမတို့ ရိုးမကို ပျော်ပွဲစားတစ်ခေါက် လာခဲ့မယ်။ မောင်လေးကားနဲ့ ကြိုပို့လုပ်ပေးနိုင်မလား"

"ရပါတယ်။ ကျွန်တော်က မခင်တင့်ပွဲရုံနဲ့မှ မကင်းတာ။ ကျွန်တော်နဲ့ မကင်းရင် ကျွန်တော့်အလုပ်သမားတွေ အားလုံးနဲ့လည်း မကင်းတဲ့သူလို့ ပြောလို့ရတာပေါ့။ ဒီတော့ အဲလို ကျေးဇူးမကင်းတဲ့လူတွေကို ကူညီပေးလို့ရပါတယ်။ လမ်းလုပ်ငန်းနဲ့ ပတ်သက်မှုမရှိတဲ့လူတွေ အတွက်ဆိုရင်သာ စဉ်းစားရတာပါ"

မောင်အေးချမ်းနှင့် မခင်တင့်တို့ စကားပြောနေကြချိန်မှာပင် ယုမေနှင့် အလုပ်သမားများ လာနေကြသံကို ကြားလိုက်ရ၏။ ထို့ကြောင့် မခင်တင့်လည်း မောင်အေးချမ်း၏အနားမှ ခွာသွားပြီး ရပ်သည်။ ထို့နောက် အသံကို မြှင့်၍ ပြောသည်။

"ဒီတော့ မမ မနက်ဖြန် စီစဉ်လိုက်မယ်။ မောင်လေး သန်ဘက်ခါ ကားယူပြီး မိုးမလင်းခင် ဆင်းလာခဲ့။ ဒီက မိုးလင်းတာနဲ့ ထွက်ရအောင်။ ဒါမှ ရိုးမထဲကို စောစောရောက်မှာ။ စောစောရောက်မှ ရှုခင်းကြည့်ရင်း လျှောက်လည်လို့ကောင်းမှာ"

မောင်အေးချမ်းက ခေါင်းညိတ်ပြီး အဖြေပေးလိုက်၏။ မခင်တင့်သည် မောင်အေးချမ်းနှင့် တောထဲလျှောက်လည်ရန် စိတ်ကူးယဉ်ပြီး ပျော်နေပုံရသည်။ သူ့ဘာသာပြုံးနေသည်ကိုပင် တွေ့နေရသည်။

မောင်အေးချမ်းကား ပျော်သလို မတွေ့ရပေ။ မခင်တင့်မှာ ဧည့်ကြီး ဖြစ်သော်လည်း ကိုယ့်အစ်မအရွယ်လောက် ရှိနေ၍ စိတ်ဝင်စားခြင်းလည်း မရှိပေ။ လုပ်ငန်းသဘောအရ သူ့သဘောကိုလည်း လိုက်ပြီး ဆက်ဆံနေခြင်းသာ ဖြစ်သည်။

သည်ကိစ္စမျိုးတွင် ယုမေပါးသည်။ မခင်တင့်ရှေ့တွင် မောင်အေးချမ်းနှင့် နီးကပ်စွာဖြင့် နေလေ့မရှိပေ။ စကားကိုပင် နည်းနည်းသာ ပြော၏။ ယခု စားကုန်ပစ္စည်းများ ကားပေါ်ရောက်ပြီးနောက်လည်း ယုမေသည် ခပ်လှမ်းလှမ်းကသာ ရပ်ကြည့်နေသည်။ မောင်အေးချမ်းကား ထွက်ခါနီးတွင် လက်ယမ်းပြုံးပြပြီး ကျန်နေခဲ့သည်။

… … …

www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချမ်းသည် မိုးမလင်းမီကပင် မခင်တင့်တို့ ပွဲရုံရှေ့သို့ ရောက်သွားသည်။ အိမ်ရှေ့တွင် ကားရပ်နားသံကို ကြားသည်နှင့် မခင်တင့်ထွက်လာပြီး ကြည့်သည်။ မခင်တင့်သည် ပျော်ပွဲစားထွက်ရန် ပြင်ဆင်၍ အသင့်အနေအထားဖြစ်နေပုံရသည်။ ဝတ်စားပြင်ဆင်ထားသည်ကို တွေ့ရသည်။

"မောင်လေး...တော်တော်တိကျတာပဲ။ ကြည့်စမ်း...အခုမှ ၅-နာရီထိုးပြီးရုံ ရှိသေးတယ်"

မောင်အေးချမ်း အိပ်ချင်မူးတူးဖြစ်နေ၍ ဘာမျှလိုက်၍ မပြောမိပေ။ မခင်ဟင်က ကားရှေ့လာရပ်ပြီး ပြောနေသည်။ ယုမေကိုမူ မီးရောင်ဖြင့် အိမ်ထဲတွင် လှုပ်လှုပ်ရှရှ လုပ်နေသည်ကို တွေ့နေရသည်။

"မောင်လေး...အောက်ဆင်းပြီး ခဏနားနေဦးလေ။ မမ ကော်ဖီဖျော်တိုက်မယ်။ ကားဆရာကြီးရောပေါ့"

"နေပါစေဗျာ။ ကျွန်တော်တို့ အိပ်ရေးမဝခဲ့လို့ ကားပေါ်မှာပဲ ငိုက်နေတော့မယ်။ မခင်တင့်တို့သာ မြန်မြန်လုပ်ကြပါ"

"အိပ်ရေးမဝခဲ့ရင် နေဦး"ဟုဆိုကာ မခင်တင့်သည် မြီးကောင်ပေါက်မလေးတစ်ယောက်လို အိမ်ထဲသို့ ပြေးဝင်သွား၏။ ထို့နောက် ချက်ချင်းဆိုသလိုပင် ခေါင်းအုံးတစ်လုံး၊ စောင်ပါးတစ်ထည်၊ ဘာပေါ်လင်ပြားတစ်ခု စသည်များကို ယူဆောင်လာပြီး ကားနောက်ခန်းကို အပြေးကက်သွားသည်။

"မောင်လေး...လာ၊ ဒီမှာအိပ်နေလို့ရအောင် မမပြင်ဆင်ထားတယ်"

"နေပါစေ မခင်တင့်ရယ်။ ကျွန်တော် ဒီမှာပဲ နေလိုက်တော့မယ်"

"မောင်လေး အဲလိုမလုပ်နဲ့လေကွယ်။ ဒီမှာ မမပြင်ဆင်လို့ပြီးသွားပြီ။ လာစမ်းပါ"

မခင်တင့်က အတင်းခေါ်နေ၍ အားနာနာဖြင့် ဆင်းလိုက်သွား၏။ မောင်အေးချမ်း ကားနောက်ခန်းပေါ်သို့ လှမ်းတက်ရာတွင် မခင်တင့်က ဆီးကြို ပွေ့ဖက်သည်။ ထို့နောက် သူခင်းကျင်းထားသော အိပ်ရာပေါ်တွင် အိပ်စေပြီး ဖက်ထားရင်းက -

"မှာထားတဲ့ ဈေးသမားတွေရောက်မလာသေးလို့ ခဏလေးစောင့်ပေးနော်။ အိမ်မှာက အခြောက်အခြမ်းတွေပဲ ရှိတယ်ဆိုတော့ အသားငါးအစိုနဲ့ အခြားဟင်းချက်စရာတွေက လိုနေသေးတယ်။ နေဦး၊ မမ ကော်ဖီသွားဖျော်လိုက်မယ်"ဟု ဆိုကာ မခင်တင့်သည် ကားပေါ်မှ ပြန်ဆင်းသွား၏။

တစ်အောင့်အကြာတွင် ပြန်ရောက်လာပြီး ကော်ဖီနှင့် မုန့်၊ ရေနွေးကြမ်း စသည်များကို မောင်အေးချမ်းအား လာပေး၏။ ကားသမားကိုလည်း ကော်ဖီနှင့်မုန့် သွားပေးနေသံကြားရ၏။ ထို့နောက် မခင်တင့်မှာထားသော ဈေးသမားများ ရောက်လာကြပြီး စကားပြောသံများကို ကြားရသည်။

ယုမေ ကားပေါ်သို့ တက်လာသံကို ကြားရသည်။ ယုမေက မခင်တင့် ကမ်းပေးသော ဈေးခြင်းတောင်းကို လှမ်းယူသည်။ မခင်တင့်ကားပေါ်တက်လာပြီးနောက် "ကဲ...အားလုံးစုံပြီ။ ကားမောင်းလို့ရပြီ။ သွားကြစို့"ဟုဆို၍ မောင်အေးချမ်း စောင်ခြုံကိုဖွင့်ကြည့်လိုက်ရာ ယုမေနှင့် မခင်တင့်နှစ်ယောက်တည်းသာ တွေ့ရ၏။ ထို့ကြောင့် မောင်အေးချမ်းက မေးလိုက်သည်။

"အခြားလူတွေ မပါဘူးလား မခင်တင့်"

"မပါဘူး။ ဘာလုပ်မှာလဲ။ လူများရင် ကောင်းတာမဟုတ်ဘူး။ အရက်သောက်တတ်တဲ့လူတွေလည်း ပါချင်ပါလာကြဦးမယ်။ ဒီတော့ စိတ်ညစ်ရတာပဲ အဖတ်တင်မယ်"

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်မိသည်။ မောင်အေးချမ်း စိတ်ထဲတွင် ကသိကအောက်ဖြစ်သွားသည်ကို မခင်တင့် ရိပ်မိပုံရသည်။

"ဘာဖြစ်လို့လဲ မောင်လေး။ အခြားလူတွေကိုပါ ခေါ်ချင်သေးလား။ တို့အချင်းချင်းဆို ပိုမကောင်းဘူးလား"

"လူအများပါလာရင် အရက်သောက်တတ်တဲ့လူတွေ ပါကောင်းပါလာပြီး စိတ်ညစ်စရာဖြစ်လာနိုင်ပေမယ့် တစ်ယောက်-နှစ်ယောက်တည်းကို ပျော်ပွဲစားသွားကြတယ်ဆိုရင် အထက်လူကြီးတွေ ပြောမှာ စိုးရတယ်"

"အဲဒါတော့ မမလည်း စဉ်းစားမိပါတယ်။ ဒါပေမယ့် တစ်ခါတလေပါကွယ်။ အထက်လူကြီးတွေက ပြောရင်လည်း ကြည့်ပြီးအဆင်ပြေအောင်ပဲ ပြန်ပြောလိုက်ပါ"

မောင်အေးချမ်းလည်း ဘာမျှမပြောတော့ပေ။ ပြောနေ၍လည်း အကြောင်းထူးပုံကို မမြင်။ ထို့ကြောင့် မောင်အေးချမ်း ကားကိုမောင်းခိုင်းလိုက်သည်။ ကားစထွက်သည်နှင့် မခင်တင့်က -

"ကဲ...ယုမေ၊ စောသေးတယ်။ အိပ်ကွယ်။ ရိုးမထဲကိုရောက်ရင် အေးမှာ။ ဒါကြောင့် စောင်ခြုံထား"ဟုပြောပြီး သူက အလျင်အိပ်၏။ ကားမောင်း၍ အရှိန်ရလာသောအခါ ယောက်ယက်ခတ်ပြီး ကားထဲတွင် ခလောက်ဆန်လိုက်နေရင်းက မခင်တင့်၏ ကိုယ်လုံးကြီး မောင်အေးချမ်းအား လာလာဖိ၍ ကာနံရံနှင့် ညပ်

www.burmeseclassic.com

www.burmeseclassic.com

သည်ကို မခံနိုင်သောကြောင့် မောင်အေးချမ်း ထထိုင်လိုက်ရသည်။

မခင်တင့်က ဆွဲလှဲ၍ မောင်အေးချမ်း ပြန်အိပ်လိုက်ရ၏။ နောက် . . . ခလောက်ဆန်မလိုက်တော့ပေ။ အလီမှာ မလေး ယုမေသည်ကား စောင်ကို ခေါင်းမြီးခြုံပြီး ငြိမ်၍သာနေသည်။

အမ်းမြို့သည် ရခိုင်ရိုးမကြီး၏ တောင်ခြေတွင် တည်လျက်ရှိပြီး အမ်းမြို့နှင့် သုံးမိုင်မျှလှမ်းသော ပဲပဒုံရွာကို လွန်သည်နှင့် ရိုးမကို စတင်တက်ရသည်။ ထို့ကြောင့် လမ်းပိုကြမ်းလာပြီး အအေးလည်း ပိုလာသည်။ သို့သော်လည်း . . . မောင်အေးချမ်းမှာ အအေးဓာတ်ပျောက်လျက် ချွေးသာပြန်လာလေသည်။ တစ်ဖက်တွင် မခင်တင့်၏ ကိုယ်လုံးကြီး၊ တစ်ဖက်တွင် ကားနံရံ။

ဤသို့ဖြင့် စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းခံပြီး လာရင်းက မောင်အေးချမ်းနေသော ဆင်ခုံတိုင်စခန်းကို ရောက်လာကြသည်။ ကားကို စခန်းတွင် ရပ်နားခြင်းမပြုဘဲ ဆင်ခုံတိုင်ချောင်းဖျားဘက်ကို ဆက်မောင်းခိုင်းသည်။ ကျောက်တိုက်သောလမ်းက အကောင်းကြီးမဟုတ်သော်လည်း အထိုက်အလျောက် အဆင်ပြေသည်။

ဆင်ခုံတိုင်ချောင်းဖျားအတိုင်း ဆန်တက်မောင်း၍ သုံးမိုင်နီးပါးခန့်ထိ ရောက်လာသည်။ ထိုသုံးမိုင်နီးပါးခန့်အထိ ခရီးတစ်လျှောက်တွင် တောင်ပေါ်ချင်းတိုင်းရင်းသားများ၏ တောင်ယာများလည်း အစီအရီရှိသည်။ ကားမောင်း၍ရသည်အထိ ဆန်တက်ပြီးနောက် ကားကို ပြန်ခိုင်းလိုက်သည်။

ရှေ့ကို အနည်းငယ် နှစ်ကွေ့ကျော်မျှ ဆက်တက်လျှင် ဆင်ခုံတိုင်ကျောက်တောင်ကြီးကို ရောက်သည်။ ဆင်ခုံတိုင်ကျောက်တောင်ကြီးသည်ကား မြင့်မောက်ပြီး သာယာသည်။ ဧက လေးငါးဆယ်ခန့်လည်း ကျယ်ပြန့်သည်။ ကျောက်တုံး၊ ကျောက်လုံး၊ ကျောက်ချွန်များမဟုတ်ဘဲ ကျောက်စရစ်တောင်ကြီးသာ ဖြစ်သည်။

ကျောက်စရစ်တောင်ကြီး ဖြစ်သောကြောင့် လမ်းခင်း၍ မရနိုင်သဖြင့် လမ်းဘက်ဆိုင်ရာ ပုဂ္ဂိုလ်များကလည်း ဘာမျှမလုပ်ဘဲ ထားကြသည်။ ကျောက်စရစ်တောင်ကြီး ဖြစ်သည့်အလျောက် သစ်ပင်ဟူ၍ တစ်ပင်တလေသာ ပေါက်ပြီး မြက်ရိုင်းပင်များကသာ တောထလျက်ရှိနေလေသည်။

မြက်ရိုင်းပင်များ၏ အကြား၌ သစ်ပင်တစ်ပင်တလေ ရှိလျှင်လည်း သိပ်ပြီး ဖွံ့ဖြိုးခြင်းမရှိဘဲ မြစ်ချောင်းတို့နံဘေးတွင် ရေဝင်ခံနေရသော သစ်ပင်များကဲ့သို့သာ ရှိနေကြသည်။ မြက်တောကြီး၏ အစွန်းအစများတွင် သစ်နှင့်ဝါး အနည်းငယ်မျှ ညှပ်ပေါက်ပြီး ဟိုဘက်တွင် ဝါးတောကြီးကသာ ကြီးစိုးသွားလေသည်။

ရခိုင်ရိုးမကြီးတစ်လျှောက်၌ နောက်ဘက်ခြမ်းတွင် ဝါးပေါက်၍ ဝါးတောကြီးဖြစ်ပြီး အရှေ့ဘက်ခြမ်းတွင် သစ်ပေါက်၍ သစ်တောကြီးဖြစ်သည်။ ဝါးတောနှင့် သစ်တော သီးခြားသတ်မှတ်ထားဘိသကဲ့သို့ ဖြစ်သည်။

"ကဲ . . . ခဏနားလိုက်ကြ။ အမောပြေရင် ရှေ့ဆက်မလား၊ ချက်ပြုတ်မလား"

"အူ . . . အူ . . . အူ"

"အ . . . အ . . . အ"

အမောပြေနားရန် ကျောက်တုံးများတွင် ထိုင်လိုက်ကြသည်နှင့် ဘာသံမှန်းမသိသော အသံများကို ကြားလိုက်ရ၍ မောင်အေးချမ်း နှစ်လုံးပြူးသေနတ်ကို မောင်းထိုးကာ အသံကြားရာဘက်ကို စိုက်ကြည့်နေလိုက်၏။ မခင်တင့်နှင့် ယုမေတို့က ကြောက်လန့်ပြီး မျက်လုံးများ ပြူးနေကြသည်။ ထို့နောက် မခင်တင့်က လေသံတိုးတိုးဖြင့် မေးသည်။

"မောင်လေး . . . ဘာသံတွေလဲ"

"ဘာသံမှန်းတော့ မသိဘူး။ ဒါပေမယ့် မကြောက်ကြပါနဲ့။ ကြောက်ရမယ့်အသံမျိုးလည်း မဟုတ်လောက်ဘူး။ တောကောင်ငယ်ကလေးတွေပဲ ဖြစ်ဖို့များပါတယ်"

ပြော၍ပင် မဆုံးသေး၊ တောင်ဆိတ်တစ်အုပ်သည် မြက်တောထဲမှ ထွက်လာပြီး ကျောက်အိုင်တွင် အလုအယက် ရေသောက်နေကြလေသည်။ မခင်တင့်က မျက်လုံးများ ပြူးဝိုင်းအောင် စိုက်ကြည့်နေရင်းက မေးသည်။

"မောင်လေး၊ အဲဒါ ဘာကောင်တွေလဲ"

"တောင်ဆိတ်တွေပေါ့။ ကြောက်စရာမလိုပါဘူး။ လူကိုလည်း အန္တရာယ်မပြုရဲဘူး"

"ဆိတ်ဆို ရဲရဲနီနီတွေပါလား။ အကောင်လည်းကြီးတယ်"

"တောင်ဆိတ်က အိမ်ဆိတ်လို မဟုတ်ဘူးဗျ။ အနီရောင်များပြီး လက်ခြေတွေလည်း တုတ်တယ်။ အကောင်လည်း ထွားတယ်"

ယုမေက ဘာမျှမပြောဘဲ တောင်ဆိတ်အုပ်ကိုသာ စိုက်ကြည့်နေသည်။ တောင်ဆိတ်အုပ်ကမူ မောင်အေးချမ်းတို့ကို မြင်ပုံမရပေ။ ကျောက်အိုင်တွင် သောက်လိုက်၊ ကမ်းနဖူးက မြက်များကို ရုပ်စားလိုက်နှင့်သာ ရှိနေကြသည်။ ဆိတ်အုပ်က ကောင်ရေလေးငါးဆယ်ခန့် ရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်အောင့်အကြာတွင် တောင်ဆိတ်များ လာလမ်းအတိုင်း ကျောက်တောင်ပေါ်သို့ ပြန်တက်သွားကြသည်။ တောင်ဆိတ်များကား ကျောက်တောင်မှာသာ အနေများသည်။ ကျောက်ခဲ ကျောက်ဆောင်များပေါ်တွင်လည်း ကျွမ်းကျင်စွာဖြင့် ခုန်ပေါက်သွားလာနိုင်ကြသည်။

"ကဲ…တို့လူစု ဒီနေရာလေးမှာ ထမင်းချက်သွားကြရင် မကောင်းဘူးလား" ဟု မောင်အေးချမ်းက ပြောလိုက်သည်။

"အေး…မောင်လေးရယ်။ ထမင်းဟင်းတွေကို ဒီနေရာက ချက်ပြုတ်ယူသွားပြီး တောင်ပေါ်ရောက်မှ စားကြရင် ပျော်စရာကြီးနေမှာ။ ဟင်းရည်သောက်တော့ ချိုင့်နဲ့ဆွဲသွားမှ ကောင်းမယ်။ အခြား ထမင်းဟင်းတွေကျတော့ ဘယ်လိုယူရင် ကောင်းမလဲ။ အိုးတွေနဲ့ဆိုရင်လည်း အသယ်ရများလောက်တယ်"

"တောငှက်ပျောရွက်တွေနဲ့ ထုပ်ယူသွားလို့ ရပါတယ်"

"အေး…ဟုတ်သားပဲ။ ဒီတော့ ချက်ပြုတ်ဖို့လုပ်ရအောင်။ ယုမေ ထင်းခွဲစမ်း။ မောင်လေးက ဖိုခနောက်တည်ကွယ်၊ မမက ဆန်ဆေးမယ်"

ပြောရင်းဖြင့် ထမင်းဟင်းများ ချက်ပြုတ်ရန် ပြင်ဆင်ကြသည်။ မောင်အေးချမ်းက ဖိုခနောက်တည်ပေးထားခဲ့ပြီး အနီးအနားတွင်ရှိသော တောငှက်ပျောခင်းကို သွားပြီး တောငှက်ပျောဖူးများ သွားရှာသည်။ ငှက်ပျောပင် နနုလေးများကိုလည်း ခုတ်ယူလာသည်။ တောငှက်ပျောပင်များထဲတွင် စား၍အကောင်းဆုံးက ရင်းပွငှက်ပျောပင်များ ဖြစ်[illegible]သည်။

ရင်းပွငှက်ပျောပင်များသည် [illegible]ဘား သိပ်ပြီးမရှည်ပေ။ အရင်းက လုံးတ[illegible]က်ခန့်သာရှိမှ အလွန်ဆုံး ငါးပေခန့်သာ မြင့်သည်။ နွေရာသီတွင် သူ့သဘာဝအလျောက် အရွက်များခြောက်ပြီး အပေါ်က အုပ်ဖုံးနေ၍ ရှာမရအောင် ရှိတတ်သည်။ ဤသည်ကို ငှက်ပျောရင်းပင်များက တောဆင်များကိုကြောက်၍ ပုန်းသည်ဟု ဆိုကြသည်။

မှန်သည်။ နွေရာသီတွင် အထာမသိပါက တောငှက်ပျော ရင်းပွပင်ကြီးများကို ရှာဖွေမရနိုင်ပေ။ အဖုတ်လိုက်ကြီး ရွက်ခြောက်များဖြင့် အုပ်အုံမံထားသကဲ့သို့ ရှိနေ၍ ကြည့်မမြင်နိုင်သလို၊ ရှာ၍လည်း မရနိုင်ပေ။ နွေရာသီတွင် ရေဆာသော တောဆင်တို့သည် အဓိကအားဖြင့် တောငှက်ပျောရင်းပွပင်များကိုသာ ရှာစားလေ့ရှိကြသည်။

မခင်တင့်နှင့် ယုမေတို့မှာ အိုးက နှစ်လုံးတည်းသာ ပါလာကြသည်။ ထို့ကြောင့် တစ်မျိုးပြီးတစ်မျိုး ချက်ပြုတ်ပြီး တောငှက်ပျောရွက်များကို ဖီးသင်းကာ ထုပ်ထားကြရသည်။ ဟင်းလျာများက ငါး၊ အမဲ၊ ကြက်၊ ဝက်နှင့် အတို့အမြှုပ်လည်း စုံသည်။ ငါးခေါင်းဟင်းရည်သောက်ကို နောက်ဆုံးချက်ပြီး ဝါးလုံးကျည်တောက်ကြီးထဲ ထည့်ကြသည်။

ချက်ပြုတ်ပြီးလျှင် မလိုအပ်သော ပစ္စည်းများကို တောင်ခြေတွင် ထားခဲ့ပြီး ကျောက်တောင်ကြီးပေါ်ကို ကုပ်ကပ်တက်ကြသည်။ အဓိကအားဖြင့် ထမင်းဟင်းထုပ်များကို မောင်အေးချမ်းနှင့် ယုမေတို့ကသာ ဆွဲရပြီး မခင်တင့်ကိုမူ ကိုယ်လွတ်သွားစေကြသည်။ မောင်အေးချမ်းမှာ ထမင်းထုပ်၊ ဟင်းထုပ်များကို လက်ကကိုင်ရသည့်အပြင် ဟင်းရည်သောက် ကျည်တောက်ကြီးကိုလည်း နှစ်လုံးပြူးသေနတ်နှင့်အတူ နောက်ကျောတွင် လွယ်ယူရသေးသည်။

ကျောက်တောင်က စောက်သောနေရာက စောက်ပြီး၊ ပြေသောနေရာကလည်း ပြေသည်။ လမ်းဟူ၍ သီးသန့်မရှိသောကြောင့် အဆင်ပြေမည့် နေရာကို ရွေးပြီးသာ တက်ကြရသည်။ တက်ရသည်မှာ မခွက်သော်လည်း ကျောက်စွန်း ကျောက်ထစ်၊ ကျောက်ဆစ်ကလေးများ ရှိနေ၍ ကုပ်ကပ်တက်သွား၍ရသည်။

"ယုမေ…မြက်ဖုတ်တွေကို သိပ်ပြီး အားမကိုးနဲ့နော်။ ကျောက်စွန်း၊ ကျောက်ချွန်တွေသာ မိမိရရကိုင်ပြီးတက်" ဟု မောင်အေးချမ်းက သတိပေးသည်။

"ရပါတယ် ဦးလေးရဲ့၊ သမီးတက်တတ်ပါတယ်"

"မောင်လေးက ယုမေကိုချော့ သတိပေးတယ်။ မမကိုတော့ ဘာမှမပြောဘူးလား"

ဟု မခင်တင့်က လှမ်းပြောသည်။

"လူကြီးက သိပြီးသားမို့လို့လေ။ ဒါကြောင့် ကလေးကိုပဲ သတိပေးရတာပေါ့"

ကျောက်တောင်ကြီး၏ သုံးပုံတစ်ပုံမျှသာ ရောက်သေးသည်၊ မခင်တင့် ချွေးတလုံးလုံးဖြစ်နေပြီ။ ထို့ကြောင့် မခင်တင့်ကိုကြည့်ပြီး မောင်အေးချမ်း ရယ်ချင်မိသည်။

"ဘာလဲ။ အဲဒါ ငါ့ကိုရယ်ချင်နေတာ မဟုတ်လား" ဟု မခင်တင့်က မောင်အေးချမ်းအား ချွေးတလုံးလုံးဖြင့် ပြောသည်။

"ဘာမှမဟုတ်ပါဘူး။ ကိုယ့်ဟာနဲ့ကိုယ် ရယ်ချင်တာပါ"

"ကိုယ့်ဟာနဲ့ကိုယ်လည်း ရယ်ချင်ရသလား။ ရူးနေပြီလား" ဟု ပြောပြီး မခင်တင့်က အသံတိုးတိုးဖြင့် ရယ်၏။ ယုမေ

www.burmeseclassic.com

www.burmeseclassic.com

ကား ခပ်သွက်သွက်သွားနိုင်သဖြင့် အထက်တစ်ဆင့်ကိုပင် ရောက်သွားလေပြီ။

"မောင်လေး…ယုမေကို နားဦးလို့ လှမ်းပြောလိုက်။ ရှေ့ကိုချည်း ဆက်သွားနေလို့ မောနေမယ်"

"ကလေးမောမှာလား၊ လူကြီးမောနေတာလား"

"ဟဲ…ဟဲ လူကြီးလည်း မောတာပေါ့ဟဲ့။ အမလေး…ရှေ့အဆင့်မှာ နားရအောင်"

ယုမေက ပြုံးပြီးကြည့်နေသည်။ မင်းတင့်က နားမည်ဟုဆို၍ ရှေ့ကိုဆက်မသွားတော့ပေ။ ယုမေရပ်နေသည့်နေရာက ခပ်ပြေပြေလေးဖြစ်သည်။ မောင်အေးချမ်းက ယုမေ၏အနားသို့ အလျှင်ရောက်သည်။ မင်းတင့်က ချွေးတလုံးလုံးဖြင့် နောက်မှ ရောက်လာသည်။ မင်းတင့်ထိုင်ချလိုက်ရာ နောက်သို့ လန်ကျသွား၏။ ထို့ကြောင့် မောင်အေးချမ်းနှင့် ယုမေတို့ ရယ်ကြသည်။ မင်းတင့်ကမူ ပြုံးရုံသာ ပြုံးနိုင်သည်။

"ရှေ့ကို တော်တော်တက်ရဦးမလား မောင်လေး။ ငါတော့ မောပြီ"

"သုံးပုံတစ်ပုံတောင် မရောက်သေးဘူး။ နောက် ဒီထက်နှစ်ဆကျော်လောက် တက်ရဦးမှာ။ တောင်ကလည်း ပိုပြီးမတ်စောက်လာဦးမယ်။ ဒီတော့ မင်းတင့် တက်နိုင်ပါဦးမလား"

"မသိဘူး၊ စဉ်းစားရမှာပေါ့"

"လာတဲ့နောက်တော့ တောင်ထိပ်ရောက်အောင် တက်ပေါ့။ ငါဆင်ခံ့တိုင်ကျောက်တောင်ထိပ်ကို ရောက်ဖူးတယ်လို့ အမ်းကိုပြန်ရောက်ရင် ကြွားလိုက်လေ"

"တက်တော့တက်ချင်ပါတယ်။ ဒါပေမယ့် မောတယ်။ ဟူး…"

မင်းတင့်ချွေးပြန်နေသည်။ အသက်ရှူ၍မဝဖြစ်ကာ ဖိုထိုးသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် မောင်အေးချမ်းနှင့် ယုမေတို့က မင်းတင့်အား ကြည့်ပြီး ရယ်ကြသည်။ မင်းတင့်က ပြုံးရုံပြုံးနိုင်သည်။ မျက်နှာက ချွေးကို လက်ကိုင်ပဝါဖြင့် သုတ်သည်။

"အဲဒါ တောင်ပေါ်တောင်တန်းတို့ရဲ့ အထာပဲ မင်းတင့်ရဲ့။ မနက်စောစောကြီးတောင် ချွေးပြန်ရော မဟုတ်လား"

မင်းတင့်က ကိုယ်တွေတုန်အောင် တစ်ချက်-နှစ်ချက် အသံတိတ်ရယ်လိုက်ပြီး ခေါင်းညိတ်သည်။

"ဒီတော့ ရခိုင်ရိုးမကြီးရဲ့ ရှုမျှော်ခင်းတွေကို အနီးအဝေးကြည့်ရှုခံစားလို့ရအောင် ဆက်တက်ရဦးမယ်လေ"

"တက်မယ်"ဟုဆိုကာ မင်းတင့် ကုန်းထလာပြန်သည်။ ထို့ကြောင့်… မောင်အေးချမ်းနှင့် ယုမေတို့က တခစ်ခစ်ရယ်ပြီး ရှေ့မှ ခပ်သွက်သွက်တက်သွားကြသည်။ မင်းတင့်လည်း ချော်သည့်အခါချော်၊ လဲသည့်အခါလဲ၊ လေးဖက်ထောက်သည့်အခါ ထောက်လျက် ဟောဟဲဆိုက်ပြီး လိုက်ပါလာသည်။

တောင်အပေါ်ပိုင်းသို့ ရောက်လာသောအခါ တောင်မြင့်လာ၍ ရှီးမလေးနှင့် စတင်၍ တွေ့သည်။ ထို့ကြောင့် ခြေထောက်ညောင်းသော်လည်း အအေးဓာတ်ရ၍ အနည်းငယ်သက်သာခွင့်ရလာသည်။ အလယ်ဆင့်သို့ ရောက်လျှင် မောင်အေးချမ်းနှင့် ယုမေတို့က မင်းတင့်အား ရပ်စောင့်နေကြသည်။

မင်းတင့်လည်း ကြိုးစားတက်လာပြီး အနားသို့ရောက်လျှင် မောင်အေးချမ်း၏လက်ကို ပြေးဆွဲရင်း လှဲချလိုက်၍ နှစ်ယောက်လုံး ပြိုလဲသွားသောကြောင့် ယုမေက တခစ်ခစ်ရယ်သည်။ မြက်တောကထူ၍ မွေ့ရာခင်းထားသလို ရှိနေသောကြောင့် နာတော့ မနာကြပေ။

"မင်းတင့် တစ်ထောက်နားရင်း အဆာပြေလေးတစ်ခုခု စားလိုက်ပါလား။ အားရှိသွားအောင်လေ။ ဒါမှ နောက်ထပ်တစ်ဆင့်ဆက်တက်နိုင်မှာ။ နောက်ထပ်တစ်ဆင့်ကို ဆက်တက်မှလည်း ဒီဆင်ခံ့တိုင်တောင်ထိပ်ကိုရောက်မှာဖြစ်လို့ ပတ်ဝန်းကျင်နဲ့ အနီးအနား၊ အဝေးအလံ အားလုံးကို ကြည့်ရှုခံစားလို့ရမှာ"

"အမလေး…ငါတတ်နိုင်ပါတော့မလားကွယ်။ အခုတောင် ဒူးတွေပြုတ်ပြီလားမှတ်ရတယ်"ဟု ဆိုကာ မင်းတင့် မြက်ဖုတ်ပေါ်တွင် ထိုင်လိုက်သည်။ ညည်းသည်ကိုပင် ပီသအောင် မညည်းနိုင်ဖြစ်နေသည်ကို ကြည့်ရုံဖြင့် မင်းတင့်အခြေအနေမကောင်းဟု မောင်အေးချမ်း နားလည်လိုက်သည်။

"ဒါဆိုရင် အမြင့်ဆုံးအဆင့်ကို ဆက်ပြီးမတက်တော့ဘူးလား"

"အင်း…ငါအမြင့်ဆုံးနေရာကို မတက်တော့ဘူး။ ဒီနေရာကပဲ အမောဖြေပြီး ကျန်နေခဲ့တော့မယ်။ မောင်လေးနဲ့ ယုမေပဲ ဆက်တက်ကြ။ ဟူး…မောတယ်"

မောင်အေးချမ်းနှင့် ယုမေ တဟားဟားဟားဖြင့် ရယ်ကြပြန်သည်။ မင်းတင့်လည်း ရောယောင်ပြီး ရယ်သည်။

"ဒီတော့ အမ်းပြန်ရောက်ရင် ဘယ်လိုပြောမှာလဲ။ ဆင်ခံ့တိုင်ကျောက်တောင်ထိပ်ကို ရောက်ခဲ့တယ်လို့ ပြောမလား"

မင်းတင့် ခေါင်းခါသည်။

"အလယ်ဆင့်လောက်ပဲ ရောက်ခဲ့တယ်လို့ ပြောမလား"

"အင်း…"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ…ဒုက္ခပဲ။ တစ်ခေါက်လာတာ တောင်ထိပ်ကိုရောက်အောင် ကြိုးစားပြီး တက်လိုက်စမ်းပါ။ တစ်ဆင့်တည်း ကျန်တော့တဲ့ဥစ္စာ"

"ဟင့်အင်း…တော်ပြီ။ အခုတောင်မှ မောလို့မတက်နိုင်တော့ဘူး။ မောတာတောင် မဟုတ်ဘူး၊ ဆို့တယ်။ တကယ်တကယ်…ဟူး"

"ဒါနဲ့ပဲ သူက…ဟား…ဟား။ ဒီလိုဆိုရင် လျှော့လိုက်ပြီလား"

"အင်း…ဟင့်အင်း၊ မလျှော့သေးဘူး"

"ဘာတွေ အင်း၊ ဟင့်အင်းလဲ။ ကျွန်တော် နားမလည်ဘူး"

"တောင်ပေါ်ဆက်တက်မယ့်ဥစ္စာကိုပဲ လျှော့တာ၊ အခြားဟာကို မလျှော့သေးဘူး"ဟု ပြောပြီး မခင်တင့်သည် မောင်အေးချမ်း၏ ပခုံးကို ခပ်သာသာလေးတစ်ချက် ဆောင့်တွန်းလိုက်ပြီး တစ်ဖက်သို့မျက်နှာလည့်ကာ ကိုယ်တွေတုန်အောင်ရယ်နေ၍ မောင်အေးချမ်းနှင့် ယုမေတို့က အသံထွက်အောင် ရယ်လိုက်ကြပြန်သည်။

မောင်အေးချမ်းနှင့် ယုမေတို့က အမောဖြေပြီး ချွေးတိတ်၍ သက်သောင့်သက်သာရှိနေကြပြီဖြစ်သော်လည်း မခင်တင့်ကား သက်သာဟန်မရှိဘဲ ရင်ဘတ်ကြီး ဖိထိုးသလိုဖြစ်ကာ သွားပေါ်ရှုံ့ပုံးသော အမူအရာဖြင့် မြေပြင်ကိုသာစိုက်၍ ကြည့်နေလေသည်။ အတော်လေးပင် မောဟိုက်နေဟန်ရှိသည်။

"မတက်နိုင်တော့ဘူးဆိုရင် ဒီသစ်ပင်ရိပ်မှာ နားနေကျန်ခဲ့။ ကျွန်တော် ယုမေကို တောင်ထိပ်လိုက်ပို့ပေးလိုက်မယ်။ ပြန်ရောက်တဲ့အထိ တစ်နာရီလောက် ကြာမယ်၊ ရမလား။ တစ်ယောက်တည်းနေရဲလား"

"အင်း…ရတယ်၊ နေရဲတယ်။ တစ်နာရီထက်သာ ပိုမကြာနဲ့။ ငါဗိုက်ဆာချင်နေပြီ"

မောင်အေးချမ်းသည် မခင်တင့်အား တစ်ချက်မျှ ပြုံးကြည့်ခဲ့ပြီး ယုမေနှင့် တောင်ထိပ်သို့ တက်ရန် လမ်းရှာကြသည်။ မြက်ရိုင်းတောများ ထူပိန်းနေသောကြောင့် သွားနေဆဲ လမ်းစပျောက်လျှင် နောက်လမ်းတစ်လမ်း ရှာရသည်မှာ ခဲယဉ်းသည်။ လမ်းဟူသည်မှာလည်း တောင်ဆိတ်နှင့် တောကောင်များ သွားထားသော မထင်မရှား လမ်းကလေးများသာ ဖြစ်သည်။

မြက်များမှာလည်း နွားစားသော မြက်သားဟုခေါ်သည့် မြက်မျိုးမဟုတ်။ ရိုးတံ၊ ရွက်တံရှည်ပြီး အမွေးစုတ်ဖွားနှင့် မြက်မျိုးသာ ဖြစ်သည်။ ဖြူရော်ရော် အရောင်ရှိသည်။ ယခု မနက်ပိုင်းတွင် နှင်းရှိနေ၍ တော်သေးသည်။ နှင်းသာမရှိ၊ နေ့ခင်းလည်းဖြစ်လျှင် ထိမိသည်နှင့် အတော်လေး ထိရှယားယံမည့်သဘောရှိသည်။

ကုပ်ကပ်တက်ရင်းက မောင်အေးချမ်းနှင့် ယုမေတို့ ဆင်ခုံတိုင်ကျောက်တောင်ကြီးထိပ်သို့ ရောက်လာကြသည်။ တောင်ထိပ်မှာ လေတဟူးဟူးတိုက်နေသည်။ တစ်ပင်တလေရှိသော အပင်ကလေးများသည်ပင် ယိမ်းက၍နေသည်။ မြက်တောကြီးမှာလည်း လေငင်ရာအတိုင်း မြွေကြီးများပြေးနေသကဲ့သို့ လိမ်ကောက်တွန့်လိပ်၍နေသည်။

ယုမေက အမြင့်ဆုံးကျောက်တုံးပေါ်တက်သွားပြီး အဝေးဆီသို့ မျှော်ကြည့်နေသည်။ ဆင်ခုံတိုင်ကျောက်တောင်သည် သည်အနီးဝန်းကျင်တွင် အမြင့်မောက်ဆုံး ဖြစ်သည်။ ထို့ကြောင့် အဝေးဆီတိုင်အောင်ပင် မျက်စိအမြင်တစ်ဆုံး ကြည့်၍မြင်နိုင်သည်။ မြက်တောကြီး၏ ထိုဘက်အစွန်တွင် မြက်နှင့် သစ်ပင်များ ရော၍ပေါက်သည်။

မြက်ပင်၊ မြက်တောများ၏ အဆုံးတွင် သစ်နှင့်ဝါး ရော၍ပေါက်သည်။ ထို့နောက် ဝါးချည်းသက်သက်ပေါက်သည်ကို တွေ့ရသည်။ အမြင့်ဆုံးတစ်နေရာက စီးမိုးကြည့်ရသောကြောင့် ဆင်ခုံတိုင်ကျောက်တောင်ကြီး၏ အောက်ခြေတွင် ဝပ်စင်းနေကြသော တောင်စွယ်တောင်တန်းများမှာ အရစ်ရစ်အခွေခွေရှိနေကြသည်။

အဝေးဆီသို့ ကြည့်လျှင်လည်း အနိမ့်အမြင့်မညီသော ရိုးမတောင်တန်းကြီး အသွယ်သွယ်များမှာ စိမ်းစိုစို ညို့လွှင်လွှင်အရောင်များဖြင့် ဆေးပန်းချီများပင် ရေးမီနိုင်ရန် မရှိပေ။ ထိုထိုတောင်တန်းတောင်စွယ်များကို ငေးမောကြည့်ရသည်မှာ ကမ်းမမြင်သော ပင်လယ်ပြင်၌ ပင်လယ်ကူးသင်္ဘောကြီးပေါ်က ကြည့်ရှုခံစားရသော ပင်လယ်ဒီလှိုင်းလုံးများနှယ် ရှိနေလေသည်။

"ဦးလေး ကြည့်လို့မကောင်းဘူးလား"ဟု ယုမေက မေးသည်။ ထို့နောက် ယုမေသည် ပြုံးပြုံးရယ်ရယ်ဖြင့် မောင်အေးချမ်း၏လက်မောင်းကို ခပ်ဖွဖွလေး ဆုပ်ကိုင်ပြီး သုံးလေးချက်မျှ ခုန်ဆွခုန်ဆွ လုပ်ကာ မောင်အေးချမ်း၏မျက်နှာကို မော့်ကြည့်သည်။

"ကြည့်လို့ကောင်းတာပေါ့ ယုမေရဲ့။ ဒါ့ကြောင့် ဦးက တောရိုးမကြီးရဲ့ အလှအပတွေကို ခံစားရင်း ရခိုင်ရိုးမကြီးမှ ပျော်ပြီး အိမ်တောင်မပြန်ချင်ဖြစ်နေတာလေ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း···ဟုတ်မယ်။ အခု ယုမေတောင် အရမ်းပျော်နေပြီ။ တကယ်ရှုခင်းကောင်းတာပဲ"

ဘဝတွင် အချုပ်အနှောင် အတားအဆီးများစွာဖြင့် ရှင်သန်ခဲ့ရသော ယုမေသည် တဒင်္ဂ၏ လွတ်လပ်မှု၊ သာယာသော အမြင်အာရုံတို့ကြောင့် လွတ်လပ်ပျော်ရွှင်ခြင်းကို ခံမင်သော အရွယ်တို့၏ သဘာဝအတိုင်း ပြုံးပျော်၍မဆုံး ကြည်နူး၍မဝ ဖြစ်နေဟန်ရှိသည်။ မြင်နိုင်သမျှ အနီးအဝေး ရှုမျှော်ခင်းများကိုကြည့်ပြီး ငေးလျက်က အရာအားလုံးကို မေ့သကဲ့သို့ပင် ရှိနေလေသည်။

"ဦးလေး···သမီးနဲ့ဦးလေး ဒီလိုချည်း နေ့တိုင်း သွားနေချင်တယ်"

မောင်အေးချမ်းသည် ယုမေ၏ အမူအရာကိုကြည့်ပြီး သနားနေ၏။ ပင်ကိုရုပ်ကလေးရှိပြီး၊ စိတ်သဘောထား နူးညံ့သိမ်မွေ့သော အမူအရာလေးလည်း ရှိသောကြောင့် ချစ်စရာလည်းကောင်းသည်၊ လူချစ်လူခင်လည်း ပေါသည်။

"သမီးက အခုလို ရှုခင်းတွေကို ကြည့်ရရင် ဘာလို့မှန်းမသိဘူး လွမ်းတယ်။ ပြီးတော့ ငိုလည်းငိုချင်မိတယ်။ အောင်ကြည်သာရွာမှာနေတုန်းကဆိုရင် ညနေဘက် ရှုခင်းတွေကိုကြည့်ပြီး အမေနဲ့အဖေတို့ကို လွမ်းလို့ ခဏခဏငိုရတယ်။ ပြီးတော့ ထောင်ထဲကိုရောက်သွားတဲ့ ဦးလေးကိုလည်း လွမ်းတယ်။ ဦးလေးလည်း ဘယ်မှာမှန်းမသိရဘူးလေ။ ခုလည်း ရိုးမကြီးရဲ့ ရှုခင်းတွေကိုကြည့်ပြီး ဘယ်လိုခံစားရမှန်းတောင် မသိတော့ဘူး။ ပျော်လည်းပျော်တယ်၊ ငိုလည်းငိုချင်တယ်"

ယုမေက ရှိုက်သံလေးဖြင့် ပြောနေသည်။ မောင်အေးချမ်း ယုမေ၏ မျက်နှာကို ငုံ့မိုးကြည့်သည်။ ယုမေသည် မောင်အေးချမ်း၏လက်မောင်းကို ဆုပ်ကိုင်ပြီး မျက်နှာကို အောက်စိုက်ထားသည်။

ယခု မောင်အေးချမ်းနှင့် ယုမေတို့ တက်နေကြသော ကျောက်တုံးကြီးက ဆင်ကြီးတစ်ကောင်ခန့်မျှသာ မြင့်သော်လည်း အလျားက ဆယ်လံကျော်မျှ ရှည်လျားသည်။ အနံလည်း သုံးလံကျော်မျှ ကျယ်ပြန့်သည်။ မြက်တောကြီး၏အလယ်တွင် ဖြစ်နေ၍ ထီးထီးမားမားကြီးလည်း ဖြစ်သည်။

မောင်အေးချမ်းနှင့် ယုမေတို့သည် ကျောက်တုံးကြီးပေါ်တွင် ခပ်နှေးနှေး လျှောက်သွားရင်းက ရှုခင်းများကို ကြည့်နေကြသည်။ ယုမေကမူ သူပြောသကဲ့သို့ပင် ပျော်သည်ကနည်းနည်း၊ ဝမ်းနည်းစိတ်က များနေပုံရသည်။ စကားမပြောဘဲ မောင်အေးချမ်း၏ လက်မောင်းကို ဖွဖွကိုင်ရင်းကသာ လျှောက်ပါနေသည်။

"ကဲ···ယုမေ၊ တို့အောက်ပြန်ဆင်းရအောင်၊ ခုချိန်ဆို ဒေါ်ခင်တင့် မျှော်နေရော့မယ်။ ယုမေ နောက်တစ်ခေါက် လာချင်သေးတယ်ဆိုရင်လည်း ဦးထပ်ပို့ပေးမယ်နော်"

ယုမေက ဆတ်ခနဲ ခေါင်းညိတ်၏။ ထို့နောက် မောင်အေးချမ်းနှင့် ယုမေတို့ ကျောက်တောင်ထိပ်ပေါ်မှ ဆင်းလာကြသည်။ လာလမ်းအတိုင်း ပြန်ဆင်းလာကြ၍ အတက်တုန်းကကဲ့သို့ မပင်ပန်းသလို လမ်းသည်လည်း ရှိနေ၍ မြန်သည်။ အနီးသို့ရောက်၍ မခင်တင့်ကို လှမ်းကြည့်လိုက်ရာ မခင်တင့်သည် မျက်လုံးများ ပြူးကျယ်ပြီး ထဘီခြုံထိုင်နေသည်ကို တွေ့ရလေသည်။ ထို့ကြောင့် မောင်အေးချမ်း စိုးရိမ်သွား၏။ ခပ်သုတ်သုတ် လိုက်သွားပြီး မေးလိုက်သည်။

"မခင်တင့် ဘာဖြစ်တုံး"

မခင်တင့် ချက်ချင်းစကားမပြောနိုင်သေးဘဲ ပြူးကျယ်သော မျက်လုံးများဖြင့် ပတ်ဝန်းကျင်ကိုသာ ကြောက်လန့်သောအမူအရာများဖြင့် ကြည့်နေသေးသည်။ ထို့နောက်မှ အသံတုန်တုန်ဖြင့် ပြောသည်။

"ဘယ်ကအသံကြီးမှန်းမသိ၊ အသံကြီးတစ်သံ ပေါ်လာပြီး ငါ့ကို မောင်းထုတ်တယ်"

"မောင်းထုတ်တယ်"

"အင်း···"

မောင်အေးချမ်း ပတ်ဝန်းကျင်များကို ကြည့်သည်။ ဘာမျှမရှိပေ။ ပတ်ဝန်းကျင်အားလုံးသည် မြက်တောကြီးဖြစ်နေ၍ လူတစ်ယောက်ယောက်ရှိနေလျှင်လည်း ပုန်း၍လုံနိုင်ဖွယ်မရှိပေ။ အနားတွင်ရှိနေသော သစ်ပင်တစ်ပင်သည်လည်း သိပ်ပြီးမကြီးသလို သိပ်ပြီးလည်း မမြင့်သဖြင့် သစ်ပင်ပေါ်တွင် လူရှိနေလျှင်လည်း ချက်ချင်းမြင်နိုင်သည်။

"ဘယ်ဘက်က ကြားလိုက်တာလဲ"

"ဘယ်ဘက်ကမှန်း မသိလိုက်ပါဘူးဆိုမှ"

မခင်တင့်ကား အတော်လေး ကြောက်နေဟန်ရှိသည်။ ယခုအချိန်ထိ မျက်လုံးများ ပြူးကျယ်နေတုန်း ရှိသေးသည်။ ထို့ကြောင့် နဂိုကပင် ခပ်ပြူးပြူး ရှိသော မခင်တင့်၏ မျက်လုံးသည် ယခု ကြောက်လန့်နေသဖြင့် သာ၍ပင် ပြူးကျယ်နေလေ၏။

ယုမေလည်း မခင်တင့်၏ အပြောနှင့် အမူအရာများကိုကြည့်ပြီး ကြောက်လန့်နေပုံရသည်။ ယုမေ၏ မျက်လုံးသည်လည်း မခင်တင့်အား စိုက်ကြည့်နေရင်း

www.burmeseclassic.com

က အနည်းငယ်ပြုံးကျယ်နေသည်။ ဤသည်နှင့်ပတ်သက်၍ မောင်အေးချမ်း တစ်စုံတစ်ခုကို စဉ်းစားမိသည်။ ထို့ကြောင့် မခင်တင့်အား မေးကြည့်လိုက်၏။

"မခင်တင့် မဆင်မခြင်များ သွားလာမိသလား"

မခင်တင့်သည် ခပ်ဆတ်ဆတ် နှစ်ချက်မျှ ခေါင်းညိတ်လိုက်ပြီး -

"ဟုတ်တယ်။ နင်တို့မရှိတုန်းဆိုပြီး ငါ ဟိုနားက အကွယ်မှာ သွားပေါက်လိုက်တယ်။ ကန်တော့နော်"

"အစကပင် ကျွန်တော်ပြောမထားခဲ့မိဘူး။ နောက်ဖေးနောက်ဗီ သွားချင်ရင် သွားလို့တော့ရပါတယ်။ ဒါပေမယ့် တောင်းပန်ပြီးမှ သွားရတယ်။ ဒီနေရာက တောနက်ကြီးဖြစ်ပြီး ကျောက်ခဲ၊ ကျောက်ဆောင်တွေပေါ်တဲ့ ကျောက်တောင်ကြီးလည်း ဖြစ်နေတော့ ပိုပြီးဆင်ခြင်ရတယ်။ မမြင်နိုင်တဲ့ တောပိုင်၊ တောင်ပိုင်တွေရှိနေတတ်ပါတယ်။ ဟုတ်ပြီ။ ဘာမှ မစိုးရိမ်နဲ့ ကျွန်တော် အဆင်ပြေအောင် လုပ်လိုက်ပါ့မယ်"

မောင်အေးချမ်းသည် သစ်ပင်ကြီး၏ အနားသို့ ကပ်သွားပြီး တောစည်းကမ်းနှင့် မင်းဘူး-အမ်းလမ်းကြီးအကြောင်းကို ပြောဆိုလိုက်လေသည်။

"တောပိုင်၊ တောင်ပိုင်တို့ခင်ဗျား၊ ဤဆင်ခုံတိုင်ကျောက်တောင်ကြီးသည် မင်းဘူး-အမ်းလမ်းကြီး၏ နယ်နိမိတ်တွင် ပါဝင်လျက်ရှိပါသည်။ မင်းဘူး-အမ်းလမ်းကြီးကို နိုင်ငံပိုင် မင်းအစိုးရ၏ အမိန့်အာဏာဖြင့် ဖောက်လုပ်နေခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်သည်လည်း ဤမင်းဘူး-အမ်းလမ်းကြီး၏ အရေးပါအရာရောက်သော အလုပ်သမားခေါင်းဆောင်တစ်ယောက် ဖြစ်ပါသည်။ အမျိုးသမီးနှစ်ယောက်သည်လည်း မင်းဘူး-အမ်းလမ်းကြီး၏ အလုပ်သမားများ စားသုံးရန်အတွက် စားနပ်ရိက္ခာများကို အလိုရှိသလောက် အကြွေးရောင်းပေးနေကြသောသူများ ဖြစ်ကြ၍ သူတို့သည်လည်း မင်းဘူး-အမ်းလမ်းကြီးနှင့် မကင်းသူများ ဖြစ်နေကြသောကြောင့် အရေးပါ အရာရောက်သောသူများသာ ဖြစ်ကြသည်။ ထို့ကြောင့် အပြစ်ဆယ်ပါး အများမကောက်ကြရန်အတွက်ကို ကျွန်တော်ကိုယ်တိုင် တောင်းပန်ပါသည်။ တစ်စုံတစ်ရာသော အနှောင့်အယှက်ကိုမျှ မပြုကြပါကုန်လင့်။ ဤကား မင်းမိန့်အတိုင်းသာ ဖြစ်ပေသည်။ သင်တို့သည်လည်း ကျန်းမာ၍ ချမ်းသာကြပါစေ"

မခင်တင့်နှင့် ယုမေတို့သည် မောင်အေးချမ်းအား စိုက်ကြည့်နေကြသည်။ မောင်အေးချမ်းက တောပိုင်၊ တောင်ပိုင်တို့အား ပြောဆိုပြီး၍ ပြုံးပြလိုက်မှ သူတို့လည်း ပြုံးနိုင်ကြလေသည်။

"ကဲ…ဘာမှ မစိုးရိမ်ကြနဲ့တော့။ တစ်အောင့်လေးနားပြီးမှ ထမင်းစားမယ်"

မောင်အေးချမ်း ပြောဆိုလိုက်သော စကားများမှာ အစဉ်ရှိပြီး အမှန်လည်းကျသဖြင့် အများအားလုံးကို ကင်းပစေနိုင်သော စကားစုများ ဖြစ်သည်။ တောကြမ်းတောင်ကြမ်းကြီးများကို ကားလမ်းဖြတ်ဖောက်ရသောအခါ၌ ဥစ္စာစောင့်၊ နတ်ဘီလူးစသော မိစ္ဆာကြီးများ မှီကပ်နေထိုင်သည့် ကျောက်တောင်ကြီးများကို မိုင်းခွဲဖျက်ဆီးရသောအခါ အမိန့်တော်ပြန်ပေးရလေ့ရှိသည်။

ထိုအခါ အများလူထုအတွက်နှင့် မင်းမိန့်အာဏာများကို ကိုယ်စားထည့်သုံး၍ မဖြစ်မနေ ပြောဆိုရသည်။ ထိုသို့ပြောဆို အမိန့်တော်အာဏာပြန်ပေးလိုက်လျှင် မည်မျှအထိပင် ကြမ်းတမ်းခက်ထန်သော နတ်ဘီလူး၊ နတ်မိစ္ဆာကြီးများ ရှိစေကာမူ တစ်စုံတစ်ခုသော အနှောင့်အယှက်ကိုမျှ ပေးနိုင်၊ ပြုနိုင်ခြင်းမရှိပေ။

"ကဲ…ဒေါ်ခင်တင့်၊ အကြောက်ပြေပြီး စိတ်တွေလည်း ကြည်လင်သွားပြီမဟုတ်လား"

မခင်တင့်က ဆတ်ခနဲခေါင်းညိတ်သည်။ ယုမေက မောင်အေးချမ်းကို တစ်လှည့်၊ မခင်တင့်ကိုတစ်လှည့် ကြည့်နေသည်။ နေမြင့်လာ၍ နှင်းလည်း ပျောက်ပြီ မနက် ၁၀ နာရီလည်း ထိုးနေလေပြီ။

"ကဲ…ဗိုက်လည်းဆာကြရောပေါ့။ မနက်စာ စားရအောင်"

မခင်တင့်က ထမင်းထုပ်များကို ဖြေသည်။ မောင်အေးချမ်းက အနီးအနားတွင် ရှိသော တောငှက်ပျောရွက်များကို တောရှင်းဓားမြှောင်ကြီးဖြင့် ဖြတ်ယူပြီး ခင်းကာ ထမင်းဟင်းများကို မူလအထုပ်ထဲမှ နှိုက်ယူစုပုံပြီး လိုသလိုစားသောက်နိုင်စေရန်အတွက် ပြုပြင်ပေးလိုက်သည်။

ထို့နောက် မောင်အေးချမ်းကပင် ထမင်းဦး၊ ဟင်းဦးများကိုယူပြီး ဘုရားအတွက်တစ်ပုံ၊ တောပိုင်တောင်ပိုင်တို့အတွက်တစ်ပုံ နှစ်ပုံ နှစ်စုခွဲ၍ ကျောက်စွန်းများပေါ်တွင် တင်ပြီး ဘုရားအတွက် တစ်ပုံကို ဦးချရှိခိုးကာ ဘုရားစာကို ဆို၏။ နတ်တို့အားရည်စူးသော ထမင်းပုံကိုလည်း ဆိုင်ရာစကားများကိုဆို၍ နံနက်စာကျွေးသည်။ ထို့နောက် အမျှအတန်းဝေပေးလိုက်သည်။

(နောက်လဆက်ရန်)

မင်းဟိန်းထိုက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာထဲမှာ သည်လိုပဲ

ပိုက်မင်းဝေ

ဝါတွင်းကာလ အခါသမယသို့ ရောက်ပြီဆိုလျှင် ကျွန်တော်တို့ရွာကလေးတွင် လော်စပီကာအသံများမှာ မပြတ်တမ်း ကြားရပြီး အိမ်တိုင်းနီးပါး အပတ်စဉ် ဥပုသ်နေ့တိုင်းတွင် အရုဏ်ဆွမ်းကပ်၊ ဝါဆိုသင်္ကန်းကပ်လှူပွဲများ လုပ်ကြသည်။ ကုသိုလ်ရေးဆို တက်ကြွစွာ လှူဒါန်းကြသည်မှာ ကျွန်တော်တို့ရွာကလေး၏ နှစ်စဉ်နှစ်တိုင်း ပြုလုပ် ရွတ်ဖတ်နေကျဖြစ်၏။ အသံမစဲ ပဋ္ဌာန်းပွဲနှင့်တကွ ပရိတ်တော်များကို အလှူအိမ်များမှ ရွတ်ကြဆိုကြသည်မှာ ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

"အစ်ကိုရေ ... ကျွန်မတို့လည်း ဝါဆိုသင်္ကန်းကပ် အလှူဒါနလေး ပြုလုပ်ရအောင်နော်"

ကျွန်တော့်ဇနီးသည်က အလှူအတန်း လက်နှေးသည်မဟုတ်။ ကျွန်တော့်အလုပ်က ရန်ကုန်မြို့တွင်ဖြစ်ပြီး အစိုးရရုံးပိတ်ရက်မှ ရွာတွင် ပြန်နားရသည်။ ယခုလည်း ပိတ်ရက်နှင့်ကြုံတုန်း ကျွန်တော့်ဇနီးက 'ဆို'လာခြင်းဖြစ်သည်။ ကျွန်တော်လည်း လှူရန်အကြံရှိသည်မို့ –

"ကောင်းတာပေါ့ကွ ... လုပ်လေ၊ ဘယ်နေ့လုပ်မလဲ"

"သဘက်ခါ ... အရုဏ်ဆွမ်းကပ်၊ ဝါဆိုသင်္ကန်းကပ်၊ ရွာထဲကလူတွေလည်းဖိတ်ပြီး ဝက်သားကျွေးမယ်။ မနက်ဖြန် ဈေးသွားရုံပဲ"

"ဟ ... မင်းဟာ ... မြန်လှချည်လား ... မင်းတစ်ယောက်တည်းနဲ့။ ငါကလည်း ဘာမှလုပ်တတ်တာမဟုတ်ဘူး"

"ဟာ ... သည့်အတွက် မပူနဲ့။ ရွာထဲက ယောကျ်ားလေး သုံးလေးယောက်၊ မိန်းကလေး လေးငါးယောက်လောက် ဝိုင်းလုပ်လိုက်ရင် ပြီးပါတယ်"

"သူတို့က အားရင်ကောင်းသား၊ မအားရင် ဘယ့်နှယ်လုပ်မလဲ"

"ဘာမှမပူပါနဲ့ အစ်ကိုရယ်။ မအားကြလည်း နေ့စားခပေးခေါ်လိုက်ရင် တစ်ပုံကြီးတော့"

"ဟေ ... ဟုတ်ရဲ့လားကွာ"

"ဟုတ်သမှ သိပ်ဟုတ်။ ရွာထဲမှာ သည်လိုပဲ"တဲ့။

ဩော် ... ကျွန်တော်တို့ရဲ့ရွာထဲမှာ ...။

ပိုက်မင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို တစ်မြို့လုံးက ကလေးလူကြီးမကျန် အားလုံးက သိကြသည်။
သူ့နာမည်က အောင်ချမ်းသာ၊ သည်မြို့၏ အချမ်းသာဆုံးသူဌေးများထဲတွင်
သူကပထမနေရာက ရရှိထားသည်။ တကယ်တော့ အောင်ချမ်းသာသည် မြို့သားမဟုတ်။
တောသားစစ်စစ်ဖြစ်သည်။ သူ့မိဘများက မိရိုးဖလာ လယ်လုပ်ငန်းလုပ်ကိုင်ကြ၏။
အောင်ချမ်းသာ၏ မိဘများက တောသူဌေးများဖြစ်၍ ကျေးရွာတွင် သူတို့ဩဇာညောင်းသည်။
အောင်ချမ်းသာက သူဌေးသားပီပီ စရိုက်ကြမ်းသည်။ အပေါင်းအသင်းစုံသည်။
ပညာကို ဆုံးခန်းတိုင်အောင် မသင်။ ငါ့မိဘတွေ ချမ်းသာတာပဲဆိုသည့်စိတ်ဖြင့်
မာနဝင်နေသည်။ အရက်၊ ဖဲ၊ မိန်းမ အကုန်ဝါသနာပါသည်။

ဝင်းဇော်

www.burmeseclassic.com

www.burmeseclassic.com

အရှယ်မရောက်မီမှာပင် တစ်ရွာတည်းသူနှင့်အိမ်ထောင်ကျသည်။ မိဘများက အိမ်၊ မြေ၊ နွားတစ်ရှဉ်း၊ လှည်းတစ်စီး၊ လယ် (၁၀)ဧက ခွဲဝေပေးပြီး စီးပွားရေးလုပ်ခိုင်းသည်။ အောင်ချမ်းသာက လယ်သူရင်းငှားပြီး လယ်လုပ်သည်။ မိဘများကမနေသာ၍ ဝိုင်းဝန်းကူညီကြသည်။ တစ်နှစ်တစ်နှစ် လယ်ကထွက်သည့် စပါးများကို ရောင်းပြီး အဖိုးတန်အရက်ကိုသောက်သည်။ လောင်းကြေးများသည့်လောင်းကစားဝိုင်းသို့သွားကာ ဖဲရိုက်သည်။ ရိုးသားအေးဆေးလှသည့် တောသူကလေးများကို ငွေကြေးဖြင့် မြူဆွယ်ကာ ခြေတော်တင်သည်။ ငွေရှိတိုင်း ထင်တိုင်းကျဲခဲ့သည့်သူ။

ဘုရားမသိ၊ တရားမရှိသော အောင်ချမ်းသာသည် ရှေးဘဝကပြုခဲ့ဖူးသည့်ကုသိုလ်တရားကြောင့်ပေလော မသိ။ လောင်းကစားလုပ်ပေမယ့်လည်း ရှုံးသည်မရှိ။ အနိုင်ရမှုသာ များခဲ့သည်။ သူ့ မိဘတွေနှင့် ရွယ်တူအင်းသူကြီးတွေက မရှိကြတော့။ သည်တော့ အောင်ချမ်းသာက အင်းလေလံဝင်ဆွဲသည်။ ငွေများတော့ ငွေနိုင်သလို၊ နှစ်စဉ်နှစ်တိုင်း အင်းလေလံကို အောင်ချမ်းသာပဲ ရခဲ့သည်။ အင်းသူကြီး အောင်ချမ်းသာဖြစ်သွားသည်။ မိဘများက အောင်ချမ်းသာ အင်းလေလံဆွဲသည်ကို လုံးဝမကြိုက်။

"အကုသိုလ်အလုပ်ကို မလုပ်ချင်စမ်းပါနဲ့ ချမ်းသာရယ်"

"ဟာ . . အဖေ၊ အမေတို့ကလည်းဗျာ၊ သား စီးပွားလုပ်နေတာဗျ"

"ဟ . . အကုသိုလ်နဲ့ စီးပွားရှာတာကို မနှစ်မြို့လို့ ပြောနေတာဟဲ့"

အောင်ချမ်းသာက ပြန်မပြော၊ နားမထောင်သမား။ ခေါင်းမာသည်။ အောင်ချမ်းသာက သူနှင့် ပွေဖော် ပွေဖက် မိုက်ဖော် မိုက်ဖက် သောင်းကြည်က အောင်ချမ်းသာ လေလံဆွဲထားသည့်အင်းများကို စီမံကြီးကြပ်ရသည်။ အောင်ချမ်းသာက သောင်းကြည်ကို လစာကောင်းကောင်းပေးထားသည်။ ငါး၊ ပုစွန်ကို အလျှံအပယ် စားသုံးခွင့်ပေးထားသည်။ လေးပင်သုံးခန်းနှစ်ထပ်ကျွန်းသစ်များနှင့် အိမ်ဆောက်ပေးသည်။ သောင်းကြည်က အရက်ကို နှစ်ခြိုက်သူပီပီ အရက်ကို ပုစွန်ကြော်လေးနှင့် သောက်ရင်း စည်းစိမ်ယစ်မူးနေသည်။

ဘိုးစဉ် ဘောင်ဆက် အင်းလုပ်လာခဲ့သည့် သူတွေမှာ အင်းလေလံကြေးမလိုက်နိုင်သဖြင့် လက်မှိုင်ချနေရသည်။ အောင်ချမ်းသာက နွေဦးရာသီတွင် အင်းဖော်သည်။ အောင်ချမ်းသာ အင်းဖော်သည့် ရက်များတွင်တစ်ရွာလုံးက လူတွေအားလုံး လုပ်အားပေးကြသည်။ ငါးတွေ၊ ပုစွန်တွေ မစားချင်လောက်အောင် ပင် ရသည်။ သည်မျှစေတနာကောင်းသည့် အောင်ချမ်းသာကို တစ်ရွာလုံးက လူတွေက ချစ်လည်း ချစ်ကြသည်။ ကြောက်လည်း ကြောက်ကြသည်။ နတ်ကန္နားပွဲများ လုပ်သည်။

အောင်ချမ်းသာက အင်းဖော်သည့်ညတွင် မြို့မှမိတ်ဆွေများကို အင်းထဲသို့ ခေါ်လာကာ ငါးမျိုးစုံ၊ ပုစွန်တုပ်ဆီပြန်ဟင်း၊ နိုင်ငံခြားအရက်မျိုးစုံတို့ဖြင့် ညစာတည်ခင်းသည်။ အင်းမှ ရရှိသည့်ငါး၊ ပုစွန်များကို ရန်ကုန်သို့ တင်ပို့ရောင်းချသည်။ အင်းမှ မြတ်သည့် ငွေသည် သိန်းပေါင်းများစွာ။

နေ့များတွင် အောင်ချမ်းသာက မြို့ပေါ်မှ နာမည်ကြီး နတ်ကန္နားစီးများကို ငှားကာ နတ်ပွဲငါးရက် ကသည်။ အင်းထဲသို့ လိုက်ပြီး နတ်ကမည်ကို နတ်ကန္နားစီး (နတ်ကတော်) တိုင်းက ကြောက်ကြသည်။

ဘာကြောင့် ထင်ပါသနည်း။

နတ်ကန္နားပွဲတွင် ရိုးရာနတ်များကို ပင့်ဖိတ်ပြီးသည်နှင့် တစ်ပွဲစားများကို ပင့်ရသည်။

တစ်ပွဲစားဆိုသည်မှာ အင်းသူကြီးများ သေဆုံးသွားသည့်အခါဖြစ်သည့် နတ်များဟု ဆိုကြသည်။ စရိုက်ကြမ်းသည်။

အင်းအတွင်းမှ ရရှိသည့် ငါးကြီး၊ ပုစွန်တုပ်ကြီးများကို တစ်ပွဲစားအားဆက်သရသည်။ ပထမတွင် နတ်ကတော်က တစ်ပွဲစား နတ်ဝင်၏။ ငါးစိမ်း၊ ပုစွန်စိမ်းများကို ဝါးစားသည်။

နောက်တော့ နတ်ကတော် မဟုတ်သည့် သူများက တစ်ပွဲစား နတ်များဝင်ကြသည်။ နတ်ကန္နားထဲတွင် ဝုန်းဒိုင်းကြနေသည်။ ဆိုင်းဆရာမှ လက်များ၊ လက်သားများ ပေါက်သည်အထိ ဆိုင်းတီးပေးရသည်။ ငါးရက်လုံးလုံးတစ်ပွဲစားနတ်များကိုသာ ဦးစားပေးပျော်မြှူးစေသည့်ပွဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ပွဲစား၊ နတ်ပေါင်းမှာ မရေမတွက်နိုင်အောင်ပင်။ အောင်ချမ်းသာကလည်း အင်းတဲအလယ်မှ ရေပေါ်အိမ်ကြီးပေါ်တွင် မြို့ပေါ်မှ မိတ်ဆွေများနှင့် သောက်စား မူးယစ်နေသည်။ လောင်းကစားပိုင်းလုပ်သည်။

အောင်ချမ်းသာက အင်းပိုင်တို့၏ ဓလေ့ထုံးစံအရ နတ်ပွဲကျင်းပရပေမယ့် သဘောမကျလှ။ နတ်ပွဲကျင်းပသည့် ငါးရက်စလုံးသည် အင်းထဲ၌ ဆိုင်းသံများ၊ အော်ဟစ်သံများဖြင့် ဆူညံနေတတ်သည်။

အောင်ချမ်းသာသည် အင်းကအလုပ်ဖြင့် ချမ်းသာလာသည့်အခါ မြို့ပေါ်၌ ခြံဝင်းကျယ်ကြီးဝယ်ကာ ကြီးမားသော တိုက်ကြီးဆောက်သည်။ မြို့ပေါ်မှ တိုက်ကြီးတွင် အောင်ချမ်းသာက ရံဖန်ရံခါ သွားနေသည်။ သောင်းကြည်မှာ အရက်သောက်သုံးမှုများသဖြင့် ကျန်းမာရေးချို့ယွင်းလာသည်။ ထိုအချိန်မှာ အောင်ချမ်းသာက မြို့ပေါ်မှ တိုက်အိမ်သို့ သွားနေသည့် ကာလဖြစ်သည်။ သောင်းကြည်က အောင်ချမ်းသာကို တွေ့ချင်၍ လူလွှတ်ပြီး ခေါ်ခိုင်းလိုက်သည်။

"မင်း ကျန်းမာရေးအခြေအနေ အတော်ဆိုးနေပြီ .. သောင်းကြည်"

အောင်ချမ်းသာက သောင်းကြည်၏ ဥပမိရှပ်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။

"မင်း ဆေးရုံတက်ပြီး အရက်ဖြတ်ပါလား"

အောင်ချမ်းသာ၏စကားကြောင့် သောင်းကြည်က ယဲ့ယဲ့ကလေး ပြုံးသည်။

"မရတော့ပါဘူး အောင်ချမ်းသာရယ်။ ဝမ်းထဲကအသည်းတွေဟာ အရက်ကြောင့် ကျွမ်းနေလောက်ပါပြီ။ မင်းကို ငါပြောပြစရာတွေရှိလို့ ခေါ်ခိုင်းလိုက်တာ အောင်ချမ်း သာ"

"ဘာပြောချင်လဲ ပြော၊ မင်းဘာလုပ်ချင်လဲ"

"ဟိုတစ်လောက ညတစ်ညမှာ ငါအိပ်မပျော်တာနဲ့ အင်းပေါ်မှာ ဖြတ်ဆောက်ထားတဲ့ တဲတာပေါ်မှာ လမ်းလျှောက်နေတုန်း . . . ."

× × ×

ညနေက သောင်းကြည် အရက်သောက်ပြီး မူးသည်နှင့် လှဲနေသည့်နေရာမှာပင် အိပ်ပျော်သွားသည်။ သောင်းကြည် အိပ်ရာမှ ဖျပ်ကနဲ လန့်နိုးတော့ ည ၉ နာရီကျော်သာ ရှိသေးသည်။ သူ အရက်မူးပြီး အိပ်ပျော်နေစဉ်အင်းအလုပ်သမားများက သူ့ကို အိပ်ရာထဲသို့ ပို့ပေးထားကြသည်။ သောင်းကြည်မှာ အရက်မူးပြေနေပေမယ့် ထပ်သောက်ချင်စိတ် မရှိ။ ခြင်ထောင်ထဲမှထွက်ကာ အင်းပေါ်တွင် ဖြတ်ဆောက်ထားသည့် တဲတာပေါ်တွင် လမ်းလျှောက်နေမိသည်။ အင်းပတ်လည်တွင် အလုပ်သမားများနေသည့် တဲအိမ်ကလေးများရှိသည်။ ယခုတလော သောင်းကြည် အသက်ရှူရတာ မဝဟု ထင်မိ၏။ ငယ်စဉ်ကတည်းက တစ်ရှိုက်မက်မက်သောက်လာခဲ့သည့် အရက်သည် သူ့ကိုဆိုးကျိုးတွေ စထင်ပေးလာပြီထင့်ဟု တွေးမိသည်။ ကိုယ်တိုင်က အရက်ကို နှစ်ခြိုက်နေတော့ ဘယ်လိုဖြတ်ရပါ့မလဲ။

လေတစ်ချက်ဝှေ့၍တိုက်လိုက်သည်။ အင်းရေပြင်သည် လှိုင်းတွန့်ကလေးများ ထ၍သွားသည်။ သောင်းကြည်၏ ကျောထဲတွင် စိမ့်ကနဲ အေးသွားသည်။ သောင်းကြည်သည် အင်းရေပြင်ကို စူးစိုက်ကြည့်နေမိသည်။ မကြာမီသော ကာလတွင် အင်းဖော်တော့မည်။ အင်းထဲမှ ငါးများသည် မြူးထူး၍ ထခုန်နေကြသည်။ သောင်းကြည်သည် ဝါးတဲတာပေါ်တွင် ထိုင်နေလိုက်၏။ ထိုစဉ် ..

"ဝေါ"

"ဟင်"

အင်းရေပြင်မှ ရေတို့သည် ဝါးတစ်ပြိုက်ခန့် (အမြင့် ၁၂ ပေခန့်)မြင့်တက်ပြီး ပြန်ကျသွားသည်။ ရုတ်တရက်မို့ သောင်းကြည်လန့်သွား၏။ ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်နေသည်။ အင်းရေပြင်သည် အရမ်းလှုပ်ရမ်းသွားသည်။

"သောင်းကြည်ရေ"

ရေပြင်သည် အရှိန်ဖြင့် အပေါ်သို့ မြင့်တက်သွားပြန်သည်။ ရေ၏ လှုပ်ရှားသံသည် သောင်းကြည်ရေဟု ခေါ်ပြီး ပြန်ကျသွားသလို ကြားရသည်။ သောင်းကြည် ကြက်သီးထသွားမိ၏။ မြင့်တက်လာသည့် ရေအရှိန်သည် သတ္တဝါတစ်ကောင် ဝတ်ရုံနက်ကြီးကို ခြုံထားသည့်အလား မြင်ရသည်။ ကြားရသည့် ခေါ်သံကြီးလိုလိုကလည်း ကြောက်စရာ။ သည်အင်းထဲတွင် သောင်းကြည် နေလာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ရေပြင်သည် အပေါ်သို့ မြင့်တက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"သောင်းကြည်ရေ . .
လာခဲ့"

ရေအရှိန်သည် သောင်းကြည်အနားတွင် အောက်သို့ လျှောကျသွားသည်။ သောင်းကြည်သည် ထိုင်နေရာမှထ၍ ရပ်လိုက်သည်။ အင်းထဲမှ မကောင်းဆိုးဝါးတစ်ကောင်က များ သူ့ကိုခေါ်နေတာလားဟု ထင်မိသည်။ သောင်းကြည်သည်ကြောက်စိတ်နှင့်တဲအတွင်းသို့ ပြေးဝင်လာခဲ့သည်။ အပြင်သို့ နားစွင့်ကြည့်နေမိသည်။ အင်းရေပြင်မှရေတို့၏ လှုပ်ရှားသံများကို မကြားရတော့။ သောင်းကြည်တစ်ကိုယ်လုံးသည် ချွေးများဖြင့် စိုရွဲနေသည်။ သောင်းကြည်သည် အသက်ကို မှန်မှန်ရှူရှိုက်ရင်းအိပ်ပျော်အောင် ကြိုးစားသည်။ သူ့မျက်လုံးထဲမှာတော့ ရေထဲကအပေါ်သို့ တက်လာသည့် မည်းမည်း အရိပ်ကြီးသည် စိုးမိုးနေဆဲ။

x x x

"ဟင်း . ."

သောင်းကြည်က အောင်ချမ်းသာကို ပြောပြပြီးသည်နှင့် သက်ပြင်းကို ချသည်။ သူ့မျက်နှာတွင်ချွေးစေးများပျံ့နေသည်။ အောင်ချမ်းသာက တွေးတောစဉ်းစားနေသည်။

"ငါ့ကို . . အင်းထဲက မကောင်းဆိုးဝါးတွေက ခေါ်နေတာလားမသိဘူး အောင်ချမ်းသာ"

သောင်းကြည်အသံက တုန်ရီနေသည်။

"မင်းအရက်တွေ အသောက်များပြီး စိတ်ကြောင်နေတာဖြစ်မယ်"

"အဲဒီညက ငါ့မျက်စိနဲ့ တပ်အပ်မြင်ပြီး ကြားရတာ အောင်ချမ်းသာရယ်၊ အရက်မူးပြေနေတဲ့အချိန်မှာကွ"

"မင်း ဆေးကုချင်တယ်ဆိုရင် ငါနဲ့မြို့ကို တစ်ခါတည်းလိုက်ခဲ့။ ငါ့တိုက်မှာ အနားယူ၊ သက်သောင့်သက်သာရှိမှ အင်းထဲကို ပြန်လာပေါ့"

"ငါ အရက်ကြောင့် စိတ်ကြောင်နေတာမဟုတ်ဘူး . . အောင်ချမ်းသာ။ ငါပြောပြတာတွေကို မင်းက မယုံကြည်ဘူးထင်တယ်။ အိပ်မက်မဟုတ်တဲ့ တကယ်မြင်တွေ့ခဲ့ရတဲ့ ဖြစ်ရပ်တွေပါ အောင်ချမ်းသာ"

"မင်းဘာတွေဖြစ်နေသလဲဆိုတာ ငါစဉ်းစားမရအောင်ဖြစ်နေတယ်သောင်းကြည် . . ဟင်း . ."

"ငါ မင်းကို ပြောပြချင်တာတွေ ပြောပြလိုက်ရလို့ ကျေနပ်သွားပြီအောင်ချမ်းသာ၊ မိုးမချုပ်ခင် မင်းမြို့ကို ပြန်တော့။ သိပ်မှောင်မည်းနေရင် မကောင်းဘူး"

အောင်ချမ်းသာက . . သောင်းကြည်ကိုငွေငါးသောင်းပေးခဲ့၏။ အောင်ချမ်းသာက အကောင်းစား မော်တော်ဆိုင်ကယ်ကြီးဖြင့် မြို့သို့ ပြန်သွားသည်။

သောင်းကြည်မှာ အိပ်မပျော်သောညက တွေ့မြင်ခဲ့ရသော မည်းမည်းသဏ္ဌာန် အရိပ်ကြီးကိုသာ မြင်ယောင်နေမိသည်။အရက်ကိုဖိသောက်ရင်းမှ တစ်ခုသော ညတွင် သောင်းကြည်သည် အန်ဖတ်ဆို့ကာ အသက်ရှူရပ်ပြီး သေဆုံးသွားလေသည်။ အောင်ချမ်းသာက သောင်းကြည် အသုဘကိစ္စကို တာဝန်ယူဆောင်ရွက်ပေးသည်။ ငယ်ပေါင်း သောင်းကြည်အတွက် စိတ်မကောင်းဖြစ်မိသည်။

အောင်ချမ်းသာက အင်းထဲမှာပင် နေသည်။ သောင်းကြည်အသုဘ ရက်လည်မှ မြို့သို့ပြန်မည်ဖြစ်သည်။ လဆန်း ၃ ရက်၊ လက မှိန်ပျပျသာနေသည်။ အောင်ချမ်းသာသည် အင်းပေါ်မှ တဲတားပေါ်တွင် ဘူးဘီယာကို မော့သောက်ရင်း လမ်းလျှောက်နေသည်။ ငယ်ပေါင်း သောင်းကြည်နှင့် ငယ်စဉ် ပွဲခဲ့ တေခဲ့သည်များကို ပြန်လည်သတိရနေမိသည်။ သောင်းကြည်သည် အောင်ချမ်းသာအပေါ်၌ အလွန်အနစ်နာ အနွံတာခံခဲ့သူ ဖြစ်သည်။ သောင်းကြည် သေဆုံးသွားခြင်းသည် အောင်ချမ်းသာအတွက် လက်မောင်းတစ်ဖက်ပြုတ်သည့်နှယ် ခံစားရသည်။ အောင်ချမ်းသာသည် တွေးရင်း မျက်ရည်ဝဲလာသည်။

"သောင်းကြည်ရယ်"

ထိုစဉ် အင်းရေပြင်သည် တည်ငြိမ်နေရာမှ လှုပ်ရှားလာ၏။ မြစ်ပြင်အတွင်း၌ မိုးသက်မုန်တိုင်းကျသည့်အခါ ရေပြင်လှုပ်ရှားနေသည့်ပုံသဏ္ဌာန်မျိုးဖြစ်လာသည်။ အောင်ချမ်းသာသည် အင်းရေပြင်ကို စူးစိုက်စွာ ကြည့်နေမိသည်။ အင်းရေပြင်သည် ဂယက်ကြမ်းနေရာမှ မြင့်တက်လာ၏။ ဝါးတစ်မြိုက်ခန့်မြင့်တက်နေရာမှ ပြန်ကျသွားရာ အောင်ချမ်းသာသည် အံ့ဩသွားမိ၏။ သောင်းကြည်ပြောခဲ့သည့်စကားကို ပြန်လည်ကြားယောင်မိသည်။ အင်းရေပြင်သည် အရှိန်နှင့် မြင့်တက်လာတိုင်း . .

"အောင် . . ချမ်း . . သာ . . ရေ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ကွဲအက်လာသော အသံဖြင့် ခေါ်သလို ကြားရသည်။ သောင်းကြည်အရက်မူးနေသည့်အခါ သူ့ကိုခေါ်သည့်အသံမျိုးနှင့် တူနေ၏။ အောင်ချမ်းသာ မျက်လုံးများ ပြူးလာသည်။

"သောင်းကြည် .. သောင်းကြည်"

အောင်ချမ်းသာက ခေါ်ကြည့်သည်။

အင်းရေပြင်သည် တစ်ဟုန်ထိုး မြင့်တက်သွားသည်။

"အောင် .. ချမ်း .. သာ .. ရေ .. လာခဲ့"

"ဟင်"

အောင်ချမ်းသာ ကျောထဲတွင် စိမ့်ကနဲဖြစ်သွားသည်။ ဘီယာသောက်ထားသဖြင့် ရီဝေနေသောစိတ်သည် ပျောက်သွား၏။

"မင်းစကားကို ငါယုံသွားပါပြီ သောင်းကြည်"

မြင့်တက်လာသော ရေအရှိန်သည် အကောင်ကြီးတစ်ကောင်အလား ထင်ရသည်။ ငယ်စဉ်က မိဘများ ပြောဖူးသည့် ရေသရဆိုတာများလားဟုပင် ထင်မိသည်။ အောင်ချမ်းသာသည် ခေါင်းကို ဘယ်ညာ ခါရမ်းပစ်လိုက်သည်။

× × ×

မကြာမီ အင်းဖော်တော့မည်ဖြစ်၍ အင်းလုပ်သားများ ပြင်ဆင်နေကြသည်။ အောင်ချမ်းသာက အင်းထဲတွင် လာနေသည်။

"အောင်မလေး .. လုပ်ကြပါဦး"

မှောင်ရီပျိုး အချိန်တွင် အင်းလုပ်သားတစ်ဦးက အင်းထဲတွင် ဆင်းသွားရာမှ အပေါ်သို့ ပြေးတက်သွားသည်။

"ဟေ့ကောင် မြသိန်း၊ ဘာဖြစ်တာလဲ"

"အင်း .. အင်းရေထဲက မည်းမည်းအကောင်ကြီး တက်လာလို့၊ ၁၀ ပေလောက် မြင့်တယ်"

"ဒီကောင်အရက်မူးပြီ"

"ဟာ .. သောက်တောင် မသောက်ရသေးပါဘူးဗျာ"

"အင်းထဲက ဘာဖြစ်တာလဲ"

အောင်ချမ်းသာက လှမ်းမေးသည်။

"အင်းထဲက မည်းမည်းကောင်ကြီးတက်လာလို့ပဲ။ ညမှောင်စပျိုးချိန်မှာ အခုလိုအော်ပြီး တက်ပြေးလာတာဆိုရင် မြသိန်းနဲ့ဆို သုံးယောက်ရှိပြီ ဆရာ"

အောင်ချမ်းသာက တွေဝေကာ စဉ်းစားနေသည်။ သူကိုယ်တိုင် မြင်တွေ့ခဲ့ရသည် မဟုတ်လား။

အင်းမဖော်မီ နတ်ပွဲများကကြသည်။ အင်ဂျင်မီးစက်ကြီးမောင်းထားသဖြင့် လျှပ်စစ်မီးများ လင်းထိန်နေသည်။ အောင်ချမ်းသာက မြို့ပေါ်မှ မိတ်ဆွေများကို အင်းအလယ်မှ အိမ်ကြီးပေါ်တွင် ညှော်ခံကျွေးမွေးသည်။ နတ်ကတော်များက ပျော်ရွှင်စွာ ကခုန်နေကြသည်။ အောင်ချမ်းသာက မြို့မှ ဓာတ်ပုံဆရာကို ခေါ်လာပြီး မှတ်တမ်းတင်သဘောမျိုး ဓာတ်ပုံများ ရိုက်ကူးစေသည်။

နေ့လယ်တွင် အောင်ချမ်းသာက မြို့မှ မိတ်ဆွေများနှင့် အိမ်ကြီးပေါ်တွင် သောက်စား နေသည်။ နတ်ကတော်များက တစ်ပွဲစားများကို ပင့်ကာ ပျော်တော်ဆက်နေသည်။

တစ်ပွဲစား မောင်စံနောနှင့် မဖဲဝါတို့သည် တစ်ပွဲစားများထဲတွင် ခေါင်းဆောင်တစ်ပွဲစားများဟု ဆိုရမည်။ တစ်ပွဲစား မောင်စံနော့နှင့် မဖဲဝါကို အရင်ပင့်သည်။ တစ်ပွဲစား မောင်စံနော့နှင့် မဖဲဝါ ပူးနေသည့် နတ်ကတော်နှစ်ယောက်က ငါးစိမ်းများကို အားရပါးရ စားပြနေသည်။ မြင်တွေ့ရသူ ရွာသူ၊ ရွာသားများမှာ အံ့သြထိတ်လန့်နေကြသည်။ မောင်စံနော ဝင်နေသည့် နတ်ကတော်၏ မျက်လုံးများက ပြူးထွက်နေသည်။ တစ်ပွဲစားတို့ကို ပျော်တော်ဆက်သည့် နတ်ဆိုင်းသံကလည်း ကြမ်းမှကြမ်းပေ။

တစ်နေ့လုံး တစ်ညလုံး တစ်ပွဲစားနတ်များ ပျော်မြူးစွာ ကခုန်နေကြသည်။ ရွာသူရွာသားများက တစ်ပွဲစားများ ဝင်နေကြသည်။ ယခင် ယခင်ကငါးအင်းလုပ်ခဲ့ပြီး သေဆုံးသွားခဲ့သူမှန်သမျှ တစ်ပွဲစားများဖြစ်နေသည်မှာ ထူးဆန်းလှသည်။

တစ်ပွဲစားဝင်သည်နှင့် နတ်ကတော်က လက်အုပ်ကလေးချီပြီး အရိုအသေပေးကာ ..

"အခု နတ်ကန္နားထဲကို ဝင်ရောက်လာတာ ဘယ်သူလဲဆိုတာ အမိန့်ရှိပါရှင်"

တစ်ပွဲစား ဝင်နေသူက အရက်ပြင်းကို မော့သောက်နေသည်။

"ဘယ်သူလဲဆိုတာ .. အမိန့်ရှိပါ"

တစ်ပွဲစားဝင်သည့်သူက ခေါင်းတညိတ်ညိတ်နှင့် နတ်ကန္နားပွဲကျင်းပသည့် အင်းအလယ်က အိမ်ကြီး၏ ..

www.burmeseclassic.com

www.burmeseclassic.com

ပတ်လည်တွင်ရေများက ဝိုင်းရံနေသည်။တစ်နေရာမှ တစ်နေရာသို့ သွားရန် ကုန်းအောင်တံတားများထိုးထားသည်။ တည်ငြိမ်နေသော ရေပြင်သည် အရှိန်ဖြင့် မြင့်တက်လာသည်။ နတ်ပွဲ ကြည့်ရှုနေသူအားလုံး ထိတ်လန့်သွားကြသည်။ ရေအရှိန်မြင့် တက်သွားသည့် အချိန်တွင် . .

"အောင် . . ချမ်း . . သာ"

ဆိုသည့် အသံကြီးကို ကြားလိုက်ရသည်။ အိမ်ကြီးပေါ်တွင် ယမကာသောက်နေသုံးနေသူများပင် ထ၍ ကြည့်ကြသည်။

"အောင်ချမ်းသာ"

တစ်ပွဲစားဝင်နေသည့် အင်းလုပ်သား ကိုစိန်သောင်းက လက်တစ်ဖက်တွင် အရက်ပုလင်း၊ ကျန်လက်တစ်ဖက်တွင် ကိုက်စားထားသည့် ငါးစိမ်းအရှင်လတ်လတ်ကို ဆုပ်ကိုင်ထားရင်း အောင်ချမ်းသာကို ခေါ်နေသည်။

"ကိုအောင်ချမ်းသာ၊ ကန္နားထဲကို ကြွပါဦး။ တစ်ပွဲစားကြီးက ခေါ်နေတယ်"

နတ်ကတော်ကလှမ်းခေါ်သည်။ အောင်ချမ်းသာသည် နတ်ကန္နားထဲသို့ဝင်လာသည်။

"အောင်ချမ်းသာ သူငယ်ချင်း။ မင်းငါ့ကို မေ့နေပြီလား။ ငါကတော့ မင်းဆိုးသမျှ ပေသမျှကို သည်းခံလိုက်ရတာ။ ငါက မင်းနဲ့ဘဝခြားသွားပြီမို့ သတိမရနိုင်တော့တာလား။ ငါ မင်းရဲ့ ငယ်ပေါင်း သောင်းကြည်လေ။ အခါ ငါ မင်းရဲ့ အနောက်ဖက်အင်းကို စောင့်ရှောက်နေရတယ်။ မင်းအင်းထဲက ငါး၊ ပုစွန်တွေကို တင်မောင်တို့လူစု ခိုးထုတ်ဖို့ လုပ်နေတာ ငါ ခြောက်လှန့်လိုက်လို့ ပြေးကြတာ"

"ဟင်"

"အနောက်အင်းမှာ . . မည်းမည်းကောင်ကြီးလိုက်လို့ အော်ပြေးတယ်ဆိုတာ သူတို့မရိုးသားတာတွေ လုပ်နေလို့ ငါက ခြောက်လန့်အောင် လုပ်နေရတာ"

တစ်ပွဲစားဝင်နေသည့် ကိုစိန်သောင်း၏စကားကြောင့် အောင်ချမ်းသာ အံ့ဩသွားမိသည်။ ယခုတလော အနောက်ဖက်အင်းထဲမှာ မည်းမည်းအကောင်ကြီး တက်လာလို့ အင်းလုပ်သားများကြောက်လန့်နေသည့်သတင်းကို အောင်ချမ်းသာသိထားသည်။ သူငယ်ပေါင်း သောင်းကြည်က တစ်ပွဲစားဖြစ်ကာ အနောက်ဖက်အင်းကို စောင့်ရှောက်ပေးနေသည်တဲ့။

တစ်ပွဲစား ဝင်နေသည့် ကိုစိန်သောင်းက အောင်ချမ်းသာကို ဖက်ပြီးငိုသည်။ အောင်ချမ်းသာမှာ ကြောင်အမ်းအမ်းဖြစ်နေသည်။

"မင်း ငါ့ကို မေ့သွားပြီလား အောင်ချမ်းသာရယ်။ ငါ တစ်ပွဲစား ဖြစ်နေပြီဆိုတာကို မင်းအနေနဲ့ အသိအမှတ်ပြုတယ်ဆိုရင် အနောက်ဖက်အင်းမှာ ငါ့အတွက် အရက်ပြင်းတစ်ပုလင်းနဲ့ ငါးကင်တစ်ကောင်ကို အမြဲဆက်သပေးပါ။ မင်းအင်းက ငါးတွေ၊ ပုစွန်တွေ များများစားစား ရအောင် ဆောင်ရွက်ပေးပါ့မယ်ကွာ"

အသံက သောင်းကြည်အသံဖြစ်နေသည်။ အောင်ချမ်းသာမှာ ဝမ်းနည်းလာသည်။ ဘဝခြားသွားသည့်တိုင် သူငယ်ချင်းအား စောင့်ရှောက်နေသော သောင်းကြည်ကို သနားသွားမိသည်။ ပြောရင်း အောင်ချမ်းသာ မျက်လုံးထဲတွင် မျက်ရည်များ ရစ်ဝဲလာသည်။

"အေးပါ သောင်းကြည်ရယ်။ မင်းကြိုက်တဲ့ အရက်ပြင်းနဲ့ ငါးကင်ကို ငါအမြဲဆက်ပါ့မယ်။ ငါ့အနားမှာမင်း အမြဲရှိနေတယ်လို့ အောက်မေ့ပါ့မယ်ကွာ။ ငါသေဆုံးတဲ့အခါမှာလည်း မင်းလို တစ်ပွဲစားဖြစ်မှာလားမသိဘူး။ ငါ့အဖေက ပြောဖူးတယ်။ အင်းသူကြီးတွေ သေရင် တစ်ပွဲစားဖြစ်တယ်တဲ့"

"အဲဒီအခါကျတော့ရင် မင်းနဲ့ငါ အတူနေကြတာတာပေါ့။ ငါသွားတော့မယ် အောင်ချမ်းသာ"

အင်းလုပ်သား ကိုစိန်သောင်းမှာ လက်သီးဆုပ်လျက် အပေါ်သို့ ဆန့်တန်းကာလဲကျသွားသည်။ ရွာသူ ရွာသားများက သတိရအောင် ပြုစုပေးနေကြသည်။ အောင်ချမ်းသာ၏ ပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်ဆင်းကျလာသည်။အောင်ချမ်းသာသည် မျက်ရည်များကို သုတ်ပစ်လိုက်သည်။သက်ပြင်းတစ်ချက် ပြင်းပြင်းရှိုက်လိုက်မိသည်။

ဘာကြောင့် ရှိုက်မိသည်ကို အောင်ချမ်းသာ စဉ်းစား၍ မရပါချေ။

(တကယ့်ဖြစ်ရပ်အား ဇာတ်လမ်းအသွင်ဖြင့်ရေးသား တင်ပြထားခြင်းဖြစ်ပါသည်။)

ဝင်းဇော် (သုံးဆယ်)

www.burmeseclassic.com

www.burmeseclassic.com

အားနာလို့

ကျွန်မတို့ မြန်မာလူမျိုးတို့၏စကားတစ်ခုရှိပါသည်။ အဲဒါကတော့ အားနားလို့ဆိုတာပါပဲ။ အားနာတယ်ဆိုတာ ကျွန်မသိသလောက်တော့ သူတစ်ပါး တောင်းဆိုသောအခါ အလိုက်လျောနိုင်လျှင်၊ မငြင်းဆန်နိုင်လျှင် အားနာတယ်လို့ ဆိုကြတာပါ။ ဒီစကားတစ်ခုကြောင့် ဘဝကို အလွယ်လေး တွေးပြီး ပေးဆပ်လိုက်သူအကြောင်းပါ။

ကျွန်မဝယ်နေကျ လက်ဖက်ရည်ဆိုင်မှာ မိန်းကလေး ချောချောလေးတစ်ယောက်ကို တွေ့နေ တာကြာပြီမို့ မျက်မှန်းတန်းမိနေပါပြီ။

ဒီလိုနဲ့ သူ့ဘဝရဲ့ အသက်မွေးဝမ်းကြောင်းအလုပ်ကိုလည်း တဖြည်းဖြည်း သိလာရပါတယ်။ သူက ညငှက်မယ်ပါ။ ရုပ်က သန့်ပြန့်ချောမောပါရက်နဲ့ ဒီအလုပ်ကို ဘာကြောင့်လုပ်နေပါသလဲလို့ ကျွန်မ သိချင်လာမိပါတယ်။

ဒါနဲ့ ကျွန်မ စပ်စုမိပါတယ်။

"ဒီမှာ ကလေးမရယ်၊ သမီးရုပ်ကလေးနဲ့ သမီးရဲ့အသက်ကလေးနဲ့ ဒီအလုပ်ကို ဘာဖြစ်လို့ လုပ်ရတာလဲ"

"ဩော်. . . အန်တီရယ်၊ သမီးက ဆင်းရဲတယ်လေ၊ သမီးတို့အိမ်နားမှာ မာမီကြိုင်ဆိုတဲ့ မိန်းမကြီးရှိတယ်၊ သူက သမီးတို့ကို အရမ်းချစ်တာ၊ ပိုက်ဆံလည်း အများကြီးပေးတယ်၊ အဝတ် အစား၊ အလှပြင်ပစ္စည်း အကုန်ပေးတယ်၊ ဒီလိုနဲ့ တစ်နေ့သမီးကို ပိုက်ဆံတွေအများကြီးပေးပြီး ရုပ် ချောချောအစ်ကိုကြီးနဲ့ အဖော်လိုက်သွားဖို့လွှတ်တယ်၊ သမီးလည်း အားနာလို့ လိုက်သွားမိတာ၊ အဲဒီကစပြီး ဒီဘဝကို ရောက်တာပါပဲ"

"ဗုဒ္ဓေါ. . ."

ကျွန်မ ယောင်ပြီး ဘုရားတ,လိုက်မိပါတော့တယ်။

ဆင်းရဲခြင်းနဲ့ ကင်းကြပါစေ

ယဉ်မေဦး

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁။

"အမျှ ... အမျှ ... အမျှ"

"နောင် ... ဒုဝေ ... ဒုဝေ"

"အား ... မကြားချင်ဘူး၊ မကြားချင်ဘူး"

အပူနဲ့ အအေး၊ အလင်းနှင့် အမှောင်။ မမျှော်လင့်သော အဖြစ်အပျက် အသံကြောင့် တစ်ခန်းလုံး တအံ့တသြ ဖြစ်သွားကြသည်။ အသံလာရာဆီသို့ ကြည့်ကြသည်။ စူးစူးရဲရဲ အော်လိုက်သည်က ကျသစ်မောင်မြ ဖြစ်သည်။ သူက နားနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ပိတ်ထား၏။ မျက်လုံးအစုံကိုလည်း မှိတ်ထား၏။

ထိုအဖြစ်ကြောင့် ယမ်းပုံမီးကျ အမျက်ခြောင်းခြောင်းထွက်နေသည်က အခန်းလူကြီး ဦးစိန်လှိုင်ပင်။ သူက မြောက်ဥက္ကလာသား။ 'အပကမှု'ဖြင့် ထောင်ကျနှစ်ကြီးသမားဖြစ်ပြီး အခန်းလူကြီးအဖြစ် တာဝန်ယူထားသူ။ ဦးစိန်လှိုင်က အေးဆေး၏။ သဘောကောင်း၏။ သို့သော် သူက ဘာသာရေးနှင့်ပတ်သက်၍ အနှောင့်အယှက်ပြုသည်ကို မကြိုက်။

ယခု မောင်မြပြုလိုက်သည့် အပြုအမူက ဘုရားရှိခိုးပြီး စိတ်ကြည်လင်နေသူများအား အနှောင့်အယှက်ပြုလိုက်သလို ဖြစ်သည်။ ဒါကိုတော့ ဦးစိန်လှိုင် ခွင့်မလွှတ်နိုင်။ ထိုင်ရာက ဝုန်းခနဲထကာ ဒါသတကြီး မောင်မြဆီသို့ လျှောက်သွားသည်။ အနောက်ရောက်လျှင် ရပ်လိုက်၏။ အကျဉ်းသားများက ဒီကောင် မလွယ်တော့ဟု သိနှင့်ကြပြီ။

"ခွေးကောင် ... ဘုရားတရားနဲ့ စိတ်တည်ငြိမ်နေတဲ့လူတွေကို အနှောင့်အယှက်ပေးတယ်။ ကဲကွာ"

"ဖျန်း ... ဖျန်း"

"အား ..."

တစ်ချက်အော်ပြီး မောင်မြ လဲကျသွားသည်။ မောင်မြသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် လက်အုပ်ချီပြီး "ကျွန်တော် ... ကျွန်တော် နှောင့်ယှက်တာ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် မခံစားနိုင်လို့ပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"ဟု တောင်းပန်၏။

"ခွေးကောင် မပလီနဲ့။ ငါ့ကို ရုပ်ရှင် လာရိုက်ပြမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com

အခန်းလူကြီး ဒေါ်သမပြေသေးသည်ကို ကျွန်တော်သိသလို၊ မောင်မြလည်း ခံစားချက်တစ်ခု ရှိရမည်ဟု ကျွန်တော် နားလည်လိုက်သည်။ ထို့အတူ သည်ပွဲက သည်တိုင်းလွှတ်ထား၍ မဖြစ်ဟုလည်း တွေးမိလိုက်သဖြင့် ကျွန်တော် ထလိုက်သည်။ အနားသို့သွားပြီး –

''ကဲပါ အခန်းလူကြီးရယ်။ စိတ်ကိုလျှော့ပါ။ ဒီကိစ္စကို ကျွန်တော်ရှင်းပေးပါ့မယ်။ သူ့မှာလည်း ခံစားချက်တစ်စုံတစ်ရာရှိလို့ နေမှာပါ''

ဟု ပြောလိုက်သည်။ အခန်းလူကြီးက တက်တစ်ချက်ခေါက်ပြီး –

''ကောင်းပြီလေ၊ စာရေးဆရာတာဝန်ယူရင်လည်း ပြီးတာပဲ။ နောင်သာ မဖြစ်ပါစေနဲ့''

ဟုပြောပြီး သူ့နေရာသို့လျှောက်သွား၏။

မောင်မြက ကျွန်တော့်ကို အားကိုးတကြီး ကြည့်သည်။

''ကဲ ... မင်း ငါ့အိပ်ရာကို လာဦး''

''ဟုတ် ... ဟုတ်ကဲ့''

မောင်မြက ကြောက်ရွံ့မှုကြောင့် ဆတ်ဆတ်တုန်နေ၏။

၂။

''သူတကာ ဘုရားတရားနဲ့ ငြိမ်းချမ်းအေးဆေးနေတဲ့အချိန်မှာ ဘာဖြစ်လို့ မင်း အခုလို အနှောင့်အယှက်ပြုရတာလဲ။ မကြားချင်ဘူးဆိုတာ ဘာသဘောလဲ။ ဘုရားတရားနဲ့ ဘဝဆိုးကို ခဏမေ့နေသူတွေရဲ့ ငြိမ်းချမ်းမှုကို မင်းမရှုစိမ့်တာလား''

ကျွန်တော် သူ့မျက်နှာအား စေ့စေ့ကြည့်ကာ မေးလိုက်သည်။ မောင်မြက မျက်ရည်ပြည့်သော မျက်လုံးနှင့် ကျွန်တော့်ကို ကြည့်သည်။

''မဟုတ်ပါဘူး။ ကျွန်တော့်ခံစားချက်နဲ့ ကျွန်တော် ပေါက်ကွဲသွားတာပါ''

ဟု ပြော၏။

''ဘာ ...''

ကျွန်တော် ဆတ်ခနဲကြည့်လိုက်၏။

''ဟုတ်ပါတယ်ဗျာ။ ကျွန်တော်ဟာ ဘာသာရေးအရောင်ပြပြီး လိမ်စားနေတဲ့ လူကြီးတစ်ယောက်ကြောင့် အခုလို သူခိုးတစ်ယောက်ဖြစ်ခဲ့ရတာပါ။ ဒါကြောင့် ကျွန်တော် ဘုရားတရားသံကြားတော့ မခံမရပ်နိုင်အောင် ပေါက်ကွဲသွားတာပါပဲ''

သူ့စကားနားထောင်ရင်း ကျွန်တော့်ရင်ထဲ နင့်ခနဲခံစားလိုက်ရ၏။ သူ့ဘဝကိုလည်း စာရေးဆရာပီပီ စိတ်ဝင်စားသွားမိ၏။ လောက၌ အယောင်ဆောင် ကလိမ်ခြံများကြောင့် ဒုက္ခရောက်ရသူများ ရှိ၏။ သူကော ဘယ်လို ဒုက္ခရောက်ခဲ့ပါသနည်း။

''မင်းအဖြစ်က စိတ်ဝင်စားစရာပဲ။ ကဲ ... ပြောစမ်းပါဦး။ မင်းပြောချင်တယ်ဆိုရင်ပေါ့လေ''

''ကျွန်တော် ပြောပြမှာပါ''

ထို့နောက် သူ့ဖြစ်စဉ်ကို ပြောပြ၏။ ထိုအခါ သူ့အဖြစ်သည် ရင်နာစရာအဖြစ်ပါလားဟု နားလည်ရ၏။

စင်စစ် သူ့အဖြစ်က ...။

☆ ☆ ☆ ☆ ☆

ပြောရလျှင် မောင်မြဘဝကလည်း ရင်နာစရာပင်။

မောင်မြတွင် မိခင်၊ ဖခင်ဟူ၍ တိတိပပ လက်ညှိုးထိုးစရာ မရှိ။ မောင်မြ၏ မွေးစားဖခင် ဦးကျော်က

''မင်းအမေကိုတော့ ငါမသိဘူးကွ။ မင်းအဖေ မြမောင်ကတော့ ငါ့သူငယ်ချင်းပဲ။ ကုန်ထမ်းရသလောက် သောက်နေသူပဲ။ မင်းအဖေ ပြောပြချက်အရ မင်းအမေဟာ မင်းကိုမွေးရင်း မီးတွင်းထဲမှာ ဆုံးသွားကြောင်း သိရတယ်။ မင်းအဖေလည်း မူးမူးနဲ့ ကုန်ထမ်းရင်း ကုန်းဘောင်ပေါ်ကချော်ကျပြီး ရန်ကုန်မြစ်ကြမ်းပြင်အောက်မှာ ဘဝသိမ်းသွားရရှာတာ။ ဒီလိုနဲ့ မင်းဟာ ငါ့မွေးစားသားဖြစ်ခဲ့တယ်ဆိုပါတော့''

ဟု ပြောပြ၏။

မောင်မြသည် ဤသို့ဖြင့် ကုန်စိမ်းဒိုင်၊ ငါးဒိုင်များတွင် ပြေးရင်းလွှားရင်း လူလားမြောက်ခဲ့ရသူ ဖြစ်၏။

မောင်မြသည် မိမရှိ၊ ဖမရှိ၊ ဆွေမရှိ၊ မျိုးမရှိမို့ မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးဆိုသည့် စကားနှယ် ဦးမြစကြာနှင့် ခင်မင်ခဲ့ရ၏။ ပြောရလျှင် ဦးမြစကြာကလည်း အပြောကောင်းသူဖြစ်သဖြင့် ပိုမိုရင်းနှီးခင်မင်ရသည်ဟု ဆိုရမည်။

ဒီနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် ဦးမြစကြာအလုပ်က ရန်ကုန်မြို့လမ်းများ၌ ဘာသာရေးတရားများဟောပြော၍ အသက်မွေးဝမ်းကျောင်းနေသူ ဖြစ်၏။ ဦးမြစကြာအား 'ဥပသကာဆရာကြီး'ဟု ခေါ်ကြ၏။ ပြီးတော့ ဦးမြစကြာ ယောဂီဝတ်စုံအား မချွတ်တမ်းဝတ်၏။

''မောင်မြ ... မင်းရဲ့ ဘဝအကျိုးပေးမကောင်းတာကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com

တော့ ငါစိတ်မကောင်းဘူး။ ငါ့ဘဝက လည်း မင်းကိုကယ်ချင်ပေမယ့် မကယ် နိုင်ဘူးလေ။ ဒါပေမယ့် ငါ မင်းကို ပစ်မထားပါဘူးကွာ''

ဟု ပြောပြ၏။

တစ်ခါတစ်ရံ ဦးမြစကြာ ဟော ပြောသည့်နေရာများဆီသို့ မောင်မြကို ခေါ်သည်။ ကျွေးမွေးပြီး ''မင်းပြန်ရင် ဒီအထုပ်ကလေး ယူသွားစမ်းပါကွာ။ ဘာဘူကြီးဆိုင်မှာထားခဲ့''ဟုပြောပြီး အထုပ်ပေးလိုက်သည်။ မောင်မြ ယူယူ ပေးရသည့်အကြိမ်လည်း မနည်းတော့။

အထုပ်ထဲ၌ ဘာတွေပါသည်ကို မောင်မြ မသိ။ မောင်မြကိုယ်တိုင် လည်း စိတ်ဝင်စားခြင်း မရှိ။ မောင်မြ သိသည်က ဤသို့အထုပ် သယ်ယူပို့ သည့်နေ့ဆို ငါးရာမျိုး၊ တစ်ထောင်မျိုး ရသည်ပဲ သိသည်။ ထို့ကြောင့် ဦးမြ စကြာအား မောင်မြ ကျေးဇူးတင်၏။ ဦးမြစကြာအား သူတော်ကောင်းကြီး ဟု သိနေ၏။

သို့သော် ဦးမြစကြာသည် သူ တော်ကောင်းစစ်စစ် ကေန်မဖြစ်သည် ကို သိလိုက်ရသောအခါတွင်မူ ...။

၃။

လောက၌ ဘီလူး လူယောင် ဆောင် ခုနစ်ရက်ဟု စကားရှိသလို မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ ဆိုသည့်စကားလည်း ရှိ၏။

မောင်မြ မှတ်မိနေသေး၏။

မနက်ပိုင်းက ဦးမြစကြာသည် မောင်မြအား –

''မောင်မြရေ ... နေ့လယ် ၁ နာရီလောက် အဘရဲ့ ကထိန်မဏ္ဍပ် ကို လာခဲ့ဦးကွယ့်''

ဟု ပြော၏။ အမှန်ကို ဝန်ခံရ လျှင် ဦးမြစကြာက ခိုင်းစရာရှိသည်ဆို ၍ မောင်မြဝမ်းသာသွားသည်။ ဒီက နေ့ ငါးရာ၊ တစ်ထောင် ရဦးမည်ဟု တွေးလိုက်မိသောကြောင့် ဖြစ်၏။

ထို့ကြောင့် နေ့လယ်တစ်နာရီ မထိုးမီ ဦးမြစကြာထံသို့ ရောက်သွား ၏။ ဦးမြစကြာ ဟောပြောနေသဖြင့် ခေတ္တစောင့်ရ၏။

၁၅ မိနစ်ခန့်ကြာလျှင် ဦးမြ စကြာက –

''လာ ... မောင်မြ''

ဆိုပြီး မဏ္ဍပ်ထဲမှ အသံအုပ်အုပ် နှင့်ခေါ်၏။ မောင်မြ မယောင်မလည် နှင့် မဏ္ဍပ်တွင်းသို့ ဝင်သွား၏။ ဦးမြ စကြာက တည်ငြိမ်စွာ ဟိုသည်ကြည့် ရင်း စင်အောက်မှ အထုပ်တစ်ထုပ်ကို ယူပြီး မောင်မြကို ပေးကာ –

''ထုံးစံအတိုင်း ဘာဘူဆိုင်မှာ ထားခဲ့''

ဟု ပြောပြပြီး ငွေတစ်ထောင် တန်တစ်ရွက်ထုတ်ပေးသည်။ မောင်မြ ခေါင်းညိတ်ပြီး ဦးမြစကြာပေးသည့် မြွေရေခွံအိတ်ကလေးအား ယူကာ မဏ္ဍပ်ထဲမှ ထွက်ခဲ့၏။

သို့သော် မဏ္ဍပ်အပြင်သို့ ခြေ လှမ်းထွက်ရုံရှိသေးရဲ့ ''ဟေ့ .. ချာ တိတ်၊ နေဦး''ဟု လှမ်းပြောလိုက်သံ ကြား၏။ မောင်မြ ရပ်လိုက်၏။

''ဒီအိတ်က ဘာအိတ်လဲ၊ ဘယ် ကယူလာလဲ''

ဟု မေး၏။

''ဗျာ ...''

ရုတ်တရက် မောင်မြ ကြောင် သွား၏။ ဘာပြောရမှန်းမသိ။ ဦးမြ စကြာ ပေးလိုက်တဲ့အိတ်ပါလို့ ပြောရန်

ပြင်လိုက်စဉ် ဦးမြစကြာ အနားရောက် လာသည်။

''မောင်မြ ... မေးနေတယ် လေ။ ဒီအိတ် မင်းဘယ်က ယူလာ လဲ''

ဟု ပြောလိုက်သဖြင့် ပို၍ ကြောင်တောင်တောင် ဖြစ်သွားသည်။ ဦးမြစကြာကို ကြည့်လိုက်မိ၏။ ထိုစဉ် တစ်ဦးက အိတ်ကို ဆွဲယူပြီး ဖွင့်လိုက် ၏။

''ဟာ ... ဒီကောင် ဘုရားခိုး တာပဲ''

''မဟုတ်ဘူး''

မောင်မြ ပြောလိုက်သည်။ ဦးမြ စကြာကို ကြည့်လိုက်စဉ် ဦးမြစကြာ က မောင်မြမျက်နှာကို ဖြတ်ရိုက်လိုက် ပြီး –

''အတော် အကျင့်မကောင်းတဲ့ ကောင်။ ငါကတော့ သနားလို့ ကျွေး တယ်၊ မုန့်ဖိုးပေးတယ်။ ခုတော့ ငါ့ခင် မင်မှု၊ ကြင်နာမှုကို အလွဲသုံးစားလုပ် ပြီး ဘုရားခိုးရတယ်လို့ကွာ။ အတော် အကျင့်မကောင်းတဲ့ကောင်''

ဟု ပြော၏။

မောင်မြက လဲကျသွားရာမှ ထ လိုက်၏။ အဖြစ်မှန်ကို ရှင်းပြဖို့ ကြိုး စားလိုက်ခြင်းဖြစ်၏။ သို့သော် မောင်မြ ပြောခွင့်မသာခဲ့ပါ။ အဘယ့်ကြောင့်ဆို သော် အနီးရှိ လူတစ်ယောက်က မောင်မြမျက်နှာကို ဖြတ်ရိုက်လိုက်ခြင်း ကြောင့် ဖြစ်၏။

''ဖျောင်း''

''အား ...''

မောင်မြ ခွေခနဲ လဲကျသွားပြီ။

☆ ☆ ☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

၄။

"မင်းက ဘယ်လိုမှ ရှင်းမပြနိုင်ဘူးပေါ့"

ကျွန်တော်က မေးလိုက်သည်။ မောင်မြက ရီဝေစွာ ကျွန်တော့်ကို ကြည့်ပြီး –

"ရှင်းပြခွင့်မရခဲ့ပါဘူး ဆရာ။ ကျွန်တော်သတိရတော့ ရဲတွေလက်ထဲ ရောက်နေပြီ။ ဦးမြစကြာလည်း ကိုယ်လွတ်ရန်းပြီး ကျွန်တော့်ကို အပြစ်ပုံချပြောနေတယ်။ နောက်ဆုံး ၃၈၀ နဲ့ တရားစွဲပြီး ထောင်ချလိုက်တယ် ဆရာ"

ဟု ပြော၏။

"အင်း . . . မင်းဘဝကလည်း မြေနိမ့်ရာ လှံစိုက်ဘဝပဲ"

ဟု ပြောလိုက်သည်။

"ကျွန်တော်တော့ မပြောတတ်ဘူးဆရာ။ ပါးစပ်က ဘုရား ဘုရားဆိုပြီး လက်က ကားရားကားရားလုပ်တဲ့သူကြောင့် ကျွန်တော် ဒီလိုဖြစ်ရတာလေ။ ဒါကြောင့် . . . ဒါကြောင့် ဒီအသံကြားတော့ ပေါက်ကွဲသွားခဲ့တာပါ"

ဟု ရှင်းပြသည်။ ထိုစဉ် ဘယ်အချိန်က ရောက်နေမှန်းမသိသည့် အခန်းလူကြီးက မောင်မြပခုံးကို ဆုပ်ကိုင်ပြီး –

"မင်းဘဝ အဖြစ်မှန်ကို သိရတော့ ငါတောင် စိတ်မကောင်းဖြစ်သွားတယ် မောင်မြ။ ငါစိတ်လိုက်မာန်ပါ လုပ်လိုက်တဲ့အတွက် စိတ်မဆိုးနဲ့နော်။ ဆရာတော်ဦးဗုဒ်က နန်းမတော်မယ်နုကို မိန့်သလို ဝဋ်ရှိ၍သာ ခံရတယ်လို့ မှတ်လိုက်။ တစ်နည်းပြောရရင် ကြွေးဆပ်လိုက်တာပေါ့"

ဟု ဝင်ပြော၏။

"မှန်တယ် မောင်မြ။ ဒီကိစ္စနဲ့ ပတ်သက်လို့ မင်း ဥပါဒါန်စွဲမနေနဲ့။ အကုသိုလ်ဖြစ်တယ်။ 'ပြုသူအသစ်၊ ဖြစ်သူအဟောင်း' ဆိုတဲ့ စကားရှိတယ်။ မကောင်းမှုပြုသူဆိုတာ မကောင်းကျိုးခံရမှာ မုချပဲ။ မင်း မဖြစ်စေနဲ့။ ကုသိုလ်ကောင်းဖို့အတွက် ကောင်းတဲ့စိတ်မွေး၊ ကောင်းမှုပြုရင် ကောင်းကျိုးခံစားရမှာပါ"

"ကျေးဇူးပါပဲ ဆရာ"

☆ ☆ ☆ ☆ ☆

ကျွန်တော်က ကံလှည့်စားမှုကြောင့် အကျဉ်းသားဖြစ်ခဲ့သော်လည်း ကျွန်တော့်အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာသို့ တင်ပြရာ ခရိုင်ရဲမှူးကြီး ဦးခင်မောင်အေးက တာဝန်ယူစစ်ဆေးပြီး အမှုမှန်အား တင်ပြရာ အမှုမှာ မှားယွင်းနေကြောင်း ပေါ်ပေါက်ခဲ့၏။

သည်အခါ နိုင်ငံတော်တရားရုံးမှ အပြစ်ပေးပြီးဖြစ်သဖြင့် ပြန်လွတ်ရန် အဆင့်မြင့် တရားရုံးအမိန့် လိုအပ်သဖြင့် အယူခံတင်ရ၏။ အယူခံရုံးမှ ကျွန်တော့်အမှုအား အပြစ်မရှိ တရားသေလွတ်မိန့် ချပေး၏။

ကျွန်တော် မှတ်မိသေး၏။

တစ်ညနေ ထောင်ကျရုံးမှ တာဝန်ကျသည့် အကျဉ်းသား တင်ထွန်းနိုင်က အဆောင်သို့ရောက်လျှင် –

"စာရေးဆရာ အယူခံနိုင်သွားပြီ။ လွတ်မိန့်ကို ညနေ ခြောက်နာရီမှ ရောက်လာလို့ မနက်လွတ်လျှော့ဖြစ်ပြီ"

ဟု ဝမ်းသာအားရ ပြော၏။ ထိုညက ကျွန်တော့်အပျော်ဆုံးည။

မနက်ဖြန်လွတ်လျှင် ကျဆောင်တွင် ကျွန်တော်သုံးစွဲခဲ့သည့် ပစ္စည်းများအား ခွဲတမ်းချပေးခဲ့၏။

ထိုစဉ် . . . ကျွန်တော့်အနားသို့ မောင်မြရောက်လာ၏။

"သြော် . . . မောင်မြ၊ မင်းအတွက် စောင်နဲ့ ထောင်ဝင်စာလက်ကျန်ပါ ချန်ထားတယ်"

ဟုပြောရာ မောင်မြက –

"ကျွန်တော် ဆရာ့ကို တစ်ခု တောင်းဆိုချင်ပါသေးတယ် ဆရာ"

ဟု ပြော၏။

"ဘာလဲကွ"

"ဆရာလွတ်သွားရင် ဆရာ နေ့စဉ် ညစဉ် ပြုနေတဲ့ အမှုဝေ၊ သာဓုခေါ်ပြီးတာနဲ့ ကြေးစည်ထုတဲ့ တာဝန်ကလေးကို ကျွန်တော် လွှဲယူနိုင်ဖို့ အခန်းလူကြီးကို ပြောပေးပါဆရာ"

ထိုစဉ် အနားသို့ ရောက်နေသည့် အခန်းလူကြီးက –

"စာရေးဆရာ . . . ပြောဖို့မလိုတော့ပါဘူး။ မင်းဆန္ဒ ပြည့်ဝစေရပါမယ်။ မင်းကိုယ်တိုင်သာ ကောင်းမှုမြတ်နိုးပြီး ကောင်းအောင်ကြိုးစားပါ။ စာရေးဆရာက မင်းကို ကြေးစည်ကလေး လွှဲပေးလိမ့်မယ်။ မင်းကိုလည်း ငါက ဒီကနေ့ကစပြီး ရွှေကြေးစည်မောင်မြလို့ ခေါ်တော့မယ်"

ဟု ပြော၏။

"ဝမ်းသာလိုက်တာ အခန်းလူကြီးနဲ့ ဆရာရယ်"

သူ့မျက်နှာတွင် ပီတိပြုံးတွေ ဝေဝေဆာဆာ . . .။

အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ပါကစ္စတန်မှ အမျိုးသမီးများ ပညာသင်ကြားရေးလိုလားသည့် မာလာလာ ကုလသမဂ္ဂ တွင် ရင်ဖွင့်အမှာစကားပြောကြား

ပါကစ္စတန်နိုင်ငံ၊ ပတ်ရှုဝါဒေသမှ ကျောင်းသူလေး မာလာလာသည် မိန်းကလေးများ ပညာသင်ကြားခွင့်ရရေးအတွက် စည်းရုံးလှုံ့ဆော်မှုကြောင့် အစွန်းရောက်တာလီဘန်တို့၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။ လည်ချောင်းတွင် သေနတ်ဒဏ်ရာရရှိသော်လည်း ပါကစ္စတန်မှ ဆရာဝန်များနှင့် ဗြိတိန်မှ သမားတော်တို့ ကုသမှုကြောင့် အသက်ရှင်သန်ခဲ့ရသည်။ ထိုဖြစ်ရပ်သည် ကမ္ဘာအရပ်ရပ်ရှိ ပညာမသင်ကြားနိုင်သော၊ ပညာသင်ကြားခြင်း ပိတ်ပင်ခံရသော အမျိုးသမီးများအတွက် ပြယုဂ်တစ်ခုအဖြစ် ကမ္ဘာအရပ်ရပ်က သိရှိလာခဲ့သည်။ သူမသည် ကောင်းစွာကျန်းမာလာပြီဖြစ်၍ ၁၆ နှစ်မြောက် မွေးနေ့တွင် အမေရိကန်၊ နယူးယောက်ရှိ ကမ္ဘာ့ကုလသမဂ္ဂခန်းမတွင် အမှာစကားပြောကြားခွင့်ရခဲ့ကြောင်း ၁၃. ၇. ၁၃ သတင်း၌ ဖော်ပြလိုက်သည်။

ကျွန်မတို့ရဲ့ ကမ္ဘာကြီး တိုးတက်သာယာဝပြောအောင် ပညာရေးကသာ ပြောင်းလဲဆောင်ရွက်နိုင်ပါတယ်။ စာအုပ်များကို ရယူကိုင်တွယ်ကြပါစို့။ ကျောင်းသားတစ်ယောက်၊ ဆရာတစ်ဦး၊ မင်တံတစ်ချောင်းနှင့် စာအုပ်တစ်အုပ်သည် ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်တဲ့ အင်အားရှိသော လက်နက်များ ဖြစ်ကြပါတယ်''ဟု ပြောကြားခဲ့သည်။

ထိုအခမ်းအနားတွင် UN အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအပါအဝင် ကျောင်းသူ/ကျောင်းသား ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ မာလာလာ၏ ပြောကြားချက်မှာ ပါကစ္စတန်တွင် အမျိုးသမီးများ ပညာသင်ကြားခွင့်ရရေး လှုံ့ဆော်မှုကြောင့် ဘာသာရေးအစွန်းရောက် စစ်သွေးကြွတာလီဘန်တို့ လုပ်ကြံခံရပုံနှင့် သူ့မိတ်ဆွေများ အသတ်ခံရပုံတို့ကို ပြောကြားခဲ့သည်။

''တာလီဘန်တွေဟာ ကျွန်မတို့ရဲ့ ပညာလိုလားသော မိန်းကလေးများကို သတ်ဖြတ်ခဲ့ကြပါတယ်။ သူတို့ရဲ့အတွေးဟာ၊ ကျည်ဆန်ဟာ ကျွန်မတို့ဆန္ဒကို ရပ်တန့်တိတ်ဆိတ်အောင် လုပ်နိုင်တယ်လို့ သူတို့ထင်ကြပါတယ်။ ဒါဟာ မှားကြောင်း သူတို့သိသွားပါပြီ။ တစ်ချက်တိတ်အောင် ပြုလုပ်ချက်ကြောင့် ထောင်သောင်းမကသော မြည်တွန်ပြောသံတွေ ထွက်လာပါတယ်။ ၂၀၀၇ ခုနှစ်က ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို (လုပ်ကြံခံရပြီး သေဆုံးခဲ့သူ) ပိုင်သော အဖြူရောင်ဆာရီဝတ်စုံကို ဂုဏ်ရှိဝတ်ဆင်ထားသော မာလာလာက ဆက်လက်ပြောကြားသည်မှာ –

''စစ်သွေးကြွတွေဟာ ကျွန်မဘဝကို ခွန်အားနည်းအောင်၊ ကြောက်ရွံ့လာအောင်၊ မျှော်လင့်ချက်တွေ ကင်းမဲ့အောင်နှင့် အသက်သေအောင ဆောင်ရွက်ကြပါတယ်၊ ဒီလိုဆောင်ရွက်ခံရမှုကြောင့် ကျွန်မ မတုန်လှုပ်ဘဲ အားသစ်တွေ၊ သတ္တိတွေတောင် ပေါက်ဖွားလာပါတယ်''

ဆက်လက်၍ မာလာလာက –

''ကျွန်မ အခုလိုပြောဆိုခြင်းဟာ ကလဲ့စားချေလိုခြင်း၊ မကောင်းသတင်း အပုပ်ချခြင်း မဟုတ်ပါဘူး။ ကျွန်မဟာ တာလီဘန်ဖြစ်စေ၊ အကြမ်းဖက်အုပ်စုကိုဖြစ်စေ သူ့အယူအဆနှင့်သူ ရှိနေသည်ကို ဝေဖန်ပုတ်ခတ်ခြင်း မဟုတ်ပါဘူး။ ကလေးသူငယ် ကျား/မ မရွေး ပညာသင်ကြားခွင့်ရအောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ တာလီဘန်ဖြစ်စေ၊ စစ်သွေးကြွဖြစ်စေ သားသမီးများမွေးထားရင်လည်း သူလေးတို့ ပညာတတ်စေလိုပါတယ်။ ကျွန်မလက်ထဲမှာ ကျည်ထိုးထားတဲ့ သေနတ်ရှိပြီး ကျွန်မရှေ့မှာ ကျွန်မကိုလုပ်ကြံသတ်ဖြတ်ခဲ့တဲ့ တရားခံလာရပ်နေတာတောင် ကျွန်မ လက်စားချေပစ်ခတ်ခြင်း မပြုလိုပါ''ဟု ပြောကြားခဲ့သည်။

ညိုမင်းလွင်(မော်ကျွန်း)

Ref: Internet News, 20.7.13

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဓါးခုတ်ရာ လက်လျှို

ဝသုန်မဟိန်းထက်

"ဘယ်လိုလဲ လက်ပွားဖိုးထောင်၊ မင်း ရောက်လာပြန်ပြီလား"

ဒုရဲအုပ် ကိုပိုင်စိုးက မိမိရှေ့တွင် ငုတ်တုတ်ထိုင်နေသော ဖောက်ထွင်းဝိဇ္ဇာ လက်ပွားဖိုးထောင်အား မေးလိုက်၏။ ဖိုးထောင်ကား ဤရဲစခန်းနှင့် မစိမ်းလှ။ ဖောက်ထွင်းမှုဖြင့် အချုပ်ထဲကို အကြိမ်ကြိမ်အခါခါ ရောက်နေကြဖြစ်သည်။

သို့သော် ထူးခြားမှုတစ်ခုတော့ရှိသည်။ ဖိုးထောင်က ချမ်းသာတဲ့အိမ်တိုင်းကို မဖောက်ထွင်းပါ။ အမြတ်ကြီးစား ဝိသမလောဘသားများ၏ အိမ်ကိုမှ ရွေးချယ်ဖောက်ထွင်း၏။ ရလာသောငွေကြေးဥစ္စာများကိုလည်း သူ့အတွက် အချိုးကျယူပြီး ကျန်တစ်ဝက်ကို မျက်မမြင်ကျောင်းများ၊ သက်ကြီးဂေဟာများ၊ နွမ်းပါးချို့တဲ့သူများကို လှူပစ်၏။

ထို့ကြောင့်လည်း သူ့ကို "ခေတ်သစ်ငထက်ပြား" ဟု သတ်မှတ်ထားကြ၏။ ထိုအကြောင်းကို ရဲစခန်းက ကောင်းစွာသိပါသည်။ ထို့ပြင် ဖိုးထောင်လို လူမျိုးကို ကျောသပ်မွေးထားရုံဖြင့် ဒုစရိုက်လောက၊ အမှောင်လောက၏ သတင်းအစုံကို ရရှိပြီးသား။ ထို့ကြောင့်လည်း ဥပဒေအရ ထိုက်သင့်သော ပြစ်ဒဏ်ကိုပေး၍ အရေးယူကြရသော်လည်း ပုဂ္ဂိုလ်ရေးအရ ခင်မင်မှုရှိနေကြ၏။ ယခုလည်း ဖိုးထောင်တစ်ယောက် စခန်းကို ရောက်လာပြန်ပြီ။

သို့သော် သည်တစ်ခါ ရောက်လာပုံကခါတိုင်းနှင့်မတူ။ အနည်းငယ် ထူးဆန်းနေ၏။ ခါတိုင်းလို ဖောက်ထွင်းမှုသက်သက်မဟုတ်။ လူသတ်မှုကိုပါ ကျူးလွန်မှုဖြစ်နေလေသည်။

"ကဲ · ·ပြောစမ်းပါဦး။ ဘာတွေ ရှုပ်လာပြန်ပြီလည်း ဖိုးထောင်။ ပြီးတော့ လူသတ်မှုကိုပါ ကျူးလွန်ခဲ့တာနော်။ မကြုံစဖူးဘဲ၊ ပြောစမ်းပါဦးကွာ"

ဒုရဲအုပ် ကိုပိုင်စိုးက စိတ်ရှုပ်ထွေးစွာဖြင့်မေး၏။ ဖိုးထောင်က လူသတ်မှုကျူးလွန်သည်ကိုက ယုံနိုင်စရာမရှိ။

"ကျွန်တော် အမှန်ပြောတာပါဆရာ။ ကျွန်တော်လူမသတ်ဘူး။ ကျွန်တော်ပြောတာ ယုံပါဆရာ"

www.burmeseclassic.com

www.burmeseclassic.com

ဖိုးထောင်ကတော့ ခေါင်းကိုတွင်တွင်ခါ၍ ငြင်းနေ၏။

"အိမ်း··ငါတို့လည်း ဒါကိုပဲ စဉ်းစားနေတာ။ မင်းရဲ့ မှတ်တမ်းတွေမှာလည်း ဒါမျိုး တစ်ခါမှ မတွေ့ဖူးပါဘူး။ အခုမှ ဘယ်လိုဖြစ်ရတာလဲလို့"

"တကယ်ပါဆရာ။ ဒီအိမ်ကို ဖောက်ထွင်းခဲ့တာ မှန်ပါတယ်။ ကျွန်တော်ဝန်ခံပါတယ်ဆရာ။ ဒါပေမယ့် လူမသတ်ပါဘူး။ ကျွန်တော့်ကို သက်သက်ထောင်ဖမ်းခဲ့တာပါ"

"ကောင်းပြီလေ။ မင်း ကြုံတွေ့ခဲ့ရသမျှကို အသေးစိတ် ပြောပြပါဦး"

"စိတ်ချပါဆရာ။ ကျွန်တော် အစအဆုံး မခြွင်းမချန် ပြောပြပါ့မယ်။ အဖြစ်ပျက်က ဒီလိုပါဆရာ။·····။
·········။·············။···
···········။··········"

※ ※ ※

ကြယ်မရှိ၊ လမသာ၊ ပကတိအမှောင်ကမ္ဘာဖြစ်နေသော ညတစ်ည။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံဝတ်ထားသော လူတစ်ယောက်သည် ညအမှောင်ကို အကာအကွယ်ပြု၍ သွက်လက်စွာလှုပ်ရှားနေ၏။ ထိုသူကား ဖောက်ထွင်းဝိဇ္ဇာ လက်ပွားဖိုးထောင်ပင်တည်း။

အချိန်က သက်ကြီးခေါင်းချအချိန်။ ဦးစိုင်းဝဏ္ဏကျော်၏ နှစ်ထပ်တိုက်ကြီးမှာတိတ်ဆိတ်နေ၏။ အနောက်ဘက်ကြောင်လိမ်လှေကားမှ တက်လာသည်အထိ မည်သည့်အနှောင့်အယှက်မျှ မတွေ့ရသေး။ အပေါ်ထပ် ဝရန်တာကို ခြေချမိသည်နှင့် အစစအရာရာ သတိပြုလှုပ်ရှားရတော့သည်။ ဖိုးထောင်၏ ဦးတည်ရာအရပ်ကား ဦးစိုင်းဝဏ္ဏကျော်၏အိပ်ခန်းဆီသို့။

လုပ်ငန်းမစမီကတည်းက အစစအရာရာ စေ့စပ်သေချာစွာ လေ့လာထားပြီးဖြစ်၍ ကြီးကြီးမားမား အခက်အခဲမရှိ။ အခန်းဖွဲ့စည်းပုံ၊ လူဦးရေစတာတွေကို အလွတ်ရနေခဲ့ပြီဖြစ်၏။

ကနုတ်ပန်းများဖြင့် အလှဆင်ထားသော တံခါးရှေ့အရောက်တွင်ဖိုးထောင်ဒူးထောက်ထိုင်ချလိုက်သည်။ Air Conမှ ပန်ကာလည်သံမှအပ တိတ်ဆိတ်နေ၏။

ကျောပိုးအိတ်ထဲမှ ပစ္စည်းကိရိယာများကို ညင်သာစွာထုတ်၍ အလုပ်စလေပြီ။ ဤသော့လောက်ကတော့ ဖိုးထောင်အတွက်စာမဖွဲ့။ သိပ်မကြာလိုက်။ တံခါးပွင့်သွားပြီ။ တံခါးကို အသာဟ၍ လှစ်ကနဲ တိုးဝင်လိုက်၏။ ညအိပ်မီးလုံး ပြာလဲ့လဲ့၏ မှုန်ဝါးဝါးအလင်းရောင်ဖြင့် အခန်းတစ်ခုလုံးကို လေ့လာလိုက်မိသည်။

"ဟင် · ·ဘယ်သူမှလည်း မရှိပါလား" ဖိုးထောင်အံ့ဩသွားရသည်။ သူထင်ထားတာက ဒီအချိန်ဆိုရင် ဦးစိုင်းဝဏ္ဏကျော်တစ်ယောက် နှစ်ခြိုက်စွာအိပ်မောကျနေလောက်ပြီဟု ထင်ထား၏။ အခုတော့ အရိပ်အယောင်ပင် မတွေ့။ ကြာကြာ မစဉ်းစားနိုင်။ မီးခံသေတ္တာကိုဖွင့်ရန် ကြိုးစားရတော့၏။

"ဟာ အဲဒါမှ ပြဿနာပဲ" မီးခံသေတ္တာက အင်္ဂလန်မှ အထူးပြုလုပ်ထားသော မီးခံသေတ္တာ။ ဒိုင်ခွက်အတွင်းရှိ ဂဏန်းလေးလုံးကို မှန်အောင်လှည့်နိုင်မှ ပွင့်၏။ ပိုင်ရှင်၏ စိတ်ကြိုက်ဂဏန်းလေးလုံးကို သိဖို့မလွယ်။ ပိုင်ရှင်ကလည်း ထိုဂဏန်းလေးလုံးကို ရေးမှတ်ထားမည်မဟုတ်။ သူ့ဦးနှောက်ထဲတွင်သာမှတ်ထားပေလိမ့်မည်။ မမေ့နိုင်သော ဂဏန်းမျိုးလည်းဖြစ်ပေလိမ့်မည်။

အပွဲပွဲနွှဲလာသမျှ ဒီတစ်ပွဲမှာ ရင်မောသွားရ၏။ 1-2-3-4 ကဲ့သို့ စီးရီးအလိုက် နံပါတ်များစမ်းကြည့်သည်။ မပွင့်။ တိုက်ကြီး၏ နံဖူးစီးတွင် ရေးထားသော "1980 တွင် တည်ဆောက်သည်" ဟူသော စာတန်းကိုသတိရ၍ လှည့်ကြည့်သေးသည်။ သို့သော် မပွင့်။ ဦးစိုင်းဝဏ္ဏကျော် စီးသောကားနံပါတ်ကို သုံးကြည့်သော်လည်း မီးခံသေတ္တာကား မပွင့်။

"ဟူး ဒုက္ခပါပဲ။ ဦးစိုင်းဝဏ္ဏကျော်ကတော့ ငါ့ကိုပညာပြတာပဲ။ စိုင်းဝဏ္ဏကျော် စိုင်းဝဏ္ဏကျော် ဟာ ဟုတ်ပြီ"

ဖိုးထောင်၏ ခေါင်းထဲ အသိတစ်ချက်လက်ကနဲ ဖြစ်သွား၏။ ဂဏန်းလေးလုံးကို လှည့်လိုက်တော့···

"ချောက်"

"ဟာ ပွင့်ပြီကွ"

မီးခံသေတ္တာကား အမှန်ပင် ပွင့်ခဲ့လေပြီ။ ဖိုးထောင် စဉ်းစားမိသည်ကား အခြားမဟုတ်။ "စိုင်းဝဏ္ဏကျော်" ဟူသော နာမည်လေးလုံးကို နံသင့်

www.burmeseclassic.com

www.burmeseclassic.com

ကောက်က (3-4-7-2) ဟုရသည်။ ထို ဂဏန်းလေးလုံးကား မီးခံသေတ္တာသော့ ဖြစ်နေသည်တကား။ ဖိုးထောင်၏ စိတ်ကူးက အပေါက်လမ်း တည့်သွားရပြီ။

မီးခံသေတ္တာထဲမှ ငွေသားအတော်များများနှင့် အဖိုးတန် လက်ဝတ်ရတနာများကို သိမ်းကျုံး၍ ကျောပိုးအိတ်ထဲ ထည့်လိုက်၏။ အခုထိတော့ မည်သည့်အနှောင့်အယှက်မျှ မရှိသေး။ လိုချင်တာရပြီဖြစ်၍ ပြန်လှည့်ရန် ပြင်လိုက်စဉ်မှာပင် လူသံများကို ကြားလိုက်ရ၍ ဗီရိုကြီးတစ်ခု၏ နောက်သို့ကမန်းကတမ်းဝင်ပုန်းနေလိုက်ရ၏။ တစ်အိမ်လုံး မီးများထိန်လင်းနေပေပြီ။

"ဘုရား · ·ဘုရား။ ငါဝင်လာတာများ သိသွားကြလို့လား"

အတွေးမဆုံးသေးခင်မှာပင် အခန်းတံခါးပွင့်သွားပြီး လူနှစ်ယောက်ဝင်လာသည်ကို တွေ့လိုက်ရ၏။ ဖိုးထောင်မှာ အသက်ပင် ရှဲရှဲမရှုရဲ။ မီးဖွင့်လိုက်၍ အခန်းထဲမှာ လင်းလင်းချင်းချင်းဖြစ်သွားသည်။ ဖိုးထောင်တွေ့လိုက်ရသည်က ဦးစိုင်းဝဏ္ဏကျော်နှင့် သူ၏တပည့် လူထွားကြီး ယက္ခပင်တည်း။

ယက္ခသည် ဦးစိုင်းဝဏ္ဏကျော်၏ သစ္စာရှိ ညာလက်ရုံး သက်တော်စောင့်လည်းဖြစ်၏။ ကြွက်သားအမြှောင်းလိုက်ဖြင့် လူဘီလူးကြီးတစ်ကောင်လိုသန်မာ ထွားကြိုင်းလှသော ယက္ခကိုကြည့်၍ ဖိုးထောင်တစ်ယောက် ကျောချမ်းသွားမိသည်။ မိမိနှင့်နှိုင်းယှဉ်လျှင် ဆင်နှင့်ဆိတ်သဖွယ်ပင်တည်း။

"ယက္ခ မင်း ဗိုဗိုရိုရိုလုပ်နော်"

ဦးစိုင်းဝဏ္ဏကျော်က လေသံတိုးတိုးဖြင့် ခပ်အုပ်အုပ်ပြောလိုက်သံကို ကြားလိုက်ရသည်။

"စိတ်ချပါဆရာ။ ကျွန်တော့်အကြောင်းလည်း ဆရာသိရက်သားနဲ့"

"အေးပါ · ·ဘာပဲဖြစ်ဖြစ် သတိဆိုတာပိုတယ်မရှိဘူး။ အခု ဦးသီဟရောက်လာတော့မယ်။ အဓိကကတော့ သူ့လက်ထဲက ပတ္တမြားကြီးကို ရဖို့ပဲ။ သူကငါ့ကိုယုံပြီး တစ်ဘက်နိုင်ငံမှာ ရောင်းဖို့ ငါ့ဆီယူလာတာကွ"

"ဒီ ပတ္တမြားက တော်တော်တန်သလား ဆရာ"

"ဟာ··ဘယ်နယ့်ပြောပါလိမ့်။ နေချင်းညချင်းသန်းကြွယ်သူဌေးကြီး ဖြစ်သွားမှာကွ။ ဒီလောက်ကြီးပြီး ဒီလောက်အရည်အသွေးကောင်းတဲ့ ပတ္တမြားကို ငါ့တစ်သက် မတွေ့ဖူးသေးဘူး"

ဦးစိုင်းဝဏ္ဏကျော်က မှာစရာရှိသည်များကို မှာကြားပြီးနောက် အံဆွဲတစ်ခုအတွင်းမှ စာရွက်စာတမ်းများယူ၍ နှစ်ယောက်သား ပြန်ထွက်သွား

မီးခံသေတ္တာထဲမှ

ငွေသားအတော်များများနှင့် အဖိုးတန် လက်ဝတ်ရတနာများကိုသိမ်းကျုံး၍ ကျောပိုးအိတ်ထဲ ထည့်လိုက်၏။ အခုထိတော့ မည်သည့်အနှောင့်အယှက်မျှ မရှိသေး။ လိုချင်တာရပြီဖြစ်၍ ပြန်လှည့်ရန် ပြင်လိုက်စဉ်မှာပင် လူသံများကို ကြားလိုက်ရ၍ ဗီရိုကြီးတစ်ခု၏နောက်သို့ ကမန်းကတမ်း ဝင်ပုန်းနေလိုက်ရ၏။ တစ်အိမ်လုံး မီးများ ထိန်လင်းနေပေပြီ · · ·

www.burmeseclassic.com

ကြတော့သည်။ ဖိုးထောင်လည်း ထို ပဌာန်းများကြီးကို စိတ်ဝင်စားသွားမိသည်။

ထိုစဉ်မှာပင် ခြံထဲသို့ဝင်လာသော ကားတစ်စီး၏ အသံကိုကြားလိုက်ရပြီး စကားပြောသံများကိုပါ ကြားလိုက်ရ၏။ ဖိုးထောင်လည်း သိချင်စိတ်လွှမ်းမိုးမှု ကြောင့် အောက်ထပ်သို့ တိတ်တဆိတ် ဆင်းလာခဲ့သည်။ သူလေ့လာထားသမျှ အိမ်သူအိမ်သား များစွာရှိသော်လည်း အခုတော့ တစ်ယောက်မျှ မတွေ့။ အောက်ထပ်ရှိ ဧည့်ခန်းထဲတွင်တော့ ဦးစိုင်းဝဏ္ဏကျော်နှင့် ဧည့်သည် "ဦးသီဟ"ကို တွေ့ရ၏။ ယက္ခကမူ ဦးစိုင်းဝဏ္ဏကျော်၏ အနောက်ဘက် တွင် သက်တော်စောင့်ပီသစွာ ငြိမ်သက် လျက်ရပ်နေ၏။

ဖိုးထောင်သည် အခြေနေကို သိရန် ကြီးမားသောပန်းအိုးကြီးတစ်လုံး ၏နောက်တွင် ပုန်းအောင်းရင်း အကဲ ခတ်နေမိသည်။ လေသံတိုးတိုးဖြင့် ပြောဆိုနေကြ၍ သဲသဲကွဲကွဲတော့ မကြားရ။ သို့သော် ရှင်းရှင်းလင်းလင်း တော့ မြင်တွေ့နေရသည်။

ဦးသီဟက ရွှေရောင်သေတ္တာငယ် လေးကို ထုတ်ပြနေသည်။ အတွင်းက ပစ္စည်းကို ဖိုးထောင်မမြင်ရသော်လည်း ပဌာန်းများကြီးပင် ဖြစ်ပေလိမ့်မည်။ဆယ် မိနစ်ကျော်ကျော်ခန့် ပြောဆိုကြပြီး နောက် ဦးသီဟက ပြန်ရန်ထလိုက်၏။

ထိုစဉ် ရိပ်ကနဲ လှုပ်ရှားလိုက် သူက "ယက္ခ" အရွယ်နှင့်မလိုက် အောင် လျင်မြန်စွာဖြင့် တိုးကပ်သွားပြီး သူ၏သန်မာသော လက်မောင်းဖြင့် ဦး သီဟ၏လည်ပင်းကို နောက်မှသိုင်းဖက် ၍ညှစ်လိုက်၏။

"ဟော့••ဘာလုပ်••လုပ်••အစ် အီး"

ဦးသီဟတစ်ယောက် စကားဆုံး အောင်ပင် မပြောလိုက်နိုင်။ ယက္ခ၏ သန်မာသောလက်က ပြုတ်တူအလား ဦးသီဟ၏ လည်မျိုကို ညှစ်သတ်လိုက် ချေပြီ။ အခုတော့ ဦးသီဟတစ်ယောက် ငြိမ်သက်ပျော့ခွေကျသွားလေပြီ။

"ဟာ" ဖိုးထောင်လည်း အံ့ဩ ထိတ်လန့်စွာဖြင့် အသံထွက်သွားမိ သည်။ နားပါးသောယက္ခက ချက်ချင်း ပင် ဖိုးထောင် ပုန်းအောင်းရာနေရာသို့ လှမ်းကနဲ ရောက်ရှိလာလေပြီ။ ဖိုးထောင် ကပြေးဖို့ အားယူသော်လည်း မမီတော့။ ယက္ခ၏ သံမဏိလက်အစုံက ဖိုးထောင်ကို ကောင်းစွာချုပ်ကိုင်ထား လေပြီ။

"အစ်••အစ်"

ဖိုးထောင်၏ ပိန်ပိန်ပါးပါး ခန္ဓာ ကိုယ်လေးသည် လှုဘီလူးကြီးကြောင့် လေထဲမှာ ကြွနေ၏။

"မသတ်နဲ့ယက္ခ။ သူ့ကို မသတ်နဲ့"

ဦးစိုင်းဝဏ္ဏကျော်က လှမ်းအော် သည်။

"ဟာ••ဆရာကလည်း ဒီကောင် က ကျွန်တော်တို့ လျှို့ဝှက်ချက်ကို သိသွားပြီလေ"

"မင်းမသိပါဘူးယက္ခ။ ဒီကောင်ကို ငါတို့အသုံးချရမှာ"

ဦးစိုင်းဝဏ္ဏကျော်က တယ်လီဖုန်း ရှိရာသွား၍ ဖုန်းဆက်လေတော့သည်။

"ဟယ်လို••ရဲစခန်းကပါလား"

ထို့နောက်မှာတော့ ဖိုးထောင် ဘာမှမသိတော့။ ယက္ခ၏ လက်ဝါး စောင်းက ဖိုးထောင်၏ လည်ကုပ်ဆီသို့ "ဖြောင်း"ကနဲ အရှိန်ပြင်းစွာ ကျလာခဲ့ ပြီးနောက် အရာရာသည် ဖိုးထောင် အတွက်မှောင်အတိ ကျသွားရလေပြီ။

သူ ပြန်သတိရလာချိန်မှာတော့ ရဲတွေရောက်နေပြီ။ ရဲများက ဖိုးထောင် ကိုလက်ထိပ်ခတ်၍ ရဲစခန်းခေါ်လာ သည်အထိ အဖြစ်ပျက်ကို နားမလည် ရှုပ်ထွေးစွာ ခံစားနေမိသည်။

"အဖြစ်ပျက်ကတော့ ဒါပါပဲဆရာ။ ကျွန်တော်ပြောတာ အမှန်တွေချည်းပါပဲ ဆရာ၊ ဦးသီဟကို ကျွန်တော် မသတ် ပါဘူး"

"မင်းပြောတာကို ငါယုံတယ် ဖိုးထောင်။ မင်းကို တည်ကြက်အဖြစ် အသုံးပြုလိုက်တာပဲ။ ဒါပေမယ့် ငါတို့မှာ လောလောဆယ် ဆက်လုပ်ရမှာတွေ ရှိသေးတယ်။ ခြေခြေမြစ်မြစ်၊ ခိုင်ခိုင် မာမာဖြစ်အောင် အမှုကို ဖော်ထုတ်ရ ဦးမယ်။ ဒီတော့ လောလောဆယ် အချုပ်ထဲမှာပဲနေ။ ဆေးစစ်ချက်တွေ ယူရဦးမယ်။ ယက္ခသတ်ကြောင်း ထင် ရှားတဲ့ သက်သေပြချက်တွေ ဖော်ထုတ် ရဦးမယ်။သဘောပေါက်လား ဖိုးထောင်"

"သဘောပေါက်ပါတယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တွင်တော့ ဒုရဲအုပ် ကိုပိုင်စိုးသည် အမှုအတွက် ဦးစိုင်းဝဏ္ဏကျော်ကို ခေါ်ယူစစ်မေးခဲ့၏။

"ကိုသီဟက ကျွန်တော့်ဆီ ဖုန်းဆက်တယ်။ သူ ခရီးထွက်ရာက ပြန်လာတော့ မိုးချုပ်သွားလို့ ကျွန်တော့်အိမ်မှာ တစ်ညဝင်တည်းဖို့ကိစ္စပါ။ ခါတိုင်းလည်း ဒီလိုပါပဲ"

"ဘယ်အချိန်မှာ ဦးသီဟရောက်လာတာလဲ ဦးစိုင်းဝဏ္ဏကျော်"

"အတော်မိုးချုပ်နေပြီဗျ။ ည ၁၂ နာရီကျော်ရောပေါ့"

"ဒါနဲ့ ဦးစိုင်းဝဏ္ဏကျော်တို့ အိမ်က အိမ်သားတွေကော"

ဒုရဲအုပ်ကိုပိုင်စိုးက ဖြတ်မေးလိုက်တော့ ဦးစိုင်းဝဏ္ဏကျော်က နှုတ်ခမ်းတွန့်ပြုံးလိုက်ပြီးမှ -

"အိမ်သားတွေက ပုဂံ၊ ပုပ္ပါးဘုရားဖူးထွက်ကြတယ်လေ"ဟု ဖြေ၏။

"ဒါဆို အိမ်မှာ ဘယ်သူတွေရှိလဲ"

"ကျွန်တော်နဲ့ ကျွန်တော့်တပည့် ယက္ခ၊ ပြီးတော့ ထမင်းချက် ဒေါ်ရွှေအနဲ့ ခြံစောင့်ဦးသံချောင်းတို့ရှိပါတယ်"

"ဦးအပြင်သွားတော့ ဘယ်သူက ကားမောင်းပြီး ပို့ပေးပါသလဲ"

"ယက္ခပါ။ ယက္ခကပဲ လိုက်ပို့နေကျပါ။ သူက ဒရိုင်ဘာဆိုလည်း ဟုတ်၊ သက်တော်စောင့်လည်း ဟုတ်ပါတယ်"

"သြော် . . ကျေးဇူးတင်ပါတယ်။ ခုနကစကား ဆက်ရှင်းပြပါဦး"

"အင်း . . ဒီလိုပါ။ ကိုသီဟရောက်မလာခင်လေးမှာပဲ ကျွန်တော့်အခန်းထဲက မီးခံသေတ္တာကြီးပွင့်နေပြီး ငွေသားတွေ၊ လက်ဝတ်လက်စားတွေ အခိုးခံရတာ သိလိုက်ရပါတယ်။ သူခိုးဟာ ဒီအချိန်မှာ ဦးရဲ့အခန်းထဲမှာပဲ ရှိသေးတာကိုး။ မီးဖွင့်လိုက်တော့မှ ဒင်းက ဝုန်းဆို ထွက်ပြေးတာနဲ့ ယက္ခလည်း အတင်းလိုက်ဖမ်းခဲ့တယ်။ သူခိုးဟာ သွေးရူးသွေးတန်းနဲ့ ပြေးဆင်းချိန်မှာပဲ ကိုသီဟ ရောက်လာတာနဲ့ သွားတိုးတော့ နှစ်ယောက်သား တိုက်မိကြပြီး လုံးထွေးသွားတာပေါ့။ ဒီမှာတင် သူခိုးဟာ လုပ်မိလုပ်ရာနဲ့ လည်ပင်းညှစ်မိပြီး ကိုသီဟ သေဆုံးသွားရတာပဲဗျာ၊ ယက္ခကြီးက သူ့ကိုမိသွားချိန်မှာတော့ ကျုပ်သူငယ်ချင်း ကိုသီဟကတော့ ခင်ဗျားတို့မြင်တဲ့အတိုင်းပါပဲဗျာ"

ဦးစိုင်းဝဏ္ဏကျော်က စိတ်မကောင်းသောလေသံဖြင့် ထွက်ဆို၏။ ယက္ခကို စစ်မေးတော့လည်း လေသံက တစ်ထေရာတည်း။ ထမင်းချက် ဒေါ်ရွှေအမှာ မီးဖိုခန်းနှင့်ကပ်လျက် အခန်းကျဉ်းလေးထဲတွင် အိပ်ရ၍ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ဘာမှမသိလိုက်ကြောင်း ကတုန်ကယင်ဖြင့် အစစ်ခံ၏။

ခြံစောင့် ဦးသံချောင်းကိုမူ သီးသန့် ခေါ်ယူစစ်မေးရပြန်သည်။

"ကဲ ဦးသံချောင်း၊ ခင်ဗျားမှန်မှန်ကန်ကန်အစစ်ခံရင်တော့ သက်သာမယ်နော်။ ဒါမှမဟုတ်ရင်တော့ ကြံရာပါဖြစ်သွားမယ်နော်" ဟု ပြောရာ ဦးသံချောင်းမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး -

"ဟုတ်ကဲ့ အမှန်တိုင်းဖြေပါ့မယ် ကွယ်" ဟု ဆို၏။

"ကောင်းပြီ အများကြီးမမေးပါဘူး။ ကျွန်တော်သိချင်တာက ကိုသီဟတစ်ယောက် ညအချိန်မတော်ကြီး ရောက်လာတာကို သိပါတယ်နော်"

"ဟုတ်ကဲ့ . . သိပါတယ်။ ကျွန်တော် သိချင်တာက ကိုသီဟတစ်ယောက် ညအချိန်မတော်ကြီး ရောက်လာတာကို သိပါတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်။ ကျွန်တော် ကိုယ်တိုင် ခြံတံခါးဖွင့်ပေးခဲ့တာပါ"

"ကိုသီဟနဲ့အတူ ဘယ်သူပါသေးလဲဗျာ"

"မပါပါဘူး။ သူကိုယ်တိုင် ကားမောင်းလာတာပါ"

"ကားပေါ်က ဆင်းတော့ရော၊ ပစ္စည်းတွေ၊ အထုပ်အပိုးတွေ ချပေးရသေးသလား"

"ဘာပစ္စည်းမှ မချပေးရပါဘူး။ သူ့မှာ အတက်ချီကေ့စ်လို လက်ဆွဲသေတ္တာအသေးလေး ဆွဲပြီးဝင်သွားတာပါ"

"ဒီနောက်တော့ ဘာတွေသိသေးလဲ"

"ကျွန်တော်က ပို့ပြီးတာနဲ့ ခြံထဲက အိမ်လေးမှာပဲ ပြန်နေခဲ့တာပါ"

"ကိုသီဟကားကိုကော၊ ရေတွေ ဘာတွေ ဆေးသေးလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"မဆေးပါဘူး။ ဆေးစရာလည်း မလိုပါဘူး။ ကားကြီးက တဖိတ်ဖိတ် တောက်ပြောင်နေတာ ဖုန်တစ်စက် တောင်မရှိပါဘူး။ ကျွန်တော်တောင် ဒီလိုကားမျိုး ဘယ်တော့စီးရပါ့လို့ တွေးနေမိသေးတယ်"

"အိုကေ · ·ကျေးဇူးပါပဲဗျာ"

စစ်မေးရသမျှ အချက်အလက်များ က အတော်ပြည့်စုံခဲ့ပါပြီ။ ဆေးရုံမှတ် တမ်းစစ်ချက်ကိုပါ ပေါင်းစပ်လိုက်တော့ တိကျသော အဖြေတစ်ခု ထွက်လာပါ တော့သည်။

"က · ·ဆရာကြီးမောင်ကို ဦးစိုင်း ဝဏ္ဏကျော်နဲ့ ယက္ခတို့ နှစ်ယောက်စလုံး ကို လက်ထိပ်ခတ်ပြီး ခေါ်ခဲ့ဗျာ"

"ကဲ · ·ခင်ဗျားဝန်မခံသေးဘူးဆိုရင် တော့ တစ်ခုချင်း ရှင်းပြရတာပေါ့။ ဦး စိုင်းဝဏ္ဏကျော် အခင်းဖြစ်တဲ့နေ့က ကိုသီဟ ခရီးထွက်ရာက ပြန်လာတယ် ဆိုတာ လုံးဝမဟုတ်ဘူး။ ကျွန်တော်တို့ အသေးစိတ်စုံစမ်းပြီးပါပြီ။ ကိုသီဟက အဲဒီညမှ ကျောက်စိမ်း ပျော်ပွဲစားရုံမှာ ရှိနေခဲ့တာကို သက်သေပြနိုင်သူတွေ ရှိပါတယ်။ ဆိုင် ပိုင်ရှင်ကလည်း ကိုသီဟနဲ့ ရင်းနှီးသူမို့ သူကိုယ်တိုင် သက်သေခံနိုင်ပါတယ်"

ဒုရဲအုပ်ပိုင်စိုးက စကားကိုရပ်၍ ဦးစိုင်းဝဏ္ဏကျော်ကို အကဲခတ်လိုက်၏။ ဦးစိုင်းဝဏ္ဏကျော်၏ မျက်နှာတွင် ချွေး သီးချွေးပေါက်များ တွဲခိုနေ၏။ မျက်နှာ အမူအရာမှာလည်း သိသိသာသာ ပျက် နေပေပြီ။

"တကယ်လို့ ခင်ဗျားပြောသလို ကိုသီဟက ခရီးထွက်ရာက ပြန်လာ တယ်ဆိုရင် အနည်းဆုံး ခရီးဆောင် အိတ်လေးဖြစ်ဖြစ်၊ အဝတ်စားအိတ်လေး ဖြစ်ဖြစ်ပါမှာပေါ့။ ဒါတွေလုံးဝမပါဘူးလို့ ခင်ဗျားရဲ့ ခြံစောင့် ဦးသံချောင်းကိုယ် တိုင် အစစ်ခံခဲ့ပြီးပြီ။ နောက်တစ်ချက် က ကားမှာ ဖုန်လုံးဝမပေဘူးဆိုတာ ကလည်း သိသာနေပါပြီ။ တကယ်တော့ လက်ပွားဖိုးထောင်ဟာ ဖောက်ထွင်းဝိဇ္ဇာ သက်သက်ပါ။ လူသတ်မှု ကျူးလွန် လောက်အောင် သွေးမရှိပါဘူး။ ပြီးတော့ သူ့လို ငဖောင်ရိုးက ကိုသီဟလို လူ ထွားတစ်ယောက်ကို လုပ်ကြံဖို့ဆိုတာ သိပ်မလွယ်ပါဘူး"

"အိုဗျာ ဒါတော့ ဘယ်ပြောလို့ရ မလဲ။ သူခိုးက သွေးရူးသွေးတန်းနဲ့ လုပ်မိတာပဲဗျာ"

"ဒါဆိုရင်လည်း ဆေးမှတ်တမ်း အရ ထပ်ပြောပြမယ်လေ။ သေသူ ကိုသီဟရဲ့ လည်ပင်းက လက်ဗွေရာ တွေဟာ ခင်ဗျားရဲ့တပည့် ယက္ခကြီးရဲ့ လက်ဗွေရာပါလို့ စစ်ချက်ထွက်တယ်။ ယက္ခသတ်လို့ ကိုသီဟသေရတာ။ ဖိုး ထောင်ကလည်း အဖြစ်အပျက် အစ အဆုံးကို အတိအကျ ရှင်းပြခဲ့ပြီးပြီ။ ခင်ဗျားဟာ ကိုသီဟဆီက ပတ္တမြား လိုချင်ဇောနဲ့ ခင်ဗျားက အကြံပေးလုပ်၊ ယက္ခက လူသတ်သမားလုပ်ခဲ့တဲ့ ဇာတ် လမ်းကို ခင်ဗျား ဝန်မခံသေးဘူးလား။ ခင်ဗျားရဲ့ တပည့် ယက္ခကတော့ ဟို ဘက်အခန်းမှာ အစအဆုံး ဝန်ခံခဲ့ပြီးပြီ ဦးစိုင်းဝဏ္ဏကျော်"

ဦးစိုင်းဝဏ္ဏကျော် တစ်ယောက် သည်တစ်ခါတော့ ပြန်လည် မတုံ့ပြန် နိုင်တော့။ လုံးလုံးလျားလျား မာန်စွယ် ကျိုးကာ ဝန်ခံခဲ့ရပါတော့၏။

"ဟုတ်ပါတယ်ဗျာ။ ကျွန်တော်တို့ မှားခဲ့ကြပါတယ်။

"· · · · · ·။ · · · · · ·။ · · · · ·"

အခုတော့ ဆရာတပည့် နှစ် ယောက်စလုံးက အသီးသီးဝန်ခံ၍ ဖြောင့်ချက်ပေးခဲ့ကြလေပြီ။ လူသတ် တရားခံမှာ လက်ပွားဖိုးထောင် မဟုတ် ဟူသောအချက်ကို ဖော်ထုတ်နိုင်ခဲ့၍ ဖိုးထောင်တစ်ယောက် သက်သာခွင့်ရခဲ့ လေပြီ။ သို့သော် သူကျူးလွန်ခဲ့သော ဖောက်ထွင်းမှုအတွက်တော့ ပြစ်ဒဏ် ခံရမည်ကား မလွဲပ"

"တော်သေးတာ ါ့ဗျာ။ ဖောက် ထွင်းမှုဖြစ်သွားလို့။ လူသတ်မှုဆိုရင် တော့ ဖိုးထောင် တစ်ယောက်တော့ မသက်သာဘူးဗျာ"ဟု ဖိုးထောင်က သက်ပြင်းချ၍ ညည်းတွားပြောဆိုရှာ လေသည်။

ဒုရဲအုပ် ကိုပိုင်စိုးက ဖိုးထောင်၏ ပခုံးကို "ဖြန်း"ကနဲ ရိုက်လိုက်ပြီး-

"မင်းကလည်းမင်းပဲ။ ခါးခုတ်ရာ လက်ဝင်လျှိုတာကိုး" ဟု ပြောလိုက် လေတော့၏။

ဝသုန်ဟိန်းထက်

www.burmeseclassic.com

www.burmeseclassic.com

မုသားအလကာ ထာဝရချောမှာလား

ကိုကိုအောင်(မြကန်သာ)

"အစ်မရယ် ... ကျွန်မတို့သား အမိ တောင်းစားတဲ့မျိုးရိုး မဟုတ်ပါဘူး ရှင်။ ကိုယ်ဝန်နဲ့ ရထားစီးခရီးသွားရင်း ဗိုက်နာလို့ ဒီမြို့ဆင်းပြီး ဆေးရုံမှာ မီးဖွားခဲ့ရပါတယ်။ ကလေးက အဖတ်မတင်ပါဘူးရှင်။ အခု သားကြီးနဲ့ ဆေးရုံကဆင်းလာတာပါ။ ကျွန်မတို့ မြို့ပြန်ချင်လို့ အပြန်စရိတ်လေး တတ်အားသမျှ ထောက်ပံ့ပါရှင် ..."

'ဆေးရုံ'ဆိုသော အသံကြောင့် လက်ဖက်ရည်ဆိုင် ကောင်တာဘက်သို့ ကျွန်တော်လှည့်ကြည့်မိသည်။ ဆိုင်ပိုင်ရှင် အစ်မကြီးက အံဆွဲ ဆွဲဖွင့်ရင်း ငွေစက္ကူအချို့ကို ရွေးနေပုံရသည်။ ပြီးမှ 'ငါးဆယ်တန်တစ်ရွက်'ကို ဆောင့်အောင့်ပေးကာ ...

"ကဲ ... ကဲ ... အမြန်ကြွတော်မူကြပါတော်။ ဆိုင်လူကျလို့ လက်မလည်ရတဲ့အထဲ တောင်းတဲ့ ရမ်းတဲ့သူတွေက တစ်မှောင့် ..."

တောင်းနေသော အစ်မကြီးက ငါးဆယ်တန်လေးကို ရှိရှိသေသေ ယူလိုက်ပြီး ကျွန်တော်တို့ လက်ဖက်ရည်သောက်နေသော စားပွဲအနားမှ သူ့သားလေးကို လက်ကဆွဲလျက် ထွက်အလာ

"အစ်မကြီး ခဏ ... ခဏ ... ကလေးစားဖို့ ဝက်သားပေါက်စီသုံးလုံး ယူသွားပါဦးဗျာ"

ကျွန်တော့်သူငယ်ချင်းက ဝက်သားပေါက်စီသုံးလုံးကို မှာပေးလိုက်သည်။ သည်တော့မှ ကျွန်တော်က ...

"အစ်မကြီးတို့သားအမိ ခရီးစရိတ်အတွက် ကျွန်တော် ငွေသုံးထောင် ထောက်ပံ့ပါတယ်ဗျာ"

ကျွန်တော်က ငွေသုံးထောင် ထုတ်ပေးလိုက်သည်။ ကျွန်တော်တို့ကို ဆုတွေခြွေပေးပြီး သူ့သားကိုငုံ့ကြည့်ကာ ...

"ဟဲ့ ... သား ... ဖြည်းဖြည်းစားပါကွယ်။ နင်နေပါဦးမယ်"

သည်တော့မှ ပေါက်စီတစ်လုံးကို အားရပါးရစားနေသော ကလေးငယ်က သူ့အမေကို မော့ကြည့်ကာ ...

"ရော့ ... အမေလည်း ချားလေ။ စောစောက အမေပဲ ဗိုက်ဆာလိုက်တာဆို ..."

ဒီမြင်ကွင်းကိုကြည့်ရင်း ကျွန်တော့်ရင်မှာ နင့်ခနဲ ခံစားမိသည်။ အခြားလက်ဖက်ရည်ဝိုင်းက လူအချို့ ကျွန်တော့်ကိုကြည့်ပြီး တီးတိုးစကား ပြောနေကြသည်ကိုလည်း ကျွန်တော် အကဲခတ်မိသည်။ ကျွန်တော့်ရင်ထဲမှာတော့ ဘဝကို ကြမ်းတမ်းစွာ လျှောက်လှမ်းနေရရှာသော အမျိုးသမီးကြီးနှင့် သူ့သားငယ်လေးတို့ရဲ့ အနာဂတ်ခရီးလမ်း ဘယ်လိုများ ဖြောင့်တန်းပါ့မလဲဟူသော အတွေးများက စိုးမိုးနေခဲ့သည်။

ကျွန်တော် လက်ဖက်ရည်ဆိုင်ထိုင်လေ့ထိုင်ထမရှိပါ။ ကျွန်တော်တာဝန်ကျနေသော မြို့သို့ အလည်ရောက်လာသော ကျွန်တော့်သူငယ်ချင်းအပြန်ဘူတာရုံလိုက်အပို့ ရထားစောင့်ရင်း လက်ဖက်ရည်သောက်ခဲ့ခြင်းပင် ဖြစ်သည်။

ပြောရလျှင် ကျွန်တော် ဒီမြို့လေးရှိပြည်သူ့ဆေးရုံကို လက်ထောက်ဆရာဝန်တာဝန်နဲ့ ပြောင်းခဲ့ရသည်မှာ ၆ လခန့်သာ ရှိပါသေးသည်။ တကယ်တော့ ကျွန်တော်တို့ ကူညီလိုက်သော အစ်မကြီး ဆေးရုံတက် မီးဖွားရင်း ကလေးဆုံးခဲ့တယ်ဆိုသည်မှာ မဟုတ်ပါ။

ကျွန်တော့်စိတ်အစဉ်ဝယ် အမေဖြစ်သူရဲ့ 'မုသားအလကာ'သည် သူ့သားငယ်လေး ဘဝအတွက် ထာဝရ 'ချော'နိုင်ပါ့မလားဟူသော အတွေးများဖြင့်သာ ....။

ကိုကိုအောင်(မြကန်သာ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

"ကလင် .. ကလင် ... ကလင်"

စစ်ကြိုခေတ် ဖုန်းခေါ်သံများက ယနေ့ခေတ် CDMA ခေတ်ပေါ်ဖုန်းခေါ်သံများကဲ့သို့ နားဝင်ပီယံ တေးသွားသံမဖြစ်လှဘဲ ခေါင်းလောင်းဘဲလ်(Bell) သံလို မြည်လာတတ်လေသည်။

သို့သော် စူးစူးရှရှ ဝီဝီသသတော့ မြည်တတ်လေသည်။

"ကလင် .. ကလင် .. ကလင်"

ဖုန်းခေါ်သံကြောင့် ဖုန်းကောက်ကိုင်လိုက်စဉ် တစ်ဖက်မှ အလျင်စလို ပြောလိုက်သံကြောင့် 'အလွတ်စုံထောက်ဝရမ်'အမည်ခံ 'ဘမင်း'မှာ အရေးတကြီး အမှုကိစ္စပေါ်ပေါက်နေပြီဖြစ်ကြောင်း တွက်ဆလိုက်သည်။

"ဟလို ... အလွတ်စုံထောက်ကြီး ဝရမ်လားခင်ဗျာ"

"ဟုတ်ကဲ့ပြောပါ၊ ခုစကားပြောတာ ဝရမ်ပါ"

"အမှုကိစ္စတစ်ခု ဆွေးနွေးချင်လို့ပါ"

"ဘာအမှုလဲဗျ"

"အမှုကတော့ လူသတ်မှုပါ"

"ခင်ဗျားက ဘယ်သူလဲ၊ လူသတ်မှုက ဘယ်လိုဖြစ်တာလဲ"

"အသတ်ခံရတဲ့လူက ကျွန်တော့်အစ်ကိုပါခင်ဗျာ။ ဒီအပတ်ထုတ် သတင်းစာတွေထဲမှာ ဖတ်မိမှာပေါ့။ 'အင်းလျားလမ်းလူသတ်မှု'ဆိုတဲ့ ခေါင်းစဉ်နဲ့လေ"

www.burmeseclassic.com

"သြော် ...မဒရပ်စီ သူဌေးကလေး မစ္စတာဂဖား အသတ်ခံရမှု မဟုတ်လားခင်ဗျာ့။ ခင်ဗျားက သူ့ညီ မစ္စတာရှုဖီးမဟုတ်လား။ မစ္စတာဂဖားနဲ့ ဖအေတူ မအေကွဲ ညီအစ်ကိုလေ"

"အဲ ...ဆရာဝရဖိန်က ကျွန်တော့်ကို တန်းသိနေတာပဲ။ ကျွန်တော့် အစ်ကို အသတ်ခံရတဲ့အမှုကို စိတ်ဝင်စားပုံရတယ်။ အတော်လေ့လာထားတာပဲ။ ပြီးတော့ ကျွန်တော်တို့နာမည်တွေကို သိနေတာပဲ"

"စိတ်ဝင်စားဆို ခင်ဗျားတို့က နာမည်ကြီး ရာဘာခြံသူဌေးကြီးတွေ။ ထီး၊ ဗိနပ်၊ မီးခြစ်စက် စက်ရုံပိုင်ရှင်သူဌေးကြီးတွေကိုးဗျာ။ ထင်ထင်ရှားရှား ရှိလှတဲ့လူတွေ အမှုတစ်ခုဖြစ်ပြီဆိုရင် တစ်တိုင်းပြည်လုံး ဟော်လေးထကျိုးဟိုးလေးတကျော်ကိုဗျာ့"

"အင်း ...အင်း ...ဟုတ်ပြီ။ အဲဒီအမှုကိစ္စ တိုင်ပင်ဆွေးနွေးချင်လို့ပါ ခင်ဗျာ့"

"အမှုကိစ္စတိုင်ပင်ဆွေးနွေးချင်တယ်ဆိုရင် ခုလို တယ်လီဖုန်းနဲ့ ပြောနေလို့ ပြီးမှာမဟုတ်ဘူးလေ"

"ဒါဆို ကျွန်တော် ဆရာဝရဖိန်နဲ့ လာတွေ့ဖို့ အချိန်ညှိချင်တယ်။ ခုလည်း ဆရာဝရဖိန်ရှိမရှိ သိရအောင် ဖုန်းနဲ့ လှမ်းဆက်သွယ်တာပါ"

"ခင်ဗျားက ဘယ်တော့လာချင်တာလဲ"

"ကျွန်တော် ခုပဲလာလို့ရရင် လာချင်ပါတယ်။ ကျွန်တော်တို့နေတဲ့ အင်းလျားလမ်းခြံကနေ ဆရာဝရဖိန်နေတဲ့ ဆယ်မိုင်ကုန်းကို ကားမောင်းလာရင် ငါးမိနစ်မကြာပါဘူး"

"ခု ...နေ့လယ် ၁၂ နာရီဆိုတော့ ကျွန်တော် ခင်ဗျားကို လက်ခံတွေ့ဆုံဖို့ မအားသေးဘူး။ ညနေ လေးနာရီအထိ အလုပ်ခွင်ဖယားချထားတယ်"

"ဒါဆိုရင် ညနေလေးနာရီ ဆရာဝရဖိန်အိမ်ကို ကျွန်တော်လာခဲ့ပါ့မယ်"

"ခင်ဗျားကတော့ တယ်အလောတကြီးနိုင်တာကိုးဗျာ့။ အသတ်ခံရတဲ့သူက အသတ်ခံရပြီးပြီ။ သိပ်မလောပါနဲ့ဗျာ။ အလောသုံးဆယ်လုပ်ရင် မှားတတ်တယ်ဗျာ့"

"ကျွန်တော်က ကာယကံရှင်လေ။ အစ်ကိုတစ်ယောက်လုံး အသတ်ခံထားရတဲ့ဟာ အလောသုံးဆယ်ဖြစ်ရမှာပေါ့"

"ဟုတ်ပါပြီ။ ကျွန်တော်ကိုယ်ချင်းစာပါတယ်။ ကျွန်တော်က လေးနာရီမှာ အားမယ်ဆိုပေမယ့် တစ်နာရီလောက် အနားယူချင်သေးတာကိုး။ ငါးနာရီကျော် ခြောက်နာရီလောက်မှ လာပါဗျာ"

အမှန်တော့ ဝရဖိန်က အမှုကိစ္စအတွက် တမင် ထစ်ထားလိုကခြင်းဖြစ်၏။ ထိုသို့ ထစ်ထားလိုက်ရခြင်းမှာလည်း အကြောင်းရှိနေ၏။

မစ္စတာဂဖား အသတ်ခံရတာ တစ်ရက်ပင် ကျော်သွား၍ ကနေ့ပါနှင့်ဆိုလျှင် နှစ်ရက်ကျော်သွားပြီ။ သတင်းစာများ၌ပင် ပါရှိသွားခဲ့ပေပြီ။ ထိုလူသတ်မှုမှာ လတ်လတ်ဆတ်ဆတ်အမှုမဟုတ်တော့။ အမှုသိုးသွားလေပြီ။

နောက်ကွယ်မှ အမှုသိုးသွားအောင် လုပ်ဆောင်နေကြခြင်းမျိုးလား။

ယင်းကြောင့် သိုးသွားသော အမှုကို အမှုပုပ်အမှုဆွေးဖြစ်အောင် အတွေ့အကြုံရှိသော ဝရဖိန်က တမင်ကြန့်ကြာအောင် တစ်ကွက်ရွှေ့လိုက်ခြင်းပင် ထိုတစ်ကွက်က ဆရာစားချန်ထားသော စုံထောက်ကွက်။ ဒါကို မသိသော အမှုအပ်သူ ဂဖား၏ညီ ရှုဖီးက ...

"ခင်ဗျားတို့ဗမာလူမျိုးတွေ အတော်ခက်တာပဲ။ အဲဒါကြောင့် မကြီးပွားမချမ်းသာကြတာ။ ကိုယ့်ကို ငွေပေးမယ့်ကိစ္စကို နာရီတွေ၊ အချိန်တွေ ရွှေ့နေရသေးတယ်"

"လူသတ်မှုက ဖြစ်ပြီးသွားပြီလေဗျာ။ အေးအေးဆေးဆေးပေါ့။ စီအိုင်ဒီက အစိုးရစုံထောက်တွေလည်း လိုက်နေကြတာပဲဟာ။ သူတို့လိုက်ထားလို့ ဖွက်ထပြီး ခြေရာတောင်ပျောက်သလောက်ရှိနေတော့မယ်။ ဒါ့ကြောင့် ကျုပ်က သိပ်စိတ်မဝင်စားချင်တော့ဘူး။ ပူပူနွေးနွေး အမှုဆိုရင် ခုချက်ချင်း ထလိုက်ရတာပေါ့"

"ဒါဆို ကျွန်တော်အပ်မယ့် လူသတ်မှုကိစ္စကို ခင်ဗျား အလေးအနက်မထားတော့ဘူးလို့ ဆိုလိုတာလား"

"ခင်ဗျားသဘောအတိုင်း ထင်နိုင်ပါတယ်။ ခင်ဗျားဟာ ခင်ဗျားလုပ်ချင်တာတစ်ခုကိုသာ နားလည်တဲ့လူပဲ။ စောစောက ခင်ဗျားစကားထဲမှာ ခင်ဗျားတို့ ဗမာလူမျိုးတွေ သိပ်ခက်တာပဲလို့ အပေါ်စီးက ပြောသွားကတည်းက ခင်ဗျားအပ်မယ့် အမှုကို ကျုပ်လက်မခံတော့ဘူးလို့ ဆုံးဖြတ်ပြီးသား။ အဲဒီအမှုပေါ်စေချင်ရင် တခြားတစ်ယောက်ယောက် ရှာအပ်ပေတော့၊ ကျုပ်ထက် အသက်ကြီးပြီး ဝါရင့်တဲ့ စုံထောက်ကြီးဦးစံရှားတို့ ဦးထင်ကျော်တို့လည်း ရှိပါသေးတယ်"

ဝရဖိန်က စကားကို ဆုံးအောင် ပြောပြီး ဖုန်းကို အလျင်ချပစ်လိုက်သည်။ တစ်ဖက်မှ ဖုန်းဆက်၍ဆက်၍ ခေါ်နေသော်လည်း ကောက်မကိုင်တော့ဘဲ ဓာတ်ဘူးထဲမှ ရေနွေးကြမ်းတစ်ခွက် ငှဲ့ထည့်ကာ စိမ်ပြေနပြေ သောက်နေလိုက်တော့သည်။

*** ***

(နှစ်)

အမှန်တော့ ရာဘာခြံသူဌေးကြီး မစ္စတာဂဖား အသတ်ခံရမှုမှာ တစ်ပြည်လုံးက အာရုံစိုက်နေကြ၍ ဝရဖိန်ဘမင်း

www.burmeseclassic.com

www.burmeseclassic.com

စိတ်မဝင်စား၍မဟုတ်၊ စိတ်ဝင်စားသည်။ ဝရဖိန်သည် တစ်ဖက်က ဘမင်းအမည်ခံ၍ အင်းစိန်စီအိုင်ဒီတွင် အမှုထမ်းဆဲရှိနေသေး၍ အမှုသွားအမှုလာ အမှု၏အခင်းအကျင်းကို သိတန်သလောက်သိထားနှင့်နေပြီ။

အမှုက ရှုပ်ထွေးလှသည်။ ရိုးရိုးသွားရိုးသွားစဉ်နှင့် စုံစမ်းနေမည်ဆိုလျှင် တော်တော်နှင့် ပေါ်လာစရာအကြောင်းမမြင်။

ဝရဖိန်သည် အသတ်ခံရသူ မစ္စတာဂဖား၏ညီ ရှီးဖုန်းဆက်ကတည်းက ထိုအမှုနှင့် မပတ်သက်မိအောင် လက်ရှောင်နေလိုက်သည်။ စီအိုင်ဒီမှ အလုပ်ထွက်ရန် ထွက်စာတင်ထားသည်ကိုစောင့်ရင်း အခြားအမှုကိစ္စများအား လိုက်၍ စုံစမ်းထောက်လှမ်းခြင်းသာ လုပ်နေခဲ့သည်။

တစ်နေ့ အမှုကိစ္စတစ်ခု စုံစမ်းပြီး အပြင်မှ ပြန်အရောက် ဝရဖိန်ဘမင်းနှင့် အတူနေထိုင်သော ကိုစိန်မင်းက ဝရဖိန်ဘမင်းကို ဆီး၍ပြော၏။

"မင်းဆီကို အင်းလျားလမ်းက ဖာရစီကုလားသူဌေးလေး မစ္စတာဂဖား သတ်မှုအတွက် အမှုအပ်ချင်လို့ ဖုန်းဆက်နေတာ ခဏခဏပဲကွဲ့"

အတူနေ အစ်ကိုကြီး ကိုစိန်မင်းသည် အမြွှာညီအစ်ကိုဖြစ်၍ အသက်ချင်းအတူတူ၊ နာရီပိုင်းမျှပင် ကွာခြားသူဖြစ်ငြား အပြောအဆို အနေအထိုင်ကဖြင့် အင်မတန် လူကြီးဆန်နေလေသည်။

သူက လူကြီးဆန်ပေမပေါ့။ စာကြီးပေကြီး ဖတ်ရှုလေ့လာပြီး သူကိုယ်တိုင်ကလည်း ဂန္ထလောကတို့၊ ဂျာနယ်ကျော်တို့လို မဂ္ဂဇင်းဂျာနယ်ကြီးတွေမှာ အရိန္ဒမာကလောင်အမည်ဖြင့် စာတွေရေးသားနေသူပေကိုး။

အစ်ကိုကြီး အရိန္ဒမာစကားကြောင့် ဝရဖိန်ဘမင်း ခေတ္တမျှ စဉ်းစားနေရာက

"ဒီတစ်ခါ ဖုန်းဆက်တယ်ဆိုတော့ အသတ်ခံရတဲ့ သူဌေးလေး မစ္စတာဂဖား ရဲ့ညီ မစ္စတာရှီးဆီက ဟုတ်မယ်မထင်ဘူး။ အဲဒီလူက စကားပြော အင်မတန်တင်စီးတာပဲ။ ဒါကြောင့် သူ့အမှု လက်မခံတော့ဘူးလို့ ကျွန်တော်ပြောခဲ့သေးတယ်"

"အေး . . . ဟုတ်တယ်။ မစ္စတာရှီးဆီက ဖုန်းတော့မဟုတ်ဘူး။ ခုဖုန်းဆက်တာ နောက်တစ်ယောက်ကွ။ သူဌေးလေး မစ္စတာဂဖားရဲ့မိန်းမလို့ ပြောတာပဲ"

"အင်း . . . ဘယ်လိုဖြစ်ရတာလဲ။ အဲဒီ အသတ်ခံရတဲ့ မစ္စတာဂဖားက မိန်းမမရှိ လူပျိုကြီးအဖြစ် နာမည်ကြီးနေတာ။ ပြီးတော့ သူ့နာမည်က တစ်မျိုးထွက်နေတာ"

"အဲဒီလို နာမည်တစ်မျိုးထွက်နေတာ လူတော်တော်များများကြားထဲ သတင်းပျံ့နေတာပဲ။ မစ္စတာဂဖားရဲ့ မိန်းမက ဖုန်းဆက်တယ်ဆိုတော့ ငါလည်း မင်းမလာခင်က ထိုင်စဉ်းစားနေတာ"

"ဒီလူသတ်မှုရဲ့ နောက်ကွယ်က အခြေအနေက အတော်ကြီးကို စိတ်ဝင်စားစရာကောင်းနေပြီ။ ပြီးတော့ ရှုပ်ရှုပ်ထွေးထွေးလည်း ရှိပုံရတယ်။ အင်းလေ၊ ဒီလိုရှုပ်ရှုပ်ထွေးထွေးရှိပြီး ဖော်ထုတ်ရခက်နေတဲ့အမှုမျိုးမှ ကျွန်တော်က ဖော်ထုတ်ချင်တာ။ ကဲ . . . ကျွန်တော်အပြင်က ပြန်လာတာ ပင်ပန်းလာပြီ။ အနားယူလိုက်ဦးမယ်။ ဒီတစ်ခါ သူ့မိန်းမဖုန်းပြန်ဆက်ရင် ညနေ ငါးနာရီလာခဲ့ပါလို့ အကြောင်းပြန်လိုက်ပါ အစ်ကိုကြီး"

"အေး . . . အေး၊ ငါလည်း ဖတ်လက်စ စုံထောက်စာအုပ် ဆက်ဖတ်လိုက်ဦးမယ်။ စုံထောက်စာအုပ်သာဆိုတယ် ဒီအင်္ဂလိပ်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း စာအုပ်ကြီး သိပ်ကောင်းတာပဲ။ အထဲမှာ အမှုအတွက် ဉာဏ်ကစားကွက်၊ စဉ်းစားတွေးတောစရာတွေ အများကြီးပါတယ်။ ဘာသာပြန်သာ ရေးလိုက်ရရင် ဗမာပြည်စုံထောက်စာပေလောကမှာ နာမည်ဟိုးဟိုးကျော်သွားတော့မှာ အမှန်ပဲဟေ့"

အစ်ကိုကြီးကိုစိန်မင်း သူ့ဝါသနာအတိုင်း လက်ထဲမှ စာအုပ်ကို ပြန်၍ ပြောလိုက်စဉ် ဝရဖိန်ဘမင်းမှာ အနားယူရန်အတွက် သူ့အခန်းဆီသို့ လျှောက်လှမ်းလာခဲ့သည်။

*** ***

(သုံး)

ညနေ ငါးနာရီ . . .။

ဝရဖိန်ဘမင်းမှာ အားလပ်ချိန် ညနေတိုင်း တန်းဘား ကစားလေ့ရှိသူဖြစ်၍ အားကစားဝတ်စုံနှင့် တန်းဘားကစားလျက်ရှိ၏။

တန်းဘားမှာ ဝန်မကျယ်၊ ကရိကထမများလှတဲ့ လက်တန်းနှစ်ခုအောက်ခြေ ဒေါက်လေးဒေါက် အခြေခိုင်အောင် စွဲပြီး လက်တန်းနှစ်ဖက်ကိုင်ကာ ခန္ဓာကိုယ်ဝိတ်နှင့် လေထဲလွဲကစားရသော အားကစားမျိုးဖြစ်၏။

အဖော်မလို တစ်ယောက်တည်း လေ့ကျင့်နိုင်သလို လက်မောင်း၊ ရင်အုပ်၊ ခြေထောက်ပါမကျန် နည်းစနစ်ကျွမ်းကျင်လျှင် ကျွမ်းကျင်သလို ကစားနိုင်သည်။

ဝါသနာအရ လုပ်ကိုင်သည့်အလုပ်က မင်းသားလေးလို ငြိမ့်ငြိမ့်ကလေး နေရသည့်အလုပ် မဟုတ်ဘဲ လူဆိုးလူမိုက်တွေနှင့် တိုက်ခိုက်သတ်ပုတ်နေရသည့် အလုပ်ဖြစ်၍ ဝရဖိန်လို စုံထောက်တစ်ယောက်အဖို့ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းမှ ဖြစ်ပေမည်။

ယင်းကြောင့်ပင် ဝရဖိန်သည် တစ်

www.burmeseclassic.com

www.burmeseclassic.com

ခါတစ်ရံ သူ့အစ်ကိုကြီး ကိုစိန်မင်းအား လျှင် ကိုစိန်မင်းနှင့်အတူ သူတို့သင်ယူ တတ်မြောက် ကျွမ်းကျင်ထားသော သိုင်း ပြောင်းပြန် အတိုက် (ATTACK) လေ့ ကျင့်လေ့ရှိသည်။

အစ်ကိုကြီးအရိန္ဒမှာ ကိုစိန်မင်းမှာ မြန်မာပြည်လွတ်လပ်ရေးမရခင်က အာရှ လူငယ်အသင်းဝင်ပီပီ ကိုယ်ခံပညာကို ကောင်းစွာတတ်ကျွမ်းထားသူ ဖြစ်၏။

ဝရဇိန် တန်းဘားလွဲကစားနေ သော နေရာမှာ အိမ်ဘေး စံပယ်ပန်းရုံ အနောက်ဘက်တွင်ရှိပြီး စံပယ်ပန်းရုံမှာ လူတစ်ရပ်ကျော်မြင့်နေ၍ အမှတ်တမဲ့ဆို လျှင် အလွယ်တကူ မြင်နိုင်လိမ့်မည် မဟုတ်ချေ။

တန်းဘားလက်တန်းမှာ ရင်ညွန့် အထိ မြင့်၍ ဘားတန်းပေါ် လွဲကစားနေ သော သူကသာ စံပယ်ရုံရှေ့လမ်းမှ အိမ် ကြီးဘက်သို့ ဝင်လာသူကို အပေါ်စီးမှ လှမ်းမြင်နိုင်လေသည်။

ယခုလည်း ခြံအတွင်း မြေနီလမ်း အတိုင်း ပရိုက်ဗိတ်ကားတစ်စီး ခပ်ကြမ်း ကြမ်းမောင်းဝင်လာသည်ကို တွေ့လိုက်ရ သည်။

ကားမောင်းလာသူကို လှမ်းကြည့် လိုက်တော့ မိန်းမတစ်ယောက် ဖြစ်နေပြီး စိတ်မြန်ကိုယ်မြန် ရှိလှသည်။ ကားကို အရှိန်မသတ်ဘဲ မောင်းသွားပြီး အိမ်၏ ပေါ်တီကိုအောက်မှာ 'ကျီ' ခနဲမြည်အောင် ဘရိတ်အုပ်ရပ်တန့်လိုက်သည်။

အိမ်ဝထွက်လာသော အစ်ကိုကြီး ကိုစိန်မင်းနှင့် စကားတစ်ခွန်းနှစ်ခွန်းပြော ရာမှ ကိုစိန်မင်းက ဝရဇိန်ရှိရာဘက်သို့ လမ်းညွှန်ပြပြီး တစ်စုံတစ်ခုပြောလိုက် သဖြင့် ထိုအမျိုးသမီးမှာ ကားကိုပြန် မလှည့်ဘဲ ဘက်ပြန်ဆုတ်၍ ဝရဇိန်ရှိရာ စံပယ်ရုံဘက် မောင်းလာခဲ့သည်။

ဝရဇိန်သည် တန်းဘားဘေးရှိ ခုံ တန်းရှည်တွင်ထိုင်ပြီး ထိုအမျိုးသမီး၏ သွက်လက်သော လှုပ်ရှားဟန်ကို စောင့် ကြည့်နေမိ၏။ ကားတံခါးကိုဖွင့်တော့ လည်း အသံထွက်အောင် ခပ်ဆတ်ဆတ် ဖွင့်သည်။

ဝရဇိန်ထိုင်နေရာ ခုံတန်းရှည်နှင့် သိပ်မဝေးတော့ မျက်နှာအသွင်အပြင်ကို လှမ်းကြည့်အကဲခတ်ရာ မိန်းကလေးတစ် ယောက်လို ချောချောနုနုမဟုတ်ဘဲ ခပ် ကြမ်းကြမ်းရင့်ရင့်ဖြစ်နေ၍ မိန်းကလေး တစ်ယောက်မှ ဟုတ်ပါလေစဟု သံသယ ဝင်သွား၏။

လှမ်းလျှောက်လာတော့လည်း မာမာဆတ်ဆတ်ရှိနေပြန်သည်။ အရပ် အမောင်းက ယနေ့ခေတ် မိန်းကလေး တွေထဲမှာ မြင့်လွန်းသည်ဟု ပြောရမည် ဖြစ်သော ငါးပေ သုံးလက်မကျော်ပေ မည်။

ကိုယ်လုံးကိုယ်ပေါက်မှာလည်း မိန်း ကလေး အဆက်အပေါက်မျိုးထက် ယောကျ်ားကိုယ်လုံးမျိုး ဖြစ်နေသည်။ ဝမ်းဗိုက်နည်းနည်းဆူဖြိုးနေခြင်းကိုက စဉ်းစားရခက်နေတော့ ယောကျ်ားတစ်ဦး ကဲ့သို့ ဝတ်စားထားလျှင် ဗိုက်ရွှဲရွှဲ ယောကျ်ားတစ်ယောက်ဟုသာ ပြောရပေ လိမ့်မည်။ ယခုတော့ မိန်းကလေးလို ဝတ် စားဆင်ယင်ထားသောကြောင့် ယောကျ်ား တစ်ယောက် မိန်းကလေးလို ဝတ်စားလာ သည်ဟု ပြောရမည်ကဲ့သို့ ဖြစ်နေ၏။

ထိုသူ ဝရဇိန်ထိုင်ရာ ခုံတန်းရှည် အနီးသို့အရောက် ...

"ကျွန် .. ကျွန်တော် အလွတ်စုံ ထောက် ဝရဇိန်နဲ့ တွေ့ချင်လို့ပါ"

အသံက မိန်းကလေးသံ။ သို့သော် တစ်ကြိမ်တစ်ခါမှမဆုံဖူးသော ယောကျ်ား ကြီးတစ်ယောက်နှင့်တွေ့လျှင် ဖြစ်တတ် သော ရှိုးတိုးရှန့်တန့်နှင့် သာမန်မိန်းမ ကလေးတို့ အမူအရာမျိုးမို့ အမှန်တကယ် မိန်းကလေးတစ်ယောက်ဟု ဝရဇိန်ယုံ ကြည်လိုက်သည်။

သို့ယုံကြည်လိုက်သဖြင့် မိန်း ကလေးတစ်ယောက်နှင့် နှစ်ယောက် တည်း စကားမပြောလိုသော ဝရဇိန်က သူ့အစ်ကိုအား လှမ်းခေါ်လိုက်သည်။

"အစ်ကိုကြီး .. အအေးနှစ်ပုလင်း ယူလာခဲ့ပါဗျာ ..."

"အေး .. အေး၊ ကောင်းပြီ"

မသိလျှင်တော့ သူ့အစ်ကိုကြီးကို ညီက ပြန်ခိုင်း၍ ရိုင်းရာကျနေမည်။ သို့ သော် အခြေအနေအရ လုပ်ရသည်ကို အစ်ကိုကြီးဖြစ်သူ နားလည်နေသည်။

အစ်ကိုကြီးကိုစိန်မင်းမှာ အိမ်ထဲမှ အအေးပုလင်းနှစ်လုံး အမြန်ဝင်ယူပြီး ပြန် ထွက်လာသည်။

ဝရဇိန်က အထွေထွေအထူးထူး ပြောမနေတော့ဘဲ ထိုယောကျ်ားခပ်ဆန် ဆန် မိန်းကလေးကို အမှုအကြောင်း စပြောသည်။

"မင်းက အသတ်ခံရတဲ့ မစ္စတာ ဂဖားရဲ့ မိန်းမဆိုပြီး ဖုန်းဆက်အမှုတိုင် ချင်လို့ဆို ..."

"ဟုတ် ... ဟုတ်ပါတယ်ဗျာ ... အဲ ... ရှင့်"

မရှံ့တရှံ့ အယောင်ယောင်အမှား များပြောပြီး ဝရဇိန်ထိုင်နေသည့် ခုံတန်း ရှည်တစ်ဖက်စွန်းတွင် ဝင်ထိုင်လိုက်သည်။

"မစ္စတာဂဖားမှာ မိန်းမရှိကြောင်း ဘယ်သူမှ မသိကြပါလား"

"ဒီ ... ဒီလိုပါ၊ ပြောရမှာတော့ ရှက်စရာလည်းကောင်းပါတယ်။ ဆရာတို့ ကတော့ ဖတ်ရှုပ်လို့ ထင်ကြမှာပဲ၊ အင်း ကျွန် .. ကျွန်တော် ... အဲ .. ကျွန်မ ဆရာဝရဇိန်နဲ့ နှစ်ယောက်တည်းပြောလို့ မရဘူးလား"

အအေးပုလင်းယူလာပြီး ဝရဇိန် နောက်ဘက်မှာ ဝင်ထိုင်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီးစိန်မင်းဆီသို့ မငုံ့မရဲလှမ်းကြည့်ပြီး ရှုပ်ကြမ်းနှင့် မိန်းကလေးမှာ အပြော ရခက်နေဟန်တူသည်။

"မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်တဲ့ အမှုကိစ္စဆိုတော့ အနားမှာ နောက်တစ်ယောက်ရှိနေတာ ပိုပြီးသင့်မြတ်ပါတယ်။ ပြီးတော့ မစ္စတာဂဖားအကြောင်းကိုလည်း ကျုပ်တို့အားလုံး ကြားတန်သလောက် ကြားထားလို့ တွေးမိထားပါတယ်။ မရှက်မရွံ့ အမှန်အတိုင်းသာပြော။ ဒါမှ အမှုအမှန်ကို မြန်မြန် ဖော်ထုတ်နိုင်မှာ ..."

မိန်းကလေးမှာ အဖြစ်မှန်ကို ပြောဆိုဖို့ အတော်ကြိုးစားနေရပုံပေါ်သည်။ နောက်မှ သက်ပြင်းမောကြီးတစ်ချက်မှုချကာ မလွှဲသာပြော ပြောရလေတော့သည်။

*** ***

(လေး)

"ကျွန်တော့်နာမည် မောင်သန်းမြင့်၊ အဲ ... အင်း ... မခင်သန်းမြင့်ပါ။ ကျွန်မ မစ္စတာဂဖားဆီမှာ စာရင်းကိုင် စာရေးလုပ်ပါတယ်။ မစ္စတာဂဖားဟာ ယောကျ်ားဖြစ်ပေမယ့် အတွင်းစိတ်က မိန်းမစိတ်ပေါက်နေတဲ့ မိန်းမလျာတစ်ယောက်ပါ"

"သူကြိုက်ပြီဆိုရင် ဘယ်ယောကျ်ားလေးမဆို ငွေနဲ့မျှားပြီး ရအောင်သိမ်းသွင်းပါတယ်။ ကျွန်မကတော့ ယောကျ်ားစိတ်ပေါက်နေတဲ့ မိန်းကလေးတစ်ယောက်ပေါ့လေ"

"ငယ်ငယ်ကတည်းက ယောကျ်ားလေးလို နေထိုင်လာခဲ့လို့ ကျွန်မမိဘတွေကလွဲရင် တခြားဘယ်သူမှ ကျွန်မကို မိန်းကလေးမှန်း မသိကြပါဘူး။ ဖြစ်ချင်တော့ ကျွန်မကို မိန်းမစိတ်ပေါက်နေတဲ့ မိန်းမလျာ မစ္စတာဂဖားက တကယ့်ယောကျ်ားလေးမှတ်ပြီး ကြိုက်ခဲ့ပါတယ်"

"အမှန်တော့ ဒီကိစ္စဖြစ်ရတာလည်း ကျွန်မအဖေ ဦးမောင်မောင်သန်း လေဖြတ်ရာက စတာပါပဲ။ အဖေက မစ္စတာဂဖားရဲ့ ကုမ္ပဏီမှာ ငွေကိုင်စာရေးကြီးပါ။ အဖေ ရုတ်တရက်လေဖြတ်ပြီး ရုံးမတက်နိုင်တာကို ခွင့်သွားတိုင်ရာက မစ္စတာဂဖားက ကျွန်မကိုတွေ့ပြီး ကြိုက်သွားခဲ့တာကိုး"

"အဖေ့ရောဂါအခြေအနေ မသက်သာတော့ မစ္စတာဂဖားက ကျွန်မကို သူ့ကုမ္ပဏီမှာ အလုပ်ဝင်ဖို့ အဖေ့အစား လစာကောင်းကောင်းပေးပြီး အလုပ်ခန့်ခဲ့ပါတယ်"

"အလုပ်ခန့်ပြီးတော့ သူ့နည်းသူ့ဟန်အတိုင်း ပိုးကြေးပန်းကြေးတွေ ပေးပြီး သူ့လုပ်ငန်းခွင်က ထွက်မသွားအောင် ကြံဆောင်ခဲ့ပါတယ်။ ကျွန်မမှာ ဖအေကြီးကလည်း မသက်သာ၊ ဆေးဖိုးဝါးခကလည်းကုန်၊ တခြားအလုပ်အကိုင်ကိုလည်း ရှာမရဆိုတော့ မရှောင်မလွှဲသာဘဲ ဟန်ဆောင်နေခဲ့ရပါတယ်"

"သူ့အနေနဲ့ ကျွန်မကို တကယ့်ယောကျ်ားလေးမှတ်ပြီး လူချင်းတွေ့ရအောင် ကြံစည်လေတိုင်း ကျွန်မက အမျိုးမျိုး ပရိယာယ်သုံးပြီး ရှောင်ခဲ့ပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမား။ ကျွန်မက သူ့လက်အောက်မှာ အလုပ်လုပ်နေရတဲ့သူဆိုတော့ ကြာကြာလွတ်အောင် မရှောင်နိုင်တော့ပါဘူး။ သူ့ဆင်ကွက်ထဲ အမိခံလိုက်ရပါတယ်"

"တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ကြုံကြရပြီဆိုတော့ သူ့အနေနဲ့ သူမျှော်လင့်ထားတာတွေ ဖြစ်မလာဘဲ အားလုံး တက်တက်စင်လွဲကုန်ပြီဆိုတာ သိသွားပြီး ပထမ အတော့်ကို စိတ်ဆိုးသွားပါတယ်။ ဒါပေမယ့် သူ ကျွန်မကို ပစ်ပစ်ခါခါ စိတ်မဆိုးနိုင်ရှာပါဘူး"

ကျုပ်က
ငွေဘယ်တော့မှလိုတဲ့
လူစားမျိုးမဟုတ်ဘူး။
ကျုပ်မိဘနှစ်ပါးနဲ့
ကျုပ်တို့မျိုးရိုးအစဉ်အဆက်က
ဆင်းရဲငတ်ပြတ်လို့
ကိုယ်နေတဲ့နိုင်ငံကိုပစ်ပြီး
တခြားနိုင်ငံမှာလာစီးပွားရှာရင်း
ချမ်းသာလာကြတာတွေလည်း
မဟုတ်ဘူး။
ကျုပ်တို့မြေ၊ကျုပ်တို့ပြည်မှာ
မိဘဘိုးဘွားအစဉ်အဆက်
ချမ်းသာလာကြတဲ့
သူတွေဗျ။

"အဲဒီအချိန်မှာ အရင်ကတည်းက အနေနီးစပ်မှုတွေက ရှိနေ၊ တစ်ယောက်နဲ့တစ်ယောက် အပြုအစုတွေနဲ့ သာယာမှုတွေကလည်း ရှိနေဆိုတော့ ကျွန်မတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြာကြာစိတ်မဆိုးရက်၊ စိတ်မနာနိုင်ရက် ကြတော့ဘဲ ပေါက်တဲ့နဖူး မထူးတော့ဘူး ဆိုပြီး ဖြစ်လာတဲ့ဇာတ်ကို သင့်သလို ကလိုက်မိကြတယ်"

မောင်သန်းမြင့်ခေါ် ခင်သန်းမြင့်မှာ သူ့ကစားကို ရှေ့ဆက်ပြောသင့် မပြောသင့် စဉ်းစားရင်း သူ့မ၏ နီရောင်သန်းနေသော ရှက်မျက်နှာအား ဝရဇိန်နှင့် မျက်နှာချင်းမဆိုင်မိလေအောင် ခပ်ငိုက်ငိုက်ငုံ့ထားလေ၏။

www.burmeseclassic.com

ဝရဇိန်မှာ ရောဂါသည်တစ်ယောက်၏ ရောဂါကို ပျောက်အောင်ကုသပေးရမည့် မမြင်အပ်သည့် ဆေးဆရာထုံး နှလုံးမူလျက် အမှုမှန်အတိုင်း ခင်သန်းမြင့် ပြောရဲအောင် ဝင်ပြီးတိုက်တွန်းစကားပြောပေးရပြန်သည်။

"ရဲရဲသာပြောပါ။ မင်းအမှန်ကိုပြောမှ အမှုမှန်ကိုဖော်ထုတ်နိုင်မှာ။ ပြီးတော့ မင်းအတွက်လည်း အကျိုးရှိပါလိမ့်မယ်"

"ဟုတ်ကဲ့။ မပြောမဖြစ်လို့သာ ပြောပြရတော့မှာပါ။ အဲဒီလိုနဲ့ သူနဲ့ ကျွန်မ နေလာရင်းက သဘာဝကို မလိမ်ညာနိုင်တော့ဘဲ ယောကျ်ားဓာတ်တွေ၊ မိန်းမဓာတ်တွေ ပြလာကြတယ်။ ကြာကြာနေတော့ သူလည်း ယောကျ်ားစိတ်တွေဝင်၊ ကျွန်မလည်း မိန်းမစိတ်တွေဝင်လာလို့ ကျွန်မတို့ ကိုယ့်ဘဝအမှန်ကို ပြန်ရကြပြီး လူ့သဘာဝအတိုင်း လင်မှတ်မှတ်၊ မယားမှတ်မှတ် အတိအလင်း လက်ထပ်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်"

"ကျွန်မတို့နှစ်ယောက်အတွက် အခွင့်သာမယ့် အခြေအနေကို စောင့်စားရင်း နေလာကြရာက ကျွန်မမှာ ကိုယ်ဝန်ရှိလာတော့ ဒီအတိုင်း ဆက်နေလို့ မဖြစ်တော့တာနဲ့ သူနဲ့ကျွန်မ ဟံသာဝတီခရိုင်တရားရုံးမှာ သွားပြီး လက်ထပ်ထားလိုက်ကြပါတယ်"

ထိုအချိန်က ဟံသာဝတီခရိုင်သည် ပဲခူးတိုင်းအတွင်းမှာ ပါဝင်နေပြီး ရန်ကုန်မြို့သည် ဟံသာဝတီခရိုင်ထဲ၌ အပါအဝင်ဖြစ်ကာ ရန်ကုန်တိုင်းဟူ၍ ယခုလို သီးခြားမခွဲသေးချေ။ ဟံသာဝတီခရိုင်တရားရုံးသည်ပင် ပန်းဆိုးတန်းနှင့် ယခု ဘဏ်လမ်းဟုခေါ်သော ဖြတ်လမ်း၌ ရှိနေသေးသည်။

"သူနဲ့ ကျွန်မ အတိအလင်း လူသိရှင်ကြား လက်ထပ်ဖို့ သူ့ဆွေမျိုးတွေနဲ့ တိုင်ပင်ကြတဲ့အခါမှာ အားလုံးက အကန့်အကွက်မရှိကြဘဲ သဘောတူကြတဲ့အပြင် ဝမ်းတောင်ဝမ်းသာသွားကြပါတယ်။ သူလည်း ယောယကျ်ားစစ်စစ်ဘဝကို ပြန်ရောက်သွားပြီပေါ့လေ"

"အဲဒီလိုနဲ့ ဆွေမျိုးတွေနဲ့ တိုင်ပင်ပြီး လက်ထပ်ဖို့ ရက်ရွေးနေကာမှ သူ မမျှော်လင့်ဘဲ အသတ်ခံလိုက်ရတာပါပဲရှင်။ ကျွန်မမှာလည်း သူ့ကြောင့် ဘဝပြောင်းပြီး ဟောဒီ ကိုယ်ဝန်နဲ့ အရှက်တကွဲ အကျိုးနည်းဖြစ်ရအောင် ကံဆိုးစွာနဲ့ ကျန်ခဲ့လို့ အားကိုးရာ အားကိုးကြောင်း ဆရာကြီးဝရဇိန်ဆီ လာပြီးတိုင်ပင်ရတာပါ"

ဝရဇိန်မှာ လောကကြီး၌ အသက်တစ်ရာ မနေရသည့်တိုင် အမှုတစ်ရာတွေ့တတ်သည်ဟူသော စကားပုံထဲတွင် ထိုသို့ ထူးခြားဆန်းကြယ်သော အမှုတစ်ခုကိုပါ ထပ်ထည့်ပြီး အသက်တစ်ရာမနေရဘဲ အမှုတစ်ရာ့တစ်မှု တွေ့ရတတ်သည်ဟု ဖြည့်လိုက်ချင်ပါ၏။

လျှို့ဝှက်စွာ ဖြစ်ပျက်နေတတ်သော အဖြစ်အပျက်တွေကလည်း များမှများ။ ထူးခြားဆန်းကြယ်စွာ ဖြစ်ပျက်နေသော အမှုတွေကလည်း ဩချစရာဟူသော အတွေးတွေဖြင့် စဉ်းစားရင်း ရာဘာခြံသူဌေး မစ္စတာဂဖားအသတ်ခံရမှုမှာ သူတွက်ထားသလို ရှုပ်ထွေးမှုရှိနေပြီဟု နားလည်လိုက်၍လည်းကောင်း၊ မောင်သန်းမြင့် တစ်ဖြစ်လဲ မခင်သန်းမြင့်၏ အရှက်ကွဲမည့်အဖြစ်ကို စာနာထောက်ထားခြင်းဖြင့်လည်းကောင်း ထိုထူးခြား၍ လျှို့ဝှက်ဆန်းကြယ်လွန်းလှသော အမှုကြီးကို မခင်သန်းမြင့် တင်ပြသော လက်ထပ်စာချုပ်အား အမိအရထားပြီး အမှုကို လက်ခံလိုက်ရတော့သည်။

*** ***

(ငါး)

ဝရဇိန်သည် မခင်သန်းမြင့် ပြန်သွားသည့်နေ့မှစ၍ ထိုအမှုကို သူ့နည်းသူ့ဟန်ဖြင့် လျှို့ဝှက်စွာ စုံစမ်းခြင်းပြုလေ၏။

ပြစ်မှုကျူးလွန်နိုင်လောက်သည့် အထောက်အထားကို ခိုင်မာအောင်တည်ဆောက်ပြီး တရားခံပြေးမလွတ်နိုင်ရန် အချက်အလက်တွေ ရနိုင်သမျှ စုဆောင်းသည်။

ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လျှို့ဝှက်စုံစမ်းနေစဉ်အတွင်း တတ်နိုင်သမျှ ထိုအမှုထဲတွင် သူလိုက်ပါစုံစမ်းမှု မရှိလေဟန် တတ်နိုင်သမျှခြေရာဖျောက်ထား၏။

သို့နှင့် နောက်တစ်လခန့်အကြာ အချက်အလက်တွေ ပြည့်စုံပြီဆိုသည်နှင့် အသတ်ခံရသူ မစ္စတာဂဖား၏ညီ သူဌေးကလေး မစ္စတာရှဖီးအိမ်သို့ သူ၏ မော်ရစ္စမိုင်နာကားကလေးကို ကိုယ်တိုင်မောင်းပြီး ရောက်လာခဲ့လေသည်။

သူဌေးကလေး မစ္စတာရှဖီးသည် မစ္စတာဂဖားကျန်ရစ်ခဲ့သော သွေးသားတွေထဲတွင် သွေးအရင်းဆုံး ဖအေအူမအေကွဲ တစ်ဦးတည်းသော ညီတစ်ယောက်ဖြစ်၏။

မစ္စတာရှဖီးမှာ မစ္စတာဂဖားလို မိန်းမလျာဟု သတင်းမထွက်ဘဲ ကျားကျားလျားလျားရှိကာ ထိုခေတ်က ခေတ်စားသော ဟော်ကီနှင့် ပိုလိုအားကစားသမားတစ်ယောက်အဖြစ် နာမည်ရနေသူဖြစ်၏။

ဟော်ကီကစားနည်းက ရာဘာဘောလုံးကို မြေပြင်တွင် လူက ဟော်ကီရိုက်တံဖြင့် ရိုက်၍လုကာ ဂိုးသွင်းရခြင်းဖြစ်ပြီး၊ ပိုလိုကစားနည်းက လူက မြင်းပေါ်မှနေ၍ ဂေါက်ရိုက်တံဖြင့် ရိုက်၍ တစ်ဖက်နှင့်တစ်ဖက် အနိုင်အထက်လုကစားဂိုးသွင်းရခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com

မစ္စတာရှဖီး၏ တိုက်အိမ်ကြီးသို့ ဝရဖိန်ရောက်ရှိသွားသောအခါ မစ္စတာရှဖီးမှာ ဝရဖိန်မှန်းသိသည်နှင့် မျက်နှာထားတင်းတင်းဖြင့် မလိုလားဟန်ပြလေသည်။

"ခင်ဗျားကို ကျုပ်အစ်ကိုအမှုအတွက် စုံစမ်းပေးဖို့ ငှားတုန်းက ခင်ဗျားက ကြီးကြီးကျယ်ကျယ်တွေပြောပြီး ခုမှ ဘာဖြစ်လို့ လာတာလဲ။ အမှုကို စုံစမ်းပေးဖို့အတွက် ငွေလိုချင်လို့ လာတာလား"

မစ္စတာရှဖီးမှာ သူ့အစ်ကိုနှင့် ဆန့်ကျင်ဘက် ခက်ထန်မာကျောသူဖြစ်၏။ အိမ်ထောင်မရှိသော်လည်း သူ့အိမ်တွင် မိန်းကလေးအဖော်များရှိနေပြီး ထိုမိန်းကလေးအဖော်များရှေ့တွင် ဂုဏ်ယူမောက်မာလိုနေပုံရသည်။

ပြီးတော့ တစ်ယောက်တည်း သူ့ခြံကြီးအတွင်း နယ်ကျွံလာသော ဝရဖိန်လိုလူတစ်ယောက်ကို အထင်သေး လျှော့တွက်ဟန်လည်း ရှိသည်။

"ကျုပ်က ငွေဘယ်တော့မှ လိုတဲ့လူစားမျိုးမဟုတ်ဘူး။ ကျုပ်မိဘနှစ်ပါးနဲ့ ကျုပ်တို့မျိုးရိုးအစဉ်အဆက်က ဆင်းရဲငတ်ပြတ်လို့ ကိုယ်နေတဲ့နိုင်ငံကိုပစ်ပြီး တခြားနိုင်ငံမှာ လာစီးပွားရှာရင်း ချမ်းသာလာကြတာတွေလည်း မဟုတ်ဘူး။ ကျုပ်တို့မြေ၊ ကျုပ်တို့ပြည်မှာ မိဘဘိုးဘွားအစဉ်အဆက် ချမ်းသာလာကြတဲ့သူတွေဗျ။ ကျုပ် ဒီအလုပ်လုပ်နေတာ ငွေလိုချင်လို့မဟုတ်ဘူး။ တရားဥပဒေစိုးမိုးရေးနဲ့ အမှန်တရားပေါ်ထွက်ရေးကို လိုလားလို့ ဝါသနာအရ လုပ်နေတာဗျ"

"ဒါဆို ခင်ဗျားကျုပ်ဆီလာတာက"

"ခင်ဗျားကို တရားခံအဖြစ် ဖမ်းနိုင်အောင်ပဲဗျ"

"ခင်ဗျားက ကျုပ်ကို တရားခံအဖြစ် ဘာကြောင့်ဖမ်းနိုင်ရမှာလဲ"

"ခင်ဗျားဟာ ကနေ့အထိ ခင်ဗျားအစ်ကိုသတ်မှုအတွက် ကျုပ်နဲ့ဆက်သွယ်ဟန်ပြုပြီး တမင်မပြေမလည်ဖြစ်အောင်လုပ်ပြီး ကျုပ်ဒီအမှုကို မလိုက်အောင်လုပ်ခဲ့တယ်။ အများအမြင်မှာ ခင်ဗျားအစ်ကိုကို သတ်တဲ့လူကို မြန်မြန်ပေါ်စေချင်လို့ ကျုပ်နဲ့ဆက်သွယ်တဲ့သဘောပေါ့လေ။ ဒါပေမယ့် ခင်ဗျားက ဟန်ပြသာလုပ်ပြီး ဘယ်အဖွဲ့နဲ့မှ ဆက်သွယ်စုံစမ်းခြင်းမပြုတော့ဘဲ ခင်ဗျားဟာကလေးတွေနဲ့ ပျော်ပျော်ပါးပါး အောင်ပွဲခံနေတာပဲ"

"ကျုပ်ပုလိပ်အဖွဲ့နဲ့ ဆက်သွယ်ထားတယ်။ သူတို့ကတောင် ကျုပ်ကို လူသတ်မှုနဲ့ မစွပ်စွဲဘဲ ခင်ဗျားလို အလွတ်စုံထောက်တစ်ယောက်က ..."

ပြောရင်းကနေ မစ္စတာရှဖီးသည် သူ့ဘေးနားတွင် အသင့်ရှိနေသော ဟော်ကီရိုက်တံကို လျင်မြန်စွာကောက်ယူပြီး ဝရဖိန်အား လှျပ်တစ်ပြက်ရိုက်ချလိုက်ရာ ...

"ဖြောင်း ..."

"ခွပ် ..."

"အား ..."

အလေ့အကျင့်သမား ဝရဖိန်က မစ္စတာရှဖီး၏ ရိုက်လက်၏ မြောက်သွားသော ချိုင်းအောက်သို့ လက်မောင်းရင်းပင့်ဝင်ပြီး ပူးကပ်ကာ တံတောင်ဖြင့်တွက်ကာ ပခုံးဆစ်ပြုတ်အောင် အပြတ်ရိုက်ချိုးပစ်လိုက်သည်။

သိုင်းပြောင်းပြန် အတိုက်အခိုက်ကဒီလိုပါပဲ။ ရန်သူရန်မူလျှင် ညှာမနေ။ အပြတ်တိုက်ခိုက်တတ်သည်။

ရှဖီးမှာ လက်ဆစ်ပခုံးစွန်းမှ ပြုတ်ကျသွားခြင်းကြောင့် လက်ကြီးလှုပ်မရတော့ဘဲ တအီးအီးတအားအားဖြစ်နေစဉ်

"မင်းက ဟော်ကီသမားဆိုတော့ ရိုက်ချက်အားကိုးတာကိုးကွ။ ဒါကြောင့်လည်း မင်းအစ်ကို ဂဖားဟာ သူ့တိုက်က အိပ်ခန်းထဲမှာ လူဆိုးတွေက ရိုက်သတ်သွားသလို ရိုက်ချက်ဒဏ်ရာ အပြင်းဆုံးတစ်ချက်တည်းနဲ့ သေနေတာပေါ့"

"အဲ ... အဲဒါ ကျုပ်နဲ့ဘာဆိုင်လို့လဲ။ သူ့အကျင့်စရိုက်ကြောင့် သူ့ကောင်လေးတွေက မိန်းမယူတော့မယ့် သူ့ကို ဝိုင်းဆုံးမရင်း လက်လွန်သွားကြတာနေမှာပေါ့။ အား ... အီး"

လက်မောင်း ပြုတ်ထွက်သွားသည်ကို မခံမရပ်နိုင်အောင် ခံစားရင်း လက်တစ်ဖက်ဖြင့် ဖေးမကိုင်ထားပြီး ဖြေရှင်းချက်ထုတ်နေသော မစ္စတာရှဖီးနှင့် သူ့လူအချို့ ဆက်၍ရန်မပြုနိုင်ကြစေရန် ဝရဖိန်က သေနတ်ကို ထုတ်ကိုင်လိုက်ရသည်။

"သူ့ကောင်လေးတွေ ဆိုတာထက် မစ္စတာဂဖားကို သတ်နိုင်တဲ့သူဟာ မင်းပဲဖြစ်နေတယ်။ မင်းက မစ္စတာဂဖားနဲ့ အမွေအတူတူ ဆက်ခံရမယ့် နေရာမှာ မစ္စတာဂဖားဆီက အမွေတွေအားလုံး လိုချင်နေတဲ့သူ။ မိန်းမလျာဘဝနဲ့နေရင်း မစ္စတာဂဖား သေဆုံးသွားရင် အဲဒီအမွေတွေဟာ သားသမီးဇနီးမယား မကျန်ခဲ့လို့ မင်းတစ်ယောက်တည်းပဲ ဆက်ပြီးခံစားခွင့်ရှိနေတယ်လို့ ကျိန်းသေတွက်ထားတုန်းမှာ မစ္စတာဂဖားဟာ မိန်းမလျာကနေ ယောက်ျားစိတ်ပြန်ပေါက်ပြီး မိန်းမရှိနေတဲ့အပြင် အဲဒီမိန်းမနဲ့ ကလေးတစ်ယောက်ရတော့မယ်ဆိုတော့ မင်းတွက်ထားတဲ့ဟာတွေ ဖြစ်မလာလို့ ညီအစ်ကိုနှစ်ယောက် စကားများရာက လက်လွန်သွားတာပဲ မဟုတ်လား"

မစ္စတာရှဖီးမှာ ဘာမှဆက်မငြင်းနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားခဲ့လေတော့သည်။

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အပြစ်တစ်ခု၏ အရိပ်မည်း

■ မောင်ညီဦး(က.စ.လ)

အောင်ချမ်းသာရပ်ကွက် ဓမ္မာရုံအတွက် ဂေါပကအဖွဲ့ရွေးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ ဓမ္မာရုံထဲသို့ တဖွဲဖွဲ ရောက်ရှိလာကြ၏။ သတ်မှတ်ထားသည့်အချိန်ရောက်သည်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ရပ်ကွက်ဓမ္မာရုံ ဂေါပကအဖွဲ့ဝင်များကို ယနေ့တက်ရောက်လာကြသော ရပ်ကွက်သူ၊ ရပ်ကွက်သားများမှ မိမိတို့ ရပ်ကွက်အပိုင်းအလိုက် မိမိတို့ ဆန္ဒပြုလိုသူများကို လွတ်လပ်စွာ ရွေးချယ်ဆန္ဒပြုကြရန် နှိုးဆော်ပန်ကြားလိုက်သည်။

ခဏအကြာတွင် ရပ်ကွက်အပိုင်းဆယ်ခုမှ ရပ်ကွက်သူ၊ ရပ်ကွက်သားများက မိမိတို့အပိုင်းအလိုက် ရပ်ကွက်ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်တင်မြှောက်လိုက်ကြ၏။ ထို့နောက် ရွေးချယ်တင်မြှောက်ထားသည့် ပုဂ္ဂိုလ်ဆယ်ဦးထဲမှ နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ အဖွဲ့ဝင် စသည်ဖြင့် အသီးသီး တာဝန်ခွဲဝေမှုကို ပြုကြပြန်ရာ တာဝန်ခွဲဝေပြီးသည်နှင့် ဂေါပကအဖွဲ့ဝင်များအနေဖြင့် ရပ်ကွက်သူ၊ ရပ်ကွက်သားတို့နှင့် တစ်ဦးချင်း မိတ်ဆက်အစီအစဉ် စတော့၏။

www.burmeseclassic.com

www.burmeseclassic.com

အခမ်းအနားမှူးမှ ဖွဲ့စည်းထားသော ဂေါပကအဖွဲ့ဝင်များဖြစ်ကြသည့် နာယကနှစ်ဦး၊ ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး စသည်တို့၏ တစ်ဦးချင်းစီ၏ အမည်ကို ကြေညာ၍ အများမြင်သာအောင်မတ်ရပ်ပြစေ၏။ ထို့နောက် ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်ထားသော ဦးတင်မျိုးသိန်းအား ကျေးဇူးပြု၍ မတ်တတ်ရပ်ပြပါရန် အခမ်းအနားမှူးမှ ဖိတ်ခေါ်လိုက်သည့်တွင် ဦးတင်မျိုးသိန်းလည်း အင်္ကျီအဖြူ ကော်လံကတုံး၊ ပန်းနုရောင်တိုက်ပုံနှင့် ရခိုင်လုံချည်အစိမ်းနုရောင်ကို သပ်ရပ်စွာ ဝတ်ဆင်ထားလျက် မတ်တတ်ရပ်ပြလိုက်၏။

ထိုစဉ် ဓမ္မာရုံထဲတွင် လှေလာရင်းရောက်ရှိနေကြသော ပရိသတ်ထဲမှ အသက်လေးဆယ်နီးပါးခန့်ရှိသော ရပ်ကွက်သားတစ်ဦးက မတ်တတ်ရပ်၍ ဆန္ဒတစ်ခု ပြုလိုက်၏။

"ဂေါပကအဖွဲ့ ရွေးချယ်ပေးကြတဲ့ လူကြီးမင်းများခင်ဗျား၊ ကျွန်တော့်နာမည် မောင်သောင်းဝေပါ။ တော်ဝင်လမ်းမှာ နေပါတယ်။ ယခုလူကြီးမင်းများ ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်ထားတဲ့ ဦးတင်မျိုးသိန်းကို အဖွဲ့ဝင်တစ်နေရာကိုသာ ပြောင်းလဲတာဝန်ပေးသင့်ကြောင်း ကျွန်တော် မေတ္တာရပ်ခံပါရစေခင်ဗျား ..."

မောင်သောင်းဝေဆိုသူသည် ဤမျှပြောပြီး သူ၏နေရာတွင် ပြန်ထိုင်နေလိုက်၏။ ထိုစဉ် ဦးတင်မျိုးသိန်းကို အဆိုတင်သွင်းသူ ဦးမောင်ကြိုင်က မတ်တတ်ထရပ်၍ ဦးတင်မျိုးသိန်းကို ရပ်ကွက်အပိုင်းကိုယ်စားလှယ်အဖြစ် ရွေးရခြင်း၏ အကြောင်းရင်းကို အများကြားအောင် တင်ပြလိုက်၏။

"ဒီလိုရှိပါတယ်ခင်ဗျ။ ဦးတင်မျိုးသိန်းဟာ ကျွန်တော်တို့ရပ်ကွက်ကို ရောက်လာတာ သုံးနှစ်ကျော်လောက်ရှိပြီ။ ဦးတင်မျိုးသိန်းက ကျွန်တော်တို့ ရပ်မိရပ်ဖများနှင့်သာ မဟုတ်ပါဘဲ ပတ်ဝန်းကျင်မှာရှိတဲ့ ကလေး၊ လူကြီးအားလုံးနဲ့လည်း ရင်းနှီးခင်မင်နေသူ ဖြစ်ပါတယ်။ ပြီးတော့လည်း ဦးတင်မျိုးသိန်းဟာ ဌာနဆိုင်ရာတစ်ခုက ပင်စင်ယူထားပြီး လက်ရှိမှာ ကိုယ်ပိုင်စီးပွားရေးအဖြစ် ကိုယ်ပိုင်ကားကို တက္ကစီမောင်းနေသူ ကားအုံနာတစ်ယောက် ဖြစ်ပါတယ်။ ဦးတင်မျိုးသိန်းဟာ ရပ်ရေးရွာရေးမှာလည်း အားတက်သရောနဲ့ လုပ်အားသာမက ငွေအားပါလိုအပ်ရင် လိုအပ်သလို ထောက်ပံ့ကူညီနေသူဖြစ်လို့ ကျွန်တော်တို့ရပ်ကွက်အပိုင်းက အများသဘောတူ ရွေးချယ်ပြီး တင်မြှောက်ထားတာဖြစ်ပါတယ်"

ဤသို့ ဦးမောင်ကြိုင်က ထောက်ခံရခြင်း၏အကြောင်းကို အများကြားအောင် တင်ပြလိုက်သည်နှင့် ကာယကံရှင်ဖြစ်သူ ဦးတင်မျိုးသိန်းလည်း ထိုင်နေရာမှ မတ်တတ်ထရပ်ပြီး ပြုံးရွှင်စွာဖြင့် သူ့ကို ကန့်ကွက်သူ ကိုသောင်းဝင်းကို ကြည့်ကာ အများကြားသိရန်အတွက် ရှင်းပြလိုက်၏။

"ကျွန်တော် ဦးတင်မျိုးသိန်းပါ။ ကျွန်တော်ဟာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနက အသက်မပြည့်မီ ကြိုတင်အငြိမ်းစားယူခဲ့တဲ့ ဝန်ထမ်းဟောင်းတစ်ဦးပါ။ ကျွန်တော် လူမှုရေးလုပ်ငန်း မှန်သမျှကို ဝါသနာ ပါပါတယ်။ ဝါသနာပါလို့လည်း ဦးမောင်ကြိုင်တို့ ရပ်မိရပ်ဖများက ကျွန်တော့်ကို ဒီရပ်ကွက်ဓမ္မာရုံ ဂေါပကအဖွဲ့အတွက် တာဝန်ယူဖို့ ထောက်ခံကြတာကို ကျွန်တော်လည်း သဘောတူလက်ခံခဲ့တာပါ။ ကျွန်တော့်ကို ယုံကြည်လို့ ပေးအပ်တဲ့ တာဝန်မှန်သမျှကို မတိမ်းမစောင်းအောင် တာဝန်ယူနိုင်ပါတယ်လို့ အများကြားအောင် တင်ပြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဤသို့ ဦးတင်မျိုးသိန်းက အသံ ဩဇာပါပါနှင့် ပြောလိုက်သည့်တွင် ကန့်ကွက်ပြောဆိုသူ ကိုသောင်းဝေလည်း ချက်ချင်းမတ်တတ်ထရပ်ကာ ဦးတင်မျိုးသိန်းကိုကြည့်ပြီး မေးလိုက်ပြန်၏။

"ခင်ဗျားကို ကျွန်တော် ကောင်းကောင်းသိပါတယ် ဦးတင်မျိုးသိန်း။ ခင်ဗျားရဲ့ ရုံးဖြစ်တဲ့ ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနဆိုတာ ဗိုလ်အောင်ကျော်လမ်းက ရုံးမဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် အဲဒီကိုယ်စားလှယ်လုပ်ငန်းဌာနက ဌာနမှူး ဗိုလ်မှူးတင်ဝင်းနဲ့ ရုံးအုပ်ဒေါ်ခင်မာလွင်တို့ကိုကော သိလား"

"သိတာပေါ့ဗျာ။ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းအချင်းချင်းပဲ သိတာပေါ့"

"ဒါဆိုရင် ခင်ဗျား ကျွန်တော့်ကို သိလား၊ မှတ်မိလား"

ထိုသို့ ကိုသောင်းဝေက ပြောလိုက်သည်နှင့် ဦးတင်မျိုးသိန်းလည်း ကိုသောင်းဝေကို စိုက်ကြည့်ပြီး မြင်ဖူးသလိုလိုဖြစ်၍ စဉ်းစားနေစဉ် ကိုသောင်းဝေက ထပ်၍ ပြောလိုက်၏။

"ခင်ဗျားရုံးမှ ပင်စင်မယူမီ ၂၀၀၅၊ ၂၀၀၆ လောက်က ခင်ဗျား မရိုးမသားလုပ်ခဲ့မိတဲ့ ကိစ္စလေးတစ်ခုကို ပြန်စဉ်းစားကြည့်ပါ"

ကိုသောင်းဝေက ဤသို့ပြောလိုက်သည်နှင့် ဦးတင်မျိုးသိန်းသည် ကိုသောင်းဝေကို စိုက်ကြည့်ပြီး စဉ်းစားလိုက်၏။ ပြီးမှ တိုက်ပုံအင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ကာ နဖူးမှ ချွေးများကို သုတ်လိုက်ပြီး ရှင်းပြရန် စကားစလိုက်၏။

"ဩော် .. ကျွန်တော်မှတ်မိပြီ။ အဲဒီတုန်းက ဒီလိုရှိပါတယ်ခင်ဗျာ"

ဦးတင်မျိုးသိန်းမှ ရှင်းပြရန် စကားစလိုက်သည့်တွင် ကိုသောင်းဝေက ဆက်

www.burmeseclassic.com

www.burmeseclassic.com

၍ မပြောရန် ဟန့်တားလိုက်တော့၏။

"ကျွန်တော်ပြောမယ်။ ခင်ဗျား လည်း ရှည်ရှည်ဝေးဝေး ဆက်ပြီး မရှင်း ပြနဲ့တော့။ ဆက်ပြောရင် ခင်ဗျားအတွက် သိက္ခာကျစရာတွေ ကျွန်တော် ပြောပြဖြစ် သွားလိမ့်မယ်။ အခုလည်း ဒီဓမ္မာရုံထဲမှာ ရှိနေကြတဲ့ ရပ်မိရပ်ဖတွေ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေ စိတ်အနှောင့်အယှက် ဖြစ်ကုန်လောက်ပြီ"

ကိုသောင်းဝေသည် ဤမျှပြောပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဂေါပကရွေး ချယ်ရေးအဖွဲ့ဝင်များကိုကြည့်ကာ ဆက် ၍ပြောလိုက်၏။

"ဂေါပကရွေးချယ်ရေးအဖွဲ့ဝင် လူ ကြီးမင်းများအနေနဲ့ ကျွန်တော် ဘာ ကြောင့်ကန့်ကွက်ရသလဲဆိုတာ လော လောဆယ်ဆယ် သဘောပေါက်ချင်မှ ပေါက်ပါလိမ့်မယ်။ ကျွန်တော် ဘာ ကြောင့် ကန့်ကွက်ရသလဲဆိုတာ သိချင် ကြရင် ကျွန်တော့်ကို အချိန်မရွေး ခေါ် မေးနိုင်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျာ"

ကိုသောင်းဝေ၏ စကားဆုံးသည် နှင့် ဦးတင်မျိုးသိန်းလည်း ဘာမှ ဆက် မပြောတော့ဘဲ မိမိဆန္ဒအလျောက် ဂေါ ပကအဖွဲ့မှ နုတ်ထွက်လိုက်တော့၏။ ထို့ အပြင် ရက်အနည်းငယ်အကြာတွင် ဦးတင်မျိုးသိန်းတို့မိသားစုလည်း အောင် ချမ်းသာရပ်ကွက်မှအိမ်ကို ရောင်းကာ ရန်ကုန်တိုင်းနှင့်ဝေးရာ မြို့တစ်မြို့သို့ အပြီးတိုင် ပြောင်းရွှေ့သွားတော့၏။

လောကတွင် မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိဟူသော ဆိုစကားရှိ၏။ မကောင်းမှုတစ်ခုခုကို ကျူးလွန်ထားမိသူ သည် မိမိကျူးလွန်ထားမိခဲ့သည့် ပြစ်မှု အတွက် တစ်ချိန်ချိန်တွင် ပြန်လည်ပေး ဆပ်ရတတ်၏။ ပေးဆပ်ရသည်ဟု ဆိုရာ တွင်လည်း ငွေကြေးပစ္စည်းမဟုတ်ဘဲ သိက္ခာကိုရင်း၍ ပေးဆပ်လိုက်ရခြင်းသည် လူ့ဘဝအတွက် တန်ဖိုးအကြီးဆုံးသော ဆုံးရှုံးမှုတစ်ခုဖြစ်သည်ကို စာရှုသူတို့ သတိချပ်မိစေရန် အောက်ပါဖြစ်ရပ် ကလေးတစ်ခုက သာဓကပြနေပါလိမ့် မည်။

××× ×××

၂၀၀၅ ခုနှစ်ခန့်က ဖြစ်၏။

ရုံးဖွင့်ရက်တစ်နေ့၌ ဦးတင်မျိုးသိန်း သည် နံနက်ကိုးနာရီအချိန်ခန့်တွင် ရုံးသို့ ရောက်လာ၏။ ရုံးပေါ်သို့ရောက်လာပြီး မိမိဌာနခွဲရှိ အလုပ်စားပွဲသို့ မသွားသေးဘဲ အပေါ့အပါးသွားရန် ရေအိမ်ခန်းသို့ လှမ်း ဝင်ခဲ့၏။ ရေအိမ်ခန်းသို့သွားရာ လျှောက် လမ်းဘေးရှိ ခုံတန်းရှည်ပေါ်တွင် ပိုက်ဆံ အိတ်တစ်လုံးကို အမှတ်မထင် တွေ့လိုက် ၍ ပတ်ဝန်းကျင်တွင်လည်း မည်သူမျှ မတွေ့သဖြင့် ခေတ္တသိမ်းဆည်းထားရန် ယူခဲ့၏။ ရေအိမ်ခန်းထဲသို့ရောက်စဉ် ပိုက် ဆံအိတ်ကို ဖွင့်ကြည့်ရာ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ တစ်ရာတန်လေးငါး ရွက်နှင့် မြန်မာငွေအချို့အပြင် နိုင်ငံခြား သားတစ်ဦး၏ ပတ်စ်ပို့တစ်ခုကိုလည်း တွေ့လိုက်ရ၏။

ဦးတင်မျိုးသိန်းသည် ရေအိမ်ခန်း အတွင်းတွင် အဆိုပါ နိုင်ငံခြားငွေများကို ကြည့်ပြီး အမျိုးမျိုးစိတ်ကူးစဉ်းစားနေ၏။ ပြီးမှ ထိုပိုက်ဆံအိတ်ကို သူ၏ လက်ဆွဲ အိတ်ကြီးထဲသို့ထည့်ကာ ရေအိမ်ခန်းမှ ထွက်လာခဲ့သည်။ ထိုစဉ် သူကောက်ယူ ခဲ့သော ပိုက်ဆံအိတ်ကို ခုံတန်းရှည်၏ အထက်၊ အောက်၊ ဘေးပတ်ပတ်လည် နေရာအနှံ့ လိုက်လံရှာဖွေနေသည့် လူ ငယ်တစ်ဦးနှင့် ထိုလူငယ်အနီးတွင် မတ် တတ်ရပ်၍စောင့်နေသော နိုင်ငံခြားသား တစ်ဦးကိုလည်း တွေ့၏။ သို့သော် ဦးတင် မျိုးသိန်းမှာ သူဘာမှမသိသကဲ့သို့ မသိ ဟန်ဆောင်ကာ သူ့အလုပ်စားပွဲသို့သာ လျှောက်လာခဲ့၏။

ခဏအကြာတွင် နိုင်ငံခြားသားကြီး သည် ရုံးပေါ်ရှိ လျှောက်လမ်းတွင် ရပ် စောင့်နေပြီး အသက်သုံးဆယ်ကျော်ခန့် ရှိ လူငယ်တစ်ယောက်သည် ရုံးသန့်ရှင်း ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်လှနှင့် အတူ ဦးတင်မျိုးသိန်း၏ အနားသို့သွား ကာ ခုံတန်းရှည်ပေါ်မှ အိတ်တစ်လုံးတွေ့ မိပါသလားဟု ရိုသေစွာ မေးလိုက်သည် တွင် ဦးတင်မျိုးသိန်းက မတွေ့မိကြောင်း ပြန်ပြောလိုက်၏။

ထို့နောက် အဆိုပါလူငယ်က ခုံ တန်းရှည်ပေါ် တင်ထားသည့် ပိုက်ဆံ အိတ်ကို ဆရာယူသွားသည်ကို သန့်ရှင်း ရေးဝန်ထမ်းက တွေ့ကြောင်းဖြင့် သန့် ရှင်းရေးအဖွဲ့ခေါင်းဆောင် ဦးမောင်လှကို သက်သေထား၍ ပြောလိုက်ပြန်ရာ ဦးတင် မျိုးသိန်းသည် ဒေါသကြီးစွာဖြင့် သန့်ရှင်း ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်လှနှင့် အဆိုပါ လူငယ်ကို မောင်းထုတ်လိုက်၏။ သို့ဖြစ်၍ အဆိုပါ လူငယ်သည် နိုင်ငံခြား သားကြီးနှင့်အတူ ဌာနမှူး ဗိုလ်မှူးတင် ဝင်းရုံးခန်းသို့ဝင်သွားပြီး အကျိုးအကြောင်း တင်ပြ၏။

ခဏအကြာတွင် ဌာနမှူးသည် ရုံးလုလင်တစ်ယောက်ကို လွှတ်၍ သန့် ရှင်းရေးအဖွဲ့ခေါင်းဆောင် ဦးမောင်လှကို ခေါ်ခိုင်းလိုက်ရာ ဦးမောင်လှလည်း ဌာန မှူးရုံးခန်းထဲသို့ လိုက်ပါသွား၏။ တစ်ဖန် ဌာနမှူးသည် ရုံးလုလင်ဖြင့်ပင် ဦးတင်မျိုး သိန်းကို အခေါ်လွှတ်လိုက်ရာ ဦးတင်မျိုး သိန်းလည်း ဌာနမှူးရုံးခန်းထဲသို့ လိုက်ပါ သွား၏။ ဌာနမှူးရုံးခန်းထဲတွင် ဌာနမှူး က ဦးတင်မျိုးသိန်းကို ခုံတန်းပေါ်မှ အိတ် တစ်လုံးတွေ့မိသလားဟု မေးရာ သူ မတွေ့ကြောင်း၊ မယူကြောင်း ငြင်းဆို လိုက်၏။ သို့နှင့် ဌာနမှူးက နိုင်ငံခြားသား

www.burmeseclassic.com

www.burmeseclassic.com

ကြီးနှင့် လူငယ်အား ဤဌာနသို့ မလာရောက်မီ အရင်ဝင်ရောက်ခဲ့သော နေရာများတွင် သော[illegible] သွားကြည့်ပါရန် မေတ္တာရပ်ခံ[illegible] နိုင်ငံခြားသားကြီးနှင့် ထိုလူငယ်အပြင် သန့်ရှင်းရေးအဖွဲ့ခေါင်းဆောင် ဦးမောင်လှနှင့် ဦးတင်မျိုးသိန်းတို့ပါ ဌာနမှူးအခန်းမှ အသီးသီး ထွက်ခဲ့ကြတော့၏။

ခဏအကြာတွင် ... ရုံးလုလင်က ဦးတင်မျိုးသိန်းအနားသို့လာပြီး ဌာနမှူးက တွေ့လိုကြောင်း ပြောသဖြင့် ဦးတင်မျိုးသိန်းလည်း ဌာနမှူးရုံးခန်းထဲသို့ ဝင်သွား၏။ ဌာနမှူးသည် ခုံလွတ်တစ်လုံးပေါ်တွင် ဦးတင်မျိုးသိန်းကို ထိုင်စေပြီး လေ့လာအကဲခတ်ရင်း မေးလိုက်၏။

"ကိုတင်မျိုးသိန်း ... အခု ဒီအခန်းထဲမှာ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်း ရှိတယ်။ ခင်ဗျား ပွင့်ပွင့်လင်းလင်းနဲ့ မှန်မှန်ကန်ကန် ပြောဗျာ။ ကျုပ်အတွေ့အကြုံအရ ပြောရရင် ဒီနေ့ ခင်ဗျား ဟန်ပျက်နေတယ်။ တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ။ သန့်ရှင်းရေးအဖွဲ့ခေါင်းဆောင် ကိုမောင်လှက ခင်ဗျား ရေအိမ်ခန်းကို သွားရင်း ယူသွားတယ်ဆိုတာ တိတိကျကျ သူမြင်ပါတယ်လို့ ကျုပ်ကိုပြောတယ်။ ခင်ဗျားယူလိုက်တဲ့အချိန်မှာ ကိုမောင်လှက အဲဒီပိုက်ဆံအိတ်နဲ့ ဆယ်ပေခန့်အကွာမှာရှိတဲ့ အမှောင်ထဲမှာ အမှိုက်တွေကို အိတ်ထဲထည့်နေရင်းနဲ့ ဧည့်သည်တစ်ယောက်ရဲ့ ပစ္စည်းမို့လို့ သတိထားပြီး ကြည့်ပေးနေတာတဲ့။ ခင်ဗျားယူသွားတာမြင်တော့ ခင်ဗျားလည်း ဌာနခွဲစာရေးကြီးတစ်ယောက်ဆိုတော့ ပိုင်ရှင်ကို ခင်ဗျားသိပြီး ပြန်ပေးမယ်ထင်လို့ ဘာမှမပြောဘဲ ကြည့်နေလိုက်တာတဲ့"

အမှန်ဆိုသော် အဆိုပါ ပိုက်ဆံအိတ်သည် နိုင်ငံခြားသားကြီးကိုယ်တိုင် တင်ထားသော အိတ်ဖြစ်သည်။ နိုင်ငံခြားသားကြီးနှင့် လူငယ်တို့ သဘောကိစ္စ စုံစမ်းရန်အတွက် ရုံးပေါ်သို့ ရောက်ရှိစဉ်တွင် ဌာနခွဲများမှ ဝန်ထမ်းများ မရောက်သေး၍ ရုံးအပေါ်ထပ်ရှိ လျှောက်လမ်းဆုံတွင် ရပ်စောင့်နေခိုက် နိုင်ငံခြားသားကြီးသည် သူ၏လက်ကိုင်ဖုန်းမှ ခေါ်သံကြောင့် ဖုန်းကိုဖွင့်၍ နားထောင်စကားပြောနေစဉ် အဆိုပါ ပိုက်ဆံအိတ်ကို ခုံတန်းပေါ်တင်ထားပြီး သူနှင့်အတူ လိုက်ပါလာသော လူငယ်ကို ကြည့်ထားရန် မှာထား၏။ နိုင်ငံခြားသားကြီးလည်း ထိုပိုက်ဆံအိတ်အနီးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လှမ်း၍ ဖုန်းပြောနေသဖြင့် ထိုလူငယ်လည်း ရေအိမ်ခန်းသို့ အပေါ့အပါးသွားရန် ခဏသွားနေခိုက် ငွေအိတ်ပျောက်ဆုံးသွားကြောင်း လူငယ်က ဌာနမှူးကို တင်ပြထားသည့်အတိုင်း ဌာနမှူးကလည်း ဦးတင်မျိုးသိန်းကို ပြန်လည်ပြောပြလိုက်၏။

ဌာနမှူးလည်း သူသိထားသမျှကို ပြောပြလိုက်ပြီး ဦးတင်မျိုးသိန်း ဘာပြန်ပြောမည်ကိုသာ စောင့်နေ၏။ သို့သော် ဦးတင်မျိုးသိန်းမှာ မည်သို့မျှ ပြန်မပြောဘဲ ခေါင်းကိုသာ ငုံ့နေသဖြင့် ဌာနမှူးက အခြေအနေကို သုံးသပ်ပြီး ထပ်၍ ပြောလိုက်၏။

"ကဲ ... ကိုတင်မျိုးသိန်း၊ ကျွန်တော် သဘောပေါက်တယ်။ ခင်ဗျားရဲ့ သိက္ခာပိုင်းအတွက် ကျုပ်တာဝန်ယူတယ်။ ခင်ဗျားယူထားရင်လည်း ဘယ်သူမှမသိအောင် အခုချက်ချင်း ကျုပ်ဆီကို သွားယူခဲ့ပါ"

ဌာနမှူးမှ ပြောလိုက်သည်နှင့် ဦးတင်မျိုးသိန်းလည်း သူ့အလုပ်စားပွဲမှ အညိုရောင် ပိုက်ဆံအိတ်လေးကို သွားယူလာပြီး ဌာနမှူးကို အပ်နှံလိုက်၏။ ထို့နောက် သူယူမိရခြင်း၏ အကြောင်းကိစ္စကိုပါ ပြောပြလိုက်၏။ ပြီးမှ ဦးတင်မျိုးသိန်းလည်း ဌာနမှူးရုံးခန်းမှ ထွက်လာပြီး သူ့အလုပ်စားပွဲတွင်ထိုင်ကာ ဖိုင်တွဲများကိုကိုင်ရင်း စဉ်းစားနေတော့၏။

ထိုအချိန်တွင် ... ရုံးလုလင်တစ်ယောက်သည် ရုံးအုပ် ဒေါ်ခင်မာလွင်အနားသို့လာပြီး ဌာနမှူးမှခေါ်ကြောင်း ပြောသဖြင့် ဒေါ်ခင်မာလွင်သည် ဌာနမှူးရုံးခန်းထဲသို့ ဝင်သွားခဲ့၏။ ထို့နောက် ဌာနမှူးသည် ဦးတင်မျိုးသိန်းပြန်ပေးထားသော ပိုက်ဆံအိတ်ကို ဒေါ်ခင်မာလွင်ထံ အပ်နှံပြီး သိသင့်သိထိုက်သည့်ကိစ္စအချို့ကို မှာကြားထား၏။

နေ့လယ် ဆယ့်တစ်နာရီအချိန်ခန့်တွင် မနက်ကလာသော နိုင်ငံခြားသားကြီးနှင့် လူငယ်တို့ ဌာနမှူးရုံးခန်းသို့ ပြန်ရောက်လာစဉ်တွင် ဌာနမှူးသည် အဆိုပါ ဧည့်သည်နှစ်ယောက်ကို ခေတ္တထိုင်စေပြီး ရုံးလုလင်ကို အခေါ်လွှတ်လိုက်ရာ ဒေါ်ခင်မာလွင်နှင့် ဦးတင်မျိုးသိန်းတို့ ဌာနမှူးရုံးခန်းထဲသို့ ဝင်ရောက်လာကြ၏။ ထိုစဉ် ဌာနမှူးသည် ဒေါ်ခင်မာလွင်ထံမှ ပိုက်ဆံအိတ်ကိုယူ၍ အဆိုပါ နိုင်ငံခြားသားလက်သို့ အပ်နှံလိုက်ပြီး ထိုပိုက်ဆံအိတ်ကို ရုံးအုပ်ဒေါ်ခင်မာလွင်နှင့် ရုံးလုလင်တို့မှ မနက်က ပိုက်ဆံအိတ်တင်ထားသည့် ခုံတန်း၏ ပတ်ဝန်းကျင်ကို သွားရှာရာမှ တွေ့ကြောင်းနှင့် ပြည့်စုံမှု ရှိမရှိ ပြန်စစ်ဆေးရန် ဌာနမှူးက ပြောလိုက်၏။

ထို့နောက် နိုင်ငံခြားသားကြီးသည် သူ၏အိတ်အတွင်းသို့ ဖွင့်၍စစ်ဆေးရာ အားလုံးပြည့်စုံကြောင်း ဝန်ခံလိုက်သည်။ ပြီးနောက် ဌာနမှူးနှင့် ဒေါ်ခင်မာလွင်တို့ကိုလည်း ကျေးဇူးတင်ကြောင်းပြောပြီး နှုတ်ဆက်၍ ထွက်ခွာသွားကြတော့၏။

နေ့လယ်ပိုင်းအချိန်တွင် ဌာနမှူးသည် ရုံးအုပ်ဒေါ်ခင်မာလွင်ကိုခေါ်၍ မနက်က အဖြစ်အပျက်အပြည့်အစုံကို အသိပေးရှင်းပြပြီး ပိုင်ရှင်ကျေနပ်အောင်

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောလိုက်၏။ တစ်ဖန် ဒေါ်ခင်မာလွင်နှင့် ဦးမောင်လှကိုလည်း အဆိုပါကိစ္စကို မျှိုသိပ်ထားပါရန် မေတ္တာရပ်ခံလိုက်၏။ ထို့ကြောင့်လည်း အဆိုပါဖြစ်ရပ်ကို အခြားမည်သည့်ဝန်ထမ်းမှ ယနေ့တိုင် မသိရှိကြခြင်းဖြစ်ပေသည်။ တစ်နည်းဆိုသော် ဘူးအပေါက်တစ်ပေါက်ကို ပိတ်၍လွယ်ပြီး လူ့ပါးစပ်တစ်ပေါက်ကို ပိတ်၍မလွယ် ဟူသော ဆိုစကားသည် ကိုယ်စားလှယ်ဌာနမှ ဌာနမှူးနှင့် ဝန်ထမ်း(၂)ယောက်တို့အတွက် ခြွင်းချက်ဖြစ်သွားခဲ့ရတော့သည်။

ညနေ ဝန်ထမ်းများ ရုံးဆင်းချိန်တွင် ဌာနမှူးခေါ်ထားသဖြင့် ဦးတင်မျိုးသိန်း ဌာနမှူးရုံးခန်းသို့ ရောက်လာသည်တွင် ဌာနမှူးက ပြုံးရွှင်စွာဖြင့် ကြိုဆိုနှုတ်ဆက်လိုက်၏။

''ကျေးဇူးပဲ ကိုတင်မျိုးသိန်းရာ။ မနက်က ခင်ဗျားက သိက္ခာပိုင်းကို ကာကွယ်ပြီး ဆက်လက်ငြင်းဆန်နေရင် ကျွန်တော်တို့ရုံး၊ ကျွန်တော်တို့ဌာနကြီး အတော်သိက္ခာကျစရာ ဖြစ်သွားနိုင်တယ်။ တော်သေးတာပေါ့၊ အခုဆိုရင် အဲဒီကိစ္စကို ကျွန်တော်ရယ်၊ ဒေါ်ခင်မာလွင်ရယ်၊ ကိုမောင်လှရယ် သုံးယောက်ကလွဲလို့ ဘယ်သူမှမသိပါဘူး။ နောက် ဒါမျိုးတွေ မလုပ်မိအောင် သတိထားပြီး ဆင်ခြင်ပေါ့ဗျာ''

''ဟုတ်ကဲ့ ဗိုလ်မှူး။ ကျွန်တော်မှားမိပါတယ်။ နောက် ကျွန်တော် ဒါမျိုးလုံးဝမဖြစ်စေရပါဘူးခင်ဗျား''

ဦးတင်မျိုးသိန်းမှ ကတိပေးစကားပြောပြီးသည်နှင့် ဌာနမှူးသည် စားပွဲအံဆွဲထဲမှ အထုပ်တစ်ထုပ်ကိုယူ၍ ဦးတင်မျိုးသိန်းရှေ့သို့ ချပေးလိုက်သည်။ ဦးတင်မျိုးသိန်းလည်း ဘာပဖွင့်ည်းမှန်းမသိ၍ ကိုင်မကြည့်ဘဲ ဌာနမှူးကိုသာ ကြည့်နေ၍ ဌာနမှူးက ပြောလိုက်၏။

''အဲဒီ အထုပ်ထဲမှာ ငွေသုံးသိန်းပါတယ်။ ခင်ဗျား မနက်က ကျွန်တော့်ကို ပြောတယ်မို့လား။ သားနဲ့သမီး ကျောင်းအပ်ဖို့နဲ့ ဇနီးကျန်းမာရေးမကောင်းလို့ စရိတ်လိုတာနဲ့ လုပ်မိပါတယ်ဆို။ ဒါကြောင့် ခင်ဗျားရဲ့ ပွင့်ပွင့်လင်းလင်း တင်ပြလာတဲ့အတွက် ကျုပ်ကူညီတာပါ''

''ကျွန်တော်မယူပါရစေနဲ့ ဗိုလ်မှူး''

ဦးတင်မျိုးသိန်းက မယူလိုကြောင်း ငြင်းလိုက်သည်တွင် ဌာနမှူးက ဆက်၍ ပြောလိုက်၏။

''ခင်ဗျား . . . ကျုပ်ရဲ့စေတနာကိုတော့ မစော်ကားနဲ့ဗျာ။ ကျုပ်ရဲ့စိတ်ဓာတ်က ကိုယ့်ဌာနက ဝန်ထမ်းကိစ္စကိုတောင်မကာဘူး၊ ဝန်ထမ်းကို မှီခိုနေကြတဲ့ မိသားစုဝင်တွေရဲ့ အရေးကိုလည်း လိုအပ်ရင် တတ်နိုင်သလောက် ကူညီချင်တဲ့ ဆန္ဒရှိလို့ ကျုပ်စေတနာနဲ့ ပေးတာကို ခင်ဗျား လက်ခံပါ။ ခင်ဗျားလက်မခံရင်တော့ ကျုပ်စိတ်ဆိုးတယ်ဗျာ . . .''

ဌာနမှူးက ဤသို့ပြောလိုက်သည်နှင့် ဦးတင်မျိုးသိန်းလည်း မည်သို့မျှ ဆက်မပြောနိုင်ဘဲ မျက်ဝန်းမှ မျက်ရည်များပင် ဝေ့ဝဲလာ၏။ ထို့နောက် ထိုင်၍ ဌာနမှူးကို ကန်တော့ပြီး ငွေထုပ်ကိုယူကာ ရုံးဆင်းသွားတော့၏။

တစ်နှစ်ခန့်အကြာတွင် ဦးတင်မျိုးသိန်းသည် ကျန်းမာရေးဆရာဝန်ကြီး၏ ထောက်ခံချက်ဖြင့် အသက်မပြည့်မီ အငြိမ်းစားယူခဲ့၏။ ကံအားလျော်စွာပင် ဦးတင်မျိုးသိန်း အငြိမ်းစားယူပြီး မကြာမီ ဦးတင်မျိုးသိန်းတို့ မောင်နှမနှစ်ယောက် ပိုင်သော စမ်းချောင်းမြို့နယ်မှ အမွေဆိုင် မြေကွက်ကြီးကို ကန်ထရိုက်စနစ်ဖြင့် အဆင့်မြင့်တိုက်ကြီး ဆောက်လုပ်ကာ မိမိရရှိသော တိုက်ခန်းကို ပြန်ရောင်း၍ရသော ငွေသိန်းတစ်ထောင်ကျော်ဖြင့် သန်လျင်မြို့နယ်၊ အောင်[illegible] ကွက်သစ်တွင် မြေကွက်တစ်ကွက်ဝယ်ယူခဲ့သည်။ ပြီးနောက် ထိုမြေကွက်တွင် ခေတ်မီတိုက်သစ်လေးတစ်လုံး ဆောက်ပြီး ကိုယ်ပိုင်တက္ကစီကားကို ကိုယ်တိုင်မောင်းကာ မိသားစု အေးချမ်းစွာ နေထိုင်လာခဲ့ကြတော့၏။

သို့ပါသော်လည်း ဤအချပ်ဒေသတွင် မိမိ၏ မိသားစု တစ်သက်တာ အခြေချ နေကြတော့မည်ဟု ရွေးချယ်သတ်မှတ်ဆုံးဖြတ်ထားပါသော်လည်း ရပ်ကွက်ဓမ္မာရုံ ဂေါပကရွေးချယ်ရေး အခမ်းအနားတွင် လူသိရှင်ကြား ဖြစ်သွားရသည့် ကန့်ကွက်မှုကိစ္စကြောင့် ဤရပ်ကွက်တွင် ဆက်လက်၍ မနေလိုတော့ဘဲ ရန်ကုန်တိုင်းနှင့်ဝေးရာ ဒေသတစ်ခုသို့ ထပ်မံပြောင်းရွှေ့သွားခဲ့ရခြင်း ဖြစ်ပါတော့သည်။

(မှတ်ချက် ။ စာရေးသူ၏ ဝန်ထမ်းသက် သုံးဆယ့်ငါးနှစ်အတွင်း စာရေးသူအနေဖြင့် အလွန်လေးစားရသော ဌာနမှူး၊ ဗိုလ်မှူးတင်ဝင်းနှင့် အစ်မတစ်ယောက်သဖွယ် ခင်မင်လေးစားရသော လုပ်ဖော်ကိုင်ဖက် ဒေါ်ခင်မာလွင်၊ ခင်မင်ရသော ဦးမောင်လှတို့၏ အများနှင့်မတူသည့် မွန်မြတ်သော စိတ်[illegible]ရှိသူတို့ကို ကျွန်တော်[illegible]တင်းဖြစ်သည့် ဤဝတ္ထုဇာတ်လမ်းလေးဖြင့် ဂါရဝပြုအပ်ပါသည်။)

မောင်ညီဦး(က. စ. လ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လွမ်းစေတီရဲ့ ချစ်ပုံပြင်

တာတေကြီး

ကျွန်တော်သည် ငယ်စဉ်ကတည်းက ပင်လျှင် မိခင်ကို မသိမီလိုက်ပါ။ ကျွန်တော့်ကို မွေးဖွားပြီး မီးတွင်းမှာပင် ဆုံးသွားသည်ဟု သိခဲ့ရသည်။ ကျွန်တော့် ဘဝတွင် ဖခင်ကြီးသာလျှင် အဖေ၊ ဖခင်ကြီးသာလျှင် အမေဖြစ်ခဲ့သည်။ ယခု ကျွန်တော့်အသက် (၂၅)နှစ်ပြည့်ချိန်ဝယ် ဖခင်ကြီးကလည်း ဇရာ၏ ဖိစီးမှုနှင့် ဘဝတစ်ပါးသို့ ပြောင်းသွားရာ ကျွန်တော်သည် ဖခင်ကြီး၏ လက်ငုတ်လုပ်ငန်းအားလုံးကို ကြီးကြပ်တာဝန်ယူဖို့ ဖြစ်ခဲ့သည်။

သည်လိုနှင့် တောင်ပေါ်မြို့လေးရှိ လက်ဖက်ခြံများကို ကြီးကြပ်ကွပ်ကဲရန် ကျွန်တော် ရောက်ရှိခဲ့သည်။ မှန်ရာကို ပြောရလျှင် ထိုနေရာသို့ ကျွန်တော်သည် တစ်ကြိမ်မျှပင် မရောက်ခဲ့ဘူးပါ။ ထိုခြံလုပ်ငန်းသည် ဖခင်ကြီး၏ လုပ်ငန်းများစွာထဲက တစ်ခုဖြစ်သည်။ ကျွန်တော် ရောက်သည်နှင့် လူယုံကြီး ဦးအိုက်မောင်းက ဆီးကြိုသည်။ ဦးအိုက်မောင်းကိုတော့ မိတ္ထီလာရှိ ကျွန်တော်တို့အိမ်သို့ ဝင်ထွက်သွားလာတာ တွေ့ဖူးပြီး သိကျွမ်းခဲ့ဖူးသည်။

ဦးအိုက်မောင်းက ကျွန်တော် နေမည့် အိမ်တွင် ဝေယျာဝစ္စလုပ်ပေးဖို့ ခွန်နောင်တို့လင်မယားကို ပို့ထားပေးသည်။

"ကိုမင်းဇင် လိုချင်တာ ဖြစ်ချင်တာ မှန်သမျှ သူတို့နှစ်ယောက်ကို ပြောပါ။ သူတို့ အဆင်ပြေအောင် စီစဉ်ပေးပါလိမ့်မယ်"

"ဟုတ်ပါတယ် ဆရာလေး အားမနာပါနဲ့၊ ခိုင်းချင်ရာ ခိုင်းပါ"

"ဟုတ်ပါပြီဗျာ ဦးအိုက်မောင်းကို ရော ဟောဒီက ခွန်နောင်တို့လင်မယားကိုပါ ကျေးဇူးတင်ပါတယ်၊ လိုတာရှိတော့ ပြောပါ့မယ်"

သို့နှင့် ရောက်သည့်နေ့မှို့ ခရီးက ပမ်းလာသဖြင့် စောစီးစွာပင် အိပ်ရာဝင်ဖြစ်ခဲ့သည်။ တရေးနိုးတော့ အပေါ့အပါးသွားချင်လာသဖြင့် အိပ်ရာမှထပြီး အိမ်သာသို့ သွားသည်။ အိမ်သာမှ အပြန် ပွင့်နေသော ပြတင်းပေါက်မှတဆင့် ပြင်ပသို့ လှမ်းကြည့်လိုက်ရာ ခပ်လှမ်းလှမ်းမှ ကျွန်တော့်အား စိုက်ကြည့်နေသည့် မိန်းမပျိုလေးတစ်ဦးကို တွေ့ရသည်။ နွဲ့နွဲ့နှောင်းနှောင်းနှင့် ချစ်စရာသွင်ပြင် ဖြစ်သော်လည်း နီးနီးကပ်ကပ် မြင်တွေ့ရသည်တော့ မဟုတ်ပေ။

မကြာခင် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ လက်ဖက်ခြံထဲမှ အလုပ်သမလေးတစ်ဦးပေလားမသိ။ ကျွန်တော်လည်း ပြန်လည်အိပ်ပျော်သွားခဲ့၏။

နံနက်ခင်း ခွန်နောင် ပြင်ဆင်ပေးသည့် ကောက်ညှင်းပေါင်း အကြော်နှင့် ကော်ဖီသောက်ရင်း ကျွန်တော် စကားစမိသည်။

"ညက ခြံထဲမှာ လက်ဖက်ခြံက အလုပ်သမားတွေ လာအိပ်လား"

"ဗျာ မအိပ်ပါဘူး ဆရာလေး"

"ဟင် ဒါဆို မင်းမိန်းမ နန်းထွေးညီမတွေ ဘာတွေရော အိမ်မှာ ခေါ်ထားတာ ရှိလား"

"မရှိဘူး ဆရာလေး နန်းထွေးက တစ်ကောင်ကြွက် ဒီခြံထဲမှာ ဆရာလေးရယ်၊ ကျွန်တော်တို့ လင်မယားနှစ်ယောက်ရယ်ပဲ ရှိတယ်"

ခွန်နောင်သည် ကျွန်တော့်ကို လိမ်လည်ပြောလေသလား။ သူ့ပုံစံကြည့်ရသည်မှာ ရိုးသားစွာ ပြောနေသည့်အသွင်ပဲ ဖြစ်သည်။ သို့ဆိုလျှင် ညက တွေ့ခဲ့သော မိန်းကလေးသည် မည်သူဖြစ်မည်နည်း။

"မဟုတ်သေးဘူးကွ၊ ညက ငါ ခြံထဲမှာ မိန်းကလေးတစ်ယောက်ကို လှမ်းတွေ့လိုက်တာတော့ အမှန်ပဲ"

"ဆရာလေး ခရီးပမ်းလာပြီး အိပ်ရေးပျက်ရာက မြင်မိမြင်ရာ မြင်တာဖြစ်ပါလိမ့်မယ် ဘယ်သူမှ မရှိပါဘူး၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ဒီဒီဆိုလို့လည်း ကျွန်တော် ဆရာ ဖခြံမှာ အလုပ်လုပ်တာကြာပြီ၊ ဘာသတင်းမှ မကြားဖူးပါဘူး"

သူတို့ကို ဆက်ငြင်းနေလို့ ထူးတော့မည်မထင်။ အသာနေလိုက်ခြင်းက အကောင်းဆုံးဖြစ်မည်မို့ ဆက်ပြောမနေတော့ပါ။ နေ့ခင်းဘက် လက်ဖက်ခြံကို ဦးအိုက်မောင်းနှင့်အတူ လိုက်ကြည့်ပြီး မှာစရာရှိသည်များကို မှာကြားခဲ့သည်။ တကယ်တော့ ဝါရင့်အလုပ်သမား လူယုံမန်နေဂျာကြီး ဦးအိုက်မောင်းအားကိုးရှိသဖြင့် ကျွန်တော်က နှမ်းဖြူးရုံသက်သက်သာဖြစ်သည်။

သည်လိုနှင့် တစ်ရက်တော့ ကုန်ဆုံးသွားတော့သည်။ ညတွင် ထိုမိန်းကလေး လာဦးမည် ဆိုပါက စောင့်ကြည့်မည် ဆုံးဖြတ်ကာ စောစောပင် အိပ်ရာဝင်ခဲ့သည်။ ကျွန်တော် အိပ်ရာဝင်ပြီမို့ ခွန်နောင်တို့ လင်မယားလည်း မကြာမီမှာပင် အိပ်ရာဝင်သွားကြသည်။

ညဆယ့်တစ်နာရီခန့်တွင် အခန်းထဲရှိ ပြတင်းပေါက်မှ အပြင်သို့ အသာကြည့်လိုက်သည်။ ထိုခဏမှာပင် ပြတင်းပေါက်နားကပ်ကာ ကျွန်တော့်အား ကြည့်နေသည့် သူမကို တွေ့လိုက်သည်။

ညာဘက်ပါးတွင် မှဲ့လေးနှင့် ပါးအို့နီနီရှိသော ကောင်မလေးသည် ကျွန်တော်နှင့် မျက်လုံးချင်း ဆုံလိုက်ရာ ရုတ်တရက် အံ့အားသင့်သွားပြီး ချက်ချင်းပင် အမှောင်ထဲဝင်ရောက် ပျောက်ကွယ်သွားသည်။

"ဟေ့ ဟေ့"

ကျွန်တော် လှမ်း၍ အသံပေးလိုက်သည်ကို ကြားမည်မထင်ပါ။ ထိုအကြောင်းကို မနက်မိုးလင်း၍ ကော်ဖီသောက်ချိန်တွင် ခွန်နောင်တို့အား ပြောပြမနေဖို့ ညကပင် ဆုံးဖြတ်ပြီး အိပ်ရေးဝအောင် အိပ်လိုက်ပါတော့သည်။

***

နောက်တစ်ညတွင် ညဥ့်၏ သမီးပျိုလေးအား စောင့်၍ အကဲခတ်မည်။ ဖြစ်နိုင်ပါက အမိဖမ်းပြီး မေးကြည့်မည်ဟု ဆုံးဖြတ်ထားသော်လည်း မည်သို့ဖြစ်သည်မသိ အိပ်ချင်စိတ်က များနေသည်။

မျှော်လင့်တုန်း ကျော့ဆုံးလာချေပြီ။ သည်တစ်ခါတော့ သူမသည် အိပ်ခန်းထဲသို့တိုင် ဝင်လာ၏။

"မောင်ကြီးက နှမလေးကို တွေ့ချင်နေတယ်မို့လား"

"ဟုတ်တယ်၊ ကိုယ့်နာမည်က မင်း ဇင်တဲ့ မင်းနာမည် ဘယ်သူလဲ"

"စောသီရိနွယ်ပါ မောင်ကြီး၊ မောင်ကြီးက မမှတ်မိတော့ဘဲကိုး မောင်ကြီးက အစောရဲ့ ဘဝဟောင်းက ချစ်သူပါ။ မောင်ကြီးနာမည်က ခွန်မဟာသိုက်တဲ့"

"ဟင် မင်းက ဘဝဟောင်းက ချစ်သူ ဟုတ်လား"

"ဟုတ်တယ် ဘာလဲ မောင်ကြီးက မယုံဘူးလား သေသေချာချာပြန်စဉ်းစားပါအုံး၊ နှမလေးကတော့ မောင်ကြီး ဒီအရပ်ကို ပြန်လာတာ တွေ့တွေ့ချင်း အရမ်းဝမ်းသာတာ"

စောသီရိနွယ်သည် စကားပြောရင်းက ပြုံးလိုက်သည်။ ထိုသို့ပြုံးလိုက်သောအခါဝယ် အလှတွင် အယဉ်ဆင့်သကဲ့သို့ ဖြစ်သွားသည်။ မို့သောရင်၊ ကျဉ်သောခါး၊ စွင့်သောတင်တို့ဖြင့် ပြစ်မျိုးမှဲ့မထင် လှရက်ပါဘိခြင်း။

မိတ္ထီလာတွင်လည်းကောင်း၊ အလည်ခဏခဏသွားသည့် မန္တလေးတွင် လည်းကောင်း၊ ကျောင်းတက်ခဲ့ဖူးသည့် ရန်ကုန်တွင်လည်းကောင်း ချစ်သူ ရည်းစားမထားခဲ့ဘူးသကဲ့သို့ ဤမျှထိ ကျွန်တော့်အား ရင်ခုန်အောင် စွမ်းဆောင်နိုင်သူ မိန်းကလေးလည်း မရှိဘူးသေးပါ။

စောသီရိနွယ်၏ ခန္ဓာကိုယ်မှ သင်းသင်းမွှေးသည့် ပန်းရနံ့ကဲ့သို့ အနံ့လေးသည် မွှေး၍နေသည်။

"မောင်ကြီး နှမလေးကို ဘာစိုက်ကြည့်နေတာလဲ ပြောပြနေတာ မယုံဘူးလား"

"ယုံတာ မယုံတာထက် စိတ်ဝင်စားနေတာပါ အစော၊ ဖြစ်နိုင်တယ်ဆိုရင် အဲဒီပြီးခဲ့တဲ့ ဘဝအကြောင်းကို ပြန်ပြောပြပါလား"

"မောင်ကြီး မမှတ်မိဘူးဆိုရင် ပြောရမှာပေါ့"

"ဆရာ ဆရာ"

ရုတ်တရက် ခွန်နောင်၏ အသံကို ကြားလိုက်ရသည်။ စောသီရိနွယ်သည် လှစ်ခနဲ ပျောက်ကွယ်သွား၏။

"ဟင်"

ကျွန်တော်သည် အိပ်ချင်မူးတူးဖြင့် တံခါးထဖွင့်လိုက်သည်။

"ဘာလဲကွ ခွန်နောင် ဘာဖြစ်လို့လဲ"

"ကျွန်တော် ဘာမှ မဖြစ်ဘူးဆရာလေး၊ ဆရာလေးအခန်းထဲက စကားပြောသံလိုလို ကြားလို့ ဆရာလေး ညည်းနေတာလား ဘာဖြစ်လို့လဲဆိုပြီး စိတ်ပူပြီး တံခါးခေါက်လိုက်တာပါ"

"ဟင် ဟုတ်လား၊ ငါ ငါ ဘာမှ မဖြစ်ပါဘူး၊ မင်း ပြန်အိပ်တော့"

ခွန်နောင် ခေါင်းညိတ်ပြီး ပြန်အထွက် ကျွန်တော် တံခါးပြန်ပိတ်ကာ အိပ်ရာထဲ ဝင်လိုက်သည်။ စောသီရိနွယ်နှင့် တွေ့ဆုံမှုသည် ခွန်နောင်ကြောင့် ပျက်သွားသည်။

ခုမှ ပြန်စဉ်းစားကြည့်မိသည်။ စောသီရိနွယ်နှင့် တွေ့ဆုံမှုသည် အိပ်မက်လေလား၊ တကယ့်ပြင်ပတွင် တွေ့ဆုံမှုလားဆိုခြင်းမှာ မကွဲပြားပါလား။

***

စောသီရိနွယ်သည် ဦးရီးတော် စစ်ဝဏ္ဏာနှင့်အတူ လွမ်းစေတီလေးသို့ ရောက်ရှိပြီး ဆီမီးပူဇော်နေသည်။

ထိုစဉ် လူရွယ်တစ်ဦးသည်လည်း စေတီကို ကန်တော့နေ၏။ လူရွယ်သည် ကန်တော့ပြီးသွားသောအခါ စောသီရိနွယ်ကိုတွေ့ပြီးကြည့်နေသည်။ စောသီရိနွယ်က သူ့ကို တစ်စုံတစ်ယောက်က ကြည့်

www.burmeseclassic.com

နေသကဲ့သို့ စိတ်ထဲ မသိုးမသန့် ဖြစ်လာသဖြင့် လှမ်းကြည့်လိုက်ရာ လူရွယ်တစ်ယောက် တကယ်ကြည့်နေသည်နှင့် မျက်လုံးချင်း ဆုံသွားသည်။

ထိုလူရွယ်သည် တစ်နေ့က ဆုံဖူးသူ တစ်နယ်သား ဖြစ်နေ၏။ ထိုနေ့က စောသီရိနွယ်အား မိတ်ဖွဲ့ရာ သူ့နာမည် ခွန်မဟာသိုက်ဖြစ်ပြီး အခြားနယ်ကမှန်း သိရာ ဦးရိုးတော်က အန္တရာယ်မကင်းကြောင်း စော်ဘွားကြီး၏ နှမတော်ဖို့ မိတ်ဖွဲ့ခင်မင်ရန် မသင့်ကြောင်း ရှင်းပြပြီး ဖြစ်သည်။

ယခု စောသီရိနွယ်နားကပ်ပြီး ဇွတ်ပင်ချစ်ခွင့်ပန်ပြန်၏။ ထိုစဉ် ဦးရိုးတော် ပြန်လာသည်ကို တွေ့ရာ. . .။ ထိုသူ့ကို ရှောင်တိမ်းခိုင်းလိုက်ရ၏။ ရှေးရှေးဘဝက ရေစက်၊ ပန်ကြခဲ့ဖူးသော သစ္စာဟု ဆိုရမည်လားမသိ။ စောသီရိနွယ်သည်လည်း ခွန်မဟာသိုက်အား မဆွတ်ခင်က ညွှတ်ချင်ခဲ့သည်။

သည်လိုနှင့် တစ်ရက်ခြား လွမ်းစေတီသို့ ရောက်တတ်သည့် စောသီရိနွယ်နှင့် ထိုအချိန် ထိုစေတီသို့ လာစောင့်လေ့ရှိသည့် ခွန်မဟာသိုက်တို့ ချစ်သူဖြစ်သွားကြသည်။ ထိုအကြောင်းကို ဦးရိုးတော်သိတော့ စိတ်ပူပန်သွားခဲ့၏။

"သမီးတော်က တစ်ရွာသားကိုမှ ရည်းစား လုပ်ချင်တာကိုး၊ ဒါပေမဲ့ သမီးတော် သိထားဖို့က အဲဒီမောင်ရင်လေးတို့နယ်က သမီးတော်ရဲ့ အစ်ကိုတော်နဲ့ မသင့်မြတ်ကြဘူး၊ အဲဒီနယ်ရှင် စော်ဘွားက အမြဲတိုက်ခိုက်နေတာကွဲ့ ကံမကောင်းအကြောင်းမလှရင် ခွန်မဟာသိုက်တောင်မှ သူ့လျှို ဖြစ်ကောင်းဖြစ်နိုင်တယ်"

"အချစ်ရေးနဲ့ စစ်ရေးကို မရောထွေးပါနဲ့ ဦးရိုးတော်၊ သမီးတော်ကို ငဲ့ကွက်ပါဦး၊ နောင် ဘုရား မသိအောင် ဖုံးဖိထားပေးပါ။ တကယ်လို့ မောင်ကြီးက သူ့လျှိုဖြစ်ခဲ့ရင်လည်း သမီးတော် သူ့ကို ရအောင် နားချပါ့မယ်"

ငယ်စဉ်ကတည်းက သမီးလေးပမာ အုပ်ထိန်းခဲ့ရသည့် ဦးရိုးတော် ဘာများ တတ်နိုင်ပါမည်နည်း၊ သိလျက်နှင့် မသိကျိုးကျွန်ပြုနေပေးရုံမက စော်ဘွားကြီးနားမပေါက်ကြားအောင်ပါ ကာကွယ်ထိန်းသိမ်းပေးရသေးသည်။

ဖြစ်ချင်တော့ ဦးရိုးတော်တွက်ဆသည့်အတိုင်း မှန်နေသည်။ ခွန်မဟာသိုက်က သူ့လျှိုဖြစ်နေ၏။ အထောက်တော်ဖြစ်နေ၏။ သို့သော် စောသီရိနွယ်ကို ချစ်မိမှတော့ သူတို့ဘက်သို့ သတင်းမှန်မပို့တော့ဘဲ ဖုံးကွယ်ကာ လှည့်ပတ်ထားသည့် သတင်းမှားများသာပို့သည်။

ဖြစ်ချင်တော့ ခွန်မဟာသိုက်တို့ ချစ်သူနှစ်ဦးသတင်းကို စောသီရိနွယ်၏ အစ်ကိုတော်စော်ဘွားက သိသွားသည်။ သူ့ကိုယ်ရံတော် ရဲမက်တွေကို ရုပ်ဖျက်ထောက်လှမ်းစေသည်။

လွမ်းစေတီသည် ဆုံတွေ့နေကြ နေရာဖြစ်မှန်း သိသွားသည်။ ကြားရသည့် သတင်းမှာ မှန်ကန်သည်ဟု သိသောအခါ စော်ဘွားကြီး ဒေါသသည် ထိန်းချုပ်မရတော့ပေ။ အားလုံးကို လက်ရဖမ်းဆီးဖို့ အမိန့်ပေးလိုက်သည်။

"နှမလေးကတော့ မောင်ကြီးနဲ့များ ကံမကောင်း အကြောင်းမလှလို့ ဒီဘဝမှာ မပေါင်းဖက်ရရင်တောင် နောင်ဘဝတွေမှာ ပေါင်းဖက်ရပါစေ လွမ်းစေတီကို အတူ ဖူးမြော်ပါရစေလို့ ဆုတောင်းနေတာ"

"မဟုတ်တာ အစောရယ်၊ မပြောကောင်း မဆိုကောင်း အဲဒီအတွေးတွေ ခေါင်းထဲက ထုတ်ပစ်လိုက်"

"ဒီနေ့ နှမလေး စိတ်တွေ လေးနေတယ် မောင်ကြီး ပြန်တော့နော်"

"ကောင်းပြီလေ၊ အစော ကျန်းမာရေးကို ဂရုစိုက်၊ ပေါ့တီးပေါ့ဆ မနေနဲ့ဦးကြားလား"

စောသီရိနွယ်က ပြုံးပြီး ခေါင်းညိတ်သည်။ သို့နှင့် သူတို့သုံးယောက် လမ်းခွဲသည်။

ခွန်မဟာသိုက်သည် တစ်ဖက်တောစပ်သို့ ရောက်သည်နှင့် သူတို့နယ်က လိုက်လာသည့် ရဲမက်များနှင့်ဆုံကာ တာဝန်မကျေသည့် ခွန်မဟာသိုက်ကို ထိုးခုတ်သတ်ပုတ်ကြသည်။ သုံးယောက်နှင့် တစ်ယောက်မို့ နောက်ဆုံး ခွန်မဟာသိုက် ရင်ဝသို့ ဓားထိုးဖောက်သွားသည်။

ဦးရိုးတော်နှင့် အတူပြန်သည့် စောသီရိနွယ်သည် စိတ်တွေလေးနေသည်။ ခွန်မဟာသိုက် ဓားထိသွားချိန်မှာပင်. . .

"အား"

စောသီရိနွယ် ခလုတ်တိုက်ပြီး လဲသွားသည်။ ထိုစဉ်မှာပင် နောင်ဘုရား စော်ဘွား၏ ရဲမက်များ ရောက်လာပြီး သူတို့နှစ်ယောက်ကို ဖမ်းလိုက်သည်။ ထို့နောက် စော်ဘွား၏ရှေ့မှောက် ကြိုးဖြင့်တုပ်ကာ ခေါ်ဆောင်သွား၏။

"ဟဲ့ ရဲမက်တို့ ဟိုဘက်နယ်သား ပါမလာပါလားကွဲ့"

"မှန်လှပါ ခွန်မဟာသိုက်နောက် ထပ်ချပ်မကွာ လိုက်သွားသည့်အဖွဲ့မှာ ခွန်မဟာသိုက် ဓားဒဏ်ရာနှင့် သေဆုံးနေသည့် အလောင်းသာ တွေ့ခဲ့ကြောင်းပါဘုရား"

"အိမ်း ကောင်းလေစွ ကောင်းလေစွကဲ အရပ်ရပ် ကြားလို့မှ မတော်အောင် ရန်သူကို မေတ္တာမျှတဲ့ နှမတော် စောသီရိနွယ်နဲ့ ဘေးမှ ကူညီအားပေးတဲ့ ဦးရိုးတော်တို့ကို ဘဏ္ဍာတိုက်ဘေး မြေအောက်ခန်းမှာ ချုပ်နှောင်ထားစေ။ ထို့ပြင်တဝ အစာရေစာ လုံးဝမပေးပို့ရ သောက်ရေ အိုးပင်လျှင် အချုပ်ခန်းတွင်း မရှိစေရ အမိန့်"

စောသီရိနွယ်သည် ချစ်သူ၏ သတင်းဆိုးကိုလည်း ကြားသိရ အစ်ကိုတော်၏ ဒေါသအမိန့်ကိုလည်း ကြားသိရသည့်အတွက် အရှပ်ကြိုးပြတ် ပုံရက်သား လဲကျသွားပါသည်။

ထိုရက်နောက်ပိုင်းဝယ် စောသီရိနွယ်

www.burmeseclassic.com

www.burmeseclassic.com

နှင့် ဦးရိုးတော်တို့မှာ အချုပ်ခန်းတွင်း အချိန်များကို စိတ်ပုတီးကိုယ်စီဖြင့် ငြိမ်သက်စွာ ကုန်ဆုံးခဲ့ပါသည်။ စော်ဘွားကြီးကိုလည်း တစ်ဖက်ရန်သူများ ဝင်ရောက်တိုက်ခိုက်သဖြင့် ကံတော်ကုန်သွားသည်။

***

ဘဝဟောင်းကို အိပ်မက်ပေးသဖြင့် တိကျစွာ သိရှိပြီးချိန်တွင် စောသီရိနွယ်သည် နောက်ည ရောက်လာသည်။

"မောင်ကြီးကို မျှော်နေတာ အကြောင်းရှိပါတယ်။ ခြံရဲ့နောက်ဖက်တောအုပ်မှာ ခြုံနွယ်တွေ ပိတ်ဖုံးနေတဲ့ လွမ်းစေတီရှိပါတယ်။ အဲဒီလွမ်းစေတီကို မောင်ကြီး ရှာပြီး ထုံးသက်နိုးကပ် ထီးတော်အသစ်တင်လို့ အစောနဲ့ ဦးရိုးတော်ကို နာမည်တပ်ပြီး ရည်စူးလို့ အမျှဝေပေးပါ မောင်ကြီး"

"ကုသိုလ်ရေးလည်းဖြစ် အစောရဲ့ ဆန္ဒလည်းဖြစ်တော့ မောင်ကြီး ဖြစ်မြောက်အောင် ဆောင်ရွက်ပေးပါ့မယ် စိတ်ချပါ အစော"

"မောင်ကြီးဆီက ခုလိုကြားရတာ ဝမ်းသာလိုက်တာ မောင်ကြီးရယ်၊ အစောရဲ့ လိုအင်ဆန္ဒလည်း ပြည့်ဝတော့မယ်၊ အစော စောင့်နေတဲ့အချိန်လည်း ရောက်ပြီ"

စောသီရိနွယ်သည် ကျွန်တော်၏ ပုခုံးကို လှမ်းကိုင်လိုက်သည်။ သူ၏ ရင်တွင်းဝယ် ဝမ်းသာမှုလှိုင်းတို့ ရိုက်ခတ်နေပါလိမ့်မည်။ ကျွန်တော်သည် သူ၏ ခန္ဓာကိုယ်ကို ညင်သာစွာ ထွေးပွေ့လိုက်၏။

မွှေးပျံ့နေသော ကိုယ်လုံးလေးကို ဖက်ရင်းက သူမ၏ ပါးမို့မို့ကို ညင်သာစွာနမ်းရှိုက်လိုက်သည်။ ထိုသည့်နောက်တော့ ကျွန်တော်နှင့် စောသီရိနွယ်တို့ နှစ်ဦးသည် ဘာဆိုဘာမျှ မသိကြတော့။

အိပ်ရာမှ နိုးသည့်အချိန်တွင် ကျွန်တော်တစ်ယောက်တည်း။ သို့သော် တွန့်ကြေနေသည့် အိပ်ရာခင်း၊ စောသီရိနွယ်၏ ကိုယ်သင်းရနံ့နှင့် စောသီရိနွယ် ပန်လာသည့် နှင်းဆီနီနီလေးသည် ခေါင်းအုံးဘေးတွင်တွေ့ရသည်။ လွမ်းမောဖွယ် နံနက်ခင်း။ ကျွန်တော် လူးလဲထလိုက်သည်။

နံနက်ခင်းအတွက် စီစဉ်ပေးသည့် ပဲပြုတ်နှင့် ထမင်းကြော်၊ ကော်ဖီတို့ကို စားသောက်ပြီးနောက် ခွန်နောင်ကို ခြံထဲက အလုပ်သမားနှစ်ယောက် သွားခေါ်ပေးရန် ဓားရှည် နှစ်လက် သုံးလက် ယူလာရန် မှာလိုက်ပြီးနောက် ခြံနောက် တောစပ်သို့ ကျွန်တော် ဆင်းသွားသည်။ အလုပ်သမားများ ရောက်လာသောအခါ ခြုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းစေသည်။

အတန်ငယ်မျှ အချိန်ကြာသည်ထိ ရှင်းပြီးသွားသောအခါ လွမ်းစေတီဟု ဆိုသည့် စေတီဟောင်းတစ်ဆူကို ရှာဖွေတွေ့ရှိသည်။ ထိုနေရာတစ်ဝိုက်ကို လူအင်အားသုံးပြီး နွယ်မြက်သစ်ပင်ခြုံပုတ် အားလုံးရှင်းလင်းရန် မှာကြားပြီးနောက် မြို့ထဲသို့ ကျွန်တော် ထွက်ခဲ့သည်။

စေတီတော်ကို ပြုပြင်မွမ်းမံရန် ရွှေသက်နိုး ကပ်လှူပြီး ထီးတော်အသစ်တင်ရန်တို့ကို သွားရောက်မှာကြား ညှိနှိုင်းသည်။ အမြန်တကာ့ အမြန်ဆုံး ပြီးမြောက်ချင်ကြောင်းနှင့် ငွေကြေး ကုန်ကျမှုကို အကြောင်းမဟုတ်ကြောင်း ပညာရှင်များအား ပြောပြခဲ့သည်။

***

စေတီတော် ပြုပြင်မွမ်းမံနေသည့် ကာလတွင် စောသီရိနွယ်သည် မကြာမကြာ ရောက်လာတတ်သည်။ ဦးရိုးတော်ကလည်း ကျေးဇူးတင် ဝမ်းမြောက်နေကြောင်း ထုံးသက်နိုး ကပ်လှူဖို့ပြောသည်ကို ရွှေသက်နိုး ကပ်လှူပေးသဖြင့် သူမအပေါ်ထားသည့် ချစ်ခြင်းမေတ္တာနှင့် ကြီးမားသည့် သဒ္ဓါတရားကို သိရှိရပါကြောင်း ပြောလေ့ရှိသည်။

တစ်နေ့တွင် စောသီရိနွယ်က စေတီတော်၏ အနောက်တောင်ထောင့်စေတီတော်မှ ခြေလှမ်းနှစ်ဆယ်ခန့်အကွာတွင် မြေကြီးကို အနည်းငယ် တူးကြည့်ဖို့နှင့် ထိုနေရာမှရသည့် ရွှေငွေပတ္တမြားများကို စေတီတော်အလှူတွင် တစ်ဝက်အသုံးပြုပြီး တစ်ဝက်ကို ကျွန်တော့်ကိုယ်ကျိုးသုံးရန် မှာကြားသည်။

စောသီရိနွယ်တို့ အလှူပါဝင်နိုင်ရန် တူးဖော်ကြည့်ရာ အမှန်တကယ်ပင် ရွှေထည်ပစ္စည်း၊ ပတ္တမြား အနည်းငယ်ကို တွေ့ရှိရရာ သူတို့ဆန္ဒပြည့်မြောက်အောင် ဆောင်ရွက်ပေးရသည်။

သို့နှင့် တစ်လခန့်အကြာတွင် ရွှေရောင်တဝင်းဝင်းနှင့် လွမ်းစေတီသည် ပြီးမြောက်သွားသည့်အပြင် ထီးတော်အသစ်တင်လှူ ပြီးစီးသွားသည်။ ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားတွင် စောသီရိနွယ်နှင့် ဦးရိုးတော် ဦးပညာတို့ကို နာမည်တပ်၍ အမျှဝေလိုက်သည်။ လိုအပ်သည့်နေရာများတွင် ကျွန်တော်၏ အမည်သာမက စောသီရိနွယ်၊ ဦးရိုးတော်နှင့် ဆွေတော်မျိုးတော်အပေါင်း၏ ကောင်းမှု ကမ္ပည်းစာတမ်းများ တင်ပေးလိုက်သည်။

ထိုအလှူညက စောသီရိနွယ်သည် ကျွန်တော့်အား အိပ်မက်ထဲတွင် လာရောက် နှုတ်ဆက်သည်။

"မောင်ကြီး အစော နှုတ်ဆက်ခဲ့ပါတယ်၊ မောင်ကြီးရဲ့ ကျေးဇူးကြောင့် အစောဘဝ လွတ်သပ်သွားပါပြီ၊ နောင်ဘဝတွေမှာ ပြန်လည်ဆုံဆည်းပေါင်းဖက်ရပါစေလို့ ဘုရားမှာ ဆုတောင်းခဲ့ပါတယ်"

"မောင်ကြီးလည်း အစောနဲ့ထပ်တူ ဆုတောင်းနေပါ့မယ်"

အစောသည် နှုတ်ဆက်ပြီးသည်နှင့် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။ မည်သည့်ဘဝ မည်သည့်အခါမှ အစောနှင့် ကျွန်တော် ပြန်လည်ဆုံဆည်းခွင့်ရမည် မသိပါတကား။

တာတေဦး

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာတွင် လက်နက်များကို အများဆုံးထုတ်လုပ်ရောင်းချနေသော နိုင်ငံများ

မြသိန်း

ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့ရှိ "စတော့ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေး သုတေသနသိပ္ပံ"(ဆစ်ပရီ)၏ ၂၀၁၃၊ မတ်လ သတင်းတစ်ပုဒ်တွင် တရုတ်ပြည်သည် ဗြိတိန်နိုင်ငံကို ကျော်ဖြတ်၍ ကမ္ဘာတွင် လက်နက်များကို တင်ပို့ရောင်းချနေကြသော နိုင်ငံများတွင် ယခုအခါ ပဉ္စမနေရာသို့ ရောက်လာပြီဟု ဖော်ပြထား၏။ ထိုသတင်းကို တရုတ်ပြည် ပေကျင်းမြို့ရှိ အေအက်ဖ်ပီနှင့် ရိုက်တာသတင်းဌာနများက ထပ်ဆင့်ဖော်ပြလိုက်ကြ၏။

၂၀၀၈-၂၀၁၁ အတွင်း ကမ္ဘာတွင် လက်နက်အများဆုံး တင်ပို့ရောင်းချခဲ့သော နိုင်ငံ ၁၀ နိုင်ငံမှာ -

(၁)	အမေရိကန်	၃၀%
(၂)	ရုရှား	၂၆%
(၃)	ဂျာမနီ	၇%
(၄)	ပြင်သစ်	၆%
(၅)	တရုတ်	၅%
(၆)	ဗြိတိန်	၃.၇%
(၇)	စပိန်	၃%
(၈)	အီတလီ	၂.၄%
(၉)	ယူကရိန်း	၂.၃%
(၁၀)	အစ္စရေး	၂%

တို့ ဖြစ်ကြ၏။

ဆစ်ပရီ၏ သတင်းထဲ၌ပင် အာရှတိုက်၏ ကျွန်းနိုင်ငံငယ်လေးတစ်နိုင်ငံဖြစ်သော စင်ကာပူနိုင်ငံသည် ၂၀၁၂ တွင် ကမ္ဘာ၌ လက်နက်များကို တင်ပို့ရောင်းချသော နိုင်ငံများစာရင်းတွင် အမှတ်စဉ် ၂၀ သို့ရောက်လာကြောင်းဖြင့် ဖော်ပြထား၏။

တရုတ်နိုင်ငံသည် ၎င်း၏လက်နက်များကို ပါကစ္စတန်သို့ အများဆုံးတင်ပို့ရောင်းချနေ၏။ ၂၀၀၈ နောက်ပိုင်းတွင် တရုတ်ပြည်၏ ပြည်ပသို့ လက်နက်များ တင်ပို့ရောင်းချနေမှုသည် ၁၆၂ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့၏။

တရုတ်ပြည်လုပ် လက်နက်များကို ဝယ်ယူသော နိုင်ငံများတွင် ဘင်္ဂလားဒေ့ရှ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဗင်နီဇွဲလားနိုင်ငံတို့လည်း ပါဝင်၏။

တရုတ်ပြည်မှ လက်နက်များပြည်ပသို့ တင်ပို့ရောင်းချမှု တိုးလာရခြင်းနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "မိမိတို့နိုင်ငံသည် နိုင်ငံတကာဥပဒေနှင့်အညီ လက်နက်များကို ရောင်းခြင်းသာဖြစ်သည်" ဟု ပြောဆိုလိုက်၏။

ဥရောပတိုက်တွင် စီးပွားရေးအကျပ်အတည်း ရှိလာသောကြောင့် ဥရောပနိုင်ငံအချို့သည် ၎င်းတို့၏လက်နက်များထဲမှ အချို့ကို ပြန်ရောင်းနေကြရ၏။

အာရှတိုက်အရှေ့ပိုင်းတွင် ရေပြင်ပိုင်နက်များနှင့် စပ်လျဉ်း၍ အငြင်းအခုံဖြစ်မှုများ ရှိလာရာ အာရှတိုက်အရှေ့ပိုင်းနိုင်ငံများသည် ရေတပ်သုံးလက်နက်များကို ဝယ်ယူမှုများလာသည်ဟု သိရ၏။ ကမ္ဘာတွင် လက်နက်များကို အများဆုံးဝယ်ယူသော နိုင်ငံ ၅ နိုင်ငံများမှာ အာရှနိုင်ငံများ ဖြစ်သည်ဟု သိရသည်။

အာရှတိုက်၏ စက်မှုဖွံ့ဖြိုးသောနိုင်ငံငယ်ဖြစ်သည့် စင်ကာပူသည် ဗြိတိန်နိုင်ငံသို့ သံချပ်ကာကား(ဘရွန်ကိုးစ်) ၁၁၅ စီး (ပေါင်ငွေသန်း ၁၅၀ ဖိုး) ရောင်းချခဲ့ရ၏။ ထိုသံချပ်ကာကားများကို ဗြိတိသျှအစိုးရသည် အာဖရန်နစ္စတန်ရှိ ဗြိတိသျှတပ်များအတွက် ဝယ်ယူခဲ့ခြင်းဖြစ်၏။ စင်ကာပူသည် ထိုင်းနိုင်ငံသို့လည်း ၎င်းသံချပ်ကာကား ၁၀ စီးကို ရောင်းချခဲ့ရသေး၏။

ထို့အပြင် စင်ကာပူသည် အာဖရိကတိုက်ရှိ ချဒ်နိုင်ငံသို့ စစ်သုံးရဟတ်ယာဉ်ငယ် ၆ စင်း၊ နိုင်ဂျီးရီးယားသို့ ကမ်းခြေစောင့် တိုက်ရေယာဉ်ငယ် ၂ စီး ရောင်းချခဲ့ရသေး၏။

စင်ကာပူသည် လက်နက်များကို တင်ပို့ရောင်းချနေသော အာရှနိုင်ငံများတွင် တရုတ်နှင့် တောင်ကိုရီးယားပြီးလျှင် တတိယနေရာတွင် ရှိနေ၏။

စင်ကာပူသည် ၎င်းနိုင်ငံလုပ် လက်နက်များနှင့် စစ်သုံးယာဉ်များကို ရောင်းချသလို၊ ၎င်းနိုင်ငံ၏ ကာကွယ်ရေးအတွက် ခေတ်မီလက်နက်ဆန်းများကိုလည်း ဝယ်ယူနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ဟု သိရ၏။

မြသိန်း

Strait Times,

19.3.2013/21.3.2013

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စုတွင် ရွေးချယ်ခြင်းမခံရဘဲ သမ္မတဖြစ်လာတဲ့ ဂျယ်ရယ်ဖို့ဒ်

မောင်မောင်စန်းထွေး

ဂျယ်ရယ်ဖို့ဒ်သည် အမေရိကန်ပြည်ထောင်စု၏ သမ္မတအဖြစ် ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ထိုနေ့မတိုင်မီ သမ္မတရစ်ချတ်နစ်ဆင် သမ္မတအဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

အကယ်၍သာ သမ္မတနစ်ဆင် မနုတ်ထွက်ခဲ့လျှင် ၎င်းကို သမ္မတအဖြစ်မှ ထုတ်ပယ်ခံရမည်ဖြစ်သည်။ ကွန်ဂရက်လွှတ်တော် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ သမ္မတနစ်ဆင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အမေရိကန်နိုင်ငံသားများ၏ အခွင့်အရေးကို ဝါတာဂိတ်အမှုတွင် ဥပဒေချိုးဖောက်ကြောင်း တွေ့ရှိခဲ့သည်။

သမ္မတသစ် ဂျယ်ရယ်ဖို့ဒ်သည် ကျမ်းသစ္စာကျိန်ဆိုသည့် ပထမနေ့တွင် ဝါတာဂိတ်အကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ရဲ့ ရှည်လျားထွေပြားတဲ့ အိပ်မက်ဆိုးကြီးတစ်ခုတော့ ပြီးဆုံးသွားပါပြီ။ ကျွန်တော်တို့ရဲ့ သမ္မတနိုင်ငံတော်ကြီးဟာ ဥပဒေများနဲ့အညီ ဖွဲ့စည်းတည်ထောင်ထားတဲ့ အစိုးရဖြစ်ပါတယ်။ လူတွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရမဟုတ်ပါဘူး။ ဆိုလိုတာကတော့ ပြည်သူတွေက အုပ်ချုပ်တဲ့အစိုးရစနစ်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ဝါတာဂိတ်ရဲ့ အနာဒဏ်ရာကြီးကို ဆေးထည့်ပြီး ပတ်တီးစည်းပေးလိုက်ပါတယ်။ ဒီအနာဒဏ်ရာကြီးဟာ နိုင်ငံခြားနဲ့ စစ်ဖြစ်တာထက် ပိုပြီးနာကျင်ပြီး၊ ပိုပြီးတော့ အဆိပ်ပြင်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ရွေးအုပ်ချုပ်ရေးကို ပြန်လည်တည်ဆောက်ကြပါစို့။ ကျွန်တော်တို့ရဲ့ နိုင်ငံရေးခရီးစဉ်နဲ့ တစ်ဦးအပေါ်တစ်ဦး သံသယဖြစ်မှုနဲ့ အမုန်းတရားတွေကို ဖယ်ရှားပြီး ညီအစ်ကိုအရင်းပမာ အသည်းနှလုံးထဲက ချစ်မြတ်နိုးကြပါစို့"ဟု ပြောကြားခဲ့သည်။

www.burmeseclassic.com

သမ္မတဖို့ဒ် သံတမန်အဖွဲ့ဝင်များအား
မိန့်ခွန်းပြောကြားစဉ်

ဂျယ်ရယ်ဖို့ဒ်သည် အမေရိကန်ပြည်ထောင်စုသမိုင်းတွင် အရွေးမခံရသည့် တစ်ဦးတည်းသော ဒုတိယသမ္မတအဖြစ်လည်းကောင်း၊ သမ္မတအဖြစ်လည်းကောင်း ဖြစ်လာခဲ့သူ ဖြစ်သည်။ ရစ်ချတ်နစ်ဆင်က ဖို့ဒ်ကို ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ဒုတိယသမ္မတအဖြစ် ခန့်အပ်ခဲ့သည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း ဒုတိယသမ္မတစပီရိုအက်ဂါနယူးသည် ဒုတိယသမ္မတအဖြစ်မှ နုတ်ထွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

သမ္မတနစ်ဆင်ကိုယ်တိုင် နုတ်ထွက်သွားချိန်မှာတော့ ဖို့ဒ် သမ္မတဖြစ်လာခဲ့သည်။ ဖို့ဒ်သည် မစ်ချီဂန်ပြည်နယ်မှ ကွန်ဂရက်လွှတ်တော်အမတ်တစ်ဦးအဖြစ် အချိန်ကြာမြင့်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူ့ကို လူတိုင်းက ကြိုက်ကြသည်။ သူကျောင်းသားကောင်းတစ်ဦးအပြင်၊ အားကစားသမားကောင်း တစ်ဦးလည်း ဖြစ်ခဲ့သည်။ မစ်ချီဂန်တက္ကသိုလ်တွင် စီးပွားရေးပညာနှင့် နိုင်ငံရေးသိပ္ပံပညာရပ်များကို ဆည်းပူးခဲ့သည်။ မစ်ချီဂန်တက္ကသိုလ်၏ လက်ရွေးစင်ဘောလုံးကစားသမား ဖြစ်ခဲ့သည်။ ထို့နောက် ယေးလ်တက္ကသိုလ်တွင် ဥပဒေဘာသာရပ်ကို သင်ယူခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရေတပ်သို့ ဝင်ရောက်စစ်မှုထမ်းခဲ့သည်။ ရေတပ်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ဗိုလ်မှူးအဆင့် ရာထူးရရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်တွင် ဖို့ဒ်နိုင်ငံရေးလောကသို့ ရီပါပလီကန်ပါတီအဖွဲ့ဝင်တစ်ဦးအဖြစ် ဝင်ရောက်ခဲ့သည်။ ၁၉[illegible] ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရသည်။ ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် ၁၂ နှစ်တိုင်တိုင် အရွေးခံခဲ့ရသည်။ ရီပါပလီကန်အောက်လွှတ်တော်အမတ်များက ဖို့ဒ်ကို ဒီမိုကရက်တစ်ပါတီမှ လင်းဒန်ဂျွန်ဆင်လက်ထက် လူနည်းစုခေါင်းဆောင်အဖြစ် ရွေးခဲ့ကြသည်။ ၁၉၆၈ ခုနှစ်တွင် ရီပါပလီကန်ပါတီမှ ရစ်ချတ်နစ်ဆင် သမ္မတအဖြစ် အရွေးခံရချိန်တွင် ဖို့ဒ်သည် လူနည်းစုခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နေဆဲ ဖြစ်သည်။ ဖို့ဒ်က လူနည်းစုခေါင်းဆောင်အဖြစ် အဆိုတင်သွင်းမှုအတော်များများကို အတည်ပြုနိုင်အောင် အကူအညီပေးခဲ့သည်။ သမ္မတနစ်ဆင်ဘက်မှ အနိုင်အမာရပ်တည်ပြီး သစ္စာရှိရှိ ထောက်ခံခဲ့သည်။ ထို့ကြောင့် ဖို့ဒ်အား သမ္မတနစ်ဆင်က ဒုတိယသမ္မတအဖြစ် ခန့်အပ်ခြင်းသည် အံ့ဩစရာမလိုပာ ဆိုသည်။

သမ္မတဖို့ဒ် မစ်ချီဂန်တက္ကသိုလ်
ဘောလုံးလက်ရွေးစင်အဖြစ် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဂျယ်ရယ်ဖို့ဒ်သည် မမျှော်လင့်ဘဲ ရုတ်တရက် သမ္မတဖြစ်လာသည်။ သမ္မတဖြစ်လာတော့ သမ္မတဟောင်း နစ်ဆင်နှင့် ပတ်သက်၍ မည်သို့ဆုံးဖြတ်ရမည်မသိ ဖြစ်ခဲ့သည်။ နစ်ဆင် သမ္မတအဖြစ်မှ နုတ်ထွက်ပြီးနောက် သူသည်လည်း ဝါတာဂိတ်အရေးအခင်းနှင့် ပတ်သက်၍ တရားစွဲဆိုခံရဖွယ်ရှိခဲ့သည်။ သမ္မတဟောင်း နစ်ဆင်နုတ်ထွက်ပြီးနောက် တစ်လအကြာတွင် ဖို့ဒ်သည် ပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်။ နစ်ဆင်အား အပြစ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။ ထိုကိစ္စကြောင့် အမေရိကန်များက ဖို့ဒ်ကို ဒေါသထွက်ခဲ့ကြသည်။ အချို့က နစ်ဆင်ကို အမှုစစ်ဆေးမည်ဟု ယုံကြည်ခဲ့ကြသည်။ အကယ်၍ သမ္မတဟောင်း နစ်ဆင်ကို အပြစ်မှ လွတ်ငြိမ်းခွင့်မပေးဘဲ အမှုစစ်ဆေးခဲ့လျှင် နစ်ဆင်က ဝါတာဂိတ်နှင့် ပတ်သက်၍ မေးခွန်းပေါင်း အများအပြား ဖြေဆိုရမည်ဟု ထင်မှတ်ခဲ့ကြသည်။

သမ္မတသစ် ဖို့ဒ်က သူမှန်သည်ဟုထင်သည့်အတိုင်း လုပ်ခဲ့သည်။ သမ္မတဟောင်း နစ်ဆင်ကို အပြစ်မှ လွတ်ငြိမ်းခွင့်ပေးခြင်းမှာ တိုင်းပြည်တွင် အကွဲအပြဲဖြစ်နေမှုကို ဆုံးခန်းတိုင်စေရန် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုအချိန်မှာပင် သမ္မတဖို့ဒ်၏ လုပ်ရပ်အပေါ် အကွဲအပြဲ ပိုမိုပြင်းထန်လာခဲ့သည်။

သမ္မတဖို့ဒ် ရေတပ်ဗိုလ်မှူးအဖြစ် တွေ့ရစဉ်

သမ္မတဟောင်း နစ်ဆင်ကို အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းသည် ဆက်လက်ပြင်းထန်နေဆဲ ဖြစ်ခဲ့သည်။ ဗီယက်နမ်စစ်ပွဲတွင် စစ်မှုမထမ်းဆောင်ဘဲ လွတ်မြောက်နေသူအချို့ကိုလည်း လွတ်ငြိမ်းခွင့်ပေးခဲ့သည်။ အများစုကိုမူ ထောင်ဒဏ်မချမှတ်ဘဲ ၎င်းတို့၏ အသိုက်အဝန်းထဲမှာပင် အလုပ်လုပ်ခွင့်ပြုခဲ့သည်။ အချို့ကမူ သမ္မတ၏ ကမ်းလှမ်းချက်ကို လက်မခံကြ။ ၎င်းတို့သည် အမေရိကန်ပြည်ထောင်စုအတွင်းမှာပင် ပုန်းအောင်းနေခဲ့ကြသည်။ သို့သော် အချို့သည် နိုင်ငံခြားတိုင်းပြည်တစ်ခုခုသို့ ထွက်ပြေး၍ ထိုနိုင်ငံမှာပင် ရှိနေဆဲဖြစ်သည်။

သမ္မတဖို့ဒ်သည် ကွန်ဂရက်လွှတ်တော်အား နိုင်ငံရှိ ထောက်လှမ်းရေးအေဂျင်စီများ လုပ်ကိုင်မှုကို ထိန်းချုပ်ကန့်သတ်ရန် တောင်းဆိုခြင်းကို ပြည်သူများထံမှ ထောက်ခံမှု ပိုမိုရရှိလာခဲ့သည်။ သူ့အနေနှင့် ယခုကဲ့သို့ ထိန်းချုပ်ကန့်သတ်ခြင်းဖြင့် အနာဂတ်အုပ်ချုပ်ရေးကို အကာအကွယ်ပေးရာရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများကို ဝင်ရောက်ဖွက်ဖက်ခြင်းမှလည်း အကာအကွယ်ပေးခြင်း ဖြစ်သည်ဟု မျှော်လင့်ခဲ့သည်။

သမ္မတဖို့ဒ်အတွက် အခြားပြဿနာတစ်ခု တက်လာပြန်ခဲ့သည်။ သူ ဒုတိယသမ္မတဖြစ်ခဲ့စဉ်က ငွေကြေးဖောင်းပွမှုသည် အမေရိကန်ပြည်သူတို့၏ နံပါတ်(၁)ရန်သူအဖြစ် ပေါ်ပြခဲ့သည်။ ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရန် နည်းလမ်းပေါင်းစုံကို အဆိုပြုခဲ့သည်။ သူသမ္မတဖြစ်လာချိန်တွင် ယခင် သူ့အဆိုပြုချက်အချို့ကို အတင်းအကျပ် ဖျက်သိမ်းပေးစေခဲ့သည်။ အကြောင်းမှာ တိုင်းပြည်တွင် စီးပွားရေးကျဆင်းနေသည် ဆို၏။ စီးပွားရေးကျဆင်းနေချိန် ငွေကြေးဖောင်းပွမှု လျော့ကျသွားခဲ့သည်။ သို့ရာတွင် လူအနည်းငယ်မျှသာ အလုပ်အကိုင်ရရှိခဲ့ကြသည်။ အလုပ်လက်မဲ့နှုန်းသည် ၁၉၇၅ ခုနှစ်တွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သဖြင့် ၁၉၃၀ ခုနှစ်များအတွင်း စီးပွားရေးကပ်ဆိုက်မှု ဖြစ်ပွားခဲ့ချိန်ကအတိုင်း ဖြစ်ခဲ့သည်။

နိုင်ငံခြားရေးဝါဒတွင် သမ္မတဖို့ဒ်သည် ဟင်နရီကစ်ဆင်းဂျားထံမှ အကြံဉာဏ်ရယူခဲ့ရသည်။ ကစ်ဆင်းဂျားသည် သမ္မတဟောင်း နစ်ဆင်လက်ထက်တွင် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကစ်ဆင်းဂျာ သမ္မတဟောင်းနစ်ဆင်လက်ထက် အမှုထမ်းဆောင်ခဲ့စဉ်က ချီးကျူးခြင်းများစွာ ခံရသလို၊ ဝေဖန်မှုအများအပြားလည်း ခံခဲ့ရသည်။ ကစ်ဆင်းဂျာသည် အမျိုးသား

www.burmeseclassic.com

လုံခြုံရေးကို အကြောင်းပြု၍ ပြည်သူတို့၏ လွတ်မြောက်ရေးကို ဝင်ရောက်စွက်ဖက်ခဲ့သည်ဟု စွပ်စွဲခံရ၏။ ချီလီမှ ဆာဗာဒါ အလန်ဒေး၏ လက်ဝဲအစိုးရကို ဖြုတ်ချရန် အကူအညီပေးခဲ့သည်ဟု အစွပ်စွဲခံရသည်။

သမ္မတဖို့ဒ်သည် ကစ်ဆင်းဂျာ အစိုးရအဖွဲ့တွင် ရှိနေခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သည်။ ကစ်ဆင်းဂျာကို အဆိုးရွားဆုံးဝေဖန်မှုကိုပင် သမ္မတဖို့ဒ်က အကောင်းဆုံး စေ့စပ်ရေးသမားအဖြစ် သဘောထားပြီး စွပ်စွဲချက်များကို ခွင့်ပြုခဲ့သည်။ ဖို့ဒ် သမ္မတဖြစ်လာချိန်တွင် အမေရိကန်၏ အခြေအနေသည် ကမ္ဘာတွင် ယေဘုယျအားဖြင့် မျှော်လင့်ချက်ရှိနေခဲ့သည်။ သမ္မတဟောင်း နစ်ဆင်နှင့် ဆိုဗီယက်ခေါင်းဆောင် လီယိုနစ် ဘရက်ဇနက်တို့က နျူကလီးယားလက်နက် မပြန့်ပွားရေး ကန့်သတ်ချက်သဘောတူညီချက် နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့အတူ တရုတ်နှင့် ဆက်ဆံရေးမှာလည်း ယခင်က ထက်ပင် တင်းမာမှု လျော့ပါးသွားခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ အမေရိကန်၏ အရှေ့တောင်အာရှ ပေါ်လစီသည် လုံးဝ အောင်မြင်မှုမရှိတော့ချေ။ ဗီယက်နမ်စစ်ပွဲတွင် အမေရိကန် ပါဝင်မှုသည် ဖို့ဒ် သမ္မတမဖြစ်မီ တစ်နှစ်အလိုတွင် ပြီးဆုံးခဲ့သည်။ သို့ရာတွင် တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ် ကွန်မြူနစ်တို့အကြား တိုက်ပွဲမှာ ဆက်လက်ဖြစ်ပွားနေဆဲ။

၁၉၇၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် မြောက်ဗီယက်နမ်တို့၏ ငြိမ်းချမ်းရေးစာချုပ်တွင် တောင်ဗီယက်နမ်တို့ကို ကာကွယ်ပေးရမည်ဟု ဆိုထားသည်။ ၁၉၇၅ ခုနှစ်တွင် တောင်ဗီယက်နမ်တို့ စစ်ရှုံးရမည့် အန္တရာယ် အစစ်အမှန်ပင်ဖြစ်သည်။ သမ္မတဖို့ဒ်သည် တောင်ဗီယက်နမ်တို့ ကွန်မြူနစ်တို့လက်ထဲ လုံးဝမကျရောက်ရေးအတွက် ကြိုးပမ်းခဲ့သည်။ သမ္မတဖို့ဒ်က ကွန်ဂရက်အား စစ်အသုံးစရိတ်နှင့် တောင်ဗီယက်နမ်အတွက် ဒေါ်လာသန်းပေါင်းများစွာ အတည်ပြုပေးရန် တောင်းဆိုခဲ့သည်။ အမေရိကန်လူမျိုးများသည် စစ်စရိတ် အကုန်အကျများကြောင့် မောပန်းနွမ်းနယ်လျက်ရှိကြရာ ပြည်သူတို့ကိုယ်စားပြုသည့် ကွန်ဂရက်လွှတ်တော်သည် သမ္မတဖို့ဒ်၏ တောင်းဆိုချက်ကို ပယ်ချခဲ့သည်။

ဗီယက်နမ်တွင် ဖြစ်ပွားခဲ့မှုသည် အိပ်မက်သဖွယ် ဖြစ်ခဲ့သည်။ ကွန်မြူနစ်တပ်များ မြို့တော် ဆိုင်ဂုံသို့ ဝင်ရောက်ခဲ့ကြသည်။ သမ္မတဖို့ဒ်က ဆိုင်ဂုံမြို့ရှိ အမေရိကန်များနှင့် အမေရိကန်ကိုထောက်ခံသည့် ဗီယက်နမ်တို့ကို ကယ်တင်ရန် အမိန့်ပေးခဲ့သည်။ ဆိုင်ဂုံမြို့မှ လွတ်မြောက်လာသူများက ၎င်းတို့ မြင်တွေ့ခံစားခဲ့ရသည်ကို မည်သည့်အခါမျှ မေ့ပျောက်၍ရနိုင်မည်မဟုတ်ဟု ဆိုသည်။

ထိုနေ့သည်ကား ၁၉၇၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ဖြစ်သည်။ ၎င်းနေ့သည် ကြောက်ရွံ့ထိတ်လန့်နေကြသည့် ဗီယက်နမ်များ အကူအညီရရေးအတွက် အမေရိကန်သံရုံးတွင် အော်ဟစ်နေခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး တွန်းလျက် မိမိ လွတ်မြောက်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့ကြသည်။ အချို့သည် သံရုံးခေါင်မိုးပေါ် တက်ရောက်ကြလျက် ၎င်းတို့၏ သားသမီးများကို ဆွဲတင်ခဲ့ကြသည်။ ၎င်းတို့က ကလေးများကို ဘေးအန္တရာယ်အနည်းဆုံး လုံခြုံရာသို့ ခေါ်သွားကြပြီး အမေရိကန်စစ်တပ်မှ ရဟတ်ယာဉ်အလာကို စောင့်မျှော်နေခဲ့ကြသည်။ ရဟတ်ယာဉ်ထဲ လူမဆံ့သည့်အတွက် အချို့က ရဟတ်ယာဉ်ကို တွဲလွဲခိုကြသဖြင့် ရဟတ်ယာဉ်သည် အလေးချိန်ပိုသဖြင့် ပျံသန်းရန် အခက်အခဲရှိခဲ့သည်။

တစ်ဖန် သမ္မတဖို့ဒ်သည် အရှေ့အလယ်ပိုင်းပြဿနာနှင့် ရင်ဆိုင်ခဲ့ပြန်သည်။ အစ္စရေးနှင့် အာရပ်မဟာမိတ်နိုင်ငံများ အကြား ၁၀ နှစ်အတွင်း စစ်ပွဲနှစ်ပွဲ ဖြစ်ခဲ့ကြသည်။ ၁၉၇၃ ခုနှစ် စစ်ပွဲအပြီးတွင် ဟင်နရီကစ်ဆင်းဂျာ ဦးဆောင်၍ စေ့စပ်ခဲ့ကြရာ အောင်မြင်မှုရရှိခဲ့သည်။ အစ္စရေးကို တိုက်ပွဲဖြစ်ပွားစဉ် သိမ်းဆည်းထားသည့် နယ်မြေကို ပြန်လည်စွန့်လွှတ်ရန် သဘောတူခဲ့သည်။ ဒုပြန်အလှန်အနေနှင့် အမေရိကန်ပြည်ထောင်စုက အစ္စရေးအား ကတိကဝတ်ပြုခဲ့ရသည်။ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလအတွင်း အစ္စရေးနှင့် အီဂျစ်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ် ရေးထိုးနိုင်ခဲ့သည်။ ထို့ပြင် အမေရိကန်အရပ်သားများကို အပစ်အခတ်ရပ်စဲထားသည့် လိုင်းတစ်လျှောက် လေ့လာသူများအဖြစ် ဆောင်ရွက်ရန်လည်း သဘောတူခဲ့ကြသည်။ ဟင်နရီကစ်ဆင်းဂျာကို ငြိမ်းချမ်းရေး ကြိုးပမ်းမှုအတွက် အကြီးအကျယ် ချီးကျူးခဲ့သည်။ သို့ရာတွင် အရှေ့အလယ်ပိုင်းပြဿနာကတော့ တင်းမာနေဆဲ။ သမ္မတဖို့ဒ်သည် ၎င်း၏လက်ထက်တွင် ကမ္ဘာ့ပြဿနာအားလုံးကို မဖြေရှင်းနိုင်ဘဲ ၁၉၇၆ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲ စတင်နေလေပြီ။

မောင်မောင်စန်းဝေ့

Ref: AmerIean Mofaic

www.burmeseclassic.com

www.burmeseclassic.com

သားရိုင်းတိရစ္ဆာန်များကို လျှို့ဝှက်မွေးထားမှုလုပ်ငန်း ကြီးထွားနေဆဲ

ကမ္ဘာတွင် သားရဲတိရစ္ဆာန်များကို တရားမဝင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းလုပ်ငန်းသည် ကြီးထွားနေဆဲပင်။ တိရစ္ဆာန်အရှင်များကို မှောင်ခိုရောင်းချခြင်းနှင့် တိရစ္ဆာန်များ၏ အစွယ်၊ အရေခွံ၊ အရိုး စသည်တို့ကိုလည်း မှောင်ခိုဝယ်ယူသူများ ရှိသောကြောင့် ဖော်ပြပါ လုပ်ငန်းသည် ရှင်သန်နေခြင်းဖြစ်၏။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ အေပီသတင်းတစ်ပုဒ်တွင် ထိုင်းရဲတပ်ဖွဲ့ဝင်တို့သည် ဘန်ကောက်မြို့အနီးရှိ ကုန်ပစ္စည်းများ သိုလှောင်ရာ အဆောက်အအုံကြီးတစ်ခုထဲ၌ အာဖရိကတိုက်မှ မှောင်ခိုတင်သွင်းလာသော ခြင်္သေ့ဖြူ ၁၄ ကောင်နှင့် အခြား ရှားပါးတိရစ္ဆာန်များကို သတင်းအရ ဖမ်းဆီးရမိလိုက်၏။ ငှက်များ၊ လိပ်များ၊ မျောက်များ စသော တိရစ္ဆာန်များကို မှောင်ခိုတင်သွင်းလာခြင်းဖြစ်သည်ဟု ရဲတို့က ပြောသည်။

အသက် ၄၁ နှစ်အရွယ်ရှိ ဘွန်ပရိုမွန်း ဆိုသူ ထိုင်းလူမျိုးကို ဖမ်းဆီးထားပြီး တရားရုံးသို့ ပို့ပြီး တရားစွဲဆိုမည်ဖြစ်ရာ ဘွန်ပရိုမွန်းသည် ထောင်ဒဏ်အများဆုံး ၄ နှစ်နှင့် ဒဏ်ငွေ ဘတ် ၄၀,၀၀၀ အထိ ချမှတ်ခြင်းခံရနိုင်ကြောင်း ဥပဒေဘက်တော်သားတို့က ပြောကြသည်။

ထိုသူသည် ဘန်ကောက်ရှိ တိရစ္ဆာန်များကို တရားဝင်ရောင်းချခွင့်ပြုထားသော ဈေး၌ ကိုယ်ပိုင်ဆိုင်တစ်ဆိုင်လည်း ရှိ၏။ သူသည် အိမ်မွေးတိရစ္ဆာန်များကို ရောင်းချခြင်းအလုပ်ကို ဟန်ပြပြီး မှောင်ခိုတိရစ္ဆာန်များကို ရောင်းဝယ်နေခြင်းဖြစ်သည်ဟု ရဲအရာရှိတစ်ယောက်က ပြောလိုက်သည်။ ဘွန်ပရိုမွန်းသည် ယခင်ကလည်း တိရစ္ဆာန်များ မှောင်ခိုရောင်းဝယ်မှုဖြင့် အပြစ်ကျခဲ့ဖူး၏။



ရဲတို့သည် ကျားသစ်တစ်ကောင်နှင့် အောက်ချင်းငှက်တစ်ကောင်ကိုလည်း မှောင်ခိုဝယ်သူထံ ပို့အံ့လုဆဲဆဲ၌ ဖမ်းဆီးရမိလိုက်ကြသေး၏။

တိရစ္ဆာန်များ၏ ဆူညံသံများကို ကြားရသော ခြံနီးချင်းများက ရဲတို့ကို အသိပေးလိုက်ခြင်း ဖြစ်သည်ဟု သိရ၏။

သားရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်း လုပ်ငန်းသည် မလေးရှားနိုင်ငံတွင်လည်း ရှင်သန်နေ၏။ သားရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းကို အုပ်စုလိုက်ဂိုဏ်းဖွဲ့၍ လုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

နေကြပြီး၊ ၎င်းဂိုဏ်းများသည် နိုင်ငံအနှံ့တွင်ရှိပြီး တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ဆက်သွယ်မှုလည်း ရှိကြ၏။ အာရှတိုက်မှ ချမ်းသာလာသော နိုင်ငံတစ်နိုင်ငံသည် ဆေးဝါးဖော်စပ်ရန် အလို့ငှာ တိရစ္ဆာန်အရိုင်းများကို စျေးကြီးပေး၍ ဝယ်ယူနေ၏။

တိရစ္ဆာန်မှောင်ခို အရောင်းအဝယ်လုပ်သူများသည် လေလမ်း၊ ရေလမ်း၊ ကုန်းလမ်းများကို အသုံးပြုပြီး အရောင်းအဝယ်လုပ်နေကြခြင်းဖြစ်၏။ အများဆုံး ပြုလုပ်သောနေရာမှာ နယ်စပ်ဒေသများတွင် ဖြစ်၏။

ယခုအခါ ဆက်သွယ်ရေးစနစ်သည် လျှင်မြန်ပြီး ခရီးလမ်းများမှာလည်း ပို၍ကောင်းလာသောကြောင့် ၎င်းလုပ်ငန်းပြုလုပ်သူများသည် ရှောင်တိမ်းခြင်းကိုလည်း လျှင်မြန်စွာ ပြုလုပ်နိုင်ကြ၏။

ဖော်ပြပါ ပုံ(၂)မှာ မလေးရှားနိုင်ငံတစ်နေရာတွင် ဖမ်းဆီးရမိလိုက်သော ကျားအရေခွံများ၏ပုံ ဖြစ်သည်။

မြသိန်း

TST, 12..2013/Star, 13.6.2013

လေးရက်တစ်ခါ လမ်းပေါ် ရန်ဖြစ်မှုဖြစ်ပွားနေသောမြို့

စင်ကာပူ၌ လမ်းများပေါ်တွင် ခိုက်ရန်ဖြစ်ပွားမှုသည် များလာနေသည်။ ၄ ရက်လျှင်တစ်ခါ ဖြစ်နေသည်ဟု သိရသည်။ ဤသို့ ဖြစ်ပွားမှုသည် များလာနေသည်။ ၂၀၁၂ ၌ ၉၅ မှု ရှိသည်။ ဤသည်မှာ ရဲစခန်းများ၊ တရားရုံးများသို့ ရောက်လာသော အရေအတွက်သာ ဖြစ်သည်။ သက်ဆိုင်ရာရုံးများသို့ ရောက်လာသော အရေအတွက်သာ ဖြစ်သည်။ သက်ဆိုင်ရာသို့ မတိုင်ဘဲ ဖြစ်ပွားမှုများလည်း ရှိနိုင်သည်ဟု သတင်းတစ်ပုဒ်တွင် ဖော်ပြထား၏။ ၂၀၁၁ ၌ အဆိုပါ လမ်းပေါ်ရန်ဖြစ်မှုသည် ၈၄ မှု၊ ၂၀၁၀ တွင် ၆၃ မှုသာ ရှိခဲ့၏။

မကြာမီ လများ၌ တရားရုံးအချို့တွင် ကြားနာရသော လမ်းပေါ်ရန်ဖြစ်သူအချို့မှာ –

ဂျူယောင်လမ်းပေါ်၌ လမ်းသွားလမ်းလာ လူနှစ်ယောက်သည် အလျင်စလို သွားရင်း ပခုံးချင်းထိခိုက်မိရာမှ လူတစ်ယောက်က ဒေါသမထိန်းနိုင်ဘဲ တစ်ဖက်လူကို ထိုးကြိတ်လိုက်ရာ တရားရုံးရောက်ပြီး တရားသူကြီးက ထိုးကြိတ်သူကို ထောင်ဒဏ်တစ်လ ကျခံရန် ပြစ်ဒဏ်ချမှတ်လိုက်၏။

အခြားအမှုတစ်မှုမှာ မော်တော်ကားမောင်းသွားသူသည် လမ်းပေါ်တွင် ဘတ်စ်ကားနှင့် အပြိုင် လမ်းကိုလု၍ မောင်းသွားရာမှ ဒေါသထွက်ပြီး ထိုဘတ်စ်ကား ရပ်ထားစဉ် ဘတ်စ်ကားရှေ့မှ သူ့ကားကို ပိတ်ရပ်ပြီး ဘတ်စ်ကားမောင်းသူနှင့် စကားများရာမှ ဒေါသထွက်ပြီး ဘတ်စ်ကားမှန်တံခါးကို ရိုက်ခွဲသောကြောင့် တရားသူကြီးက သူ့ကို ထောင်ဒဏ် ခုနစ်ရက် အပြစ်ပေးလိုက်၏။ ကွဲသွားသော မှန်များကိုလည်း ပေးလျော်လိုက်ရ၏။

ဘရိတ်ဒန့်စ် အကဆရာတစ်ယောက်သည် တက္ကစီ ကားထဲမှ အမျိုးသမီးတစ်ယောက်ကို ကားထဲမှ ဆွဲချမှုဖြင့် ထောင်ဒဏ် ၁၄ ရက် အပြစ်ရသွား၏။ ဆရာသည် ကားမောင်းသွားစဉ် (ညာဘက်) ရှေ့မှသွားနေသော တက္ကစီကားကို လမ်းဖယ်ပေးရန် မီးဖြင့် အချက်ပြသော်လည်း တက္ကစီမောင်းသူက လမ်းမဖယ်ပေးသောကြောင့် ဒေါသထွက်ပြီး ကျော်တက်ကာ တက္ကစီရှေ့မှ ကားကိုပိတ်ရပ်လိုက်သည်။ ဤတွင် တက္ကစီကားထဲမှ အမျိုးသမီးက ဆရာ့ကို ဓာတ်ပုံရိုက်ယူရာ ဆရာသည် ဒေါသထွက်ပြီး ထိုအမျိုးသမီးကို တက္ကစီကားထဲမှ ဆွဲချခြင်းဖြစ်၏။

စင်ကာပူတွင် လမ်းပေါ်၌ ခိုက်ရန်ဖြစ်ပွားမှုသည် ကားမောင်းသူအချင်းချင်းကြား၌ ပေါ်ပေါက်သလို လမ်းသွားလမ်းလာများနှင့် ကားမောင်းသူများအကြား ခိုက်ရန်ဖြစ်ပွားမှုများလည်း ရှိ၏။

စင်ကာပူတွင် လူတစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားပြီး နာကျင်မှုဖြစ်ပွားပါက နာကျင်မှုကို ပြုလုပ်သူသည် ထောင်ဒဏ်အများဆုံး ၂ နှစ်နှင့် ဒဏ်ငွေအများဆုံး စင်ကာပူဒေါ်လာ ၅၀၀၀၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံးကို ကျခံရမည် ဖြစ်၏။

ဦးဦးသိန်း

Sunday Times, 26.5.2013

www.burmeseclassic.com

www.burmeseclassic.com



အကြွေး

ပိုက်မင်းဝေ

မရောက်တာ ကြာပြီဖြစ်သော သူငယ်ချင်းဖြစ်သူ မျိုးနိုင်တို့ရွာသို့ သွားလည်ချင်စိတ် ပေါ်လာသောကြောင့် အလုပ်ပိတ်ရက်တွင် ကျွန်တော်သွားလည်ဖြစ်ခဲ့သည်။

"မျိုးကြီးရေ ... ဟေ့ ... သူငယ်ချင်း"

မျိုးနိုင်က ကျွန်တော့်အသံကို အလွတ်မှတ်မိနေပုံရသည်။ တဲအိမ်အတွင်းမှ အင်္ကျီကျွတ်နှင့် ကပျာကသီ ထွက်လာသည်။ ကျွန်တော့်ကိုတွေ့လျှင်

"ပိုက်ကြီးရယ် ... မင်းနှစ်ချီနေပြီ နော် ငါ့ဆီလာမလည်တာ"

"ဟုတ်တယ် သူငယ်ချင်းရယ်။ ငါ့မှာလည်း မယားနဲ့၊ သားနဲ့ ဖြစ်နေပြီဆိုတော့ မအားလို့ပါကွာ"

"မင်း .. ကလေးပါ ရနေပြီပေါ့"

"အေးကွာ။ သားကလေးတစ်ယောက် ရပြီ"

"မင်းက အခုလိုမျိုး အားလပ်ချိန် အနည်းအကျဉ်း ရှိပါသေးသကွာ"

"အေးကွာ ... ကလေးတစ်ယောက်မွေးထားတာ အင်မတန်ဗျာများရတာပဲကွာ။ မင်းကော ဘယ်နှယောက်ရပြီလဲ"

"ဟား .. ဟား .. လေးယောက်၊ လေးယောက်။ သားနှစ်ယောက်၊ သမီးနှစ်ယောက်"

"ဟော ..."

ကျွန်တော် မျက်လုံးပြူးသွား၏။ ထိုစဉ် အိမ်ရှေ့မှ ခေါ်သံကြားရသည်။

"ကိုမျိုးနိုင် ... ကိုမျိုးနိုင်"

"ဟော ... ဘာလဲ..."

"ဟောဒီမှာ အကြွေးတောင်းတာ..."

"ပေး ... ပေး ... မပြီး မပြီးနိုင်တော့ဘူးကွာ"

"ဩော် ... သူငယ်ချင်းရယ်။ ကလေးကများ၊ အကြွေးထူနေပြီပေါ့။ အကြွေးတောင်းတာတောင် စာနဲ့မေနဲ့"

"သည်မှာလေကွာ။ ဘာအကြွေးလဲဆိုတာ မင်းသိရအောင် ဖတ်ကြည့်ပေတော့"

ကျွန်တော်လည်း သူ့လက်ထဲမှစာကို ယူကာ ဖတ်ကြည့်လိုက်သည်၊ ဘယ်နှယ်ဗျာ ... "မင်္ဂလာဆောင်ဖိတ်စာ"။

'သည်ဥစ္စာ အကြွေးတောင်းတာလား"

"အေး ..."တဲ့လေ။

ပိုက်မင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ ...

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ။

မြန်မာလိုတော့ ပြာသိုလဆန်းပိုင်း ဖြစ်သည်။ ဆောင်းရာသီပို့ ကျွဲချိုဗင်အေး သည်ဟု ဆိုနေကြသည့်ကာလ။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဤမျှအေးချမ်းလှသော အချိန်ကာလကြီးမျိုးတွင် နဖူးမှ ခြေဖျားအထိ ဇောချွေးများပြန်ခဲ့ရသည့် အဖြစ်မျိုးနှင့် ကြုံခဲ့ရ၍ဟုဆိုလျှင် ယုံကြပါမည်လား။

ထိုအဖြစ်မှာ အမှန်ပင်ဖြစ်သည်။ ပထမဦးစွာ သန်းကျော်တို့မိသားစုဖွဲ့ပုံကို ပြောရဦးမည်။ သူတို့မိသားစုတွင် စုစုပေါင်းလူ ၄ ဦး ပါဝင်သည်။ ဖခင်ကြီးနှင့် မိခင်ကြီး။ သူ့အစ်ကိုသန်းဇော်နှင့် သူကိုယ်တိုင်တို့ ဖြစ်သည်။

ဖခင်ကြီးမှာ ၁၉၄၂ ခုနှစ် ဂျပန်ဖက်ဆစ်ဝင်စကာလကပင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ယခုဆိုလျှင် အသက် ၆၀ ကျော်မိခင်ကြီး၊ အသက် ၂၀ ကျော်သူ အစ်ကိုသန်းဇော်နှင့် အသက် ဆနစ်မျှသာရှိသေးသော သန်းကျော်တို့ ၃ ဦးသာ ကျန်ရှိတော့သည်။

အစပိုင်းတွင် သူတို့အမေအိုသည် ရွာထဲတွင် ဟင်းသီးဟင်းရွက်များရောင်းလျက် သူတို့ညီအစ်ကိုနှစ်ယောက်ကို လုပ်ကိုင်ကျွေးမွေးခဲ့ပါသည်။ နောက်ပိုင်းတွင် အစ်ကိုသန်းဇော်လည်း မြို့ပေါ်ရှိ ဂျပန်မီးခြစ်စက်ရုံတွင် အလုပ်ဝင်လုပ်သည်။ အစ်ကိုသည် တစ်ခါတစ်ရံ စက်ရုံမှပြန်လာတိုင်း ဂျပန်တို့၏ ရက်စက်ယုတ်မာမှုကို မြင်ခဲ့ရ၍ တောက်ခေါက်ခေါက်ဖြစ်နေတတ်ပါသည်။

ထိုကာလက ဖက်ဆစ်ဂျပန်တို့သည် မြန်မာတိုင်းရင်းသားတို့အပေါ်တွင် နေ့စဉ်နှင့်အမျှ ညှဉ်းပန်းနှိပ်စက်လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းမဝင်ကမ္ပည်းတင်မခံခဲ့တဲ့ အာဇာနည်တို့ရဲ့မိခင်

ယောင်မောင်ကြီး

(လှိုင်နယ်မြေ)

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဂျပန်စစ်သားတစ်ဦးလမ်းလျှောက်လာစဉ် မြန်မာတို့သည် ရှတ်တရက်ရပ်လိုက်ပြီး အလေးပြုရပါသည်။ ထိုခေတ်က 'ဒေါရဘော'(သူခိုး)ဟုဆိုလျှင် အသက်သေပြီးသာမှတ်ပေရော။ ဂျပန်တို့သည် မသင်္ကာစရာ မြန်မာတို့ကိုတွေ့လျှင် ဒေါရဘောဟုဆိုကာ ပါးနားရိုက်တတ်သည်။

လုံ့စွပ်ဖြင့်ချိန်ရွယ်ပြီး ကြိုးတုပ်ကာ ကင်ပေတိုင်ရုံးသို့ ခေါ်ဆောင်သွားတတ်သည်။ အချုပ်ခန်းထဲတွင် လူကို ဖောက်ထိုးဆွဲထားသည်။ ရေနွေးပူလောင်းချသည်။ လက်သည်းခွံပါ ခွာသေးသည်။ ဂျပန်လက်ချက်မိသွားလျှင် အပြန်လမ်းမရှိတော့ပေ။

အလွန်အေးဆေးသည့် သန်းဇော်သည် ဒေါသမထွက်တတ်ပါ။ မိသားစုအတွက် အလုပ်ကြိုးစားလုပ်သည်။ တစ်ညနေ ဂျပန်မီးခြစ်စက်ရုံမှ အထွက်တွင် ဂျပန်စစ်ကားတစ်စီးဖြင့် သွားတိုးသည်။ ရှတ်တရက်ဖြစ်၍ သူကြောင်၍ရပ်ကြည့်နေမိသည်။ ဂျပန်စစ်ဗိုလ်ကြီး ဆင်းလာပြီး ပါးကို ဘယ်ပြန်ညာပြန်ရိုက်တော့သည်။ ကျန်ဂျပန်စစ်သားများကလည်း သေနတ်ဒင်ဖြင့် ဆောင့်ကြပြန်သည်။ ဗိုင်းကန်ကြသည်။

သန်းဇော်တစ်ယောက် ခေါင်းကွဲသွားသည်။ သွေးများ ရွှဲစိုနေသည်။ မြင်၍ပင်မကောင်းတော့။ လမ်းဘေးတွင်လဲကျ၍ ကျန်ရစ်ခဲ့သည်။ သတိရလာသောအခါမှ အိမ်အရောက်ကြိုးစားပြန်ခဲ့သည်။ အိမ်သို့ရောက်ချိန်မှစ၍ သန်းဇော်သည် မည်သူ့ကိုမျှ စကားမပြောတော့ပေ။ သက်ပြင်းတချချ၊ ဖောက်တခေါက်ခေါက်ဖြင့် နေတော့သည်။ ထမင်းစားရန်လည်း သတိမရတော့။ ညတိုင်းလိုလို အိမ်ဘေးရှိ ဘူးစင်အောက်တွင် သွားထိုင်နေတတ်သည်။

တစ်ညတွင် သန်းဇော်သည် သူ့ညီဖါန်ခုံဘေးတွင် အိပ်နေရာမှ တပေါ်တပါးဆင်းသွားသည်။ အိမ်ပေါ်သို့ ပြန်မတက်လာတော့ပေ။ မနက်သာလင်းသွားသည်။ ခြေရာပျောက်သွားခဲ့သည်။ အမေသည် ဈေးရောင်းရင်း သူ့သားကြီးကို လိုက်ရှာခဲ့သည်။ တစ်နေ့တွင် ရွာထဲမှ ဦးဖိုးတုတ်နှင့် သွားဆုံကြသည်။ ဦးဖိုးတုတ်က ဂျပန်မီးခြစ်စက်ရုံမှာ မော်တော်ကားမောင်းသည်။ အမေကမေးလွန်းမက မေးတော့မှ အကြောင်းစုံသိရသည်။

"သန်းဇော်တစ်ယောက် တော်လှန်ရေးသမားတွေနဲ့ ပေါင်းမိသွားပြီတဲ့"

ထိုသတင်းကြားရသောအခါ အမေသည် အိမ်သို့အမြန်ဆုံးပြန်ပြေးလာသည်။ ကျွန်တော့်လက်ကလေးကို ကျစ်ကျစ်ပါအောင်ပွေ့လျက် ရှိုက်ကြီးတငင် ငိုရှာသည်။

"သားရေ .. တို့သားမိနှစ်ယောက် တောင်ခြေကအမျိုးတွေရှိတဲ့ ရွာကိုသွားမှဖြစ်တော့မယ်ထင်တယ်"

သားနှစ်ယောက်ရှိသည့်အနက် တစ်ဦးက သူ့ရဲ့ဘေးတွင်မရှိတော့ပြီ။ ကျန်သော သားငယ်လေးပျောက်သွားမည်ကို ပူပန်ရှာသည်ထင်၏။ ခဏခဏ ဘုရားစင်ရှေ့သို့ထသွားသည်။ အချိန်အကြာကြီးရှိခိုးသည်။ ဘုရားရှိခိုးရင်း တစ်ချက်တစ်ချက် ငိုနေသံကြားရသည်။ ထိုညက အမေဘာတွေလုပ်နေပါလိမ့်။ ကျွန်တော်နားမလည်နိုင်တော့ပါ။ ဆယ့်ငါးရက်လုံးလုံး အမေအိပ်ပါလေစ။

× × × × ×

"ဒေါက် ... ဒေါက်"

တစ်ည ...

ညမှောင်ကြီးထဲတွင် အိမ်တံခါးကိုလာခေါက်သည့် အသံ ၃-၄ ချက်ထွက်လာသည်။ မအိပ်နိုင်သေးသည့် မိခင်ကြီးနှင့် သန်းကျော်တို့ လန့်သွားကြသည်။ အမေက ဘုရားစင်ရှေ့တွင်ထိုင်၍ လက်အုပ်ချီပြီး ...

"တပည့်တော်ရဲ့သားလေး ဘေးရန်ကင်းစွာဖြင့် ပြန်ရောက်လာပါစေအရှင်ဘုရား"

မကြာမီပင် အမှောင်ထုထဲမှ လေသံတိုးတိုးဖြင့် ခေါ်နေသံကြားရသည်။

"အမေ ... အမေ .. တံခါးဖွင့်ပါဦး။ ကျွန်တော်သန်းဇော်ပါ"

အမေသည် အမြန်ဆုံးထသွားသည်။ အမှောင်ထဲတွင် ရေနံဆီမီးခွက်ရောင်ဖြင့် ပြောင်လှဲနေသော သန်းဇော်၏ မျက်နှာကို မြင်လိုက်ရသည်။ သူ့ကိုကြည့်ရသည်မှာ အလွန်ပင်ပန်းနွမ်းနယ်နေပုံရသည်။ နှုတ်ခမ်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေနှင့် စိတ်ပြောင်း၊ ရုပ်ပြောင်းဖြစ်နေသည်။

သန်းဇော်သည် ညီငယ်သန်းကျော်ကို လက်နှစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ်ပွေ့ဖိုက်လိုက်သည်။

"ညီလေး ... အမေ့နားက ဘယ်မှမသွားနဲ့။ အမေနဲ့အမြဲနေနော်။ အမေ့ကိုဂရုစိုက် ကြားလား"

သန်းကျော်က အစ်ကိုဘယ်သွားဦးမလို့လဲဟု မေးလိုက်သည်။

အစ်ကိုသန်းဇော် လက်သီးနှစ်ဖက်ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ အမှောင်ကြီးထဲသို့ ငေးစိုက်ကြည့်နေသည်။ အမေကျွေးသည့် ငါးပိရည်နှင့်နယ်ထားသော ထမင်းကို လုံးဝသတိမရ။ ထို့နောက် အမေ့လက်ကိုဆွဲပြီး ထိုင်ခိုင်းသည်။ ပြီး ... အမေ့ကို လေသံတိုးတိုးဖြင့် ကပ်ပြောသံကြားလိုက်ရသည်။

"အမေ ... သားရဲ့အသက်နဲ့ခန္ဓာကိုယ်မြဲပြီး အမေ့အိမ်ကိုပြန်လာစေချင်ရင် ဟောဒီခြောက်လုံးပြူးကလေးကို လုံခြုံတဲ့နေရာမှာ ဝှက်ထားပေးပါ။ ရွာထဲက လူတိုင်းကိုလည်း မယုံနဲ့။ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

. . တင်အေးတို့ ညီအစ်ကို''

စကားပင်ဆုံးအောင် မပြောနိုင်တော့။ ရွာလယ်ပိုင်းလှည်းလမ်းဘက်က လှည်းတစ်စီးမောင်းလာသံ ကြားလိုက်ရသည်။ ခွေးများကလည်း ဆူညံအောင် အော်ဟစ်နေကြသည်။

သန်းဇော်က အမေကို ထိုင်ရှိခိုးသည်။ ထိုင်နေရာမှ အမြန်ထသည်။ အသံများထွက်ပေါ်လာရာသို့ တစ်ချက်လှမ်းကြည့်သည်။ အိမ်ရှေ့မှထွက်ဖို့ အချိန်မရတော့။ အမေက ဘုရားစာတွေရွတ်ရင်း သူ့သားကိုပြုံးပြသည်။ ''သားဘာမှ မပူပါနဲ့။ လုပ်စရာရှိတာ ဆက်လုပ်။ အမေသဘောပေါက်ပါတယ်''ဟူသော အဓိပ္ပာယ်နဲ့။

သန်းဇော် အိမ်ဘေးရေကပြင်မှ တစ်ဆင့် မြေပေါ်ခုန်ချသွားသည်။ အသံများနှင့် ဝေးရာ။ အသံများထွက်ပေါ်လာရာအရပ်နှင့် ဆန့်ကျင်ဘက်အမှောင်ထုကြီးထဲတွင် ပျောက်ကွယ်သွားသည်။

× × × × ×

အမေသည် သားကြီးအပ်ခဲ့သည့် ခြောက်လုံးပြူးကို ဘူးစင်များအောက်တွင် သွားမြှုပ်သည်။ ပြီးတော့ အိမ်ပေါ်တက်လာသည်။ အိမ်ရှေ့တံခါးကို ပြန်ပိတ်လိုက်သည်။ အန္တရာယ်ကို ကြိုသိနေလားမသိ။ တံခါးကို ခါတိုင်းလို အခိုင်အခံ့ စါးလုံးကလေးဖြင့် ကန့်လန့်ပင်မထိုး။ လာဖွင့်ခိုင်းလျှင် အမြန်ဖွင့်ပေးလိုက်ရန် ရည်ရွယ်ထားပုံရသည်။

''သားလေး . . . အိပ်၊ အိပ်။ အမေဘုရားရှိခိုးလိုက်ဦးမယ်''

ကျွန်တော်အိပ်နေရာမှ အမေဆုတောင်းနေသံကို အတိုင်းသားကြားနေရသည်။

''မြန်မာ မြန်မာချင်း ရန်သူလို မညှဉ်းပန်း မနှိပ်စက်ကြပါစေနဲ့''

"အမေ . . .

သားရဲ့ အသက်နဲ့

ခန္ဓာကိုယ်မြဲပြီး

အမေ့အိမ်ကို

ပြန်လာစေချင်ရင်

ဟောဒီခြောက်လုံးပြူး

ကလေးကို

လုံခြုံတဲ့နေရာမှာ

ဝှက်ထားပေးပါ။

ရွာထဲက

လူတိုင်းကိုလည်း

မယုံနဲ့။

အထူးသဖြင့်

တင်အေးတို့

ညီအစ်ကို"

''မြန်မာ မြန်မာချင်း စောင့်ရှောက်တတ်သူတွေ ကျန်းမာချမ်းသာကြပါစေ''

''မြန်မာတွေကို မညှဉ်းပန်းမနှိပ်စက်တတ်တဲ့ ဂျပန်မာစတာတွေ ကျန်းမာချမ်းသာပါစေ''

အမေသည် ဦးသုံးကြိမ်ချသည်။ မျက်နှာကို မျက်နှာသုတ်ပဝါဖြင့် သုတ်ရင်း မတ်တတ်ရပ်လိုက်သည်။ ပြီးမှ ဘုရားစင်ရှေ့တွင် ပြန်ထိုင်သည်။ လက်အုပ်ချီသည်။

''တပည့်တော်ရဲ့သားလေး . . . မောင်သန်းဇော်ကို ကာကွယ်စောင့်ရှောက်တော်မူပါဘုရား။ သားကလေး မောင်သန်းဇော်က မြန်မာ၊ မြန်မာချင်း စောင့်ရှောက်ကာကွယ်တတ်သူတွေကို ကူညီနိုင်ပါစေဘုရား။ ကယ်တင်နိုင်ပါစေဘုရား။ မြန်မာတွေကို မညှဉ်းပန်းမနှိပ်စက်တတ်တဲ့ ဂျပန်မာစတာတွေကိုလည်း ဘေးမသီရန်မခ သူတို့တိုင်းပြည်၊ သူတို့မိသားစုတွေရှိရာ ပြန်ပို့လိုက်ပါဘုရား''

× × × × ×

ထိုအချိန်မှာပင် အိမ်ရှေ့မှောင်ထဲတွင် လှည်းရပ်လိုက်သံ ကြားရသည်။ စစ်ဖိနပ်များဖြင့် ခုန်ချသံများကြားရသည်။ ဂျပန်သုံးယောက်က ခြောက်၊ ချက်နှင့် သေနတ်မောင်းတင်ပြီး အိမ်ဝိုင်းထဲဝင်လာသည်။ ရွာထဲက တင်အေးဆိုသော ကြက်သမား။ ဖဲသမားက ဂျပန်များရှေ့က ဦးဆောင်လာသည်။ လက်ထဲတွင် ဝှက်ကြီးတောင်ဓားတစ်ချောင်းကိုင်ထားသည်။

''အရီး . . . အရီး။ တံခါးဖွင့်စမ်းပါဦး''

လှည်းရပ်သံ ကြားကတည်းက အမေသည် တံခါးနားရောက်နေသည်။ တင်အေးက အရက်မူးသံကြီးဖြင့် တံခါးဖွင့်ခိုင်းလိုက်ချိန်မှာပင် အမေကတံခါးကို ဖွင့်ပေးပြီးဖြစ်သည်။

www.burmeseclassic.com

“အရိုးတို့အိမ်ကို ဟောဒီဂျပန်မာ စတာတွေက ရှာချင်လို့တဲ့”

အမေက ရေနံဆီမီးခွက်ကို မီးထွန်းပေးလိုက်သည်။ ဂျပန်စစ်သားများ အိမ်ပေါ်တက်လာသည်။ လှံစွပ်များဖြင့် တွေ့ကရာပစ္စည်းများကို လိုက်ထိုးလှန်သည်။ အိုးများခွက်များအထိ လိုက်လှန်ကြည့်သည်။

ကျွန်တော်၏ လက်ကလေးကို အမေက ပွေ့ဖက်လျက် ဂျပန်များအနိုင်ကျင့် ဖျက်ဆီးပစ်နေသမျှကို မေတ္တာပို့ရင်း ကြည့်နေသည်။

မကြာမီ တဲအိမ်ခန်းထဲမှ ထွက်လာသော နှုတ်ခမ်းမွေးတိုနံ့နံ့ ဂျပန်က လမ်းပြအဖြစ်ခေါ်လာသည့် သတင်းပေးတင်အေး၏ပါးကို ဘယ်ပြန်ညာပြန်ရိုက်သည်။ ‘ခူးရကား’ဟူသော ဆဲသံဆိုသံဖြင့်အတူ အခြားဂျပန်များဟာလည်း တင်အေးကို တဲပေါ်မှ ဆွဲချခေါ်သွားသည်။

တင်အေးသတင်းပေးသလို တော်လှန်ရေးသမား ဘိရုပာဟောတိုက်ကို မမိ၍ ဂျပန်များဒေါပွသွားသည်။ လှည်းထွက်သွားချိန်အထိ တင်အေးကို တဖုန်းဖုန်း တဒိုင်းဒိုင်း ရိုက်နှက်သွားသံများကြားလိုက်ရသည်။

ထိုညတစ်ညလုံး အမေအိပ်သည် မရှိတော့။ အထုပ်အပိုးကလေးများပြင်သည်။

နောက်တစ်နေ့တွင် တောင်ခြေနားရှိ ဆွေမျိုးနီးစပ် သီလရှင်ကျောင်းတစ်ကျောင်းသို့ သွားကြသည်။ သားငယ်သန်းကျော်ကလေးကို အဒေါ်ဖြစ်သူ သီလရှင်ဆရာကြီး ဒေါ်ယုဇနဝတီထံ အပ်သွားသည်။ ထိုနေ့မှစ၍ အမေတစ်ယောက် ထိုရွာမှ ပျောက်သွားသည်။ သားကြီးသန်းဖေကိုသွားရှာလေသလား။ သီလရှင်ကျောင်းမှ ထွက်ခွာမသွားမီ အမေ စကားတစ်ခွန်း နောက်ဆုံးပြောသွားသည်။

“မြန်မာ မြန်မာချင်း နှိပ်စက်ညှဉ်းပန်းနေတဲ့သူတွေ၊ မြန်မာတွေကို မတရားလာရောက်နှိပ်စက်ညှဉ်းပန်းနေတဲ့ ဖက်ဆစ်တွေကို ငါ့သားကြီးတစ်ယောက်တည်း တိုက်ခိုက်ဖယ်ရှားလို့ နိုင်မှာမဟုတ်ဘူး။ အမေကိုယ်တိုင် ငါ့သားကြီးကို သွားကူမှ ဖြစ်တော့မယ်”

× × × × ×

တစ်လ၊ နှစ်လမျှ ကြာသွား၏။ အမေ့အရိပ်အယောင်ကိုမှ မမြင်ရတော့။ အမေ့သတင်းများကိုမူ ခပ်သဲ့သဲ့ကြားနေရသည်။

အမေတစ်ယောက် သူ့သားကလေးကို သီလရှင်ကျောင်းတွင်အပ်ပြီးနောက် ရွာထဲက အိမ်ပြန်သည်။ ဘူးစင်အောက်တွင် မြှုပ်ထားခဲ့သော ခြောက်လုံးပြူးသေနတ်ကို ပြန်ဖော်ယူသည်။ ဒီနောက်မှာတော့ ...

အစ်ကိုသန်းဖေလှုပ်ရှားနေသော တောင်ခြေရွာများကို ဈေးရောင်းချင်ယောင်ဆောင်လျက် စုံစမ်းရင်းအမေသည် တခြားတော်လှန်ရေးသမား လူငယ်များနှင့် တွေ့ဆုံခွင့်ရသွားသည်။ ရဲဘော်များအတွက် ရိက္ခာရှာပေးသည်။ ရန်သူ့လှုပ်ရှားမှုသတင်း စုံစမ်းပေးသည်။ စာပေး၊ စာယူ အဆက်လုပ်သည်။ လက်နက်ခဲယမ်းများ စုဆောင်းပေးသည်။ အစ်ကိုသန်းဖေ ဝှက်ထားခိုင်းခဲ့သော ခြောက်လုံးပြူးကိုပင် အမေ ကောင်းကောင်းပစ်တတ်နေသည်။

ထိုနောက်ပိုင်း တောင်ခြေတစ်ဝိုက် ဂျပန်တပ်များ မကြာခဏ အလစ်အငိုက် ခံသွားရသည်။

တော်လှန်ရေးသမားကြီးနောက်သို့ စစ်အင်အားဖြည့်ပေးရန် ဈေးတောင်းကြီး ခေါင်းပေါ်ရွက်လျက် တစ်ရွာဝင် တစ်ရွာထွက်လိုက်ရှာနေသော အဘွားအိုကြီးတစ်ယောက်၏ ကျည်ဝါးတောင့်ကြောင့် ဖက်ဆစ် သတင်းပေးတစ်ယောက် အပါအဝင် ဂျပန်ငါးယောက် သုတ်သင်ခံခဲ့ရသည့်အကြောင်းကိုမူ ယနေ့တိုင် တောင်ခြေရွာများတွင် သတိရနေဆဲ။ ဧည့်သည်လာလျှင် ပြောပြနေတတ်ဆဲပင် ...။

× × × × ×

ပဲခူးနယ်ဘက်တွင် ဂျပန်အရိုးကောက်အဖွဲ့နှင့်လိုက်ပါလာသူ ဦးလေးကြီးသန်းကျော်ပြောပြခဲ့သော ဇာတ်လမ်းမှာ ဤမျှဖြင့် အဆုံးသတ်သွားသည်။

ခြောက်လုံးပြူးတစ်လက်၊ ထမင်းတောင်းထဲထည့်ပြီးသားကြီးကို လိုက်ရှာနေသူ။

သားကြီးကိုလိုက်ရှာရင်း မြန်မာလူငယ်မျိုးချစ်ပြောက်ကျားများအတွက် အဖက်ဖက်မှ အားပေးကူညီခဲ့သူ။

ကျေးလက်တောင်သူ မြန်မာများအပေါ် မတော်မတရား ညှဉ်းပန်းနှိပ်စက်နေသူ တိုင်းတစ်ပါးသား ငါးဦး၏အသက်ကို ကိုယ်တိုင်သားကြီးကိုယ်စား စီရင်ပေးခဲ့သူ။

“ဖက်ဆစ်တော်လှန်ရေးကြီးသာ ပြီးသွားတယ် ကျွန်တော်တို့အမေကို ရှာမတွေ့နိုင်တော့ပါဘူးဗျာ။ ဒါကြောင့်လည်း ဟောဒီ ဂျပန်အရိုးကောက်အဖွဲ့မှာ အထမ်းသမားအဖြစ်ဝင်လုပ်ပြီး ကျွန်တော့်ရဲ့ သမိုင်းမဝင်ကမ္ဗည်းတင်မခံခဲ့ရတဲ့ မိခင်ကြီးကို လိုက်ရှာနေတာပါပဲ”

“သမိုင်းမဝင် ကမ္ဗည်းတင်မခံခဲ့ရတဲ့ ကျွန်တော့်မိခင်ကြီးတဲ့ ...”

မောင်မောင်ကြီး (လှိုင်နယ်မြေ)

www.burmeseclassic.com

www.burmeseclassic.com

ရွာကိုမွှေသော တောဝက်ကြီး

ထိန်လင်း

ကျွန်တော်ကား အလွန် အမင်း စာရေးဆရာဖြစ်ချင်သည်။ စာကိုလည်း အကုန်ဖတ်သည်။ ပြည်တွင်းက စာရေးဆရာ၊ ဆရာမတို့၏ စာပေများအပြင် နိုင်ငံခြား စာပေများကိုလည်း လက်လှမ်းမှီသမျှ ရှာဖွေဖတ်ရှုသည်။ ထို့နောက် စမ်း၍လည်း ရေးကြည့်သည်။ မဖြစ်ပါ။ သူများရေးသောစာနှင့်တူအောင်၊ သူများစိတ်ဝင်စားအောင် မစွမ်းဆောင်နိုင်ပါ။

ကျွန်တော် စာရေးချင်ခဲ့သည်မှာ ယခုမှမဟုတ်ပေ။ ရန်ကုန်သို့ ရောက်စကပင်ဖြစ်သည်။ ထိုအချိန်ကပင် စာရေးဆရာဖြစ်ချင်စိတ် အပြည့်ရှိပြီး စာဖတ်လိုက်၊ စာရေးလိုက်နှင့် အကြိမ်ကြိမ်လုပ်ကြည့်သည်။ သို့သော်လည်း စာတစ်ပုဒ်စာတစ်ဖွဲ့ ဖြစ်မလာခဲ့ပါ။ အကြိမ်ကြိမ် ရေးစမ်းကြည့်ရင်းက နောက်ဆုံးတွင် ကျွန်တော်၏စာမူသည် အမှိုက်ပုံးသို့သာ ရောက်သွားခဲ့ရသည်။

ကျွန်တော်ကိုယ်တိုင် သော်မှ ကိုယ့်စာကိုယ်မကြိုက်လျှင် စာဖတ်သူများ ဘယ်မှာလျှင် ကြိုက်ကြချေမည်နည်း။ စာဖတ်သူများ မကြိုက်လောက်သော စာမူကိုလည်း မဂ္ဂဇင်းအယ်ဒီတာများက သူတို့၏မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြကြလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင်ပင် အမှိုက်ပုံးထဲသို့ ထည့်လိုက်ရခြင်းဖြစ်သည်။

ရေးလျှင်လည်း မိမိတို့တောရွာက အကြောင်းအရာများကိုသာ အဓိကရေးသားတင်ပြလိုသည်။ ကျွန်တော့်ဇာတိက အမ်းမြို့နယ်၊ တန်းတင်ရွာပါ။ မြို့ပြနှင့် အင်မတိအင်မတန်ဝေးလွန်းခေါင်သီပြီး ရခိုင်ရိုးမကြီး၏ တောင်ခြေနှင့် တစ်ဆက်စပ်တည်းပါ။ ထိုထိုမိဘဘိုးဘွားတို့၏ ကျင်လည်ကျက်စားလုပ်ကိုင်အသက်မွေးကြသည့် အကြောင်းများကို ရေးသားတင်ပြလိုသည်။

ရွာသူ၊ ရွာသားတို့၏ အသက်မွေးဝမ်းကျောင်းကြရသော ဘဝရပ်တည်မှုနှင့် တွေ့ကြုံခံစားကြရသည့် အကြောင်းအရာများကို ရေးသားတင်ပြချင်သည်။ ရိုးမတောင်ခြေရွာသူ ရွာသားများ၏ လုပ်ကိုင်စားသောက်ကြရသည်။ ဘဝရပ်တည်မှုသည် အလွန်မှ ကြမ်းတမ်းလှပါသည်။

ကျား၊ ဆင်စသော တောရဲများနှင့်လည်း ရင်ဆိုင်ကြရသည်။ သူသေကိုယ်သေလည်း တိုက်ခိုက်ကြရသည်။

အသက်ဆုံးရှုံးကြရသူများရှိသလို သားရဲတို့အား အနိုင်ရသတ်ဖြတ်နိုင်၍ အသားစားသောက်ကြရသူများလည်း ရှိကြသည်။ ထိုထိုဘဝတိုက်ပွဲများသည်လည်း တစ်ခါတစ်ရံမဟုတ်ဘဲ မွေးရာပါ အမှတ်အသားတစ်ခုကဲ့သို့ အမြဲလိုလိုပင် ကြုံတွေ့နေကြရသည်။

ထို့အပြင် ရခိုင်ရိုးမကြီး၏ အလှအပ၊ ရာသီအလိုက် တေးဆိုတတ်သည့် တောရိုင်းငှက်ကလေးများအကြောင်း၊ တောပန်းတောင်ပန်းကလေးတို့၏ မွှေးရနံ့နှင့်စမ်းရေကျသံများ၊ လယ်သမား၊ ယာသမား၊ ကိုင်းသမားတို့၏ မြင်ကွင်း စသည်များကိုလည်း ရှင်းရှင်းကြီးရေး၍ တင်ပြလိုသည်။

သို့သော်လည်း ကျွန်တော်ကားမရေးတတ်ပါ။ သူတစ်ပါးဖတ်ကောင်းအောင်ကိုမဆိုထားနှင့် စကားပြောနှင့် စကားပြေရှင်းအောင်၊ စာမူဘောင်ဝင်အောင်ပင် မရေးတတ်ပါ။ ရေးလိုက်၊ အမှိုက်ပုံးထဲကို ရောက်လိုက်နှင့်သာ သံသရာရှည်လာခဲ့ရသည်။ ထို့ကြောင့် တစ်နေ့သောအခါတွင် ဆရာကြီးမင်းသိခ်(ယခုကွယ်လွန်)နှင့် သွားတွေ့ဆုံပြီး ဆွေးနွေးကြည့်သည်။

“ဝါသနာပါရင် ရေးပေါ့ကွာ၊ ကြိုက်တဲ့စာရွက်မှာ တစ်ဖက်စီရေး၊ စာလုံးပေါင်းသတ်ပုံများရင် အယ်ဒီတာတွေ ပြင်လိမ့်မယ်၊ ကိုယ်ကြိုက်တာကိုသာရေး မကြိုက်ကို မရေးနဲ့၊ အပယ်ခံရရင်လည်း စိတ်မညစ်နဲ့၊ ရေးဖန်များရင် ဖြစ်လာမှာပေါ့၊ ငါ အားပေးတယ်” ဟု ပြောပြသည်။

ကျွန်တော် ကြိုးစားပြီး ရေးကြည့်သည်။ သို့သော်လည်း စာတစ်မူပေတစ်ဖွဲ့ ဖြစ်၍မလာခဲ့ပေ။ ယခုဆိုလျှင် ကျွန်တော် အသက်ခြောက်ဆယ်ကျော်လာခဲ့ပြီ။ ယခုအချိန်အထိ စာရေးဆရာမဖြစ်သေး။ မိခင်လေ တပ်မတော်မှလည်း အရာခံဗိုလ်ဖြင့် အငြိမ်းစားယူခဲ့ပြီ။ ကြိုးစားပြီး ရေးသော်လည်း စာမူအဖြစ်သို့ ရောက်မလာသေးပေ။

ပညာရှိကြီးများက ပညာကို သေရွာသို့ယူမသွားသင့်ဟု ဆိုကြသည်။ ကျွန်တော်လည်း ဝါသနာကို သေရွာသို့ ယူမသွားလိုပေ။ မိမိ၏ အတွေ့အကြုံနှင့် အတွေးအမြင်များကို တစ်ပါးသူတို့အား မျှဝေခံစားကြည့်စေလိုသည်။ ဤသည်မှာလည်း စာရေးဆရာဖြစ်၍ အနည်းဆုံး မဂ္ဂဇင်းစာမျက်နှာလောက် ရောက်တတ်မှဖြစ်ပေလိမ့်မည်။

ဤသို့ဖြင့် တစ်နေ့သောအခါတွင် ဦးသုစိတ္တလေးကို သတိရလာသည်။ ဦးသုစိတ္တလေးကား ကျွန်တော့်တို့ရွာသား ဦးပဉ္စင်းလေးတစ်ပါးဖြစ်သည်။ စပ်ကြည့်လျှင် သွေးရင်းလည်း မကင်းကြပေ။ ဦးသုစိတ္တလေးကား ရွှေပြည်သာမှာနေပြီး စာအုပ်စာပေအတော်များများကို ရေးသားနေခြင်းဖြစ်သည်။ တရားဟောသည်။ တရားပြသည်။ ကျမ်းစာပေနှင့် မဂ္ဂဇင်းအတော်များများတွင်လည်း ဓမ္မဆောင်းပါးအတော်များများကို ရေးသားနေသည်။

ထို့ကြောင့် တစ်နေ့သောအခါတွင် ဦးသုစိတ္တလေးအား အိမ်သို့ပင့်ပြီး ဆွမ်းကပ်ရင်းက စာပေအကြောင်းများကို ဆွေးနွေးကြည့်သည်။ ထို့နောက်တွင် ရေးထားသော စာတိုစာစလေးများကို ပြသပြီး ဖတ်ကြည့်စေရာ ဦးသုစိတ္တလေး ရယ်လေသည်။

“ဦးခင်မောင်မှာ တင်ပြချင်တဲ့အကြောင်းအရာတွေ များလွန်းနေတယ်၊ ဒါကြောင့် အကြောင်းအရာနဲ့ အရေးအသားတွေ ရှုပ်ပွပြီး စာမူအဖြစ်သို့ မရောက်နိုင်ဖြစ်နေတာပါ၊ ဒါပေမယ့် နည်းနည်းလောက် ပြင်လိုက်ရင် ဖြစ်လာနိုင်ပါတယ်” ဟု အကြံပြုပြီး စာစည်းကမ်းနှင့်အညီ ပြန်ရေးခိုင်းပါသည်။ မိမိကြိုက်နှစ်သက်သော အကြောင်းအရာတစ်ခုကိုလည်း ညက်ညက်ရေးခိုင်းသည်။ ထို့နောက် အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com

သော တစ်နေ့တွင် သူ မဂ္ဂဇင်းတိုက်ကိုသွားရင်းက ပို့ပေးထားခဲ့မည်ဟုလည်း ဆိုသည်။

ထို့ကြောင့် ကျွန်တော့်မှာ အလွန်အမင်း ဝမ်းသာသွားရသည်။ ဝါသနာကို သေရွာသို့ ယူမသွားလောက်ပါရဲ့ဟုလည်း မျှော်လင့်မိသည်။ ကျွန်တော် အခုဓိက ရေးသားတင်ပြလိုသည်မှာ ကျွန်တော်တို့ငယ်စဉ်က ကိုယ်တိုင် ကြုံခဲ့ရသော အသက်လုပွဲကြီးလည်းဖြစ်ခဲ့ဖူးသည့် ဧရာမ တောဝက်ကြီးတစ်ကောင်၏အကြောင်းဖြစ်သည်။

* * *

တိတိကျကျဆိုရလျှင် ၁၉၆၄ ခုနှစ်က ဖြစ်သည်။ ဆောင်းရာသီ တပို့တွဲလဖြစ်၍ လယ်သမားများ တလင်းနယ်နေကြသည်။ ထိုနေ့ခင်း၌ ကျွန်တော် အိပ်ပျော်နေရာ ချောင်းနားရွာဘက်က ပူညံပူညံအသံများကိုကြား၍ ကျွန်တော် လန့်နိုးလာခဲ့သည်။ ဘာဖြစ်ကြသည်ကို သိလို၍ စုံစမ်းကြည့်လိုက်ရာ ချောင်းနားရွာထဲသို့ ဧရာမ တောဝက်ကြီးတစ်ကောင် ဝင်ပြီး ရွာသားများကို လိုက်ပက်နေကြောင်း သိလိုက်ရသည်။

ထို့ကြောင့် ကျွန်တော်သည် မျက်နှာပင်မသစ်နိုင်ဘဲ အိမ်မှာ သူခိုးသူဝှက်ရန်ကို ကာကွယ်ရန် ဆောင်ထားသော ပေါက်လုံးလေးကို ဆွဲကာ အိမ်ပေါ်မှ ခုန်ဆင်းပြီး ပြေးလိုက်သွားခဲ့သည်။

ကျွန်တော်တို့ တန်းတင်ရွာသည် အထက်တစ်ရွာ၊ အောက်တစ်ရွာဖြစ်သည်။ အထက်ရွာကို တောင်ကုန်းပေါ်တွင် တည်ဆောက်ထား၍ တောင်ရွာဟုခေါ်ကြပြီး အောက်ရွာကိုမူ ချောင်းနားတွင် ဆောက်ထား၍ ချောင်းနားရွာဟု ခေါ်ကြသည်။ ရွာနှစ်ရွာအကြားတွင်လည်း ကျွန်တော့်မိဘများ ပိုင်ဆိုင်ကြသည့် လယ်ကွင်းတစ်ကွင်းသာ ခြားလျက်ရှိသည်။

ကျွန်တော်လည်း မိဘပိုင် လယ်ကွင်းကိုဖြတ်လျက် လုံ့ကလေးကို မြှောက်ကာ မြှောက်ကာဖြင့် ပြေးလိုက်သွားရာ ကျွန်တော်၏မရီး မမပုကို တောဝက်ကြီးပက်ထားခဲ့သည်ကို တွေ့ရသည်။ မမပုမှာ ကျွန်တော်၏ဝမ်းကွဲအစ်ကို ကိုပုလင်းဖြူ၏ ဇနီးဖြစ်သည်။ မမပုက သူ၏ လယ်နားတွင် နွားကျောင်းနေတုန်း တောဝက်ကြီးက အတင်းဝင်ပက်၍ သူ၏နွားလားကြီးနှစ်ကောင်က ဝင်ကူခတ်၍ သေလောက်အောင် ပက်ချိန်မရခဲ့ဟု ပြောပြသည်။

- သို့သော်လည်း ဒူးဆစ်နားမှ ပေါင်ရင်းထိတိုင်အောင် ပက်သွားခဲ့၍ ကိုယ်တိုင်လမ်းမလျှောက်နိုင်တော့ဘဲ အိမ်သို့ စောင်ပုခက်နှင့်သာ သယ်ယူသွားကြရသည်။ တောဝက်ကြီးထား ဤမျှ မကသေးဘဲ အခြားနေရာများတွင်လည်း လူတော်တော်များများကို ပက်ထားခဲ့သေးသည်ဟု ပြောကြသည်။

တောဝက်ကြီးမှာ အလွန်ကြီးပြီး အားကောင်းသောကြောင့် လူများကိုလည်း မကြောက်၊ အခြားကျား စသည့်သားရဲများကိုလည်း မကြောက်။ ထို့ကြောင့် ကျွဲကူးတောင်ရွာနားက ကျွန်တော်တို့ညီအစ်ကိုဝမ်းကွဲတော်သော ကိုမောင်ညို၏ လယ်ကွင်းထဲ တစ်ညလုံးဝင်စားပြီး ထိုအနီးဓနားက တောထဲတွင် ဝင်အိပ်နေတုန်း ကျွဲကူးတောင်ရွာကျောင်းက ဘုန်းကြီးကျောင်းသားနှင့်တွေ့ပြီး ကျောင်းခွေးကြီးများနှင့် ဝိုင်းလိုက်ကြ၍ ကျောင်းသားများက လောက်လေးနှင့်ပစ်ကြ၊ ကျောင်းခွေးကြီးများက ဝိုင်းကိုက်ကြနှင့် တောဝက်ကြီး အတော်လေးပင် ဒေါသထွက်ပြီး တောထဲကို မသွားတော့ဘဲ ဂျပန်ကားလမ်းဟောင်းကို လျှောက်လျက် လူများကိုသာ လိုက်ရှာပြီး ရန်လုပ်လာ၏။

ထိုအခါ ကျွန်တော်တို့ ရွာဘုန်းကြီးကျောင်းမှာ ကပ္ပိယလုပ်နေသည့် မောင်ပိန်ချေ့အမည်ရှိ ကိုယ်လက်မသန်စွမ်းသော ဒုက္ခိတလေးတစ်ယောက်၊ ဂျပန်ကားလမ်းဟောင်းဘေးက ဆီးပင်လေးမှာ ဆီးသီးကောက်စားနေသည်ကို အတင်းဝင်ပက်၍ သေမလားရှင်မလား မပြောနိုင်သည်အထိ ပြင်းထန်စွာ ဒဏ်ရာရသွားကြောင်း စသည်ဖြင့် ကြားရသည်။ သည်းအူများအပြင်ထွက်အောင် ဝမ်းဗိုက်ကြီး ဟင်းလင်းပွင့်လျက် လက်ခြေများကိုလည်း ကြံဝါးသကဲ့သို့ ဝါးထားခဲ့သည်ဟု ပြောကြသည်။

ယခုလည်း ရွာထဲကို ဝင်ပြီး မွှေနေတော့သည်။ ထို့ကြောင့် ရွာထဲတွင် ရှိနေကြသည့် အမျိုးသမီးများ၊ လူအိုများနှင့် ကလေးသူငယ်များမှာ အိမ်ပေါ်တက်ပြေးကြရပြီး လူအော်သံ၊ ခွေးဟောင်သံဖြင့် တစ်ရွာလုံး ပွက်ပွက်ဆူနေလေသည်။ ချောင်းနားရွာကလေးတစ်ရွာလုံး ငရဲပွက်သကဲ့သို့ ဖြစ်နေရရှာသည်။

ထို့ကြောင့် ရွာရှိယောကျ်ားအားလုံးတို့မှာ တောဝက်ကြီးကို အသက်စွန့်ပြီး သတ်ဖျက်ရန် စိုင်းပြင်းကြရတော့သည်။ တောဝက်ကြီးက ရွာကြားထဲသို့ ဝင်ပြီး လူများကို လိုက်ရှာသော်လည်း ရွာသားများက တစ်ယောက်မျှ ရင်မဆိုင်ရဲသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရွာဦးမှ ရွာမြီးပိုင်းတိုင်အောင် စုန်ဆင်းရင်းက ခွေးတစ်အုပ်နှင့် ဆူဆူညံညံဖြစ်ပြီး လယ်ကွင်းထဲကို ရောက်သွားသည်။

ရွာထဲက ခွေးများကလည်း ရွာမှဆိုးများနှင့် တောလိုက်ဖူးကြ၍ တောဝက်ကြီးများနှင့် မကြာခဏပင် ကြုံဖူးနေကြသည်။ ထို့ကြောင့် အကောင်နှစ်ဆယ်ခန့် ရွာခွေးများလည်း တောဝက်ကြီးနှင့် တန်းလိုက်သွားကြောင့် ခွေးများလည်း လူအုပ်ကိုမြင်၍ အားတက်လာကြဟန်ရှိသည်။ တောဝက်ကြီးအား ထိုးဟောင်သံများ ဖြင့်ငရဲခန်းကဲ့သို့ ပွက်လောရိုက်နေလေသည်။

ထိုအခိုက်တွင် ကျားခြေရာရွာသား ကိုမောင်မောင်ဆိုသူကလည်း ရောက်ရှိလာသည်။ ကိုမောင်မောင်ကား စိုင်တောင် ချင်းတိုင်းရင်းသားတစ်ယောက်ဖြစ်သော်လည်း ခေတ်ပညာ ဆယ်တောဝက်က အကြီးကြီး၊ ဒါကြောင့် တို့တောင်မှ ဘယ်လိုလုပ်ရမှန်းမသိဖြစ်နေကြတာ" ဟု သတိပေးနေကြသည့်ကြားကပင် ကိုမောင်မောင်သည် လှံကလေးကို ဆ၍ဆ၍ကိုင်လျက် တောဝက်ကြီးအနားသို့ တိုးကပ်သွားသည်။

ထိုအချိန်၌ တောဝက်ကြီးသည် လယ်ကွက်၏ အလယ်တွင်ဖြစ်ပြီး ခွေးအုပ်ဘက်ကို ကြည့်လိုက်၊ မောင်ဘက်ကို အာရုံစိုက်လာလေသည်။ လည်ကုပ်ကအမွေးများလည်း ထောင်ထလာလေသည်။ မျက်လုံးကြီးလည်း ဝင်းဝင်းတောက်လာလေသည်။

ရွာသားများလည်း ဝိုင်းအုံအော်ဟစ်၍ ဆူဆူညံညံဖြင့် အားပေးကြသည်။ ငှို့များလည်း ဟိုမှသည်မှ တမွဲ့ဖွဲ့ရောက်လာနေကြ၍ အားဖြည့်သကဲ့သို့ဖြစ်ကာ ပိုမိုများပြားလာသည်။ အော်ဟစ်နေ

တောဝက်ကြီးသည် ချောင်းထဲသို့ရောက်လျှင် ရှေ့သို့ဆက်၍မပြေးတော့ဘဲ သဲပြင်တွင်ရပ်ကာ နောက်မှ ဝိုင်းအုံပြီးလိုက်လာနေကြသည့် လူအုပ်ဘက်ကို စောင်းငဲ့ပြီး စိုက်ကြည့်နေသည်။ တောဝက်ကြီးလည်း အတော်လေးပင် မောနေဟန်ရှိသည်။ အသက်ရှူရှိုက်လိုက်တိုင်း ယိမ်းထိုးနေသည်ကိုသာ မြင်နေရသည်။

ပြီး ရွာမြောက်ပိုင်းက လယ်ကွက်ထဲတွင် တောဝက်ကြီးကို ဝိုင်းပြီးဟောင်နေကြသည်။

ထိုအချိန်တွင် ကောက်တလင်းအသီးသီးသို့ ရောက်နေကြသည့် ရွာသားများလည်း တောဝက်ကြီးသတင်းကိုကြား၍ ဓားလှံများကို ဆွဲကိုင်ကာ ဟိုမှသည်မှ ရောက်လာကြ၍ တောဝက်ကြီး ဝင်နေသည့် လယ်ခွက်ပတ်လည်တွင် လူများ လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ ထို့ တန်းတတ်သည်။ နားပင်း၍သာ အလုပ်မရခြင်းဖြစ်သည်။ ထိုခေတ်အခါက တကယ့်ပညာတတ်တစ်ယောက်ဖြစ်သည်။

နားပင်းကိုမောင်မောင်သည် လူတစ်ယောက်ဆီက လှံကိုဆွဲယူပြီး ခွေးများနှင့်တစ်ယောက်တစ်ပြန်စီနေကြသည်။ တောဝက်ကြီးအနီးသို့ တိုးကပ်သွားသည်။ ထိုအခါ ရွာသားများက -

"ဟဲ့. . . နားပင်း၊ စွတ်မလုပ်နဲ့ကွ၊ သေလိမ့်မယ်၊ ကန်သင်းထက်တွင် လှုပ်လှုပ်ရှားရှားဖြစ်နေသည့် လူအုပ်ဘက်ကိုကြည့်လိုက်နှင့် အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နေချိန်ဖြစ်သည်။ သည့်အချိန်မျိုးတွင် အရမ်းကာရောဝင်၍ မရနိုင်ပေ။ တောဝက်ကြီး သတိရှိနေချိန်ဖြစ်သည်။ အရမ်းကာရောဝင်မိလျှင် အသက်ပါသွားနိုင်သည်။

တားနေသည့်ကြားကပင် ကိုမောင်မောင်သည် လှံကိုဆ၍ဆ၍ ကိုမောင် ကြသည်များမှာလည်း ပို၍ပို၍ ဆူညံလာသည်။ ထို့ကြောင့် ခွေးများလည်း အားတက်လာကြသည်။

တောဝက်ကြီး ကိုမောင်မောင်ဘက်ကို တိုးလာသည်နှင့် ခွေးများလည်း ရှေ့သို့ တိုးပြီးလိုက်ဆွဲကြသည်။ ထိုအခါ တောဝက်ကြီးသည် ခွေးများဘက်သို့ ပြန်လိုက်နေရပြန်သည်။ ရွာသားများလည်း အော်ဟစ်အားပေးရင်းက အသည်းတထိတ်ထိတ် ဖြစ်နေကြသည်။ လူ

www.burmeseclassic.com

www.burmeseclassic.com

ဖော်သံ၊ ခွေးများဟောင်သံနှင့် တောဝက်ကြီး ဟိန်းဟောက်သံများမှာ နားထောင်ဝံ့စရာမရှိအောင်ပင် ဆူညံနေသည်။

တောဝက်ကြီး ခွေးများဘက်သို့ မာန်ဖီပြီး ပြေးလိုက်နေချိန်မှာပင် ကိုမောင်မောင်လည်း တောဝက်ကြီးဝင်နေသည့်လယ်ကန်သင်းကို ခြေတစ်ဖက်နင်းကာမည်ကဲ့သို့ ဝင်ထိုးရလျှင် တောဝက်ကြီးအား အနိုင်ယူနိုင်မည်ကို အခြေအနေကြည့်နေစဉ်မှာပင် တောဝက်ကြီးသည် ခွေးများကိုထားခဲ့ပြီး ကိုမောင်မောင်ဘက်ကို မပြီးလိုက်လာလေသည်။ တောဝက်ကြီး ကန်သင်းပေါ် ပြေးအတက်တွင် ကိုမောင်မောင်က အရှိန်နှင့်ပြေးစိုက်သည်။ သို့သော်မုဆိုးတို့အကင်းကို နားလည်သော တောဝက်ကြီးက အလျင်အမြန်ပင် လှံကို ခေါင်းဖြင့်ဆတ်ထုတ်လိုက်ပြီး ကိုမောင်မောင်နောက်သို့ပြေးလိုက်သည်။ ကိုမောင်မောင်လက်ထဲက လှံ စင်ထွက်သွားသဖြင့် တင်းမခံနိုင်တော့ဘဲ ထွက်ပြေးသည်။

သို့သော်လည်း မလွတ်နိုင်ဘဲ ကိုမောင်မောင်၏ ပေါင်ရင်း(နောက်ဘက်)ကို ထိသွား၍ ကိုမောင်မောင် လဲကျသွားလေသည်။ ထိုအချိန်တွင် လူအုပ်ကြီးကဝိုင်းလာကြသဖြင့် တောဝက်ကြီး ဆက်ပြီးပက်နေချိန်မရတော့ဘဲ အနီးအနားတဦးမောင်ထွန်းဖြူ၏ ကွမ်းသီးခြံထဲသို့ ပြေးဝင်သွားသည်။

လူရောခွေးများရော တန်းပြေးလိုက်ပါသွားကြသည်။ တောဝက်ကြီးသည် ကွမ်းသီးခြံထဲတွင် မရပ်ခဲ့ဘဲ ကွမ်းသီးခြံဘေးတွင်ရှိသော သဲချောင်းထဲသို့ ဆင်းသွားသည်။ သဲချောင်းက မိုးရွာမှသာ ရေရှိပြီး ယခုလို ဆောင်းနှောင်းရာသီတွင် အိုင်အချို့မှလာသော ရေမဆိုစလောက်ရှိကာ ချောင်းတစ်လျှောက်တွင် သဲပြင်ချည်းသာဖြစ်သည်။

တောဝက်ကြီးသည် ချောင်းထဲသို့ ရောက်လျှင် ရှေ့သို့ဆက်၍မပြေးတော့ဘဲ သဲပြင်တွင်ရပ်ကာ နောက်မှဝိုင်းအုံပြီးလိုက်လာနေကြသည့် လူအုပ်ဘက်ကို စောင်းငဲ့ပြီး စိုက်ကြည့်နေသည်။ တောဝက်ကြီးလည်း အတော်လေးပင် မောနေဟန်ရှိသည်။ အသက်ရှူရှိုက်လိုက်တိုင်း ယိမ်းထိုးနေသည်ကိုသာ မြင်နေရသည်။

ထိုအချိန်၌ ကိုစောထွန်းဦးဆိုသူသည် ဝက်ထိုးလှံကြီးကိုကိုင်ပြီး တောဝက်ကြီးရပ်နေသည့် သဲချောင်းတွင်းသို့ အခြေအနေအရပ်ရပ်ကို ကြည့်ရှုအကဲခတ်ရင်းက ချောင်းကမ်းနဖူးတွင် ပေါက်နေသည့် ခပ်ကိုင်းကိုင်းသဖွာန် ရေသဖန်းပင်ကြီးပေါ်ကို ပြေးတက်ပြီး တောဝက်ကြီး၏အခြေအနေကို ကြည့်သည်။ ကျွန်တော်လည်း ကိုစောထွန်းဦး၏ အနားသို့ ပြေးတပ်လိုက်သည်။

တောဝက်ကြီးကို ချောင်းကမ်းပါးပေါ်က စီးပိုးကြည့်ရသဖြင့် ကောင်းစွာမြင်နေရပြီး တောဝက်ကြီးသည် ကိုစောထွန်းဦးနှင့်ကျွန်တော်တို့တက်နေကြသည့် ရေသဖန်းပင်ကြီး၏ အောက်သဲပြင်တွင် ရပ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ချောင်းကမ်းနဖူးနှင့်အပေါ်အောက်ဖြစ်နေ၍ လူကို တော်ရုံနှင့် ရန်မပြုနိုင်သည်ကို သိလိုက်၍ ကိုစောထွန်းဦးသည် သူ၏ ဝက်ထိုးလှံကြီးဖြင့် တောဝက်ကြီးကို တအားပေါက်ချလိုက်သည်။

တောဝက်ကြီးမှာ မောလည်းမော ဝက်ထိုးလှံကြီးလည်း အရွက်တစ်ဆုံးနံဘေးသို့ စိုက်ဝင်သွား၍ လူနှင့်ခွေးများကို ပြန်လည်ရန်ပြုနိုင်ခြင်းမရှိတော့၊ အနီးအနားတွင်ရှိသည့် သပေါ့စာဖုတ်အောက်က ရေအိုင်ကိုသာ ဆင်း၍စိမ်နေရင်းက လူနှင့်ခွေးများအား ရန်မူနေလေသည်။

လူနှင့်ခွေးများကလည်း သည်အချိန်တွင် တောဝက်ကြီးသည် ပြန်၍ ရန်မပြုနိုင်တော့ဟု သိလိုက်ကြသဖြင့် ခွေးများလည်း တောဝက်ကြီးကို ဝင်ကိုက်ကြသလို လူများကလည်း လှံဖြင့်ဝင်ထိုးကြလေသည်။ ကျွန်တော်လည်း သူများနည်းတူ တောဝက်ကြီးကို လှံဖြင့်ဝင်ထိုးလိုက်သည်။ ကျွန်တော်၏ဘဝတွင် တောဝက်ကြီးများကို ပထမအနေနှင့် လှံဖြင့်ထိုးဖူးခြင်းဖြစ်သည်။

တောဝက်ကြီးသေပြီးနောက် ဒေသထုံးစံအတိုင်း မီးမြိုက်၊ ခုတ်ထစ်၊ မုဆိုးဦးရေအလိုက် ဝေပုံချပြီး ကိုယ်ကြိုက်သည့်အပုံကို ကောက်ယူကြသည်။ ဤတောဝက်ကြီးမှာ ရွာလူထုကို ဒုက္ခပေးပြီးမှ နိဂုံးချုပ်သဖြင့် ရွာသားများလည်း အငြိုးအတေးထားကာ အားရပါးရကြီးပင် အောင်သေအောင်သား စားလိုက်ကြသည်။

နောက်ကြောင်းကို အနည်းငယ်မျှ ပြန်ကြည့်လျှင် ဤတောဝက်ကြီးပက်ခဲ့၍ ဆိုခဲ့သည့်မောင်ပိန်ချေသေဆုံးပြီး မမပုနှင့်ကိုမောင်မောင်တို့ ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြသည်။ ဤဖြစ်ရပ်သည် ၁၉၆၄ ခုနှစ်ကဖြစ်ပြီး ကျွန်တော်ကိုယ်တိုင် တောဝက်ကြီးကို လှံနှင့်ထိုးခဲ့ဖူး၍ ယနေ့တိုင်အောင်ပင် မှတ်မိနေဆဲဖြစ်သည်။

ထိန်လင်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရွှေနတ်တောင်ဘုရားက ဗေဒင်ဆရာ

မော်လမြိုင်၊ မုဒုံကားလမ်းဘေးတွင် ရွှေနတ်တောင်ဘုရားမည်သော ဘုရားတစ်ဆူရှိ၏။ ရှေးဟောင်းမှန်ဘုရားဖြစ်ပြီး တန်ခိုးကြီးဘုရားဖြစ်လေ၏။ ပုပ္ပါးတောင်ကလပ်ကဲ့သို့ တောင်ထိပ်ပေါ်တွင် တည်ထားကိုးကွယ်သော ဘုရားဖြစ်၍ အဝေးက ကြည်ညိုနိုင်သော ဘုရားဖြစ်သည်။

သံဃာတော်အနည်းငယ်နှင့် လူသူကျဲသော ဘုရားဖြစ်ပေမယ့် ဘုရားပွဲကျင်းပချိန်တွင် လွန်စွာစည်ကားလှ၏။ ဘုရားပေါ်တွင် ပေယျာဝစ္စ ဆောင်ရွက်ပေးလျက် ဗေဒင်ဟောပြောနေသော ဘျောင်တစောင်းနှင့်ဘိုးတော်တစ်ပါး ရှိလေ၏။ ဘျောင်နှင့်ဘိုးတော်သည် အသက်ကြီးသော်လည်း သွက်သွက်လက်လက် ဟောပြောနိုင်သူဖြစ်သည်။

တစ်နေ့ညနေစောင်းအချိန် မော်လမြိုင်မြို့ ရုံးကြီးတစ်ရုံးတွင် တာဝန်နှင့် ရောက်လာသော ဗုဒ္ဓဟူးသား ဦးလှအောင်ဆိုသူနှင့် ဇနီးဒေါ်တင်မြင့်၊ သားမောင်ထက်ထူးအောင်တို့ မိသားစု သားမောင်ထက်ထူးအောင်၏ အခြေခံအထက်တန်း စာမေးပွဲကိစ္စနှင့် ဗေဒင်မေးရန်အချိန်နှောင်းပြီးမှ ရောက်လာကြသည်။

ဦးလှအောင်သည် ဘျောင်တစောင်းနှင့် ပုဏ္ဏားဗေဒင်ခုံဘေးတွင် ဖျာခင်း၍ ထိုင်နေသော ဘိုးတော် ဗေဒင်ဆရာကြီးကို အရိုအသေပြု၍ ဗေဒင်မေးလိုကြောင်း ပြောသည့်အခါ ဘိုးတော်ကြီးက 'သြော်ကလေးတို့က အောင်မြင်လာမယ့် တက်လူငယ်တွေမဟုတ်လား။ ဒီလိုအပုပ်ချိန်မှာ ဗေဒင်မမေးကောင်းဘူးကွဲ့. ဗေဒင်မေးချင်သပဆိုရင် မနက် ဖြန်စောစောမဂ်လာအချိန်မှာ လာခဲ့ကြ'

ဟူ၍ ရက်ရွေ့လမ်းညွှန် လိုက်လေ၏။

www.burmeseclassic.com

ဘိုးတော်ကြီးသည် မိမိရမည့် လာဘ်လာဘကို လွယ်လွယ်နှင့် လက်မခံဘဲ ငြင်းဆန်လိုက်သည့်မှာ ထူးခြား၏။ သို့ဖြစ်၍ နောက်တစ်နေ့ တနင်္ဂနွေ နေ့နံနက်စောစော မင်္ဂလာအချိန်တွင် ဦးလှအောင် နှင့်မိသားစု ရွှေနတ်တောင်ဘုရား ဘိုးတော်ဗေဒင် ဆရာကြီးထံ ရောက်လာကြရ၏။ ဦးလှအောင် မိသားစုသည် ဘိုးတော်ဗေဒင် ဆရာကြီးနှင့် ပန်းကုံးသဖွယ် မျက်နှာချင်းဆိုင် ထိုင်မိကြသောအခါ ဘိုးတော်ဗေဒင် ဆရာကြီးသည် မွေးနံသက္ကရာဇ်များကို တောင်းယူ၍ ဦးလှအောင်နှင့် သားမောင်ထက်ထူးအောင်၏ဇာတာကို ယှဉ်တွက်ထားပြီး အောက်ပါအတိုင်းဟော ပြောလေ၏။ ဦးလှအောင်သည် ဟောချက် ကိန်းများကို ဒိုင်ယာရီဖြင့် လိုက်ရေး မှတ်ထားသည်။

"စနေသား မောင်ထက်ထူးအောင် ဒီနှစ်စာမေးပွဲ ဂုဏ်ထူးငါးဘာသာနှင့် အောင်မည်။ ပြည်ပနိုင်ငံမှာ ပညာ ဆက်သင်ယူရမည်။ ဆရာဝန် ကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်။ မိဘကို အကျိုးပြုသော သား ဖြစ်လာမည်"

ဘိုးတော်ဗေဒင်ဆရာ သည် အပိုဆာဒါးမပြော တိုတိုရှင်း ရှင်းနှင့် လိုရင်းကိုသာ ဟောပြောလေ၏။ ထို့နောက် ဦးလှအောင်ကို ဆက်ဟောသည်။

"ဗုဒ္ဓဟူးသား ဦးလှအောင် မကြာမီ တာဝန်အရ တောင်အရပ်ကို ပြောင်းရွှေ့ရမည်။ ရာထူးတက်ပြီး မြောက်အရပ်ကို ပြန်ပြောင်းရမည်။ ရောက်တဲ့မြို့မှာ ဘုရားထီးတင်ပွဲ နှင့်ကြုံလိမ့်မည်။ ငွေလှူပါ ကံတက် လာလိမ့်မယ်။ အရင်ဆုံး ထီ တစ်ကြိမ်ပေါက်မည်။ ထီပေါက်ပြီး နောက် အကြီးအကဲ ဖြစ်လာလိမ့်မည်။ အလှူလုပ်ပါ။ မိဘအမွေရပြီး ချမ်းသာလာသူဖြစ် လာလိမ့်မည်။ ကောင်းစားမယ်။ ကျောက်အဖြူ အဝင်မခံနဲ့ ခိုက်တတ်တယ်။ သတိထားပါ။ ရာထူးကျ အလုပ် ပြုတ်တတ်တယ်။ စီးပွားလျှောကျ လျော့နည်းတတ်တယ်"

ဟူသော အဟောများဖြင့် ဘိုးတော် ဗေဒင်ဆရာကြီး၏ ဟောချက် ပြီးဆုံးသွားသည်။

ဗေဒင်ဟောကိန်း

သျှောင်တစောင်းနှင့် ဘိုးတော် ဗေဒင်ဆရာမှန်လေ၏။ သားမောင် ထက်ထူးအောင် စာမေးပွဲ ငါး ဘာသာ ဂုဏ်ထူးနှင့်အောင်သည်။ ဆေးကျောင်း တက်ခွင့်ရသွားသည်။ အစပိုင်းဗေဒင် မှန်သွားသည်။

ထို့နောက် ဗုဒ္ဓဟူးသား ဦးလှအောင် တောင်အရပ်ဖြစ်သော ထားဝယ်မြို့သို့ တာဝန်အရပြောင်း ရွှေ့သွားရသည်။ အချိန်တိုကာလ အတွင်း ရာထူးတက်ပြီး ထားဝယ်မြို့၏ မြောက်အရပ်ဖြစ်သော ပဲခူးလေး မြို့သို့ ပြောင်းရွှေ့ရပြန်သည်။ ဘုရား ထီးတင်ပွဲနှင့် မဆုံစည်းခဲ့ရ။ ဒါပေသိ ဦးလှအောင် ပြောင်းရွှေ့လာပြီး နောက် နှစ်နှစ်ကျော် သုံးနှစ်အတွင်း ထီးတင်ပွဲနှင့် ကြုံရသည်။ ဘိုးတော်ဗေဒင်ဆရာကြီး၏ ဟော ချက်ဆက်မှန်နေ၏။

ဘုရားထီးတင်ပွဲတွင် ဦးလှအောင် ငွေရောလုပ်အားပါ လှူဒါန်းကူညီ ဆောင်ရွက်ပေးသည်။ ဘုရားထီးတင် ပြီးနောက် ထီတစ်သိန်းဆုခေတ်တွင် ဦးလှအောင် ထီနှစ်သောင်းဆု ပေါက် သွားသည်။ ထိုဆုကို မသုံးစွဲဘဲ ငွေ ထပ်ဆောင်း၍ အလှူကြီးလုပ်ဖြစ်

ထိုစမ္မာရုံ၏ ဘုရားခန်းတွင် အသေအချာသော့ချားဖြင့် အထပ်ထပ် ကာကွယ်စောင့်ရှောက်ထားသော ရှေးဟောင်းဘုရားတစ်ဆူကို ဆက်မြင်တွေ့ရ၏။ မီးရောင်ဖြင့် လွန်စွာသပ္ပာယ်လှပါသည်။

စကြာမီးဖြင့် ဘုန်းတော်ပွင့်နေသော ဘုရားဖြစ်သော်လည်း သင်းကျစ်တော် နေရာတွင် အနည်းငယ် ခွတ်ဝင်နေသည်ကို အထင်အရှားတွေ့ မြင်ရ၏။

---

www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ အလှူလုပ်ပြီးနောက် ရာထူးကစ်ဆင့်ပြီးတစ်ဆင့်တက်၍ ဌာနအကြီးအကဲဖြစ်သွားသည်။

ဆယ်နှစ်ကျော်အတွင်း ဦးလှအောင်၏ တိုးတက်ပြောင်းလဲမှုသည် မြန်သည်ဟုဆိုရမည်ဖြစ်၏။ သားမောင်ထက်ထူးအောင်ကို ဆရာဝန်ဖြစ်လာအောင် ပျိုးထောင်ပေးနိုင်ခဲ့သည်။ မိဘအမွေရရှိပြီး အိမ်လေးဝိုင်းလေးနှင့် ဖြစ်လာသည်။ အရှိန်ဂုဏ်သိမ်မြင့်မားလာပြီး ပေါက်မြောက် အရေးပါလာသည်။ ဂုဏ်ပကာသန ဆိုတာတွေလည်း ရောယှက်ဝင်လာသည်။ သည့်နောက် ဦးလှအောင် ကျားကြီးခြေရာကြီးဖြစ်လာကာ ငွေ အသုံးအစွဲကြမ်းလာသည်။ ငွေအဝင် အထွက်ကြီးလာတော့ ဦးလှအောင် အကြံအဖန်လုပ်တတ်လာပါတော့သည်။

ရိုးရိုးဝတ်တတ် စားတတ်သော ဦးလှအောင်၏ဇနီးဒေါ်တင်မြင့်လည်း ရာထူးခေ တိုးတက်လာသည်နှင့်အမျှ ဝတ်စားဆင်ယင်မှုခေတ်ဆန်လာ၏။ အထက်တန်းကျကျ နေထိုင်တတ်လာသည်။ ကြည်ပြာရောင်အထက်အောက်နှင့် နီလာဝမ်းဆက်၊ ချယ်ရီရောင်အထက်အောက်နှင့် ပတ္တမြားဝမ်းဆက်၊ ဖက်ဖူးရောင်အထက်အောက်နှင့် ကျောက်စိမ်းဝမ်းဆက်၊ အဖြူရောင်အထက်အောင်နှင့် စိန်တစ်ဆင်စာ၊ မြတစ်ဆင်စာဖြစ်လာသည်။

ဘဝအလှည့်အပြောင်း

တိုးတက်လာသော ဘဝကာလတွင် အောင်ပွဲအလီလီရရှိလာခဲ့သော ဦးလှအောင်၏ ဘဝသည် လူသားမန်များအတွက် အားကျစရာဖြစ်လေ၏။ သို့သော် ဘဝမည်သည် ရာသီခေတ်ပမာ ပြောင်းလဲတတ်၏။ တဖြောင့်တည်းဖြစ်မနေ အတက်ကဲဆုံးလျှင် အကျဘက်သို့ ဦးတည်လာခြင်းသည် လောကနိယာမတရားဖြစ်သည်။

ဦးလှအောင်၏ လက်ရှိအနေအထား အဆင့်တစ်တွင် အကုန်အကျများပြီး အကြွေးတင်လာသည်။ အဆင့်နှစ်တွင် နိုင်ငံခြားတွင် အထက်တန်း ဆေးပညာသင်ကြားနေသော သားမောင်ထက်ထူးအောင်အတွက် ငွေလို ပလာသည်။ တတိယအဆင့်တွင် ယုံကြည်အားကိုးရသော သူဌေးကြီးများ၏ အလုပ်ရှယ်ယာ ထည့်ထားသော ငွေကြေးများလုပ် ငန်းအရှုံးပေါ်နေသဖြင့် ကြီးမားသော ဆုံးရှုံးမှုနှင့် ကြုံတွေ့နေရသည်။ အခြားခေါင်းစဉ်မပြနိုင်သော ငွေလိုပေါက်များလည်း ရှိနေသေးသည်။

အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးမှာ ဘာမဟုတ်သည့် ပြဿနာအသေးလေးဖြင့် မမျှော်လင့်ဘဲ ရာထူးချခံရပြီး နေရာပြောင်းရွှေ့ရခြင်းဖြစ်သည်။ အဆုံး၌ ဝန်ထမ်းဆက်မလုပ်လိုတော့သဖြင့် အလုပ်မှအပြီးအပိုင်ထွက်လိုက်ပြီး အတွင်းပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ထုခွဲရောင်းချသည်။ ရန်ကုန်မြို့သို့ ပြောင်းရွှေ့အခြေချပြီး စီးပွားရေး မြေစမ်းခရမ်းပျိုးကြသည်။ အပြင်လောကတွင် စီးပွားလုပ်ရင်း မြုပ်ရင်းဖြစ်ကာ အခင်မပြေဖြစ်လာသည်။

ထုရင်းခွဲရင်း ရောင်းရင်းပေါင်ရင်းနှင့် ရာဖွေစုဆောင်းထားသမျှ ပစ္စည်းကုန်သလောက်ဖြစ်သည်။ ဦးလှအောင်နှင့်ဒေါ်တင်မြင့်ဘဝကောင်းစဉ်က အထိမ်းအမှတ်သင်္ကေတအဖြစ် ပြစရာဆိုလို့ ဒေါ်တင်မြင့်လက်ထဲ ဝတ်ဆင်ထားသော ငါးရတီကျော်ခန့်ရှိသည့် စိန်လက်စွပ်တစ်ကွင်းသာ ထင်သင်ရှားရှားပြစရာရှိလေတော့၏။ အခြေအနေမကောင်း။

လူ့သဘာဝ ဒုက္ခတွေ့လာလျှင် ဘုရားတကြသည်မှာ ဓမ္မတာဖြစ်၏။ ဦးလှအောင်နှင့်ဒေါ်တင်မြင့် မာနတံခွန် မထောင်နိုင်တော့၊ ရဟန်းလေးနှင့်ချေ့ဘာစားပြီး ဘုရားဘက်ကူးလာကြသည်။ ဘုရားပွဲ၊ တရားပွဲလိုက်ရင်း ဓမ္မမိတ်ဆွေအပေါင်းအသင်းသစ်တိုးပွားလာသည်။ သို့နှင့်အချင်းချင်း ကြုံရင်းဆုံရင်း မိမိတို့၏ဘဝ အတက်အကျ ဒုက္ခဝေဒနာများကို ပြောပြဖလှယ်ကြ၏။ ဓမ္မမိတ်ဆွေအချင်းချင်း ပြောပြဖေးမကူညီကြ၏။ သို့နှင့် ရင်ဝယ်ခံစားနေကြသော ဒုက္ခအထုပ်အပိုးများ သက်သာရာရသွားကြရသည်။ စိတ်ခံစားဖိစီးမှုများ သေးငယ်သွားသည်။

အကြောင်းစုံသော နေ့တစ်နေ့ မိမိတို့နှင့်ရင်းနှီးသော အရောက်

www.burmeseclassic.com

www.burmeseclassic.com

အပေါက်ရှိသည့် ဓမ္မမိတ်ဆွေ ဒေါ်မြသန္တာ အခါပေးစကားပြော လာ၏။

"ဦးလှအောင်နှင့် ဒေါ်တင်မြင့်မှာ အဖျက်တစ်ခုခု ဝင်နေတယ်ထင်တယ်။ စိတ်ဝင်စားမယ်ဆိုရင် အကြားအမြင် ဦးဘဆန်းဆိုတဲ့ ပုဂ္ဂိုလ်နဲ့မေးမြန်းကြည့်ပါလား"

အကြားအမြင်ဆိုသော စကားကို ကြားလိုက်ရသဖြင့် ဦးလှအောင်နှင့် ဒေါ်တင်မြင့် တို့ စိတ်လှုပ်ရှားသွားကြသည်။

"ဒေါ်မြသန္တာ အကြားအမြင် ဦးဘဆန်းရဲ့ လိပ်စာသိရင် ကျွန်တော်တို့ကို မ,စပါခင်ဗျာ၊ ကျေးဇူးမမေ့ပါဘူး။ ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီးလည်း ဗေဒင် ဝါသနာအိုးတွေပါ"

ဦးလှအောင်ဇနီး မောင်နှံသွားရန် ဆုံးဖြတ်လိုက်ကြသည်။

ဦးလှအောင်သည် ဒေါ်မြသန္တာ ပေးသော ဦးဘဆန်း၏ လိပ်စာကို ဒိုင်ယာရီထဲ ရေးမှတ်ထားလိုက်၏။ နေသာ၍ တိမ်ပြာသောနေ့ ဦးလှအောင်နှင့်ဇနီး ဒေါ်တင်မြင့်တို့သည် TOYOTA VAN TAXI ကားနှင့်အကြားအမြင် ဦးဘဆန်းနေထိုင်သော ရန်ကုန်-ကျောက်မြောင်း အောင်မင်္ဂလာလမ်းသို့ အခက်အခဲမရှိ ရောက်လာကြသည်။

ကံကြုံ၍ ဦးဘဆန်းနှင့်အသင့် တွေ့ရ၏။ ဦးလှအောင်သည် ဦးဘဆန်းကို မိမိ၏ဘဝအတက်အကျ ဖြစ်ပျက်ပုံများကို မချွင်းချန် လိုရင်းရောက်အောင် ရှင်းပြလိုက်သည်။ ဦးဘဆန်းသည် ဦးလှအောင် ရှင်းပြနေသော အဖြစ်အပျက်များကို နားစိုက်ထောင်နေရင်း ဦးလှအောင်၏ ဇနီးဒေါ်တင်မြင့် ဝတ်ဆင်ထားသော အတော်ထွားသည်ဟုထင်ရသည့် စိန်လက်စွပ်၏ CROWN ခေါ် စိန်မျက်နှာပေါ်တွင် ကျောက်စကားအရ DISPERSION အလင်းဖြာထွက်နေမှုထဲတွင် စေတီတစ်ဆူကို မြင်လိုက်ရသည်။ ဦးဘဆန်းသည် အကျိုးအကြောင်း ရှင်းပြပြီးနောက် ဒေါ်တင်မြင့်ဝတ်ထားသော စိန်လက်စွပ်ကို ခဏတောင်းယူလိုက်သည်။ စိန်သည် အရည်အသွေးကောင်းပြီး အပြစ်အနာအဆာ ကင်းရှင်း၍ ရှေးဟောင်းပုံသွေးထားသော စိန်ကောင်းတစ်ပွင့်ဖြစ်သည်ကို တွေ့ရသည်။

ဦးဘဆန်းပြောသောဒဏ္ဍာရီ

ဦးဘဆန်းသည် ဒေါ်တင်မြင့်၏ စိန်လက်စွပ်ကို ဘုရားကျောင်းဆောင်ပေါ်ရှိ ကလပ်ခွက်တစ်ခုပေါ်တင်ထား၍ စိတ်နှင့်အာရုံခံကြည့်သောအခါ ရှေးဟောင်းပါ ဒဏ္ဍာရီဇာတ်လမ်းတွဲကို မြင်တွေ့ရလေသည်။

တောင်ကလပ်တစ်ခုပေါ်တွင် တည်ထားကိုးကွယ်သော ရှေးဟောင်းမွန်ဘုရားတစ်ဆူ၊ ဘုရားဘေးပတ်လည်တွင် ပန်းမန်သစ်သီးဝလံပင်များ၊ အရိပ်ရပင်များကြား ရှေးဟောင်းလက်ရာ ဓမ္မာရုံကြီးတစ်ရုံကို တွေ့ရ၏။ ထိုဓမ္မာရုံ၏ ဘုရားခန်းတွင် အသေအချာသော့များဖြင့် အထပ်ထပ် ကာကွယ်စောင့်ရှောက်ထားသော ရှေးဟောင်းဘုရားတစ်ဆူကို ဆက်မြင်တွေ့ရ၏။ မီးရောင်ဖြင့် လွန်စွာ သပ္ပာယ်လှပါသည်။

စကြာမီးဖြင့် ဘုန်းတော်ပွင့်နေသော ဘုရားဖြစ်သော်လည်း သင်းကျစ်တော်နေရာတွင် အနည်းငယ်ခွက်ဝင်နေသည်ကို အထင်အရှားတွေ့မြင်ရ၏။ ဆက်ပြီး အာရုံခံကြည့်လိုက်သည့်အခါ နံနက်ပိုင်းနေဝန်းယက်ချိန် တစ်ခုသော ဓမ္မာရုံရှေ့နားတွင် ပုဏ္ဏားခုံဖြင့် ဗေဒင်ထိုင်တွက်နေသည့် သျှောင်တစောင်းနှင့် အသက်ကြီးပိုင်း ဗေဒင်ဆရာတစ်ဦးကို တွေ့ရ၏။ ဗေဒင်ဆရာထံ အမျိုးသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက်နှင့် ဆယ်ကျော်သက်ယောက်ျားကလေး မိသားစုဝင်များ ဗေဒင်လာရောက်မေးမြန်းနေကြသည်ကို ဆက်မြင်ရသည်။

ဦးဘဆန်းသည် ဗေဒင်လာရောက် မေးမြန်းနေကြသူများကို အနီးကပ် အာရုံစိုက်ကြည့်လိုက်သောအခါ အမျိုးသားနှင့်အမျိုးသမီးဆိုသူနှစ်ယောက် ယခုမိမိရှေ့မှောက်တွင် အကူအညီ လာတောင်းနေကြသော ဦးလှအောင်နှင့်ဒေါ်တင်မြင့်ဇနီးမောင်နှံဖြစ်နေကြသည်ကို ဦးဘဆန်း အလွန်အံ့သြတုန်နှင့် တွေ့နေရခြင်းဖြစ်သည်။

အမြင်အာရုံပြီးဆုံးသွားသောအခါ၌ ဦးဘဆန်းသည် မိမိမြင်တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com

သော ဒဏ္ဍာရီဆန်ဆန် အာရုံမြင်ကွင်းများကို ခွေးနွေးပြောပြသည်။ စိန်လက်စွပ်ကို ဒေါ်တင်မြင့်ထံ ပြန်လည်ကမ်းပေးရင်း

'ဦးလှအောင်တို့ လွန်ခဲ့သည့်နှစ်တွေထဲ တောင်ကလပ် ဘုရားတစ်ဆူဆူမှာ သျှောင်တစောင်းနဲ့ ဗေဒင်ဟောတဲ့ ဗေဒင်ဆရာတစ်ဦးဦးထံမှာ ဗေဒင်မေးခဲ့ဘူးတယ်မဟုတ်လား''

ဦးလှအောင်နှင့်ဒေါ်တင်မြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဇာတ်တိုက်ထားသကဲ့သို့ ပြိုင်တူခေါင်းညိတ်ကြ၏။ ဦးဘဆန်း ဘုရားကိုအာရုံပြုပြီး ဆက်ပြောလိုက်သည်။

''ဦးလှအောင်နှင့်ဒေါ်တင်မြင့် သျှောင်တစောင်းနဲ့ ဗေဒင်ဆရာရှိတဲ့ ဘုရားကိုပြန်သွားပြီး ဒီစိန်ဟာ ဒီမွေ့ရာမှာ စံပယ်နေတဲ့ဘုရားကိုယ်တော်ထဲက သင်းကျစ်တော်ဖြစ်တဲ့အကြောင်း ပြောပြဖြီး ဆရာတော်ထံအပ်နှံတပ်ဆင်ပေးလိုက်ပါ။ ဦးလှအောင်တို့ရဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ အဆင်ပြေသွားပါလိမ့်မယ်''

ဦးဘဆန်း၏ နောက်ဆုံးလမ်းညွှန်စကားကို ကြားရပြီးနောက် ဦးလှအောင်နှင့်ဒေါ်တင်မြင့်တို့၏ မသိစိတ်ထဲတွင် သျှောင်တစောင်းနှင့် ဘိုးတော်ဗေဒင်ဆရာကြီး၏ ဟောကြားချက်ထဲမှ

'အဖြူရောင်ကျောက် အဝင်မခံနဲ့၊ ခိုက်တတ်တယ်၊ သတိထားပါ။ ရာထူးကျအလုပ်ပြုတ်တတ်တယ်။ စီးပွားလျှောကျလျော့နည်းတတ်တယ်'အဟောကို မသိစိတ်နှင့်အသိစိတ်နှစ်စလုံးမှ အခါခါ အကြိမ်ကြိမ်ကြားယောင်နေမိပါတော့သည်။

စိန်သင်းကျစ်တော်ပျောက်နေသောဘုရား

ဦးလှအောင်နှင့်ဒေါ်တင်မြင့်တို့သည် လွန်ခဲ့သော အနှစ်တစ်ဆယ်ကျော်က မိမိတို့ဗေဒင်မေးခဲ့ဘူးသော မော်လမြိုင်ရွှေနတ်တောင်ဘုရားသို့ တတိယအကြိမ် အရောက်သွားကြပြီး သျှော်တစောင်းနှင့်ဘိုးတော်ဗေဒင်ဆရာကြီးထံ ဖြစ်ကြောင်းကုန်စင်ရှင်းပြပြီး ဘုရားသင်းကျစ်တော်စိန်ကို ပေးအပ်လိုက်သည်။ ဘိုးတော်ဗေဒင်ဆရာကြီးသည် ဦးလှအောင်တို့ထံမှ စိန်သင်းကျစ်တော်စိန်ကို လက်ခံယူလိုက်သည်။

ထို့နောက်

''အဲဟုတ်တယ် ဆရာတောင်မမီလိုက်ဘူး။ ဒီမွေ့ရာရဲ့ ထဲက ရှေးဟောင်းသမိုင်းဝင် မွန်ဘုရားမှာ စိန်သင်းကျစ်တော်ပျောက်နေတယ်။ မသူတော်တွေရဲ့ လက်ချက်နဲ့ပျောက်သွားတယ်လို့ သိရတယ်။''

ဟူ၍ ဘိုးတော်ဗေဒင်ဆရာကြီးက မိမိမီလိုက်သမျှကို ပြန်လည်ရှင်းပြလျက် စိန်သင်းကျစ်တော်စိန်ကို ကျောင်းထိုင်ဆရာတော်ကြီးထံ သွားရောက်ရှင်းပြအပ်နှံကြသည်။ ဘုရားပစ္စည်းကို ကိုယ်ကျိုးအတွက် အသုံးမပြုစကောင်းပါ။

ဆရာတော်ကြီးသည် အခါရက်ကောင်းရက်မြတ် ရွေးချယ်သတ်မှတ်၍ ဘုရားဒါယကာ၊ ဒါယိကာမများနှင့်အတူ စုပေါင်းကောင်းမှုအလှူပြုလုပ်၍ စိန်သင်းကျစ်တော်ပျောက်နေသော ရှေးဟောင်းသမိုင်းဝင်ဘုရားကို ပျောက်ဆုံးသွားသော ယခင်စိန်သင်းကျစ်တော်ဖြင့် ပြန်လည်တပ်ဆင်လှူဒါန်းကောင်းမှုပြုနိုင်ခဲ့ကြသည်။

ဦးလှအောင်နှင့်ဇနီးဒေါ်တင်မြင့်တို့သည် ဘုရားသင်းကျစ်တော်စိန်ကို ပေးအပ်လှူဒါန်းပြီးနောက် မကြာမီအတွင်း သားမောင်ထက်ထူးအောင်ထံမှ ဆေးဘက်ဆိုင်ရာ တွဲဖက်ပါမောက္ခအဖြစ် ခန့်အပ်ခံရကြောင်း သတင်းကောင်းကြားရသည်။ ပြန်လည်ကြိုးစားရုန်းကန်အားထုတ်ကြရင်းဖြင့် နှစ်တိုတိုကာလအတွင်း စီးပွားနာလန်ပြန်ထူနိုင်ကြပြီး တိုးတက်ကြီးပွားချမ်းသာသွားကြသည်။ ရက်ကြီးအခါကြီး၌ ရွှေနတ်တောင် ရှေးဟောင်းသမိုင်းဝင် ဘုရား၏စိန်သင်းကျစ်တော်မှ ရောင်ခြည်တော်လွှတ်သည်ဟူသော သတင်းစကားကို ဦးဘဆန်းကြားရသဖြင့် လွန်စွာဝမ်းသာပီတိဖြစ်ရလေတော့သတည်း။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပစေ...

အောင်ဘုန်းမြင့်(ကချင်မြေ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြိုင်အင်းရွာက

လူသတ်မှု

သင်းသင်းလှိုင် (တပ်ကုန်း)

ဘုရားအလောင်း ကျွဲမင်းဘဝက ဒေဝဒတ်အလောင်း ကျွဲနှင့် ပြိုင်ခတ်ရာမှ ဖြစ်ပေါ်လာတဲ့ ပြိုင်အင်းရွာကလေးက မုဆိုးမတောင်တန်းအနီးမှာ တည်ရှိပြီး ရွာအရှေ့ဘက်မှာ ဦးအောင်ဇေယျတည်ထားခဲ့တဲ့ အောင်ဇေယျဘုရားမှ ဆည်းလည်းသံတချွင်ချွင်နဲ့ ရွာအနောက်ဘက်က ကန်တွင်းမှာ ပန်းဗေဒါအလှများက အလွမ်းဝေဖြာနေသယောင် နေဝင်ဆည်းဆာအလှက ပြိုင်အင်းရွာကလေးအား ထင်ဟတ်နေသည်။ အခုတော့ ၎င်းအလှတွေ ပျက်သုဉ်းသွားပြီ။

ကိုရွှေသေပြီတဲ့၊ မိုးမှောင်က ပေါက်ဆိန်နဲ့ ထုသတ်လို့တဲ့၊ ပြိုင်အင်းရွာတစ်ရွာလုံး သတင်းစုံကြားနေရသည်။ ရဲတွေလာနေပြီ၊ မိုးမှောင်ထွက်ပြေးသွားပြီ၊ မိုးမှောင်ကို မမိဘူး၊ မိုးမှောင်ဘယ်ပြေးပြီလဲ၊ လူသတ်မှုဖြစ်မှတော့ ထွက်ပြေးလို့မရပါ။ မိုးမှောင်က သပြေကုန်းရွာမှာ ပုန်းနေတာ သူဦးလေးတွေက တရားဥပဒေကို နားလည်တယ်၊ သူတို့ကိုယ်တိုင် ဖမ်းပြီး တပ်ကုန်းရဲစခန်းကို ပို့ပေးကြတယ်။

ကိုရွှေအလောင်းကို ဆေးရုံပို့ပြီး နေ့ချင်းသင်္ဂြိုဟ်လိုက်ကြသည်။

ကိုရွှေကို မိုးမှောင်က ဘာ့ကြောင့်သတ်လဲ။

လူ့ခိုးလူမိုက်များနှင့် ပေါင်းသင်းဆက်ဆံသူများသည် ရာနှုန်းပြည့်နီးပါး လူဆိုးလူမိုက်တို့၏ အမူအကျင့်ကူးစက်ပြီး လူဆိုးလူမိုက်ဖြစ်ရန် သေချာသလောက် ဖြစ်သည်။ လူမိုက်တို့၏လမ်းစဉ်ကား အဆင်းလမ်းစဉ်ဖြစ်သည်။ ကျောက်တုံးကြီးတစ်တုံးကို အမြင့်ကနေပြီး အနိမ့်ကို လိမ့်ချလိုက်သည်နှင့်တူသည်။ လူမိုက်တို့၏ အမူအကျင့်သည် ကူးစက်မြန်သည်။

ကိုရွှေနှင့် မိုးမှောင်တို့သည် သူငယ်ချင်းများဖြစ်ကြသည်။ ဖိုးအိမ်အစာည်

www.burmeseclassic.com

www.burmeseclassic.com

တကျမရှိ ရွာအရှေ့မြောက် တောထဲမှာ တဲထိုးနေကြသည်။ အရက်စသောက်နှင့် ကလေကချေနေသည်။

ပိုက်ဆံမရှိလျှင် တစ်စုံတစ်ခုကို ခိုးရန် စိတ်ကူးနေကြသည်။ စာသင်ကျောင်းက ကျောက်သင်ပုန်းကိုလည်း ခိုးသည်။ ဗီဒီယိုရုံက စက်ဘီးကိုခိုးပြေးသည်။ ရုံပိုင်ရှင်ကလိုက်တော့ စက်ဘီးကိုထားပြေးသွားသည်။ ဘုရားဝိုင်းထဲတွင် အလှူမွေးထားတဲ့ ဘဲငန်းတောင် မကျန်ခိုး၍ သတ်စားကြသည်။ အိမ်တွင် သာသနာပွဲတင်သည့် ဇလုံတောင် မချန်ခိုး၍ ရောင်းစားကြသည်။ ဘုရားအလှူခံသေတ္တာကိုတောင် ခွဲပြီး အထဲကပိုက်ဆံခိုး၍ အရက်သောက်ကြသည်။

သူခိုးကြီးတော့ ခါးပြ၊ ခါးပြကြီးတော့ သူပုန်တဲ့ ခတော့ မိုးမောင်ဟာ သူခိုးဘဝမှ လူသတ်မှုတစ်ခုကို ကျူးလွန်လိုက်သည်။ ပြဿနာအစက အခြားမဟုတ်ပါ။ ရေပိုက်က စတာဖြစ်တယ်။ ရေပိုက်ဆိုတာက ရေစုပ်စက်မှ ရေသွယ်တန်းတဲ့ ရေပိုက်ပင်ဖြစ်သည်။

ရေပိုက်ပိုင်ရှင်က ကိုမြင့်ကြိုင်ဆိုသူပါ၊ တောထဲမှာနေပြီး စိုက်ခင်းနဲ့ တောင်ယာလုပ်ကိုင်နေတဲ့သူ ဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီ တောထဲတွင်တဲထိုးပြီးနေသည်။ ရေစုပ်စက်ဖြင့် စိုက်ခင်းများကို ရေလောင်းစိုက်သည်။ မိုးမောင်နှင့် ကိုရွှေက ကိုမြင့်ကြိုင် စိုက်ခင်းတို့သွားရောက်လည်ပတ်သည်။

သူခိုးကြီးတော့ ခါးပြ၊ ခါးပြကြီးတော့ သူပုန်တဲ့ ခတော့ မိုးမောင်ဟာ သူခိုးဘဝမှ လူသတ်မှုတစ်ခုကို ကျူးလွန်လိုက်သည်။ ပြဿနာအစက အခြားမဟုတ်ပါ။ ရေပိုက်က စတာဖြစ်တယ်။ ရေပိုက်ဆိုတာက ရေစုပ်စက်မှ ရေသွယ်တန်းတဲ့ ရေပိုက်ပင်ဖြစ်သည် . . . .

"ဟေ့ ငရွှေတို့ ဝက်ခန်းနေပြီ အကြံအဖန်လုပ်ကြဦးစို့"

"ဘယ်လိုအကြံအဖန်လည်း ကိုမိုးမောင် ကျုပ်က ဉာဏ်မမီဘူး"

"မင်းသာ နှုတ်လုံပါစေ၊ ကျန်တာတွေကိုငါပြောတဲ့အတိုင်း လုပ်၊ ကြားလား"

မိုးမောင်နှင့် ကိုရွှေတို့နှစ်ယောက် ပူးပေါင်းပြီး ကိုမြင့်ကြိုင်၏ ရေစုပ်စက်ပိုက်များခိုးယူပြီး ရောင်းစားလိုက်ကြသည်။ ရေပိုက်ကို ကံသာရွာက ဦးပေလုံးထံမှာ သွားရောင်းကြသည်။ အားလုံးတစ်သောင်းခွဲရသည်။ မိုးမောင်တို့ ဝေစုမခွဲခင် အရက်သောက်ကြသည်။ ကိုရွှေကို ငွေငါးထောင်ပေးလိုက်သည်။

မိုးမောင်က တစ်သောင်းယူသည်။ ဒါကိုမကျေနပ်သူက ကိုရွှေဖြစ်သည်။ ကိုမြင့်ကြိုင်ထံသွား၍ ဖော်ကောင်လုပ်သည်။

"အကိုမြင့်ကြိုင် ရေပိုက်တွေ ပျောက်သွားတယ်ဆို"

"မင်းဘယ်လိုသိလဲ၊ ဟော့ကောင် မင်းတို့လုပ်တာမဟုတ်လား"

"ကိုမြင့်ကြိုင်ကြီးကလည်း ကျွန်တော်က ဗေဒင်နည်းနည်း တတ်တယ်၊ အကို့ကို ဗေဒင်ဟောပေးမယ်"

"ဒါဖြင့်လည်း လုပ်စမ်းပါဦး ငရွှေရာ မင်းကိုလက်ဖက်ရည်ဖိုး ပေးပါ့မယ်"

ကိုရွှေက ဗေဒင်စာအုပ်ကြည့်ပြီး ဟောလိုက်သည်။

"ကြာကန်မှူး ပဒ္မတော၊ စိတ်တူဝင်ရှုပေး" စတဲ့ လင်္ကာအရ ကိုမြင့်ကြိုင်ရေပိုက်ဟာ အနောက်အရပ်မှာရှိ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ပိုက်ဆိုတဲ့ ကြာသပတေး ငါးဂဏန်းအရ ပ-ဖ-ဗ-ဘ-မ ဆိုတော့ ခိုးတဲ့သူဟာ မအက္ခရာပါတဲ့သူ ဖြစ်ရမယ်။ အတတ်ဟောလိုက်မယ်၊ ခိုးတဲ့သူဟာ မိုးမှောင်ပဲ ကိုမြင့်ကြိုင်ရေ"

ပိုက်ရှင်ကိုမြင့်ကြိုင် ကံသာရွာက ဦးပေလုံးဆီကို လိုက်သွားပြီး ပိုက်ကို ပြန်တောင်းတယ်၊ ကျေးရွာသူကြီးကို တိုင်လိုက်တယ်၊ ရွာလူကြီးက မိုးမှောင်ကိုခေါ်ပြီး ထိပ်တုံးခတ်လိုက်တယ်၊ ကိုမြင့်ကြိုင် ကျေနပ်လိုက်သည်။ သို့ပေမယ့် မကျေနပ်သူက မိုးမှောင်၊ သစ္စာဖောက်ကိုရွှေကို လုံးဝမကျေနပ်. သူက မိုးမှောင်၊ သစ္စာဖောက် ကိုရွှေကို လုံးဝ မကျေနပ်၊ ထိပ်တုံးက လွတ်ရင် သိမယ်၊ သတိသာထားနေ။

"ငရွှေရေ ထန်းတောထဲ ထန်းရေ သွားသောက်ရအောင်ကွာ၊ ငါ့ညီကို စေစုပေးတာနည်းသွားတယ်။ မင်းကလည်း ဘာလို့ ကိုမြင့်ကြိုင်ကို သွားပြောတာလည်း ညီအစ်ကိုအချင်းချင်း ပွင့်ပွင့်လင်းလင်း ပြောရောပေါ့ ရော့ကွာ ငါးထောင်ထပ်ယူ၊ မင်းအပေါ် အစ်ကို အမှတ်မထားပါဘူး"

မိုးမှောင် ကိုရွှေကို အယုံသွင်းပြီး ထန်းတောသို့ ခေါ်ဆောင်သွားသည်။

ဓါတုသော ဘိက္ခဝေ သတ္တာ သတ္တေဟိ သဒ္ဓိံ သံ သန္ဒန္တိ သာမေန္တိ၊ ဘုရားဟောသည့်အတိုင်း ဓါတ်တူချင်းမှ ပေါင်းသင်းလို့ရကြသည်။ သူတော်ကောင်းဓါတ်ခံရှိသော ပုဂ္ဂိုလ်သည် သူတော်ကောင်းပုဂ္ဂိုလ်ကို ရှာဖွေပေါင်းသင်းသည်။ ယုတ်မာသော စိတ်ထားရှိသောသူသည် ယုတ်မာသောသူကို ရှာ၍ ပေါင်းသင်း၏။ ထို့ကြောင့် ရှေးလူကြီးများက "ချိုးကပ်ရှိရာ ချိုးကပ်လာ" "ချိုးထောင်ရှိရာ ချိုးထောင်လာ"ဟု ပြောစမှတ် ပြုကြသည်။

ယခုလည်း ကိုရွှေသည် ထန်းရေကိုမက်မောပြီး မိုးမှောင်စကားကို နာယူပြီး မိမိအန္တရာယ်ကို မသိနိုင်ဘဲ လိုက်သွားလေသည်။

အရက်မူး၊ ထန်းရေမူးနေသော ကိုရွှေကို အေးအေးဆေးဆေးပင် မိုးမှောင်က ဓားနှင့် ထိုးသတ်လိုက်သည်။ သစ္စာဖောက်သည် တန်ဖိုးကို အလျော်ပေးလိုက်ခြင်းဖြစ်သည်။

လူမိုက်နှင့် ပေါင်းသင်းဆက်ဆံခြင်းကိုပြုလုပ်သောသူတို့သည် ထိုလူမိုက်ကဲ့သို့ပင် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောဌာနတို့၌ မကောင်းကျိုးကိုသာ ရကြပေမည်။

လူမိုက်ဆိုသူတို့ကား ယခုလက်ရှိဘဝ၌ မင်းပြစ်မင်းဒဏ်ခံရတတ်ခြင်း။ ဘေးရန်များခြင်း။ မကောင်းသတင်းထွက်ပေါ်ခြင်း။ ဂုဏ်ကျက်သရေ ကင်းမဲ့ခြင်း။ ကဲ့ရဲ့ခံရခြင်း။ လူမုန်းများရခြင်း။ စီးပွားဥစ္စာ ပျက်စီးခြင်း စသောဆိုကျိုးကိုသာ ရတတ်ပါသည်။

မပေါင်းသင့်သူကို ပေါင်းသင်းလျှင် အနားမှာရှိသော မြက်မိုးအိမ်၊ ဓနိမိုးအိမ်ငယ်လေးများကို မီးလောင်လျှင် [illegible] လူမိုက်ကို အရိုးပြု၍ဖြစ်လာသည်။

အပါယ်လေးဘုံသည် လူမိုက်တွေအတွက်သာဖြစ်သည်။ လူလိမ္မာပညာရှိအတွက် မဟုတ်ပါ။ ဘေးရန်မကင်းဆင်းရဲခြင်းကိုဖြစ်စေတတ်သော လူမိုက်တို့ကား ကြောက်စရာ၊ လန့်စရာ၊ စက်ဆုပ်စရာ ပုဂ္ဂိုလ်တွေသာ ဖြစ်ကြလေသည်။

တစ်ရွာလုံးတွက် စက်ဆုပ်စရာ၊ အော့နလုံးနာစရာ၊ ရွံမုန်းစရာ၊ ကြောက်ရွံ့စရာ မိုးမှောင်နှင့်ကိုရွှေတို့၏ လမ်းစဉ်ကတော့ ကျောက်တုံးကြီးအမြင့်မှ အနိမ့်သို့ လိမ့်ကျသွားသည့် လမ်းစဉ်တည်း။ တစ်ဦးက သေလမ်းသို့၊ ကျန်တစ်ဦးက တရားဥပဒေဆုံးဖြတ်ပေးမည့် အကျဉ်းထောင်စခန်းဆီသို့ သွားရပေတော့သတည်း။

မိတ်မဖွဲ့သင့်သော သူများကို ဆင်ခြင်တုံတရားဖြင့် ရှောင်ကြဉ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း . . .

သင်းသင်းလှိုင်
(တပ်ကုန်း)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးသင်စ

ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်မှောင်နေသလို လေတိုးသံတို့၊ သစ်ရွက်လှုပ်သံတို့ကိုတော့ ကြားနေရသည်။ သူမှီနေသော သစ်ပင်ကြီး၏ အကိုင်းဖျားတို့ လှုပ်ယမ်းနေသည်ကြောင့် ကြောက်စရာအသံမျိုး ထွက်နေသည်။

ပုဇဉ်းရင်ကွဲတို့ တစ်ကောင်နှင့်တစ်ကောင် ချစ်စကားပြောနေသည်မှအပ လေတိုးသံ၊ သစ်ကိုင်းလှုပ်သံတို့ ရုတ်ခြည်းငြိမ်သက်သွားသည်။ ဘာကြောင့်ပါလိမ့်။ ထူးခြားမှု တစ်စုံတစ်ရာမပြခင် သူ့လက်ထဲမှာ ကိုင်လာသော လက်နက်ကို အသင့်ပြင်ထားလိုက်သည်။ လိုရ မယ်ရပေါ့။ သတိထားမှ တော်ကာကြမည်။

တက္ကသိုလ် ပန်းဇန်

www.burmeseclassic.com

www.burmeseclassic.com

ပုဇဉ်းရင်ကွဲအဖိုက ချစ်ရေးဆိုနေပေမယ့် ပုဇဉ်းရင်ကွဲအမက ငြင်းပယ်နေဟန်တူသည်။ သူတို့အသံတော့မပျောက်သေး။ နောက်ကျောတွင် လွယ်ထားသော လွယ်အိတ်ဇစ်ကို ပိတ်လိုက်သည်။ ပြေးရလွှားရလျှင် ပစ္စည်းများ ထွက်မကျနိုင်ရန် ဖြစ်သည်။ ထိုသို့ ထွက်ကျခဲ့မှုပေါင်းလည်း များချေပြီမဟုတ်လား။

အောင်ကျော်ဆီမှ ငှားယူခဲ့သော လက်နှိပ်ဓာတ်မီးကို ခါးကြားထိုးထားလိုက်သည်။ လောလောဆယ်ဘာဖြစ်မှန်း သေချာစွာ မသိရသေးမီမှာ တစ်ဖက် ရန်သူကို မိမိဒီမှာ ရှိကြောင်း အသိပေးသလို ဖြစ် [illegible] စိုးသောကြောင့် ခါးကြား [illegible] ထိုးရခြင်း ဖြစ်သည်။ ဒီဓာတ်မီးက လွယ်လွယ်နှင့် ငှားလာတာမဟုတ်ဘူး။ သူရေးနေသော ကဗျာတွေကို ဗလာစာအုပ်မှာ ပြန်ရေးပေးဖို့ ကတိနဲ့ ငှားယူခဲ့ရခြင်းလည်း ဖြစ်သည်။

လေနုအေးတို့က အနံ့တစ်ခုကို သယ်ဆောင်လာသည်။ ရင့်ကျက်မှု မရှိသေး၍ ဘာနံ့မှန်းသေချာမဆုံးဖြတ်နိုင်သေးပေ။ ဖခင်ဆီမှ သင်ယူခါစပင်ရှိသေးသော သူ့မှာ မုဆိုးအတတ်ကို ကျွမ်းကျင်လာစေရန် လက်တွေ့ဆင်းသည့်အနေဖြင့် ညဘက်တောထဲသို့ တစ်ယောက်တည်း ထွက်ခဲ့ရခြင်း ဖြစ်သည်။

မသဲကွဲသော အနံ့ကြောင့် ထိုရနံ့လာရာဘက်သို့ မျက်နှာမူလျက် ဘာများပေါ်လာမလဲဟု သိချင်ဇောနှင့် အသာကလေး စောင့်ဆိုင်းနေလိုက်သည်။ တစ်စုံတစ်ခုကို စားသောက်နေသံကိုလည်း အတိုင်းသား ကြားနေရ၏။ သူအသည်းတွေယားလာပြီးအသံကြားရာသို့ မှန်း၍ လက်မှကိုင်ထားသော ဒူးလေးကို အသေအချာ မြားတပ်၍ ထိုးချိန်ကာ ပစ်လွှတ်လိုက်သည်။

"ဂိန် ဂိန် ဂိန်"

"ဟိုက် . . ခွေးပါလား"

သူပစ်လိုက်သောသတ္တဝါမှာ ခွေးမှန်းသိတော့ သူရပ်နေသော သစ်ပင်အောက်မှ ထွက်လိုက်ပြီး ခွေးရှိရာသို့ ခါးကြားတွင် ထိုးထားသော ဓာတ်မီးကို ကိုင်၍ ထိုးကြည့်လိုက်သည်။

"ဟာ . . ငမဲကြီး၊ မင်းဘယ်လိုရောက်လာတာလဲ"

ဟုတ်ပါသည်။ သူပစ်လိုက်သော ခွေးမှာ သူ့အိမ်၌ မွေးထားသော တောလိုက်သင်ခါစ ငမဲကြီးဖြစ်သည်။ လည်ပင်းကို ကွက်တိထိုးဖောက်ဝင်နေသော မြားဒဏ်ချက်ကြောင့် ဆန့်ငင် ဆန့်ငင် ဖြစ်နေသည်ကို မကြည့်ရက်တော့။ ငမဲကြီးကို သူ့အဆုံးသတ်ပေးလိုက်သည်။ ရင်ထဲမှာ မကောင်းလှ။

x x x

မှောင်မှောင်မည်းမည်း တစ်ယောက်တည်းပေမယ့် သူကြောက်ရွံ့ခြင်းမရှိပေ။ မှားယွင်းစွာ ပစ်ခဲ့သောကြောင့် သေဆုံးသွားသော ငမဲကြီးကို ပခုံးတွင်ထမ်းလျက် မိမိသတ်မှတ်ထားသော နေရာသို့ ရောက်အောင်ဆက်လက်ထွက်ခွာခဲ့သည်။ ချောမွတ်သော မိုးကာ အင်္ကျီကြောင့် ပခုံးပေါ်တွင် ထမ်းလာသော ငမဲကြီးက ချောကျနေသဖြင့် ပြန်တင်ရည်ကတစ်မှောက်။ ကြာလာတော့ သူမထမ်းနိုင်တော့။ ကျိုးပဲ့၍ ကျနေသော သစ်ကိုင်းတွင် တင်ထားလိုက်သည်။

"တဲ . . ငမဲကြီး ပြန်လာမှ မင်းကို ပြန်သယ်ရတာပေါ့ကွာ။ အခုတော့ ဒီမှာနေခဲ့ဦး"

ဒူးလေးတွင် မြားတံတပ်၍ ရှေ့သို့သွားရန် ပြန်ဆင်သည်။ မှောင်မိုက်နေသဖြင့် လမ်းကိုမှန်း၍ သွားရပေမည်။ ဓာတ်မီးထိုး၍လည်း မဖြစ်၊ မတော် သားကောင်က မီးမြင်၍ ထွက်ပြေးလျှင် အခက်။ အဲသလိုသာဆိုရင်တော့ အိမ်က ခွေးငမဲကြီးကိုသာ ထမ်း၍ ပြန်ရမည်။ အိမ်ရောက်လျှင်တော့ အဖေဆူမှာ သေချာသည်။ ဒါကြောင့် သားကောင်တစ်ကောင်လောက်တော့ . . ရအောင်ပစ်ရမည်သာ။

x x x

ရိုးတိုးရိပ်တိတ်မြင်ရသော ကောင်းကင်ပြင်တွင် ကြယ်ပွင့်တို့ ပျောက်ဆုံးနေသည်။ မည်းနက်သော မိုးတိမ်တို့ ဖုံးလွှမ်းမှုကြောင့် အလင်းရောင်သည် မှေးမှိန်လျက်။ ဒူးလေးကို အသင့်ပြင်လျက် သားကောင်ရှာနေသော ကျွန်တော့်အဖို့ သားကောင်ရဖို့ လမ်းမမြင်တော့။ တော၏တိတ်ဆိတ်မှု မင်းမူနေသလို သားကောင်တို့သည်လည်း တိတ်ဆိတ်ငြိမ်သက်လျက်။ တစ်ချက် တစ်ချက် ရွာဘက်ဆီမှ ခွေးအူသံတို့ကိုသာ ကြားရသည်။ ကျေးငှက်တို့ အိပ်တန်းတက်နေပြီဖြစ်သဖြင့် တိတ်ဆိတ်မှုက ပို၍မင်းမူနေခြင်းသာ။

တိတ်ဆိတ်ငြိမ်သက်နေသော တောတွင်းတွင် လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com

သူဟူ၍ သူတစ်ယောက်တည်း ရှိနေသလားမသိ။ ဖွဲ့ချော့ချင်လာပြီ။ သားကောင်မရလျှင် အိမ်ပြန်မလာနှင့်မှာ မှာလိုက်သော အဖေ့စကားသံကို ကြားယောင်နေသည်။ ငမဲကြီးကို ပစ်ထားသော ပြစ်မှုတစ်ခုကလည်း ရှိနေပေရာ ဖွဲ့ကိုတင်ထားရပေမည်။

ညဦးသည် နက်သထက်နက်လာပြီ၊ အချိန်သည် ကုန်မှန်းမသိအောင် စားပစ်နေသည်၊ မယုံသက်ာဖြစ်နေသော သူ့အတွေးကြောင့် စမ်းသပ်သွားရောက်ခဲ့သည်မှာ ယခုဆိုလျှင် သုံးခေါက်မြောက် နဂိုနေရာသို့ ပြန်ရောက်ရှိခဲ့ပြီ။

မည်းမှောင်နေသော တောတစ်ခွင်သို့ လျှပ်စစ်လျှပ်ပန်းတို့ ကြဲဖြန့်မှုကြောင့် အလင်းရောင်တစ်ချက် တစ်ချက်ကို လှမ်းမြင်နေရသည်။ သိပ်သည်းလွန်းသော သစ်ပင်တို့၏ အုပ်ဆိုင်းကာရံထားသောကြောင့်သာ အလင်းရောင်ကို ကောင်းစွာမရရှိခြင်းဖြစ်သည်။ သစ်ကိုင်း သစ်ခက်တို့ကြားမှ ထိုးဖောက်ဝင်ရောက်လာသော အလင်းတစ်ချို့သည် သူ့အတွက်လှုပ်ရှားရ လွယ်ကူစေလေသည်။

ထက်ဝန်းကျင်သို့ မျက်စိကစားကြည့်လိုက်သည်။ အပင်ထက်တွင် ရှိနေနိုင်သော တောကောင်များနှင့် ပျံတတ်သော သတ္တဝါအချို့ကို ရှာဖွေကြည့်မိသည်။ အကောင်ကြီးမရသော်လည်း ဟင်းစားအတွက် တစ်ခုခုတော့ ရှာဖွေပြန်ရပေမည်သာ။ တစ်ယောက်တည်းပေမယ့် ကြောက်ရွံ့မှုကင်းစွာ ရှေ့သို့သာ တိုးသွားနေမိ၏။ တောကောင်အနံ့ကို စူးစမ်းရင်း နေရာအနှံ့ရောက်နေသော်လည်း ဘာသားကောင်မှမရသည်မှာ ထူးဆန်းလွန်းနေပြန်သည်။ ညဘက်ထွက်ထွက်အော်၍ အစာရှာထွက်သော ခဲဝါ (ခွေးအ)သည်ပင်လျှင် အသံဆိတ်ဆိတ်နေသည်။

လေတို့ တဟူးဟူးတိုက်လာသည်၊ သစ်ပင် သစ်ကိုင်းတို့ ယိမ်းနွဲ့ကပြနေကြသည်။ သူ စိတ်ပျက်ပျက်ဖြင့် သစ်တုံးတစ်ခုပေါ်တွင် ထိုင်ချလိုက်သည်။ မိုးရွာတော့မည်။ တောကောင်(သားကောင်)ရဖို့ရန် လမ်းမမြင်တော့။ သူနေထိုင်စဉ်ပင် ရနံ့တစ်ခုတိုးဝင်လာသည်။ သူသေချာ စူးစမ်းလိုက်၏။ သူ့နံဘေးမှ လွင့်ပျံ့လာသော ရနံ့ကြောင့် သူရုတ်တရက် ထခုန်လိုက်သည်။ ခွေးနံ့၊ သေချာအောင် ဓာတ်မီးဖြင့် ထိုးကြည့်မိသည်။

"ဟိုက် . . ငမဲကြီးပါလား။ ငါဒီနေရာကိုပြန်ရောက်လာတာပဲ။ ဒါဆို တောတစ်ပတ်နှံ့ပြီလား။ မဖြစ်နိုင်၊ လုံးဝမဖြစ်နိုင်ဘူး"

ဟုတ်သည်ပဲလေ . . ။ ဒီလောက်ကျယ်ပြန့်တဲ့ တောတစ်တောလုံးကို နာရီဝက်လောက်နဲ့တော့ တစ်ပတ်မစေ့နိုင်၊ ညဖြစ်သဖြင့် ခရီးကထင်သလောက်မတွင်၊ ငါကပဲ လမ်းမှားပြီး ပြန်ရောက်လာတာလား၊ လမ်းမှားစရာတော့ မဖြစ်နိုင်၊ ဒီတောဒီတောင် ဒီပတ်ဝန်းကျင်ကို သူ ၁၀ နှစ်သားအရွယ်ကပင် ကျင်လည်ခဲ့သည့်နေရာ။ ဒီနေရာ၊ ဒီလမ်း၊ ဒီမြေသည် သူခြေရာတို့ဖြင့် ထပ်နှင့်နေပြီ။ မုဆိုးသင်ခါစဖြစ်သည့်အတွက် ဖခင်ကြီးက ဝေးဝေးမသွားစေဘဲ မိမိနှင့် အကျွမ်းတဝင်ရှိသော ဤတောကိုသာ သွားခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ခုတော့ သူဒီနေရာကို ခဏလေးဖြင့် ပြန်ရောက်လာသည်မှာ လမ်းမှား၍တော့ မဖြစ်နိုင်။ ထိုသို့ဆိုလျှင် သူထင်ထားသော အရာသေချာစေရန် နောက်တစ်ခါ ထိုလမ်းမှပင် ထွက်ဖြစ်သည်။ ညဦးသည် နက်သထက်နက်လာပြီ။ အချိန်သည် ကုန်မှန်းမသိအောင် စားပစ်နေသည်၊ မယုံသက်ာဖြစ်နေသော သူ့အတွေးကြောင့် စမ်းသပ်သွားရောက်ခဲ့သည်မှာ ယခုဆိုလျှင် သုံးခေါက်မြောက် နဂိုနေရာသို့ ပြန်ရောက်ရှိခဲ့ပြီ။

သူတွေးထင်ထားသော အရာကို သေချာခိုင်မာစေရန် လက်တွေ့လုပ်ဆောင်ပြီးနောက် သူ ထိုနေရာမှ မခွာတော့ဘဲ ရန်သူအလာကို စောင့်နေမိသည်၊ ရန်သူကို တိုက်ခိုက်နိုင်စေရန် လိုအပ်သော ပြင်ဆင်မှုတွေကိုလည်း ပြုလုပ်ထားလိုက်သည်၊ ဘေးပတ်ဝန်းကျင်သည် မည်းမှောင်နေသောကြောင့် မြင်သာ ထင်သာရှိစေရန် လက်နှိပ်ဓာတ်မီးကို ကိုယ်နှင့် လက်တစ်ကမ်းအကွာတွင် မီးထိုးလျက် ချထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သေဆုံးနေပြီဖြစ်သော ငမဲကြီးအား အနားတွင်ထား၍ ဆုံးဖြတ်ထားသည့်အတိုင်း လုပ်ဆောင်ရန် အဆင်သင့် စောင့်နေလိုက်သည်။

ဓာတ်ခဲအားကောင်းသော ခြောက်တောင့်ထိုးဓာတ်မီး အလင်းရောင်သည် အမှောင်ကို ထိုးဖောက်၍ ပတ်ဝန်းကျင်ကို လင်းထင်စေသည်။ ပတ်ဝန်းကျင်တစ်ဝိုက်ကို ကောင်းစွာ မြင်တွေ့နိုင်သဖြင့် သူ့အတွက် အခက်အခဲမရှိ။ သိပ်မကြာလိုက်ပါချေ။ သူစောင့်မျှော်နေသော ရန်သူသည် တရွေ့ရွေ့တိုးကပ်လာချေပြီ။ အာရုံကို စူးစိုက်၍ စိတ်ပျံ့လွင့်မှုမရှိအောင် သတိကို ကပ်ထားလိုက်သည်။ ရန်သူသည် မိမိနောက်ကျောကပေါ်မလာဘဲ မိမိခြေဆန့်ထားသော နေရာတည့်တည့်သို့ တိုးဝင်လာသည်။ သူ့ခြေရင်းတွင် ချထားသော ငမဲကြီးကို ရန်သူက စတင်၍ ဝါးမျိုနေလေပြီ။

မိမိကျောဘက်ကလာလျှင် တိုက်ခိုက်ရန် ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကို ရုပ်သိမ်း၍မိမိခြေရင်းမှ ငမဲကြီးကို ဝါးမျိုနေသော စပါးကြီးမြွေအား ထလျက်၊ ၎င်းဟ၍မျိုနေသော ပါးစပ်ကို ထက်မြနေသော လက်သုံးဓားကို အသာအယာပင် တင်ပေးလိုက်ပြီး လက်ထဲတွင် ကိုင်ဆောင်ထားသော ဝါးချွန်ဖြင့် ကွဲထွက်လာသော စပါးကြီး၏ အသားကို ပြန်မစေ့နိုင်ရန် ထောက်ထားလိုက်သည်။ မြွေကြီးသည် မိမိခန္ဓာကိုယ်လုံးခန့်ရှိသဖြင့် တော်တန်သတ္တိမကောင်းသူများဆိုလျှင် လန့်ဖျပ်သွားနိုင်ပေသည်။

ညို့ခြင်းခံရသူက မိမိ၊ သို့သော် မိမိကို မျိုရန်လာသော မြွေသည် မိမိခြေရင်းတွင် ချထားသော အစာကိုစတင်၍ မျိုသဖြင့် သူ့အတွက်အန္တရာယ်ရှင်းရှင်းဖြင့် သုတ်သင်နိုင်ခဲ့သည်။ ဟလာသမျှသော ဓားရာအတိုင်း လိုက်ထောက်ထားသဖြင့် ဘယ်လိုမှ ပြန်မစေ့နိုင်တော့။ ဒါတောင် အနည်းငယ်သေးသော တုတ်တစ်ချောင်းကျိုးသွားသဖြင့် မနည်းလိုက်ထောက်လိုက်ရသည်။ မြွေ၏ဝမ်းဗိုက်နားသို့ အရောက်တွင် မိမိကြိုတင်ပြင်ဆင်ထားသော တုတ်အားလုံးကုန်သွားလေသည်။ သူလည်း မောမောဖြင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့သည်။

"ဟူး . . တော်သေးရဲ့၊ မြန်မြန်ပြီးသွားလို့"

သူ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ပန်းသမျှကို ပြေပျောက်စေဖို့ မျက်လုံးကို စုံမှိတ်၍ သစ်ပင်ခြေရင်းတွင် တိုက်လာသော လေပြေကို အားပါးတရရှူရှိုက်လိုက်သည်။ ရုတ်တရက် ခြေဆန့်ထားသော ခြေထောက်သည် ပူနွေးသွားသလိုခံစားလိုက်ရသည်။ ခြေထောက်ကို ကားထားသဖြင့် ဘယ်ခြေထောက်ကို မ,၍ပူနွေးနေသော ညာခြေထောက်ကို ဘာဖြစ်တာလဲဟု သိချင်၍ ပွတ်ကြည့်သည်။ ညာခြေထောက်ကို မထိမိ၊ ကြီးမားသောအရာတစ်ခုကိုထိမိသည်။

သူလည်း ကြောက်လန့်သွားပြီး မိမိဘေးတွင်ချထားသော ဓာတ်မီးကို ကောက်ကိုင်၍ မီးထိုးကြည့်မိရာ ရောမကြီးသော စပါးကြီးမြွေတစ်ကောင်က မျိုနေသည်ကို တွေ့လိုက်ရသည်။ ဘယ်လိုဖြစ်တာပါလိမ့်၊ စောစောကမှ ဓားဖြင့် ကျောကို ခွဲ၍ တုတ်ထောက်ထားခြင်းပင်။ ဘယ်လိုပြန်စေ့၍ ငါ့ခြေထောက်ကို လာမျိုရတာလဲ။ စောစောက မိမိတုတ်ထောက်ထားသော နေရာသို့ ဓာတ်မီးဖြင့် ထိုးကြည့်ရာ မိမိတုတ်ထောက်ထားသော မြွေသည် နဂိုနေရာတွင်ရှိနေသည်ကို တွေ့ရသည်။

ခြေထောက်ကို
ကားထားသဖြင့်
ဘယ်ခြေထောက်ကို
မ,၍ပူနွေးနေသော
ညာခြေထောက်ကို
ဘာဖြစ်တာလဲဟု
သိချင်၍ ပွတ်ကြည့်သည်။
ညာခြေထောက်ကို မထိမိ၊
ကြီးမားသော
အရာတစ်ခုကို
ထိမိသည်။
သူလည်း
ကြောက်လန့်သွားပြီး
မိမိဘေးတွင်ချထားသော
ဓာတ်မီးကိုကောက်ကိုင်၍
မီးထိုးကြည့်မိရာ
ရောမကြီးသော
စပါးကြီးမြွေတစ်ကောင်က
မျိုနေသည်ကို
တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ဒါနောက်တစ်ကောင်၊ ငါ့ကို ညှို့ထားတာ ဒီကောင်ပေါ့"

သူဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။ ဓားကလည်း ပထမမြွေနံဘေးတွင် ချထားခဲ့သည်။ မိမိလက်ထဲတွင် ဓာတ်မီးမှအပ ဘာလက်နက်မျှမရှိတော့။ မြွေမျိုလာသည်မှာ ဒူးခေါင်းနားသို့ ရောက်လာချေပြီ။ သူဘယ်ခြေထောက်ကို မြွေခေါင်းကို ကန်၍ ညာခြေထောက်ကို ဆွဲသည်။ မရပါ။ ဘယ်လိုမှ ဆွဲ၍ ခြေထောက်က ပါမလာချေ။ မိမိခြေထောက်သာ နာသည်။

ငါဘာလုပ်ရမည်နည်း။ စိတ်အေးအေးထား၍ စဉ်းစားလိုက်သည်၊ ဟုတ်ပြီ။ ပထမမြွေဘေးတွင် ချထားသော ဓားကို ရအောင်ယူရချေမည်။ ပထမမြွေနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသဖြင့် လက်နှင့် လှမ်းမမီ။ ထို့ကြောင့် ဖင်ကို ဒရွတ်တိုက်ဆွဲ၍ ဓားနှင့်နီးနိုင်သမျှနီးအောင် လုပ်ကြည့်သည်၊ လက်တစ်ကမ်းအကွာတွင်ရှိနေသေးသည်။

သူ နည်းနည်းအားစိုက်၍ မျိုနေသော မြွေဦးခေါင်းကို ရအောင်လှည့်သည်။ ထို့နောက် ဓားကို လှမ်းကောက်သည်၊ မမီသေး။ မြွေမျိုလာသည်မှာ ဒူးခေါင်းသို့ ကျော်လာသဖြင့် လှုပ်ရှားရမလွယ်ကူချေ။ ရအောင် ရွေ့ကြည့်သည်၊ မြွေ၏ဦးခေါင်းကလေးသဖြင့် မ၍မရ။ သူ ဇောချွေးများ ပျံလာသည်၊ ဓားကို ဘယ်လိုမှ ကောက်လို့မရချေ၊

လက်ထဲတွင်ကိုင်ထားသော ဓာတ်မီးကို မြွေ၏မျက်စိတည့်တည့်သို့ ထိုးကြည့်သည်၊ နီရဲသောမျက်လုံးသည် စူးရှသော အလင်းရောင်ကြောင့် မှိန်နေသည်ကို ခေတ္တရပ်သွားသည်၊ သူလည်း စဉ်းစားမရသည့်အဆုံး လက်ထဲတွင်ရှိသော ဓာတ်မီးဖြင့် မြွေ၏မျက်လုံးကို တအားလွှဲ၍ ရိုက်ခွဲလိုက်သည်၊

"ဂီး ဂယား . . ဂူး ဂူး"

မြွေသည် သူ၏ဓာတ်မီးဖြင့် အရိုက်ခံရသောကြောင့် ပျက်စီးသွားသော မျက်လုံးနှစ်လုံး၏ နာကျင်ဒဏ်ကြောင့် မခံမရပ်နိုင်ဘဲ တဂီးဂီးအော်၍ လှုပ်ယမ်းရာ သူလည်း မြွေ၏ မျိုထားခြင်းကို ခံထားရသဖြင့် မြွေလှုပ်ယမ်းတိုင်း သူ့ခန္ဓာကိုယ်သည် လေထဲတွင်မြောက်ပါ၍ နေသည်။

အရှိန်ပြင်းပြင်းဖြင့် လှုပ်ယမ်းသောကြောင့် သူသည် အသက်ရှူဖို့ပင် မေ့သယောင်ဖြစ်နေသည်၊ သစ်ပင် သစ်ကိုင်းတို့နှင့် ထိခိုက်မိသောကြောင့်လည်း သူ့ကိုယ်ခန္ဓာအနှံ့၌ ဒဏ် ဗရပွဖြင့် မြင်မကောင်းဖြစ်နေသည်၊ ဒဏ်မခံနိုင်သည့်အဆုံး လက်နှစ်ဖက်ဖြင့် မြွေ၏ ဦးခေါင်းကိုကိုင်၍ ခြေထောက်ချွတ်ကြည့်သည်၊ မရပါ။ ထို့ကြောင့် သွေးအလိမ်းလိမ်းထွက်နေသော မြွေ၏မျက်လုံးနှစ်လုံးကိုသာ လက်မဖြင့် ထပ်၍ ဖိလိုက်သောကြောင့် မြွေသည် ပါးစပ်ဟ၍ အော်သောခဏတွင် သူသည်ခြေထောက်ကို အတင်းဆွဲချွတ်လိုက်နိုင်သည်။

မြွေသည် စိတ်ဆိုးဒေါသထွက်နေသဖြင့် ဝုန်းဒိုင်းကြဲနေရာ သစ်ပင်သေးသေးတို့ အမှုန့်ဖြစ်သွားသည်။ သူလည်း ဘာမှ မလှုပ်နိုင်တော့။ လက်ပန်းခြေပန်းကျသွားသည်။ မြွေကိုင်ရိုက်ထားသဖြင့် နာကျင်နေသော ဒဏ်ချက်တို့က တစစ်စစ်ကိုက်ခဲလာသည်။ ပြီး သူဘာမှ သတိမရတော့။

××

"အား . . ကျွတ် . . ကျွတ်"

"ဟော . . လူလေး၊ သတိရလာပြီလား။ မထနဲ့ဦးလေး။ လူလေးဒဏ်ရာတွေက ပျောက်သေးတာမဟုတ်ဘူး"

"အဖေ . . သားဘယ်ကိုရောက်နေတာလဲ"

"ဟ - ဘယ်ရောက်ရမှာလဲ။ အိမ်ကိုရောက်နေပြီပေါ့ကွ"

"ဟင် . . ဒါဖြင့် မြွေကော မြွေ"

"မြွေက သေပြီကွ။ တစ်ကောင်က မင်းခွဲထားလို့ အစောကြီးကတည်းက သေနေပြီ။ ကျန်တဲ့တစ်ကောင်ကိုတော့ အဖေ သုတ်သင်လိုက်တာပါ။ မင်းပြန်မရောက်လို့ အဖေလာကြည့်တာ။ မင်းက မေ့နေပြီ။ မျက်လုံးဒဏ်ရာကြောင့် ဟိုမြွေတစ်ကောင်က သောင်းကျန်းချင်းတိုင်း သောင်းကျန်းနေတာ အဖေလည်း မနည်းရှင်းယူရတယ်"

"အဖေ သားရေငတ်တယ်"

"အေး . . အေး . . အဖေယူပေးမယ်။ သားလှဲနေဦး။ မင်းသတိမရတာ နှစ်ရက်ရှိနေပြီ။ မင်းအမေကတော့ ငါ့ကို အပြစ်တင်နေလေရဲ့"

"ဟူး . . တော်သေးရဲ့၊ ငါ့အဖေ လာကယ်လို့။ မဟုတ်ရင်တော့ . . . "

တက္ကသိုလ်ပန်းဖော်

www.burmeseclassic.com

သိသာစေကြောင်း

မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည့်

ဒေါက်တာစောယုနွယ်

ဘကယ်ဆိုတော့ . . .

မိမိဘဝရဲ့ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို သုစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

■ အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

တနင်္ဂနွေ သားသမီး

သင်သည် ယခုကာလတွင် လုပ်ငန်းပေမယ့် စိတ်ချမ်းသာမယ့်ကာလ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ စိန်ထည်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား စရန် မကောင်းသေးပါ။ ဤကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေကြေးဆုံးရှုံးတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ မိမိကိုးကွယ်သော ဆရာတော်တစ်ပါး ပျံလွန်တော်မူသော နိမိတ်တွေ့ပါက ကားပွတ်တိုက်မိတတ်ပါတယ်။ အထူးဂရုစိုက်ပါ။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ရုတ်တရက် ဝမ်းဗိုက်အောင့်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၀၊ ၃၂

အထူးသတိပြုရန်

မိမိအိမ်ပတ်ဝန်းကျင်တွင် အလျှံမက်လာပျက်သော နိမိတ်၊ ဖန်ခွက်တစ်ခွက် ကျကွဲသော နိမိတ်တွေ့က ငွေကြေးဆုံးရှုံးခြင်း၊ တစ်စုံတစ်ယောက်က မိမိကို အတတ်ပညာဖြင့် ပြုလုပ်ခြင်းမျိုး ကြုံရတတ်တယ်။ ကားပွတ်မိ တိုက်မိတတ်တယ်။ ဂရုစိုက်ပါ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

စာအိတ်ဖြူအိတ်ထဲတွင် ငွေ ၃၁ ကျပ်ထည့်ပြီး ပွဲသကူပစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

တနင်္လာ သားသမီး

သင်သည် ယခုကာလတွင် အညွှ့်ထဲကနေပြီး ပျော်ရွှင်ရမယ့်ကာလ ဖြစ်ပါတယ်။ အလှူမင်္ဂလာပွဲလေးတွေလည်း ကိုယ့်အိမ်မှာ လုပ်ရတတ်တယ်။ ကိုယ့်ကို အပျော်လေးတွေပေးမယ့် မိတ်ကောင်းဆွေကောင်း တွေ့ရတတ်တယ်။ ဘုရားဆင်းတုတော်ပုံတွေလည်း လေယာဉ်ဖြင့် ကြွလာတတ်ကယ်။ ငွေတွေလည်း ဝင်လာတတ်တယ်။ အကူအညီပေးမယ့်သူတွေကလည်း ကိုယ့်အနားကို ရောက်လာတတ်တယ်။ ပစ္စည်းဥစ္စာ စည်းစိမ်ဝင်လာတာနဲ့အမျှ ကိုယ်ကလည်း အပျော်လွန်ပြီး အမှားအယွင်းတွေလည်း တွေ့တတ်ပါသေးတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်ဝမ်းကွဲခြင်း၊ အထင်အမြင် လွဲမှားခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလနှင့် တပေါင်းလ ပါဝင်နေလျှင်တော့ ပိုပြီးဂရုစိုက်လိုက်ပါ။ အိမ်ထောင်ဖက်နှင့် တရားဝင် ခွဲခွာရတဲ့အခါ ကြုံတွေ့ရတတ်ပါတယ်။ လုပ်ငန်းသစ်လည်း စတင်လုပ်ရတတ်တယ်။ အထူးသဖြင့် ရေနှင့်ပတ်သက်သောလုပ်ငန်း၊ [illegible]လုပ်ငန်း၊ ကျောက်လုပ်ငန်းများ လုပ်ကိုင်လျှင် လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှားအစာမှား ဖြစ်တတ်တယ်။ သွားဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညွှ့်များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

ညံ့သောရက်

သောကြာ၊ အင်္ဂါ

ကံကောင်းသောနံပါတ်

၄၃၊ ၄၂၊ ၂၄၊ ၄၁

အထူးသတိပြုရန်

အိမ်အနီးအနားမှာ ဆိုင်းဘုတ်အသစ်တင်သော
နိမိတ်တွေ့လျှင်သော်လည်းကောင်း၊ ဘုရားစိန်ဖူးတင်ခြင်း
နိမိတ်တွေ့လျှင်သော်လည်းကောင်း သင်သည် ကံကောင်းခြင်း၊
အလုပ်များ တိုးတက်ခြင်းတို့ ကြုံတွေ့ရတတ်တယ်။
မည်သည့်နာရေးမှ မသွားပါနှင့်။ ထောင်ဝင်စာ မတွေ့ရ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည် ၆ ခွက်ကို ဖန်ခွက်ဆင်တူဖြင့် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

အင်္ဂါ သားသမီး

သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးတက်လာပြီး ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတွေကလည်း ကိုယ့်ကို အစစအရာရာ ထောက်ပံ့နေတဲ့ အချိန်ကောင်း အခါကောင်း ဖြစ်ပါတယ်။ စီးပွားလည်း သိသိသာသာ တက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအဖို့ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ ခရီးများ သွားရတတ်တယ်။ ထိုခရီးများဟာ စိတ်ချမ်းသာစရာ ခရီးများ ဖြစ်တတ်ပါတယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ယခုအချိန်တွင် ပြုလုပ်ပါက အလုပ်က စောင့်ကြိုနေတတ်ပါတယ်။ ငယ်ရွယ်သူတွေအဖို့ သင်တန်းတက်ခွင့်ရတတ်တယ်။ ပညာကောင်းများ ရလိမ့်မယ်။ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဒီအချိန်မှာ ဖြေရှင်းရတတ်တယ်။ မြေတော်စပ်တူဝယ်ဖို့ ကြုံလာလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ ဒါပေမဲ့ အတိုက်အခံ အနည်းငယ်တော့ ကြုံရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းလိမ့်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ အထူးသဖြင့် ဗုဒ္ဓဟူး၊ စနေသားသမီးများ နာတာရှည်ဖြစ်နေလျှင်တော့ စိုးရိမ်ရတတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ တံခွန်ဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

ကံကောင်းသောနံပါတ်

၅၄၊ ၅၃၊ ၉၂၊ ၉၅

အထူးသတိပြုရန်

ရွှေများကွာနေသော ဘုရားရုပ်ပွားတော်တစ်ဆူရှိလျှင် လာဘ်ပိတ်တတ်ပါသည်။ ရွှေများ ပြန်ချပေးပါ။

ယခုကာလအတွင်း ဆိတ်သားမစားရ၊ သစ္စာပန်း မထိုးရ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ပန်းပေါင်းစုံ(၅)မျိုးနှင့် ပေါက်ပေါက်ဆွမ်းများ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

ဗုဒ္ဓဟူး သားသမီး

သင်သည် ယခုကာလတွင် အကောင်းလေးတွေ ဆက်တိုက်ကြုံနေရမယ်။ နေရာထိုင်ခင်း၊ အိုးအိမ်အပြောင်းအရွှေ့ ရှိတတ်ပါတယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အနည်းငယ် အတိုက်အခံ ရှိတတ်ပါတယ်။ ယခုရောက်ရှိနေတဲ့ ကာလတွင် ကဆုန်လ၊ ပြာသိုလ်များ ပါခဲ့ရင်တော့ မိသားစုထဲမှသော်လည်းကောင်း၊ မိမိ၏လက်အောက်ငယ်သားကြောင့်သော်လည်းကောင်း အမှုအခင်းဖြစ်ခြင်း၊ ၎င်းအမှုကို လိုက်လံဖြေရှင်းပေးရခြင်းမျိုး ဖြစ်တတ်တယ်။ အိမ်ထောင်မရှိသူဆိုလျှင် အိမ်ထောင်ကျတတ်သော ကာလဖြစ်တယ်။ သင်သည် ယောကျ်ားလေးဖြစ်ပါက အိမ်ထောင်ကျလျှင် ကောင်းပါတယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲဖြစ်လိမ့်မယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း (သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ အလုပ်အတွက် စိတ်ညစ်စရာတွေ ပေါ်တတ်တယ်။ အလုပ်မှ ထွက်ချင်စိတ်ပေါ်လိမ့်မယ်။ မထွက်ပါနှင့်။ သင့်ကို ဆွေမျိုးသားချင်း အပေါင်းအသင်းတို့က အထင်ကြီးနေလိမ့်မယ်။ သူခိုး၊ မီးခံရတတ်သောကြောင့် သတိထားပါ။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံလိမ့်မယ်။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန်ရတနာပစ္စည်းများ ဝင်လိမ့်မယ်။ မြေနှင့်ပတ်သက်သောကိစ္စ စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ ဖခင်ဖြစ်သူ ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် မကြာခဏ ခေါင်းမူးတတ်တယ်။ မျက်စိကိုက်ခြင်းဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွှန့်(၃)ညွှန့်(ဆူးဖြုတ်)၊ ဝါးညွှန့်(၄)ညွှန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

ကံကောင်းသောနံပါတ်

၆၁၊ ၆၄၊ ၄၆

အထူးသတိပြုရန်

ဘယ်အလုပ်မဆို မိမိကိုယ်ကျိုးအတွက် အဓိကဦးစားပေးပြီး လုပ်ဆောင်ပါ။ အကျိုးမရှိသော အလုပ်အကိုင်များသည် မိမိကောင်းကျိုး မိမိဘဝအတွက် ဖျက်ဆီးနေတတ်သည်။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

ကြာသပတေး သားသမီး

သင်သည် ယခုကာလတွင် ရုတ်တရက် အပြောင်းအလဲကောင်း ကြုံလိမ့်မယ်။ လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်ခြင်း၊ အပြောင်းအလဲလုပ်ခြင်းတွေ ကြုံတွေ့ရတတ်တယ်။ ဤကာလအတွင်း မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြုတ်လမ်းမလိုက်ပါနှင့်။ တစ်ချီတည်းနှင့် အပွကြဲခြင်း မပြုလုပ်ပါနှင့်။ ထိပေါက်တတ်ပါတယ်။ ဘုရားကိုးဆူ၊ ဘုရားအနေကဇာတင် စတဲ့ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရတတ်ပါတယ်။ ယခုအချိန်တွင် စန်းပွင့်နေသောကြောင့် အိမ်ထောင်ရှိသူတွေအဖို့ သတိထားပါ။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း စွပ်စွဲပြောဆိုခံရတတ်တယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်မယ်။ ခရီးများ မကြာခဏထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အိမ်ထောင်ဖက်များဖြစ်နေလျှင် ဂရုစိုက်ပါ။ စာရွက်စာတမ်း စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးကျိုးခြင်း၊ အလုံးအကျိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငွေထီး(၉)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

တနင်္လာ၊ စနေ

ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

အထူးသတိပြုရန်

လက်ရှိအလုပ်ကို စိတ်မဝင်စားခြင်း၊ အလုပ်ပြောင်းလိုစိတ်များ ကြုံလာတတ်တယ်။ မပြောင်းပါနှင့်။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နွားနို့(၁)ခွက်နှင့် ကိတ်မုန့်(၁)ချပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

သောကြာ သားသမီး

သင်သည် ယခုကာလတွင် အနည်းငယ်ညံ့ပေမယ့် လူငယ်တွေအဖို့ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ တယ်လီဖုန်းတစ်ခု ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်တွေလည်း ကြွလာတတ်တယ်။ မရည်ရွယ်ဘဲနဲ့ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ရှယ်ယာခွဲခြင်း၊ လမ်းခွဲခြင်းတွေ ကြုံရတတ်တယ်။ အလုပ်တွေလည်း အောင်မြင်မလိုလိုနဲ့ အပျက်အစီးတွေများတတ်တယ်။ မိသားစုအတွင်းမှာ စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာတတ်တယ်။ တနင်္လာ၊ သောကြာ သားသမီးတွေအတွက် ပူပန်ရတတ်တယ်။ စိတ်ညစ်စရာကြုံလာတတ်ပေမယ့် ဒေါသရှေ့ထားရင် မှားတတ်တဲ့ကာလ ဖြစ်နေတတ်တယ်။ မေတ္တာစိတ်နဲ့သာ တုံ့ပြန်ပါ။ မနက်စောစောမှာ သမ္မာဒေဝနတ်မကောင်းနတ်မြတ်တွေကို မေတ္တာပို့ပေးပါ။ သူတို့တွေက နိမိတ်ကောင်းတွေပေးရင် အညံ့တွေပျောက်သွားတတ်ပါတယ်။ လူမျိုးခြား အကျိုးပေးပါသည်။ ပြည်ပသို့သွားဖို့ ကြံရွယ်ထားသူများ ဒီကာလမှာ ဆောင်ရွက်ပါ။ စိတ်ပင်ပန်းတဲ့ကာလ ဖြစ်နေတာကြောင့် စိတ်တိုင်းမကျမှုတွေ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တို့ ခါးတို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ကြာသပတေး၊ စနေ

ညံ့သောရက်

တနင်္လာ၊ သောကြာ

ကံကောင်းသောနံပါတ်

၇၅၊ ၇၁၊ ၅၇၊ ၅၆

အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ မနင်းရ။ အိမ်ထောင်ဖက်နှင့် ကွဲကွာခြင်း၊ သဘောကွဲလွဲခြင်း၊ ပူဆွေးသောကကြုံရခြင်းတို့ကြောင့် တတ်နိုင်သမျှ ကိုယ့်ဘက်က အလျှော့ပေးပြီး ဆက်ဆံပါ။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း ထောပတ်ထမင်း(၁၂)ပန်းကန်ကို လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

စနေ သားသမီး

သင်သည် ယခုကာလတွင် ကံကောင်းတယ်ဆိုပေမယ့် မပြောပလောက်တဲ့ အညံ့လေးတွေ ရှိနေပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်း တစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းနေလိမ့်မယ်။ ဝန်ထမ်းတွေအဖို့ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ ဆက်ပြီးအနစ်နာခံပါက အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမစလိမ့်မယ်။ ဘာသာရေးနှင့်ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ ပဥ္စင်းခံရလိမ့်မယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ဗိဇာဝင်ခြင်း၊ စာရွက်စာတမ်းများ စတင်ပြုလုပ်ပါ။ ယခုကာလအတွင်း အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ၊ ငွေများ ရတတ်တယ်။ ယခုကာလအတွင်း လက်ခံလိုက်လျှင် အလဟဿ ကုန်သွားတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါဝင်ပါက သူတစ်ပါး၏ စွပ်စွဲပြောဆိုခြင်း၊ ပြစ်တင်ကဲ့ရဲ့ခြင်း ခံရလိမ့်မယ်။ ဤကာလတွင် အမျိုးသားများအဖို့ အိမ်ထောင်ကျတတ်သော ကာလဖြစ်သည်။ သားသမီးရတနာများ ထွန်းကားတတ်သည်။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်တတ်တယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံသို့ပို့ပါ။ အိမ်၌ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ မိခင်ဖြစ်သူရှိလျှင် ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ ဆွေမျိုးသားချင်းထံမှ နာရေးကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

ကြာသပတေး၊ စနေ

ညံ့သောရက်

တနင်္လာ၊ သောကြာ

ကံကောင်းသောနံပါတ်

၅၁၊ ၅၇၊ ၇၅၊ ၇၇

အထူးသတိပြုရန်

ယခုကာလတွင် အလုပ်ပြောင်းခြင်း လုံးဝမပြုလုပ်ရ။

ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း မုန့်ဖက်ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

ရာဟု သားသမီး

သင်သည် ယခုကာလတွင် စိတ်ချမ်းသာမှုတွေ ပျော်ရွှင်စရာတွေ ကြုံတွေ့နေရပေမယ့်လည်း စိတ်ညစ်စရာ အနည်းငယ်တော့ ကြုံတွေ့ရတတ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ အသစ်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရမယ်။ ထိုခရီးများသည်လည်း အကျိုးထူးစေပါလိမ့်မယ်။ မထင်မှတ်ဘဲ ပညာတစ်ခုသင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းမျိုး ပြုလုပ်ရတတ်တယ်။ ယခုကာလအတွင်း အစစအရာရာ သတိထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ အလုပ်၌ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ပြဿနာ ဖြေရှင်းရတတ်တယ်။ ဒါပေမဲ့ ဌာနဆိုင်ရာအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်းများ ပေးလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ စက်ပစ္စည်းတွေလည်း မကြာခဏ ပျက်တ[illegible]တယ်။ ကျန်းမာရေးဂရုစိုက်ပါ။ မီးဟပ်ခြင်း၊ သွေးထွက်သံယိုမှုများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

ညံ့သောရက်

အင်္ဂါ၊ စနေ

ကံကောင်းသောနံပါတ်

၁၂၊ ၁၆၊ ၆၇

အထူးသတိပြုရန်

ယခုကာလအတွင်း ဆေးများ၊ အစားများ ဖြစ်တတ်တယ်။
ပစ်စာ၊ တိုင်စာ ခံရတတ်တယ်။

ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com